www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ဆောင်ပြိုင်

မဂ္ဂဇင်း

- ဗားမဲ့ဆရာတော်ဘုရားကြီး၏ လောကီပညာအစွမ်း အံ့မခန်း (စာ-၄၃)
- ထွက်ရပ်ပေါက် ဘိုးပိုက်ဆံ (စာ-၅၄)
- တိုးတက်အောင်မြင်စေရာ ယတြာ (စာ-၂၇၅)
- ပါဒနိုင်ငံဆက် ဘီလူးမသိမ် (စာ-၁၄၆)





ဆွေစဉ်မျိုးဆက် တိုးတက်ကြီးပွား ဗားမဲ့ဆရာတော် အစီအရင်များ

ဝင်ငွေကောင်းလို့ အိတ်ဖောင်းဖို့ ဘိုးပိုက်ဆံပုံ ဆောင်ကြဖို့

Graphic: Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း


၂၀၁၇ ခုနှစ်၊ ဇွန်လ၊ အမှတ် (၂၈၁)

## မာတိကာ

### ရောင်ပြန် ကဗျာ

ဇလွန်ကျော်ဦး၊ ခန့်တင်စိုး၊
ချစ်မုန်းငြိမ်း၊ မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)၊
ငြိမ်းမင်းသူ၊ အောင်ရာဇာ(ဥက္ကလာ)၊
မောင်ခင်မှိုင်း(ချောက်)၊ မောင်ခေတ်ထွန်း

BURMESE CLASSIC




စာ-၁၇၀

### ရောင်ပြန် အခန်းဆက်ရသ

တစ်နဲ့ကိုး(၄)
ရဲစိုး ---------- ၇၅
နေနတ်မင်း၏ သမီးတော်(၃)
မနုသကျော်ဝင်း ---------- ၁၀၀
ရာဇကြိုဟ်ရဲ့ ငွေလမင်း(၃)
နန္ဒာမိုးကြယ် ---------- ၁၅၆
ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့(၃)
ကျော်မြသန်း ---------- ၁၉၄
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ(၉)
မောင်ယဉ်မွန်(မောဝ်နေခြည်) ---------- ၂၁၄

### ဗားမဲ့ဆရာတော်ဘုရားကြီး ၏ လောကီပညာအစွမ်း အံ့မခန်း

ကျော်စံလင်း



ဗားမဲ့ဆရာတော် အရှင်နန္ဒသာရမထေရ်

စာ-၄၃

စာ-၇၅




www.burmeseclassic.com

www.burmeseclassic.com

## မဟာဗေဒ္ဓါသိဒ္ဓိအဓိဌာန်ဆရာတော်
## ချီးမြှင့်သော
## မဟာမြတ်မုနိကျင့်စဉ်

ဂမ္ဘီရဆရာလှမျိုး(B.Sc)



စ - ၂၉

## မြန်မာ့ရေးရာ


ကကုသန်မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်နှစ်ဆူ ကိန်းဝပ်ရာ သာစုကန်စေတီတော်
အောင်သာကျော် ---------- ၁၇

မဟာဗေဒ္ဓါသိဒ္ဓိ အဓိဌာန်ဆရာတော် ချီးမြှင့်သော မဟာမြတ်မုနိကျင့်စဉ်
ဂမ္ဘီရဆရာလှမျိုး(B.Sc) ---------- ၂၉

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်... ဘုရားသုံးဆူစေတီတော်နှင့် ဆရာတော် ဘဒ္ဒန္တကုသလ
ပန်းတနော်နောင်လတ် ---------- ၂၇

ဂေါတမဘုရားရှင်၏ ခြေတော်ရာနှစ်ဆူကို ပထမဦး ရှာဖွေတွေ့ရှိခဲ့သော တောင်ဖီလာဆရာတော်ဘုရားကြီး
ပထမံဆရာကြီးဦးအောင်သူ ---------- ၂၅၉


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၂၀၇


## ကရင်တိုင်းရင်းသား ထွက်ရပ်ပေါက်သိဒ္ဓိရှင်
## ဘိုးမိုက်ဆံ

ဇေယျာစံလင်း



ကရင်တိုင်းရင်းသား ထွက်ရပ်ပေါက် ဘိုးမိုက်ဆံ

စ - ၉၄

## ရောင်ပြန် ရသ


...မက်အောင်သဲ
...တာမြို့ ---------- ၉၄

...ကျော့ထင်(သို့မဟုတ်)တစ်ခါက အင်းဝရွှေနန်းရှင်
...သောင်(ရမည်းသင်း) ---------- ၁၂၀

...ကောင့်သည့်တောင်
...အောင်မိုးအောင် ---------- ၁၂၈

...သူပါလဲ
...နှင်း ---------- ၁၃၆

...ဆက် ဘီလူးမသိမ်
...မင်းနိုင် ---------- ၁၄၆

...ရှာသူ မခင်မှု
... ---------- ၁၇၀

...တော့ဘူး အချစ်ဦးရယ်
...(ဒီးကုန်း) ---------- ၂၄၂



အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးစွေ စာပေ

တိုက်-၂၃၊အခန်း-၁၂(မြေညီထပ်)
...(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉-၄၂၀၀၅၉၃၂၅၊ ၀၉-၅၀၉၂၆၇၇


www.burmeseclassic.com

www.burmeseclassic.com





## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၆၇
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၆၈
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၆၉
စိုက်ပျိုးရေးရာ သတိပြုစရာ
တောကကိုရင် ---------- ၇၀
ဇွန်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------- ၇၁
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၇၂
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇၊ ဇွန်လ···
ကေတီအောင်သိန်း ---------- ၇၄
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချောင်၏
၂၀၁၇၊ မေလ···
ဦးတိုး(တက္ကသိုလ်) ---------- ၇၇
ဝါတွင်းသုံးလ ဝါဆိုခြင်းနှစ်မျိုး
ဆရာသီဟာစကြာစိုးမြင့် ---------- ၈၀
ပုန်းညက်ညို မာလာမင်း ပျံ့သင်းပါတဲ့ လဝါဆို
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၈၃
ဘုရားလောင်းဆင်မင်း၏ အစွယ်အလှူ
ခင်မောင်အေး(မန္တလေး) ---------- ၁၀၇
ပိဋကတ်ထဲမှ ဂမ္ဘီရ(၂)
သကျဝံသ ---------- ၁၀၉
ဓာတ်တို့၏ သုံးဆင့်ခတ်ဖြစ်ပုံ(၂)
ချောယဉ်သာမြင့်(B.A, B.Ed) ---------- ၁၁၁
ပိတောက်ပြဒါး ဓားပြမတိုက်
ယိုး ---------- ၁၁၆
ဗုဒ္ဓဂေါတမနှင့် မဟာဝီရ ဂျိမ်းဝါဒပါသဝ
ရဲဘော်ကျော်ဆန်း ---------- ၁၄၀
နေ့သားခါပြန် ဖယောင်းတိုင် ပူဇော်နည်း
ဇေယျာတု(B.A) ---------- ၁၄၃
သာသနာရောင်ဝါထွန်းလျက်
မောင်ကောင်းမြင့် ---------- ၁၅၂
အဖြူရောင်လုပ်ဇာတ်
မော်တင်သိန်းဇော်ဇ ---------- ၁၆၇




www.burmeseclassic.com

www.burmeseclassic.com




စာ - ၂၁၄

## လောကီရေးရာ

[illegible] ရှေးဟောင်းဗေဒင်ဟောကိန်း
[illegible](စက်မှုတက္ကသိုလ်) ------------------------ ၁၈၂
[illegible] ဗောဓိချိန်ခုနစ်ပါး
[illegible] ------------------------ ၁၈၃
[illegible] ထာဝစဉ်
[illegible] ------------------------ ၁၈၆
[illegible]
[illegible] ------------------------ ၁၉၀
[illegible]ကျမ်းလာအပင် ဗေဒင်ဟောကိန်း
[illegible]စက်မှုတက္ကသိုလ်) ------------------------ ၂၀၄
[illegible] အမြင်မှန်မှ အနုပညာ
[illegible] ------------------------ ၂၀၅
[illegible] လုတောတစ်ခွင်ဟာသများ
[illegible] ------------------------ ၂၀၉
[illegible] ရန်ကုန်(၃)
[illegible] ------------------------ ၂၂၉
[illegible](၆)
[illegible] ------------------------ ၂၃၂

ယုံမှားသံသယ
အောင်ဂေျာ်ညို(ဆင်ချဆိပ်) ------------------------ ၂၃၇
နတ်အများ ချစ်ခင်လေးစားသော နမောသိဒ္ဓိခရုပတ်အင်း
ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) ------------------------ ၂၃၉
ဗုဒ္ဓဟူးထောင့်မှာ ပန်းလှူမယ်
ဝဏ္ဏလင်းထက် ------------------------ ၂၆၇
ကံမြင့်၊ ကံပွင့် လာဘ်ရယတြာ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ------------------------ ၂၇၀
စီးပွားတက်ဖို့ ပန်းလှူစို့
သစ္စာဝါဒီဆရာမြတ်စောလင်း ------------------------ ၂၇၃
စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရာ ယတြာ
ဝင်းဇော်(သုံးဆယ်) ------------------------ ၂၇၅
ဓာတ်တူနံတူ ဒါတွေလှူ
သုတေသီဆရာငြိမ်း ------------------------ ၂၇၇
လာဘ်တွေတိုးရမြင် အခဆောင်ဖိုးဝ
မော်တင်သိန်းဇော်ဇ ------------------------ ၂၇၉




စာ - ၁၉၄

www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ဗားမဲ့ဆရာတော်ပုံတော်များ ---------- ၃၃

ဗားမဲ့ဆရာတော်၏ အံ့ဩဘနန်းဖြစ်ရပ်ဆန်းများ

ဆရာကြီးအရှိန္ဒမာ ---------- ၃၆

ဗားမဲ့ဆရာတော်ဘုရားကြီး၏ လောကီပညာအစွမ်း အံ့မခန်း

ကျော်စံလင်း ---------- ၄၃

ကိုယ်တွေ့ ဗားမဲ့ဆရာတော် ပုတီးစိပ်

သုတေသီမြင့်ထွန်း ---------- ၅၂

ကရင်တိုင်းရင်းသား ထွက်ရပ်ပေါက် သိဒ္ဓိရှင် ဘိုးပိုက်ဆံ

ကျော်စံလင်း ---------- ၅၄

ကြက်သားဟင်းနှင့် ငါးပိထောင်း

မင်းသိခ် ---------- ၆၂













လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

ကကုသန့်မြတ်စွာဘုရားရှင်၏
ဆံတော်ရှင်နှစ်ဆူ ကိန်းဝပ်ရာ

အောင်သာကျော်







ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးဇွေ စာပေ
တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၀၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

## ရောင်ပြန် တိုင်းရင်းဆေး

အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ
မျိုးသန်းထွန်းကို(ရေစကြို) ---------- ၂၅၆
သိမှတ်ဖွယ်ရာ ကျီးပေါင်းရောဂါ
ဒေါက်တာခိုင်(ဆေး-၂) ---------- ၂၆၀
ယောဂကျင့်စဉ်ဖြင့် လမ်းလျှောက်ခြင်း၏အကျိုး
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---------- ၂၆၄




## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၂၇၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၂၉၄

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---------- ၂၉၆

www.burmeseclassic.com

## ဗားမဲ့ဆရာတော်ကြီး၏
## သမိုင်းဝင် ကိုးချက်ဂါထာတော်

ကေစိတ္တံ ဝိစိန္တေတွာ
ကေဓမ္မံ သုနိဿတိ
သောတော
သောမော လောကေ
ကေရာဇာတိ ပါကဋော
သောတိ သမ္မာသမ္ဗုဒ္ဓံ
သောတိ ဓမ္မ မုတ္တမံ
သောတိ မဂ္ဂ မုဂ္ဂယု
သောတိ ပန တေ နမော။ ။



ဗားမဲ့ဆရာတော်ကြီး
(ညောင်ရမ်းခေတ်)

www.burmeseclassic.com

www.burmeseclassic.com

# စိတ်တံခါး

ဇလွန်ကျော်ဦး

- စိတ်တံခါး
  ပိတ်ထားဖို့ မလွယ်။

- သတိအသိဉာဏ် ရင်မှာထုံး
  နှလုံးသားနွယ်။

- လူ့ဘဝနယ်ပယ်
  ရှောင်ကြဉ်ကွယ် မကောင်းမှုများ။

- အမိုက်မတွေးလေနဲ့
  အမြိုက်ဆေးဟာ တရားဓမ္မပေမို့
  ဘဝအလှဖြာ သံသရာလမ်းကိုဖြင့်
  မျှော်မှန်းကာ အစဉ်တွေးရှုလို့ရယ်
  ကောင်းမှုတွေပွား . . .။ ။



T.Z.T 2017

www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှုနှုန်းထားများ

ခန့်ထင်စိုး

- တချို့က
  ပရဟိတ။

- အပိုင်းလေး
  အပေးလိုင်း။

- တချို့မှာ
  အတ္တဟိတ။
  ပုဒ်မလေး
  ပေးမှုလုပ်။

- တချို့မှာကား
  အတ္တလောဘ
  လွှမ်းခြုံသိုင်း
  အရှိန်းလှူ
  အယှူလိုင်းသက်သက်။ ။



T.Z.T 2017

www.burmeseclassic.com

www.burmeseclassic.com

# လွမ်းလိုက်ပါဘိ

ချစ်မုန်းငြိမ်း

- အညာနွေဦး၊ လေရူးမွှေသုတ်
ဖြုတ်ဖြုတ်ကျနေ၊ ဝါရွှေသစ်ရွက်
မြေပြင်ထက်မှာ၊ သွက်သွက်ပြေးလွှား
ဆော့ကစားဟန်၊ တွေးမြင်ပြန်တော့
မြန်မာဆန်ဆန် လွမ်းရပြီ···။

- မန်ကျည်းပင်ရင်း၊ သင်ဖြူးခင်းထား
ထမင်းစားပြီး၊ နီးယပ်တောင်ခတ်
ဖျပ်ဖျပ်မြည်သံ၊ နရီဝါးလတ်
တီးခတ်သည့်နှယ်၊ နားဝယ်စွဲငြိ
လွမ်းလိုက်ပါဘိ အညာနွေ···။

- အဖန်တစ်အိုး၊ လက်ဖက်အိုးနှင့်
မျှော်ကိုးညှော့သည်၊ လာလည်ပါစေ
ကရေရာနှင့်၊ အညာမုန့်စုံ
အကုန်ချကျွေး၊ နွေးထွေးပျူငှာ
စေတနာကို
အခါခါတမ်းလို့ လွမ်းမိသည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ဖြေဖြေရာ

မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)

- တောတောင်တကာ
  တောကောင်ရှာ• • •မတွေ့။

- ဗလာလက်ရယ်က
  ခံယူချက် စိတ်အနေနဲ့
  ဟင်းရွက်တွေ အကြိုက်ခူးလို့
  မြူး• • •ပြုံနိမ့်မဟော့။ ။



T Z T 2017

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ဆုံး

ငြိမ်းမင်းသူ

- ချစ်သူ . . .
နှမ်းလည်း မပြေ
ရန့်ဝေမြဲ
ပန်းခရေလည်း ချစ်ဖူးတယ်။
- ချစ်သူ . . .
ဖြူစင်တင့်တယ်
အလှကြွယ်ဆဲ
စံပယ်လေးလည်း ချစ်ဖူးတယ်။
- ချစ်သူ . . .
ဂုဏ်ဝင့်ပန်းချီ
လှသွေးနီရဲ
နှင်းဆီမွှေးလည်း ချစ်ဖူးတယ်။
- ချစ်သူ . . .
ခရေ့စံပယ်
နှင်းဆီရယ်
အိုဘယ်အလှ၊ ရှုမဝလည်း
"ချစ်ရဆုံ" သူ၊ နှလုံးဖြူကို
ချစ်သူကူလို့ ရွေးပါဦး။ ။



T.Z.T 2017

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ဇယား

အောင်ရာဇ(ဥက္ကလာ)

- ဆေးပေါ့လိပ် တစ်လိပ်
ထိပ်ဖျား မီးမြိုက်
တစ်ရှိုက် ဖွာသောက်
နောက် တစ်ရှိုက်ဖွာ
ဖွာရှိုက်ပါများ
တို···တိုသွားတော့ "လှင့်ပစ်"။

- ရုပ်ခန္ဓာကို
ဇရာက မီးမြိုက်
ဝေဒနာက ဖွာရှိုက်
ဖွာရှိုက်ပါများ
ကြေ···ကြေလို့သွား
(လူဆိုတော့ ပစ်လို့မရ)
အနိစ္စတရားနဲ့
(ကျန်ရစ်သူတွေ)
ကိစ္စများကြပေါ့။ ။



T.Z.T 2017

www.burmeseclassic.com

www.burmeseclassic.com

# နေနဲ့လ

မောင်ခင်မှိုင်း(ချောက်)

- မြေဗမာမှာ
ဗေဒါပန်းတွေကလည်း
လန်းလျက်ပါပဲ…။

- မြေဗဟိုမှာ
သပြေညိုပန်းကေကလည်း
လန်းလျက်ပါအမြ…။

- ဩော်…
ဗေဒါနဲ့ သပြေညို
စာဆိုရှင်တို့အဖ
ရွှေမြပမာမခွဲ
နေ့,လ နှစ်ဖြာပဲ။ ။



T.Z.T 2017

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဂျမ်းသို့ ကန်တော့ပန်း

မောင်ခေတ်ထွန်း

- "ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကိုပြန်ပို့ကြပါလေ" ··· တဲ့။

- ဆေးလိပ်မတို
နေမညိုလို
စာဆိုပြန်ဖို့ စောနေသေး။

- စာဆိုပြန်လည်း
ချန်ထားကျန်ရစ်
စာမွေနှစ်တို့
ထုဆစ်မော်ကွန်းထိုးကြလိမ့်။

- စာဆိုပျိုးသည့်
ပန်းမျိုးရောင်စုံ
ဖူးဖူးငုံသည်
သင်းထုံမွှေးပျံ့နေမည်တကား။ ။
(ကဗျာဆရာကြီးတင်မိုး
ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့်
အမှတ်တရ)



T.Z.T 2017

www.burmeseclassic.com

www.burmeseclassic.com


# ကကုသန်မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်နှစ်ဆူ ကိန်းဝပ်ရာ သာဓုကာန်စေတီတော်

**အောင်သာကျော်**

သာဓုကာန် စေတီတော်မြတ်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် အမှတ်(၃)လမ်းမကြီး၏ အရှေ့ဘက်အနီးတွင် တည်ရှိပါသည်။ စေတီတော်မြတ်ကြီးတည်ရာသို့ မြောက်လေညင်းတို့တိုက်ခတ်နေသည့် နံနက်စောစော အချိန်ကာလများမှာပင် ရောက်သွားဖြစ်ခဲ့သည်။ စေတီတော်မြတ်ကြီးသည် နှင်းမှုန်အလွှာတို့ ဖုံးအုပ်နေသည့် ကြားမှာပင် ပြူပြူရေးရေး ပေါ်လွင်လျက်ရှိပါသည်။

သာဓုကာန်စေတီတော်မြတ် တည်ရာသို့ အနောက်ဘက်စောင်းတန်းမှ တက်လာမိဖြစ်သည်။ ရှေးလက်ရာ စောင်းတန်းကြီးကို ရှေးမူဟန်မပျက်အောင် မွမ်းမံထားသည်ကို တွေ့ရသည်။ အနောက်ဘက်စောင်းတန်း အလယ်လောက်ခန့်အရောက် စောင်းတန်းလက်ယာဘက်တွင် ယက္ခမယ်တော်ကြီး၏ ပုံတုတည်ရှိနေပြီး မယ်တော်ကြီးရှေ့ဝယ် ကန်တော့ပွဲများနှင့် ပန်းအိုးအနှီများ လာရောက်ပသကာ ဆုတောင်း အဓိဋ္ဌာန်တင်နေကြသူများရှိနေသည်ကို တွေ့ရသည်။ ထိုသိမ်တော်ကြီးမှာ ဓမ္မစေတီမင်း တည်ထားခဲ့သည့် သိမ်တော်ပင်ဖြစ်သည်။

လှေကားထစ်များအတိုင်း ဆက်လက်တက်သွားခဲ့ရာ သာဓုကာန်စေတီတော်မြတ်တည်ရာ ကုန်းတော်အထက်သို့ ရောက်သွားတော့ စေတီတော်မြတ်အနောက်ဘက် ကပ်လျက်ရှိနေသည့် တန်ဆောင်းတော်အတွင်းဝယ် သီတင်းသုံးတော်မူနေသည့် ရှေးဟောင်းဆင်းတုတော်မြတ်ကြီး၏ ရှေ့တော်၌ စေတီတော်မြတ်သမိုင်းတွင် အဓိကပါဝင်နေသည့် ဘိုးယက္ခကြီး ပုံတုတည်ရှိနေသည်။ ဘိုးယက္ခကြီးအား ပဝါဆက်ကပ်သူ၊ နို့ဆက်ကပ်သူများရှိနေသည်ကို တွေ့ရသည်။ အဓိဋ္ဌာန်တင်ကာ ဆုတောင်းပါက ဆုတောင်းပြည့်ဝသည်ဟု ယုံကြည်






www.burmeseclassic.com

www.burmeseclassic.com

ကိုးစားကြသူများ စဉ်ဆက်မပြတ် အရောက်လာကာ အမိဋ္ဌာန်တင်နေကြခြင်းဖြစ်သည်ဟု သိရသည်။ ဘိုးယက္ခကြီးမှာ သာဓုကျန်စေတီတော်မြတ်ကြီး၏ မူရင်းဘုရားဒကာကြီးဟု ဆိုမည်ဆိုပါက မမှားနိုင်ချေ။

ဘဒြကမ္ဘာတွင် ဘုရားငါးဆူ ပွင့်တော်မူခဲ့သည်။ ပထမဆုံး ပွင့်တော်မူခဲ့သော ကကုသန်မြတ်စွာဘုရားရှင် လက်ထက်တော်ကာလက အမြဲ ရ အမည်ရှိသော နတ်မင်းကြီးနှင့် ခုလေနတ်ကြီးတို့သည် မှော်ဘီတောကြီးအတွင်းဝယ် သားစားကြူးသည့် ဘီလူးညီနောင်ဖြစ်ခဲ့ကြသည်။ ဘီလူးကြီးတို့သည် မှော်ဘီတောကြီးအတွင်း တစ်နေ့လျှင် ဆင်တစ်ကောင်ကျ ဖမ်းယူစားသောက်နေခဲ့သည်။ တစ်နေ့အမြဲ ဘီလူးကြီး အစာရှာထွက်လာခဲ့ရာ မှော်ဘီတောကြီးအတွင်း ဆွမ်းခံကြွတော်မူလာသည့် ကကုသန် မြတ်စွာဘုရားရှင်ကို မြင်တွေ့သွားခဲ့သည်။ ဘုရားရှင်ကို ဘုရားမှန်းမသိဘဲ ဆာ




လောင်မွတ်သိပ်နေသော စိတ်ဖြင့် သူ၏အစာဖြစ် သတ်မှတ်ပြီး ဖမ်းယူစားသောက်ရန်အတွက် ကြံစည်ကြိုးပမ်းတော့သည်။


မြတ်စွာဘုရားရှင် ကိုယ်တော်ကြီးအား ဖမ်းဆီးမိနိုင်ရေးအတွက် ပြင်းထန်သောအရှိန်အဟုန်ဖြင့် လိုက်လံဖမ်းဆီးသော်လည်း ဘုရားရှင်နား

သို့ မကပ်နိုင်ဘဲ ပင်ပန်းမောဟိုက်မှ
ဖြင့်သာ ကြုံတွေ့ခံစားနေရသည်။ ထို
အတွင်းမှာပင် ကကုသန်ဘုရားရှ
သည် ဘီလူးကြီး မမြင်မတွေ့နို
လောက်သော ကိုယ်ခန္ဓာတော်ကို
တန်ခိုးတော်ဖြင့် ဖန်ဆင်းကာ ဘီလူ
၏မျက်မှောင်အကြား၌ ကိန်းဝပ်စံပယ
တော်မူလျက် ရှိနေလိုက်တော့၏
ဘီလူးကြီးလည်း မိမိမျက်ဝါးထင်ထ
အမြင်အတွေ့အောက်မှ တ်တရ
ပျောက်ကွယ်သွားသည့် ဘုရား
အပေါ် ဒေါသတကြီး၊ မောဟတ
ဖြင့် မောပန်းနွမ်းနယ်လျက်ရှိနေေ
၏။ ဘီလူးကြီးသည် ပျောက်ကွ
သွားသော ဘုရားရှင်ကို ကြိုးစား
စား လိုက်လံရှာဖွေသော်လည်း ရှ
မရနိုင်လောက်အောင် ဖြစ်နေခဲ့သ

ဘုရားရှင် ပျောက်ကွယ်သွ
ကုန်းတော်နေရာသို့ သမိုင်းဝင်အ
အသားအဖြစ် ကျိုက လဲ့ကုန်း
ရှားခဲ့သည်။ မွန်ဘာသာစကား
"ကျိုက်"မှာ ဘုရားကို အဓိပ သ



www.burmeseclassic.com



“ကလဲ့”မှာ ပျောက်ကွယ်သည်ဟု အဓိပ္ပါယ်ရသည်။ ဘီလူးကြီးသည် မြတ်စွာဘုရားရှင်အား ကြိုးပမ်းရှာဖွေသော်လည်း မတွေ့ရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ကုန်းတော်များအထိ လိုက်လံရှာဖွေနေမိ၏။ ကုန်းတော်တစ်ခုသို့ အရောက်တွင် ဘုရားရှင်သည် ကိုယ်တော်ပြလိုက်၊ ပျောက်ကွယ်သွားလိုက်ဖြင့် တန်ခိုးတော်ပြလေရာ ဘီလူးကြီးမှာ ကြောက်ရွံ့တုန်လှုပ်လာပြီး မြတ်စွာဘုရားရှင်ကို ဝန်ချတောင်းပန်ကာ ဦးညွှတ်ကန်တော့လေ၏။ ထိုကုန်းတော်မြတ်ကို သမိုင်းဝင်ကုန်းတော် ‘ချိုက်ကလို့’ဟူ၍ တွင်ခဲ့သည်။

ထိုမှစ ဘီလူးကြီးသည် မြတ်စွာဘုရားရှင်နောက်တော်ပါးမှ လိုက်ပါလာလျက် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်၊ ဆုံးမတော်မူအပ်သော တရားတို့ကို နာယူလေသည်။ အမြဲ ဘီလူးကြီးသည် မြတ်စွာဘုရားရှင်အား ကြည်ညိုလေးစားမှု ပိုမိုပြင်းပြလာသဖြင့် မိမိနေထိုင်ရာ တောင်တော်ဆီ ကြွရောက်ချီးမြှင့်တော်မူပါရန် လျှောက်ထားပင့်ဖိတ်တော့သည်။ မြတ်စွာဘုရားသခင်သည် အမြဲ ဘီလူးနေထိုင်ရာ တောင်တော်ဝယ် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူကာ အမြဲ ဘီလူးနှင့် ညီတော်၊ နောင်တော် ဘီလူးညီနောင်တို့အား သရဏဂုံတည်စေကာ သီလခံယူစေခြင်းပြုတော်မူခဲ့၏။ သို့ဖြင့် ဘီလူးမာန်စွယ်များ ကျွတ်ကာသောတာပန်နတ်များ၊ သက်တော်ရှည်ကမ္ဘာ တည်နတ်ကြီးများအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားကြလေတော့၏။ ထို့ပြင် မြတ်စွာဘုရားထံတော်တွင် ကောင်းမြတ်သော တရားကိုသာ အစဉ်ထာဝရ ကျင့်သုံးပါတော့မည်ဟု ခံဝန်ကတိကဝတ်ပြုကြလေရာ မြတ်စွာဘုရားရှင်က သာဓုကာယက်သုံးကြိမ်ခေါ်ဆိုကာ ကောင်းချီးပြုတော်မူသည်။


ဘီလူးညီနောင်လည်း မြတ်စွာဘုရားရှင်၏ တပည့်သာဝကအဖြစ် အသိအမှတ်ပြုတော်မူပါရန်နှင့် နောင်လာနောင်သားတို့ ကိုးကွယ်ဆည်းကပ်မှု ပြုနိုင်ရန်အတွက် ပူဇော်အပ်ပူဇော်ထိုက်သည့်အရာတစ်ခုခု ချီးမြှင့်ပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်ကြလေသည်။ ကကုသန်မြတ်စွာဘုရားရှင်က ရွှေလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူကာ လက်တော်၌ ကပ်ငြိပါလာသည့် ဇီဝမာနကဆကေသဓာတု ဆံတော်ရှင်နှစ်ဆူကို ပေးအပ်ချီးမြှင့်တော်မူသည်။ ဆံတော်ရှင်နှစ်ဆူချီးမြှင့်တော်မူပြီးသည်နှင့် –

“ငါဘုရားနစ္စဉ်ကာလက စာမရီမင်းဘဝတွင် ဤတောဤတောင်၌ မြူးထူးကျက်စားလာနေခဲ့ဖူးပြီ။ ဤတောင်သည် သတ္တဝါတို့အတွက် ထူးမြတ်သော တောင်ဖြစ်၏။ ငါ၏ဆံတော်ရှင်ဓာတ်မြတ်နှစ်ဆူကို ဤတောင်တွင် စေတီတည်ထားကိုးကွယ်ကြလေ”

ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဘုရားရှင် ဗျာဒိတ်စကားအတိုင်းပင် ဘီလူးညီနောင်တို့သည် ဘုရားရှင်ချီးမြှင့်အပ်သော ဆံတော်ရှင်နှစ်ဆူကို ဌာပနာပြုကာ ထူပါစေတီကို တည်ထားကြသည်။ ထူပါစေတီကို မိမိတို့ တရားထူးရရှိသည့် အစွယ်ကျွတ်ရာ တောင်ကုန်းထိပ်ရှိ ကျောက်တုံးကြီးကို ထွင်းကာ ဆံတော်မြတ်နှစ်ဆူထည့်သွင်း ဌာပနာပြုကာ တည်ခဲ့ကြသည်။ မူလအစသည် ကျောက်တုံးစေတီပင် ဖြစ်လေသည်။ ထိုသို့ရှိခဲ့သည့် သမိုင်းကြောင်းအရ သာဓုကန်စေတီတော်မြတ်ကြီးသည် ကကုသန်ဘုရားရှင်

www.burmeseclassic.com



လက်ထက်တော်ကတည်းက တည်ထားခဲ့ကြောင်း သိနိုင်ပါသည်။ ကမ္ဘာတည်ဦးက ဆက်ခဲ့သော နောက်ခံသမိုင်းကြောင်းကို လေ့လာမိပြီးသည်နှင့် စေတီတော်မြတ်အား လက်ယာဘက်သို့ လှမ်းမျှော်ကြည့်မိရာ တောင်ညီနောင်ရှိ ဌေစတီများနှင့် သာစုဂ မှ ရေပြင်ကျယ်ကို မြင်ရသည်။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသည့် လေပြေညင်းက အေးမြမြကလေး ခံစားရသလို လက်ဆတ်သည့် လေကောင်းလေသန့်ကိုလည်း ၂ ကြိုက်ခွင့်ရလို့နေ၏။ တစ်ချက်တစ်ချက် ခပ်ပြင်းပြင်း ဝှေ့တိုက်တိုက်ခတ်လာသည့် လေကြောင့် စေတီတော်မြတ်ထံပါးမှ လွင့်ပျံထွက်လာသည့် ဆည်းလည်းသံတို့က သာခြ ရ ဓမ္မတေးသွားတစ်ပုဒ်ကို တီးခတ်နေလေရော့သလား ထင်မှတ်မိရသည်။

စေတီတော်မြတ်၏ ရင်ပြင်တော် စနေထောင့်တွင် ရှေးဟောင်းခေါင်းလောင်းတော်ကြီး တည်ရှိပြီး ခေါင်းလောင်းတော်ကြီးအနီးရှိ တောင်ဘက်စောင်းတန်း အတက်၊ အဆင်းနေရာအနီးတွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ ၏ ပိတုများ တည်ရှိရာ ဓာတ်နန်းများတည်ရှိသည်။ တောင်ဘက်စောင်းတန်းမှ ဆင်းလာမိကြသည်တွင် သာစုကန်စေတီတော်မြတ်၏ ရှေးဟောင်းသမိုင်းဝင် ထီးတော်ကိုငုံကာ စေတီပြန်လည်တည်ထားသည့် ထီးတော်စေတီတော်နှင့်တကွ လျှောင်းတော်မူ ဆင်းတုတော်၊ အခြားရှေးဟောင်းဆင်းတုတော်များ သီတင်းသုံးရာ အောင်မြေကုန်းသို့ ရောက်သွားခဲ့သည်။ အလုပ်အကိုင်၊ ရာထူးဌာနတို့အတွက် အထူးဆုတောင်းပြည့်လှသည်ဟု လူသိများနေသော ထီးတော်စေတီထံပါး၌လည်း လာရောက်ဆုပန်နေကြသူ များပြားလှသည်ကို မြင်တွေ့ရသည်။

အောင်မြေကုန်းတော်အနံ့ လှည့်ပတ်ကာ ကြည်ညိုစိတ်အပြည့်ဖြင့် ရှိခိုးကော်ရော် ပူဇော်သမှုပြုပြီးကြသည်နှင့် စေတီတော်မြတ်ကြီးသီတင်းသုံးတော်မူရာ ကုန်းတော်အရှေ့ဘက်ကပ်လျက်ရှိနေသည့် လမ်းကလေးအတိုင်း တောင်ညီနောင်ရှိရာ ဦးတည် လျှောက်မိဖြစ်ကြပြန်သည်။ ကြည်စိမ်းနေသည့် ကန်ရေပြင်မြင်ကွင်းက ရင်ထဲသို့ အေးမြချမ်းမြေ့စေသည့် ရသတို့ တိုးဝှေ့ဝင်ရောက်လာသည်။ မြောက်စူးစူးဆီ လှမ်းမျှော်ကြည့်မိဖြစ်တော့ တောင်ညီနောင်အထက်ဝယ် တည်ထားသည့် စေတီတော်မြတ်တို့နှင့် အရှေ့ဘက်တောင်ခြေကန်တော်၏ ရေစပ်တွင် ထင်းထင်းကြီးဖူးမြင်ခွင့်ရနေသည့် နဂါးဆင်းတုတော်တို့ကို ဖူးတွေ့နေရသည်။ ကြည်နူးစဖွယ်မြင်ကွင်းများကို အာရုံခံစားရင်းလျှောက်မိသည်တွင် တောင်ညီနောင်၏ခြေရင်းသို့ ရောက်လာတော့သည်။ အနောက်ဘက်တောင်၏ ကျောက်ကမ်းပါးယံတွင် ပဲခူးမယ်တော်ဟု လူသိများနေသည့် အမေနံ့ကိုင်းမယ်တော်၏ ခြေရာရှိ၏။ ထူးခြားသည်က ကျောက်သားစစ်စစ်ကျောက်နံရံကြွင် ခြေရာထင်နေခဲ့ခြင်းပင် ဖြစ်သည်။ ထိုနေရာလေးတွင် မယ်တော်၏ ပိထုတည်ရှိနေလေရာ နံ့ကိုင်းမယ်တော် သက်ဝင်ယုံကြည်ကိုးစားသူတို့ စဉ်ဆက်မပြတ်အရောက်လာကာ အဓိဋ္ဌာန်တင်ကြသည့် နေရာပင်ဖြစ်၏။ တောင်ညီနောင်သည် ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသည့် သူတော်စင် သူမြတ်လောင်းတို့ အဓိဋ္ဌာန်ဝင်လေ့ရှိရာ တောင်တော်များဖြစ်သည်။ အနောက်ဘက်တောင်တော်ရာလမ်းရှိ ကျောက်ကမ်းပါးယံတွင် စမအင်းဆန်အင်းကွက်များ ရှိနေသည်



www.burmeseclassic.com


www.burmeseclassic.com

ကို တွေ့ရ၏။ အနောက်ဘက်ရှိ တောင်တော်မှာ ညီတော်တောင်တော် ဖြစ်ပြီး အရှေ့ဘက်ရှိ တောင်တော်မှာ နောင်တော် တောင်တော်ဖြစ်သည်။ ညီတော် တောင်တော်၏ စေတီအာ့ ခံ တန်ဆောင်းအတွင်းဝယ် စကျင် ကျောက်ဖြင့် ထုဆစ်ထားသည့် ယက္ခ ညီနောင်နှစ်ပါး၏ ပိထုတော်များရှိနေ သည်။ ထိုတောင်တော်တွင် ရောမ မျှော်ကြီးများရှိနေသည်ကိုလည်း တွေ့ရ သည်။

တောင်ညီနောင်ရှိ စေတီတော် များထံပါး၊ ယက္ခညီနောင်ထံပါးတွင် လုပ်ငန်းကိစ နှင့် ပတ်သက် အတိုက် အခိုက် အပြိုင်အဆိုင်များဘေးမှ အောင်မြင်မှုရရာရကြောင်း လာ ရောက်အဓိဋ္ဌာန်တင်နေကြသူများထံမှ သိခွင့်ရခဲ့ပါသည်။ အရှေ့ဘက်တောင် ကမ်းစပ်တွင်ကား ၁၁ပ ၁ယ်တင့်တယ် နေသည့် ၁ဏ်တော်အမြင့် တစ် ဆယ့်လေးတောင်အမြင့် ဆောင်သော နဂါး ဆင်းတုတော်မြတ် သီတင်းသုံး တော်မူလျက်ရှိ၏။ ဆင်းတုတော် သီတင်းသုံးရာ နေရာကို ရွှေကြက် ကျကျွန်း (ထိုသို့ခေါ်ရသည့်မှာ သမိုင်း မှတ်တမ်းအရပင် ဖြစ်သည်)ဟု သိရ သည်။ မည်သို့ပင်ဆိုစေ သာဓုကန် စေတီတော်ကြီး တည်ရာနယ်မြေမှာ ကကုသန်ဘုရားရှင် လက်ထက်တော် မှ စတင်ကာ ဂမ္ဘီရဆန်းကြယ်ဖြစ်စဉ် များ ပေါ်ပေါက်ကာ အောင်မြေမှန်နေ ရာအဖြစ် တည်ရှိခဲ့သည့်နေရာပင် ဖြစ်သည်။ ကိုးကွယ်ယုံကြည်မှု ရှိကြ သူများအတွက် နောက်ပိုင်းသမိုင်းအရ ပဲခူးမယ်တော်အောင်ခာတ် ကိန်းရာ အဖြစ်လည်းကောင်း၊ သိုက်ဆက်၊ ပဌာန်းဆက်များက နဂါးသိုက်မြုံးရာ နေရာအဖြစ်လည်းကောင်း လက်ခံ ထားလာကြသည်။

ထိုအကြောင်းများ ခေါင်းထဲဝင် နေမိစဉ်မှာပင် ရွှေပြည်သာမြို့နယ် သတင်းစာဆရာအသင်း အလုပ်အမှု ဆောင် နိုင်ကြီး(ရွှေပြည်သာ)က –

"ဆရာက ဂမ္ဘီရဆန်တဲ့ နယ် မြေဖြစ်တည်လာခဲ့တဲ့ ကမ္ဘာတည်ဦး စေတီအဖြစ်သာ သိနေတာ။ ထူပါ



စေတီဆိုတဲ့ ကျောက်တုံးတွင်းတည် ထားတဲ့အနေအထားကနေ အခုဖူး တွေ့ရတဲ့ စေတီတော်မြတ်နောက်ခံ သမိုင်းလည်း သိထားသင့်တယ်ဆရာ"

ဟု စကားစကာ ရှေးကျသော မွန်မင်းတို့ သမိုင်းကို ပြောပြတော့ သည်။

ဟံသာဝတီပြည်ကို အစိုးရတော် မူသော ရာဇာဓိရာဇ်မင်း စိုးစံနေတော် မူခိုက် ရှေးကျသော သမိုင်းဟောင်း အရ ကကုသန်မြတ်စွာဘုရားရှင် ဆံ တော်မြတ်တို့ ကိန်းအောင်း စံပယ် တော်မူရာ ကျိုက်ဒိုခရ တောင်တွင် တည်ထားခဲ့သည့် ကျောက်စေတီ ဟောင်းကို ငုံကာ စေတီတော်အဖြစ် တည်ပြီးလျှင် တပို့တွဲလပြည့် ရာဂုပွဲ တော်ပြုခြင်းဖြင့် စေတီတော်မြတ် အား အများရှင်လူ ပူဇော်ကြသည့် ဗွဲ ပူဇနီယပွဲသဘင် တည်ခင်းခဲ့သည်။ မွန်ဘာသာဖြစ်သော ကျိုက်ဒိုခရကို မြန်မာဘာသာအလိုအရ ကျိုက်– ဘုရား၊ ဒို–တောင်၊ ခရ–ဝန်ခံသည် ဟု ရပါသည်။ ဘုရားရှင်၏ အဆုံး အမအတိုင်း လိုက်နာကျင့်သုံးပါမည် ဟု ဘီလူးညီနောင် ခံဝန်ကတိပြုရာ တောင်ဟု ဆိုလိုရင်းပင် ဖြစ်သည်။ မွန်တို့က ကျိုက်ခဘာဓုဟု ခေါ်ကြကာ မြန်မာတို့က သာဓုဘုရားဟု ခေါ်ဆိုခဲ့ ကြသည်။ မြန်မာမင်းတို့လက်ထက် တွင်ကား သာဓုခံ ဘုရားဟုတွင်ခဲ့ပြန် သည်။ ဘုရားပွဲတော်ကိုမူ ရှေးအစဉ် အလာအတိုင်း ကျင်းပခဲ့ကြသည်။ မြန်မာနှစ် ၁၁၉၆ ခုနှစ်တွင် စေတီ တော်ပြိုပျက်နေလေရာ မော်ဘီမြို့ သူကြီး ဦးဖိုးဝထီနှင့် ရွှေပေါက်ပင် ဘုန်းမြတ်ကြီးတို့ နှိုးဆော်ကြပ်မတ်

www.burmeseclassic.com



ကာ အသစ်ပြုပြင်ကြသည်။ ထို့နောက်ပိုင်း ၁၂၀၂ ခုနှစ်တွင် မှော်ဘီသူကြီး မင်းဗညကအသစ်ပြုပြင်တည်ထားကာ ပူဇော်သမှုပြုခဲ့သည်။

ထိုအချက်များကလည်း သာဓုကန်စေတီတော်မြတ်ကြီး ယနေ့ထက်တိုင် ပွင့်တွန်းတင့်တယ်စွာ တည်ရှိနေခြင်း၏ နောက်ခံသမိုင်း တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ အချိန်အတန်ကြာသွားခဲ့ပြီဖြစ်သဖြင့် တောင်ညီနောင်ဆီမှ ပြန်လည်ထွက်ခွာကာ စေတီတော်မြတ်တည်ရာ ကုန်းတော်ခြေရင်းသို့ ရောက်နိုင်သည့် အောက်ခြေလမ်းအတိုင်း လျှောက်လာဖြစ်ကြသည်။ ကုန်းတော်ပတ်ဝန်းကျင်သည် ဂမ္ဘီရဆန်သော နယ်မြေတစ်ခုပင်ဖြစ်သည်။ ဓာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုးစုံရာ နေရာတစ်နေရာ ဖြစ်သည်ဟု ဝိဇ္ဇာလမ်းလျှောက်လှမ်းရင်းကျင့်ကြံပွားများ အားထုတ်နေသည့် ပထမံဆရာအဘ ဦးလေးခိုင်ပြောပြထားသဖြင့် သိနေနှင့်သည်မှာ ကြာခဲ့ပြီပင်ဖြစ်သည်။ ယခုလက်တွေ့ရောက်လာသောအခါ အစုံအလင် သိခွင့်ရခဲ့တော့သည်။

အမေနံ့ကိုင်းမယ်တော်၏ သမိုင်းခြေရာအစအန တို့ကို တွေ့မြင်ရသလို သိုက်ဆက်ပဋ္ဌာန်းဆက်ကြောင့် ညီတော်တောင်ဝယ် ရောက်ရှိနေသော ရောမမြွေကြီးတို့ကိုလည်း မြင်တွေ့ရသည်။ နောင်တော် တောင်ခြေတွင်လည်းပဲ ပရလောကသားများအလိုကျ နဂါး ဆင်းတုတော်ကြီး တည်ထားလျက်ရှိနေသည်ကို ဖူးတွေ့ရသလို ညီတော်တောင် ကျောက်ကမ်းပါးယံတွင်လည်း ကျောက်သားဝယ် အထင်းသားရှိနေသည့် စမအင်းဆန်တို့ကိုလည်း မြင်တွေ့ရသည်။ စေတီတော်တည်ရာ ကုန်းမြေသည်လည်း အောင်မြေမှန်ရာ ကုန်းတော်တစ်ခု ဖြစ်ခဲ့လေရာ မွန်ဘုရင်များ၊ မြန်မာဘုရင်များ အောင်မြေအရောက် အောင်ဆုပန်ခဲ့ဖူးသည့် သမိုင်းအစအနတို့ကလည်း ရှိနေသည်။ ကုန်းတော်ထက်ဝယ် ကျွန်းပင်စိုက်ကာ အောင်ဓာတ်ဆင်ခဲ့သော သမိုင်းအစအနကိုလည်း သိခွင့်ရခဲ့သည်။ ထိုသို့ ထူးခြားဆန်းကြယ်မှုများ အပြည့်အဝရှိနေသည့် အောင်မြေမှန်ရာ ဂမ္ဘီရနယ်မြေမှ ပြန်မထွက်ခွာမီ ကုန်းတော်ထက်တွင် စံပယ်တော်မူနေသည့် စေတီတော်မြတ်ထံပါး လှမ်းကြည်ညိုမိဖြစ်သည်။

နှင်းကွဲစအချိန်လေးဝယ် ထင်းလက်တောက်ပနေသည့် စေတီတော်မြတ်ကို ဦးခိုက်ပူဇော်သမှုပြုရင်း ကုန်းထက်ပေါ်မှ ပြန်ဆင်းလာမိဖြစ်သည်။

**အောင်သာကျော်**

၀၉–၄၂၀၁၁



www.burmeseclassic.com


www.burmeseclassic.com

# မဟာဗေဒျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်

## ချီး မြှင့် သော

# မဟာမြတ်မုနိကျင့်စဉ်

ဂမ္ဘီရဆရာလှမျိုး(B.Sc)





တစ်နေ့တွင် ကျွန်ုပ်စာရေးသူနှင့် မွေမိတ်ဆွေ ဦးအေးတို့သည် မှော်ဘီမှ အပြန် မြောက်ဥက္ကလာဘက်ရှိ မဟာကျိန်သစ ဘုရင်ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်ကြပါသည်။ ထိုဘုရားကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်တွင် တည်ရှိပြီး အမြင့် ၁ဏ်တော် ၁၂၉ ပေ ၆ လက်မ ရှိပါသည်။ ကျွန်ုပ်တို့လည်း ဘုရားဖူးပြီးသောအခါ ဘုရားပုံတော်၊ ဘုရားသမိုင်း၊ အကျဉ်းစာအုပ်၊ တရားခွေ စသည်တို့ ဝယ်ယူပူဇော်ခဲ့ကြပါသည်။ ထိုစာအုပ်တွင် အဓိဋ္ဌာန်ကျင့်စဉ်များလည်း ပါဝင်ပါသည်။

ကျွန်ုပ်သည် မဟာဗေဒျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော် ချီးမြှင့်သော မဟာမြတ်မုနိ အဓိဋ္ဌာန်ကျင့်စဉ်ကို အထူးစိတ်ဝင်စားပါသည်။ သို့သော်လည်း ချက်ချင်းမဆောင်ရွက်နိုင်သေးပေ။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်မှ သက်သတ်လွတ်စားပြီး ကျင့်ရမည်ဆိုသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ် စာရေးသူသည် ဝါတွင်းကာလ ဝါတွင်းသုံးလတိုင်း သက်သတ်လွတ်စားသုံးပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com




ဝါဝင်မှ ကျင့်မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ တစ်ဖန် ဆန်းကျမ်းဗေဒင်ဆရာသည် ဗုဒ္ဓဟူးဂြိုဟ်သက်ရောက် ဖြစ်နေ ကြာသပတေးတန်းစီး၊ စနေတိုင်ထိပ်ဖြစ်နေသည်။ ၅၇ ဖြစ်နေ မဟာမြတ်မုနိဘုရားအထူး ပူဇော်လိုစိတ် ပြင်းထန်နေပါသည်။ ထို့ကြောင့် ဆရာတော်ချီးမြှင့်သော အဓိဋ္ဌာန်ကို မပျက်မကွက် ဆောင်ရွက်ပါသည်။ ပထမ တစ်ကြိမ် ဆောင်ရွက်ရာ တစ်ရက်ပျက်သွား အစမှ ပြန်စိပ်ရပါသည်။ အဓိဋ္ဌာန်ကျင့်စဉ် အောင်မြင်ပြီးသောအခါ လာဘ်လာဘများ ဝင်လာသည့်အပြင် အကြံအစည် အလုပ်အကိုင်လည်း အောင်မြင်ပါသည်။ ဦးစွာပထမ အောင်သိဒ္ဓိမန္တန်တော်ဖြင့် ဘုရားရှိခိုးရပါသည်။

**အောင်သိဒ္ဓိမန္တန်တော်**

**နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**

**အွံ–မုနိရာဇာ မိပတေယျာ၊**
**သိသေဠတွာန မေသဒါ၊**
**ဒိနေ ဒိနေ ဩဝဒိတွာ၊ သဗ္ဗ,သိဒ္ဓိဖယံဒဒါ**
**အန္တရာယာနုဘာဝေန၊**
**ဝိန ဿု အသေသတော။**

အွံ – လိုရာကိစ အထကို မုချမသွေ အောင်မြင်နိုင်ခြင်းသည်၊ ဘဝတု – ဖြစ်ပါစေဘုရား။

www.burmeseclassic.com

အဗ္ဗ – ဘုန်းကြီးသက်ရှည် စည်းစိမ်တည်ခြင်းသည်၊ ဘဝတု – ဖြစ်ပါစေဘုရား။

အဗ္ဗ – အသက်ရှည်စွာ အနာမဲ့ကင်း၊ စီးပွားဥစ္စာ တိုးတက်ခြင်းသည်၊ ဘဝတု – ဖြစ်ပါစေဘုရား။

အဓိပတေယျကမ္မ – ရူပ အရူပဟု သုံးပါးဘဝ သုံးလောကကို ဉာဏရောင်ဖိတ် ဂုဏ်တံဆိပ်ဖြင့် ကွပ်နိုင် စိုးရ ပိုင်သတော်မူထသော၊ မုနိရာဇာ – အာဂါရိယမုနိ၊ အနာဂါ ရိယမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေကမုနိ ဟုဆိုအပ်သော မုနိငါးပါးတို့ကို အစိုးရတော်မူထသော သုံးလောကထွဋ်တင် မြတ်ရှင်ပင်သည် မေရတနာသုံးရပ် မြတ်ထက်မြက်ကို ဆည်းကပ်ကော်ရော် တပည့်တော်သည်၊ သီသေ – ဦးခေါင်းရတနာမြတ်အင်္ဂါထက်၌၊ သဒါ – အခါ ခပ်သိမ်း၊ ဌာတွာန – တင့်တယ်ရွှင်ပြုံး သီတင်းသုံးတော်မူလျက်၊ မံရတနာသုံးရပ် မြတ်ထက်မြက်ကို ဆည်းကပ်ကော်ရော် တပည့်တော်ကို၊ ဒိနေ ဒိနေ – နေ့တိုင်း၊ နေ့တိုင်း၊ ဩဝ ဒိတွာ – သွန်သင်ပြသဆိုဆုံးမတော်မူ၍၊ သဗ္ဗသိဒ္ဓိစ – ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ ယောဗ္ဗန သိဒ္ဓိ၊ အာဟာရ သိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ဥဒက သိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသ သိဒ္ဓိ အစရှိသော အလုံးစုံသော သိဒ္ဓိအပေါင်းကိုလည်းကောင်း၊ သဗ္ဗဇယံစ – အောင်မြင်ဖွယ်ဟူသမျှ အဝဝကိုလည်းကောင်း၊ ဒဒါဒဒ္ဒူ – သားရာဟုလာကဲ့ပမာသို့ ကရုဏာထား မေတ္တာထား၍ သနားကြည်ဖြူ ပေးတော်မူပါဘုရား။

အာနုဘာဝေန – မုနိရာဇာ၊ သေသတ္တာ၏ အနန္တဘုန်းမော်၊ တန်ခိုးတော်ကြောင့်၊ အန္တရာယာ – အတွင်းအပများလှသွယ်သွယ် အန္တရာယ်ဟူသမျှ အဝဝတို့သည်၊ အသေသတော – အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု – ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်ချွင်းပျောက်လွတ်မြောက်ပါစေသား အရှင်မြတ်ကြီးဘုရား။

မိမိတို့နေအိမ်တွင် မဟာမြတ်မုနိဘုရားရုပ်ပွားတော်ပုံတော် ပူဇော်ထားရှိပြီး ပန်း၊ ဆီမီး၊ ရေတော်၊ ဆွမ်းတော် စသည်တို့ကို တတ်နိုင်သလောက် လှူဒါန်းပါ။ ထို့နောက် မဟာမြတ်မုနိအဓိဋ္ဌာန် မစတင်မီ အောင်သိဒ္ဓိဘုရားရှိခိုးဖြင့် ဘုရားရှိခိုးပါ။ ဦးစွာ ပထမ အဓိဋ္ဌာန်တော်အကျိုးတော်ပြုထားပါသည်။

## အဓိဋ္ဌာန်တော်၏အကျိုး

(၁) ကမ္ဘာတစ်လွှား ထင်ရှားဂုဏ်အင်၊ မဟာမုနိမည်ရှိ ရုပ်ရှင်အာရုံပြုလျက်၊ ထိပ်ထက်မှာတင်၊ အဓိဋ္ဌာန်မြတ် ပွားလတ်သူတော်စင်။

(၂) သုံး၊ ငါး၊ ခုနစ်၊ ကိုး၊ တစ်မျိုးမျိုးပင် စည်ကမ်းတကျ ပွားများကြလျှင် ဘေးဒဏ်ရန်ကျိုး ကပ်ဆိုးမဝင်၊ ချမ်းသာရောက် မျက်မှောက်အခုမှာပင်။

(၃) ရာထူးလည်းတိုး၊ လာဘ်မိုးဖြိုင်ဖြိုင် အာဏာလွှမ်းမိုး တန်ခိုးတတ်နိုင်၊ ပြည်ရွာအတွင်း သတင်းပျံ့ကြိုင်၊ အံ့မခန်း ထူးဆန်း၊ ရွှေဘုန်းလိုင်။

## မဟာမြတ်မုနိ အဓိဋ္ဌာန်ကျင့်စဉ်

(၁) ပထမအဆင့် သုံးရက်၊ တစ်ရက်လျှင် စိပ်ပုတီးသုံးပတ်၊ **ဘဂဝါ** ဟု ပွားများ။

(၂) ဒုတိယအဆင့် ငါးရက်၊ တစ်ရက်လျှင် စိပ်ပုတီးငါးပတ်၊ **မုနိဘဂဝါ** ဟု ပွားများ။

(၃) တတိယအဆင့် ခုနစ်ရက်၊ တစ်ရက်လျှင် စိပ်ပုတီးခုနစ်ပတ် **မဟာမုနိဘဂဝါ** ဟု ပွားများ။

(၄) စတုတ္ထအဆင့် ကိုးရက်၊ တစ်ရက်လျှင် စိပ်ပုတီးကိုးပတ် **ဦးမုနိမဟာမုနိမုနိ** ဟု ပွားများ။

၃ + ၅ + ၇ + ၉ (၂၄)ရက် အဓိဋ္ဌာန်မပျက်စိပ်ရမည်။ ကျင့်စဉ်ကာလအတွင်း အနန္တောအနန္တငါးပါးကို မပြစ်မှားပါ။ ငါးပါးသီလမြဲနေခြင်း၊ သက်သတ်လွတ်စားသုံးခြင်း၊ ဤသစ္စာ ခုနစ်ချက်ကို ခံယူထားရမည်။

အဓိဋ္ဌာန်ဆောက်တည်၍ ပြီးဆုံးတိုင်း ပြီးဆုံးတိုင်း ဤမဟာမြတ်မုနိဂါထာတော်များကို ရွတ်ဖတ်၍ အဓိဋ္ဌာန်မှထပါ။

## မဟာမြတ်မုနိ ဂါထာတော်များ

ဦးမုနိပါဒ သွဲ့ဟုံဟုံ သုံးကြိမ်

(၁) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေတု၊ မဟာလာဘော။



www.burmeseclassic.com

www.burmeseclassic.com

(၂) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာသုခေါ။

(၃) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာဘောဂေါ။

(၄) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာဗလော။

(၅) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာယသော။

(၆) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာပညော။

(၇) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာတေဇော။

(၈) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာကုလော။

(၉) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယ့ံဒီပေါ၊ မယ့ံနာထော၊ မယ့ံဒေဝေါ၊ မဟာဇယော။

ဦး မဟာမုနိ ဘဂဝါ နိစ္စံပါလေတု မံသဒါ သုံးကြိမ်

## မေတ္တာပို့ အမျှဝေ

အကျွန်ုပ်ပြုလုပ်ရသော ကုသိုလ်ကံ၏ အဖို့ဘာဂကို မိခင်၊ ဖခင်၊ ဆရာရှင်နှင့်တကွ ကိုယ်စောင့်နတ်၊ မဟာမြတ်မုနိသိမ်တော်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ တောစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ အာကာသစိုရ်၊ ဘုမ္မစိုရ်၊ ရုက္ခစိုရ်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗနှင့် စတုလောကပါလ၊ စသည့် သောင်းသောင်း၊ သုံးဆယ့်တစ်ဘုံ ကျင်လည်နေကြကုန်သော ဒုက္ခိတ၊ သုခိတ၊ ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေလိုက်ပါ၏။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့၊ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ရွှင်လန်းနိုင်ကြပါစေသော်။

သူတော်စင် သူတော်ကောင်းအပေါင်းတို့ ပေးပို့လိုက်သော ဆုထူးဆုမြတ်များနှင့် မေတ္တာဘာဝနာတို့ကိုလည်း သာဓု သာဓု သာဓုပါဘုရားဟူ၍ အမိဋ္ဌာန်မှ ထကြပါကုန်။

ကြီးပွားတိုးတက်လိုသူတိုင်း ဤမဟာမြတ်မုနိ အဓိဋ္ဌာန်အမြဲဆောင်ထားပါ။ အကျိုးကျေးဇူးအပြည့်အဝ ခံစားကြရပါမည်။

## မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ဘုရား၏ ဆုတောင်း

၁။ ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါနေသို့ လင်းစေသော်။

၂။ ဓမ္မာခန္ဓာကျမ်းပေစာ၊ ငါးထောင်သာသနာ တည်စေသော်။

၃။ သာသနာ့ဝန်ထမ်း ရှင်ရဟန်း ရွှင်လန်းအေးမြပါစေသော်။

၄။ မင်းစိုးရာဇာ နရိန္ဒာ၊ ကျန်းမာချမ်းသာပါစေသော်။

၅။ တိုင်းပြည်မြို့ရွာ လူများစွာ ချမ်းသာအေးမြပါစေသော်။

၆။ နိုင်ငံပြည်သူ နှစ်ပါးမှု ကြည်ဖြူမေတ္တာရှိစေသော်။

၇။ တိုင်းပြည်စိုးငြား လူကြီးများ တရားမျှတ စောင့်စေသော်။

၈။ နတ်ကောင်းနတ်မြတ် သူတော်ထွင့် မပြတ်စောင်မပါစေသော်။

၉။ ကမ္ဘာသူ ကမ္ဘာသားရှင်လူများ သစ္စာအဓိဋ္ဌာန် တည်စေသော်။

သဗ္ဗေသတ္တာ သုခိတာ ဟောထ၊ ဒုက္ခမုစ္စထ၊ မဟာဇေယျ သိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ဘုရားကြီး အသက်ရှည် ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ပါစေသော်။

ဂမ္ဘီရဆရာလှမျိုး (B.S.)



www.burmeseclassic.com

www.burmeseclassic.com

# ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာရှိ ညီညွတ်သော ငြိမ်းချမ်းရေးစေတီတော်များ

သို့မဟုတ်

# ဘုရားသုံးဆူစေတီတော်များနှင့် ဆရာတော်ဘဒ္ဒန္တဇာဂရလေ

ပန်းတနော် နောင်လတ်

ဖွံ့ဖြိုးဝေစည် ဧရာဝတီဆိုသော ဂုဏ်ပုဒ်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီးသည် ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာလျက်ရှိသည်ကို မည်သူမျှ မငြင်းနိုင်ပါ။ ဧရာဝတီတိုင်းဒေသကြီး ဖြစ်မလာမီ ဧရာဝတီတိုင်း အဖြစ်ရှိစဉ်က တိုင်းအတွင်းရှိ အချို့သော ရွာငယ်များသည် နောက်ချေးနှင့် မိုင်ချက်အလယ်မှာ စတိုင်ပျက်စရာဆိုသော သီချင်းနှင့် ညီခဲ့ကြသော်လည်း ခေတ်ပြောင်းချိန်ရောက်နေပြီဖြစ်သော ယနေ့ကာလတွင် ကျေးရွာတွင်းလမ်းများ၌ပင် ဆိုင်ကယ်များ ဆိုက်ကားများ၊ မော်တော်ယာဉ်များ သွားလာလျက်ရှိနေပြီး ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့များသို့ ဆက်သွယ်ထားသော လမ်းများရှိနေပါပြီ။ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်းကြောင့် လူမှုရေး၊ စီးပွားရေး ပညာရေး၊ ကျန်းမာရေးများ တိုးတက်ကောင်းမွန်လျက်ရှိနေပါပြီ။

ထိုအရေးများအားလုံးထက် ထိပ်ဆုံးပထမ်နေရာမှ တိုးတက်လျက်ရှိသည်မှာ ဘာသာရေးဖြစ်သည်။

ဘာသာရေးတွင် အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားလာသော ကျေးရွာများတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်အတွင်းရှိ မရမ်းကျေးရွာလည်း အပါအဝင်ဖြစ်သည်။

* * *

မရမ်းကျေးရွာ၏ ကျက်သရေဆောင်ဖြစ်သော သဟာပုညကာရီ ဘုန်းတော်ကြီးကျောင်းသည် မရမ်းရွာလယ်၌ တည်ရှိသည်။

သဟာပုညကာရီကျောင်းတိုက်ကြီး၏ ပထမဆုံး ဦးစီးပဓာန နာယကဆရာတော်မှာ ဘဒ္ဒန္တဝိမလ ဖြစ်သည်။ ကျောင်းတိုက်ကြီးကို စတင်တည်ထောင်သော ၁၃၂၀ ပြည့်နှစ်မှ ၁၂၈၂ ခုနှစ်အထိ ၅၂ နှစ်တိုင် သီတင်းသုံးသော သာသနာပြုခဲ့သော ဆရာတော်ဖြစ်သည်။

ဒုတိယမြောက် ဦးစီးပဓာန နာယက ဆရာတော်၏ ဘွဲ့တော်ကို ဘဒ္ဒန္တဇာဂရဟု ခေါ်ပါသည်။ ဆရာတော် ဘဒ္ဒန္တဇာဂရသည် သဟာပုညကာရီကျောင်းတိုက်၌ ၁၂၈၃ ခုနှစ်မှ ၁၃၄၆ ခုနှစ်အထိ သီတင်းသုံးရင်း သာသနာ့ကောင်းကျိုးသယ်ပိုးခဲ့သော ဆရာတော်ကြီးဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တသုမနသည် ထိုကျောင်းတိုက်ကြီး၌ ၁၃၄၇ ခုနှစ်မှ ၁၃၅၉ ခုနှစ်အထိ သီတင်းသုံးတော်မူခဲ့သော တတိယမြောက် ဦးစီးပဓာန နာယကဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး သာသနာ့အရေးကို အလေးထားကြိုးစားဆောင်ရွက်တော်မူခဲ့ကြောင်း သိရှိရသည်။

မရမ်းကျေးရွာ၏ ကျက်သရေဆောင်ဖြစ်သော သဟာပုညကာရီဘုန်းတော်ကြီးကျောင်း၏ စတုတ္ထမြောက် ဦးစီးပဓာန နာယကဆရာတော်မှ ဆရာတော် ဘဒ္ဒန္တကုသလ ဖြစ်ပါသည်။ ဆရာတော်ဘဒ္ဒန္တကုသလသည် ၁၃၅၀ ပြည့်နှစ်မှ ယနေ့အထိ သာသနာပြု မြတ်ကောင်းမှုများကို ဦးလည်မသုန်ဆောင်ရွက်ကြိုးပမ်းနေသော သာသနာ့အာဇာနည် ရဟန်းတော်တစ်ပါး ဖြစ်ပါသည်။

* * *

သဟာပုညကာရီကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် ဦးစီးပဓာန နာယကဆရာတော်အဖြစ် ဆရာတော် ဘဒ္ဒန္တကုသလသည် စတင်သီတင်းသုံးတော်မူစဉ်က ကျောင်းတိုက်ကြီးအပါအဝင် သာသနာ့မြေအတွင်းရှိ သာသနိက အဆောက်အအုံများမှာ –

**(၁) သဟာပုညကာရီကျောင်းတိုက်ကြီး**

သစ်တိုင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ ပျဉ်ကာနှစ်ထပ် သစ်သားကျောင်း ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ အိုမင်း၊ ယိုယွင်း၊ ပျက်စီးနေသော အနေအထား၌ ရှိခဲ့သည်။

**(၂) ရှေးဟောင်းသိမ်တော်ကြီး**

နှစ်ပေါင်း ၁၀၀ ကျော်နေပြီဖြစ်သော ရှေးဟောင်းနှစ်ထပ်တိုက်အဆောက်အအုံဖြစ်သည်။ တိုက်ဖြစ်သော်လည်း ဘိလပ်မြေသုံးထားခြင်းမရှိ၊ ကျွဲကော်စသော ဆောက်လုပ်ရေးနည်းပညာများဖြင့် ရှေးမြန်မာကြီးများက ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်သည်။

နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်ခြင်း၊ အိုမင်း၊ ယိုယွင်းပျက်စီးနေခြင်းတို့ကြောင့် လက်ရှိအနေအထားအရ အသုံးမပြုရဲတော့ပါ။

ထို့ကြောင့် ကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တကုသလက ထိုရှေးဟောင်း သိမ်တော်ကြီးကို မူလအတိုင်း ပြန်လည်အသုံးပြုနိုင်ရန် အလျှုခံတော်မူနေလျက်ရှိရာ ရပ်နီးရပ်ဝေး ဒေသများရှိ ဗုဒ္ဓနွယ်ဝင် သူတော်စင်များသည် သဒ္ဓါတရား ထက်သန်အားကောင်းသူများဖြစ်သည့်အားလျော်စွာ ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာရှိ သဟာပုညကာရီဘုန်းတော်ကြီးကျောင်းသို့ လာရောက်ကာ ဆရာတော်ဘဒ္ဒန္တကုသလထံ အလှူတော်ငွေများဖြစ်စေ၊ ဘိလပ်မြေ၊ သွပ်စသော လှူဖွယ်ဝတ္ထုပစ္စည်းများဖြစ်စေ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**(၃) ချမ်းသာကြီးဆုတောင်းပြည့် မြတ်စွာဘုရားတန်ဆောင်းတော်ကြီး**

ရှေးမင်းများ လက်ထက်က ပွဲနင်းကြီး ဦးပု (ဦးဥပုလည်း ခေါ်ဆိုသူ)က တည်လှူပူဇော်တော်မူခဲ့ခြင်းဖြစ်သည်။

**(၄) မဂ်လာကန်တော်ကြီး**

ယနေ့ကာလအထိ ဧွေ့၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ရေမခန်းခြောက်သော ရေကန်ကြီးဖြစ်ပါသည်။

* * *

သာသနာ့အာဇာနည်ဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တကုသလ လက်ထက်ရောက်သောအခါမှ အသစ်ထပ်မံတည်လှူတော်မူသော သာသနိက အဆောက်အအုံများမှာ –

**(၁) သဟာပုညကာရီတိုက်ကျောင်းတော်ကြီး**

အိုမင်း၊ ယိုယွင်းပျက်စီးနေသော သစ်သားနှစ်ထပ်ကျောင်းတော်ကြီးကို ဖြိုဖျက်ပြီး အသစ်ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်တိုက်ကျောင်းတော်ကြီးဖြစ်သည်။

သာသနာ့ဒါယိကာမကြီး ဒေါ်ယဉ်မေက သိန်း ၁၃၀ မတည်ပြီး အများပေါင်းစု ကောင်းမှုယူကာ ဆောက်လုပ်လှူဒါန်းထားသော ကျောင်းတော်ကြီးဖြစ်ပါသည်။

**(၂) သာသနာ့ဝိသောဓနီ သိမ်တော်ကြီး**

လက်ရှိအနေအထားအရ ရှိနေသော နှစ်ပေါင်း ၁၀၀ ကျော်သည့် သိမ်တော်ကြီးကို အသုံးမပြုရဲသောကြောင့် လိုအပ်နေသော သိမ်တော်ကြီးကို မရမ်းကျေးရွာရှိ သာသနာ့ ဒါယိကာမကြီး ဒေါ်ယဉ်မေတစ်ဦးတည်း သိန်း



www.burmeseclassic.com

၃၀၀ အကုန်အကျခံကာ နိုဗ,ဝန်ရည်မှုန်း လှူဒါန်းထားသော သိမ်တော် ကြီးဖြစ်သည်။

**(၃) ဘောဇနကျောင်းဆောင်တော်ကြီး**

ဘောဇနကျောင်းဟုခေါ်သော ဆွမ်းစားကျောင်းဆောင်တော်ကြီးကိုလည်း သာသနာ့မိခင်ကြီး ဒေါ်ယဉ်မေတစ်ဦးတည်း သိန်း ၃၀၀ ကို စေတနာသုံးတန် ပြတ်သားစွာ လှူဒါန်းပြီး ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။

**(၄) ဓမ္မာရုံတော်ကြီး**

သာသနာ့ဒါယိကာမကြီး၊ သာသနာ့မိခင်ကြီး ဒေါ်ယဉ်မေနှင့် အများပေါင်းစု လှူဒါန်းထားခြင်းဖြစ်သည်။

**(၅) ဘုရားသုံးဆူ အာရုံခံတန်ဆောင်းတော်ကြီး**


ညီညွတ်သော ငြိမ်းချမ်းရေးစေတီတော်များ တစ်နေရာတည်းအားဖြင့် ဘုရားသုံးဆူ စေတီတော်များကို ကြည်ညိုသောသူတွေ ဖူးမြော်ရင်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များအား အာရုံယူပူဇော်ကန်တော့နိုင်စေရန် ရည်ရွယ်သည့် ဘုရားသုံးဆူ အာရုံခံတန်ဆောင်းတော်ကြီးကိုလည်း သာသနာ့မိခင်ကြီး ဒေါ်ယဉ်မေက သိန်း ၁၀၀ ဖြင့် မတည်လှူဒါန်း ဆောက်လုပ်ခဲ့သည့် အဆောက်အအုံဖြစ်ပါသည်။

* * *

သာသနာ့ပြုပုဂ္ဂိုလ်ကျော်ဖြစ်တော်မူသော ဆရာတော် အဒ္ဒြဝံသ လက်ထက်ရောက်မှ အသစ်ထပ်မံ ဆောက်လုပ်လှူဒါန်းသော သာသနိက အဆောက်အအုံများ နှံ့သကဲ့သို့ ရှိထားခဲ့ပြီးသော အိုမင်း၊ ယိုယွင်းပြိုဆင်းနေသည့် စေတီဘုရားများကိုလည်း ပိုမိုကြည်ညိုသေဖွယ်ဖြစ်အောင် ဆောင်ရွက်တော်မူရာတွင် ညီညွတ်သော ငြိမ်းချမ်းရေး စေတီတော်များဟု ခေါ်ဆိုနိုင်သည့် ဘုရားသုံးဆူစေတီတော်များ လည်းပါဝင်သည်။

စေတီတော်များ၏ သမိုင်းအကျဉ်းများကို သိရှိရသည်။ မူလတည်ထားခဲ့ကြသည့် မူလဘွဲ့တော်များကို သိရှိသူများ မရမ်းကျေးရွာနှင့် အနီးကျေးရွာများတွင် မရှိတော့ပါ။

ထိုသို့ပင်ဆိုစေကာမူ ယခုအခါ ထိုစေတီတော်များအား ဘွဲ့တော်များ ဆက်ကပ်ပူဇော်ထားပြီးပါပြီ။



စူဠာမဏိစေတီတော်

**(၁) စူဠာမဏိစေတီတော်**

အရှေ့ဘက်အရပ်၌ တည်ထားပူဇော်သည်။ နှစ်ပေါင်း များစွာကြာပြီဖြစ်သော ရှေးဟောင်းစေတီတော် ဖြစ်သည်။

မရမ်းကျေးရွာသူကြီးလည်းဖြစ်၊ အထူးအာဏာရသူကြီးလည်းဖြစ်သော ကရင်တိုင်းရင်းသားကြီး ဦးတီက ဒုတိယအကြိမ်ပြုပြင်တည်လှူ ပူဇော်တော်မူခဲ့သည်။ မူလအလှူရှင်မှာ ဦးတီ၏ အဘိုး၊ အဘွားများဖြစ်ကြောင်း ဒုတိယအကြိမ် ပြုပြင်လှူဒါန်းသူမှာ ဦးတီဖြစ်ကြောင်း မိမိဦးလေး ဦးဖိုးတောင်က မိမိကို ပြောကြားခဲ့သည်ဟု ဆရာတင်ဟု လူသိများခဲ့သော ဆရာဦးတင်ရွှေ၏သား ကိုဝင်းဇော်က စာရေးသူကို ပြောပြခဲ့ပါသည်။


အထူးအာဏာရသူကြီး ဦးတီ ဒုတိယအကြိမ် ပြန်လည်ပြုပြင်လှူဒါန်းသည်မှ ယခု ၂၀၁၆ ခုနှစ်အထိ ရေတွက်လျှင် နှစ်ပေါင်း ၁၀၀ ခန့်ရှိနေပေပြီ။

တတိယအကြိမ်ပြုပြင် တည်လှူပူဇော်ကြသည့် အလှူရှင်များမှာ ရန်ကုန်မြို့နေ ဦးမြေအောင်၊ ဒေါ်ဘောဘီ




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရွှေမုဋ္ဌောစေတီတော်



မဟာစေတီတော်

သန်း မိသားစု၊ ဒေါ်လှလှမိုး မိသားစု၊ စေတနာရှင် မိသားစု တို့ဖြစ်သည်။ ယင်းမိသားစုများက စူဠာမဏိစေတီတော်ကို ပိုမိုကြည်ညို ့သေဖွယ်ဖြစ်အောင် မတည်ငွေများ ထည့်ဝင် ကြပြီး အများပေါင်းစု ကောင်းမှုကုသိုလ်ယူ ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

## (၂) ရွှေမုဋ္ဌောစေတီတော်

စေတီတော်သုံးဆူအနက် အလယ်ဗဟိုတွင် တည် လှူ ပူဇော်တော်မူခဲ့သော စေတီတော်ဖြစ်သည်။ စူဠာမဏိ စေတီတော်နှင့် တစ်ပြိုင်တည်းတည်သော ရွှေးဟောင်း စေတီတော်ဖြစ်သည်။

လက်မှန်မဆွ ပထမဦးစွာ တည်လှူသော အလှူ ရှင်၏ အမည်ကို မသိပါ။ ဒုတိယအကြိမ် ပြုပြင်တည် လှူသော အလှူရှင်များမှာ မရမ်းကျေးရွာနေ ဦးသန်ဝါးတို့ ၏ ဘိုးဘွားများဖြစ်ကြသည့် ဦးစိန်ပွင့်နှင့် ဒေါ်မမတို့ ဖြစ် သည်။ တ ့တ်လူမျိုးများဖြစ်သည်။

တတိယအကြိမ် ထပ်မံပြုပြင်တည်လှူပူဇော်သော သူတော်စင်များမှာ သံ ့သန်ထမ်းဟောင်း ဦးကျော်နှင့် ဇနီး ဒေါ်နှင်းအေးတို့ ဖြစ်သည်။ ဒေါ်နှင်းအေးသည် ဘုရားငှ ကျေးရွာသူ ဖြစ်ပါသည်။ ထိုစဉ်က ငွေသုံးသိန်း မတည်ပြီး အများပေါင်းစု ကုသိုလ်ယူတည်လှူပူဇော်ခြင်းဖြစ်သည်။

## (၃) မဟာစေတီတော်

အနောက်ဘက်အရပ်၌ တည်လှူပူဇော်ထားသည်။ စူဠာမဏိစေတီ၊ ရွှေမုဋ္ဌောစေတီတို့နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တည်လှူပူဇော်သည်။ မူလအလှူရှင်အမည် ကို မသိပါ။

ဒုတိယအကြိမ် ထပ်မံပြုပြင်တည်လှူ ပူဇော်သူများ မှာ မရမ်းကျေးရွာသား၊ ဗမာတိုင်းရင်းသား၊ ဦးရွှေဥနှင့် ဒေါ်ဟန်စို့တို့ ဖြစ်သည်။

ပိုမိုကြည်ညိုဖွယ်ဖြစ်အောင် တတိယအကြိမ် ပြုပြင် တည်လှူသော ကုသိုလ်ရှင်များမှာ ဘုရားငှကျေးရွာသား ဦးတွတ်၏အစ်ကို ရန်ကုန်မြို့နေ ဦးတက်မိသားစု၊ ဦးရွှေ အောင်၊ ဒေါ်ဘေဘီသန်းမိသားစုနှင့် စေတနာရှင် မိသား



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘဒ္ဒန္တကုသလ

စုတို့ ဖြစ်ပါသည်။

တတိယအကြိမ်အဖြစ် လှူဒါန်းမတည်မှုတွင် ဦးဘက်မိသားစုက သိန်း ၅၀၊ ဦးရွှေအောင်-ဒေါ်ဘောဘီ သန်း မိသားစုနှင့် စေတနာရှင်မိသားစုက သိန်း ၅၀ စုစု ပေါင်း သိန်း ၁၀၀ ဖြင့် ပိုမိုကြည်ညိုဖွယ်ဖြစ်အောင် တည် လှူခြင်းဖြစ်သည်။

* * *

စူဠာမဏိစေတီတော်၊ ရွှေမုဋ္ဌောစေတီတော်နှင့် ဟာစေတီတော်တို့ကို ညီ့တ်သော ငြိမ်းချမ်းရေးစေတီ တော်များဟုခေါ်ဆိုရခြင်းမှာ ထိုစေတီသုံးဆူဖြစ်သော ဘုရားသုံးဆူ၏ သမိုင်းအကျဉ်းတွင် ဆိုခဲ့ပြီးသည့်အတိုင်း စူဠာမဏိစေတီတော်၏ အလှူ့ဒါယကာမှာ ကရင်လူမျိုး ဖြစ်ပြီး ရွှေမုဋ္ဌောစေတီတော်၏ အလှူ့ဒါယကာမှာ ဗမာ လူမျိုးဖြစ်ကာ မဟာစေတီတော်၏ အလှူ့ဒါယကာက ဘတ်လူမျိုးဖြစ်ခြင်းကြောင့် ကရင်ဗမာ တိုင်းရင်းသား လူမျိုးများနှင့် တ႑တ်လူမျိုးတို့ ခွေမျိုးပေါက်ဖော်အဖြစ် တစ်စိတ်တစ်ဝမ်း၊ တစ်လက်ညီစွာ စေတနာသုံးတန် ပြတ်ပြတ် သားသား နိဗ္ဗာန်ကို ရည်မှန်းလှူဒါန်းထပ်မံပြုပြင် တည် လှူပူဇော်ထားကြသော စေတီတော်များဖြစ်သောကြောင့် တည်း။

* * *

မရမ်းကျေးရွာ၏ ကျက်သရေဆောင် သဟာပုည ကာရီ ဘုန်းတော်ကြီးကျောင်းနှင့် ညီ့တ်သော ငြိမ်းချမ်း ရေးစေတီတော်များ တစ်နည်းအားဖြင့် ဘုရားသုံးဆူ စေတီ တော်များ၏ ဂုဏ်ပုဒ်များကို မြ ငှ်တင်ရန် သီးခြားစည်းတား ထားသော တံတိုင်းကြီးများရှိရာ ထိုတံတိုင်းကြီးများ၏ ဝင်ပေါက်မုခ်ဦးကြီးများလည်း ရှိပါသည်။

အရှေ့ဘက်မုခ်ဦး အလှူရှင်များမှာ ဒေါ်လှလှမိုး မိသားစုဖြစ်ပြီး ထိုအလှူရှင်မိသားစုက ဗုဒ္ဓဂယာသို့ ဘုရား ဖူးထွက်ရင်း ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်ကို ပင့်ဆောင်ခဲ့ ပြီး ဘုရားသုံးဆူ ဝင်းတံတိုင်းအတွင်းရှိ အရှေ့ဘက် စူဠာ မဏိစေတီတော်၏အနီး မြောက်ဘက်နေရာ၌ စိုက်ပျိုး ပူဇော်ထားရာ မည်သူမဆို လာရောက်ကြည့်ရှု ဖူးမြော်နိုင်ပါ သည်။

'မဟာစေတီတော်၏ အလှူရှင်မိသားစုတစ်စုဖြစ် သည့် ဦးရွှေအောင်၊ ဒေါ်ဘောဘီသန်းမိသားစုက မြတ် ကောင်းမှုကုသိုလ်ယူကာ အနောက်ဘက်မုခ်ဦးကို တည် ဆောက်နိုင်ရန် အလှူငွေများ လှူဒါန်းခဲ့ပါသည်။

* * *

စေတီတော်သုံးဆူ (သို့မဟုတ်) ဘုရားသုံးဆူနှင့် ပတ်သက်သည့် ထူးခြားချက်များကို သဟာပုညကာရီ ကျောင်းတိုက်ကြီး၏ စတုတ္ထ မြောက် ဦးစီးပဓာန နာယက ဆရာတော် ဆရာတော်ဘဒ္ဒန္တကုသလက စာရေးကို ရှင်းပြ ပြောကြားခဲ့ရာ စာဖတ်သူများ ကြည်ညို့သေစွာ သဒ္ဓါ တရား ပွားများနိုင်စေရန် ဖော်ပြလိုက်ပါသည်။

(၁) စေတီတော်သုံးဆူ ဘုရားသုံးဆူကို အရှေ့ အရပ်မှဖြစ်စေ၊ အနောက်အရပ်မှဖြစ်စေ ကြည့်လျှင် ဖိုခုံ လောက်ဆိုင်၊ သုံးပွင့်ဆိုင် အနေအထားဖြင့် ဖူးတွေ့ရခြင်း။ (အမှန်မှာ သုံးဆူသော စေတီဘုရားများမှာ အရှေ့၊ အလယ်၊ အနောက်၊ တစ်ဖြောင့်တန်း တည်ထားပူဇော်



www.burmeseclassic.com

www.burmeseclassic.com



သဟပုညကာရီ
ဘုန်းတော်ကြီးကျောင်း

ထားခြင်း ဖြစ်ပါသည်။)

(၂) သဟပုညကာရီဘုန်းတော်ကြီးကျောင်းသို့ ဆရာတော်ဘဒ္ဒန္တကုသလရောက်ရှိ သီတင်းသုံးတော်မူစဉ်မှ ယနေ့အထိ ဘုရားသုံးဆူ၊ စေတီတော်သုံးဆူမှ မကြာမကြာ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ဖူးတွေ့ကြရခြင်း။ (ကွန့်မြူးသော ရောင်ခြည်တော်များကို အချိန်အတော်ကြာသည်အထိ ဆရာတော်နှင့် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက ဖူးတွေ့ပူဇော်ကန်တော့ခဲ့ကြပါသည်။)

(၃) ရွှေမုဋ္ဌောစေတီတော်ကို တတိယအကြိမ် ပြန်လည်ပြုပြင်နေစဉ် ခေါင်းလောင်းတော်ရှိ သစ်ငုတ်များအား တူးဖော်ရာ ဌာပနာတော် အချို့တွေ့ရှိဖူးမြော်ရခြင်း။ (ထိုဌာပနာတော်များကို စေတီတော်ပြုပြင်မှုရှိစဉ်ကာလ၌ အများပြည်သူ ပူဇော်ကန်တော့နိုင်အောင် ဆရာတော်ဘဒ္ဒန္တကုသလ၏ ဦးဆောင်စီစဉ်မှုဖြင့် ဦးခင်မောင်ဝင်း (မရမ်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး)နှင့် ဂေါပကအဖွဲ့က မှန်ပုံ များအတွင်း ထည့်သွင်းကာ စနစ်တကျ အပူဇော်ခံ၊ အကြည်ညိုခံထားရှိခဲ့ပါသည်။)

(၄) ထိုဌာပနာတော်များမှ တစ်လက်မအရွယ် ခန့်ရှိ ပယင်းရောင် ဗုဒ္ဓပ်ပွားတော်မြတ် တစ်ဆူကို ပြုပြင်ရန် ယာယီဆောက်လုပ်ထားသော မဏ္ဍပ်အတွင်း၌ အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်စေရန် အကြည်ညိုခံထားစဉ် ပ်ပွားတော်မြတ်ကို မည်သည့်အရပ်သို့ မျက်နှာမူထားစေကာမူ သဟပုညကာရီကျောင်းတိုက်ကြီးဘက်သို့သာ အမြဲ မျက်နှာတော် ပြန်လှည့်သည်ကို မြင်တွေ့ကြရခြင်း။

(၅) စေတီတော်များ၊ ဘုရားများကို ပြန်လည်ပြုပြင်စဉ် စေတီတော်များ၊ ဘုရားများအပေါ်မှ အမျိုးအမည် မသိသည့် ကြီးမားသော မြွေကြီးသုံးကောင်ဆင်းသွားသည်ကို မြင်ကြရခြင်း။ (ထိုမြွေကြီးများက မည်သူ့ကိုမျှ ကိုက်ခြင်း၊ ပေါက်ခြင်း၊ အနှောင့်အယှက်ပေးခြင်း မပြုခဲ့ပါ။)

* * *

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော် မြို့နယ်၊ မရမ်းကျေးရွာ၏ ကျက်သရေဆောင်ဖြစ်သော သဟပုညကာရီ ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် ဆရာတော်ဘဒ္ဒန္တကုသလထံမှ ဩဝါဒ ခံယူရန် ရှေးဟောင်းသိမ်တော်ကြီးကို မူလအတိုင်း ကောင်းမွန်သည်အထိ ဖြစ်အောင် ပြန်လည်ပြုပြင်နိုင်ရေးအတွက် အလှူတော်ငွေများနှင့် ဝတ ပြစ ည်းများ လှူဒါန်းနိုင်ရန် အဝေးကပင် ကြည်ညိုသေစွာ ဖူးမြော်ကန်တော့နိုင်ပြီ ဖြစ်သော ငြိမ်းချမ်းရေးစေတီတော်များ၊ သို့မဟုတ် ဘုရား သုံးဆူစေတီတော်များကို ယခုအခါ မည်သူမဆို လာ ရောက်ဖူးမြော်ကန်တော့နိုင်ပြီဖြစ်ကြောင်း နိဗ္ဗာန်ကို အကျိုး မျှော် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

ပန်းတနော် နောင်သက်

www.burmeseclassic.com

# ဗားမွဲဆရာတော်











www.burmeseclassic.com

www.burmeseclassic.com

# ဗားမဲ့ဆရာတော်










ဗားမဲ့ဆရာတော်နှင့် ကလေးဝအဘိုးဆရာတော်

ဗားမဲ့ဆရာတော် စီရင်တော်မူခဲ့သော မြွေမင်း(ဗားမဲ့ကု

www.burmeseclassic.com

www.burmeseclassic.com

# မားမွဲဆရာတော်



ပန်းကန်တော်



မားမွဲလိပ်မင်း



ဝိစ္စာခေတ်ပြာအိုး



မားမွဲခေါင်းလောင်း




ကြေးအင်းချပ်



သဗ္ဗသိဒ္ဓိဇာတ်ချုပ်သေတ္တာ



မားမွဲရေစင်ဖလားနှင့် ရေပုံကရား



မားမွဲပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com

# ဖားမဲ့ဆရာတော်၏ အံ့ဩဖွယ်နိမိတ်ပုံဆန်းများ

ဆရာကြီးအရှင်နန္ဒမာလာ

(၁)

မြန်မာ့လောကီဂန္ဓာရီနယ်ပယ်တွင် နေတစ်ဆူ၊ လ တစ်ဆူ ထင်ရှားခဲ့သော ဖားမဲ့ဆရာတော်ဘုရားကြီးအကြောင်းကို အကျွန်ုပ် ငယ်စဉ်တောင်ကျေး ကလေးဘဝက မိဘဘိုးဘွားများက ဒဏ္ဍာရီပုံပြင်သဖွယ် ပြောပြခဲ့၍ ကြားခဲ့၊ သိခဲ့၊ မှတ်သားခဲ့ရဖူး၏။

အကျွန်ုပ် လူလာမြောက်လာပြီး မိမိ၏ဝါသနာအလျောက် မြန်မာ့ဂန္ဓာရီသိပ္ပံ၊ ဝိဇ္ဇာဓရ လောကီပညာရပ်များကို စူးစမ်းရှာဖွေ လေ့လာကြည့်သောအခါ ဖားမဲ့ဆရာတော်ကြီး၏ ထက်မြက်သည့်စွမ်းရည်တို့ကို သိရှိနားလည်ခဲ့ရ၏။

ယင်းသို့ သိရှိခဲ့သော အကြောင်းချင်းရာတို့ကို စုစည်းပေါင်းစပ်၍ တင်ပြခဲ့ပါအံ့။

(၂)

**ရှင်နန္ဒသာရ**

ဖားမဲ့ဆရာတော်သည် ရခိုင်ပြည်နယ် ဖားမဲ့တောင်ခြေတွင် သက္ကရာဇ် ၉၃၃ ခုနှစ်၌ ဖွားမြင်တော်မူခဲ့သည်ဆို၏။

ဟံသာဝတီပြည်၌ ရှင်သာမဏေပြုသည်။ စာပေပိဋကတ်တို့ကို သင်ကြားတတ်မြောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်နန္ဒသာရဖြစ်၏။

**ကြေးနီပုရပိုက်**

တစ်နေ့သ၌ ဟံသာဝတီမြစ်ကမ်းနားသို့ ဒေသစာရီကြွချီတော်မူခိုက် သူရူးတစ်ယောက်နှင့် ဆုံတွေ့၏။

ထိုစဉ်ဝယ် မိကျောင်းတစ်ကောင်သည် ကြေးနီပုရပိုက်ကို ကိုက်ချီပြီး ပေါ်ထွက်လာကာ ကမ်းခြေသို့ ကူးလာ၏။ သာမဏေသည် မိကျောင်းအား တအံ့တဩကြည့်ရှုနေရာမှ သူရူးအား "ကြေးနီပုရပိုက်ကို လုယူပါ" ဟူ၍ ပြောကြားလေ၏။

သူရူးက သာမဏေခိုင်းသည့်အတိုင်း ရေထဲသို့ဆင်းကာ မိကျောင်းပါးစပ်တွင်းမှ ပုရပိုက်ကို လု၍ယူ၏။

သူရူးက သူရရှိခဲ့သော ကြေးနီပုရပိုက်ကို သာမဏေအားပေးအပ်သည်။ သာမဏေသည် ကြေးနီပုရပိုက်ကို ကြည့်ရှု၏။

အချို့သော ပညာရပ်များကိုသာသိသည်။ အချို့သော ပညာရပ်များကိုမူ နားမလည်။ သို့အတွက်ကြောင့် မေးမြန်းစူးစမ်းခြင်းတို့ကို ပြုလုပ်ခဲ့၏။

တစ်နှစ်တည်းဟူသော အချိန်ကာလသာ ကုန်လွန်လာခဲ့လေပြီ။ ထို့နောက်တွင် ဟံသာဝတီမြို့ရှေ့ လေးထပ်ဆရာတော်ကျောင်း၌ ရဟန်းပြုတော်မူသည်။ ကြေးပုရပိုက်မှ အတတ်ပညာရပ်များကို မည်သို့မည်ပုံ ကြံဆရမည်ကို မသိသေးသောကြောင့် အခက်အခဲနှင့် ကြုံတွေ့နေရ၏။

**မဟာသိဒ္ဓိ**

ထိုကဲ့သို့ဖြစ်နေစဉ် တစ်ညသ၌ ဖားမဲ့ဆရာတော်ဖြစ်လတ္တံ့သော ရှင်နန္ဒသာရဘွဲ့အမည်ရှိသော ရဟန်းပျိုသည် အင်ကြင်းပင်အောက်တွင် ဆောက်လုပ်ထားသော ဝါးကျောင်းလေးဝယ် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားကို ပွားများနေတော်မူ၏။ ယင်းအခိုက်ဝယ် ဒကာယောကျ်ားတစ်ယောက်သည် သူ့သီတင်းသုံးနေရာကျောင်းသို့ ရောက်ရှိလာသည်ဆို၏။

အထူးသဖြင့် ထိုယောကျ်ားသည် ထူးကဲစွာ မွှေးကြိုင်



www.burmeseclassic.com

www.burmeseclassic.com

သော ရန့်ရှိသောလူဖြစ်လေ၏။ ထိုအခါ ရှင်နန္ဒသာရက -

"အသင် ဘယ်သူလဲ"

ဟူ၍ မေး၏။

"တပည့်တော်ဟာ ဝိဇ္ဇာမိုရ်ယောက်ျားပါဘုရား"

"အသင်ရဲ့ အမည်နာမက"

"မဟာသိဒ္ဓိလို့ခေါ်ဆိုကြောင်းပါ ဘုရား"

ဟူ၍ လျှောက်ထား၏။

ယင်းနောက်တွင် ဖားမဲ့ဆရာတော်လောင်းလျာရဟန်းတော် ရှင်နန္ဒသာရသည် သူသိရှိလိုသော အကြောင်းတရားတို့ကို ဝမ်းသားအားရ အစဉ်တစိုက် မေးမြန်းလေ၏။ ဝိဇ္ဇာမိုရ်ယောက်ျားကလည်း သူသိရှိသမျှတို့ကို ပြောဆိုဖြေကြားသည်။ ယင်းကဲ့သို့ အဖြေပေးသော စကားများထဲတွင်...

"တပည့်တော်ဟာ ဆေးပင်တွေပေါက်တဲ့ သီရိရက္ခမည်တဲ့တောင်မှာ နေထိုင်ပါတယ်။ ဒီတောင်ကြီးရဲ့ အနီးအနားမှာ အလွန်ကြီးမားတဲ့ ဂန္ဓမာဒနတောင်ရှိပါတယ်။ ဒီတောင်မှာ ကြီးမားတဲ့ ရွှေဂူငွေဂူတွေလည်း ရှိပါတယ်။ အဲဒီအနီးအနားမှာ မနောတတ်ရေအိုင်ရှိပါတယ်။ ရေအိုင်ထဲမှာ တန်ခိုးကြီးတဲ့ နဂါးတွေနဲ့ အချို့နတ်တွေဟာ ရေမိုးသုံးသပ်ပြီး သန့်စင်ပျော်ပါး ရေကစားကြပါတယ်"

ဟူ၍ ပါရှိ၏။ ထိုအခါ ရှင်နန္ဒသာရက...

"ခု ဒီအရပ်ကို အသင် အဘယ်အကြောင်းနဲ့ ရောက်ရှိလာပါသလဲ"

"အရှင်ဘုရားနဲ့ တပည့်တော်တို့က လွန်လေခဲ့တဲ့ ဘဝတုန်းက ညီအစ်ကိုအရင်းအချာတွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ရွှေပေကို လှူဒါန်းဖို့ လာရောက်ခြင်းဖြစ်ပါတယ်။ ဒီစာပေ ပညာရပ်တွေကို လေ့လာလိုက်စားရင် အလိုရှိသမျှ ပြည့်စုံတော်မူပါလိမ့်မယ် ဘုရား"

ဟူ၍လျှောက်ထား၏။

(၃)

ဆောင်တော်ရွှေပုပ္ပား

ထိုအခါ ရှင်နန္ဒသာရသည် မိကျောင်းပါးစပ်အတွင်းမှ ... သော ကြေးနီပုရပိုက်ကို ပြသပြီး သူမသိ၊ မရှင်းလင်း ... အကြောင်းအချင်းရာတို့ကို မေးမြန်းကြည့်၏။

ထိုအခါ ဝိဇ္ဇာမိုရ်ယောက်ျားက...

"တပည့်တော်မှာ အရှင်ဘုရားအား သင်ကြားပြသပေးဖို့ အချိန်မရနိုင်ပါ။ ပုပ္ပားတောင်ရဲ့အရှေ့ဘက်မှာ ကျောက်လိုဏ်ဂူထဲမှာနေတဲ့ အင်းဘီလူးထံသို့သွားရောက်ပြီး အမဲသားအတုံးငယ်တွေ ပြုလုပ်ကာ အင်းဘီလူးမင်း အမဲသားစားမလားလို့ မေးပါဘုရား။ စားမယ်လို့ အဖြေပေးပါလိမ့်မယ်။ ဒီအခါမှာ ခပ်လှမ်းလှမ်းကနေပြီး အမဲသားတုံးလေးတွေကိုပစ်ပြီး ပေးပါ။ ဘီလူးရဲ့ပါးစပ်ထဲကိုရောက်ပြီး စားနေတုန်း ကိုယ်သိရှိလိုသမျှတွေကို မေးမြန်းပါ။ ဖြေပါလိမ့်မယ်။ နောက်ဆုံး အမဲသားအတုံးကြီးကြီးကို ပေးထားခဲ့ပြီးရင် အမြန်ဆုံး ပြန်ကြွတော်မူခဲ့ပါဘုရား"

ဟူ၍လျှောက်ထား၏။

ဝိဇ္ဇာမိုရ်ယောက်ျား၏ စကားကို ဖားမဲ့ဆရာတော်လောင်း ရှင်နန္ဒသာရက များစွာ အားရနှစ်မြို့က်တော်မူ၏။

ရှင်နန္ဒသာရ...

"ကျေးဇူးတင်တယ် ဒကာတော်"

ဟုပြောပြီး ဆက်လက်၍...

"လွန်လေခဲ့တဲ့ ဘဝတုန်းက ညီအစ်ကိုတော်စပ်ခဲ့တယ်ဆိုတာတောင် အခု မေ့လျော့နေလို့ရှိလိမ့်မယ်"

ဟူ၍ မိန့်ဆိုလေ၏။

ထိုအခါ ဝိဇ္ဇာမိုလ်ယောက်ျားက...

"မေ့လျော့နေလို့ မဟုတ်ပါဘူးဘုရား။ လူတွေနေထိုင်တဲ့ အရပ်ဒေသကို လာရောက်ရခြင်းဟာ လွန်စွာမှ ဝန်လေးလှပါတယ်။ ဘုန်းကံကြီးမားတဲ့လူများထံ ဒါမှမဟုတ် သီလသမာဓိစတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့ သူတွေထံကိုတော့ အခုလို လာရောက်လိုတဲ့စိတ်ရှိပါတယ်။ အရှင်ဘုရားဟာလည်း သီလသိက္ခာစင်ကြယ်နေလို့သာ တပည့်တော် လာရောက်လိုတဲ့ စိတ်အတိုင်း လာရောက်ရပါတယ်ဘုရား"

ဟူ၍ အလုံးစုံတို့ကို လျှောက်ထားကာ နှုတ်ဆက်ပြီး ပြန်သွားပါတော့၏။

ထို့နောက်တွင် ဖားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရသည် ပုပ္ပားတောင်တော်သို့ သွားရောက်ရန် ဆုံးဖြတ်လိုက်၏။

ဆရာတော်သည် တပည့်ဖြစ်သူ သာမဏေရှင်မှန်မှ...



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ ပုပ္ပားတောင်တော်သို့ သွားရောက်၍ ဝိဇ္ဇာဓိုရ်ယောက်ျား မိန့်ဆိုခဲ့သည့်အတိုင်း အင်းဘီလူးနှင့် တွေ့ဆုံကာ ကိစ္စပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြ၏။

ဆရာတော်သည် ဂမ္ဘီရသိပ္ပဝိဇ္ဇာဓရလောကီပညာရပ်များစွာတို့ကို ရရှိသဖြင့် နှစ်ထောင်းအားရရှိတော်မူ၏။ ထို့နောက်တွင် ဆရာတော်၏ တပည့်ဖြစ်သူ ရှင်မှန်ယိုသည် ပုပ္ပားတောင်တော်မှ ဟံသာဝတီမြို့တော်သို့ ပြန်လည်၍ကြွမြန်းလာခဲ့ကြ၏။

ဆရာတော်သည် ခက်ခဲနက်နဲလှသော ဂမ္ဘီရသိပ္ပဝိဇ္ဇာဓရလောကီပညာရပ်တို့ကို လေ့လာလိုက်စားသည်နှင့် အညီ အရပ်ရပ်သောလူတွေအား ဆုန်းပြားသည့် လောကီဖက်ဆိုင်ရာ 'အတတ်ပညာများစွာတို့ကိုလည်း ထမြောက်အောင်မြင်တော်မူ၍ အလွန်ကျော်ကြားထင်ရှားတော်မူ၏။ လောကီပိုင်းဆိုင်ရာ ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရအတတ်ပညာရပ်များစွာတို့ကိုလည်း စဉ်ဆက်မပြတ် စမ်းသပ်လုပ်ကိုင်နေ၏။

အစဉ်မပြတ် ဗေွးတောကြံဆစူးစမ်းလေ့လာနေသည်။ ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေတော်မူသည်တို့ကို တစ်ယောက်စကား တစ်ယောက်နားဖြင့် ရွှေနန်းတော်ဘုရင့်နားသို့ ပေါက်ကြားလေတော့၏။ ထိုကဲ့သို့သော လောကီဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရပညာရပ်များကို ရှင်နန္ဒသာရသည် အထူးဝါယမစိုက်၍ လေ့လာလိုက်စားနေကြောင်းကို ငါးဆူဒါယိကာမင်းတရားကြီးက ကြားသိတော်မူ၏။

(၄)

**နန္ဒသာရ ကဝိဇေ**

ထို့ကြောင့် ဆရာတော်သည် သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ညောင်ရမ်းမြို့သို့ ရောက်ရှိသွားခဲ့၏။

ထိုစဉ်သမယက မင်းရဲနန္ဒမိတ်အမည်ရှိသော ညောင်ရမ်းမင်းသည် ရှင်နန္ဒသာရ၏ ထေရုပ္ပတ္တိနှင့် လောကီဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရပညာရပ်၏ အစွမ်းသတ္တိထက်မြက်မှုများကို စုံစမ်းသိရှိတော်မူလျှင် နှစ်ထောင်းအားရဖြစ်တော်မူလှ၏။ ယင်းအတွက်ကြောင့် ဆရာတော်အား နန္ဒသာရကဝိဇေဟူသော ဘွဲ့တံဆိပ်တော်ကို လျှုဒါန်းဆက်ကပ်၍ ကျောင်းဆောက်ကာ ကိုးကွယ်တော်မူသည်။ ထိုအခါ သမယကစ၍ အရှင်နန္ဒသာရသည် ဗားမဲ့ဆရာတော်ဟူ၍ ထင်ရှားကျော်ကြားလာလေတော့၏။ (စကားချပ် ။ ။ ဟံသာဝတီပဲခူးတစ်ဝိုက်၌ ဗား သို့မဟုတ် ဘုန်းကြီးကျောင်းပေါင်း ကိုးကျောင်းရှိသည်ဟု သိရ၏။)

ဗားသို့မဟုတ် ဘားသည် မွန် စကား ဖလ်ဟု အသံထွက်ပြီး မြန်မာဘာသာစကားဖြင့် ကျောင်းဟုရ၏။

ယင်းကျောင်း၌ သီတင်းသုံးသော ဘုန်းကြီးကို ကျောင်းအမည်ကို လိုက်ပြီး ခေါ်ဝေါ်လေ့ရှိသည်။ ကျောင်းအမည်ကိုလည်း ကျောင်းဝင်းအတွင်းရှိ အများသိသော သစ်ပင်မျိုးမည်ကိုလည်းကောင်း၊ ထူးခြားသောအရာကိုလည်းကောင်း အစွဲပြု၍ ခေါ်လေ့ရှိ၏။

၁။ ဗားမဲ့ = ဖယ်မဲ့ (ဗားမဲ့ပင်ကျောင်း)
၂။ ဗားမြိုက် = ဖလ်ဖရိုက်(ရောက်ပင်ကျောင်း)
၃။ ဗားတမော့ = ဖယ်တမော့ (ကျောက်စွန်းကျောင်း)
၄။ ဗားကရာ = ဖယ်ကရာ(ခရေပင်ကျောင်း)
၅။ ဗားတွဲ = ဖယ်တွတ်(ပထမကျောင်း)
၆။ ဗားထီး = ဖယ်ထီး(ဇော်ရာဇ်ပင်ကျောင်း)
၇။ ဗားနိုင် = ဖယ်နိုင်(ဘနန်းပင်ကျောင်း)
၈။ ဗားတော် = ဖယ်တော်(ရွှေကျောင်း)
၉။ ဗားနိုက် = ဖယ်နိုက်(ကန့်ကသာပင်ကျောင်း)

ဗားဆရာတော်များမှာလည်း လောကုတ္တရာထက်၊ လောကီရေးရာတို့ကို ဦးစားပေးကြသည်။ လောကီအတတ်ပညာရပ်များကိုလည်း ကျွမ်းကျင်အောင် တတ်မြောက်ကြ၏။

ဗားမဲ့ဆရာတော်မှာ လောကီပညာရပ်တွင် အထူးပင်ကျော်ကြားသည်။ ကျန်ဆရာတော်ရှစ်ပါးတို့မှာလည်း ဗားမဲ့ဆရာတော်မှ ဆင့်ကဲပြန့်ပွားခြင်း ဖြစ်ဟန်တူ၏။

ဗားမဲ့ဆရာတော်နှင့် တစ်ချိန်တည်းလောက်တွင် ဗားထီး၊ ဗားမြိုက်၊ ဗားတမော့ဆရာတော်များ ပေါ်လာပြီး ကျန်ငါးပါးမှာ နှောင်းခေတ်ကျမှ ပေါ်ပေါက်ဟန်တူသည်။

ဟူ၍ မြန်မာပြန်စာအုပ်တွင် ဆရာဂါရဂူ ရေးသားထားသည့် ဟံသာဝတီခေတ် သာသနာရေးအခြေအနေ (ဆောင်းပါး) ဟံသာဝတီ မော်ကွန်းတင်စာတမ်းများတွင် ဖတ်ရှုခဲ့ရဖူး၏။



www.burmeseclassic.com

www.burmeseclassic.com

(၅)

**ဘုန်းကြီးမည့်နိမိတ်**

ထို့နောက်ပိုင်းကာလတွင် တိုင်းရေးပြည်ရေးသည် မငြိမ်မသက်ဖြစ်လာသည်။ ထို့ကြောင့် ရွှေနန်းရှင်ဘုရင်မင်းမြတ်သည် ဗားမဲ့ဆရာတော်အား ပင့်ဖိတ်၍ . . .

"အရှင်မြတ်ဘုရား . . . နောင်တော်မင်းတရားကြီးက တိုင်းပြည်နိုင်ငံကို ပွားစည်းအောင် မပြုလုပ်နိုင်။ ဒီအတိုင်းသာ အချိန်ကြာလာရင် နိုင်ငံအရေးဟာ ခက်လာလိမ့်မယ်။ ဘယ်လိုများ စီမံကြံစည်၍ သင့်မလဲဘုရား။ ဟံသာဝတီကို စစ်ချီပြီးကြံရရင် ကောင်းမလား။ ရတနာပူရ အင်းဝနေပြည်တော်ကို ချီတက်လုပ်ကြံရရင် သင့်မလား အမိန့်ရှိတော်မူပါဘုရား"

ဟူ၍လျှောက်ထား၏။

"ဒကာတော်မင်းမြတ် မွန်သုံးရပ်ဟာ စကားအရနန်းစံနိမ့်နေတယ်။ ထောင်းထောင်းညက်ညက် ခြေပျက်လိမ့်မယ်။ ညောင်ရမ်းမြို့ဟာ မင်းတို့စံရာ ရာဇဌာနီ မြန်မာတို့ဦးစွန်းတည့်ရာ အရပ်ဖြစ်တယ်။ တိုင်းခရိုင်နိုင်ငံလည်း အလွန်ကျယ်ဝန်းတယ်။ ရတနာပူရ အင်းဝပြည်ကြီးကနေပြီး အရပ် ရပ်ကို သိမ်းယူတော်မူရင် စိုးမိုးပိုင်သပြီး သားစဉ်မြေးဆက် လက်နက်နိုင်ငံတော်ကြီး ဖြစ်လာလိမ့်မယ်။ သာသနာတော်လည်း အလွန်ပွင့်လင်းစည်ကားလာမယ်။ မြန်မာတစ်နိုင်ငံလုံးကို လက်ရုံးဆန့်ကာ စိုးပိုင်နိုင်ဖို့ အစီအရင်မှာ ဆရာတော်ရဲ့ တာဝန်ထား"

ဟူ၍ မိန့်တော်မူ၏။

ဘုရင်းမင်းတရားကြီးနှင့်တကွ မှူးတော်မတ်တော်ပညာရှိအပေါင်းတို့သည် အကြိုက်ချင်း ညီညွတ်ကြသည့်အလေးလှစ်စွာ အရပ်ရပ်သော လောကီဂမ္ဘီရသိပ္ပပညာကိုယ်တော်၏ အဆောင်အရွက်နှင့်တကွ သန်လျက်တော်ရွှေယပ်၊ ဓား သုတ်ပဝါ၊ အလံ၊ ဗုံမောင်း၊ ဆင်၊ မြင်း၊ တံခွန်၊ စည်ကြီးအင်းခွင်စသည်တို့ကို စီရင်တော်မူ၏။

မင်းတရားကြီးသည် ညောင်ရမ်းမြို့တွင်ရှိသော အမှုထမ်းအရာထမ်းတို့ကို အပါးတော်သို့ လာရောက်စေပြီး အရပ်ရပ်တို့ကို သိမ်းကြုံးစည်းကြပ်ရန် ဗားမဲ့ဆရာတော်ထံ အပ်နှံစေ၏။

ဗားမဲ့ဆရာတော်က လောကီအစီအမံတို့ကို လုပ်ငန်းအလျောက် သင်ကြားညွှန်ကြားလုပ်ကိုင်စေပြီး အင်းဝမြို့သို့ ချီတက်စေ၏။

တပ်ချထားစဉ် ဗီးတောအရပ်၌ တဲတော်ကိုမီးသင့်သည်။ ဆရာတော်က စိုးရိမ်ပူပန်ခြင်း အလျှဉ်းမရှိ။ မီးတောက်မီးလျှံကဲ့သို့ပင် ဘုန်းတန်ခိုးကြီးမည်ဟု နိမိတ်ကောက်တော်မူ၍ ဆက်လက်ချီတက်စေကာ မင်း၏နေပြည်တော်တစ်ခုလုံးကို အခက်အခဲမရှိ သိမ်းပိုက်နိုင်ခဲ့၏။

(၆)

**ရှိန်းဆာယာ**

တစ်နေ့သောအခါတွင် ဗားမဲ့ဆရာတော်ဘုရားသည် သူ့ကျောင်းတွင် ရှိန်းဆာယာရိပ်ဝင်ဆေးကိုဖော်လျက် ထိုဆေးကို တပည့်တစ်ဦး၏နဖူးတွင် သုတ်လိမ်းပေးပြီး မင်းကျောင်းပွဲတော်တည်ရာ ထမင်းဝိုင်းမှာ လက်နှိုက်၍စားခဲ့ဟု အမိန့်ပေးလိုက်၏။

ထိုသူသည် ဗားမဲ့ဆရာတော်မိန့်ဆိုသည့်အတိုင်း ပွဲတော်တည်ရာ အဆောင်တော်၌ ဘုရင်ထမင်းပွဲတွင် လက်နှိုက်စားသောက်ခဲ့၏။

နန်းတော်မှပြန်ရောက်ပြီး ဆရာတော်ထံသို့ရောက်ရှိသော် ဆရာတော်က အကြောင်းစုံကို မေးမြန်းတော်မူ၏။

ထိုအခါ . . .

"ကျေးဇူးကြီးမြတ်လှပါတယ် ဘုရား။ တပည့်တော်ဟာ ဘယ်သူ တစ်စုံတစ်ယောက်ကမျှ မသိမမြင်ကြပါ။ ရှင်ဘုရင်ကိုယ်တော်တိုင်လည်း မသိရှိပါ။ ဘုရင်မင်းတရားကြီးကလည်း ပွဲတော်ထမင်း ကုန်လွယ်တတ်လို့ ထင်နေပါတယ်။ တပည့်တော်လည်း မစပါ။ မင်းတရားကြီးလည်း မစပါ"

ဟူ၍ လျှောက်တင်လေ၏။

ဗားမဲ့ဆရာတော်က . . .

"ကဲ . . . ဒီလောက်ဆိုတော်ပြီ။ နောင်ကို နန်းတော်ကိုမသွားနဲ့"

ဟူ၍ ပိတ်ပင်တားမြစ်၏။

သို့သော် တပည့်ဖြစ်သူက နားမထောင်ပါ။ ဗားမဲ့ဆရာတော်၏ ဆေးတော်ကိုယူ၍ သုံးရက်လေးရက် နန်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကို ဆက်တိုက်သွားရောက်ပြီး ပွဲတော်အုပ်ကို စားနေတော့၏။

တစ်နေ့သော် ဘဝရှင်မင်းတရားကြီးက ဖားမဲ့ဆရာတော်အား . . .

"ယခုတလော ပွဲတော်အုပ်ထမင်း စားသောက်ရတာ အကုန်မြိတ်လုပါတယ် ဘုရား"

ဟူ၍လျှောက်ထား၏။

ထိုအခါ ဖားမဲ့ဆရာတော်ဘုရားက တပည့်ဖြစ်သူ၏ လက်ချက်ဖြ်သည်ကို ရိပ်စားမိ၍ . . .

"မင်းကြီး ပွဲတော်ထမင်းကို မင်းကြီးရဲ့ ပန်းကန်ထဲမှာ အနည်းငယ်သာ ခူးခပ်ထားပြီး ကျန်တဲ့ဟင်းပန်းကန်တွေမှာ ငရုပ်မှုန့်တွေကို ထည့်ထားပါ။ ထမင်းဟင်းလျာတွေမှာလည်း ငရုပ်စပ်လုအောင် ချက်ထားရင် အဖြေပေါ်ပါလိမ့်မယ်"

ဟူ၍မိန့်တော်မူ၏။

ထိုကဲ့သို့ စီရင်ထားသောအခါ ပွဲတော်အုပ်ထမင်းကို ခိုးစားသူ၏ နဖူးချွေးများထွက်လေသော် မှန်ကူဆေးပြယ်၍ ကိုယ်လုံးပေါ်ကာ ထင်ရှားလာသည်ဆို၏။

ယင်းအခါတွင် ထိုသူကိုဖမ်းဆီး၍ စစ်ဆေးမေးမြန်းလေရာ သူက . . .

"ဖားမဲ့ဆရာတော်က ဆေးတော်စမ်းသပ်ခိုင်းလို့ ခိုးစားမိပါတယ်။ နောင်သောအခါမှာ ဘုရင့်ပွဲတော်မှာ အရသာရှိလွန်းလို့ ဆရာတော်ဆေးအကူအညီနဲ့ စားသောက်မိပါတယ်ဘုရား"

ဟူ၍ ဝန်ခံ၏။

ဘုရင်ကလည်း ထိုသူပြောစကား မှန်မမှန်ကို သိရှိလို၍ . . .

"ဆရာတော်ရဲ့တပည့် ဆေးစမ်းတာမှန်ရင် အသက်ကို ချမ်းသာပေးစေ၊ မမှန်ရင် ရာဇဝတ်ဒဏ်စီရင်စေ"

ဟူ၍ အမိန့်တော်ချမှတ်တော်မူပြီး ဖားမဲ့ဆရာတော်၏ ကျောင်းသို့ စေလွှတ်ကာ အကျိုးအကြောင်းကို စုံစမ်းလျှောက်ကာ မေးမြန်း၏။

ဖားမဲ့ဆရာတော်က . . .

"အရင်က ဆေးစမ်းတာမှန်တယ်။ နောင် သူ့အလိုအလျောက် ဆေးကိုခိုးယူပြီး မှန်ကူသွားဟန်တူတယ်။ ဒါပေမယ့် ချမ်းသာပါစေ"

ဟူ၍ မိန့်တော်မူလိုက်၏။

ဘုရင်သည် ဖားမဲ့ဆရာတော်ကို ကြည်ညိုလေးစားသောစိတ်ကြောင့် ဖားမဲ့ဆရာတော်၏စကားကို နားထောင်တော်မူပြီး တရားခံဖြစ်သော ထိုသူအား အပြစ်မှ လွှတ်ပေးလိုက်လေ၏။

## ရွှေဂူဝင်ခြေသေ့ဆေး

သက္ကရာဇ် ၉၆၇ ခုနှစ်တွင် ညောင်ရမ်းမင်းတရားကွယ်လွန်၍ သားတော် မဟာဓမ္မရာဇာဓိပတိ နန်းတက်တော်မူ၏။

ဖားမဲ့ဆရာတော်ဘုရားကို အလွန်အမင်း သဒ္ဓါတော်မူလွန်း၍ ကျောင်းသစ်ဆောက်လုပ်လှူဒါန်းတော်မူ၏။

ဖားမဲ့ဆရာတော်က ဘုရင်အား ရွှေဂူဝင်ခြေသေ့ဆေးကို ချီးမြှင့်ရာ လက်ျာနံ၌ ရွှေဂူထွက်ဆေးကို ထိုးနှံသည်။ လက်ဝဲနံတွင် ရွှေဂူဝင်ဆေးကို ထိုးနှံသည်။ ဤဆေးတော်များကို မစင်ကြယ်သော အရာများနှင့် မထိပါစေနဲ့ဟုလည်း အမိန့်ရှိလိုက်၏။

တစ်ခါတစ်ရံ ကံပါတတ်သည်။ အင်္ကျီထူရင် ဝင်တော်မမူဘဲ နွေအခါများမှသာ မိဖုရားများနှင့်အတူ စံတော်မူသည်ဆို၏။

## တောင်ငူခံတပ်

တစ်ရံရောအခါ နန်းတော်သို့ ဖားမဲ့ဆရာတော်အား ဘုရင်မင်းမြတ်က ပင့်ဖိတ်၍ . . .

"တောင်ငူမြို့ဟာ မြို့ပြကျယ်တယ်၊ ခိုင်ခံ့တယ်၊ လက်နက်လူသူလည်း များပြားတယ်။ ဆန်ရေစပါးလည်း ဝပြောတယ်။ ပေဒင်ယတြာတတ်ကျွမ်းတဲ့ ရှင်မှန်ယိုဆိုသူလည်းရှိတယ်။ သူတို့ဟာ တပည့်တော်အပေါ်မှာ မကျိုးမနွံ အခိုင်အလုံနေပါတယ်။ ဒါကြောင့် တောင်ငူမြို့ကို အရင်ချီတက်ပြီး လုပ်ကြံရရင် ကောင်းမလား၊ ဒါမှမဟုတ် အခြားတိုင်းတစ်ပါးကို ချီတက်တိုက်ရင် ကောင်းမလားဆိုတာကို ကွဲကွဲပြားပြား အမိန့်ရှိတော်မူပါဘုရား"

ဟူ၍ လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဗားမဲ့ဆရာတော်ဘုရားက…

"ဒါယကာတော်…တောင်ငူမြို့ဟာ ဒါယကာတော် ပြောသလို မှန်ပါတယ်။ ရှင်မှန်ယိုဟာ ယတြာကြီးကိုမတတ်၊ ယတြာလတ်ကိုသာတတ်တယ်။ ချီတက်လုပ်ကြံတော်မူရင် အောင်တော့အောင်မယ်။ ကြာပေဦးမယ်။ ဒါပေမယ့် တော အရပ်က ခံတက်ပင်ရှိရာမှာ တပ်ချပါ။ သင့်တယ်"

ဟူ၍ မိန့်တော်မူပြီးလျှင် ကျောင်းသို့ ပြန်လည်ကြွ သွားခဲ့၏။

မင်းတရားကြီးသည် တောင်ငူမြို့သို့ ဝင်ချီတော်မူလေ ရာ အစကပင် ရန်သူများဝင်ရောက်လာတော့မည်ကို ကြို တင်သိနှင့်နေသော ရှင်မှန်ယိုက မြို့နားပတ်ဝန်းကျင်၌ရှိသည့် ခံတက်ပင်တို့ကို တစ်ပင်မကျန်အောင် ခုတ်လှဲထားစေခဲ့သည်။ ခံတက်ပင်ဟူသမျှတို့ကို အမြစ်မှ မကျန်အောင်ကို တူးယူစေ ပြီး ရေသို့ချစေ၏။

တောင်ငူမြို့တွင်း၌လည်း လူနှင့်တိရစ္ဆာန်တို့အတွက် စပါး ထင်း၊ မြက် အစရှိသည်တို့ကို အလုံအလောက် သွင်းထားစေသည်။ တံခါးပစ္စင်၊ ရင်ကာ၊ သူရဲနို့ ကျုံး မြောင်း ကတုတ်၊ ကင်းလျှောက်စသည်တို့ကို ကောင်းမွန်ခိုင်ခံ့အောင် လုပ်ဆောင်ထားစေ၏။

စစ်လမ်းခရီးတစ်လျှောက်လုံးတွင်ရှိသော ကျီကျနှင့် စပါးများကိုလည်း ကုန်အောင်သယ်ယူစေသည်။ ရေလွှတ် ဆည်မြောင်း၊ ရေတွင်း၊ ရေကန်များကိုလည်း ဖျက်ဆီးထား စေသည်။ ထိုကား စစ်ပရိယာယ်ခံစစ်တို့၏ အကာအကွယ် ဖြစ်၏။

မင်းတရားကြီးသည် ယင်းသို့ စစ်ချီတက်လာပြီး တောင်ငူမြို့တောအရပ်၌ ခံတက်ပင်ကို ရှာဖွေသော်လည်း မမြင်တွေ့ရပါ။ ပျဉ်ပုံများကို တပ်တည်ရန် ရွှေ့ပြောင်းနေရာ ယူသောအခါ လူတစ်ရပ်ခန့်ရှိသော ခံတက်ပင်တစ်ပင်ကို မြင်တွေ့ကြရ၏။

ထိုအကြောင်းကို မင်းတရားကြီးအား လျှောက်ထား ရာ…

"ဒီအရပ်ဟာ ငါ့ဆရာတော်မှာတဲ့အရပ်ဖြစ်တယ်။ ဘယ်ရွှေ့မှမရွှေ့အောင် စွဲရမယ်။ အမိန့်တော်အတိုင်း တည်ရမယ်။ မဏ္ဍပ်တော်အတွင်းမှာ ငါကိုယ်တော်တိုင် နန်းတည်ဆောက် ပြီး စံတော်မူမယ်"

ဟူ၍ မိန့်တော်မူ၏။

ထိုသို့နေစဉ်အတွင်း ညသုံးချက်တီးအချိန်သို့ ကျ ရောက်လျှင် ရှင်မှန်ယိုထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုး တို့သည် လူသူဆင်မြင်း အသွားအလာတို့ကိုခတ်သည်။ ခွေး သည်။ စစ်တပ်သည်လည်း ငါးရက်တစ်ခါ ခြောက်ရက်တစ် ခါ အမြဲခြောက်လှန့်ကုန်၏။

(၇)

ဒေါက်ချာ

ထိုအကြောင်းအရာတို့ကို ဗားမဲ့ဆရာတော်ရှိရာသို့ မြင်းသည်တော်များကို စေလွှတ်၍ လျှောက်ထား၏။

ဗားမဲ့ဆရာတော်သည် မည်သို့မျှ မမိန့်ကြားဘဲ ဒေါက် ချာကိုယူ၍ ဦးခေါင်း၌စွပ်လိုက်ပြီး အတန်ကြာလျှင် ဦးခေါင်း ကပြန်ချွတ်၍ ကြမ်းပြင်ပေါ်သို့ ပစ်ချကာ ကျက်သရေအခန်း အတွင်းသို့ ဝင်ရောက်သွားတော့၏။

မြင်းသည်တော်တို့သည် ဗားမဲ့ဆရာတော်ဘုရား ကျက်သရေခန်းအတွင်းသို့ ဝင်ရောက်သွားသည်မှာ အချိန် ကြာမြင့်လှပြီဖြစ်သောကြောင့် မည်သို့မည်ပုံ အမိန့်ရှိမည်ကို အကြိမ်ကြိမ်လျှောက်ထား၏။

သို့သော် ဗားမဲ့ဆရာတော်သည် မည်သို့မျှ စကား မတုံ့ပြန်သေး။ ဆိတ်ဆိတ်သာနေတော်မူ၏။

သို့ဖြစ်သည့်အလျောက် ထိုအကြောင်းကို ကျောင်းနေ ဦးပဥ္စင်းကြီးအား လျှောက်ထားအကူအညီတောင်းခံရာ ဦးပဥ္စင်းကြီးသည် ကျက်သရေခန်းအတွင်းသို့ ဝင်ရောက်ရန် တံခါးကို တွန်းဖွင့်ကြည့်သည်။ တံခါးရွက်ကို အတွင်းမှ ချက်ထိုးပိတ်ထား၍ မဝင်နိုင်ဖြစ်နေ၏။

"ယခု တပည့်တို့လာရတာက ရာဇဝတ်ဘေးကို ဦးခေါင်းထက်မှာတင်ပြီး လာရောက်ရခြင်းဖြစ်ပါတယ်ဘုရား။ နေ့ရက်ကြာညောင်း အကြောင်းမထူးရင် တပည့်တော်တို့ရဲ့ အသက်မရှိနိုင်တော့ပါ။ အမြန်ကယ်ပါဘုရား"

ဟူ၍ လျှောက်ထားပြီး ပြန်သွားပါတော့၏။

မြင်းသည်တော်တို့ တပ်မဲတော်သို့ ပြန်လည်ရောက်ရှိ ပြီး မင်းထရားကြီးရှေ့တော်မှောက်သို့ ရောက်ရှိသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ဗားမဲ့ဆရာတော်ဘုရား ပြုမူဆောင်ရွက်ပုံကို ပြန်လည်ပြီး လျှောက်ထားကြ၏။

မင်းတရားကြီးသည် အကင်းပါးသူဖြစ်သည့်အား လျော်စွာ သာသနာရေး ဘာသာရေးဖြစ်နေ၍ ငါ့ဆရာတော်မိန့် ဆိုလိုက်ခြင်း ဖြစ်ဟန်တူသည်။ ဒေါက်ချာကို ကြမ်းပြင်ပေါ် ၌ ပစ်ချသော အရိပ်နိမိတ်ကို ထောက်ချင့်ကြည့်သော် မြတ်စောညီနောင်စေတီမှ ထီးတော်ကိုချရမည်ဟု ဆိုလိုဟန်ရှိ၏။

မြတ်စောညီနောင်ဘုရားသည် တောင်ငူမြို့ကို တည် သည့်ကာလက တစ်ပြိုင်တည်းတည်ထားသည့် အဆောက် အဦးစေတီဖြစ်သည်။ ထိုဘုရားထီးကိုချသော် ရှင်မုန်ယိုစီရင် ထားသော ကျွဲခေါင်း၊ နွားခေါင်းရိုးတို့လည်း ပျောက်ကွယ်သွား မည်မှာ မုချ။ တပ်တော်သည် ထိတ်လန့်ခြင်းမရှိဖြစ်မည်ဟု ဆိုကာ မြတ်စောညီနောင်စေတီတော်မှ ထီးတော်ကို အမြန် သွားရောက်ချစေ၏။

မြတ်စောညီနောင်ဘုရားမှ ထီးတော်ကိုချပြီးသည်နှင့် ရှင်မုန်ယိုစီမံချက်တို့သည် ပျက်စီးသွား၍ တောင်ငူမြို့ကိုလည်း သိမ်းပိုက်ရရှိသွားတော့၏။

**ရှင်မုန်ယို**

ရှင်မုန်ယို၏ အတ္ထုပ္ပတ္တိမှာ ဤသို့ဖြစ်၏။

ရှင်မုန်ယိုသည် ကုလင်းရွာသားဖြစ်သည်။ ရဟန်းဖြစ် ၍ ဒဏ္ဍာကျေးရွာ အနှံ့အပြားသို့ သွားရောက်လျက် အင်း အိုင်၊ ဆေးဝါး၊ မန္တရားတို့ကို ရှာဖွေလေ့လာထားသည်များကို ဗားမဲ့ဆရာတော်ဘုရား ညောင်ရမ်း၌နေစဉ် ကျောင်းသို့ရောက် ရှိလာပြီး နည်းနာယူခံယူခဲ့ဖူးသူဖြစ်၏။

ရှင်မုန်ယိုကို အမိမျက်နှာမြင်စဉ်ကပင် ပါးတွင် မုန် အိုးမုန်တွင်းဆင်များကဲ့သို့ပင် ပါလာသည်။ အမျက်ထွက်လျှင် ဆင်များကဲ့သို့ပင် မုန်အိုးက မျက်ရည်ယိုထွက်လာသည်ဖြစ် သောကြောင့် ရှင်မုန်ယိုဟူ၍ ခေါ်ဝေါ်သမုတ်ထားကြခြင်း ဖြစ်၏။

အရေးတော်ပုံကြီး ပြီးစီး၍ မင်းတရားကြီးသည် တပ် စဉ်အတိုင်း အင်းဝနေပြည်တော်ကို ပြန်လည်ကြွမြန်းတော်မူ ၏။

**လောကီပရိယာယ်**

ဗားမဲ့ဆရာတော်ဘုရားသည် ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရ လောကီပညာရပ်တို့ကို လေ့လာလိုက်စားသော်လည်း ရဟန်း ဝိနည်း ဥပဒေတော်များကို ရိုသေလိုက်စားသော လက္ခဏာ ရှိ၏။ အဘယ်ကြောင့်ဟူမူ မြတ်စောညီနောင်ဘုရားမှ ထီး တော်ကို ချရမည်ဟု မိန့်တော်မမူဘဲ ဒေါက်ချာကိုဆောင်းပြီး တစ်ဖန် ဒေါက်ချာကို ကြမ်းပြင်ပေါ်သို့ ပစ်ချပြသည့် ပရိယာယ် လက္ခဏာမှာ ဆရာတော်သည် ဝိနည်းသိက္ခာတော်တို့ကို လိုက်နာကြောင်း ထင်ရှား၏။

ယင်းကဲ့သို့ ပရိယာယ်ဖြင့် ပြသသည်တို့ကို မင်းတ ရားကြီးက ပါးနပ်လိမ္မာသူပီပီ ပရိယာယ်နိမိတ်ကို ကောက်ယူ တတ်၍ ဘုရားထီးတော်ကို ချနိုင်သဖြင့် အရေးတော်ပုံကြီး အောင်မြင်နိုင်သွားခြင်းဖြစ်၏။

**လူကြီးသူမစကား**

ဤဖော်ပြပါတို့သည် သိဒ္ဓိပေါက် ဗားမဲ့ဆရာတော် ဘုရားကြီးနှင့် ပတ်သက်၍ ရှေးလူကြီးသူမတို့ အစဉ်အဆက် မှတ်သားထားခဲ့သည့် အဖြစ်အပျက်အချို့ ဖြစ်၏။

အကျွန်ုပ်ငယ်စဉ်တောင်ကျေး ကလေးဘဝက မိဘ ဘိုးဘွားတို့ကို ဒဏ္ဍာရီပုံပြင်သဖွယ် ပြောပြခဲ့သည်များကို မှတ်သားမိသ၍ကို ပြန်လည်ရေးသားတင်ပြခြင်းသာ ဖြစ်ပါ၏။

အမှန်မှာ မြန်မာ့လောကီဂမ္ဘီရနယ်ပယ်တွင် နေတစ် ဆူ၊ လတစ်ဆူကဲ့သို့ ထင်ရှားကျော်ကြားခဲ့သော ဗားမဲ့ဆရာ တော်ဘုရားကြီးနှင့် ဆက်နွယ်နေသော အံ့ဩဘနန်း ဖြစ်ရပ် ဆန်းများသည် ထိုမျှသာရှိမည်မဟုတ်ပါ။ ကျန်ရှိနေပေဦးမည်။ သို့ပါ၍ သိရှိမှတ်သားထားသူများ ရှိလေက ဆက်လက်၍ ရေးသားကြပါကုန်။

**ဆရာကြီးအရိန္ဒမာ**

www.burmeseclassic.com

# ဗားမဲ့ဆရာတော်ဘုရားကြီး ၏ လောကီပညာအစွမ်း အံ့မခန်း

ကျော်စိန်လင်း

ဗားမဲ့ဆရာတော်ကြီးသည် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ [illegible]ရှိသော သိဒ္ဓိလမ်းကို အကြွင်းမဲ့ပြီးမြောက်ခဲ့ပြီး ရှမ်းဆေး[illegible]အတတ်၊ သက်ပြောင်းကိုယ်ခွာအတတ်မှစ အရပ်ရပ်[illegible]သော လောကီပညာဘက်ဆိုင်ရာ၊ အတတ်များကိုလည်း [illegible]စုံ တတ်မြောက်အောင်မြင်တော်မူ အလွန်တရာ [illegible]စေခဲ့ပါသည်။ ဗားမဲ့ဆရာတော်ဘုရားကြီးသည် [illegible]သုံးခဲ့သောနေရာများစွာရှိလေသည်။ ဖင်းကျိုက်[illegible] ပဲခူး၊ သာယာဝတီမြို့များအပြင်၊ စာရေးသူမသိ[illegible]သော နေရာများလည်း ရှိနေပါသည်။

ထို့အပြင် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ရှင်ပင်နံ့[illegible]တောင်ခြေအနီးတွင် ဗားမဲ့ဆရာတော်ဘုရားကြီး [illegible]သုံးတော်မူခဲ့သော ကျောင်းရှိပါသည်။ လူသိနည်းလှ[illegible] ဗားမဲ့ကျောင်းအမည်မှာ 'ကျိုက်ပဒိုင်' ဖြစ်ပါသည်။ [illegible]သည် မွန်ဘာသာဖြင့် "ဘုရား"ဟူ အဓိပ္ပာယ်ရ[illegible] [illegible]မှာ ကျောင်းဟုအဓိပ္ပာယ်ရသဖြင့် ဘုရားစေတီ[illegible]ကျောင်းဟုဆိုရပါမည်။ "ကျိုက်ပဒိုင်"ဟူသော အမည်[illegible] ကျောင်းတိုက်သည် စေတီများဖြင့် ဝန်းရံနေပါ[illegible] [illegible]ဆရာတော်၏ ကျောင်းဟောင်းသည် သဘာဝ[illegible]ဘေးအဏ်၊ စစ်ဘေးအဏ်တို့ဖြင့် ပြိုပျက်ခဲ့ပါသည်။ [illegible] အနည်းငယ်လောက်သာ ကျန်ရှိပါတော့သည်။

[illegible]ဝတွင်ရှိသော ဗားကရာကျောင်းတော်ပုံစံမျိုး [illegible] ကျောင်းဟောင်းမှ ကျွန်းတိုင်များ သစ်များဖြင့် [illegible]တစ်ကျောင်း ပြန်လည်ဆောက်ထားပါသည်။ [illegible] မူလပုံစံတော့မဟုတ်တော့ပါ။ စေတီဘုရား[illegible] သဘာဝဘေးအဏ်၊ စစ်ဘေးအဏ်တို့ဖြင့် [illegible] ဘုရားများ၊ အုတ်ပုံများသာရှိခဲ့ရာ ယခုအခါ



ဗားမဲ့ဆရာတော် အရှင်နန္ဒသာရမထေရ်

စစ်ကိုင်းမြို့ ဆရာညီအဖွဲ့က ပြန်လည်ပြုပြင်ထား ထုံးဖွေး ဖွေးဖြင့် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။ အင်းဝမြို့[illegible] ဗားကရာကျောင်း (ခေါ်) ဗားမဲ့ကျောင်းတော်ကြီးရှိခဲ့ပါသည်။

www.burmeseclassic.com

ရှေးဟောင်းမူလကျောင်းတော်ကြီးတွင် ကျွန်းတိုင်အတောင် ၇၀ ရှိပြီး တိုင်ပေါင်း ၂၆၇ လုံး ရှိခဲ့ပါသည်။

ထိုကျောင်းပုံစံမျိုးအရွယ်ငယ်သော ဗားမဲ့ကျောင်း စစ်ကိုင်းမြို့ ရှင်ပင်နံကိုင်းတောင်ခြေအနီးတွင်ရှိခဲ့ဖူးကြောင်း၊ ရှင်ပင်နံဆရာတော်ဦးဇနိန္ဒက မိန့်ကြားခဲ့ပါသည်။ ဆရာတော်ဦးဇနိန္ဒက ဆက်လက်မိန့်ကြားရာတွင် ဗားမဲ့ဆရာတော်ကြီးနှင့်အတူ တပည့်ဓမ္မဉာဏနှင့် ဓမ္မဓရတို့သည် အင်းအတတ်ပညာဖြင့် ဆွမ်းအုပ်တွင်းမှ ကြက်သားဟင်းသည် ဆွမ်းအုပ်ဖွင့်လိုက်သောအခါ ကြက်အရှင်ဖြစ်၍ ပျံထွက်သွားရာ ဤနေရာတွင် 'ရွှေကြက်ပျံဘုရား'၊ ထို့နောက် ဆွမ်းအုပ်အတွင်းမှ ယုန်သားဟင်းသည် ဆွမ်းအုပ်ဖွင့်လိုက်သောအခါ ယုန်အရှင်အဖြစ် ထွက်ပြေးသွားရာတွင် 'ယုန်ဖြူတောင်ဘုရား'ဟူ၍ ပါးစပ်ရာဇဝင်နှင့် ဘုရားများ အထင်ကရရှိနေကြောင်း မိန့်ကြားပါသည်။

ဗားမဲ့ဆရာတော်ဘုရားကြီးသည် ဟံသာဝတီတွင် ဖွားမြင်တော်မူခဲ့ပြီး မွန်လူမျိုးဖြစ်ကြောင်း၊ ရဟန်းဘွဲ့အမည်မှာ နန္ဒသာရဖြစ်ကြောင်း စစ်ကိုင်းရှင်ပင်နံကိုင်း တောင်ခြေအနီး မွန်ဘာသာဖြင့် 'ကျိုက်ပဒိုင်ကျောင်း'သည် လူသိအလွန်နည်းပါးသည်။ လေ့လာမှတ်သားဖွယ် အထောက်အထားများလည်း အသင့်အသင့်သာတွေ့နိုင်ပါသည်။ ဆရာတော်ဘုရား အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခဲ့သည်ဟု သိရပါသည်။

ကေတုမတီတောင်ငူမင်းဆက် ဘုရင့်နောင်လက်ထက်တွင် ဗားကိုးဗားဝိဇ္ဇာထိုရ်ကြီးများ ထင်ပေါ်ကျော်ကြားခဲ့ကြောင်း 'ဟံသာဝတီမော်ကွန်းစာတမ်းများ' စာအုပ်တွင် ဖော်ပြထားချက်အရ။

၁။ ဗားမဲ့ (သမဲ့ပင်ကျောင်း)
၂။ ဗားထိ (ကေရာဇ်ပင်ကျောင်း)
၃။ ဗားမြိုက် (ငရုပ်ပင်ကျောင်း)
၄။ ဗားတမော့ (ကျောက်စွန်းကျောင်း)
၅။ ဗားကရာ (ခရေပင်ကျောင်း)
၆။ ဗားတွဲ (ပထမကျောင်း)
၇။ ဗားနိုင်း (အနန်းပင်ကျောင်း)
၈။ ဗားထော် (ရွှေကျောင်း)
၉။ ဗားနိုက် (ကန်ကလာပင်ကျောင်း)

ဟူ၍ ဗားကိုး ဗားပေါ်ထွက်ခဲ့ကြောင်း ဖော်ပြထားသည်။ သို့သော် ဗားလေးဗားဖြစ်သော ဗားမြိုက်၊ ဗားတမှတ်၊ ဗားတမှော်၊ ဗားတမော့၊ ဗားမဲ့ဟူသော ဗားလေးဗားကိုသာ အသိများခဲ့သည်။ ၎င်း ဗားလေးဗားထဲတွင် ဗားမဲ့ဆရာတော်သည်သာ အသိအများဆုံး၊ အထင်ရှားဆုံး ဖြစ်ခဲ့လေသည်။

ဗားမဲ့ဆရာတော်လောင်းလျာကို တောင်ငူနယ်နှင့် ပဲခူးရိုးမတောင်တန်းတစ်ဝိုက်ရှိ 'ရွာသာယာ'ဟူသော ရွာကလေးတွင် ကိုအင်းတောင်+မဒေါင်းတို့မှ သက္ကရာဇ် ၈၄၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မှုကွဲတစ်ခုတွင် ဗားမဲ့ဆရာတော်လောင်းလျာကို ရခိုင်နယ်စပ် ဗားမဲ့တောင်ခြေရွာ၌ သက္ကရာဇ် ၉၃၃ ခုနှစ်တွင် ဖွားမြင်ခဲ့သည်ဟု ဖော်ပြထားသည်။ မွေးဖွားသည့်ဒေသ၊ ခုနှစ်သက္ကရာဇ် မတူညီသော်လည်း အကြောင်းအရာအဖြစ်အပျက်များမှာ အတူတူပင်ဖြစ်လေသည်။

ဗားမဲ့ဆရာတော်၏ ငယ်မည်မှာ 'မောင်နန္ဒ' ဖြစ်သည်။ ကိုအင်းတောင်နှင့် မဒေါင်းတို့သည် သားဖြစ်သူအား ရွာဦးကျောင်းဆရာတော်ကြီး ဦးလက္ခဏာထံတွင် အပ်နှံ၍ ရှင်သာမဏေပြုခဲ့ရာ ဘွဲ့မည်မှာ 'ရှင်နန္ဒသာရ' ဖြစ်ပေသည်။ မောင်နန္ဒအား ဆံချပေးနေစဉ် မဟာသိဒ္ဓိဝိဇ္ဇာဓိုရ်နှင့် ပန်းစား ဘီလူးမ မယ်ဝဏ္ဏတို့ ပေါ်လာပြီး ဝိဇ္ဇာဓိုရ်က "မောင်အင်းတောင် ... မင်းဟာ ငါ့ရဲ့ညီလေး မောင်နန္ဒကို ငါ့ရဲ့ဆန္ဒနဲ့အညီ သာသနာဘောင်ကို ပို့ဆောင်ပေးတဲ့အတွက် ငါဝမ်းမြောက်သလို မယ်ဝဏ္ဏလည်း သူ့သားလိုဖြစ်နေတဲ့အတွက် ဝမ်းမြောက်အနုမောဒနာပြုပါတယ်။ သာဓု ... သာဓု ... သာဓု"

လို့ ရွတ်ဆိုကာ မယ်ဝဏ္ဏကော မဟာသိဒ္ဓိဝိဇ္ဇာတို့ပါ ရုတ်တရက်ကွယ်ပျောက်သွားသည်။ သူတို့နှစ်ဦးပေါ်လာသည်ကို ကိုအင်းတောင်နှင့် မဒေါင်းတို့သာ မြင်တွေ့ရပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ မမြင်ခဲ့၊ မကြားခဲ့ရပေ။

ရှင်နန္ဒသာရသည် ဟံသာဝတီရွှေမြို့တော်ကြီးသို့ ရောက်ရှိပြီး ပရိယတ္တိစာပေများကို သင်ယူခဲ့ရာ စာပေအရာတွင် ထူးချွန်သူဖြစ်ခဲ့သည်။ တစ်နေ့သောအခါ ရှင်နန္ဒသာရသည် ဟံသာဝတီမြစ် (ပဲခူးမြစ်) ကမ်းနဖူးတွင် တစ်ပါးတည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတရားကို ပွားများနေစဉ် သူငယ်တစ်ယောက် ရောက်ရှိလာပြီး။

"သပြေပင်ရင်း ရောက်ငင်းလာပြီ၊ ကြေးပုရပိုက် ...



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ပါသည်''ဟူ၍ ထပ်တလဲလဲ သီဆိုရင်း အားရပါးရ ကခုန်နေလေသည်။ ထိုအခါ ရှင်နန္ဒသာရသည် ကမ္ဗဒ္ဒာန်း ကို စိတ်၌ရှုမှတ်ရင်း စကြံလျှောက်နေလိုက်သည်။ ခဏ အကြာတွင် သူရှုးကြီးက အဝတ်အစုတ်များထည့်ထားသည့် လွယ်အိတ်အဟောင်းကြီးကို မြေပြင်ပေါ် ပစ်ချလိုက်ပြီး ခဏထိုင်နေသည်။ ထို့နောက် မြစ်တစ်ဖက်ကမ်းသို့ ငေး မောကြည့်နေရာမှ ...

## ကြေးပုရပိုက်ရရှိခြင်း

''အောင်ပြီဟေ့ ...အောင်ပြီ။ သပြေပင်ရင်းက ကျောင်းလာပြီ၊ ကြေးပုရပိုက် ပေးထိုက်ပါသည်။ အောင်စေ အတည်''ဟု ထပ်၍ဆိုပြီး မြစ်လယ်ကောင်သို့ လက်ညှိုးထိုး ပြပြီး အားရဝမ်းသာရယ်မောနေလေသည်။ အရှင်နန္ဒ သာရလည်း ကမ္ဗဒ္ဒာန်းအလုပ်ကိုရပ်ကာ သူရှုးကြီးညွှန်ပြရာ သို့ကြည့်လိုက်သောအခါ ရောမ မိကျောင်းကြီးတစ်ကောင် သည် ကြေးနီပုရပိုက်ကို ကိုက်၍ မြစ်လယ်မှ ကမ်းသို့ကူး လာသည်ကိုတွေ့ရသည်။ မိကျောင်းသည် ရှင်နန္ဒသာရ၏ မျက်နှာတည့်တည့် သပြေပင်ရင်းတွင် ဦးခေါင်းဝပ်စင်း၍ မေး တင်ကာနေလေသည်။

''အို ... ဒကာကြီး ဤမိကျောင်း အာခံတွင်းမှ ကြေးပုရပိုက်ကို ဆောင်ကြဉ်း၍ပေးပါလော့''ဟု သူရှုးအား ပြောလိုက်သောအခါ သူရှုးသည် ကခုန်ကာဖြင့် ကမ်းပါး သို့ဆင်းသွားပြီး မိကျောင်းပါးစပ်တွင်းမှ ကြေးပုရပိုက်ကို ယူကာ ရှင်နန္ဒသာရသို့ ပေးအပ်လေသည်။ ရှင်နန္ဒသာရ လက်ထဲသို့ ကြေးပုရပိုက်ရောက်ရှိသောအခါ မိကျောင်းကြီး သည် သုံးကြိမ်ဦးခိုက်၏။ ရေထဲသို့ငုပ်လျှိုးပျောက်ကွယ် သွားလေသည်။ သူရှုးကြီးမှာလည်း အော်ဟစ်ကခုန်ကာ ထွက်ပျောက်သွားလေတော့သည်။ ကြေးနီပုရပိုက်ရသည့်နေ့မှ စ၍ လူသူနေမရှိသော လေးထပ်ကျောင်းဟောင်းတွင် ၎င်း ပုရပိုက်ကို မပြတ်လေ့လာကြည့်ရှု၏။ အချို့သော ပညာရပ် များကိုသာသိ၍ အချို့ ကိုနားမလည်သဖြင့် စုံစမ်းမေးမြန်း ရန် ပြင်ဆင်၍နေစဉ် တစ်နှစ်လွန် မြောက်လာခဲ့လေသည်။

တစ်နေ့သ၌ ရှင်နန္ဒသာရသည် အင်ကြင်းပင် တောင်ဘက် ဆောက်အပ်သော ဝါးကျောင်းတွင် မိမိအားထုတ် နေကျဖြစ်သော ဗုဒ္ဓါနုဿတိကမ္ဗဒ္ဒာန်းကို ပွားများနေစဉ် ဝင်ရောက်ရှိခိုးလာသော ဒကာယောကျ်ားသည် အထူးမွေး ကြိုင်သော ရနံ့ရှိသဖြင့် –

''အသင်မည်သူနည်း''ဟုမေးရာ

''တပည့်တော် ဝိဇ္ဇာဓိုရ်ပါဘုရား''

''သင်၏အမည်သည် မည်သူနည်း''

''ကျွန်ုပ်သည် မဟာသိဒ္ဓိဝိဇ္ဇာဓိုရ်မည်ပါတယ် ဘုရား''

''ဤအရပ်သို့ အဘယ်အကြောင်းကြောင့် လာဘိ သနည်း''

''အရှင်ဘုရားနှင့် တပည့်တော်သည် လွန်ခဲ့သော ဘဝက ညီအစ်ကိုအရင်းဖြစ်ခဲ့ဖူး၍ ရွှေပေကိုလှူဒါန်းရန် လာပါသည်ဘုရား။ ဤစာပါပညာရပ်များကို လိုက်စား တော်မူပါက အလိုရှိသမျှ ပြည့်ဝစုံလင်တော်မူပါလိမ့်မည် ဘုရား''ဟု ဆိုသဖြင့် အရှင်နန္ဒသာရသည် ရရှိထားပြီးသော ကြေးနီပုရပိုက်မှ မသိသောအချက်များကို မေးမြန်းရာ

''တပည့်တော်မှာအရှင်ဘုရားအား သင်ကြားဖို့ အချိန်မရနိုင်ပါ။ ပုပ္ပားတောင်၏အရှေ့ဘက်တွင် ကျောက် ဂူရှိပါသည်။ ထိုကျောက်ဂူတွင်နေထိုင်သော အင်းဘီလူး ထံကြွသွား၍ အမဲသားအတုံးငယ်ကလေးများကို ယူသွား၍ အင်းဘီလူး အမဲသားစားမည်လောဟု မေးပါ။ စားမည် ဟုပြောလျှင် ပါးစပ်ကိုဟခိုင်း၍ ခပ်လှမ်းလှမ်းမှနေပြီး အမဲ သားတုံးငယ်ကို ပစ်ထည့်ပေးပါ။ အမဲသားကို ဘီလူးစား နေသောအခါ အလိုရှိသမျှမေးပါ၊ ပြောပါလိမ့်မည်။ ကုန် သွားလျှင် နောက်တစ်တုံးလှမ်း၍ ပစ်ထည့်ပေးပါ၊ မေးပါ။ မေးသမျှ ပြောပါလိမ့်မည်။ မေးစရာကုန်လျှင် အမဲသား အကြီးတစ်တုံးကို ပေးထားခဲ့ပြီး အမြန်ပြန်ကြွတော်မူပါ''ဟု လျှောက်ထားလေသည်။ ထို့နောက် နန္ဒသာရ အရှင်မြတ် သည် 'ရှင်မှယိ'ဆိုသော တပည့်သာမဏေနှင့် ပုပ္ပားတောင် သို့သွားရောက်ပြီး ဝိဇ္ဇာဓိုရ်ယောကျ်ား ပြောသည့်အတိုင်း ဆောင်ရွက်ခြင်းဖြင့် လိုအင်ဆန္ဒ ပြည့်ဝစုံလင်တော်မူခဲ့လေ သည်။

ပုပ္ပားတောင်မှ ဟံသာဝတီသို့ ပြန်ရောက်သော အခါ အရပ်ရပ်သော လောကီပညာရပ်များကို လိုက်စား တော်မူသည်။ နေကြောက်အင်း၊ လကြောက်အင်း၊ သုံး ပေါက်အင်း စသည်တို့ကိုလည်း စမ်းသပ်တော်မူသည်။ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသော လမ်းများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြိုးပမ်းဆောင်ရွက်တော်မူသည် ရှိန်းဆာယာအတတ်၊ သက်ပြောင်းကိုယ်ခွာအတတ်မှ စ၍ လောကီဘက်ဆိုင်ရာ အတတ်များတမြောက် အောင်မြင်သောအခါ အလွန်ပင် ထင်ရှားကျော်ကြားလှလေသည်။ ဤကဲ့သို့ လောကီပညာရပ်များကိုသာ လိုက်စားတော်မူကြောင်းကို ငါးဆူဒါယကာမင်းကြီး ကြားသိတော်မူလေလျှင် "ရဟန်းတော်တို့၏ ကျင့်ဝတ်သိက္ခာနှင့်မညီ"ဟုဆိုကာ ညောင်ရမ်းသို့ ပို့လေသည်။

## ဗားမဲ့ဆရာတော်ကြီးဟု ထင်ပေါ်လာ

သက္ကရာဇ် ၉၅၅ ခုနှစ်၌ ညောင်ရမ်းမြို့သို့ရောက်လျှင် ညောင်ရမ်းမင်း မင်းရဲနန္ဒမိတ်သည် ရဟန်းတော်နန္ဒသာရ၏ အတ္တုပ္ပတ္တိနှင့် ပညာရပ်များကို စုံစမ်းသိရှိပြီး အားရတော်မူသဖြင့် "နသာရကာဝိဓဇ"ဟူသော ဘွဲ့တံဆိပ်တော်ကိုလှူဒါန်းလေသည်။ ထို့နောက် ကျောင်းဆောက်လုပ်လှူဒါန်းမည်ဆိုသောအခါ ဆရာတော်က အချိန်အခါပေးပါရစေဆိုသောကြောင့် အခါတောင်းသည်တွင်

"တောင်အရပ်က တိမ်တောင်များတက်လိမ့်မည်၊ သိမ်းရဲလည်းသားတစ်ကိုချို၍ ကျောင်းဆောက်ရမည့်နေရာတွင် ချလာမည်၊ ရှေးဦးစွာ တူးမည့်တွင်းသည် ငါးတို့နေရာကို တူးမိမည်"ဟု တူးရွင်းသံနှင့်တကွ တူးရမည့် အချိန်ကိုပေးလေသည်။ ထိုအတိုင်းလည်းမှန်ကန်ခဲ့လေသည်။ ညောင်ရမ်းမှ ကျောင်းဆောက်လုပ်လှူဒါန်းကိုးကွယ်သောအခါ 'ဗားမဲ့ဆရာတော်'ဟု ထင်ရှားကျော်ကြားလာလေသည်။

ထို့နောက် တိုင်းရေးပြည်ရေး မငြိမ်မသက်ရှိသောကြောင့် ဗားမဲ့ဆရာတော်ကိုပင့်၍ ဤသို့တိုင်ပင်တော်မူလေသည်။

"အရှင်ဘုရား ယခုအခါ နောင်တော်မင်းတရားကြီးသည် တိုင်းပြည်နိုင်ငံတို့ကိုလည်း မသိမ်းပိုက်နိုင်၊ တာရှည်သော် အရေးခက်လိမ့်မည်။ ဘယ်သို့ကြံရသော် သင့်မည်နည်း ဟံသာဝတီကိုချို၍ လုပ်ကြံသော် သင့်မည်လော၊ ရတနာပူရစသော မြန်မာပြည်ကိုချို၍ လုပ်ကြံရသော် သင့်မည်လော၊ နေရင်းဖြစ်သော ညောင်ရမ်းတွင်သာ နေရသော် သင့်မည်လော"ဟု လျှောက်သည်တွင်

"တလိုင်းသုံးရပ်သည် နံစံနိမ့်သည်။ ထောင်းထောင်းညက်ညက်ပျက်လိမ့်မည်။ ညောင်ရမ်းမြို့သည်လည်း မင်းတို့စံရာ ရာဇဌာနီမဟုတ်၊ ထို့ကြောင့် အဝမြို့သည်သာ ရာဇဌာနီမြန်မာတို့၏ ဦးစွန်းထွန်းရာဖြစ်သည်။ တိုင်းခရိုင်ကလည်း အလွန်ကျယ်ဝန်းသည်။ ရတနာပူရအင်းဝနေပြည်တော်ကြီးမှနေ၍ အရပ်ရပ်ကို သိမ်းယူတော်မူသော ထီးဆောင်းမင်းအပေါင်းတို့ကို စိုးမိုးပိုင်သတော်မူပြီးလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် လက်နက်နိုင်ငံတော်ဖြစ်၍ သာသနာတော်အလွန်ပွင့်လင်းစည်ပင်မည်၊ မြန်မာပြည်အလုံးကို လက်ရုံးဆန့်ကာ စိုးမိုးပိုင်သရန် အစီအစဉ်မှာ ဆရာတော်၏တာဝန်သာဖြစ်ပါစေ"ဟု မိန့်ဆိုတော်မူလိုက်သည်။

ယင်းသို့ မိန့်ဆိုတော်မူသည် မင်းတရားကြီးနှင့်တကွ မှူးတော်၊ မတ်တော်မှစ၍ ရဟန်းပညာရှိ၊ လူပညာရှိအပေါင်းတို့က အကြိုက်ညီလျှင်သဖြင့် အရပ်ရပ်သောလောကီပညာစီရင်စရာ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားစသည်များကို ကိုယ်တော်၏အဆောင် အရွက်နှင့်တကွ သန်လျက်တော်၊ ရွှေယပ်၊ ချွေးသုတ် ပုဝါမှစ၍ အလံ၊ ပုံ၊ မောင်း၊ ဆင်၊ မြင်း၊ တံခွန်၊ စည်ကြီး ... စသည်တို့တွင် စီရင်ချတော်မူပြီး သက္ကရာဇ် ၉၅၉ ခု ဝါခေါင်လဆန်း ၂ ရက် တနင်္လာနေ့တွင် အင်းဝသို့ချီတော်မူလေသည်။

ဆီးတောအရပ်တွင် တဲတော်ကို မီးသင့်သည်။ မီးသင့်ကြောင်းကို လျှောက်လျှင် "စိုးရိမ်တော်မမူပါနှင့်၊ မီးတော်မီးလျှံကဲ့သို့သော ဘုန်းတော်ကြီးမည်၊ သက်တော်ရှည်ပေလိမ့်မည်"ဟု မိန့်ဆိုခဲ့သည်။

သက္ကရာဇ် ၉၆၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့တွင် အင်းဝမြို့ကို တည်ထောင်ပြီး ထိုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့တွင် ရွှေနန်းတက်တော်မူခဲ့လေသည်။ ဗားမဲ့ဆရာတော်မှလည်း ဓာတ်တိုင်၊ ကြငှန်းတိုင်၊ မြို့ထောင့် ပြကြီးလေးခု၊ ပြငယ်၊ တံခါးငယ် ၁၄ ရပ်၊ ကူတို့ဆိပ်၊ မင်းဝံ ၉၉ တောင် အရပ်ရပ်ကင်းတော်၊ လွှတ်တော်၊ ရုံးတော်၊ တံခါးနီ၊ ရွှေးတော်ယူများတွင် အင်း၊ အိုင် အမြှုပ်အနှံများစီရင်တော်မူသည်။ မြို့တောင်ဘက်မှ ဆင်ကျုံးကိုလည်း မြို့အနောက်သို့ ပြောင်းရသည်။ အင်းဝမြို့ကိုလည်း "ရတနာပူရ ရွှေမြို့တော်ကြီး"ဟု သမုတ်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အင်းအစွမ်း အံ့မခန်း

အခါတစ်ပါးတွင် အဝမြို့တော်၌ ရေအလွန်ကြီးသဖြင့် အောင်ထွန်းတံခါး၊ လေသာတံခါးတို့ကို ရေနှစ်တောင်ခန့် မိုး၍ မြို့တွင်းသို့ရေများစွာ ဝင်လေသည်။ ထို့ကြောင့် ဗားမဲ့ဆရာတော်ဘုရားကြီးကိုပင့်၍ တိုင်ပင်တော်မူရာ "ပေါရိသာဒ"အင်းကို လက်သုံးတော်ခေါ်တွင် ချစေပြီးမှ အင်းဆံဂါထာကို သရဇ္ဈာယ်ပြီးလျှင် ထိုခါးဖြင့် ရေကိုပြစေရာ ဖိုညဥ့်၌ပင် ရေကျလျော့ရလေသည်။

တစ်ခါသော် မိုးကုတ်ကြပ်ပြင်က ဆက်ရောက်လာသည်။ ကျောက်များကို ရာပြတ်တို့ ပြတ်ဆိုနေရာ ဆရာတော်က ...

"ဌါတွင် သံပရာသီးခြမ်းခန့် ကျောက်နီတစ်လုံးရှိသည်။ မင်းတို့ ကျောင်းကိုလှူသွားပြီး တန်ဖိုးဖြတ်ပေးပါ" ဟု မိန့်တော်မူခဲ့သည်။ ရာပြတ်တို့သည် သုံးရက်ခန့်ကြာမှ ကျောင်းသို့သွား၍ ဆရာတော်ဘုရားကြီး၏ ကျောက်နီအား ပြစေရာ ဆရာတော်ကြီးသည် ကျောင်းခန်းအတွင်းသို့ဝင်သွားပြီးလျှင် ကိုရင်တို့အား ...

"မောင်ရှင်တို့ပ သံပရာသီးမရှိကြဘူးလား" ဟု မေးရာ မောင်ရှင်တို့က

"ကျောင်းခြံထဲက အပင်တွင်ရှိပါသည်ဘုရား"

"သွား ... မြန်မြန်သွားခူးခဲ့ကြစမ်း" ဟု စေခိုင်း၍ ထိုသံပရာသီးကိုခြမ်းပြီးလျှင် တစ်ခြမ်းကို မန္တန်နှင့် စုတ်သော် ယုန်သွေးကဲ့သို့ ပတ္တမြားကြီးဖြစ်လေသည်။ ထိုကျောက်ကို ရာပြတ်တို့အားပြလေလျှင် –

"နန်းတွင်းမှာပင် ဤကျောက်မျိုးမရှိပါ။ စကြာမင်း၏ ပတ္တမြားရတနာကဲ့သို့ ဖြစ်လေပြီ။ အဖိုးဖြတ်ဆိုခြင်းငှာ မလျောက်ပံ့ပါဘုရား" ဟု ဆိုကြလေသည်။ မနည်းကြာအောင် ရာပြတ်တို့ ပတ္တမြားကိုကြည့်နေစဉ်မှာပင် ရေမန်းနှင့် ဖျန်းလိုက်ရာ ပတ္တမြားသည် သံပရာသီးခြမ်းပြန်ဖြစ်သွားလေသည်။ ထိုအံ့ဖွယ်သရဲဖြစ်ရပ်ကို ရာပြတ်တို့ များစွာချီးကျူးခဲ့ကြလေသည်။

တစ်ခါကလည်း ဗားမဲ့ဆရာတော်ဘုရားကြီးသည် ဘုရင့်ဆေးယာစိုပ်ဝင် ကိုယ်ပျောက်ဆေးကို ဖော်၍ လူတစ်ယောက်၏ နှုတ်မှာ ဆေးကိုမှန်ကူပြီးမင်းကေရာဇ်ပွဲတော်တည်ရာ ဘမင်းအိုးမှာ ခူး၍စားစေဟု စေလွှတ်လိုက်သည်။ ထိုသူကလည်း ဆရာတော်စေသည့်အတိုင်း ပြုလုပ်ခဲ့သည်။ ပြန်လာလျှင် ဆရာတော်က အကြောင်းကိုမေးလေလျှင်

"ဆေးကျေးဇူးကြီးလှပေသည်။ မည်သူတစ်စုံတစ်ယောက်မျှ မသိမမြင်၊ ဘဝရှင်မင်းတရားကြီးကလည်း ဘမင်းကုန်လွယ်သည်ဟုဆိုသည်နှင့် တပည့်တော်လည်း ၄၀၊ ဘဝရှင်မင်းတရားကြီးလည်းမဝ ရှိလေသည်" ဟု ပြန်သည်ဖြေကြားခဲ့လေသည်။

ညောင်ရမ်းမင်းတရားကြီးသည် သက္ကရာဇ် ၉၆၇ ခုနှစ်တွင် နတ်ရွာစံတော်မူသောအခါ သားတော် အနောက်ဘက်လွန်မင်းတရား နန်းတက်သည်။ တစ်ရံရောအခါ ဆရာတော်ကိုပင့်၍ –

"အရှင်ဘုရား၊ တောင်ငူမြို့သည် မြို့ပြကျယ်သည်၊ ခိုင်ခံ့သည်၊ လက်နက်လူသူလည်းများသည်၊ စားရေးရိက္ခာစပါး ဆန်ရေလည်းပေါများသည်။ ဗေဒင်ယတြာတတ်သော "ရှင်မုန်ယို" ဆိုသူလည်းရှိသည်ဖြစ်၍ မကျိုးမနွံ အခိုင်အလုံနေရသည်။ တောင်ငူကိုအလျင်ချီ၍လုပ်ကြရသော် ကောင်းမည်လော၊ အခြားတိုင်းတစ်ပါးသို့ချီ၍ လုပ်ကြရသော် ကောင်းမည်လော" ဟု လျှောက်ထားသဖြင့်

"တောင်ငူမြို့သည် ဒကာတော်ဆိုတိုင်းမှန်သည်။ ရှင်မုန်ယိုကား ယတြာကြီးကိုမတတ်၊ ယတြာငယ်ကိုသာ တတ်သည်။ ချီတော်မူ၍ လုပ်ကြတော်မူလျှင် အောင်ကားအောင်မည်။ သို့သော် အချိန်ကြာမည်။ သို့ဖြစ်၍ တေဇအရပ်ခံတတ်ပင်ရှိရာတွင် တပ်ချတော်မူသော် သင့်၏" ဟု မိန့်ကြားလိုက်လေသည်။

အနောက်ဖက်လွန်မင်းတရားကြီး တောင်ငူသို့စစ်ချီသောအခါ ရှင်မုန်ယိုက မြို့နားဝန်းကျင်တွင်ရှိသော ခံတပ်ပင်တို့ကို အမြစ်မှတူး၍ ရေသို့ချစေ၏။ ဘဝရှင်မင်းတရားကြီးသည် တောင်ငူမြို့တေဇအရပ်တွင် ခံတပ်ပင်ကို ရှာဖွေစေရာမတွေ့သည်နှင့် ပျဉ်ပုံရှိသောနေရာတွင် တပ်တည်မည်ဟု ရှင်းလင်းရာ ထိုပျဉ်ပုံအောက်တွင် လူတစ်ရပ်ခန့်ရှိသော ခံတပ်ပင်ကိုတွေ့ရလေသည်။ ထို့ကြောင့် ထိုနေရာသည် ဌါဆရာမှာသောအရပ်ဖြစ်သည်ဟုဆိုကာ တပ်တည်ပြီးလျှင် နန်းဆောက်၍ စံနေတော်မူလေသည်။ သုံးချက်တီးအချိန်ကျလျှင် ရှင်မုန်ယိုက ယတြာပြုလုပ်သော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့သည် လူသူဆင်မြင်းအသွားအလာကို လိုက်လံဖော့ခတ်၍ အသွားအလာခက်သည့်



www.burmeseclassic.com

www.burmeseclassic.com

အပြင် တပ်လည်း ငါးရက်တစ်ခါ၊ ခြောက်ရက်တစ်ခါ လန့်တတ်လေသည်။

### ဒေါက်ချာပစ်ချ နိမိတ်ဖော်ကြ

ထိုအကြောင်းကို ဗားမဲ့ဆရာတော်ကြီးရှိရာ အင်းဝသို့ မြင်းသည်ကိုစေ၍ လျှောက်ထားစေလျှင် ဆရာတော်သည် မည်သို့မျှမဆို ဒေါက်ချာကို ဦးခေါင်းမှာစွပ်၍ အတန်ကြာလျှင် ခေါင်းကချွတ်၍ ကြမ်းပြင်ပေါ်သို့ပစ်ချပြီး ကျက်သရေခန်းအတွင်းသို့ ဝင်သွားလေတော့သည်။ ကျက်သရေခန်းကိုလည်း အတွင်းမှ တံခါးကျင်ပိတ်၍ ထားလေသည်။ ထိုအကြောင်းကို မြင်းသည်တော်တို့သိ၍ ကျောင်းရှိ ဦးပဉ္စင်းကြီးအား -

"တပည့်တော်တို့ ရာဇဝတ်ကို ဦးခေါင်းထက်တင်၍ လာရပါသည်။ နေ့ရက်အချိန်လွန်သော် တပည့်တော်တို့ အသက်မရှိပြီ၊ ယခုပင်ပြန်ရပါတော့မည်"ဟု လျှောက်ထားပြီး တောင်ငူသို့ပြန်သွားကြရလေသည်။

မြင်းသည်တော်တို့ တပ်တော်သို့ရောက်ကြလျှင် ဆရာတော်သည် မည်သို့မိန့်ဆိုသည်လဲဟုမေးသည်တွင် ဆရာတော်သည် မည်သည့်စကားကိုမျှမဆိုဘဲ ဦးခေါင်းတွင်စွပ်ထားသော ဒေါက်ချာကိုကြမ်းပြင်ပေါ်သို့ ပြန်ချပြီး ကျက်သရေခန်းအတွင်းသို့ဝင်ကာ အတွင်းမှ ပိတ်ထားကြောင်းကို လျှောက်တင်ကြလေသည်။

ဘဝရှင်မင်းတရားကြီးလည်း "သာသနာတော်အရေးဖြစ်၍ ငါ့ဆရာတော် မမိန့်လိုက်သည်ဖြစ်မည်။ ဒေါက်ချာကို ကြမ်းမှာပြစ်ချသည့် အရိပ်နိမိတ်ကိုထောက်လျှင် 'မြတ်စောညီနောင်ဘုရား'၏ ထီးတော်ကိုချရမည်ဟု ဆိုလိုခြင်းဖြစ်ပေလိမ့်မည်" ဟုဆိုပြီးလျှင် တောင်ငူမြို့ တည်သည့်ကာလနှင့် တစ်ပြိုင်တည်း တည်ထားသော ခုနစ်ဌာနအဝင်ဖြစ်သည့် မြတ်စောညီနောင်ဘုရား၏ ထီးတော်ကိုချစေဟု အမိန့်တော်ရှိလိုက်သည်။ ထီးတော်ချပြီးသောအခါ ရှင်မုန်ယိုစီရင်ထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့လည်း ပျောက်ပျက်ကုန်လေသည်။ တပ်တော်လည်း အထိတ်တလန့်မရှိ ဖြစ်လေပြီ။ ရှင်မုန်ယိုသည် ကဲလင်းရွာသားဖြစ်ပြီး ရဟန်းပြုပြီး အညာအကြေတွင် အင်းအိုင်ဆေးဝါးမန္တရားတို့ကို လှည့်ပတ်ရှာဖွေသည်တွင် ဗားမဲ့ဆရာတော်ဘုရားရှိရာ ညောင်ရမ်းသို့လာရောက်၍ နည်းနာခံယူဖူးသူဖြစ်သည်။ ရှင်မုန်ယို၏ပါးတွင် ဆင်များကဲ့သို့ မုန်အိုးမှုန်တွင်းပါရှိသည်။ အမျက်ထွက်လျှင် မုန်အိုးက မုန်ရည်စို့ထွက်သည်ဖြစ်သောကြောင့် ရှင်မုန်ယိုဟု ခေါ်ဝေါ်သမုတ်ကြခြင်း ဖြစ်လေသည်။ တောင်ငူဘုရင်နတ်သျှင်နောင်လည်း စစ်မဖက်ဝံ့သောကြောင့် အညံ့ခံလေသဖြင့် အနောက်ဖက်လွန် မင်းတရားကြီးသည် တောင်ငူကို အောင်နိုင်ခဲ့လေသည်။

### ဓာတ်ကြီးလေးပါး စီရင်ထား

တစ်ရံရောအခါ ရတနာပူရအင်းဝမြို့တော်ကြီးတွင် မီးအကြိမ်ပေါင်းများစွာ လောင်ခြင်း၊ တောသာတိရစ္ဆာန်တိုးဝင်ရောက်ခြင်း၊ လေမိုးများ၍ တိုင်းသူပြည်သားများ အဖျက်အစီးတိုးပွား၊ ရောဂါဝေဒနာများပြားလှသည့်အတွက် ဘဝရှင်မင်းတရားကြီးသည် ဗားမဲ့ဆရာတော်ကိုပင့်၍ လျှောက်ထားရာ ရွှေနန်းတော်မှစ၍ လေးပြင်လေးရပ် ရပ်စုကွက်စုများတွင် သဲပုံစေတီတည်ထားကိုးကွယ်စေသည်။ ရွှေနန်းတော်အနီးရှိ သဲပုံစေတီတွင် ရွှေပေမှာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကိုရေးပြီး ဌာပနာစေ၍ ရပ်စုကွက်များတွင် ပေတွင်ဖြစ်စေ၊ ပုရပိုက်တွင်ဖြစ်စေ ရေး၍ ဌာပနာစေသည်။ သဲမှာ ပထဝီဓာတ်ကိုရည်၍ တင်း ၂၀၊ ပြည် ၂၀ စသည်ဖြင့် စေတီတည်ရသည်။ အာပေါဓာတ် ၁၂ ပါးကို ရည်၍ ညောင်ရေအိုးပန်း ၁၂ လုံး တင်လှူပူဇော်ရသည်။ တေဇောဓာတ် လေးပါးကိုရည်၍ ဆီမီး လေးခွက်ပူဇော်စေသည်။ ဝါယောဓာတ် ခြောက်ပါးကိုရည်၍ ယပ်ခြောက်စင်ပူဇော်စေပြီး မင်းတရားကြီးသည် ဗားမဲ့ဆရာတော်ကြီးအား နန်းတော်သို့ပင့်၍ -

"အရှင်ဘုရား ... ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးတိုးပွားချမ်းသာမင်္ဂလာကျက်သရေ ပြည့်စုံစေကြောင်း မကောင်းသော ဘေးကင်းဝေးရှောင်ရှားလွှင့်ပါး ပျောက်ပျက်စေနိုင်သော အားထားမှီခိုရာကို စီရင်၍ ပေးတော်မူပါဘုရား"

ဟု လျှောက်ထားသောကြောင့် ခုနစ်နံ့သစ်သားကိုဘုရားထုလုပ်၍ အလုံးစုံသောအင်းပေါင်းဂါထာပေါင်းတို့ဖြင့် မွမ်းမံစေပြီးလျှင် ရွှေချ၍ ကိုးကွယ်တော်မူစေသည်။ နော



www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်ခန့်အကြာတွင် ရွှေမြို့တော်အတွင်းတွင် ဝမ်းလျှောကါ ဖြစ်ပွားရာ အသေအပျောက်များလှသည်။ ထို့ကြောင့် ဆရာ တော်ကိုပင့်၍ လျှောက်ထားရာ "ဤခုနစ်နံ့ဘုရားကို ရေ သပ္ပာယ်၍ ထိုင်ရေကိုတိုက်စေ"ဟု မိန့်ကြားသဖြင့် ခုနစ်နံ့ မြတ်စွာဘုရားကို နန်းတော်ဦး၍ သီတင်းသုံးစေတော်မူပြီး များသော်ရေကောင်းရေသန့်တို့ဖြင့် ရေသပ္ပါယ်သည်။ ထိုရေကို တိုင်းသူပြည်သားများအား သောက်စေရာ ငါးရက် ခန့်အကြာတွင် အားလုံးပျောက်ကင်းချမ်းသာကြလေသည်။

## ဟားမဲ့ဆရာတော်ဘုရားနှင့် ဘဝရှင်မင်းတရားကြီးတို့ တွေ့ဆုံတော်မူ

တစ်နေ့တွင် ဘဝရှင်မင်းတရားကြီးသည် ဗားမဲ့ ဆရာတော်တင်သွင်းသော လောကီပညာရပ်ဆိုင်ရာ စာပေ များကို အနည်းငယ်မျှ ရှုကြည့်ဖြစ်ခဲ့သည်။ ထိုသို့ အပေါ်ယံ မျှ တော်ရှုရုံမျှဖြင့် ဘဝရှင်မင်းတရားကြီး၏ နှလုံးသား၌ ဆရာတော်ဘုရားကြီးအပေါ် လွန်ကဲသော သဒ္ဓါ၊ လွန်ကဲ သော ဝီရိယ အဘိဇ္ဈာဗလ၊ အသာဓာရဏ စတုစက္က သမ္ပတ္တိ၊ ရဲဇဒ္ဓိဂုဏ်တို့ ငွားငွားစွင့်စွင့် ပေါ်ပေါက်တော်မူလာ ခဲ့သည်။ သို့ဖြင့် ဗားမဲ့ဆရာတော်ဘုရားကို ရည်၍ "လယ် ကြီး" အရပ်၌ ပြာသာဒ်သုံးဆောင်ဆောက်လုပ် လှူဒါန်း တော်မူပြီး သိလိုသမျှ လျှောက်ထားတော်မူခဲ့သည်။ ဆရာ တော်ကလည်း မင်းတရားကြီးသိလိုသမျှကို မချွင်းမချန် [illegible]နှင့်ကြားတော်မူခဲ့သည်။

**မင်း** - ဆရာတော် လောကီပညာဟူသည် မည် သည့်အရာမျိုးပါနည်း။

**ဆရာတော်** - လောကီပညာဆိုသည်မှာ ယတြာ ချေခြင်း အကြံကောင်းက၊ အင်းစောင်း၍မြောက် မင်း [illegible]ပျောက်၏ဟုဆိုသော စကားအရ အရေးအခွင့်ရှိ သောအခါ လွတ်မြောက်ရန် ကြံစည်ခြင်း၊ ထူးမြတ်သော [illegible]သူများသည် နက်နဲစွာစဉ်းစားဆင်ခြင်၍ အချက် အလက်ကို နားလည်ကျွမ်းကျင်အောင် အားထုတ်ဆောင် ရွက်ခဲ့သည်များသည် ဉာဏ်၏ ပယောဂ၊ ဉာဏ်၏ [illegible]၍ ၎င်းပညာရပ်များကို လောကပညာ၊ သို့မဟုတ် လောကီပညာဟု ခေါ်သည်။

**မင်း** - ဆရာတော် ထိုလောကီပညာများသည် အချို့ သူတို့အားထုတ်သဖြင့် ထမြောက် အောင်မြင်သည်၊ အချို့သူတို့မှာမူ အချိန်ကုန် လူပန်းအလဟဿဖြစ်ကြရ သည်။ အဘယ်ကြောင့်နည်း။

**ဆရာတော်** - လောကီပညာဟူသည် လူတတ် ရှင်တတ်နှင့် တွေ့ရခဲသည်။ တွေ့လျှင်မူလည်း သူ့စကားကို နားထောင်ရခဲသည်။ နားထောင်လျှင်မူလည်း လုပ်စရာ နည်းဥပဒေသကို ကျနစွာ ရနိုင်ခဲသည်။ ရခဲ့လျှင်မူလည်း နည်းနာရသည့်အတိုင်း စိတ်ပါကိုယ်ရောက် ပြုလုပ်နိုင်ခဲ သည်။ ပြုလုပ်နိုင်လျှင်မူလည်း ပညာသတိရှိခဲသည်။ ထို့ ကြောင့် အရာခပ်သိမ်း ကောင်းစွာညီညွတ်ဖို့ ခဲယဉ်းသဖြင့် ထမြောက် သူနည်းပါးခြင်းဖြစ်ပါသည်။

**မင်း** - ဆရာတော်ဘုရား အချို့အရပ်ဒေသမှာ လောကီပညာထွန်းကားလိုက်စားကြ၏။ အချို့ကာလများ၌ လောကီပညာအပေါ် ယုံကြည်လေးမြတ်ခြင်း မပြုကြသည် ကို တွေ့ရသည်။ ဤကား အဘယ်ကြောင့်ပါနည်း။

**ဆရာတော်** - သုတ္တန်ပိဋကထွန်းသောအရပ်မှာ ဓမ္မသာဝနာများ၏ ဒါနကောင်းမှုပြုကြ၏။ ရဟန်းတို့ အနေ သနထူ၏။ ဝိနည်းပိဋက မထွန်းသောအရပ်မှာ သီလ၊ ဒါန နည်း၏။ ရဟန်းတို့ အနေနည်းသည်။

* အဘိဓမ္မာထွန်းကားသော အရပ်မှာ ကိုယ်၏ ဖြစ်ပျက်ခြင်း၊ သင်္ခါရတရားကို နှလုံးသွင်းများ၏။ ဘာဝနာ ပွား၏။ ဒါနသီလများ၏။ သုတ္တန်တတ်မှု ပရိသတ်နှင့်ပျော် ၏။ ဝိနည်းတတ်မှု သီလနှင့်ပျော်၏။ အဘိဓမ္မာတတ်မှု တစ်ကိုယ်တည်းပျော်၏။ သဒ္ဒါတတ်လျှင် ပုဒ်ပါဌ်နှင့် ပျော်၏။ ဆန်းလင်္ကာတတ်မှု ဂါထာဇန္ဒနှင့်ပျော်၏။ ပျို့ကဗျာတတ် မှု အရွှမ်းအကြော့လေ့လာသူ၊ လူလျှပ်လူပေါ့နှင့် ပျော်၏။

* သုတ္တန်တတ်မှု ပရဟိတကိုဆောင်၏၊ ဝိနည်း တတ်မှု အတ္တဟိတကိုဆောင်၏။ ထိုအတူ လောကီဘက် မှာလည်း ပြည်သာလျှင် ဥစ္စာ၊ ပြည်ဆာလျှင် "ပညာ" ဟူသော ရှေးသူဟောင်းတို့၏ စကားအရ ယခုကဲ့သို့ ဒကာ တော်မင်းမြတ်၏လက်ထက် တိုင်းပြည်အေးချမ်းသာယာ သော အချိန်မှာပင် လောကီပညာများကို လိုက်စားသူ နည်းပါးသဖြင့် ဤမျှတိမ်မြုပ်ရခြင်း ဖြစ်ပါသည်။

**မင်း** - ဆရာတော် လောကီပညာများသည် ခက်ခဲ သော အရာဖြစ်ပါသလော။

**ဆရာတော်** - ဒကာတော်မင်းမြတ် လောကီပညာ



www.burmeseclassic.com

www.burmeseclassic.com

ချပ်သည် ခက်သည် လွယ်သည်ဟူ၍မရှိ၊ အနက်ကို အဖြူ၊ အဖြူကိုအနက်၊ ကျီးကန်းတောင်ကို ဖျိုင်းတောင်၊ ဖျိုင်းတောင်ကို ကျီးကန်းတောင်၊ လံကမော လောကမံ၊ အမှန်ကို အမှား၊ အမှားကိုအမှန်၊ အမြန်ကို အနှေး၊ အနှေးကို အမြန်၊ ပြောင်းတိပြောင်းပြန် ကြံစည်ရသည်။ ထိုသို့ကြံစည်ရာတွင် မိမိတို့ဆောင်ရွက်ရသော ကိစ္စ၌ ပြီးစီးအောင်မြင်ရန် ဘယ်အရာများ လိုအပ်ပါသနည်းဟု စဉ်းစားအားထုတ်သောသူသည် လွယ်ကူစွာ ထမြောက်၍ ကြံစည်တိုင်း ပေါက်ရောက် မြဲဖြစ်ပါသည်။

**မင်း** – ဆရာတော်မြတ် လောကီပညာများသည် ဘုရားဟောတရားတော်ကဲ့သို့ မဖောက်မပြန် မှန်ကန်ပါသလော။

**ဆရာတော်** – "သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏံ ပရမတ္ထစနံ သစ္စံ ဓမ္မာနံ ဘူတ လက္ခဏံ" ဟူ၍ အဋ္ဌကထာဆရာမိန့်တော်မူသောကြောင့်လည်း၊ လောကံသစ္စန္တိ အာမန္တာ၊ လောကံနသစ္စန္တိ အာမန္တာ" ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊ လောကီမှာ ယထာရုပံ လောကုတ္တရာမှ ကေဝစနံဟု ပညာရှိတို့ ဆိုကြကုန်၏။ ထို့ကြောင့် လောကီပညာဟူသည် မှန်သည်လည်း ရှိပါသည်။ မမှန်သည်လည်းရှိပါသည်။

**မင်း** – ဆရာတော် ပါဠိဂါထာအက္ခရာ ဂဏန်းများကို အင်းပုံအမျိုးမျိုး၊ အင်းရေးအမျိုးမျိုးတို့ဖြင့် သုံးစွဲခြင်းများ အကျိုးပေးခြင်း ခြားနားပါသလော။

**ဆရာတော်** – ဆေးကောင်းလျှင်တစ်စက်၊ အင်းကောင်းလျှင် တစ်ကွက်ဟူ၍ ပညာရှိတို့ ဆိုကြကုန်၏။ ထို့ကြောင့် အင်းပုံအမျိုးမျိုး အင်းရေး အမျိုးမျိုး၊ အင်းသေ အင်းရှင်၊ ရုပ်အင်း နာမ်အင်းများနှင့် အင်းသွားနည်းဆယ်ပါး အင်းသွားနည်းသုံးပါး စသော အခြင်းအရာများမလိုလှ။ ကောင်းမြတ်သော အချိန်အခါကိုရွေး၍ အင်းပုံတစ်ခုကိုပင် ထိုအင်းဆံနှင့် စတုစက်လည်အောင် အတွင်းအပြင် ပြောင်းလွှဲ၍ သုံးစွဲလျှင် အောင်မြင်မြဲဖြစ်ပါသည်။

**မင်း** – ဆရာတော်ဘုရား လောကီပညာမျိုးတို့၏ တန်ခိုးအာနိသင်ကိုပင် ဘုရားဟောကြား တော်မူခဲ့ပါသလော။

**ဆရာတော်** – မင်းမြတ် ထိုလောကီပညာမျိုးတို့၏ တန်ခိုးအာနိသင်ကို ရှင်ပင်ဘုရား ထင်ရှားစွာ ဟောတော်မူခဲ့သည်။ ၎င်းမှာ ဧကနိပါတ် "စူဠသေဋ္ဌိ"ဇာတ်၌ ဓနသိဒ္ဓိ နက္ခတ်နှင့်ယှဉ်သည့်အတွက် ကြွက်သေတစ်ခုအရင်းပြုကာ မှုဖြင့် လေးလအတွင်းဝယ် ဥစ္စာနှစ်သိန်း ကြွယ်ကြောင်းကို လည်းကောင်း၊

* ဝေဒဗ္ဗ ဇာတ်တော်တွင်လည်း ရတနာမိုး၊ ရွှေမိုး၊ ငွေမိုးကိုရွာစေနိုင်သော လောကီမန္တန် ရှိကြောင်းကို လည်းကောင်း၊ ဒုကနိပါတ် ဘဒ္ဒဇာတ်တွင်လည်း နိမိတ်ရှိသော စကားကို ပြောကြားကာမျှနှင့်ပင် ဘီလူးမစားနိုင်ခြင်း သည်လည်းကောင်း၊ ဒဓိဝါဟန ဇာတ်တော်တွင် အဝိဉာဏက အသက်မရှိသော ပဲခွပ်၌တန်ခိုးရှိကြောင်းကို လည်းကောင်း၊ ခန္ဓဇာတ်တော်တွင် မြွေခဲ၍ မန္တန်ဖြင့် ကုရပုံအကြောင်း၊ သဗ္ဗဒါဌိနိပါတ်တော်မှာလည်း ပထဝီဇမန္တန်ကိုရသော မြေခွေးသည် လူမင်းအား စစ်ထိုးနိုင်ကြောင်းကို လည်းကောင်း၊

* နိပါတ်တော်လာ သိရီဇာတ်တွင် အသရေရှိသော၊ ကြက်သားကိုစား၍ မင်းဖြစ်ကြောင်းကိုလည်းကောင်း၊ နာနာဆန္ဒဇာတ်မှာလည်း နက္ခတတတ်၍ အမှန်ကို သိမြင်နိုင်ကြောင်းကိုလည်းကောင်း၊ ကဏှဝေရ ဇာတ်တော်မှာ မြတ်စွာဘုရားအလောင်းတော်သည် စောရနက္ခတ်နှင့်ယှဉ်၍ ဖွားမြင်တော်မူသောကြောင့် သူခိုးဖြစ်ကြောင်းကိုလည်းကောင်း၊ ခရပုတ္တဇာတ်တော်တွင် သတ္တဝါတို့၏ ဘာသာစကားကိုနားလည်သော မန္တန်ရှိကြောင်းကို လည်းကောင်း၊ နဝနိပါတ်ပဒကုသလဇာတ်တွင် လေကဲ့သို့ လျင်မြန်အောင်သွားနိုင်သော မန္တန်ခိုးသူ၏ ခြေရာကိုသိမြင်နိုင်သော မန္တန်ရှိကြောင်းကိုလည်းကောင်း၊ သမုဂ္ဂဇာတ်တော်မှာလည်း လောကီဝိဇ္ဇာဓိုရ်ရှိကြောင်းနှင့် သိဒ္ဓိဆယ်ပါးတိုင်အောင် ပေါက်နိုင်သော လောကီပညာရှိကြောင်းကို လည်းကောင်း မြတ်စွာဘုရားသည် ထိုထိုသော ပါဠိတော် အဋ္ဌကထာစသည်များဖြင့် မြောက်မြားစွာ ဟောကြားတော်မူခဲ့ပါသည်။

**မင်း** – ဆရာတော်တင်သွင်းသော လောကီပညာရပ်ဆိုင်ရာစာတွင် နတ်တို့အား ပသပူဇော်ရမည် အလေးပြုရမည် စသည်ဖြင့် တွေ့ရှိရပါသည်။ ထိုနတ်တို့ကို ပူဇော်သပခြင်းကြောင့် သရဏဂုံပျက်နိုင်သည်မဟုတ်လော။

**ဆရာတော်** – ဘေးအန္တရာယ်ကင်း၍ ချမ်းသာ အောင်မြင်ခြင်းများကို အလိုရှိသဖြင့် လောကီအစီအ[ရင်]



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ပြုကြသူများမှာ တန်ခိုးကြီးသော ဣဒ္ဓိမန္တန်နတ်တို့အား အဖျော်ယမကာ၊ ပန်းနံ့သာ စသည်တို့ဖြင့် ဗလိနတ်စာကျွေးခြင်း ရှိခိုးပူဇော်ခြင်း အမျှမေတ္တာပေးဝေခြင်း စသည်တို့ကို ပြုသော် သူရဏဂုံမပျက်သာတည်း။

* ထိုစကားသည်မှန်၏။ အချို့သောနတ်ယုတ်ဘုတ်ပြိတ်တစ္ဆေတို့သည် လောကဦ လူတို့အား အခွင့်သင့်လျှင် များစွာနှောင့်ယှက်လိုကြ၏။ ထိုသူတို့ကြောင့်ဖြစ်သော အနှောင့်အယှက်အဖျက်အဆီးတို့ကို လူတို့၏ ပူဇော်ပသခြင်းကို ခံယူကုန်သော၊ ဣဒ္ဓိမန္တနတ်တို့က ကာကွယ်ကုန်၏။ ထို့ကြောင့် ကျမ်းဂန်တွင် တမေနံ ဗလိ ပဋိဂ္ဂါဟိကာ ဒေဝတာ သက္ကတာ ဂရုကတာ မာနိတာ ပူဇိတာ ကလျာဏေန မနသာ အနုကမ္ပေန္တိ၊ စိရံဇီဝ ဒီဃာမာယုံ ပါလေတီတိ၊ ဒေဝတာနုကမ္ပိကဿ၊ မဟာနာမကုသပုတ္တဿ၊ အဘယေ၀၊ ပါဋိကင်္ခါ၊ နောပရိဟာနိ (ပဥ္စင်္ဂုတ္တရပါဠိတော် မဟာနာမသုတ်)ဟု ဟောကြားတော်မူခဲ့သည်။

(အနက်အဓိပ္ပါယ်ကား) တမေနံ ကုလပုတ္တံ – ထိုနတ်တို့အား ပူဇော်ပသသော အမျိုးသားကို၊ ဗလိပဋိဂ္ဂါဟိကာ – တင်မြှောက်ပသခြင်းကိုခံယူကုန်သော၊ သက္ကတာ မာနိတာ – မြတ်နိုးအပ်ကုန်သော၊ ပူဇိတာ – ပူဇော်အပ်ကုန်သော၊ ဒေဝတာ – နတ်တို့သည်၊ စိရံ – ကြာမြင့်စွာ၊ ဇီဝ – အသက်ရှင်ပါစေလော၊ အယုံ – အသက်ကို၊ ဒီဃံ – ရှည်အောင်၊ ပါလေဟိ – စောင့်ရှောက်နိုင်ပါစေသား၊ ဣတိ – ဤသို့၊ ကလျာဏေန – ကောင်းသော၊ မနသာ – စိတ်ဖြင့်၊ အနုကမ္ပေန္တိ – အစဉ်သနားကုန်၏၊ မဟာနာမ – မဟာနာမ၊ ဒေဝတာနုကမ္ပိတဿ – နတ်တို့သည် အစဉ်သနားအပ်သော၊ ကုလပုတ္တဿ – အမျိုးသားအား၊ ဝုဒ္ဓိယေဝ – ကြီးပွားခြင်းကိုသာလျှင်၊ ပါဋိကင်္ခါ – ရအပ်သည် ဟောတိ – ဖြစ်၏၊ နောပရိဟာနိ – ယုတ်ဆုတ်ခြင်း မရှိ။

ဤသို့အကြောင်းအခွင့်အားလျော်စွာ ပူဇော်ပသခြင်းကြောင့် သရဏဂုံမပျက်ပါ။ အဂ္ဂဒက္ခိဏေယျ အမှတ်ဖြင့် ပူဇော်မြတ်နိုးရှိခိုးမှသာလျှင် သရဏဂုံ ပျက်ပါသည်။

မေး – ဆရာတော် သိဒ္ဓိဆယ်ပါး အညွန်းကာယ ကျမ်းတွင်၌ ဓား၊ လှံ၊ သေနတ်ပြီးသော အင်း၊ အိုင်၊ လက်ဖွဲ့၊ မန္တရား၊ ဆေးဝါးတို့၏အကြောင်းကို များစွာတွေ့ရှိရပါသည်။ ဒကာတော်မှာ ကြာဖူးရုံမျှသာရှိ၏။ ဒိဋ္ဌမတွေ့ မမြင်ရသဖြင့် ယုံကြည်ရန် ခက်ခဲပါသည်။ မည်သို့သော သဘောသတ္တိကြောင့် "ပြီးစီး"သည်ကို သိလိုပါသည်။

**ဆရာတော်** – မင်းမြဲ့လောကဦ မြွေဆရာတို့ရှိကြသည် မဟုတ်ပါလော။ ထိုဆရာတို့အား အဆိပ်ထန်သော မြွေတို့သည် များစွာကြောက်ရွံ့ကြ၊ ရှောင်ကြ၊ တိမ်းကြ၊ ပြေးသွားကြကုန်၏။ မတော်တဆ ပေါက်မိ၊ ကိုက်မိသော်လည်း ဥပါဒ်မဖြစ်ကြခြင်းမှာ မြွေဆိပ်နိုင်တန်ခိုး သတ္တိပင်ဖြစ်သကဲ့သို့ ကာယသိဒ္ဓိဆေးများမှာလည်း သွေးလေကိုမဆက်စေခြင်း၊ အသားအရေကို အကြောအရိုးတို့ကို၊ ထုံကျင်ခိုင်မာ မနာကျင်စေခြင်း စသော တန်ခိုးသတ္တိရှိသဖြင့် "ပြီးစီး"နိုင်ပါသည်။ ထို့ပြင် ဓာတ်သတ္တုများကို မီးဖြင့်စီရင်၍ ထား၍လည်းကောင်း၊ သယံဇာတ၊ အမြုတေရတနာများကိုဆောင်ထားခြင်းဖြင့် လည်းကောင်း "ပြီးစီး"နိုင်ပါသည်။

ဤသို့ ဗားမဲ့ဆရာတော်ဘုရားသည် မင်းတရားကြီးမေးလျှောက်သမျှတို့ကို အကျယ်တဝင့်ဖွင့်ဆို မိန့်ကြားတော်မူရာ မင်းတရားကြီးကလည်း များစွာနှစ်သက် အားရသဘောတော်ကျလှသဖြင့် ထပ်မံ၍ "ဆရာတော် ဘုရား နိုင်ငံတော်အတွင်း အရွယ်အဆင်းနှင့်ပြည့်စုံသူ၊ လူရွယ်လူကောင်းတို့ကို ရွေးချယ်၍ ရဲတပ်ဖွဲ့လိုပါသည်။ ကိုယ်လုံရဲဆေးများကို စီမံ၍ ပေးသနားတော်မူပါ"ဟု တောင်းပန်လျှောက်ထားရာ ဆရာတော်ဘုရားကလည်း "ကောင်းပြီ" ဟု မိန့်တော်မူပြီး ပြန်လည်ကြွတော်မူခဲ့လေတော့သည်။

လောကီအစီအရင်ဟူသမျှတို့တွင် ရတနာသုံးပါးကို ဦးထိပ်ထားလျှက် မေတ္တာတရားတော်ကိုပွားများ၍ ကောင်းသောဆန္ဒ၊ ကောင်းသောက်မြတ်ကောင်းသော ဝိရိယ၊ ကောင်းသောအသိဉာဏ်တို့ဖြင့် စီရင်ပါလျှင် ဒကန်ပင် ထမြောက်အောင်မြင်နိုင်သည် ဖြစ်ပေသည်။

ဗားမဲ့ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၉၄၂ ခုနှစ်တွင် အင်းဝနေပြည်တော်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေတော့သည်။

**ကျော်စံလင်း**

**ကိုးကား**

ကျော်စံလင်းရေးသားပူဇော်သည့် သာသနာပြု မဟိဒ္ဓိသိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ ဒုတိယတွဲ။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ ဗားမဲ့ဆရာတော် ပုတီးစိပ်

## သုတေသီမြင့်ထွန်း

ဦးမောင်မောင်ညွန့်နှင့် သိကျွမ်းခင်မင်ခဲ့သည်မှာ ကြာလေပြီ။

ဦးမောင်မောင်ညွန့်သည် 'ရွှေဖြူးလွင်သစ္စာ' အမည်ဖြင့်လည်းကောင်း၊ အခြားသော ကလောင်အမည်များဖြင့်လည်းကောင်း ဂီတစာဆိုအဖြစ် တေးသီချင်းများကို ရေးသားသကဲ့သို့ ကဗျာများလည်း စပ်ဆိုခဲ့သည်။ ဝတ္ထုဆောင်ပါးများလည်း ရေးသားခဲ့သည်။ စိပ်ပုတီးနှင့်ပတ်သက်သော စာအုပ်စာတမ်းများလည်း ထုတ်ဝေခဲ့သည်။

ဦးမောင်မောင်ညွန့်ကို စာပေလောကတွင်လည်းကောင်း၊ ရုပ်ရှင်ဂီတလောကတွင်လည်းကောင်း၊ လူချစ်လူခင်များပြီး လူသိများလှသည်။ အကြောင်းကိစ္စကြီးငယ်ရှိ၍ အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေများက မေးမြန်းသောအခါ တွက်ချက်စဉ်းစား၍ မနေ။ ချက်ချင်းပင် နှုတ်က ဒိုးဒိုးဒေါက်ဒေါက် ဟောပြောနိုင်ခဲ့သည်။ ထိုသို့မနောအာရုံအသိဖြင့် ဟောပြောနိုင်၍ စိတ်ကိုစိတ်ဖြင့်ဟောသည် ဆို၏။

ဦးမောင်မောင်ညွန့်နှင့် ကျွန်တော်တွေ့သော် –

"အရင်တုန်းကလဲ ဦးမောင်မောင်ညွန့်ကို တွေ့ရင် မေးမယ် မေးမယ်နဲ့ တစ်ခါမှမမေးမိဘူး။ အခုမှပဲမေးပါတော့မယ်"

"ဘာများ မေးမလို့လဲ"

"တခြား မဟုတ်ပါဘူး။ အခုလို ဦးမောင်မောင်ညွန့်ဟောပြောနိုင်တာဟာ ပါရမီကြောင့်လား၊ လောကီစရဏ ကျင့်စဉ်ကြောင့်လား"

"နှစ်လုံးကြောင့်ပါ"

"ဦးမောင်မောင်ညွန့်ရဲ့စကားက မရှင်းလို့ အနည်းငယ်ရှင်းပြစမ်းပါဦး"

"ဒီလိုပါ။ ကျွန်တော်ဟာ ငယ်ငယ်ကတည်းက အာရုံနိမိတ်မှာ ပါရမီရှိတယ်ဆိုတာ ရိပ်စားမိပါတယ်။ ကျွန်တော် အာရုံထဲမှာ ဖြစ်နေတာများပါတယ်။ နောက်တော့ ကိုယ့်နှုတ်က စကားကို ကိုယ်ပြန်ပြီး လန့်လာပါတယ်။ အရမ်းလည်း မပြောရဲတော့ဘူး။ ၁၉၇၄ ခုနှစ်မှာတော့ ကျွန်တော်ဟာ ဗားမဲ့ဆရာတော်ဘုရားကြီးရဲ့ ပုတီးစိပ်အဆင့်သုံးဆင့်ကို တစ်နှစ်တိတိ မပျက်မကွက် တိကျမှန်ကန်စွာ အဓိဋ္ဌာန်ဝင်ပြီးချိန်ကစပြီး ကျွန်တော့်အာရုံထဲ နိမိတ်ဟာပိုပြီး ထင်ရှား၊ ပိုပြီးကြည်လင်လို့လာပါတော့တယ်"

"ဦးမောင်မောင်ညွန့်ပြောတဲ့ အာရုံမိတ်ကိုမြင်တဲ့အမြင်ဟာ အပြင်လူ့လောကမှာ မံသစက္ခုနဲ့ မြင်တွေ့တဲ့အမြင်မျိုးလား။ ဒါမှမဟုတ် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်နေရသလို ဖြစ်နေတာလား"

"အနီးစပ်ဆုံးသဘော ဥပမာပြောရရင် ရုပ်ရှင်ရုံထဲမှာ မှောင်ချပြီး ကြော်ငြာတွေကို ဆလိုက်ထိုးပြလိုက်သလို မြင်တွေ့လိုက်ရတာပါ။ ဒါဟာလည်း သိပ်အကြာကြီး မြင်တွေ့ရတာမျိုးတော့ မဟုတ်ပါဘူး။ စက္ကန့်ပိုင်း၊ လက်တစ်ဖျောက် တီးအချိန်ပိုင်းလောက်သာ မြင်တွေ့ရတာမျိုးပါ"

ကျွန်တော်က ဗားမဲ့ဆရာတော်ဘုရားကြီး၏ ပုတီးစိပ်ကို စိတ်ဝင်စားမိ၍ –

"ဒါထက် ဗားမဲ့ဆရာတော်ဘုရားကြီးရဲ့ ပုတီးစိပ်ကို ဘယ်လိုရရှိပါသလဲ။ ပုတီးစိပ်ရဲ့ထူးခြားချက်ကို သိပါရစေ"

"အမှန်ကတော့ ဒီပုတီးစိပ်ဟာ ဗားမဲ့ဆရာတော်ကြီးက ကလေးဝဆရာတော် (နာဂလိုဏ်ဂူဆရာတော်)ကို ချီးမြှင့်ထားတဲ့ ပုတီးစိပ်ဖြစ်ပါတယ်။ ကလေးဝဆရာတော်က တစ်ဆင့် ကျွန်တော်ကရရှိပြီး ပုတီးစိပ်အဆင့်သုံးဆင့်ကို တစ်နှစ်တိတိမပျက်မကွက် အဓိဋ္ဌာန်နဲ့ စိပ်ခဲ့ပါတယ်"

"ထူးခြားချက်ကကော"

"ထူးခြားချက်ကတော့ နိမိတ်အာရုံမှာ အမြဲပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြည်လင်ပြတ်သားလာပါတယ်။ ဘေးအန္တရာယ်အသွယ်သွယ်လည်း ကင်းရှင်းတဲ့အပြင် ငွေကြေးလာဘ်လာဘလည်း ရှင်တယ်။ အလုပ်အကိုင်အကြံအစည်တွေလည်း အောင်မြင်တယ်။

အတိုက်အခိုက်ရန်သူလည်း မရှိပါဘူး။ ရောက်လေရာအရပ်တိုင်းမှာ လူချစ်လူခင်များပြီး မျက်နှာပွင့်လန်းပါတယ်''

''ဗားမဲ့ဆရာတော်ဘုရားကြီးရဲ့ ပုတီးစိပ်အဆင့်သုံးဆင့်ကို စိပ်လိုတဲ့ ဓမ္မမိတ်ဆွေ ပါရမီရှင်တွေ ပုတီးစိပ်နိုင်အောင် ကျွန်တော့်ကို ရေးသားပေးပါဦး''

''ဟုတ်ကဲ့။ ကျွန်တော် ရေးသားပေးပါ့မယ်''

ထိုသို့ပြောပြီး ဦးမောင်မောင်ညွန့်သည် ကျွန်တော်၏ မှတ်စုပဒေသာစာအုပ်တွင် သူ့လက်ရေးဖြင့် ရေးသားမှတ်တမ်းတင်ခဲ့သည်။ ယင်းဗားမဲ့ဆရာတော်ဘုရားကြီး၏ လက်ရေးဖြင့် ပုတီးစိပ်ကို အောက်တွေင် ရေးသားတင်ပြပါအံ့။

**ဗားမဲ့ဆရာတော်ဘုရားကြီးမှ**
**တလေးဝဆရာတော်(နာဂလိုဏ်ဂူဆရာတော်)အား**
**ချီးမြှင့်တော်မူခဲ့သော ဗားမဲ့ပုတီးစိပ်**

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓဝေယံ | (ပုတီးတစ်လုံးချစိပ်) |
| ၂။ | ဗုဒ္ဓသုခံ | ။ |
| ၃။ | ဗုဒ္ဓလာဘံ | ။ |
| ၄။ | ဗုဒ္ဓဓနံ | ။ |
| ၅။ | ဓမ္မဝေယံ | ။ |
| ၆။ | ဓမ္မသုခံ | ။ |
| ၇။ | ဓမ္မလာဘံ | ။ |
| ၈။ | ဓမ္မဓနံ | ။ |
| ၉။ | သံဃဝေယံ | ။ |
| ၁၀။ | သံဃဝေယံ | ။ |
| ၁၁။ | သံဃသုခံ | ။ |
| ၁၂။ | သံဃဓနံ | ။ |
| ၁၃။ | သိဒ္ဓိဝေယံ | ။ |
| ၁၄။ | သိဒ္ဓိသုခံ | ။ |
| ၁၅။ | သိဒ္ဓိလာဘံ | ။ |
| ၁၆။ | သိဒ္ဓိဓနံ | ။ |

အထက်ဖော်ပြပါ ပုတီးစိပ်အား တစ်ပုဒ်လျှင် ပုတီးတစ်လုံးချ၊ တစ်နေ့လျှင် လေးပတ်တိတိစိပ်။ လေးလတိတိ မပျက်မကွက် စိပ်ရမည်ဖြစ်၏။

**ဒုတိယအဆင့်**

၁။ ဗုဒ္ဓဝေယံ၊ ဗုဒ္ဓသုခံ၊ ဗုဒ္ဓလာဘံ၊ ဗုဒ္ဓဓနံ
(ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်)။

၂။ ဓမ္မဝေယံ၊ ဓမ္မသုခံ၊ ဓမ္မလာဘံ၊ ဓမ္မဓနံ
(ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်)။

၃။ သံဃဝေယံ၊ သံဃသုခံ၊ သံဃလာဘံ၊ သံဃဓနံ
(ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်)။

၄။ သိဒ္ဓိဝေယံ၊ သိဒ္ဓိသုခံ၊ သိဒ္ဓိလာဘံ၊ သိဒ္ဓိဓနံ
(ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်)။

တစ်နေ့လျှင် လေးပတ်တိတိ လေးလတိတိ မပျက်မကွက် စိပ်ရမည်ဖြစ်၏။

**တတိယအဆင့်**

၁။ ဗုဒ္ဓဝေယံ၊ ဗုဒ္ဓသုခံ၊ ဗုဒ္ဓလာဘံ၊ ဗုဒ္ဓဓနံ

၂။ ဓမ္မဝေယံ၊ ဓမ္မသုခံ၊ ဓမ္မလာဘံ၊ ဓမ္မဓနံ

၃။ သံဃဝေယံ၊ သံဃသုခံ၊ သံဃလာဘံ၊ သံဃဓနံ

၄။ သိဒ္ဓိဝေယံ၊ သိဒ္ဓိသုခံ၊ သိဒ္ဓိလာဘံ၊ သိဒ္ဓိဓနံ

ဗုဒ္ဓဝေယံမှ သိဒ္ဓိဓနံအထိ (ပုတီးတစ်လုံးချ၍စိပ်) တစ်နေ့လျှင် လေးပတ်တိတိစိပ်။ လေးလတိတိ မပျက်မကွက် စိပ်ရမည်ဖြစ်သည်။ တစ်နှစ်တိတိ မပျက်မကွက် အဓိဋ္ဌာန်တင်၍ စိပ်နိုင်လျှင် ဤဗားမဲ့ဆရာတော်ဘုရားကြီး ပုတီးစိပ်သည် အောင်မြင်ပြီးဆုံးမည်ဖြစ်သည်။ ထိုအခါတွင် ပုတီးစိပ်ခြင်း၏ အကျိုးကျေးဇူးတရားကို ခံစားရမည်ဖြစ်၏။

***စာရေးသူမှတ်ချက်* ။ *၁၀၈ လုံး ပုတီးကုံးဖြင့် အဓိဋ္ဌာန်တင်၍ ပုတီးစိပ်ရမည်ကို သတိပြုပါ။ အကြောင်းကြောင့် ပုတီးစိပ်ခြင်းပျက်ကွက်သွားပါလျှင် ပြန်၍ပုတီး အဓိဋ္ဌာန်တင်နိုင်ရန် ကြိုးစားပါ။***

**သုတေသီမြင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ကရင်တိုင်းရင်းသား ထွက်ရပ်ပေါက်သိဒ္ဓိရှင် ဘိုးပိုက်ဆံ

## ကျော်စံလင်း


ကရင်တိုင်းရင်းသား ထွက်ရပ်ပေါက် ဘိုးပိုက်ဆံ

စာရေးသူသည် ကရင်တိုင်းရင်းသား သိဒ္ဓိရှင် တစ်ဦးဖြစ်သော ဘိုးပိုက်ဆံအကြောင်းကို သိရှိလိုသောကြောင့် စုံစမ်းလေ့လာလျက်ရှိသည်။ တစ်နေ့တွင် အကြောင်းကိစ တစ်ခုဖြင့် ပြွန်တံဆာမြို့သို့ရောက်ရှိသွားရာ ကျွန်တော်တို့ကြားသိထားရသလို ဘိုးပိုက်ဆံသည် မြပတ္တမြားရွာတွင် နေထိုင်ခြင်းမဟုတ်၊ မြပတ္တမြားအသင်းကို တည်ထောင်ထားပြီး ညောင်လေးပင်မြို့နယ်၊ ဖဒိုရွာတွင် အခြေချနေထိုင်ခဲ့ကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် စာရေးသူသည် ညောင်လေးပင်မြို့သို့ သွားရောက်ခဲ့သည်။ ပိန်းဇလုပ် ဘုန်းတော်ကြီးကျောင်းတွင် ထည်းခို ဖဒိုသို့ ကယ်ရီမော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိခဲ့လေသည်။

ဖဒိုရှိ မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့်ရှေးဦးစွာ အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်ဘာသာပြုအသင်း၏ အသင်းချုပ် အစုစ အဖွဲ့ဝင် ဆရာစောဆာဒိုနှင့်တွေ့ဆုံခဲ့ရသည်။ ဖော်ရွေမှုရှိ ယဉ်ကျေးသိမ်မွေ့သော ခင်မင်ရင်းနှီးဖွယ်ကောင်းလှသည်။ ဆရာစောဆာဒိုက ကျွန်တော်တို့သိလိုသမျှ ဖြေကြားပေးခဲ့သည့်အပြင် မှတ်တမ်းစာအုပ်အချို့ကိုပါ လက်ဆောင်ပေးလိုက်သဖြင့် အလွန်ပင်ကျေးဇူးတင်မိခဲ့သည်။

### ဘိုးပိုက်ဆံ၏ ဇာတိနှင့်လူငယ်ဘဝ

ဘိုးပိုက်ဆံ၏ ငယ်နာမည်မှာ စောဆာဗိုးဂါးဖြစ်ပြီး ဖခင် စောရွှေရင်အေးနှင့် အမိ နော်နယိုစေးဝါ့မှ ၁၈၄၀ ခုနှစ်တွင် ဖာပွန်မြို့နယ်၊ ကော်မူတရော်ဒေသရှိ နာကိုဒီးရွာတွင် မွေးဖွားခဲ့သည်။ ညီအစ်ကိုမောင်နှမများမှာ နော်မေ



www.burmeseclassic.com

www.burmeseclassic.com

ဖော၊ စောထူးပေါ်၊ စောဆာဖိုးဝါ၊ နော်ဆာထီး၊ စောမာတ တို့ ဖြစ်ကြသည်။ မိဘများမှာ ရိုးရာနတ်စားကရင်လူမျိုးများ ဖြစ်ကြလေသည်။

စောဆာဖိုးဝါးမှာ ပိန်လှီပြီး ထွားကျိုင်းမှုမရှိပေ။ စာပေသင်ကြားရန်သာ ဝါသနာရှိသဖြင့် မိဘများ၏ တောင်ယာအလုပ်တွင် စိတ်ဝင်စားမှုမရှိပေ။ အသက် ၁၅ နှစ်အရွယ်တွင် မိဘများအားခွင့်ပန်၍ ရွှေကျင်မြို့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း သွားရောက်ပညာသင်ကြားခဲ့သည်။ စာအတတ်မြန်သောကြောင့် ဘုန်းတော်ကြီးကပင် အံ့ဩချီးမွမ်းခဲ့ရသည်။ ဝါတွင်းကာလကျောင်းသားများကို မိဘရပ်ထံ အလည်ပြန်ခွင့်ပြုသောအခါ ဘုန်းတော်ကြီးထံမှ စာအုပ်အထူကြီးတစ်အုပ်ကို ငှားလာခဲ့သည်။ ရွာသို့ရောက်သောအခါ သူငယ်ချင်းများကို ဖတ်ပြခြင်း၊ ရှင်းပြခြင်းပြုလုပ်လေ့ရှိသည်။ တစ်နှစ်ပြည့်သောအခါ မိဘများရှိရာ နာကိုစီးရွာကို ပြန်လာခဲ့လေသည်။

## အလုပ်အကိုင်ရှာဖွေ လူပျိုအချိန်

ထိုအချိန်ကာလတွင် အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူထားပြီးဖြစ်သည်။ အင်္ဂလိပ်သစ်ကုမ္ပဏီများဖြစ်ကြသော "ဖူးကား"နှင့် "မက္ကရီက"တို့သည် မြန်မာနိုင်ငံမှ သစ်များကို အလျင်အမြန် ထုတ်ယူလိုကြသောကြောင့် သစ်လုပ်ငန်းလုပ်ကိုင်သူ တိုင်းရင်းသားများကို ကျွဲဝယ်ရန်၊ ဆင်ဝယ်ရန်အတွက် ချေးငွေများ ထုတ်ပေးသည်။ စောဆာဖိုးဝါး၏ ဦးလေးသည်လည်း ဆင်ဝယ်ရန် ချေးငွေရရှိခဲ့သည်။ ရိုးသားပြီးစကားပြော ကျွမ်းကျင်လိမ္မာသော စောဆာဖိုးဝါးကို ထိုငွေဖြင့် ဆင်တစ်ကောင်ဝယ်ယူရန် ရှမ်းပြည်သို့ စေလွှတ်လိုက်သည်။

စောဆာဖိုးဝါးတစ်ယောက် ရှမ်းပြည် ဒိုဝါခီးရွာသို့ ရောက်ရှိပြီး ဆင်တစ်ကောင်ဝယ်ယူသည်။ ထို့နောက် ထိုရွာ၌ပင် ဆင်စီးတတ်အောင် သင်ယူသည်။ ကောင်းမွန်စွာ ဆင်စီးတတ်ပြီဖြစ်သော်လည်း မိုးကျလာပြီဖြစ်သောကြောင့် ရွာသို့ ပြန်၍မရ။ ထိုရွာမှာပင် စာရင်းငှား ဝင်ရောက်လုပ်ကိုင်နေရသည်။ ထိုအကြောင်းကိုမသိသော နာကိုစီးရွာမှ ဆွေမျိုးများနှင့် ဦးလေးဖြစ်သူတို့သည် ပူပင်သောကရောက်ကြသည်။ ဦးလေးဖြစ်သူမှာ သူ၏မိဘများအပေါ် အမျိုးမျိုး ပြစ်တင်ဝေဖန်ပြောဆိုသဖြင့် စောဆာဖိုးဝါး၏ မိဘ ညီအစ်ကိုမောင်နှမများမှာ များစွာ အရှက်ရခဲ့ကြသည်။

မိုးရာသီ ကုန်ဆုံးပြီး ရာသီဥတု သာယာသော နေ့တစ်နေ့တွင် စောဆာဖိုးဝါးဆင်စီး၍ ရွာကိုရောက်လာလေပြီ။ မိဘညီအစ်ကိုမောင်နှမများနှင့် ရွာသူရွာသားများက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြသည်။ ဆင်နှင့်ပိုသော ငွေများကိုလည်း ဦးလေးထံ ပြန်အပ်အပ်ခဲ့သည်။ ဦးလေးကိုလည်း အပြစ်မဆိုခဲ့ပေ။ ထို့နောက် အလုပ်အကိုင်ရှာဖွေ၍ မိဘများကိုလုပ်ကျွေးပြုစုရန် သူ့မဲခီးရွာ ဆင်ပိုင်ရှင် စောသက်ဖောစခန်းသို့ သွားခဲ့သည်။ အလုပ်ရှင်က သူ၏ ခန္ဓာအနေအထားကိုကြည့်၍ အလုပ်ကြမ်းမလုပ်နိုင်ဟု ယူဆကာ ထမင်းချက်တာဝန်ကိုသာ ပေးခဲ့သည်။ စောဆာဖိုးဝါးသည် ရိုးသားသူ၊ ကြင်နာတတ်သူဖြစ်သဖြင့် လူတိုင်းနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းပြီး အများ၏ ချစ်ခင်မှုကို ရခဲ့သည်။

ထမင်းချက် စောဆာဖိုးဝါးသည် ညဘက်အလုပ်နားချိန်များတွင် သစ်ကွင်းရှိ အလုပ်သမားများအား ရှေးဟောင်း ကရင်လက်ာများကို ရွတ်ပြခြင်း၊ မင်္ဂလာသုတ်ကို သင်ပြခြင်း၊ ဇာတ်တော်ကြီးများကို ဟောပြောပြ၊ ငါးပါးသီလအကြောင်းပြောပြ၍ ငါးပါးသီလလုံခြုံအောင် နေထိုင်ရန် သင်ပြခြင်းတို့ဖြင့် အချိန်ကုန်စေခဲ့သည်။ အလုပ်သမားများတို့အား သီလနှင့်မေတ္တာတရားတို့သည် ဘေးအန္တရာယ်များအား ကာကွယ်နိုင်ကြောင်း ပြောပြခဲ့သည်။ ထို့ကြောင့်လည်း အလုပ်သမားများသည် သီလယူ၊ မေတ္တာပို့ပြီးမှ အိပ်ကြသည်။

ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် သစ်ကုမ္ပဏီမှ လူကြီးများ တောပစ်ထွက်ရန် လာကြမည်ဖြစ်၍ လူတိုင်း ပါဝင်ကူညီမှုပေးကြရန် စောဆာဖိုးဝါးမှတစ်ဆင့် အားလုံးကို ပြောကြားခိုင်းလိုက်သည်။ စောဆာဖိုးဝါးသည် ရိုးသားခြင်း၊ ကြင်နာခြင်းရှိသည့်အပြင် ဗုဒ္ဓစာပေများကို သင်ကြားခဲ့ရခြင်းတို့ကြောင့် သတ္တဝါများကိုမသေစေလို။ ထို့ကြောင့် သားကောင်များ အသက်ဘေးမှ လွတ်မြောက်စေရန် လူတိုင်းဆုတောင်းပေးကြရန် စည်းရုံးခဲ့သည်။ မိမိကိုယ်တိုင်လည်း ကြိုးစားဆုတောင်းခဲ့သည်။ ထို့နောက် တောပစ်သူများ ရောက်ရှိလာပြီး တောပစ်ထွက်ကြသည်။ တောချောက်သူ ၁၈ ယောက်နှင့်အတူ တစ်နေကုန်သုံးရက်တိုင်



www.burmeseclassic.com

www.burmeseclassic.com

တိုင် တောလည်ထွက်ကြသော်လည်း သားကောင်တစ်ကောင် မတွေ့ရှိ၍ မပစ်ရဘဲ ပြန်သွားခဲ့ရသည်။

## ပထမအိမ်ထောင်ပြုခြင်း

စောဆာဖိုးဝါးသည် အသက် ၂၄ နှစ်အရွယ်တွင် ရွာသို့ပြန်လာခဲ့သည်။ ထိုအချိန်တွင် နာကိုဒီးရွာ၏ သုံးပုံတစ်ပုံမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်နေကြသည်။ စောဆာဖိုးဝါးသည် တစ်ရွာတည်းသူဖြစ်သော "နော်ဝါး"နှင့် ချစ်ကြိုက်ပြီး ရိုးရာအတိုင်း လက်ထပ်ခဲ့ကြသည်။ လက်ထပ်ပြီးနောက် ယာတစ်ခင်းနှင့်ဆင်တစ်ကောင်ကို လက်ဖွဲ့အဖြစ် ရရှိခဲ့ကြသည်။ နော်ဝါး၏မိဘများမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သဖြင့် နော်ဝါးမှာ ခရစ်ယာန်ဘာသာအကြောင်းကို အတန်အသင့်သိပြီးဖြစ်လေသည်။

စောဆာဖိုးဝါးသည် မိသားစုအတွက် အလုပ်ကြိုးစားလုပ်သည်ဆိုသော်လည်း ဇနီးသည် နော်ဝါးက ပို၍လုပ်ရသည်။ မကြာမီ သားတစ်ယောက်ထွန်းကားခဲ့သည်။ သုံးနှစ်ကြာသောအခါ နော်ဝါး၏ ကျန်းမာရေးသည် အကြီးအကျယ် ဆိုးဝါးလာခဲ့သည်။ နော်ဝါးနေကောင်းလာစေရန် ရိုးရာဓလေ့အရ ကြက်ဖြင့် နတ်စားခြင်းပြုလုပ်ရန် စီစဉ်ကြသည်။ ပထမတွင် နော်ဝါးကို အသိမပေးခဲ့သော်လည်း နောက်ပိုင်းတွင် အသိပေးခဲ့သဖြင့် နော်ဝါးက ကန့်ကွက်ခဲ့သည်။

နော်ဝါးက မိမိအိပ်မက်တစ်ခု မြင်မက်ရာတွင် စောဆာဖိုးဝါးမှာ ဝတ်ဖြူစင်ကြယ်ဝတ်၍ လူအများကို တရားဟောနေကြောင်း၊ ထို့ကြောင့် နတ်စားခြင်းနှင့် မကိုက်ညီကြောင်း တားဆီးခဲ့သော်လည်း စောဆာဖိုးဝါးမှာ နတ်စားခြင်းကို ပြီးဆုံးသည်အထိ ပြုလုပ်ခဲ့သည်။ နတ်စားပြီးမကြာမီ နော်ဝါးတစ်ယောက် ဆုံးပါးခဲ့ရသည်။ သူ၏သားလည်း မကြာမီ ထပ်မံဆုံးပါးခဲ့ပြီ။ စောဆာဖိုးဝါး၏ဆင်သည်လည်း သေဆုံးသွားခဲ့သည်။

စောဆာဖိုးဝါးသည် တရားကျင့်သည့်အခါ သူ၏အဖြစ်အပျက်ကို ပြောပြလေ့ရှိသည်။ နတ်စားရန် ကြက်ကိုသတ်ခဲ့ကြောင်း၊ ကြက်သည် လူကိုမည်သို့မျှ မတုံ့ပြန်နိုင်၍သာ အသေခံရခြင်းဖြစ်ကြောင်း၊ အကယ်၍ ထိုကြက်ကို လွှတ်ပေးလိုက်မည်ဆိုပါက ကြက်သည် ပျော်ရွှင်စွာ ထွက်ပြေးသွားမည်ကို မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် အသက်သတ်ခြင်းကို ရှောင်ကြဉ်ကာ သက်သတ်လွတ်စားသုံးသင့်ကြောင်းတို့ကို ဟောပြောခဲ့လေသည်။

စောဆာဖိုးဝါးသည် အသက် ၃၀ အရွယ်တွင် "စေဃဲခိ"အမည်ရှိ တောင်ပေါ်သို့တက်၍ တရားကျင့်ကြံအားထုတ်ခဲ့လေသည်။ ဇနီး၊ သားနှင့် ဆင်ကိုပါ ဆုံးရှုံးလိုက်ရသောကြောင့် ဝမ်းနည်းမှုများစွာဖြင့် ဘုရားတရားကို အားကိုးအားထားပြုကာ ရသေ့သူတော်စင်တစ်ဦးအဖြစ်ဖြင့် နေထိုင်ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုတောင်ပေါ်တွင် အစားမစားဘဲ တရားကျင့်ခဲ့ရာ မေ့မျောလုနီးပါးဖြစ်ခဲ့သည်။ ထိုအခြင်းအရာကို ထိုဒေသတွင် တောင်ယာခုတ်သူ ကရင်လူမျိုးများက တွေ့ရှိသဖြင့် စားစရာ၊ သောက်စရာများ ယူဆောင်ကျွေးမွေးပြီး ပြုစုခဲ့ရလေသည်။ များစွာသော ကရင်လူမျိုးတို့၏ အထင်ကြီးလေးစားမှုကို ခံယူရရှိခဲ့သည်။ သူ၏အမည်မှာ တဖြည်းဖြည်း ထင်ပေါ်ကျော်ကြားလာ၍ လူအများအပြားလာရောက်ကာ အလှူငွေများ ပေးကြသည်။ ထိုနေရာတွင် စောဆာဖိုးဝါးအတွက် ကျောင်းတစ်ကျောင်းကိုလည်း ဆောက်လုပ်ပေးကြသည်။ ထိုကျောင်းကို သစ်မင်းတိုင်ပေါင်း ၃၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပေသည်။

ထိုအချိန်မှစ၍ စောဆာဖိုးဝါးသည် မေတ္တာကမ္မဋ္ဌာန်းနှင့် ဗြဟ္မစိုရ်တရား လေးပါးကို အဓိကထား ကျင့်သုံးသွားလေသည်။ သူ့ထံလာရောက်ကြသူများကိုလည်း တစ်ဦးနှင့်တစ်ဦး မေတ္တာထားသလို သတ္တဝါများအပေါ်တွင်လည်း မေတ္တာထားကြရန် ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းကြရန် သူ့အသက်ကို မသတ်စေလိုသောအားဖြင့် သက်သတ်လွတ် စားသောက်ကြရန် ဗြဟ္မစိုရ်တရား (၄) ပါးဖြစ်သော -

၁။ မေတ္တာ - သတ္တဝါတို့အား အာရုံပြု၍ ချစ်ခင်ခြင်း။

၂။ ကရုဏာ - သတ္တဝါတို့အား အာရုံပြု၍ သနားခြင်း။

၃။ မုဒိတာ - ချမ်းသာမှုကိုရသူတို့အား မြင်တွေ့က ဝမ်းမြောက်ခြင်း။

၄။ ဥပေက္ခာ-ချမ်းသာမှု၊ ဆင်းရဲမှုတို့၌ ဥပေက္ခာပြုခြင်းတို့ကို လိုက်နာဆောင်ရွက်စေခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲဒုက္ခအပေါင်းက လွတ်မြောက်ဖို့ မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်းများကို တစ်ရက်တစ်ခဏအားဖြင့် မရသဖြင့် ခုနစ်ရက်တိုင်တိုင် မေတ္တာပွား၊ ဆုတောင်းပွဲများ ပြုလုပ်ကြသည်။ ထိုဆုတောင်းပွဲများမှာ မကြုံဖူးအောင် စည်ကားလှသည်။ အနီးပတ်ဝန်းကျင်က ရွာသူရွာသားများ ကလည်း သတင်းကြားသဖြင့် လာရောက်ပါဝင် ပူးပေါင်း ဆုတောင်းကြသည်။

ကြည်ညိုလေးစားသူ တဖြည်းဖြည်းတိုးလာ၍ အလှူငွေများလည်း အဆက်မပြတ် ပေးလှူကြသဖြင့် ဆောဆာဖိုးဝါဟူသော အမည်ပျောက်ကာ "ဖူးပိုက်ဆံ (ဘိုးပိုက်ဆံ)"ဟု ခေါ်ဆိုလာကြသည်။

ဘိုးပိုက်ဆံသည် ဗုဒ္ဓအယူဝါဒနှင့် ကရင်လူမျိုးများ ယုံကြည်ရာ အရှင်သူမြတ်များ (တာသူးတာပိုကစာ)တို့ကို လည်း ကိုးကွယ်ယုံကြည်ခဲ့သည်။ ဘုရားဆွမ်းတော်တင်၊ ဆီမီးပူဇော်၊ သောက်တော်ရေ ကပ်လှူပူဇော်ခြင်းတို့ကို လည်း ပြုလုပ်ကြလေသည်။

ထိုအချိန်ကစ၍ ဖြဟွစိုရ်အသင်း စတင် သန္ဓေ တည်လာပြီး "ဘိုးပိုက်ဆံ"ဟူသော အမည်နာမသည် လည်း ထင်ရှားကျော်ကြားလာခဲ့သည်။

အချို့သော ကရင်တိုင်းရင်းသားများက ပြောကြား ရာတွင် တစ်နေ့ဘိုးပိုက်ဆံနှင့် တပည့်များ ခရီးသွားကြရာ ဘိုးပိုက်ဆံသည် ငွေမပါသော လွယ်အိတ်တစ်လုံးကိုလွယ် ၍ လိုက်ပါခဲ့သည်။ လမ်းတွင် ရောင်းမည့် ဆင်တစ်ကောင် ကိုတွေ့၍ ဝယ်မည်ဆိုပြီး တပည့်များအား ဈေးမေးခိုင်း သည်။ တပည့်များက ပိုက်ဆံပါမလာကြောင်း ပြောကြ သည်။ ထိုအခါ ဘိုးပိုက်ဆံက ရောင်းမည့်ဈေးကိုသာ မေး ခိုင်းပြီး ဆင်ဖိုးငွေကို မူလက ငွေထည့်မထားသော သူ၏ လွယ်အိတ်အတွင်းမှ နှိုက်ထုတ်ပေးချေလိုက်သည်ဟု ပြော ကြားခဲ့သည်။

အခြားကရင်အမျိုးသားတစ်ယောက်ကမူ ဘိုး ပိုက်ဆံသည် ပိုက်ဆံမည်မျှလိုလို သူအိပ်သော ဖျာအောက် မှ နှိုက်ထုတ်၍ လိုသလောက်ပေးနိုင်မည်ဟုလည်း ဆိုကြ သည်။ ထို့ကြောင့်လည်း ကရင်အမျိုးသားအများစုက ဘိုးပိုက်ဆံကို သိဒ္ဓိရှင်တစ်ဦးဟု ယုံကြည်ကိုးကွယ်လာ ကြသည်။

## အင်္ဂလိပ်အစိုးရမှ ဖမ်းဆီးခြင်း

၁၈၈၆ ခုနှစ်တွင် မြန်မာရှင်ဘုရင် သီပေါမင်း ပါတော်မူပြီးနောက် ရှမ်းစော်ဘွား လင်းပင်မင်းသားသည် အင်္ဂလိပ်အစိုးရကို ပုန်ကန်ပြီး ရွှေကျင်မြို့ကို ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် တောထဲတောင်ထဲတွင် နောက်လိုက်များစွာနှင့် နေထိုင်သော ဘိုးပိုက်ဆံကို အင်္ဂလိပ်အစိုးရက အထင်မှားကာ ဖမ်းဆီးပြီး မော်လမြိုင်မြို့ အကျဉ်းထောင်သို့ ပို့ဆောင်ခြင်းခံရသည်။ ဘိုးပိုက်ဆံ အဖမ်းခံရသည့် သတင်းကို 'သူးမီးခဲရွာ'ရှိ စောသက်ဖေ ကြားသိသဖြင့် မော်လမြိုင်မြို့သို့ လိုက်သွားပြီး ထောင်မှ အာမခံဖြင့် ထုတ်ယူခဲ့ရသည်။ ဘိုးပိုက်ဆံမှလည်း လူအများ အား စည်းရုံးစုဝေးစေခြင်း၊ ငွေကြေးကောက်ခံခြင်းများ ဆက်လက်မပြုလုပ်ပါဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ ရလေသည်။

## သာသနာပြုလုပ်ငန်း ဆက်၍လုပ်

ဘိုးပိုက်ဆံ မော်လမြိုင်မြို့မှအပြန် ရွှေကျင်မြို့တွင် ခေတ္တနားပြီးနောက် သက်ကယ်တောင် (ခေါ်) ဖူးစောခို ခေါ် ဖူးပွခိုတောင်ပေါ်သို့တက်၍ တရားအားထုတ်ပြန်သည်။ သက်ငယ်တောင်ပေါ်တွင် ၄၉ ရက်လုံးလုံး ဝစီပိတ်တရား ကျင့်ပြီး မည်သူနှင့်မျှ စကားပြောဆိုခြင်းမပြုခဲ့။ ထိုအခါ လာရောက်ကြည်ညိုသူများလည်း ပို၍များလာသည်။ ထိုသူ များ၏ အလှူငွေဖြင့် သက်ကယ်တောင်ပေါ်တွင် စေတီ တစ်ဆူတည်ရန် ဆုံးဖြတ်ခဲ့သည်။ တောတောင်ထဲမှ ရှိသမျှ ကရင်လူမျိုး တစ်ထောင်ကျော်မျှ လာရောက်လုပ်အားပေး ကြသည်။ သစ်ပင်ခုတ်၊ ချုံရှင်း၊ မြေညှိခြင်း အလုပ်များ လုပ်ပေးကြသည်။

စေတီတော်ကိုလည်း သံနှင့်တည်ပါက ပိုမိုခိုင်ခံ့ပြီး သားစဉ်မြေးဆက် တည်တံ့မည်ဟုပြောသဖြင့် တပည့်များ က ရွှေကျင်မြို့သို့ သွားရောက်ကာ သံထည်ပစ္စည်းများ ဝယ်ယူကြရသည်။ ဝယ်ယူရရှိသော ပစ္စည်းများကိုလည်း တောင်ပေါ်အရောက် ခက်ခက်ခဲခဲ သယ်ပို့ကြရသည်။ အားလုံးက ပင်ပန်းရမှန်း၊ မောရမှန်းပင်မသိခဲ့။ ပျော်ပျော် ပါးပါး ကုသိုလ်ရလိုသောစိတ်ဖြင့် ပီတိတွေ လွှမ်းနေခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သက်ကယ်တောင်ပေါ်တွင် သံစေတီ (ဂိုမူပလော်ထူး) တစ်ဆူတည်ကြသည်။ ခုနစ်ရက်တိုင်တိုင် ဘုရားပွဲကြီးကိုလည်း ကြီးကြီးကျယ်ကျယ် ပြုလုပ်ခဲ့ကြသည်။ အင်္ဂလိပ်အစိုးရကလည်း ဘိုးပိုက်ဆံပြုလုပ်သမျှကို စောင့်ကြည့်နေခဲ့ကြသည်။

ဘိုးပိုက်ဆံ သက်ကယ်တောင်တွင် တရားကျင့်နေစဉ် တစ်ညသ၌ အလင်းရောင်အလုံးကြီးတစ်ခုကို တွေ့ရ၍ ၎င်းအလုံးကြီးနောက်သို့ လိုက်သွားရာ တစ်နေရာအရောက်တွင် ပျောက်ကွယ်သွားခဲ့သည်။ ထိုနေရာကို လေချွန်တောင်ဟုခေါ်သည်။ ကရင်ဘာသာဖြင့် "သိုးပလယ်ခို" ဟုခေါ်လေသည်။ ဘိုးပိုက်ဆံသည် ထိုနေရာတွင် ကြီးမားသော ကျောက်တုံးကြီးပေါ်တွင် ဓမ္မာရုံတစ်ခု ဆောက်လုပ်ခဲ့သည်။ ကျောင်း၏တိုင်များစိုက်ထူရန် ကျောက်လုံးကြီးကို ခဲယဉ်းစွာ ထွင်းထုခဲ့ကြရသည်။ ထိုဓမ္မာရုံသို့သွားရန် ကြိမ်များဖြင့် ပြုလုပ်ထားသော ကြိုးတံတားတစ်ခုကိုလည်း ပြုလုပ်ထားသည်။ ချက်ပြုတ်ရန်နှင့် သောက်ရေချိုးရေများကို တောင် အောက်သို့ဆင်း၍ ဝါးဆစ်ပူးများဖြင့် သွားရောက်ခပ်ယူကာ သယ်ကြရသည်။ ထိုကဲ့သို့ အခက်အခဲများရှိသော်လည်း ဘိုးပိုက်ဆံကို ကြည်ညိုတပည့်ခံသူများ ပိုမိုများပြားလာသည်။ ဘိုးပိုက်ဆံသည် ထိုတောင်ပေါ်တွင် ယိုသိုပလယ် (ခေါ်) ယိုဒိုဟု ဘွဲ့မည်ပေးထားသော စေတီတော်တစ်ဆူကိုလည်း တည်ထားခဲ့သည်။

ဘိုးပိုက်ဆံတွင် နောက်လိုက်တပည့်များ ပိုမိုများပြားလာသောအခါ ရွှေကျင်မြို့မှ စောထွန်းလှ၊ စောရင်အေး၊ တောင်ငူနယ်အပိုင်သူကြီးငကျော်တို့သည် ဘိုးပိုက်ဆံမှ ငွေကြေးများကောက်ခံပြီး ရှမ်းသူပုန်များကိုထောက်ပံ့နေသည်ဟု စွပ်စွဲတိုင်ကြားခဲ့လေသည်။ အထက်မှလူကြီးများလည်း ဘိုးပိုက်ဆံနှင့် သူ၏စခန်းကိုသွားရောက်ကြည့်ရှု စစ်ဆေးရာတွင် ဘိုးပိုက်ဆံနှင့် တပည့်များ မျက်စေ့မှိတ်၊ တရားထိုင်နေကြသည်ကိုသာ တွေ့ရသည်။ ထို့ကြောင့် သူကြီးငကျော်အား "ဘာလက်နက်မှလည်း မရှိဘူး၊ ဒီလို မျက်စေ့မှိတ်ပြီး ထိုင်နေတာ တော်လှန်တာမှမဟုတ်ဘဲ" ဟု ငေါက်ငမ်းပြောဆိုလိုက်သည်။ ကရင်အမျိုးသား စောဝေကျော်ကို ခေါ်ယူစစ်ဆေးရာတွင် -

"မင်းတို့ ဘာလုပ်နေတာလဲ" ဟုမေးရာ

"မေတ္တာပို့နေတာပါ" ဟု ပြောဆိုခဲ့သဖြင့် ဘယ်လို မေတ္တာပို့သလဲဟု ဆက်လက်မေးမြန်းရာ "စိတ်အာရုံမှာ မြင်တွေ့ရတဲ့လူတွေ၊ သတ္တဝါတွေကို ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းပေးပါတယ်။ အလှူငွေကို ဖွတ်မကောက်ပါဘူး။ ဘုရားဖူးတွေ အလိုလိုထည့်သွားကြတာပါ။ တင်းတောင်းအပြည့်ရတော့မှ ဘုရားတည် ကျောင်းဆောက်ပါတယ်၊ ရှမ်းသူပုန်ကို လုံးဝမပေးပါဘူး" ဟု စောဝေကျော်က ပြန်လည်ရှင်းပြဖြေဆိုခဲ့လေသည်။

ထို့နောက် အင်္ဂလိပ်အရေးပိုင်သည် ဘိုးပိုက်ဆံအား စစ်ဆေးပြန်ရာ "လူကြီးမင်း မနေ့က တစ်နာရီအချိန်က ထွက်လာခဲ့တာ ကျုပ်သိပါတယ်။ သိလိုက်တာနဲ့ လူကြီးမင်းကို မေတ္တာပို့ခဲ့တယ်။ အထင်လွဲနေတာကတော့ ကျုပ်ရဲ့ လိုအပ်ချက်၊ ကျုပ်ရဲ့မေတ္တာမပြည့်သေးလို့ဖြစ်ပါလိမ့်မယ်" ဟု ချိုသာသောစကားဖြင့် တည်ကြည်စွာပြောဆိုခဲ့သည်။ မည်သူ့ကိုမျှ အပြစ်တင်ခြင်း၊ အပြစ်ပြောခြင်းမျိုးမရှိခဲ့ပေ။

အင်္ဂလိပ်အရေးပိုင်ကြီးလည်း ဘိုးပိုက်ဆံ အပေါ် ယုံကြည်မှုရှိသွားခဲ့သည်။ "သင်တို့ရဲ့ မွန်မြတ်တဲ့မေတ္တာ လုပ်ငန်းအတွက် ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်အောင် ထောက်ခံချက်လက်မှတ် ထုတ်ပေးထားခဲ့မယ်" ဟုပြောဆိုကာ ထောက်ခံချက်လက်မှတ် ပေးခဲ့သည်။ ဘိုးပိုက်ဆံကလည်း အရေးပိုင်မင်းအား ကရင်ဝတ်စုံတစ်စုံ လက်ဆောင်ပေးလိုက်လေသည်။

## ဘိုးပိုက်ဆံ၏ နေရာသစ်ရှာဖွေခြင်း

နိုင်ငံရေးအခြေအနေများ မတည်ငြိမ်မှုကြောင့် ဘိုးပိုက်ဆံအား တောင်ပေါ်မှ မြေပြန့်သို့ ပြောင်းရွှေ့နေထိုင်ရန် နောက်လိုက်တပည့်သားသမီးများက အကြံပြုလာကြသည်။ ဘိုးပိုက်ဆံကိုယ်တိုင်ကလည်း မြေပြန့်ကရင်များကို စည်းရုံးလို၍လည်းကောင်း၊ တောင်ပေါ်နှင့် မြေပြန့်ဆက်သွယ်နိုင်သော နေရာတစ်နေရာကို ထူထောင်လို၍လည်းကောင်း နေရာသစ်ကိုရှာဖွေလိုစိတ်ရှိခဲ့သည်။ ထို့ကြောင့်လည်း နောက်လိုက်တပည့်သားမြေးများကို ခေါ်ပြီး "ငါသည် ဘေးပတ်လည်ကိုကြည့်ရှုရာ၌ အနောက်စူးစူးတွင် ပိုးစုန်းကြူးတစ်ကောင်၏ အလင်းရောင်သာသာ အလင်းတစ်ခုကို တွေ့ရသည်။ ထိုနေရာသို့ ပြောင်းရွှေ့ကြပါစို့ အကယ်၍ ငါသွားမည်ဆိုပါက သားတို့၊ သမီးတို့လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

ကြမည်လော''ဟုမေးရာ ...

"အဘိုးသည် အဝတ်ချုပ်သော အပ်တစ်ချောင်းတဲ့သို့ဖြစ်ပြီး သားသမီးတို့မှာ အပ်ချည်ဖြစ်ပါသည်။ အပ်သွားရာ ချည်လိုက်ရမည်သာဖြစ်ပါသည်''ဟု ပြန်လည်ပြောဆိုကြလေသည်။

ဘိုးပိုက်ဆံနှင့် နောက်လိုက်များ နယ်ပယ်သစ်ရှာဖွေရန် ခရီးစတင်ထွက်ခွာခဲ့ကြသည်။ မဲဝိုင်းကွင်းကို ကျော်ဖြတ်၍ စူမူထာရွာ၊ ရေမယိုး (ရေလဲ)ရွာတို့မှတစ်ဆင့် စစ်တောင်းမြစ် အရှေ့ဘက်ကမ်း အင်းပလာ (အောပလာ) ရွာတွင် သုံးရက်မျှ အားယူခဲ့သည်။ ထိုရွာတွင် ဘိုးပိုက်ဆံမှ မြေကြီးကို စစ်ဆေးရာ မိမိတို့ သားသမီးများ လုပ်ကိုင်စားသောက်ရန် မလုံလောက်သေးကြောင်း တွေ့ရှိသဖြင့် ဆက်လက်ခရီးထွက်လာခဲ့ကြသည်။

ထို့နောက် စစ်တောင်းမြစ် အနောက်ဘက်ကမ်း [illegible]ရွာတွင် သုံးရက်၊ ကန်းကလေးရွာတွင် သုံးရက် နားခဲ့ကြသည်။ ဆေးရိုးခင်ရွာတွင်နေစဉ် အနောက်ဘက်၌ သစ်တောများ ဖုံးလွှမ်းသည့်။ မြေပြန့်တစ်ခုကိုတွေ့ရှိရသည်၊ ညောင်ပင်ကြီးတစ်ပင်ရှိရာ နေရာတွင် အခြေချမိသည်။ ဘိုးပိုက်ဆံသည် ထိုနေရာမှ မြေကိုစစ်ဆေးရာ [illegible]မြေးဆက် လုံလောက်စွာနေထိုင်လုပ် ကိုင်နိုင်သော [illegible]ဖြစ်ပေသည်ဟု ပြောကြားပြီး ထားခေါ် ကဗျာလင်္ကာ [illegible] ထိုးပါးစိုက်၍ ချေကုတ်ယူကြစို့ သားတို့၊ သမီးတို့ဟု [illegible]ပြခဲ့လေသည်။

ထိုကဲ့သို့ အခြေချနေထိုင်ရန် မြေနေရာကိုတွေ့ရှိပြီး [illegible] နောက်လိုက်ယေ်သား အချို့အား တောင်ပေါ်သို့ [illegible]၍ မိခင်မုဆိုးမကြီးနှင့် လိုက်ပါလိုသူများအား သွား[illegible]ခေါ်ယူစေခဲ့သည်။ ထိုအချိန်က အသက် ၄၈ နှစ် [illegible]သော ဘိုးပိုက်ဆံနှင့်အတူ သူ၏ခရီးစဉ်တစ်လျှောက် [illegible]နားနေခဲ့သော ရွာများမှာ လူအချို့တို့လည်း [illegible]ကြသဖြင့် လူဦးရေ ပိုများလာခဲ့သည်။ သူတို့ [illegible] နိုးသဝါး၊ ဖာသဝါး၊ ဖားဧ ဘမဲ အမည်ရှိသော [illegible]ကောင်လည်း အတူပါလာခဲ့လေသည်။

## ဖဒိုရွာကို တည်ကြပြီ

ဘိုးပိုက်ဆံ ရွာတည်သော တောကြီးထဲတွင် မောင်စိန်အမည်ရှိ ကိုယ်လုံးကိုယ်ထည်ကြီးမား၍ အလွန်သန်စွမ်းသော ဂရမ်းပြေးတစ်ယောက် နေထိုင်သည်။ မောင်စိန်က ဤနေရာသည် သူ၏နေရာဖြစ်သောကြောင့် ဤနေရာတွင် နေလိုပါက သူနှင့် နပန်းလုံးရမည်။ သူနိုင်ပါက ဘိုးပိုက်ဆံ ဤနေရာမှ ထွက်ပေးရမည်။ သူရှုံးပါက ဘိုးပိုက်ဆံ၏တပည့်အဖြစ် ခံယူမည်ဟု ပြောဆို၍ နပန်းလုံးပွဲပြုလုပ်ကြသည်။ ထိုပွဲတွင် မယုံကြည်နိုင်လောက်အောင် လူကောင်သေးငယ်သော ဘိုးပိုက်ဆံက ဗလကြီး မောင်စိန်ကို အနိုင်ရခဲ့သည်။

ထိုနောက်ပိုင်းတွင် တပည့်မောင်စိန်သည် ဝတ်ဖြူစင်ကြယ်ဝတ်၍ တစ်နေရာသို့ ထွက်ခွာသွားလေသည်။ ဘိုးပိုက်ဆံနှင့် တပည့်များသည် ထိုနေရာတွင် တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးရန်လယ်ကွင်းများ ဖြစ်စေခဲ့သည်။ အင်္ဂလိပ်အစိုးရထံသို့ စိုက်ပျိုးလုပ်ကိုင်ရန် မြေများလျှောက်ထားခဲ့ရာ အစိုးရမှ မြေကေတစ်သောင်းငါးထောင် ချပေးခဲ့သည်။

ရွာကိုလည်း စနစ်တကျလမ်းမြေ၊ အိမ်မြေ စသည်ဖြင့် အကွက်ချကာ နေအိမ်များဆောက်လုပ်စေခဲ့သည်။ ကြီးမားသော ညောင်ပင်ကြီးရှိနေသည်ကို အစွဲပြု၍ ထိုရွာကို ဖဒိုရွာ (ကြီးမားသောရွာကြီး)ဟု အမည်မှည့်ခေါ်စေခဲ့ရာ ထိုအမည်ဖြင့်ပင် ယနေ့ "ဖဒိုမြို့''ဟူ၍ အလွန်စည်ကားသော မြို့တစ်မြို့အဖြစ် တည်ရှိနိုင်ခဲ့လေသည်။

ရွာသူရွာသားများကို ဘိုးပိုက်ဆံ ဟောပြောလေ့ရှိသည်မှာ သက်သတ်လွတ်အဖြစ် ဝါးမျှစ်နှင့် ဂုံမင်းကိုသာ စားကြရန်၊ ငါးပါးသီလစောင့်ထိန်းပြီး ဘုရားဂုဏ်တော်ကိုးပါးကို ပွားများပြီး မေတ္တာပို့ကြရန် ဟောကြားလေ့ရှိသည်။ ရွာသူရွာသားများကလည်း သီလဖြူစင်စွာဖြင့် မေတ္တာကမ္မဋ္ဌာန်းပွားများသူများကို နေရာဒေသမရွေး ဘိုးပိုက်ဆံက စောင့်ရှောက်သည်။ တစ်ခါတစ်ရံ စကြဲလျှောက်ရင်း ယောဂီတို့ရဲ့ကျင့်စဉ်တွေကို ပြုပြင်ပေးလျက်ရှိတယ်လို့ တညီတညွတ်တည်း ယုံကြည်ပြောဆိုကြသည်ကို တွေ့ရှိရလေသည်။

## ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခြင်း

ဘိုးပိုက်ဆံသည် မြေပြန့်သို့ရောက်ရှိသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယာန်မစ်ရှင်သာသနာပြုများနှင့် ဆုံတွေ့ခဲ့ရသည်။ ခရစ်တော်အကြောင်းကို ကြားရသဖြင့် စိတ်များပြောင်းခဲ့သည်။ မည်သည့်ဘာသာမဆို ကောင်းသောအလုပ်များကိုသာ လုပ်ကိုင်ကြရန် ဆိုဆုံးမမှုရှိကြသည်။ မကောင်းသောအလုပ်များပြုလုပ်ရန် မည်သည့်ဘာသာကမှ တိုက်တွန်းခြင်း မရှိ။ ထို့ကြောင့် ကောင်းသောအလုပ်များကိုသာ လုပ်ကိုင်လိုစိတ်ရှိသည်။ ဘိုးပိုက်ဆံသည် နှစ်ခြင်းခံယူပြီးနောက် "ဖူးဆန်းရေ"ဟူသော အမည်ကိုခံယူခဲ့သည်။ သူ၏အပြောအဟောကောင်း၍ ဆွဲဆောင်မှုရှိသောကြောင့် လူရာပေါင်း ထောင်သောင်းများစွာ ခရစ်ယာန်အသင်းတော်၌ အသင်းသားများ ဖြစ်လာခဲ့သည်။

ထို့နောက် ဖူးဆန်ရေ (ဘိုးပိုက်ဆံ)သည် ဖဒိုရွာတွင် ဝတ်ပြုကျောင်းတစ်ကျောင်း တည်ဆောက်ပြီး၊ ညောင်လေးပင်၊ ရွှေကျင်၊ ရန်ကုန်၊ မှော်ဘီ၊ သာယာဝတီ၊ ဥက္ကံမြို့၊ လက်ပံတန်းမြို့များတွင် ဝတ်ပြုဆောင်များ။ တည်နိုဆောင်များ၊ ဂိုဒေါင်များကို ဆောက်လုပ်ပေးခဲ့သည်။

ဖူးဆန်ရေ (ဘိုးပိုက်ဆံ)သည် ဤကဲ့သို့ ငွေကြေးအများအပြားကုန်ကျသည့် အဆောက်အဦများဆောက်လုပ်ရန် ငွေကြေးများကို မည်ကဲ့သို့ရရှိကြောင်းကို အင်္ဂလိပ်အစိုးရမှ သိလိုကြသည်။ သူတို့က ဖူးဆန်ရေ (ဘိုးပိုက်ဆံ)သည် ငွေအတုလုပ်သည်ဟု ထင်နေကြသည်။ တစ်နေ့တွင် တာဝန်ရှိသူများရောက်ရှိလာပြီး ဖူးဆန်ရေ (ဘိုးပိုက်ဆံ)အား ငွေပြုလုပ်နည်းရှိသည်ဟု သိရှိရ၍ မှန်မမှန် ဖြေကြားပေးရန် မေးမြန်းခဲ့ဖူးသည်။ ဖူးဆန်ရေ (ဘိုးပိုက်ဆံ)က ခုနစ်ရက်ပြည့်သည့်နေ့တွင် လူကြီးမင်းတို့ လာရောက်ကြည့်ရှုပါ။ ငွေလုပ်သည့်နည်းကို ပြပါမည်ဟု ပြောဆိုခဲ့လေသည်။ ဖူးဆန်ရေ (ဘိုးပိုက်ဆံ)သည် တောင်ပေါ်တောင်အောက်ရှိ မိမိတပည့် သားသမီးများထံသို့ ခုနစ်ရက်ပြည့်သောနေ့တွင် မိမိအား အင်္ဂလိပ်အစိုးရက ဖမ်းတော့မည်။ တတ်အားသရွေ့ ငွေကြေးများယူဆောင်လာကာ လာရောက်ရွေးယူကြရန် အကြောင်းကြားလိုက်သည်။

ခုနစ်ရက်ပြည့်သောနေ့တွင် တာဝန်ရှိသူများ ရောက်လာခဲ့သည်။ ဖူးဆန်ရေ (ဘိုးပိုက်ဆံ)သည် စဥ့်အိုးကြီးတစ်လုံးကို လူပုံအလယ်တွင်ချထား၍ ရေဖြည့်စေသည်။ တာဝန်ရှိသူများအားလည်း "ကြည့်ပါ၊ ယခုမှစပြီး ငွေလုပ်ပါတော့မည်"ဟုပြောပြီး တပည့်သားသမီးများ ယူဆောင်လာသော ငွေများကို စဥ့်အိုးထဲသို့ ထည့်စေရာ မကြာမီ စဥ့်အိုးထဲမှ ရေများလျှံကျပြီး အိုးတစ်လုံး ငွေဒင်္ဂါးများဖြင့် ပြည့်သွားလေသည်။ ဖူးဆန်ရေ (ဘိုးပိုက်ဆံ)က ဤနည်းဖြင့် မိမိငွေလုပ်ကြောင်း လက်တွေ့ပြခဲ့လေသည်။ ထိုအခါ အစိုးရတာဝန်ရှိသူများလည်း နားလည်သဘောပေါက်ပြီး နှုတ်ဆက်ပြန်သွားကြလေသည်။

## ဘိုးပိုက်ဆံ(ဖူးဆန်ရေ)နှင့် အသင်းတော်များ

ဘိုးပိုက်ဆံသည် ပေါင်းစုကြီးကျေးရွာမှ နော်ကီးလေး (ခ) ဖီးသနှင့်တွေ့ဆုံပြီးနောက် မိဘများထံ ခွင့်ပန်ကာ ဒုတိယအကြိမ်မြောက်အိမ်ထောင်ပြုခဲ့သည်။ ဒုတိယအိမ်ထောင်နှင့် သားတစ်ဦး၊ သမီးတစ်ဦး ရခဲ့သည်။

ဘိုးပိုက်ဆံသည် မှော်ဘီမြို့ ဝတ်ကျောင်းကြီး မီးသင့်လောင်ကျွမ်းသွားပြီးနောက် နိုင်ငံခြားခရစ်ယာန်သာသနာပြု မစ်ရှစ်အဖွဲ့နှင့်သော်လည်းကောင်း၊ ပြည်တွင်းမစ်ရှစ်အဖွဲ့များနှင့်သော်လည်းကောင်း သဘောထားကွဲလွဲခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် ဖဒိုအသင်းတော် အပါအဝင် သူတည်ထောင်ခဲ့သော အသင်းတော်များ အားလုံးကို ရန်ကုန် ဟမ်းမစ်ရှင် စမ်းချောင်းအသင်းတော်နှင့် တွဲဖက်ခြင်းမှ ရပ်စဲခဲ့သည်။

ဖူးဆန်ရေ(ဘိုးပိုက်ဆံ)သည် ဘာသာရေးအပြင် ကရင်အမျိုးသားများအား ကြီးပွားတိုးတက်စေလိုသော ဆန္ဒ ရှိခဲ့သည်။ အမေရိကန် မစ်ရှင်ဆရာ Rev.Sumner Vinton မှ လယ်ထွန်စက်ကိရိယာများ ဝယ်ယူပေးမည်ပြောသဖြင့် ငွေသုံးသိန်းပေးအပ်လိုက်သော်လည်း အမေရိကားသို့ ပြန်သွားပြီး မည်သည့်ပစ္စည်းမှ ပေးပို့ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် အမေရိကန်မစ်ရှင်ဆရာများကို စွန့်၍ အင်္ဂလိပ်မစ်ရှင်ဆရာများနှင့် လက်တွဲကာ သာသနာပြုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ ဆရာ Rev. Madden နှင့်တွဲ၍ လုပ်ဆောင်ရာတွင် ဆရာမက်ဒင်မှ ကရင်လူမျိုး လယ်သမားများအတွက် ဘဏ်တစ်ခု ထူထောင်ရန်အကြံပြုသည်။ ထို့ကြောင့် "ကရင်ဘဏ်"ဟူသောအမည်ဖြင့် ဘဏ်တစ်ခုကို ရန်ကုန်မြို့တွင် တည်ထောင်ပြီး ဆရာမက်ဒင်ကို ခေါင်းဆောင်အဖြစ်ထားခဲ့သည်။ နောင်တွင် ဆရာမက်ဒင်မှာ ငွေကြေးများကို ယ



www.burmeseclassic.com

www.burmeseclassic.com

လည်သုံးစွဲခဲ့သဖြင့် ငွေများဆုံးရှုံးပြီး ဘဏ်လည်းပျက်သွားခဲ့သည်။ ဆရာမက်ဒင်သည် ရန်ကုန်ဘူတာကြီးအနီးရှိ တည်းခိုဆောင်ကိုလည်း ပေါင်နှံခဲ့သဖြင့် ဆုံးရှုံးခဲ့ရသည်။

ဘိုးပိုက်ဆံ(ဖူးဆန်ရေ)၏ တပည့်များသည် ဟမ်းမစ်ရှင်အဖွဲ့မှ ခွဲထွက်ပြီးနောက် အဖွဲ့အစည်း(အသင်း) တစ်ခု တည်ထောင်ရန် ၂၂. ၁. ၁၉၁၂ ခုနှစ်တွင် ဖဒိုရွာတွင် သင်းလုံးကျွတ်အစည်းအဝေးကြီး ခေါ်ယူကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ အမျိုးသားချင်း ထောက်ပံ့သည့် အရှင်နှစ်ခြင်း ခရစ်ယာန်သာသနာပြုအသင်းတော်ကို တည်ထောင်ခဲ့သည်ဟု သိရလေသည်။

## ဘိုးပိုက်ဆံ၏ ဘဝနိဂုံး

ဘိုးပိုက်ဆံသည် အိမ်ထောင်ပြုပြီးနောက်ပိုင်းတွင် နောက်လိုက်တပည့်သားသမီးများ၏ ကြည်ညိုလေးစားမှု လျော့နည်းသွားသည်။ တချို့သော တပည့်များသည် ခရစ်ယာန်ဘာသာဝင်မဖြစ်မီက ဗုဒ္ဓဘာသာနှင့်ဆင်တူသော ပြဟ္မစိုရ်အသင်း၏ အယူအဆတရား ကျင့်ကြံမှုများကို ခွဲ၍နှစ်သက်ကြသည်။ သူတို့သည် သက်သတ်လွတ်စား၊ တရားထိုင်၊ မေတ္တာပို့ရသည်ကို ပို၍သဘောကျနေကြသည်။ ထို့ကြောင့် ဘိုးပိုက်ဆံ၏ တပည့်သားသမီးအချို့သည် ပြဟ္မစိုရ်အသင်းကိုဖွဲ့စည်း၍ ယနေ့တိုင် သက်သတ်လွတ်စားကာ တရားကျင့်ကြံနေကြသည်ကိုလည်း စာရေးသူ မျက်မြင်ကြုံတွေ့ခဲ့ရသေးလည်း။

ဘိုးပိုက်ဆံ နောက်ဆုံးစခန်းသို့ မတက်လှမ်းမီ တပည့်များအား "သင်တို့အတွက် ကျွန်ုပ်၏တာဝန်သည် အပေါင်းသုံးဆယ်မျှသာဖြစ်သည်။ ယခု သုံးနှစ်ပိုပြီး သုံးဆယ့်သုံးနှစ်သို့ ရောက်ခဲ့ပြီ"ဟု ပြောဆိုခဲ့လေသည်။

နေထိုင်မကောင်းဖြစ်နေသော ဘိုးပိုက်ဆံကို တပည့်များက ဝိုင်းဝန်းပြုစုနေရသည်။ တစ်နေ့တွင် ဘိုးပိုက်ဆံသည် ငှက်ပျောပင်များရှိရာသို့ ငှက်ပျောပင်တစ်ပင်ကို သူ၏အရပ်နှင့် တိုင်းဖြတ်ခုတ်လှဲထားခဲ့သည်။ ထို့နောက် အိမ်ပေါ်သို့တက်၍ ထမင်းဖြူနှစ်ဆုပ်ကို ဆုပ်ပြီး ဇနီးနှင့် သမီးဖြစ်သူအား ကျွေးခဲ့သည်။ ဇနီးဖြစ်သူကမစား၊ သမီးဖြစ်သူက ထမင်းတစ်ဆုပ်ကိုယူ၍ ကန်အောင်စားပစ်လိုက်သည်။ ထိုညတွင် ဘိုးပိုက်ဆံကို စောင့်အိပ်နေကြသူများအားလုံး အိပ်ပျော်သွားကြသည်။ နံနက် ၄ နာရီထိုးခါနီး အချိန်မှ အားလုံးနိုးကြသည်။ ထိုအခါ အိပ်ရာထဲတွင် ဘိုးပိုက်ဆံကို မတွေ့တော့။ ထို့နောက် လိုက်လံရှာဖွေကြရာ ဘိုးပိုက်ဆံ၏အင်္ကျီကို ရေတွင်းနှုတ်ခမ်းတွင်တွေ့ရ၍ သူ၏ အလောင်းကို ရေတွင်းထဲမှ ဆယ်ယူရရှိခဲ့လေသည်။

ဖူးဆန်ရေ (ဘိုးပိုက်ဆံ)၏ အလောင်းကို ရေတွင်းထဲမှ ဆယ်ယူရရှိပြီးသောအခါ ဇနီးဖြစ်သူ ဖီးသသည် ငိုယိုမြည်တမ်းကာ ဤအလောင်းသည် ဖူးဆန်ရေ (ဘိုးပိုက်ဆံ)၏ အလောင်းဖြစ်သည်ဟု ပြောဆိုခဲ့သော်လည်း၊ သမီးဖြစ်သူမှာ ငိုယိုခြင်းမရှိသည့်အပြင် ဤအလောင်းသည် သူ၏ဖခင် ဖူးဆန်ရေ(ဘိုးပိုက်ဆံ)မဟုတ်ဟု ဆိုခဲ့ကြောင်း စာရေးသူအား ပြဟ္မစိုရ်အသင်းမှ လူကြီးများက ပြောကြားကြပါသည်။

ဘိုးပိုက်ဆံ၏ ဇနီးဖြစ်သူ ဖီးသသည် ဘိုးပိုက်ဆံ ကျွေးသော ထမင်းဖြူတစ်ဆုပ်ကိုမစားခဲ့။ ထို့ကြောင့် သူသည် အမှန်ကိုမမြင်နိုင်ဖြစ်ခဲ့သည်။ သမီးဖြစ်သူကမူ ထမင်းဖြူတစ်ဆုပ် စားခဲ့ခြင်းကြောင့် အမှန်ကိုမြင်ရသည်။ ထိုအလောင်းသည် ဖခင်အလောင်းမဟုတ်၊ ဘိုးပိုက်ဆံက ငှက်ပျောတုံးကို သူ၏ပုံသဏ္ဍာန်ဆောင်စေပြီး ရေတွင်းထဲသို့ချထားခဲ့ခြင်းဖြစ်၍ ငှက်ပျောတုံးဟုပင် မြင်နေသည်။ ဘိုးပိုက်ဆံသည် ထွက်ရပ်ပေါက်သွားပြီဟုလည်း ယုံကြည်လာကြသည်။

ပို၍ထူးဆန်းသည်မှာ ငှက်ပျောခြံအတွင်းသို့ သွားကြည့်ကြသောအခါ ဘိုးပိုက်ဆံကိုယ်တိုင် သူ၏အရပ်နှင့် တိုင်း၍ ခုတ်လှဲထားခဲ့သော ငှက်ပျောတုံးမှာ ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။

ထိုအချိန်တွင် ဘိုးပိုက်ဆံမှာ အသက် ၇၂ နှစ်ရှိပြီဖြစ်သည်။ ဘိုးပိုက်ဆံမရှိသည့်နောက်တွင် တပည့်သားသမီးများက ဖဒိုရွာတွင် သက်သတ်လွတ်စား၊ မေတ္တာပွားကာ ပြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားလျက် ဆက်လက်သာသနာပြုနေကြသည်ကို တွေ့ရှိခဲ့ရလေသည်။

**ကျော်စံလင်း**

**ကိုးကား**

ကျော်စံလင်းရေးသားပူဇော်သည့် သာသနာပြုမဟိဒ္ဓိသိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ။



www.burmeseclassic.com

www.burmeseclassic.com



# ကြက်သားဟင်းနှင့် ငါးပိထောင်း

**ဆင်းသိန်**

တစ်နေ့သ၌ ကျွန်ုပ်ပဲနေထိုင်ရာ မော်ဘီမြို့နယ် မြောက်ဘက်အစွန်၊ မရမ်းတလင်းတောဟုခေါ်သော အရပ်၌ရှိသည့် အယူတော်မင်္ဂလာဟု အမည်ပေးထားသော ကျွန်ုပ်၏ခြံသို့ ရန်ကုန်မှ ကျွန်ုပ်၏ မိတ်ဆွေများ အလည်အပတ်ရောက်ရှိလာကြလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ တပည့်မောင်အောင်ညွန့်ဆိုသူအား ဈေးသို့ လွှတ်၍ ဟင်းမျက်စရာများ ဝယ်ခိုင်းရလေ၏။

မောင်အောင်ညွန့်ဈေးမှ ပြန်ရောက်လျှင် ခွေးတောက်ရှက်များ ပါလာသည်ကို တွေ့သဖြင့် ထိုခွေးတောက်ရှက်များကို ရေစင်စင်ဆေး၍ ဆီရွှဲရွှဲနှင့်နယ်ကာထားလိုက်လေ၏။ ပြီးလျှင် မီးဖိုပေါ်သို့ ဟင်းချိုချက်ရန် ဒယ်အိုးတစ်လုံး ကိုတင်၍ လက်ဖက်ရည်အချိုပန်းကန်နှင့် ရေ ၁၂ ခွက်ကိုခြင်၍ ထည့်လိုက်၏။ ရေပွက်ပွက်ဆူသည့် အချိန်ကိုစောင့်ရင်း ကျွန်ုပ်သည် ဧည့်သည်များနှင့် စကားပြောရလေ၏။ စကားပြောရင်းနှင့်လည်း ပုစွန်ခြောက်နှင့် မြေပဲဆန်အနည်းငယ်ကို ထောင်းရလေ၏။ ရေဆူလာသော အခါ၌ စောစောက ထောင်းထားသော ပုစွန်ခြောက်နှင့် မြေပဲဆန်ကို ထည့်ရလေ၏။ ပြီးလျှင် ကြက်သွန်ဖြူနှစ်ဥ၊ သုံးဥကိုလည်း ဓားပြားရိုက်၍ ထည့်လိုက်လေ၏။ ကြက်သွန်ဖြူထည့်ပြီးနောက် ရေလည်းခန်းလာပြီဖြစ်၏။ ရေသုံ့ကို

www.burmeseclassic.com

နှစ်ပုံအကျန်လောက်တွင် ငံပြာရည်နှင့် ဆားကိုခပ်၍ ဟင်းချိုကို မြည်းကြည့်ရလေ၏။ ထို့နောက် အပေါ့အငန် မြည်းကြည့်ပြီးလျှင် စောစောက ဆီဖြင့်နယ်၍ နှပ်ထားသော ခွေးတောက်ရွက်များကို ခတ်လိုက်လေတော့၏။

ဟင်းချိုချက်ပြီးသော့အခါ၌ ကြက်သားဟင်း ချက်ရပြန်၏။ ငါးပိစိမ်းစားကောင်းကောင်းကို ငရုတ်သီးနိုင်နိုင်နှင့် ထောင်းပြီး ရှောက်ရည်ရွှဲရွှဲညှစ်ရလေ၏။ တို့စရာများကို ပြုတ်တန်တာပြုတ်၊ ရေနွေးဖျောတန်ဖျော၊ လှီးဖြတ်ဆိတ်ဆွ၍ အရိပ်လွှန်စွာကောင်းသော သီဟိုဠ်ပင်၏ အောက်ခြေတွင်ရှိသည့် အုတ်ခုံပေါ်တွင် ထမင်းပွဲပြင်၍ တည်ခင်းကျွေးမွေးရလေ၏။

ကျွန်ုပ်၏ မိတ်ဆွေများသည် ငရုတ်သီးနိုင်နိုင်၊ ရှောက်ရည်ရွှဲရွှဲညှစ်ထားသော ငါးပိထောင်းနှင့် တို့စရာကို ထမင်းတွင်မြှုပ်၍စားလိုက်၊ ခွေးတောက်ရွက်ဟင်းချို ပူပူလေးသောက်လိုက်နှင့် အတော်ကလေးမြိန်ရှက်နေပုံရ၏။ ထိုအထဲမှ ကိုအောင်ဘညိုဟုခေါ်သည့် မိတ်ဆွေက ...

"အိုင်ဆေး ကိုအောင်ထွန်းရဲ့၊ ကျုပ် အခု ပင်စင်ယူလိုက်ပြီဗျ။ အဲဒီတော့ အိမ်ကလေးရောင်းပြီး တော်သင့်ရာမှာ ငှားနေပြီး ပိုတဲ့ပိုက်ဆံလေးနဲ့ 'ကက'တစ်စီးဝယ်ပြီး ဆွဲမလို့စိက်ကူးမိတာနဲ့ ခင်ဗျားတို့ရဲ့ မနောမယဂျာနယ်မှာ ခင်ဗျားရေးတဲ့ အိမ်ရောင်းရအောင် ဓာတ်ရိုက်နည်းပါတယ် ဆိုတော့ ဝယ်ပြီးဖတ်လိုက်ပါတယ်ဗျာ။ ခင်ဗျားရေးတဲ့ ခေါင်းစဉ်က 'ရောင်းချင်လိုက်တာ ဖတ်ဖတ်မော၊ ဒီနည်းသိရင် မလွယ်လော'လို့ ရေးထားတယ်။ ကျုပ်လည်းဖတ်ကြည့်ပါတယ်ဗျာ။ ခင်ဗျားရေးထားတဲ့ လိုက်လုပ်ဖို့ အတော်ခက်တယ်ဗျ။ နဂိုက ဗေဒင်အခြေခံမရှိလေတော့ နားကို မလည်ပါဘူးဗျာ။ ခင်ဗျားရေးထားတဲ့စာကိုဖတ်ပြီး ကျုပ်ဖြင့် ခေါင်တော်ကိုမောသွားတာပါပဲ။ အခုထိ အိမ်က မရောင်းရသေးဘူးဗျ။ လွယ်လွယ်ကူကူနည်းကလေးတစ်ခုလောက် ပေးစမ်းပါဦး အိုင်ဆေးရာ"

ဟု ပြောသဖြင့် ပလုတ်ပလောင်းစားနေကြသော မိတ်ဆွေများသည် ထမင်းသည်းမတတ် ရယ်မောကြလေတော့၏။ ထိုအထဲမှ ကိုတင်အေးဆိုသော မိတ်ဆွေက–

"ဗိုးအောင်ထွန်း၊ ကိုအောင်ဘညိုကြီးပြောတာ ဟုတ်တယ်ဗျ။ လွယ်လွယ်ကူကူလုပ်စမ်းပါဗျာ။ ခင်ဗျားဟာ က ခက်တယ်ဗျ"

ဟု ထောက်ခံလေ၏။ ထို့ကြောင့် ကျွန်ုပ်က ...

"ဒီလိုရှိတယ်ဗျာ။ ပဋ္ဌပွတ်နဲ့ ဆပွတ်တွဲပြီး ဓာတ်ရိုက်ရင်ကို ပစ္စည်းကထွက်ပါတယ်"

ဟု ပြောလိုက်လျှင် ကိုအောင်ဘညိုက ...

"အဲဒါကိုက အိုင်ဆွေး သဘောမပေါက်ဘာပဲ၊ ကျုပ်တို့တွေက ဗေဒင်နဲ့ သိပ်ပြီးစိမ်းနေတယ်။ အခု ခင်ဗျား ပြောတဲ့ ပဋ္ဌပွတ်၊ ဆပွတ်ဆိုတာ ကျုပ်တို့က ဘာကောင်းမှန်းကိုမှ မသိဘဲဗျာ။ ခင်ဗျားဟာက ကုန်းသတ္တဝါလား၊ ရေသတ္တဝါလား၊ ဖွဲ့နှုကျွေးရမှာလား၊ နို့တိုက်ရမျာလား ကျုပ်တို့ နားလည်အောင် လုပ်စမ်းပါဗျာ။ ကျုပ်တို့ နားမလည်ရင် ခင်ဗျားနည်းက ဘယ်လောက်ကောင်းကောင်း သုံးလို့မရဘူး။ သုံးလို့မရရင် တန်ဖိုးမရှိဘူးဗျ"

"ဒါက ဒီလိုပါဗျာ။ ပဋ္ဌပွတ်ဆိုတာ ငါးခုမြောက်ဂြိုဟ်ကိုပြောတာ။ ဆပွတ်ဆိုတာကတော့ ခြောက်ခုမြောက်ဂြိုဟ်ကိုပြောတာပါ။ ဥပမာ အိမ်ကို ဓာတ်ရိုက်မယ်ဆိုပါတော့။ အိမ်က တနင်္ဂနွေ၊ တနင်္ဂနွေရဲ့ ငါးခုမြောက်ဆိုတော့ ကြာသပတေးပေါ့။ ဆပွတ်ဆိုတာက တနင်္ဂနွေရဲ့ ခြောက်ခုမြောက် သောကြာကိုပြောတာ။ အဲဒီတော့ အိမ်ဆိုတဲ့ တနင်္ဂနွေနံ ပစ္စည်းကိုရောင်းထွက်အောင် ဓာတ်ရိုက်ချင်ရင် ကြာသပတေးနဲ့ သောကြာနှစ်နံတွဲပစ္စည်းနဲ့ ဓာတ်ရိုက်ကြတယ်ဗျ။ အဲဒီတော့ ကြာသပတေးအစ သောကြာအဆုံး ဖြစ်တဲ့ ပစ္စည်းကို စဉ်းစားဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုအောင်ဘညိုက–

"ကြာသပတေးအစ သောကြာအဆုံး ပစ္စည်းဆိုတော့ ပန်းသီးပေါ့ဗျာ"

ဟု ပြောလေ၏။

"ပန်းသီးက အလုံးကြီးဗျ။ ဓာတ်ရိုက်လို့မကောင်းဘူး။ အဲဒီတော့ ကြာသပတေးအစ သောကြာနံအဆုံး အရွက်၊ အခက်ထဲက စဉ်းစားရင် ဖက်သန်းပေါ့ဗျာ။ တစ်ခုတော့ရှိတယ်။ ခင်ဗျားတို့ မြို့သားတွေက ဖက်သန်းကို မြင်ဖူးကြမှာမဟုတ်ဘူး။ ဖက်သန်းသီးဟာ မလွှသီးနဲ့ ခပ်ဆင်ဆင်တူတယ်။ မလွှပင်ကိုလည်း မြင်ဖူးမယ့်လူတွေ မဟုတ်ဘူး။ အဲဒီတော့ ပျဉ်းတော်သိမ်နဲ့ရိုက်မယ်။ ပျဉ်းတော်သိမ်ကတော့ ခင်ဗျားတို့မြင်ဖူးဖို့ မလိုဘူး။ ဈေးမှာရောင်းတယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကျွန်ုပ်၏ မိတ်ဆွေ

www.burmeseclassic.com

ကိုအောင်ဘညို့က . . .

"အိုင်ဆေး ခင်ဗျားပြောတဲ့ ပျဉ်းတော်သိမ်ဆိုတာက အလယ်မှာ တော်ဆိုတာကြီး ပါနေတယ်လေဗျာ"

ဟုပြောလေ၏။

"ဒီလို ကိုအောင်ဘညို့ရဲ့။ ကျုပ်တို့ ခတ်ရိုက်ခတ်ဆင်လုပ်တဲ့ ပစ္စည်းတွေကို စဉ်းစားတဲ့အခါမှာ ထိပ်ဆုံးစာလုံးနဲ့ နောက်ဆုံးစာလုံးကိုပဲယူတာဗျ။ အလယ်က စာလုံးကို မယူရဘူး။ အဲဒီတော့ ပျဉ်းတော်သိမ်ဆိုရင် "ပျဉ်း" နဲ့ 'သိမ်'ကိုပဲ ယူရတယ်။ ပြီးတော့ တစ်ခါတည်း မှတ်ထားဦး၊– ရိုက်ရမယ့်အချက်ကလည်း အဲဒီပျဉ်းနဲ့သိမ်ကိုပေါင်းလိုက် ပျဉ်းက ၅၊ သိမ်က ၆၊ ပေါင်း ၁၁ ပေါ့ဗျာ။ ၁၁ ချက်သာရိုက်ပေတော့ဗျို့။ ရိုက်ရမယ့်နေ့ကလည်း တနင်္ဂနွေနံအတွက် ရိုက်မယ်ဆိုရင် တနင်္ဂနွေနေ့ရိုက်တာ အကောင်းဆုံးပဲ။ ရိုက်ရမယ့်အချိန်ကလည်း နံနက် ၉ နာရီကတေ ၁၀ နာရီခွဲအတွင်းပေါ့ဗျာ။ တချို့ကတော့ ရောင်းရမယ့်ပစ္စည်းရဲ့ ဂြိုဟ်သက်အတိုင်း တနင်္ဂနွေဆိုရင် ခြောက်ချက်ပေါ့ဗျာ။ ကျုပ်ရဲ့ အတွေ့အကြုံအရ နှစ်နံပေါင်းတဲ့အချက်ရေအတိုင်း ရိုက်တာ အကောင်းဆုံးပဲ။ အဲဒီတော့ တနင်္ဂနွေနေ့ ၉ နာရီ ၄၅ မိနစ်မှာ ခင်ဗျားအိမ်ရဲ့ အိမ်ရှေ့တံခါးကို ပျဉ်းတော်သိမ် ၁၁ ညွှန့်နဲ့ ၁၁ ချက်ရိုက်ပေတော့။ ပါးစပ်ကလည်း 'ထွက် ထွက် ထွက်'လို့ အမိန့်ပေးရမယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုကျော်သန်းဆိုသူက –

"ပြီးမှပဲ မေးတော့မယ်ဗျာ။ ထမင်းစားလို့ အလွန်ကောင်းနေတယ်။ စပ်လိုက်တာကလည်း မပြောနဲ့တော့။ ခွေးတောက်ရွက်ဟင်းချိုကလည်း သောက်လို့ကို မဝဘူး။ ကျုပ်ရဲ့ကားစုတ်ကလေးကို ရောင်းထုတ်ချင်နေတာ ထမင်းစားပြီးမှပဲ ဖိုးအောင်ထွန်းကို ခတ်ရိုက်ခိုင်းရဦးမယ်"

ဟု ပြောလေ၏။ ကျွန်ုပ် စဉ်းစားမိသည်မှာ အိမ်ရောင်းချင်သူ၊ ကားရောင်းချင်သူများအပြင် စက်ရောင်းချင်သူများလည်း ပါနေဦးမည်။ လှေရောင်းချင်သူ၊ မြေရောင်း ချင်သူများလည်း ပါမည်။ သစ်ရောင်းချည်သူ၊ ထီရောင်းချင်သူများလည်း ပါဦးမည်။ တစ်ယောက်တစ်ပေါက်မေးလျှင် ကျွန်ုပ်အဖို့ သက်သာဖွယ်ရာမရှိ။ ထို့ကြောင့် ကျွန်ုပ်သည် စာရွက်ကလေးတစ်ရွက်ပေါ်တွင် အောက်ပါဇယားတစ်ခုကို အမြန်ဆုံးရေးဆွဲရလေတော့၏။ ထိုသို့ရေးဆွဲပြီးနောက် ကျွန်ုပ်၏ တပည့်ဖိုးသူတော်အား မော်ဘီဈေးရှေ့ရှိ ပဒေသာ စတိုးဆိုင်ကြီးသို့ အမြန်ဆုံးလွှတ်ရလေ၏။ ထိုစတိုးဆိုင်ကြီးတွင် ကွန်ပျူတာစာစီနှင့် စာကူးစက်ရှိ၏။ ဖိုးသူတော်လည်း ကျွန်ုပ်ရေးပေးသော ဇယားကိုယူ၍ ပဒေသာဆိုင်သို့ အမြန်ဆုံးစက်ဘီးနှင့်သွား၍ ရိုက်လေ၏။

ကျွန်ုပ်၏ မိတ်ဆွေများထမင်းစားပြီးသည့်အချိန်၌ ကျွန်ုပ်သည် ခြံထွက်သဘော်သီး၊ ပိန္နဲသီးများနှင့် အချိုပွဲညှိခံလေ၏။ ကျွန်ုပ်၏ မိတ်ဆွေများသည် ကျွန်ုပ် ချက်ပြုတ်ကျွေးမွေးသော ထမင်းဟင်းများကို မြိန်ရှက်စွာ စားသောက်ပြီးနောက် သဘော်သီးနှင့် ပိန္နဲသီးများကို စားကြပြန်လေ၏။ ထိုသို့ စားသောက်ပြီးနောက် ကြက်သားဟင်းမှာ အလွန်ကောင်းကြောင်း၊ ထိုသို့ကောင်းသည်မှာ မဆလာကောင်းခြင်း ကြောင့်ဖြစ်ကြောင်း၊ မဆလာကို ချီးကျူးကြလေ၏။ ကျွန်ုပ်ကိုကား မချီးကျူး။ ခွေးတောက်ရွက်ဟင်းချိုကို ကောင်းကြောင်းပြော၏။ ထို့နောက် ငံပြာရည်ကို ချီးကျူး၏။ ကျွန်ုပ်ကိုကား မချီးကျူး။ တို့စရာကောင်းကောင်းကို ပြော၏။ တို့စရာအစုံရခဲ့သော မော်ဘီဈေးကြီးကို ချီးကျူးသည်။ လွန်စွာစပ်သော ကုလားအော်သီးကို ချီးကျူးသည်။ ကျွန်ုပ်ကိုကား မချီးကျူး။ ထို့နောက် ၎င်းတို့သည် ရောင်းလိုသော ပစ္စည်းများကို တစ်ယောက်တစ်ပေါက် ပြောကြလေတော့၏။ ထိုအချိန်မှာပင် 'ကျွန်ုပ်၏ တပည့်ကျော် ဖိုးသူတော်ရောက် လာပြီးလျှင် ရိုက်လာသော ကွန်ပျူတာစာရွက်များကို ပေးလေ၏။ ကျွန်ုပ်လည်း ထိုစာရွက်များကို တစ်ယောက်တစ်ရွက် ဝေပေးလိုက်၏။ ထိုသူတို့သည် ကျွန်ုပ်ပေးသော စာရွက်များကို ဖတ်ရှုနေကြသည်။ ထိုသူတို့၏ မျက်နှာများသည် ပြုံးနေကြ၏။ ကျွန်ုပ် ပေးလိုက်သော စာရွက်မှာ အောက်ပါအတိုင်းဖြစ်၏။

### ကျွန်ုပ်၏ မိတ်ဆွေတွေ ရောင်းချင်တဲ့ပစ္စည်းတွေ ရောင်းထွက်ဖို့ အလွယ်ဆုံးခတ်ရိုက်နည်း

| နံ | ရောင်းချင်တဲ့နံ | ရိုက်ရမည့် အသား | ရိုက်ရမည့် အချက် | ရိုက်ရမည့် အချိန် |
|---|---|---|---|---|
| ၁၀နွေ | အိမ်အပါအဝင် တနင်္ဂနွေနံ ပစ္စည်း | ဖက်သန်း/ ပျဉ်းတော်သိမ် | ၁၁ ချက် | တနင်္ဂနွေနေ့ နံနက် ၉း၄၅ နာ |
| ၂လာ | ကားအပါအဝင် တနင်္လာနံပစ္စည်း | သနပ်/ ဟင်းနုနွယ် | ၁၃ ချက် | တနင်္လာနေ့ နံနက် ၉း၄၅ နာ |



www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ၃ဂါ | ဆိုင်အပါအဝင် အင်္ဂါနံ ပစ္စည်း | ထအောင်း အုန်း(၇)ညွှန့် | ၈ ချက် | အင်္ဂါနေ့ နံနက် ၉း၄၅ နာရီ |
| ၄ဟူး | လှေအပါအဝင် ဗုဒ္ဓဟူးနံပစ္စည်း | အင်ကြင်း အုန်း(၁)ညွှန့် ကံကော်([illegible])ညွှန့် | ၃ ချက် | ဗုဒ္ဓဟူးနေ့ နံနက် ၉း၄၅ နာရီ |
| ၅တေး | မြေအပါအဝင် ကြာသပတေး နံ ပစ္စည်း | ကန်စွန်း/ ကညင် | ၅ ချက် | ကြာသပတေးနေ့ နံနက် ၉း၄၅ နာရီ |
| ၆ကြာ | သစ်အပါအဝင် သောကြာနံ ပစ္စည်း | ဇောင်းလျား/ ဇီဖဝါ | ၇ ချက် | သောကြာနေ့ နံနက် ၉း၄၅ နာရီ |
| ၇စနေ | ထီးအပါအဝင် စနေနံ ပစ္စည်း | လက်ပံ/ ယင်းမာ | ၉ ချက် | စနေနေ့ နံနက် ၉း၄၅ နာရီ |

ထိုသူသူတို့သည် အထက်ပါဇယားကို ဖတ်ရှုပြီးနောက် လွန်စွာသဘောကျကြလေ၏။ ပြီးလျှင် တစ်ယောက်သောသူက –

"အာစရိ ဒီထက်လွယ်တဲ့နည်း မရှိတော့ဘူးလား"

ဟု မေးလေ၏။

"ဒီထက်လွယ်တဲ့နည်းကတော့ ခင်ဗျားရဲ့ပစ္စည်းကို ဈေးလျှော့ရောင်းပေါ့ဗျာ။ တစ်ဆယ်တန်ပစ္စည်းကို တစ်ကျပ်နဲ့ရောင်းရင် ဓာတ်ရိုက်စရာမလိုပါဘူး ကိုယ့်လူ့ရယ်။ ဝယ်မယ့်သူတွေ ပြေးလာကြလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းတို့သည် ဝါးခနဲ ရယ်မောကြလေ၏။ ထို့နောက် ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်မည်ပြုကြ၏။ ထိုအထဲတွင် တစ်ယောက်သောသူက–

"ဖိုအောင်ထွန်းရယ် ရန်ကုန်အထိ ကားလေး ဘာလေးနဲ့ လိုက်မပို့တော့ဘူးလား"

ဟု မေးလေ၏။ ကျွန်ုပ်က ကားပျက်နေကြောင်း ရှင်းပြလျှင် ထိုသူက –

"ခင်ဗျားကလည်း အပျက်ကြီးဝယ်စီးတာကိုဗျ။ ဝယ်စီးလည်း ကောင်းကောင်းကန်းကန်း လူလူသူသူ ဝယ်စီးစမ်းပါ"

ဟု ပြစ်တင်ပြောဆိုလေ၏။ ကျွန်ုပ်၏ မိတ်ဆွေများသည် ကျွန်ုပ်ကျွေးမွေးသော ထမင်းဟင်းလျာများကို တဝ စားသောက်ပြီးနောက် မဆလာ၊ ငံပြည်ရယ်၊ ငရုတ်သီးနှင့်မှော်ဘီဈေးကြီးကို ချီးကျူးကြကုန်၏။ ကျွန်ုပ်ပေးလိုက်သော ပစ္စည်းရောင်းနည်းစာရွက်ကိုကြည့်၍ ဈေးကျမ်းပြုဆရာများကို ချီးကျူးကြကုန်၏။ အရပ်ဒေသ၏ အေးချမ်းပုံကို ချီးကျူးကြကုန်၏။ ပြီးလျှင် ကားဖြင့်ပြန်၍ မပို့နိုင်သော ကျွန်ုပ်အား ကဲ့ရဲ့ပြစ်တင်ကြကုန်၏။ ခင်မင်စရာကောင်းသော ကျွန်ုပ်၏ မိတ်ဆွေများသည် ကျွန်ုပ်အား နည်းအမျိုးမျိုးဖြင့် ကျေးဇူးကန်းကြပြီးနောက် နောက်အပတ်လည်းလာခဲ့ဦးမယ်နော်ဟု ပြောဆို၍ ပြန်သွားကြလေတော့၏။

ကျွန်ုပ်လည်း –

"ငါလည်း တော်တော်ဝဋ်ကြီးတာပဲ။ ငမိုးရိပ်ချောင်းလို ကျေးဇူးကမ်းတတ်တဲ့လူတွေနဲ့ချည်း မိတ်ဆွေတော်နေရတာကိုက ဘဝ ... ဘဝက ငါ့ရဲ့မကောင်းတဲ့ ဝဋ်ကြွေးတွေဖြစ်မှာပါပဲလေ"

ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း ကျေနပ်နှစ်သိမ့်လိုက်ရလေတော့သတည်း။

| စဉ် | နေ့နံ | ပြုလုပ်ရမည့်နေ့ | ပြုလုပ်ရမည့်အချိန် |
|---|---|---|---|
| ၁။ | တနင်္ဂနွေ | စနေနေ့ | မနက် ၉း၄၅ နာရီ |
| ၂။ | တနင်္လာ | ကြာသပတေး | မနက် ၉း၄၅ နာရီ |
| ၃။ | အင်္ဂါ | ဗုဒ္ဓဟူး | ညနေနေဝင်ချိန် (နေလုံးပျောက်ချိန်) |
| ၄။ | ဗုဒ္ဓဟူး | သောကြာ | မနက် ၉း၄၅ နာရီ |
| ၅။ | ကြာသပတေး | တနင်္လာ | မနက် ၉း၄၅ နာရီ |
| ၆။ | သောကြာ | ဗုဒ္ဓဟူး | မနက် ၉း၄၅ နာရီ |
| ၇။ | စနေ | တနင်္ဂနွေ | မနက် ၉း၄၅ နာရီ |
| ၈။ | ရာဟု | အင်္ဂါ | မနက် ၉း၄၅ နာရီ |

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိမ်**



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူ့ငှတ်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အစွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် ဒါလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ • • မင်းခမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် • • •

ဦးညွှန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

၁၃၇၉-ခုနှစ်၊ နယုန်လ - ဝါဆိုလ

## 2017 JUNE

| | | |
|---|---|---|
| ကြာသပတေး Thursday | 1 ၇ ရက်ရာဇာ | |
| သောကြာ Friday | 2 ၈ | |
| စနေ Saturday | 3 ၉ | |
| တနင်္ဂနွေ Sunday | 4 ၁၀ | 18 ၉ |
| တနင်္လာ Monday | 5 ၁၁ | 19 ၁၀ |
| အင်္ဂါ Tuesday | 6 ၁၂ ရက်ရာဇာ | 20 ၁၁ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 7 ၁၃ | 21 ၁၂ |
| ကြာသပတေး Thursday | 8 ၁၄ ရက်ရာဇာ | 22 ၁၃ ရက်ရာဇာ |
| သောကြာ Friday | 9 ၁၅ နယုန်လပြည့် | 23 ● နယုန်လကွယ် |
| စနေ Saturday | 10 ၁ | 24 ၁ ပြဿဒါးရက်ကြီး |
| တနင်္ဂနွေ Sunday | 11 ၂ | 25 ၂ ရက်ရာဇာ |
| တနင်္လာ Monday | 12 ၃ အမြိတ္တစုတ်ရက် | 26 ၃ |
| အင်္ဂါ Tuesday | 13 ၄ ရက်ရာဇာ | 27 ၄ |
| ဗုဒ္ဓဟူး Wednesday | 14 ၅ | 28 ၅ ရက်ရာဇာ |
| ကြာသပတေး Thursday | 15 ၆ ပြဿဒါးရက်ကြီး ရက်ရာဇာ | 29 ၆ |
| သောကြာ Friday | 16 ၇ | 30 ၇ |
| စနေ Saturday | 17 ၈ | |



၁. ၆. ၂၀၁၇ စန်းပြောင်းရက်စွဲ ၁၅. ၆. ၂၀၁၇

### ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၅. ၆. ၂၀၁၇ ကြာသပတေးနေ့ နံနက် ၆ နာရီ ၂၁ မိနစ်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၃. ၆. ၂၀၁၇ စနေနေ့ ည ၈ နာရီ ၄၀ မိနစ်တွင် ပြိဿရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၈. ၆. ၂၀၁၇ တနင်္ဂနွေနေ့ ည ၁၁ နာရီ ၄၃ မိနစ်တွင် မေထုန်ရာသီသို့ပြောင်းသည်။

သောကြာသည် - ၂၉. ၆. ၂၀၁၇ ကြာသပတေးနေ့ ည ၈နာရီ ၁၄ မိနစ်တွင် ပြိဿရာသီသို့ ပြောင်းသည်။

စနေသည် - ၂၁. ၆. ၂၀၁၇ ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၄၃ မိနစ်တွင် နေ့ရာသီသို့ ဝကြပြောင်းသည်။

### ၂၀၁၇ ခုနှစ်အတွက် နေသင်္ကြန်ကျွတ်နှင့် စန်းယှဉ်ချိန်

(၁၄. ၆. ၂၀၁၇)ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ ၃၀ မိနစ် ၂၁ စက္ကန့်။

(၁၂. ၆. ၂၀၁၇)ရက်သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက် ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဇွန်လ (၁)၊ (၇)၊ (၈)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဇွန်လ (၃)၊ (၆)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဇွန်လ (၃)၊ (၅)၊ (၈)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဇွန်လ (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဇွန်လ (၃)၊ (၄)၊ (၇)၊ (၁၀)၊ (၁၄)၊ (၁၈)၊ (၂၁)၊ (၂၇)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဇွန်လ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၆)၊ (၂၇)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဇွန်လ (၁)၊ (၈)၊ (၉)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဇွန်လ (၁)၊ (၅)၊ (၈)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

သို့ဖြစ်၍ ဇွန်လအတွင်း၌ မိမိတို့မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် တိုးတက်ကြီးပွားအောင် ကြံစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ဧပြီလဖွားများအတွက် ကံဇာတာ

## ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်

■ ဆရာမိုးဟန်ကြွယ်

ပညာရေးအတွက် သတင်းကောင်းကြားရတတ်သည်။ လူမျိုးခြားများ စိတ်အနှောင့်အယှက် ပေးတတ်သည်။ အမှုကိစ္စဖြစ်နေသူအတွက် အာမခံလိုက်ပေးခြင်းဖြင့် ပြဿနာတက်တတ်သည်။ ကမ်းရိုးတန်းခရီးများ သွားရတတ်၏။ အလုပ်ကိစ္စများတွင် အမျိုးသမီးများကြောင့် နှောင့်နှေးတတ်သည်။ လယ်ယာသားငါး ထွက်ကုန်မှ အကျိုးခံစားရမည်။ ရွှေ အိမ် ဝင်မည်။ မိမိကြံစည်သမျှ တစ်ပါးသူ ဦးနေတတ်သည်။ စပ်တူလုပ်ငန်းများနှင့် အကျိုးမပေးပါ။

အခြားသောအ ုပ်သို့ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ ရေ ရေထွက်ပစ္စည်းများ အကျိုးပေးမည်။ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ သူကောင်းပြုချီးမြှောက်ခြင်းကို ခံရမည်။ အလုပ်ကိစ္စများတွင် ဘာပဲလုပ်လုပ် အောင်မြင်မည်။ မိမိ၏ အတတ်ပညာသည် မိမိကို ထင်ရှားကျော်ကြားစေပါလိမ့်မည်။ တိုင်းရင်းသားများ၏ အကူအညီပေးမှု ရရှိမည်။ ရွှေ၊ အိမ်၊ ကားများအတွက် ငွေကြေးများ ရရှိလာလိမ့်မည်။

အမှုအခင်းများနှင့် ရင်ဆိုင်ရတတ်သည်။ အနုပညာလုပ်ငန်း၊ စာပေလုပ်ငန်းများတွင် အကျိုးခံစားရမည်။ ရောဂါဟောင်း ပြန်ပေါ်လာတတ်သည်။ အလုပ်၊ ရာထူး၊ လစာဝင်ငွေ တိုးတက်မှုရှိမည်။ ရွှေထည်ပစ္စည်း၊ ဆေးဝါးလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများမှ အကျိုးအမြတ် ခံစားရမှုများ ည်။ စီးပွားတက်မည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်၍ ငွေကြေးများ ရရှိမည်။ လူပျို၊အပျိုရွယ်များ အချစ်ရေးကိစ္စ အဆင်ပြေမည်။

အစာအိမ်နှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်သည်။ နှိစိတ်ကုသရတတ်သည်။ ဥစ္စာပစ္စည်းများ ပျောက်ဆုံးတတ်သည်။ ပညာရေးကိစ္စများတွင် အထစ်အငေါ့ ဖြစ်နေတတ်သည်။ သူငယ်ချင်းများနှင့် အဆက်အသွယ် ပြတ်နေတတ်သည်။ မိခင်မှ မိမိလိုအပ်ချက်များကို ဖြည့်ဆည်းပေးလိမ့်မည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အဆင်မပြေ ဖြစ်တတ်သည်။ အလုပ်နှင့်ပတ်သက်၍ အပြောင်းအလဲရှိတတ်သည်။ အားမနာပါနှင့်။ အားနာပါက ခါးပါသည့်ကိန်း ဆိုက်တတ်သည်။ လုပ်စရာရှိသည်တို့ကို ရဲရဲဝံ့ဝံ့ လုပ်ပါ။ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ငွေကြေးပစ္စည်းများ ရမည်။ မြေယာ၊ စက်ပစ္စည်း၊ ယာဉ်တို့နှင့်ပတ်သက်၍ အကျိုးခံစားရမည်။ ရာထူး၊ လစာ တိုးတက်မည်။ အချစ်သစ်ရရှိမည်။ မိဘများထံမှ အမွေသော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း ရရှိတတ်သည်။

မိဘများအတွက် ကောင်းမှုကိစ္စများ ဆောင်ရွက်ခွင့်ကြုံမည်။ ဆရာသမားများက အကူအညီပေးလိမ့်မည်။ ဆုတံဆိပ်ချီးမြှင့်ခြင်းခံရမည်။ ညီရင်းအစ်ကို မောင်နှမများ၏ အထင်လွဲမှုမျိုးလည်း ကြုံတွေ့ရတတ်သည်။ စိုးရိမ်စရာ မရှိပါ။ အရှည်ကုန်လျှင် အဖတ်လည်သွားပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရတတ်သည်။ မိသားစုပြဿနာများကို ဖြေရှင်းပေးရတတ်သည်။

ငွေကြေးဥစ္စာများ ဝင်လာသည့်နည်းတူ သားသမီးများ၏ အကျိုးပြုခြင်းကိုလည်း ခံစားရမည်။ မင်္ဂလာကိစ္စအတွက် စကားပြောဆိုရတတ်၏။ အလုပ်သစ်များ ရရှိလာတတ်သည်။ ကျန်းမာရေးကို ဂရုစိုက်ဖို့ လိုမည်။

*ယတြာပြုလုပ်လိုပါက* - ခွေးကို အစာကျွေးပါ။ အဝတ်ဟောင်းများကို ရေမျှောပစ်ပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သတိပြုစရာ

## ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်မြောက်ရန် ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ စက်မှုစွမ်းအားဖြင့် ခေတ်ကိုကျော်လွှားသွားဖို့ရာလည်း အစဉ်တစိုက် လုပ်ဆောင်လျက်ပင်။ ဤသို့ စိုက်ပျိုးရေးကို အခြေခံထားရှိသည့်အချက်မှာ များစွာအရေးပါလှသည်။ အကြောင်းမှာကား မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံပင် မဟုတ်ပါကလား။

မြန်မာနိုင်ငံ၌ တောင်ယာတွေ၊ လယ်တွေ၊ ကိုင်းကျွန်းတွေ၊ ဥယျာဉ်ခြံမြေတွေ ရှိကြသည်။ သက်ဆိုင်ရာကလည်း မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပေးကြသည်။ ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးရုံမက နိုင်ငံခြားဝင်ငွေရရှိရန်လည်း စိုက်ပျိုးရေးကဏ္ဍမှ များစွာ စွမ်းဆောင်ပေးနိုင်ခဲ့၊ ပေးနေဆဲ၊ ပေးနေမြဲပင် ဖြစ်ပါလိမ့်မည်။ ဤသို့ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်ကြသူများအတွက် လိုအပ်ကောင်းလိုအပ်မည်ဟု ယူဆထားသည့်အလျောက် စိုက်ပျိုးရေးသတိပြုစရာကလေးများကို လအလိုက် တင်ပြပေးသွားလိုပါသည်။

၁။ ဇွန်လ (၁)၊ (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့များကြဲရန် ကောင်းသောရက်များ ဖြစ်ကြပါသည်။

၂။ ဇွန်လ (၁)၊ (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် ကောင်းသောရက်များ ဖြစ်ကြပါသည်။

၃။ ဇွန်လ (၁၅)၊ (၁၇)၊ (၂၅) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့အတွက် ကောင်းသော ရက်များ ဖြစ်ကြပါသည်။

၄။ ဇွန်လ (၁)၊ (၇)၊ (၈)၊ (၉)၊ (၁၃)၊ (၁၇)၊ (၂... (၂၃)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀) စသော ရက်များ... ထွန်ယက်ခြင်းစိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ... ပေါင်းပင်၊ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်း... အမြစ်များ တူးဖော်ခြင်းတို့အတွက် ကောင်းသော... များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# ဗွန်လမှာ

## ဆောင်ရွက်ပါ

### ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်

**နေမျိုးထွင့်ခေါင်**

၁။ ဇွန်လ (၄)၊ (၉)၊ (၁၅)၊ (၂၄)၊ (၂၈) စသောရက်များသည် "နန္ဒာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဇွန်လ (၅)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် "ဘဒြာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဇွန်လ (၁)၊ (၆)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၃၀) စသောရက်များသည် "ဇယာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇွန်လ (၂)၊ (၇)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၆) စသောရက်များသည် "ရိတ္တာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇွန်လ (၃)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၇)၊ စသောရက်များသည် "ပုဏ္ဏာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒွင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဇွန်လ (၁)၊ (၆)၊ (၈)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၈) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဇွန်လ (၁၂)၊ (၂၆) ရက်များသည် "အမြိတ္တစုတ်"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုနေ့ထိုရက်၌ မည်သည့်အခက်အခဲ ကိစ္စကြီးငယ်များနှင့် တွေ့ကြုံရစေကာမူ အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်သင့်ပါသည်။

**နေမျိုးထွင့်ခေါင်**

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၇ ခုနှစ်၊ နွေနယ်လအတွက်

**နွယ်သာကီအောင်**

အနောက်တောင်လေက ကျောက်ဆောင်တွေကို ဖြတ်သန်း၍ လာချေပြီ။ ထိုအခါဝယ် ညိုမှောင်သော တိမ်တိုက်တွေက မိမိတို့နိုင်ငံအဝှမ်းသို့ အုပ်ဆိုင်းလျက် အားလုံးအေးချမ်းစေရန် မိုးစက်မိုးပေါက်များကို သွန်းဖြိုးချလိုက်လေသည်။ မိုးရေကို တဝကြီး သောက်ဆမ်းခွင့်ရသဖြင့် သစ်ပင်ကြီးငယ်များ လန်းရွှင်သွားကြချေ၏။ ထို့အတူ တိုင်းပြည်၏ ရိက္ခာဖြစ်သော ကောက်နှံစပါးဖြစ်လာမည့် ပျိုးပင်ကလေးများမှာလည်း လယ်မြေသားအတွင်းမှ လူးလွန့်နိုးထလာခဲ့ပြီ။ မိုးပုလဲပန်းတို့ကြောင့် ကနုကမြေသည် ရာသီအိပ်မက်လှလှကလေးများကို မက်ခွင့်ကြုံလာလိမ့်ဦးမည်တကား။

**၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ**

နွေနယ်လ (၁)၊ (၈)၊ (၁၃)၊ (၁၅)၊ (၂၈)၊ (၃၀) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

နွေနယ်လ (၆)၊ (၁၇)၊ (၂၆) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

နွေနယ်လ (၁)၊ (၉)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

အောက်တိုဘာလ (၄)၊ (၅)၊ (၈)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၅။ ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

နွေနယ်လ (၆)၊ (၇)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၈) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ ပွဲခင်းခံရာ၊ ရှင်ပြုနားသရာ**

နွေနယ်လ (၇)၊ (၉)၊ (၁၀)၊ (၁၇)၊ (၂၁)၊



www.burmeseclassic.com

www.burmeseclassic.com

(၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် ပဋ္ဌင်းခံခြင်း၊ ရှင်ပြုခြင်း စသောကောင်းမှုကိစ္စများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အိမ်ပြောင်းရွှေ့ရာ၌ အိမ်သစ်ဆောက်ရာ**

ဖွန်လ (၈)၊ (၉)၊ (၁၃)၊ (၂၃)၊ (၂၅) စသောရက်များသည် အိမ်ပြောင်း ရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဖွန်လ (၁)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ ရေသတ္တဝါ ဖမ်းဖို့ရာ**

ဖွန်လ (၇)၊ (၁၅)၊ (၁၇)၊ (၂၅) စသောရက်များသည် မြစ်ချောင်း၊ ပင်လယ်ရှိ ရေသတ္တဝါများအား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ခရီးသွားလာ ကောင်းဖို့ရာ**

ဖွန်လ (၁) (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဖွန်လ (၁) (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၂။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

ဖွန်လ (၁) (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဖွန်လ (၁) (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖို့ရာ**

ဖွန်လ (၁) (၇)၊ (၈)၊ (၉)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ အောင်ဘာလေထီထိုးရန်**

ဖွန်လ (၆)၊ (၇)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ စာချုပ်ချုပ်ဆိုရန်**

ဖွန်လ (၁) (၇)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် စာချုပ်ချုပ်ဆိုရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၇။ မင်္ဂလာအခါ ပေးသင့်ရာ**

ဖွန်လ (၁) (၂)၊ (၃)၊ (၄)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၇) စသော ရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# တာရုတ်နက္ခတ္တဗေဒင်ပညာ

၂၀၁၇ ခုနှစ် ၊ ဇွန်လ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ဇေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

#### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အိမ်တွင်းပုန်းနေခြင်းဖြင့် အကျိုးမဲ့ဖြစ်တတ်ပါသည်။ ခရီးဝေးသွားပြီး ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှု၊ ပြည်ပနိုင်ငံခြား ကုန်သွယ်မှုပြုလျှင် အကျိုးထူးမှု ရှိမည်။ ထို့ကြောင့် ခရီးဝေးသွားပေးပါ။ ချစ်သူဟောင်းဇနီးဟောင်းကို ပစ်ပယ်၍ မသွားသင့်။

#### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးသွားခြင်း လေ၊ သင်္ဘောစီးခြင်းကို ရှောင်ပါ။ အချစ်သစ်မရှာပါနှင့်။ ရေသာများ၍ ငါးမတွေ့ပါ။ သူတစ်ပါးအား ကတိအရမ်းမပေးရ။ နှုတ်ကတိလွန်သွားတတ်၏။ လုပ်ငန်းအတားအဆီးရှိ၏။ လုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုသင့်ပါ။ စီးပွားရေးလုပ်ငန်းများ၌ လုပ်သလောက် အကျိုးမရှိ။ အချည်းနှီးဖြစ်တတ်သဖြင့် မိမိရှင်းရင်းစွဲ အလုပ်ကိုသာ မပျောက်မပျက်ရလေအောင် ထိန်းသိမ်းလုပ်ကိုင်ပါလေ။

#### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ မြင့်မားစန်းပွင့်နေတတ်၏။ စီးပွားရေးလုပ်ငန်း အကြံအစည် အဆင်ပြေ ချောမောနေပါလိမ့်မည်။ အစစအရာရာ ထမြောက်အောင်မြင်မှုရှိမည်။ လုပ်ငန်းအခက်အခဲ အတားအဆီးများတို့ကို လွယ်ကူစွာ ကျော်လွှားနိုင်ပါလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမှုရှိမည်။

#### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်ကိန်းရှိ၏။ ငွေမည်းကို လုံးဝမမက်မောသင့်။ ငွေမည်းလက်ခံလျှင် အမှုပြဿနာတက်ပါလိမ့်မည်။ ခရီးသွားနိုင်ပါသော်လည်း ရေကြောင်းခရီးကိုရှောင်ပါ။ လေ၊ သင်္ဘောမစီးရ။ ရေဘေးကြုံတွေ့ရတတ်ပါသည်။ ရေနစ်တတ်သဖြင့် သတိထားပါ။

#### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ မူလရှိရင်းစွဲအလုပ်ကိုသာ ကောင်းမွန်လုံခြုံစွာ ထိန်းသိမ်းထားပါ။ လူမှုဆက်ဆံရေး စိတ်ရှည်သည်းခံ၍ ကြိုးစားလုပ်ကိုင်ပါ။ ခရီးတို ထွက်နိုင်ပါသည်။

#### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးကို လုံးဝရှောင်ပါ။ ညအခါ ကားမမောင်းရ။ အပြင်ထွက်လျှင် သတိနှင့်ဆင်ခြင်ပါလေ။ မတော်တဆ



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်မှုဖြစ်ပွားတတ်ပါသည်။ ဓား၊ ကျောက်လက်နက် ပစ္စည်းကိရိယာနှင့် ထိခိုက်တတ်၏။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမှုရှိမည်။ အပျို၊ လူပျို အိမ်ထောင်ကျကိန်းရှိ၏။ အခွင့်ကောင်းကို လက်မလွှတ်ပါနှင့်။ ခရီးတိုထွက်ပေးပါ။ အကျိုးရှိမည်။ မင်္ဂလာသတင်းကောင်း ကြားရပါလိမ့်မည်။ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပါ။ မကြာမီ လကုန်ရက်တွင် ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကိုရှောင်ပါ။ လေ၊ သင်္ဘော မစီးရ။ စီးပွားရေးလုပ်ငန်း မတိုးချဲ့ရ။ နိုင်ငံခြား ပြည်ပကုန်သွယ်မှု မလုပ်ရ။ လုပ်လျှင် အရှုံးပေါ်တတ်လေသည်။ ဆင်ခြင်ပါ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ညှိုးနွမ်းနေတတ်သဖြင့် ပင်မ်းတွဲ အလုပ်ကိုသာ လုပ်ပါ။ ခရီးထွက်လျှင် အကျိုးထူးမည်။ ပြည်ပ(နိုင်ငံခြား)ကုန်သွယ်ရေးလုပ်နိုင်ပါသည်။ ရေကြောင်းခရီး သွားနိုင်၏။ရီးဝေးသွားခြင်းကို သတိနှင့်ဆင်ခြင်ပါ။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုနှင့်။ အလုပ်သစ်မရှာပါနှင့်။ အကျိုးထူးမည် မဟုတ်ပါ။ ကျန်းမာရေး ညံ့နေတတ်၏။ ဟားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ပြင်ပ အစားအစာနှင့်၊ မတော်တဆ ထိခိုက်မှုဖြစ်တတ်၏။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း ခဏခေတ္တ နားထားပြီး ဘာသာရေးကိစ္စကို ဇောက်ချလုပ်ပါ။ ကုသိုလ်ကောင်းမှု အလှူအတန်းများများ လုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မကြာမီ ဂြိုဟ်ဆိုးမှ လွတ်ပြီး ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ပြင်ပမထွက်နှင့်။ ညအခါ ကားမမောင်းပါနှင့်။ မတော်တဆ ထိခိုက်သေကျေမှု ဖြစ်တတ်ပါသည်။ ဓားလက်နက်မကိုင်ရ။ သွေးထွက်သံယိုမှု ဖြစ်တတ်၏။ သူခိုးဘေး သတိထားပါ။ ငွေမချေးရ။ လူလိမ်လူကောက် ပေါ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေပါ။ စိတ်ရှည်သည်းခံပါ။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေး ပြိုင်ဘက်ပေါ်ပေါက်မည်။ ခံစစ်ကို လုံခြုံစွာ လုပ်ထားပါ။ ငွေကြေးကုန်ကျမှုများမည်။ ငွေကြေးကို စံနစ်တကျ ကိုင်တွယ်ပါ။ ငွေရတုန်း စုထားပါ။ မိုးရွာတုန်း ရေခံပါ။ နောင်အခါ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။

### ရှောင်ကြဉ်ရန်အချက်များ

သူခိုးဘေး၊ ဓားပြဘေးကို ကြိုတင်ကာကွယ်ထားပါ။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေး သည်းခံစိတ်ရှည်ပါ။ အချစ်သစ် လက်မခံပါနှင့်။ အိမ်ထောင်ရေးပဋိပက္ခမှု ဖြစ်တတ်၏။ စိတ်ထိန်းပါ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဂြိုဟ်ဆိုးမှ တစ်ဖြည်းဖြည်း လွတ်မြောက်လာပေပြီ။ စီးပွားရေးလုပ်ငန်း အကြံအစည်ကောင်းမွန်စွာ အောင်မြင်တိုးတက် အဆင်ပြေချောမောလာပါလိမ့်မည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်သော အချိန်အခါ အခွင့်ကောင်းဖြစ်၍ လက်မလွှတ်ပါစေနှင့်။ ကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးတက်မည်။ ရင်းနှီးမြှုပ်နှံလျှင် အကျိုးထူးမည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

ချစ်သူဝိုင်းဝိုင်းလည်မည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ ပြောဆိုဆက်ဆံမှုညံ့ဖျင်းခြင်းကြောင့် ချစ်သူ လက်လွှတ်ဆုံးရှုံးတတ်၏။ အချစ်ရေး အိမ်ထောင်ရေး စိတ်ရှည်သည်းခံပါ။ ခရီးထွက်ခြင်းကို ရှောင်ရှားနိုင်ပါစေ။ ဘေးအန္တရာယ်ရှိ၏။

### မွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း မူလအပေါင်းကိုသာ ထိန်းသိမ်းလုပ်ကိုင်ပါ။ ပြည်ပ(နိုင်ငံခြား)ကုန်သွယ်ရေး အသင့်အတင့်လုပ်နိုင်၏။ ငွေပင်ငွေရင်း မြှုပ်နှံမှုကို သတိထားဆောင်ရွက်ပါ။ မသမာသူ အကောက်ကြံသူတို့ကို အမြဲသတိထားပါ။

### ရှောင်ကြဉ်ရန်အချက်များ

လူလိမ်လူကောက်ပေါ်မည်။ ငွေချေးခြင်းမလုပ်နှင့်။ ပြန်ရမည်မဟုတ်ပါ။ အိမ်လုံခြုံမှု ကောင်းစွာလုပ်ထားပါ။ သူခိုးပေါ်မည်။ အတွင်းထဲမှ လောက်စားမည်။ လူယုံကို သိပ်မယုံပါနှင့်။ သတိနှင့် ဆင်ခြင်ပါလေ။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မူလအလုပ်ကိုသာလုပ်ပါ။ မူလနေရာတွင်သာ နေပါ။ စီးပွားရေးလုပ်ငန်းတွင် ပြိုင်ဘက်ကိုသတိထားပါ။ အကောက်ကြံတတ်လေသည်။ ကျန်းမာရေးကောင်း၏။ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေမည်။ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ရင်းနှီးမြှုပ်နှံမှု မပြုရ။ အကျိုးမရှိ ဖြစ်တတ်ပါသည်။ မူလအလုပ်ကို မပစ်ထားပါနှင့်။ နေရပ်အသစ်သို့ မပြောင်းရွှေ့ရ။ အကျိုးထူးလာမည် မဟုတ်ပါ။ ရေကြောင်းခရီးနှင့် လေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များ စောင့်ကြိုနေတတ်၏။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ စန်းပွင့်နေတတ်၏။ ပြည်ပ(နိုင်ငံခြား)ကုန်သွယ်ရေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ပါသည်။ အကျိုးထူးမှုရှိမည်။ မမျှော်လင့်သော အရပ်မှ ငွေဝင်လာပါလိမ့်မည်။ ခရီးဝေးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ပြည်ပမထွက်နှင့်။ မလွဲသာမရှောင်သာ၍ ထွက်ရပါလျှင် သွားလာမှုဆင်ခြင်ပါ။ မတော်တဆ ထိခိုက်မှုကြုံတွေ့တတ်၏။ သွေးထွက်သံယိုမှု ဖြစ်တတ်ပါသည်။ ရေကြောင်းခရီးကို ရှောင်ကြဉ်ပါ။ လေ၊ သဘော် မစီးကြရ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းရပ်တွင် ခေါင်းအေးအေးထား၍ လုပ်ကိုင်ပါ။ စိတ်ထိန်းပါ။ လုပ်ငန်းပြိုင်ဘက်နှင့် ခိုက်ရန်မဖြစ်ရ။ ခရီးတို ထွက်နိုင်၏။ အနည်းအကျဉ်း ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အလုပ်ကို ရိုးသားကြိုးစား လုပ်ကိုင်ပါ။ ရာထူးတိုး လစာတိုးဖွယ်ရှိ၏။ အိမ်ရာ ပြောင်းရွှေ့နိုင်၏။ အလုပ်မပြောင်းရ။

### ရှောင်ကြဉ်ရန်အချက်များ

ဖဲလောင်းကစားမှုအားလုံးကို ရှောင်ပါ။ အရင်းအ ပြုတ်တတ်၏။ အရက်သေစာရှောင်ပါ။ အစာအိမ်ရော အသည်းရောဂါ ရတတ်၏။ ပြင်ပသွားလာမှု သတိနှင့် ဆ ခြင်ပါ။ ယာဉ်တိုက်မှု ဖြစ်တတ်ပါသည်။ ညဉ့်အခါ မမောင်းရ။ သွားကိုက်သွားနာ ရတတ်၏။ အပူစာကို ရှော ပါလေ။

## ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်

***Ref:-***

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇ ခုနှစ်၊
Malaysia



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီးခါသာချင်နာဘန်ချောင်း

# ၂၀၁၇ ကြက်နှစ် တစ်လချင်းဟောစာတမ်း

## (မေလ)

● ဦးတိုး(တက္ကသိုလ)

၁၂ လရာသီခွင် သတ်မှတ်ချက်မှာ အနောက်တိုင်းနှင့် မတူသဖြင့် မိမိ၏ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောကို ဖတ်ရှုနိုင်ပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်)

### ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်

သင်၏ တာဝန်ယူနိုင်မှုများနှင့် အကြံဉာဏ် တီထွင်နိုင်မှုများကြောင့် လုပ်ငန်းခွင်တွင် ထင်ပေါ်လျက်ရှိမည်။ ဤလကုန်ဆုံးချိန်တွင် သင်ရွေးချယ်ခဲ့သည့် ကိစ္စရပ်မှာ သင့်အားဖိအားရှိလာနိုင်သည်။ ဝင်ငွေများ ဆက်တိုက်ရှိနေလင့်ကစား ထွက်ငွေလည်း အများအပြားရှိနေမည်။ တစ်ကိုယ်တည်းသမားများ မျက်နှာများနေတတ်သည်။ ချစ်သူရည်းစားရှိပြီးသူများမှာလည်း "သူတို့ထက်ငယ်ရွယ်သော သူတစ်ဦးနှင့် တွေ့ရတတ်သည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)

### ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

သင်၏လုပ်ငန်းခွင်သည် ငြိမ်ငွေ့ဖွယ်ကောင်းပြီး သင်၏အုပ်ချုပ်ကိုင်ဘက်များနှင့် ပဋိပက္ခကြုံတွေ့ရတတ်သည်။ အချိန်အခါကောင်းဖြစ်သောကြောင့် အလုပ်အကိုင်များပြောင်းလဲရန် ဖြစ်နိုင်ခြေရှိသည်။ မော်တော်ကားပြင်ဆင်ရန်အချိန်ကောင်း၊ ခရီးသွားကုန်ကျစရိတ်ကြောင့်လည်းကောင်းငွေကုန်လုနီးပါး ဖြစ်သွားမည်။ လူပုံအလယ်တွင် ထင်ထင်ပေါ်ပေါ် ဖြစ်လာ၍ ချစ်မေတ္တာရေးတွင် ချစ်သူများ၊ လင်မယားများ စိတ်ပျက်စရာကြုံရတတ်သည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် စိတ်ကြိုက်မတွေ့နိုင်သေးပေ။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)

### မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

အခက်အခဲများရှိနေချိန်တွင် စိတ်ရှည်စွာ သည်းခံနေခြင်းသည် အကောင်းဆုံး ဥပဒေသဖြစ်သည်။ သင်္ကြန်တံခါးပေါ်လာပြီးနောက် ကောင်းသောကိစ္စရပ်များဖြင့် သင်ကြုံတွေ့ရမည်။ သင့်စီနီယာများမှ သင့်အား အကြံဉာဏ်ကောင်းများကိုပေးမည်။ ပြဿနာဖြစ်ပေါ်လာ၍ ချစ်သူများအနည်းငယ် ရန်ဖြစ်ကြရတတ်သည်။ ဤကာလလွတ်မြောက်သွားရန် ဖြစ်ပြီးတာတွေရှိပါစေတော့လို့ သဘောထားလိုက်ပါ။

### မိဿရာသီဖွား (သိုးထီးရုပ်)


### ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

ဤလတစ်လျှောက်လုံး၌ ညှိနှိုင်းဖျော်ဖြေနေရမှုများဖြင့် မိတ်သစ်ဆွေသစ်များ ရရှိမည်။ သင်၏ ကျွမ်းကျင်မှုများနှင့် ဖော်ရွေမှုများဖြင့် မိတ်သစ်ဆွေသစ်များ ရရှိမည်။ သင်



www.burmeseclassic.com

www.burmeseclassic.com



၏ ကျွမ်းကျင်မှုများနှင့် ဖော်ရွေမှုများကြောင့် သင့်အထက် အရာရှိ၏ လက်ထောက်အဖြစ် ရာထူးတိုးခြင်းခံရမည်။ သင့်တွင် စုငွေများများရှိလာအောင် ယခုလတွင် အသုံးအဖြုန်း ဆင်ခြင်ရမည်ဖြစ်သည်။ တစ်ကိုယ်တည်းသမားများ မျက်နှာသစ်များဖြင့် မိတ်ဆက်ရချင်ရှိမည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

ယခုလတွင် ဘက်လိုက်ကျလိုက်အဖြစ် ခံစားနေရပြီး အခြေအနေများကို လိုက်မီရန် သင့်မိတ်ဆွေများနှင့် မိသားစုများမှ ကြိုးပမ်းနေရပေမည်။ စွန့်စား ငွေကြေးစုဆောင်းထားမှုဖြင့် ဆုကြေးများ ခံစားရမည်။ ငွေကြေးအခက်အခဲမရှိဘဲ အဝေးမှ ဧည့်သည်တစ်ဦးက ကံကောင်းမှုများကို ယူဆောင်လာပါလိမ့်မည်။ လက်ရှိအတိုင်း မြဲအောင်နေပြီး အသည်းမကွဲအောင် အချစ်သစ်ကို ရှောင်ရှားပါ။

## မေထုန်ရာသီဖွား (အမြွာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

သင့်အနေဖြင့် အသိအကျွမ်းအသစ်များနှင့် အတွေ့အကြုံသစ်များ ရရှိမည်။ သင်ကိုယ်တိုင်၏ အရည်အချင်း တိုးတက်အောင် ဆောင်ရွက်ပြီး လုပ်ငန်းခွင်၌ တိုးတက်မှုဆီသို့ ဦးတည်ပေးပါလိမ့်မည်။ မိတ်ဆွေများနှင့် ဆက်ဆံရေး အမြဲတမ်း ကောင်းမွန်နေမည်။ တစ်ကိုယ်တည်းသမားများ အသစ်အဆန်းနှင့် အတွေ့အကြုံသစ်များ ရရှိမည်။ အိမ်ထောင်ရှင်များအနေဖြင့် စိတ်အလိုလိုက်မှုများကို သတိထားသင့်ကြသည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

သင်၏ အခုံးအဖြတ်မပေးနိုင်သည့် ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် အားထားရမည့် အကြံဉာဏ်ပေးသူတစ်ဦးအား ရှာဖွေသင့်သည်။ အပြုသဘောဖြင့် သင့်ကမ္ဘာထဲတွင် ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် သင်၏ ဘဝတစ်ဆစ်ချိုး၌ ရှုပ်ထွေးမှုတချို့ ပေါ်ပေါက်လာတတ်သည်။ အပိုဝင်ငွေ တိုးတက်ရရှိမည်။ အခွင့်အရေးများ ထွက်ပေါ်လာမည်။ တစ် ကိုယ်တည်းသမားများအနေဖြင့် အခြားလူသစ်များအား ဆွဲဆောင်နိုင်ရန် သူတို့၏ ပုံပန်းသဏ္ဌာန်အား ပြောင်းလဲမှု စတင်သင့်ပြီဖြစ်သည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

သင့်ကိုယ်တိုင်ထက် အခြားသူတစ်ပါး၏ ပြဿနာများကို ဖြေရှင်းပေးမှုဖြင့် သင်သည် ပိုမိုကံလိုက်တတ်ပေသည်။ လုပ်ငန်းခွင်၌ ပြဿနာငယ်ကလေးများ ရှုပ်ထွေးမှု ပေါ်ပေါက်ရာမှ စတင်၍ အလုပ်အကိုင် ပြောင်းလဲရန် စဉ်း





www.burmeseclassic.com

www.burmeseclassic.com


စားလာလိမ့်မည်။ ငွေကြေးကိစ္စ အသေးအဖွဲ့များအား အမြောက်အမြား တာဝန်ခံထားရမှုဖြင့် သင့်အိတ်ကပ်ထဲမှ ငွေများ ပါသွားတတ်သည်။ ထို့ကြောင့်ပင်လျှင် အဖိုးတန် ပစ္စည်းတစ်ခု ဆုံးရှုံးသွားရပေမည်။ သင်၏ ချစ်မေတ္တာရေးတွင် ခဲခဲယဉ်းယဉ်း ရွေးချယ်ရမှုတစ်ရပ် မဖြစ်မနေ ရှိလာလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

လူအများအပြားသည် သင့်ထံမှ အကူအညီတောင်းရင်း သင်၏ကိုယ်ရေးကိုယ်တာထဲသို့ပင် ကျူးကျော်ဝင်ရောက်လာတတ်သည်။ နောက်ဆုံးတွင် ရုန်းထွက်နိုင်ပြီး သင့်အထက်လူကြီးများမှ သင်၏အရည်အချင်းရှိမှုကို အသိအမှတ်ပြုလာကြလိမ့်မည်။ အခြားသူတစ်ပါး၏ အကြံပေးမှုဖြင့် ချစ်ခင်နှစ်သက်ဖွယ် ချစ်သူတစ်ဦး သင့်ဘဝထဲသို့ရောက်ရှိလာပါလိမ့်မည်။ ယခုလ ခြုံငုံပြောရလျှင် အိမ်ထောင်ရှင်များအဖို့ ကောင်းမွန်နေပါသည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

ပြဿနာများ သင့်ထံရောက်လာပြီး သင့်အား နာလန်ထူနိုင်အောင် အလဲထိုးပစ်လိုက်ပါလိမ့်မည်။ တစ်ဆင့်ပြီး တစ်ဆင့် မမျှော်လင့်သော ပြောင်းလဲမှုများ ရှိလာမည်။ သို့သော်လည်း ကံကြမ္မာကောင်းသည် သင့်ဘက်၌ ရှိနေပါလိမ့်မည်။ မကောင်းသည့်ကိစ္စရပ်အားလုံး နောက်ဆုံးတွင် အကောင်းဘက်သို့ ဆိုက်ရောက်သွားမည်။ ရင်းနှီးမြှုပ်နှံမည့်သူများ အကျိုးအမြတ်များ ရရှိနိုင်သည်။ အသည်းကွဲနေရမှုကို မကြာမီ ကုစားနိုင်ပါလိမ့်မည်။



## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

လုပ်ငန်းခွင်၌ ပဋိပက္ခမှ ပေါ်ပေါက်ပြီးနောက် တစ်စုံတစ်ရာ အသစ်တစ်ခုကို သင်ရှာဖွေချင်မိပေလိမ့်မည်။ သင်၏လုပ်ငန်းခွင်အား ပြောင်းလဲပစ်ရန် အခွင့်အရေးတစ်ရပ် ရရှိမည့် အချိန်ကာလဖြစ်သည်။ ခရီးသွားရင်း သင့်ငွေအားလုံးကို သုံးပစ်လိုက်မိမည်။ သို့သော်လည်း ကံကြမ္မာကောင်းသည် သင့်ဘက်၌ ရှိနေပါသည်။ သင်၏ ချစ်မေတ္တာရေးတွင် ကြားလူတစ်ဦး ဝင်ရောက်ပြီး ရှုပ်ထွေးအောင် လုပ်လာလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောကျာ်းရုပ်)
## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

သင်အမြဲတမ်း လုပ်ကိုင်ချင်သည့် စီမံချက်ကို ဆက်လက်လုပ်ကိုင်လိုက်ပါ။ သင့်အထက်အရာရှိများမှ သင့်အား အရေးပါသော အလုပ်အကိုင်တစ်ခုကိုလုပ်ရန် အပ်နှံလိမ့်မည်။ အောင်မြင်မှုကို ရရှိမည်ဖြစ်သော်လည်း အတူတူလုပ်ကိုင်နေကြသူများနှင့် ပြဿနာဖြစ်မည်။ နောက်ထပ် အလုပ်အကိုင်တစ်ခုကို ထပ်မံရှာသင့်သည်။ သင့်ထက်ငယ်ရွယ်သူတစ်ဦးမှ ကံကောင်းမှုများကို ယူဆောင်လာပါလိမ့်မည်။

**ဦးတိုး(တက္ကသိုလ)**

***Reference:***

**2017: A Year to crow about? by Khatha Chinnabanchorn.**



www.burmeseclassic.com

www.burmeseclassic.com



# ဝါတွင်းသုံးလ
# ဝါဆိုခြင်းနှစ်မျိုး

## ဆရာသီဟာစကြာစိုးမြင့်(ပွဲကျောင်း)

ရှေးပဝေသဏီဝေဒခေတ်ကြီးတစ်လျှောက်တွင် မိုးရာသီတွင် အလွန်အမင်းမိုးများစိုစွတ်သဖြင့် ဝေသန္တာဥတုဟူ၍ မိုးလေးလကို ပိုင်းခြားသတ်မှတ်ထားပေသည်။ ထိုရာသီမှစ၍ ရှေးခေတ်အဖို့ အသွားအလာအနေထိုင် ကျုံ့လှသည်။ ထိုသို့ ခရီးကျုံ့ခြင်း၊ အနေအထိုင်ကျုံ့ခြင်းကိုပင် ကိုယ်နှင့်ဆိုင်ရာ အခွင့်သင့်အခါကောင်းအဖြစ် အသုံးချတတ်ဖို့လိုပေသည်။ အတွေးအခေါ် အသိအလိမ္မာ အတတ်ပညာ ထုတ်လုပ်ရေးသမားများဖြစ်သူတို့ အလွန်ထွန်းကားချိန် မိုးအေးအေးနှင့် ကဗျာလင်္ကာသီချင်းများ စီကုံးခြင်း၊ ပရမတ်သဘောများ ကြံဆခြင်း၊ တွေးခေါ်ခြင်း၊ ကိုးကွယ်ရာရှာခြင်းများဖြင့် ပညာရှာသမားတို့ အလုပ်လုပ်ကြ... သည်။

ဗုဒ္ဓဘုရားရှင်မပွင့်မီရှေးကာလကပင် (ဝဿ-ဝါ... ကျင့်သုံးခြင်းဓလေ့ရှိခဲ့သည်။ ထိုအကြောင်းကို ဂေါ်... သုတ္တန္တတွင် ဖော်ပြထားသည့်စကားများအရ သိသာထင်ရှား ဖြစ်ပေသည်။ ထိုသုတ်တွင် ဖော်ပြထား...

www.burmeseclassic.com

၎င်းမိုးဥတု–ဝဿ ကာလအတွင်း ဆိတ်ငြိမ်ရာရာ တစ်နေရာတည်းတွင် ထက်ဝယ်ဖွဲ့ခွေထိုင်လျက် သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ်မြဲပါစေဟု မေတ္တာတရားပွားများပါလျှင် စိတ်ဓာတ်မြင့်မြင့် ဖြူစင်ကြည်လင် ချမ်းသာတန်ခိုးသိဒ္ဓိဝင်လာသည်ဖြစ်၍ မဟာဗြဟ္မာကြီးနှင့် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံပြီးနောက် မျက်နှာချင်းဆိုင် စကားပြောဆိုရလိမ့်မည်ဟု ယုံကြည်ခြင်း ရှိနေကြသည်ကို တွေ့ရလေပြီ။ နောက်ကာလတွင်လည်း ထိုဝဿ–ဝါသမှုကိုယူ၍ ဗြဟ္မာဝိဟာရတရား(မေတ္တာ–ကရုဏာ–ဥပေက္ခာ)လေးပါးကို အနုဿာဝတီ ဘာသာပွားများခြင်းစနစ် ဗုဒ္ဓဝါဒမှသို့ ပြောင်းလဲလာသည်။

ဗြဟ္မာဝိဟာရတရားကျင့်သုံးခြင်းကြောင့် ရရှိခံစံအပ်သော ဘဝချမ်းသာကို မှချမသွေရရှိလေသည်။ အဆိုပါ မဟာဂေါဝိန္ဒသုတ်လာ မိုးလေးလပါတ်လုံး ဤဗြဟ္မာဝိဟာရ အနုဿတိတရားပွားများမှုကြောင့် တမလွန်ဘဝ၌ ဗြဟ္မာဘုံသို့ရောက်၍ သနာမကုမာရဗြဟ္မာကြီးနှင့်တွေ့ရ၍ ဗြဟ္မာဘုံသို့ ရောက်လာခြင်းအကြောင်း ဟောပြလေသည်။

အထက်ပါ မဟာဂေါဝိန္ဒသုတ်လာစကားကို ဆောက်ထား၍ ဝဿ–ဝါသမိုးလေးလပတ်လုံး တစ်နေရာတည်း၌နေခြင်း၊ အလေ့အထသည် ဗုဒ္ဓဘုရားရှင်မပွင့်မီ မွေးခေတ်ကပင် ကျင့်သုံးနေထိုင်လျက်ရှိသည့်အဖြစ်ကို သိအားသင့်ကြပေမည်။ ဗုဒ္ဓဘုရားရှင်သည် မည်သည့်သိက္ခာပုဒ်ကိုမဆို အကြောင်းမပေါ်ပေါက်ခင် ပညတ်တော်မမူလေ့ရှိကား ဝဿ–ဝါသသိက္ခာပုဒ်ကိုလည်း အကြောင်းမပေါ်ပေါက်သေးသဖြင့် ဘုရားအဖြစ်ကို ရောက်တော်မူပြီးနောက် ခြောက်နှစ်အထိ ပညတ်တော်မမူသေးပေ။ (ဝါဆိုခြင်းအစ အကြောင်းရင်းက) ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှင်[illegible]တို့ကို အစာကျွေး၍မွေးရာဖြစ်သည့် ဝေဠုဝန်ကျောင်းတော်၌ ယာပထလေးလီမျှညီနေထိုင်တော်မူစဉ် ဘုရားရှင်၏ တပည့်သံဃာတော်များသည် မိုးကာလတွင် တစ်နေရာတည်း၌ မနေကြဘဲ နေရာအနှံ့အပြားသို့ ခရီးလှည့်လည်ကြသဖြင့် ရွာသူတို့ စိုက်ပျိုးထားသည့်အသီးအနှံများတို့ကိုပင် ဖျက်စီးချို့ယွင်းကြကုန်၏။ ပိုးမွှားတို့သည်လည်း နင်းမိသဖြင့် သေကျေပျက်စီးကြကုန်၏။ ထိုဖြစ်အင်ကို လယ်ရှင် ယာရှင်တို့က မခံမရပ်နိုင်ဖြစ်ကြပြီးလျှင် ကဲ့ရဲ့ကြ[illegible] ရှုတ်ချကြကုန်၏။ ပြစ်တင်ကြကုန်၏။ ဗုဒ္ဓဘုရားရှင်တပည့်သာဝကတို့သည် အဘယ့်ကြောင့် မိုးတွင်းကာလတွင် ခရီးဒေသစာရီ လှည့်လည်ကြကုန်သနည်း။ ရွာသူတို့စိုက်ပျိုးထားသော သီးနှံတို့ကို ဖျက်ဆီးကြကုန်သနည်း စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချအပြစ် ပြောဆိုကုန်သောအသံသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘုရားရှင်သိတော်မူသဖြင့် ဗုဒ္ဓဘုရားသည် (အနုကာနာ မိဘိက္ခဝေ ဝဿဝတိဂုံ) စသည်ဖြင့် မိုးလေးလပတ်လုံး တစ်နေရာတည်းတွင် ဝါကပ်၍နေခြင်းကို ဘုရားရှင်ပညတ်တော်မူပေ၏။

ထိုမှတစ်ပါး အထက်ပါ ဝဿ–ပနာယိက–ခန္ဓကလာ စကားအရ ဝဿ–ဝါသသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းသည် ရဟန်းတော်များ ဒေသစာရီလှည့်လည်လွန်းသဖြင့် ခြေချုပ်သဘောမျိုးနှင့် သိက္ခာပုဒ်ကို ပညတ်တော်မူရသည်ဟု လူပြိန်းတွေး တွေးဆကြပါလိမ့်မည်။

စင်စစ်မူကား ထိုကဲ့သို့မဟုတ်ပေ။ ဗုဒ္ဓ၏တပည့်သာဝကတို့သည် ပထမအစ၌ အပွကိစ္စ နေထိုင်မှုကိစ္စ၊ နည်းနိုင်သမျှနည်းစေရန် (ရုက္ခမူလသေနာသန) ခေါ် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်တို့၌ တကွဲတပြားနေထိုင် သီတင်းသုံးကြရာမှ ဘုရားသခင်သည် တပည့်သာဝကတို့အား သံဃာဝါဒစည်းလုံးမှုရှိစေလိုသော စိတ်ဆန္ဒဖြင့် အာရာမစနစ်၊ ဝိဟာရစနစ်၊ ကျောင်းအရာမ်တည်ထောင်နေထိုင်မှု ခွင့်ပြုခဲ့၏။ ထိုအာရာမ်စနစ်၊ ဝိဟာရစနစ် သီတင်းသုံးနေထိုင်ခဲ့ကြရာမှ သံကွင်းဆက်အကျိုးအားဖြင့် ဝဿ–ဝါသ ဝါဆိုခြင်းစနစ်ကို ပညတ်တော်မူခဲ့ပေသည်။ ရဟန်းသံဃာတော်များ တစည်းတလုံးတည်း တစ်နေရာတည်းတွင် စိတ်တူကိုယ်မျှနေထိုင်ကြ၍ ဝါဆိုစေရခြင်း၏ လိုရင်းရည်ရွယ်ချက်များမှာ –

(၁) ဆောင်းကာလ၊ နွေကာလ၊ သာသာယာယာရှိသောအချိန်တွင် သာသနာပြုကိစ္စဖြင့် ခရီးလှည့်လည်ကြရသဖြင့် ပင်ပန်းနွမ်းနယ်ကြရသော တပည့်သာဝကတို့အား အနားယူ သက်သာရာရစေခြင်း၊ ကိုယ်တိုင်ကမ္မဋ္ဌာန်းတရားအားထုတ်နိုင်ခွင့်ရစေလိုခြင်း။

(၂) ထိုကဲ့သို့သော တစ်ခုတည်းသော ကျောင်းအာရာမ်အတွင်းတွင် ဝါကပ်တော်မူသောအခါ ကျောင်းမှီရာရပ်ရွာတို့မှ သာသနာတော်အား ထောက်ပံ့သူ၊ ဆွမ်းပန်းလှူဒါန်းပေးကြသူ၊ လူဒကာ၊ ဒကာမတို့အား အန္ဓပုဂ္ဂိုလ်ဘဝမှ လွတ်မြောက်ကြစေရန် ဘာသာရေးလမ်းကြောင်းတရား

www.burmeseclassic.com

www.burmeseclassic.com

များကို ဟောပြောပြသခြင်းဖြင့် အသိအလိမ္မာညွှန်ကြားပြသခြင်း၊ ဒုက္ခဒေါမနဿအပေါင်းမှ ကင်းဝေးသက်သာစေခြင်း၊ နိမ့်ကျသော စိတ်နေသဘောထားများကို အဆင့်အတန်းမီအောင် မြှင့်တင်ပေးခြင်း၊ တစ်ယောက်နှင့်တစ်ယောက် သမဂ္ဂ[illegible]မောဓာနဖြစ်အောင် စည်းလုံးစေခြင်း။

(၃) လူပုဂ္ဂိုလ်များကိုသာလျှင် မဟုတ်သေးပါ။ ဝါကပ်တော်မူကြကုန်သော ရဟန်းသံဃာတော်များအားလည်း တစ်သိမ်တည်းတွင် အတူတကွ ပါတိမောက်ပြုစေခြင်း၊ ဥပုသ်ပြုစေခြင်း စသော သံဃကံများကို ပြုလုပ်စေသည့်ပြင်၊ ဓမ္မတရားများကို တစ်ဦးနှင့်တစ်ဦး ဆွေးနွေးခြင်း၊ ညွှန်ကြားပြသစေခြင်းအားဖြင့် ရဟန်းသံဃာတော်များ၏ စိတ်ဆန္ဒသည် စည်းလုံးညီညွတ်မှုကို တိမ်းညွတ်သည်ထက် တိမ်းညွတ်ကြပြီးလျှင် ဘုရားရှင်၏ ဓမ္မစည်းမျဉ်းနှင့် သံဃာအပေါင်းအစုနေထိုင် ရေးစည်းမျဉ်းတို့၌ အချိုးကျကျလေ့ကျင့်သားရပြီး ဖြစ်စေခြင်းတို့အတွက် ဝဿ–ဝါသအကျိုးသက်ရောက်စေပါသည်။

ထို့ကြောင့် ဘုရားရှင်သည် ဝဿ–ဝါသ ဝါဆိုခြင်းစနစ်ကျင့်ထုံးသိက္ခာပုဒ်ကို အထူးတလည် ပညတ်တော်မူခြင်း၏အကြောင်းနှင့် အကျိုးတရားများမှာ သံဃဝါဒ ရဟန်းသံဃာတော်များ၏ စည်းလုံးမှုအင်အား အဖွဲ့ရှည်တည်မြဲစေရေး၊ သီတင်းသုံးနေထိုင်မှုစနစ်ကျရေး၊ ကမ္မဋ္ဌာန်းဘာဝနာတရားအားထုတ်နိုင်ရေးတို့အတွက် အခြေခံမှုမှန်၍ကောင်းမြတ်သော ပညတ်တော်တရား ဖြစ်ပါပေသည်။

## ဝါဆိုခြင်းနှစ်မျိုး

၁။ ပုရိမဝါ

၂။ ပစ္ဆိမဝါ

(၁) ပုရိမာဝါဟူသည်မှာ အာသဠှီမာသ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ သုံးလတိုင်တိုင် မကျိုးမပေါက်အောင် ဝါကပ်တော်မူခြင်းကို ပုရိမဝါ သားရဟန်းများဟုခေါ်၏။

(၂) ပစ္ဆိမဝါဟူသည်မှာ အကြောင်းတစ်ခုခုကြောင့် ပရိမဝါကို မဆိုလိုက်ရ၍ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ သုံးလတိုင်တိုင် ဝါကပ်တော်မူကြသော ရဟန်းသံဃာတော်များကို ဆိုလိုပေသည်။

## ဝါဆိုရခြင်း၏ အကျိုးကျေးဇူး

ထိုကဲ့သို့ ဝါတွင်း သုံးလပတ်လုံး မကျိုးမပေါက်အောင် ပုရိမဝါကပ်တော်မူကြသည့် ရဟန်းသံဃာတော်များအား ဗုဒ္ဓဘုရားရှင်သည် တမလွန်လောက၌ အကျိုးကျေးဇူး မဆိုထားဘိ၊ ယခုပစ္စုပ္ပန်ကာလ၌ ရရှိခံစားအပ်သောအကျိုးကျေးဇူးတို့ကို ညွှန်ကြားပညတ်ထားပေသည်။ ထိုအကျိုးကျေးဇူးများမှာ ပုရိမဝါ သားရဟန်းသံဃာတော်များသည် (၁) ကထိန် ခံယူထိုက်ခြင်း၊ (၂) ကထိန်ခံယူရသဖြင့် ကထိန်မှဖြစ်ပေါ်သည့် ကထိန်အာနိသင်တရား ငါးပါးတို့ကို ရရှိခြင်းစသော အကျိုးတရားများကို ရရှိခံစားရပေသည်။

## လူပုဂ္ဂိုလ်များ သတိပြုဖွယ်

ရဟန်းတော်များအဖို့ ဝဿ–ဝါသမိုးကာလ၌ ဝါဆိုခြင်းစနစ်ဖြင့်နေခြင်းကို အမှီပြုအတုယူ၍ ဗုဒ္ဓဘာသာ လူဝတ်ကြောင်များသည်လည်း တစ်နှစ်လျှင် ၃၆၅ ရက်ရှိသည့်အနက် ထို ၃၆၅ ရက်ပတ်လုံး ပျော်ရွှင်မှု၊ ပစ္စည်းဥစ္စာရှာဖွေမှုတို့ဖြင့်သာ အချိန်ကိုမကုန်လွန်စေဘဲ မိုးကာလရက်ပေါင်း ၉၀ တို့တွင် တစ်နေရာတည်း၌ မနေနိုင်စေကာမူ အချိန်ရသရွေ့ကို ချွေတာ၍ ဝါဆိုတော်မူကြသော ရဟန်းသံဃာတော်များအထံ၌ တရားနာယူခြင်း၊ နည်းနာခံယူခြင်း ဗုဒ္ဓ၏မှန်မြတ်လှသည့်လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကို ပွားတိုးစေသည့် ဓမ္မအရသာတို့ကို နာယူမှတ်သားခြင်းတို့ကို ပြုလုပ်အပ်သည့်ပြင် ကိုယ်စောင့်စည်းမှု၊ စိတ်ကိုစောင့်စည်းမှု၊ နှုတ်ကိုစောင့်စည်းမှုတည်းဟူသော (ဣန္ဒြိယသံဝရ) တရားများ ပွားများခြင်းတို့ဖြင့် ဝဿ မိုးကာလ ဝါသနေထိုင်ခြင်းကို နေထိုင်တတ်ကြစေရန် [illegible]သားလိုက်ရပေသည်။

ဆရာသီဟစကြာစိုးမြင့်(ပွဲကျောင်း[illegible])

မှီး ။ ။ ကာလကဏ္ဍား ယူနီဘာစီတီ ဗုဒ္ဓဘာသာ[illegible] ကျမ်းဂန်များရေးသားသူ ပါဠိပါမောက္ခဆရာကြီး [illegible] လဒတ်စ်ဒီ အမ်. အေ။



www.burmeseclassic.com

www.burmeseclassic.com

# ပုန်းညက်ညို မာလာမင်း ပျံ့သင်းပါတဲ့ လဝါဆို

တက္ကသိုလ်သျှင်ဥက္ကာ(မဟာစိဋ္ဌာ၊ ကျမ်းပြု)

ဝါဆိုလသို့ ပြောင်းခဲ့ပြီ။

သည်လ သည်ရာသီကား "ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး မိုးအေးအေး . . . "ဆိုသော မိုးလက်ာမှတ်စုနှင့် ကိုက်ညီလှပါဘိ။ မိုးမင်းပဇ္ဇုန်ဒေဝါသည် ပူပြင်းခြောက်သွေ့ခဲ့သမျှကို အေးချမ်းစေရန်အလို့ငှာ မြန်မာပြည်သူပြည်သား အပေါင်းအား မိုးပုလဲပန်းတို့ကို အဟုန်ထန်ပြင်းစွာ ကြဲချနေပါပကော။ မိုးရေနှင့်အပြိုင် တက်ရေတွေကလည်း ကွင်းကျယ်အဝေးဝေးကို ဖွေးစေခဲ့ပေပြီ။ ခြေတံရှည် လယ်စောင့်ဘဲကလေးများကား မိုးကုပ်အောက်၌ ရပ်တည်ရင်း ကြာဖြူပြာနီပွင့်များနှင့် ပန်းတင့်လျက်ရှိတော့၏။

မြန်မာပြည်၏ ဆယ့်နှစ်လရာသီအနက် "နေ့မှာ ဝါဆို ညမှာ ပြာသို" ဆိုသောစကားနှင့်အညီ ဝါဆိုလသည် နေ့တာအရှည်ဆုံးလဖြစ်သကဲ့သို့ ပြာသိုလသည်လည်း ညတာအရှည်ဆုံးလ ဖြစ်ပါချေ၏။ ဗုဒ္ဓဘာသာထွန်းကားသော မိမိတို့ မြန်မာနိုင်ငံတွင်းရှိ ပြည်သူပြည်သားအပေါင်းသည် ဒသကာတို့အနက် ဝါဆိုလကို အထွတ်အမြတ်ထားကြပါချေ၏။ ဝါဆိုလသည် တောင်သူလယ်သမားဦးကြီးများအတွက် လယ်ယာလုပ်ငန်း၌ "လမိုင်း"က ချုပ်ကိုင်သောလဖြစ်ချေ၏။ ထို့အတူပင် ရဟန်းသံဃာတို့အဖို့ရာတွင်လည်း မိမိတို့ ဝါဆိုသော ဝါကပ်သည့်ကျောင်းမှ ညဉ့်အိပ်ပြင်ပသို့ မထွက်ကြစေရန် ဝိနည်းတော်က ချုပ်ကိုင်သောလ ဖြစ်ချေသည်။ ကရကင့်ရာသီဖြစ်သော ဝါဆိုလတွင် လနှင့် ပြုဗ္ဗာသဠ်နက္ခတ်တို့ ယှဉ်ပြိုင်ထွန်းပသော လဖြစ်သည်။ ဝါဆိုလကို "နဒီတာလ"ဟု ခေါ်ကြသည်။

ရှေးမြန်မာမင်းများ လက်ထက်က ဤဝါဆိုလသို့ ရောက်သွင် ပဉ္စင်းတော်ခံပွဲများ ကျင်းပလေ့ရှိခဲ့သည်။ ဘုရင်၏ ပဉ္စင်းခံပွဲတွင် ဆင်းရဲသားထဲမှ သင့်လျော်သူတို့ကိုရွေးချယ်၍ ရှင်သာမဏေပြုစေခြင်း၊ ရဟန်းအဖြစ် ခံယူစေခြင်း စသည်တို့ကို ပြုလုပ်စေပါသည်။ တိုင်းသူပြည်သားတို့မှာလည်း သာသနာတော်၌ မွေ့နှစ်စွာ သဒ္ဓါအားကြီးလှသည့်အတွက် သာသနာ့ဘောင်သို့ ဝါမဆိုမီ ဝင်ရောက်လာကြသည်။ သို့ဖြစ်၍လည်း ဝါဆိုလ၌ ပဉ္စင်းတော်ခံပွဲများကို ကျင်းပကြခြင်း ဖြစ်လေသည်။

ရှင်သာမဏေအဖြစ်မှ ကန့်သတ်ထားသော အသက်အရွယ်သို့ ရောက်လေသော် ပဉ္စင်းခံကြလေသည်။ ပဉ္စင်းဟုခေါ်ကြခြင်းနှင့်စပ်လျဉ်း၍ သေချာဂန သိသူ နည်းပါးလှပါသည်။ အချို့မှာ ဒုလ္လဘဦးပဉ္စင်းခံသော်လည်း အမှုမဲ့ အမှတ်မဲ့ကြောင့် မသိကြ။ ပဉ္စင်းဖြစ်ဖို့ရာကလည်း လွယ်လှသည်တော့မဟုတ်။ သိမ်အတွင်း၌ ပဉ္စင်းဖြစ်မည့် ရဟန်းလောင်းကို ရဟန်းသံဃာတော်များက ဝိုင်းရံ၍ ကမ္မဝါစာ ဖတ်ကြရသည်။ ယင်းကို "သိက္ခာတင်သည်"ဟု ခေါ်ကြသည်။ ရဟန်းဖြစ်လာသောအခါ ရဟန်းသိက္ခာဖြစ်သော သိက္ခာတော် ၂၂၇ ပါးကို ထိန်းသိမ်းရပါတော့သည်။ ဝိနည်းသိက္ခာပုဒ်ကို နားလည်အောင်ကြိုးစား၍ ကျင့်ကြံအားထုတ်ကြရသည်။ သို့မှသာ ရဟန်းအဖြစ်သို့ ရောက်ရှိပါတော့သည်။

ရဟန်းဖြစ်ခြင်း၌ အင်္ဂါငါးရပ်ရှိ၏။ ထိုအင်္ဂါငါးပါးကား

(၁) ရဟန်းလောင်းဖြစ်ရန် အင်္ဂါနှင့်ပြည့်စုံခြင်း

(၂) ဥတ်၏ ပြည့်စုံခြင်း

(၃) ကမ္မဝါစာ၏ ပြည့်စုံခြင်း

(၄) သိမ်၏ ပြည့်စုံခြင်း

(၅) ပရိသတ်၏ ပြည့်စုံခြင်း စသည်တို့ ဖြစ်ကြ၏။

ဤ၌ ပြည့်စုံခြင်းဆိုသည်မှာ ဒေသနာတော် လာရှိသည့်အတိုင်း အဆိုပါ ပညတ်ချက်ငါးပါးနှင့် ပြည့်စုံခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အဲဆိုပါ ငါးပါး ပြည့်စုံခြင်းကို ပဉ္စင်၊ ထိုမှ ပဉ္စင်းဟူ၍ ဆိုပါသည်။ ဆီသည်ရွာစား ပညာရှိ ဦးအောင်ကြီးက ၎င်း၏ လူးတားတစ်ပုဒ်၌ -



www.burmeseclassic.com

www.burmeseclassic.com

"မြတ်သည့်သိမ်သို့ ငြိမ်ဆိမ်ထည်းဝင်၊ သိက္ခာတင်သည်၊ ပဉ္စင်းမြတ်ရဟန်းတည့်လေး"ဟူ၍ ရေးသားစပ်ဆိုခဲ့ပါသည်။ ရဟန်းအဖို့ ဝါတွင်းသုံးလ၌ မိမိဝါဆိုသော ကျောင်းအာရာမ်တွင်းမှသာ ကျိန်းစက်ရပါသည်။ ပြင်ပသို့ ညအိပ်ညနေ ထွက်ခွင့်မရှိပါပေ။ ဝါဆိုစဉ်က "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟု သုံးလအတွင်း ဝါကပ်ပါမည့်အကြောင်း ဝန်ခံခဲ့ရပါသည်။ ရဟန်းသံဃာအဖို့ မိမိတို့ ဝန်ခံထားရှိသည့်အတိုင်း တိမ်းပါးခြင်း၊ ချွတ်ချော်ခြင်း၊ ကတိပျက်ခြင်း မရှိရလေအောင် ထိန်းသိမ်းထားရပါမည်။

ဝါဆိုလကား ထူးခြားသောလ ဖြစ်ချေ၏။

အကြောင်းမူ ဝါဆိုလပြည့်နေသည် "ဓမ္မစကြာအခါတော်နေ့" ဖြစ်၏။ ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားရှင်သည် ဗာရာဏသီပြည်၊ မိဂဒါဝုန်တော်၌ မဟာသက္ကရာဇ် ၁၀၃ နှစ်၊ ဝါဆိုလပြည့်နေ့ နေဝင်နေထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့ပါသည်။ ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါပါဠိတော်၌ "ပဉ္စဝဂ္ဂိယကထာ"အမည်ဖြင့် လာရှိပါသည်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ "ဓမ္မစက္က ပဝတ္တနဝါရ"အမည်ဖြင့် လာရှိပါသည်။ မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင်မူ "ဓမ္မစက္ကပဝတ္တနသုတ္တ"အမည်ဖြင့် လာရှိသည်ကို တွေ့ရပါသည်။ ဓမ္မစက္ကပဝတ္တန၏ အဓိပ္ပာယ်မှာ တရားတည်းဟူသော အသိစက်ကို လည်စေတော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ စင်စစ် ဓမ္မစကြာတရားတော်သည် သစ္စာတရားလေးပါးကို ညွှန်ဆိုဟောကြားသော ဒေသနာဖြစ်၍ ပိဋကတ်သုံးပါး၏ အနှစ်ချုပ်တရားပင် ဖြစ်ပါသည်။ ဝါဆိုလပြည့်နေ့၏ ထူးခြားချက်များကား...

(၁) ဂေါတမဘုရားလောင်း ပဋိသန္ဓေနေသောနေ့ ဖြစ်ခြင်း။
(၂) ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း။
(၃) ဂေါတမဘုရားအဖြစ် ဓမ္မစကြာတရား စတင်ဟောကြားသောနေ့ ဖြစ်ခြင်း။
(၄) ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာ ပြသောနေ့ ဖြစ်ခြင်း။
(၅) ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်ခြင်း။
(၆) တရားရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်ခြင်း။
(၇) သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်ခြင်း။
(၈) "ဟေဘိက္ခု"ဟူသော စကားကို စတင်ကြားရသောနေ့ ဖြစ်ခြင်း

စသော ဝိသေသများဖြင့် ထူးခြားလှပါသည်။ ဝါဆိုလပြည့်နေ့သို့ ရောက်လျှင် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကျောင်းကန်တို့ထံ သွားရောက်၍ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုတတ်ကြပါသည်။

ဝါဆိုမိုးကား တစိမ့်စိမ့်၊ အေးမြသော ဝါဆိုမိုးနှင့်အတူ မိကျောင်းပန်းများမှာလည်း ချောင်းကမ်းစပ်တစ်လျှောက် ဖွေးဖွေးလှုပ်အောင် ပွင့်နေကြပေသည်။ ထိုအတူ ပုန်းညက်၊ သရဖီ စသော ရာသီညိုပန်းတွေကလည်း ဝါဆိုမိုးနှင့် ဖွင့်ကြလန်းကြ၊ သင်းကြ၊ ထုံကြနှင့် ဝါဆို၏အလှကို ဖော်ကြနေပါတော့၏။ သို့ဖြစ်၍လည်း ကုန်းဘောင်ခေတ် လွမ်းချင်းစာဆိုတော်ကြီးဖြစ်သည့် မဟာအတုလမင်းကြီးက လထိုင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း လွမ်းချင့်စဖွယ် ကဗျာဖြင့် မှတ်တမ်းတင်ခဲ့ပါသတည်း။

"ကိုးခွင်ငယ်မှိုင်းပါလို့
မြင်တိုင်းမှာတဲ့ မည်းညို၊
လုံ့လုံ့ငယ်...စို၊
ယုဂန္ဓိုရ် တောင်မဟာက
ပြုဗ္ဗာသင့် ထွန်းတဲ့လကိုလေး။
ဆင်တာရာငယ်
ရာသီကရကင့်၊ နရိန္ဒာလည်း
ညာတောင်နတ်နှင့်
ဗိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့
ရှစ်ဖြူရိပ်စံ၊ ပဉ္စင်းခံတော်ခံသောအခါ
ရေလျှံတဲ့ဝါဆိုမှာ
ပုန်းညက်ညို မာလာမင်းက
သင်းလှတယ်လေး..."

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျွန်း...



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ

အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော် စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထားခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည့်ရှိသောအခါ ပြန်လည် ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသော စေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။ အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။

မောင်မောင်မြင့်အေး




(ယခင်လမှအဆက်)

"အမှုမတိုင်မီ အချိန်ကကော ခင်များတရားခံ မောင်ဆက်ကို မသိ ဘူးလား"

လှဇော်မင်းက မေးသည်။

နေအောင်ထွန်း၏ မျက်လုံး များ အရောင်တောက်လာသည်ဟု ထင်လိုက်ရသည်။ လှဇော်မင်းကို မျက်တောင်မခတ် ကြည့်နေပြီး . . .

"မောင်ဆက်ကို ကျုပ်မသိပါဘူး၊ မြင်ဖူးသာမှ မြင်ဘူးတာဘဲ"

ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ဒီငနဲကြီး လိမ်တာဘဲ"

လှဇော်မင်းက စိတ်ထဲမှ ပြောလိုက်သည်။

"မစွတာ ကလေတင်ရဲ့ သားအကြောင်း ဂျက်ကီကလေတင် သေရတဲ့ အကြောင်း ကျုပ်မပြောပြပါရစေ၊ အဲဒီ

www.burmeseclassic.com

ခလေးဟာ ကျမကြည့်နေရင်းက အင်းယားကန်ထဲမှာ ရေနစ်သွားပါတယ်၊ ခလေးမိဘတွေက ကျမကို တရားစွဲပါတယ်၊ ရုံးတော်က ကျမတာဝန်မရှိဘူးလို့ ဆုံးဖြတ်ပေးပါတယ်"

မကြည်ပွင့်က ကိုယ့်အကြောင်းကိုယ် တင်ပြလိုက်သည်။

"ဟုတ်တယ်...ဟုတ်တယ် ခလေးကို ကိုယ်က နစ်သတ်တာမှ မဟုတ်ဘဲ၊ အခု ဒါတွေစွတ်စွဲနေတဲ့ ကောင်ဟာ အရူးတစ်ယောက်ယောက် ဖြစ်ပါလိမ့်မယ်။ တကယ်တော့ စွတ်စွဲထားတဲ့ ကိစ္စတွေဟာ ရှင်းပြစရာ မလိုပါဘူး။ ဒါပေမဲ့ ကျုပ်အပေါ်သံသယကင်းအောင် ပြောရမယ်ဆိုရင်တော့ ဗိုလ်စိန်းမောင်ကြီးဆိုတဲ့ ကျုပ်လက်အောက်ကဗိုလ် သေတယ်ဆိုတာ မှန်ပါတယ်၊ သူက လျှို့ဝှက်ချက်သတင်းတစ်ခုနဲ့ ဌာနချုပ်ကို လွှတ်လိုက်တာဘဲ၊ လမ်းမှာရန်သူနဲ့တွေ့ပြီး အသတ်ခံရတာ ကျုပ်က ဘယ်တတ်နိုင်မှာလဲ စစ်သားဘဲ။

စစ်တိုက်တဲ့ အခါမှာ ကိုယ်သေရင်လဲသေ၊ ဒါမှမဟုတ် ကိုယ်က ဦးရင်လဲ သေအောင် သတ်ရမယ်၊ ဒီနှစ်လမ်း တစ်လမ်းတော့ ဖြစ်ရမှာဘဲ မဟုတ်လား"

စံကင်းမောင်က လူဇော်မင်းဘက်သို့ လှည့်၍ပြောသည်။

"ရဲဘော် နှစ်ဆယ့်တစ်ယောက်ဆိုတာလဲ ဗိုလ်မှူးပြောသလိုပါဘဲ"

"ဗိုလ်ကုသက စကားစလိုက်သည်။

"အဲဒီ နှစ်ဆယ့်တစ်ယောက်က ဘယ်လိုဖြစ်တာလဲ ပြောပါအုံး"

ရန်အောင်သိန်းက မေးသည်။

ဟုတ်ကဲ့...စွတ်စွဲချက်က မှန်နေပါတယ်၊ အဲဒီ ရဲဘော်နှစ်ဆယ့်တစ်ယောက် ကျွန်တော့်ကြောင့် သေရတာဘဲ၊ သူတို့သေလို့လဲ ကျွန်တော်လွတ်သွားတာဘဲ...ဟဲ...ဟဲ...ဟဲ"

ကြောက်မက်ဘွယ်ရာ အသံကြီးနှင့်ရယ်ကာ ပြောလိုက်ရင်း...

"အား...ဘာပြောတယ်၊ မင်းကသူတို့ကို တကယ်ဘဲ သေအောင်ထားခဲ့တာဘဲလား၊ ရက်စက်ရာမရောက်ဘူးလား" ဗိုလ်မှူးစံကင်းမောင် က ပြောသည်။

"တဘက်က ကြည့်ရင်တော့ ရက်စက်တယ်ခေါ်မှာဘဲ၊ ကျွန်တော့်ဘက်ကကြည့်တော့ ကမ္ဘာမီးလောင်သားကောင် ချနင်းပါဘဲ၊ ကျွန်တော်တို့မှာ ကျည်ဆန်ကုန်နေပြီ၊ ရဲဘော်တစ်ယောက်ကိုသုံးတောင့်ခွဲစီလောက်ဘဲရှိတယ်၊ ရန်သူက အကောင်တစ်ရာကျော်လောက်ရှိမယ်၊ ဒီကျည်ဆန်ကုန်ရင် သေကြရမှာက သေချာတာဘဲ၊ ဒီတော့ သူတို့က ခံပစ်ပေးနေတုန်းမှာ ကျွန်တော်လစ်ထွက်ခဲ့တာဘဲ၊ ကျွန်တော်နေရင် ကျွန်တော်ပါ သေရမှာဘဲ မဟုတ်လား..."

ကုသက မကြည်ပွင့်ကိုကြည့်ရင်းပြောလိုက်သည်။ မကြည်ပွင့်၏ မျက်နှာမှာ ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။

"အို..."

"ကျွန်တော်လဲ စဉ်းစားပါတယ်၊ ကိုခွေးကလေးနဲ့ မဝက်မကလေးဆိုတာ တကယ်တော့ မတော်တဆ ဖြစ်တာပါဘဲဗျာ၊ တမင်တကာကြိတ်တာတော့ မဟုတ်ပါဘူး။ ကျွန်တော်က လမ်းထဲမှာ ကားရပ်ထားပြီး အိမ်တစ်အိမ်ပေါ် တက်သွားပါတယ်။ ပြန်ဆင်းလာပြီး ကားစက်နှိုးထွက်သွားတယ်၊ ကားရှေ့မှာ ထိုင်ကစားနေတဲ့ ခလေးနှစ်ယောက်ကို မမြင်ပါဘူး။ ကွယ်နေတော့ နှစ်ယောက်စလုံး ကားအောက်ရောက်သွားပြီး နောက်ဘီးတွေက တက်ကြိတ်တာဘဲ"

"ဘုရား...ဘုရား...ဘုရား"

ဒေါ်နှင်းဦးက ရင်ပေါ်ကို လက်ဝါးဖြင့်အုပ်ကာ မြည်လိုက်သည်။

"တမင်တကာ ကြိတ်တာမဟုတ်ဘူး။ ကားမမောင်းခင်မှာ ကိုယ့်ရှေ့မှာ ဘာရှိတယ်၊ နောက်မှာ ဘာရှိတယ်ဆိုတာ မကြည့်မိတာဟာ ကျွန်တော့်ပေါ့လျော့မှုဘဲ၊ ပတ်ဝန်းကျင်မှာ ခလေးတွေကစားနေတာ မြင်ပါလျက်နဲ့ ကားနဲ့ ကြိတ်နင်းသတ်တယ်လို့ ယူဆကြတယ်။ ကျွန်တော့်ကားမောင်းလိုင်စင် တစ်နှစ်အပိတ်ခံခဲ့ရတယ်၊ ကံဆိုးတာဘဲ"



www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်သိန်းက ပြောသည်။

"ဘယ်သူ ကံဆိုးတာလဲ မင်းလား ခလေးတွေလား"

နေအောင်ထွန်းက ခပ်တည်တည်နှင့်မေးသည်။

"ကျွန်တော်လဲ ကံဆိုးတယ်၊ ခလေးနှစ်ယောက်လဲ ကံဆိုးတာပါဘဲ"

ရန်အောင်သိန်းက ပြန်ဖြေသည်။

"ခလေးကို ကားတိုက်မိတာကတော့ တိုက်တဲ့လူရဲ့အပြစ်ဘဲ"

ဒေါက်တာ လူဇော်မင်းက ပြောလိုက်သည်။

ရန်အောင်သိန်းက လူဇော်မင်းအား မကျေနပ်ဟန်ဖြင့် ကြည့်နေသည်။

* * *

၁၂

ချစ်ပိုင်သည် တစ်ယောက်ပြီး တစ်ယောက် ပြောနေကြသော စကားများကို နားထောင်ရင်းက သူ့ဘက်သို့ နေအောင်ထွန်းက လှည့်ကြည့်လိုက်ရာ ဖန်ခွက်ထဲမှ လက်ကျန်ကို မော့ချပြီး စားပွဲပေါ်သို့ တင်လိုက်သည်။

"ကျွန်တော်တို့ လင်မယားအကြောင်းကတော့ သက်သက်မဲ့ အထင်လွဲစရာ ဖြစ်တာပါခင်ဗျာ။ အဖွားကြီးသေတဲ့အထိ ကျွန်တော်တို့ လင်မယားက ပြုစုခဲ့တာပါ။ အဲဒီညမှာ ရောဂါသဲလာတော့ မိုးတွေကလဲ ရွာနေပါတယ်။ ဆရာဝန်ကို ခေါ်ဘို့ တယ်လီဖုန်းဆက်ပြန်တော့လဲ တယ်လီဖုန်းလိုင်းတွေက ပျက်နေပါတယ်။ ညသန်းခေါင်ကျော် သုံးနာရီဆိုတော့လဲ သွားစရာက ဘာမှမရှိပါဘူး။ မိုးတိတ်အောင်စောင့်ရင်းက ငါးနာရီလဲ ထိုးရော အဖွားကြီးလဲ အသက်ကုန်သွားပါတယ်ခင်ဗျာ။ အဖွားကြီး မသေခင်ကတည်းက သူ့ရဲ့ ရှေ့နေကြီးကို ခိုင်းလို့ အဲဒီအိမ်ကို ကျွန်တော်တို့ကို အလကားပေးခဲ့ပါတယ်"

"အဲဒီလို အိမ်ဖော်လုပ်နေတဲ့ လင်မယားကိုမှ အိမ်အလကား ပေးခဲ့ရပါ့မလားဆိုပြီး သူ့ဆွေမျိုးတွေက မကျေနပ်လို့ ဂါတ်ရောက်ရုံးရောက် ရောက်ခဲ့ပါတယ်"

"သက်သေခံ ခိုင်ခိုင်လုံလုံ မပြနိုင်တာကြောင့် ရုံးတော်က လွှတ်လိုက်ပါတယ်ခင်ဗျာ"

"အင်း…အဲဒီအမှု ကျုပ်ကြားဘူးလိုက်တယ်လေ။ မင်းတို့ကအလောင်းကို မီးသဂြိုဟ် ပစ်လိုက်ကြလို့ အလောင်းကို ပြန်ကြည့်ခွင့်မရလိုက်ကြဘူးပြောတယ်"

နေအောင်ထွန်းက ပြောသည်။

"ဟုတ်ကဲ့ မီးသဂြိုဟ်ပြီးပြာတွေကို မြစ်ထဲပစ်ပေးဘို့က သေသူ့ရဲ့ ဆန္ဒပါခင်ဗျာ၊ သူ့အမျိုးတွေလဲ သိကြပါတယ်"

ကုသက ချစ်ပိုင်၏ မျက်နှာကို စိုက်ကြည့်ကာ အကဲခတ်နေသည်။

ဖိုးသာအေးကလည်း ထိုနည်းတူ ကြည့်နေသည်။ တိတ်ရီကော်ဒါမှ အသံက စွတ်စွဲခြင်းကြောင့် မခင်ဦး တုန်လှုပ်ကာ ပန်းကန်များကျကွဲပြီး သတိလစ်သွားခဲ့သည်မှာ အပြစ်မရှိသူ ဖြစ်ခဲ့လျှင် ထိုမျှလောက် မဖြစ်နိုင်ဟု တွေးလိုက်သည်။ တစုံတရာ စိတ်မလုံ၍သာလျှင် ထိုကဲ့သို့ ဖြစ်ရမည်ဟူ၍ တွေးမိသည်။

"ခင်ဗျားကကော ဘယ်လိုလဲ ပြောပြပါအုံး"

ဖိုးသာအေးဘက်သို့ လှည့်လိုက်ကာ ကုသက မေးသည်။

"မျိုးညွန့်ဆိုတဲ့ ကိစ္စလား"

"အင်း…"

"ရွှေတောင်တန်း မြေမှုကိစ္စနဲ့ ထွက်ပြေးရင်း သူ့နောက်ကလိုက်တဲ့ လူတစ်ယောက်ကို သေနတ်နဲ့ပစ်ခဲ့တာဘဲ"

ဖိုးသာအေးက ပြန်ပြောသည်။

"အင်း…အဲဒီအမှုကို ကျုပ်ရုံးက မစစ်ပေမဲ့ ကျုပ်မှတ်မိလိုက်တယ်၊ တရားခံ တသက်တကျွန်းကျသွားတယ်၊ ဖိုးသာအေးက အမှုနဲ့ပတ်သက်ပြီး စုံစမ်းတဲ့ ရဲအုပ်မဟုတ်လား။ သူတင်ပြတဲ့ သက်သေခံချက်တွေက ခိုင်လုံလို့ ဟိုကောင်ထောင်ကျခဲ့တာဘဲ၊ ထောင်ထဲရောက်ပြီး နှစ်လလောက်နေတော့ သေသွားတယ်ဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ သူသေတာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကနှိပ်စက်ပြီး စစ်လို့သေရတယ်လို့ စွတ်စွဲကြပါသေးတယ်၊ ကျွန်တော်ရိုက်ထားတဲ့ ဒဏ်ကြောင့်လို့လဲ ပြောတယ်၊ တရားခံအစစ်က သူမဟုတ်ဘူးလို့လဲ ပြောပြပါတယ်"

"ဟုတ်တယ် . . . ကျုပ်ကြားလိုက်မိတယ်"

နေအောင်ထွန်းက ခေါင်းညိတ်ရင်းပြောလိုက်သည်။

"အဲဒီအမှုနဲ့ ပတ်သက်ပြီး အထက်က ကျေနပ်လို့ဘဲ ကျွန်တော် ရာထူးတိုးပေးခြင်း ခံခဲ့ရပါတယ်"

ဖိုးသာအေးက ခပ်ကြွားကြွား ပြောလိုက်သည်။

"ဒေါက်တာကကော ဘယ်လိုလဲခင်ဗျာ"

စံကင်းမောင်က ဆရာဝန်အကြောင်းကို သိလို၍ မေးလိုက်သည်။

"ဆရာက မလုပ်သင့်တာ လုပ်ပြီထင်ပါတယ်၊ ကိုယ်ဝန်ဖျက်ချပေးရင်း သွေးလွန်သေတာမျိုးများလား"

ကုသက ဆက်မေးရင်းမကြည်ပွင့်ကို ကြည့်လိုက်သည်။

မကြည်ပွင့်က ကုသအားရှုံ့မှုန်းသည့်အသွင်ဖြင့် တဘက်သို့ မျက်နှာလွှဲလိုက်သည်။

မမြညွှန့်ဆိုတဲ့ နာမည်တော့ မှတ်မိတယ်ဗျာ၊ ဒါပေမဲ့ လူနာရဲ့မျက်နှာကိုတော့ စိတ်မျက်စိထဲမှာ မြင်လို့မရတော့ပါဘူးဗျာ၊ ကြာလဲကြာပါပြီဗျာ၊ ဘယ်မှတ်မိတော့မှာလဲ၊ ကျွန်တော်ဆေးရုံမှာ အလုပ်လုပ်နေတုန်းကဘဲဗျာ၊ လူနာမမြညွှန့်ကို အရေးတကြီး ခွဲရတယ်၊ လူနာ သေသွားတော့လဲ လူနာရှင်တို့က မကျေနပ်ကြတဲ့အလျောက် ဟိုတိုင် ဒီတိုင်နဲ့ပေါ့ဗျာ"

ဒေါက်တာ လူဇော်မင်းက အရေးမကြီးလေဟန်ဖြင့် ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

"တကယ်တော့ ငါက အရက်တွေသိပ်မူးနေတယ်၊ လက်တွေမငြိမ်ဘူး၊ ဒါကြောင့် ငါက ခွဲစိတ်လိုက်တဲ့အခါမှာ ငါ့လက်ချက်ကြောင့် သေရတာနဲ့ ဘာမှမထူးဘူး။ မသေသင့်တဲ့ ခွဲစိတ်ကုသရမဲ့ ရောဂါကလေးဘဲ၊ အင်း . . . မမြညွှန့် သနားစရာဘဲ၊ ငါနဲ့တွဲပြီးလုပ်တဲ့ ဆရာမကြီးကလဲ နှုတ်လုံရှာတယ်၊ ငါတို့အချင်းချင်းတွေကလဲ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိကြလို့ ဘယ်မှပေါက်ကြားမသွားခဲ့ဘူး။ ဒါပေမဲ့ ငါလဲအရက်နဲ့ ပတ်သက်ပြီး နောင်တကောင်းကောင်းကြီးရခဲ့တယ်၊ ဒါကြောင့်မို့ အဲဒီထဲက စပြီး အခုထက်ထိ အရက်ဆိုရင် အလွန်အကျွံ မသောက်ခဲ့တော့ဘူး၊ ဒါပေမဲ့ ဒီကိစ္စတွေဖြစ်ခဲ့တာ တော်တော်ကြာခဲ့ပြီမှဘဲ၊ ဒီအကြောင်း ဘယ်သူက သိနိုင်လို့လဲ"

လူဇော်မင်းသည် သူ့စိတ်ထဲတွင် အထက်ပါတို့ကို ပြောဆိုနေပေသည်။

* * *

## (၁၃)

လူဇော်မင်းက ပြောပြီးသည့်နောက်၌ အခန်းထဲတွင် ငြိမ်သက်နေကြသည်။ အားလုံးတို့၏ မျက်စိတို့သည် ဒေါ်နှင်းဦးကိုကြည့်နေကြသည်။

တလှည့်စီတစ်ယောက်စီ ပြောဆိုသွားခဲ့ကြသည်။ ဒေါ်နှင်းဦးအလှည့်ရောက်ပြီဖြစ်၍ ဒေါ်နှင်းဦး ပြောမည့်စကားကို နားထောင်နေကြသည်။

"ကျွန်မကတော့ ဘာမှ ပြောစရာမရှိဘူး"

ဒေါ်နှင်းဦးက မျက်နှာထားတင်းတင်းနှင့် ခေါင်းယမ်းကာ ပြောလိုက်သည်။

"ဘာမှ ပြောစရာမရှိဘူး ဟုတ်လား"

နေအောင်ထွန်းက စိုက်ကြည့်ကာမေးသည်။

"ဟုတ်တယ် . . . ဘာမှ ပြောစရာမရှိဘူး"

ဒေါ်နှင်းဦးက မပြောလို၍ ငြင်းနေသည်ကို သိသောအခါ နေအောင်ထွန်းသည် သူ၏မေးစေ့ကို လက်ဝါးဖြင့် ပွတ်နေရာမှ ချစ်ပိုင်ဘက်သို့ လှည့်လိုက်သည်။

"ချစ်ပိုင် ဒီကျွန်းပေါ်မှာ ဟောဒီလူတွေအပြင် တခြားဘယ်သူတွေ ရှိကြသေးသလဲ"

"ဘယ်သူမှ မရှိပါဘူး ခင်ဗျာ၊ ဒီကျွန်းပေါ်မှာ ဒီအိမ်ဘဲရှိတယ်၊ တခြား ဘယ်သူမှလဲ မနေကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ချစ်ပိုင်က ပြန်ဖြေသည်။

"သေချာတယ်နော်"

နေအောင်ထွန်းက ထပ်မေးသည်။

"မှန်ပါတယ်...သေချာပါတယ်ခင်ဗျာ"

ချစ်ပိုင်က ရဲရဲဝံ့ဝံ့ အာမခံလိုက်သည်။

"အင်း...ကျုပ်တို့ရဲ့အိမ်ရှင်ဆိုပါတော့လေ အိမ်ရှင်မဘဲဖြစ်ဖြစ် အိမ်ရှင်လို့ဘဲ ခေါ်ကြပါစို့၊ အဲဒီအိမ်ရှင်ကတော့ ကျုပ်တို့ကို ဒီကျွန်းပေါ်ကို ရောက်အောင်ခေါ်တာ ဘယ်လိုရည်ရွယ်ချက်နဲ့မှန်းတော့ မသိဘူး။ ဒါပေမဲ့ သူက ရတဲ့နည်းနဲ့ ခေါ်လို့တော့ ကျုပ်တို့တတွေ ဒီကျွန်းပေါ်ကို ရောက်လာခဲ့ကြပါပြီ။ ဒီလူဟာ စိတ်ဖေါက်ပြန်နေတဲ့လူဖြစ်မှာ သေချာတယ်၊ စိတ်ဖေါက်ပြန်တယ်ဆိုတာက ဂူးဝါးနဲ့ အော်၊ လမ်းပေါ်မှာ လုံချည်ချွတ်ပြီး ပြေးနေတာ၊ ထမိန်ကျွတ်ပြီး ပြေးနေတာကို ပြောတာမဟုတ်ဘူး။ လူတဘက်သားကို စိတ်ဒုက္ခရောက်အောင်၊ လူတဘက်သားကို ရက်စက်ရအောင် ဖေါက်ပြန်တဲ့ စိတ်မျိုးကို ပြောနေတာပါ။ ဒီတော့ ကျုပ်တို့တတွေဟာ အချိန်ရှိတုန်းမှာ ဒီကျွန်းပေါ်က အမြန်ဆုံးထွက်ခွာသွားသင့်တယ်၊ အခုညတွင်းချင်းဘဲ သွားကြပါစို့လား"

နေအောင်ထွန်းက သူပြောသည့်စကားကို အားလုံးကတစ်ကြိမ်တည်းနှင့် နားလည်နိုင်စေရန် နေးနေးနှင့် ဝီပီသသကြီး ပြောသွားသည်။

"ဒါပေမဲ့ခင်ဗျာ...ဒီကျွန်းပေါ်မှာ လှေတစ်စီးမှ မရှိပါဘူး"

ချစ်ပိုင်က ပြောသည်။

"ဘာ...ဘာလှေမှ မရှိဘူးလား"

"မရှိပါဘူး"

"မော်လမြိုင်တို့ ဘီလူးကျွန်းတို့ မုတ္တမတို့နဲ့ ဘယ်လို အဆက်အသွယ်လုပ်သလဲ"

နေအောင်ထွန်းက မျက်လုံးပြူးပြဲတဲ့နှင့် မေးသည်။

"မော်တော်ဘုတ်ကို ကြိုတင်မှာထားမှ လာရပါတယ်၊ ဒါမှမဟုတ်လို့ မှာမထားရင်လဲ မော်တော်ဘုတ်က တနင်္ဂနွေနေ့ မနက်တိုင်းလာဘို့ကို စီစဉ်ထားပါတယ်"

"ဒါက ဘယ်လိုသိသလဲ"

"မော်တော်ဘုတ်သမားက ပြောပါတယ်"

"ဒီနေ့ ဘာနေ့လဲ"

"အင်္ဂါနေ့ပါ"

ရန်အောင်သိန်းကဖြေသည်။

"အို..."

"လာစရာတော့ ရှိပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ရက်ဝေးနေပါသေးတယ်"

ချစ်ပိုင်က ပြောသည်။

"မပြန်နိုင်တဲ့အတူတူတော့ ဘယ်သူက ဘာဖြစ်လို့ ဒီလိုလုပ်ရတယ်ဆိုတာကို သိရအောင်လို့ စုံစမ်းကြရတာက ကောင်းပါမယ်၊ ပိုင်ရှင်ဆိုတဲ့ကောင် ဘာကောင်လဲဆိုတာကို စောင့်ကြည့်ရတာ ပိုကောင်းပါလိမ့်မယ်၊ ဒါမှလဲ ဒီကို အပျင်းဖြေဘို့ ရောက်လာကြရတဲ့ ကျွန်တော့်အဘို့မှာ လျှို့ဝှက်သဲဖို စုံထောက်ဝတ္တုဖတ်ရသလို ကျောစိမ့်ရင်ဖိုအရသာ ခံစားသွားရမယ်"

ရန်အောင်သိန်းက ပြုံးစေ့စေ့နှင့် ပြောသည်။

"ဒီအသက် ဒီအရွယ်ရောက်နေမှတော့ ရင်လဲ မဖိုပါရစေနဲ့...ကျောလဲ မစိမ့်ပါရစေနဲ့ မောင်မင်းကြီးသားရယ်၊ အေးအေးဆေးဆေးဘဲ နေပါရစေ"

နေအောင်ထွန်းက ရန်အောင်သိန်းအား ခနဲ့သလို အမူအရာနှင့် ပြောလိုက်သည်။

ရန်အောင်သိန်းက စပ်ဖြဲဖြဲလုပ်ကာ နေအောင်ထွန်းကို ကြည့်သည်။ စားပွဲပေါ်မှကျန်နေသော အရက်တစ်ခွက်ကို ကောက်ယူပြီး ဂွတ်-ဂွတ်နှင့် မြည်အောင် မော့ချလိုက်သည်။ ဖန်ခွက်ထဲမှ အရက်များကုန်သောအခါ မျက်နှာရှုံ့မဲ့၍ တကိုယ်လုံးတွန့်လိမ်လှုပ်ခါမှု ပြုသည်။

အရက်သီးဟန်တူသည်။ တဟွန့်ဟွန့်နှင့် ချောင်းကိုလေးချက်ဆိုးလိုက်သည်။ မျက်နှာအသားရောင်များမှာ နီလာသည်။ မျက်လုံး မျက်ဆံပြူးလျက် မျက်နှာ ရှုံ့ရင်းမဲ့ရင်းက အရပ်



www.burmeseclassic.com

www.burmeseclassic.com

ကြိုးပြတ်သလို ကြမ်းပေါ်သို့ခွေပြီး ပက်လက်လန်ကာ ငြိမ်သွားသည်။ လက်ထဲမှ ဖန်ခွက်လွတ်ကျပြီး ကြမ်းပေါ်သို့ ကျ၍လည်း ကွဲသွားသည်။

သူ၏မျက်လုံးတို့က ဖွင့်လျက်ပင် တစုံတရာကိုမြင်၍ အံ့အားသင့်သည့် အကြည့်မျိုးဖြင့် အပေါ်ထပ်ကြမ်းခင်း သို့မဟုတ် အောက်ထပ်မှ မျက်နှာကျက်ကို ကြည့်နေသည်။

* * *

(၁၄)

ဒေါက်တာ လှဇော်မင်းသည် ရှေ့သို့တိုးလာပြီး ကြမ်းပေါ်မှ ရန်အောင်သိန်းကို ကြည့်သည်။ တဖြည်းဖြည်း ဒူးထောက်ရင်း နီးနီးကပ်ကပ် ကြည့်ကာ လက်ကောက်ဝတ်ကို ကိုင်၍ သွေးစမ်းကြည့်သည်။ မျက်နှာကျက်ကို ကြည့်နေသော မျက်လုံးတို့ကို ဂရုတစိုက် ကြည့်ပြန်သည်။

"ဟင် . . . အသက်မရှိတော့ဘူး"

သူ့မျက်စိအောက်တွင် ကွယ်လွန်သူတွေ တော်တော်များများကို လှဇော်မင်းတွေ့ဘူး မြင်ဘူးနေသည်မှာ ရိုးနေပြီဖြစ်သည်။

သို့သော် ယခုလို စကားတပြောပြောနှင့် အရက်သောက်ပြီး အရက်သီးသလိုလိုနှင့် လဲကျသေဆုံးသူကို သူတခါမှ မတွေ့ဘူးပေ။ ထို့ကြောင့် သူသည် အံ့အားသင့်သွားရာမှ ပါးစပ်က

"ဟင် . . . အသက်မရှိတော့ဘူး" ဟူ၍ လွတ်ကနဲထွက်သွားမိခြင်း ဖြစ်သည်။

ရန်အောင်သိန်း၏ နှုတ်ခမ်းတို့မှာ ချက်ချင်း ပြာလာသည်။ မျက်နှာအသွေးအရောင်မှာလည်း စောစောက နီသလိုဖြစ်နေရင်းက တဖြည်းဖြည်း ပြာသလိုလို မဲသလိုလိုအရောင်သို့ ပြောင်းနေသည်ကို မြင်ရသည်။

"အဆိပ်ဘဲ"

လှဇော်မင်းကပြောရင်း မကျေနပ်သည့်အမူအရာဖြင့် ချစ်ပိုင်ဘက်သို့ လှည့်ကြည့်သည်။

"ကျုပ် အခန်းထဲမှာဆေးလက်ဆွဲအိတ်ရှိတယ် ယူပေးစမ်းပါ"

ချစ်ပိုင်သည် လှဇော်မင်း၏ စကားမဆုံးမီကပင်လျှင် ခြေလှမ်းပြင်နေပေသည်။ စကားဆုံးသည်နှင့် အပြင်ခန်းသို့ရောက်နေကာ အပေါ်ထပ်သို့ အပြေးကလေးသွားသည်။ အပေါ်ထပ်မှ အပြေးဆင်းလာသောအခါ ဒေါက်တာလှဇော်မင်းသည် ရန်အောင်သိန်းဘေးမှ ဒူးထောက်လျက် ရင်ညွန့်ကို နှိပ်နယ်ပေးနေသည်ကို တွေ့ရသည်။ ကျန်လူများမှာ ထိုင်နေသူကထိုင်နေသည့်အတိုင်း မတ်တတ်ရပ်နေသူက မတ်တတ်ရပ်နေသည့်အတိုင်း ကျောက်ရုပ်ကြီးများပမာ မလှုပ်မယှက်ရှိနေကြသည်။ ပထမဆုံးလှုပ်ရှားသူမှာ ဖိုးသာအေးဖြစ်သည်။ ဆရာဝန်ဘေးတွင် လာရပ်သည်။

"နားကြပ် ထုတ်ပေးစမ်း"

ဆရာဝန်က မော့မကြည့်ဘဲ ခိုင်းလိုက်၍ ဖိုးသာအေးက ဆေးသေတ္တာဖွင့်ပြီး နားကြပ်ထုတ်ပေးသည်။ ဆရာဝန်သည် လက်နှစ်ဘက်ကို အနားမပေးဘဲ ရန်အောင်သိန်း၏ ရင်ညွန့်ကို ပွတ်တိုက်နှိပ်နယ်နေသဖြင့် ဖိုးသာအေးက နားကြပ်ကို တပ်ပေးသည်။ ဆရာဝန်က လက်တဘက်ဖြင့် နားကြပ်ကို နေသားတကျရှိအောင် ပြင်ဆင်ပြီး ရင်ညွန့်ကိုစမ်းသပ်သည်။ သုံးလေးနေရာရွှေ့၍ စမ်းသပ်ကြည့်ပြီး . . .

"အလကားဘဲ မျှော်လင့်ချက်မရှိတော့ပါဘူး"

ခေါင်းယမ်း၍ နားကြပ်ဖြုတ်ကာ ဖိုးသာအေးကိုပေးရင်း မတ်တတ်ထလိုက်သည်။ ဖိုးသာအေးက နားကြပ်ကို သေတ္တာထဲသို့ ပြန်ထည့်၍ ပိတ်လိုက်သည်။

မကြည်ပွင့်သည် ဟင်-ကနဲ သက်ပြင်းချကာ ဆိုဖါပေါ်သို့ ထိုင်ချလိုက်သည်။ ဒေါ်နှင်းဦးနှင့် မကြည်ပွင့်တို့ နှစ်ယောက်စလုံး၏မျက်နှာတို့မှာ ဖြူဖတ်ဖြူလျော် ဖြစ်နေသည်။

"လူတစ်ယောက်ဟာ ဒီလို အရက်သီးပြီး ချက်ချင်းမသေနိုင်ပါဘူး"

စက်ရှင်မင်းကြီး နေအောင်ထွန်းက ပက်လက်ဖြစ်နေသော ရန်အောင်သိန်း၏ အလောင်းကို ကြည့်ကာပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာအေးသည် ရန်အောင်သိန်း၏ မျက်လုံးတို့ကို မိတ်အောင်ဖိတ်ပေးနေရင်းက နေအောင်ထွန်းကိုလည်း ပြန်လှည့်ကြည့်လိုက်သည်။

ဟုတ်ပါတယ် . . . သီးလို့သေတာမဟုတ်ပါဘူး"

လှဇော်မင်းက ပြန်ဖြေသည်။

"ဟင်...အရက်ထဲမှာ အဆိပ်များပါနေလို့လား"

မကြည်ပွင့်က တုန်တုန်ယင်ယင်နှင့် မေးရင်း သူမသောက်ပြီးသော အရက်ဖန်ခွက်ကို ကြည့်နေသည်။

"အင်း...အဆိပ်တော့ အဆိပ်ဘဲ၊ ဘာလဲတော့မသိဘူး၊ ပရပ်ဆစ်အက်ဆစ်ဆိုရင်တော့ အနံ့ရနိုင်တယ်၊ ပိုတေစီယမ်ဆိုနိုက်ဖြစ်ဘို့က ပိုများတယ်၊ အဲဒါက မြန်လဲ မြန်တယ်၊ ချက်ချင်းဘဲ . . ."

"သူ့ဖန်ခွက်ထဲမှာလို့ ပြောချင်သလား"

နေအောင်ထွန်းက ခပ်ဆတ်ဆတ် လေသံဖြင့် မေးသည်။

"ဟုတ်တယ်"

လှဇော်မင်းကလည်း တိုတိုပြတ်ပြတ် ပြန်ဖြေပြီး စားပွဲအနီးသို့ကပ်ကာ အရက်ပုလင်းကိုယူ၍အဖိတ်ကိုဖွင့်ကာ နှာခေါင်းဖြင့်တေ့ပြီး နမ်းကြည့်သည်၊ အခြားပုလင်းနှစ်လုံးကိုလည်း ထိုနည်းတူလုပ်၍ကြည့်သည်။ ဖွင့်ပြီး ဆိုဒါပုလင်းထဲမှ ကျန်နေသော ဆိုဒါအနည်းငယ်ကို လက်ညှိုးပေါ်လောင်းချပြီးလျှာဖြင့် မြည်းကြည့်သည်။

"အင်း . . . ဒါတွေကတော့လဲ အကောင်းသားဘဲ၊ ဘာမှမဖြစ်ပါဘူး"

လှဇော်မင်းက ဆုံးဖြတ်ချက်ကို ပေးလိုက်သည်။

"ဒီလိုဆိုတော့ သူ့ခွက်ထဲကို သူ့ဟာသူ အဆိပ်ထည့်တာ ဖြစ်နေမလားဘဲ"

ကုသက ပြောသည်။

"အင်း . . . ဖြစ်နိုင်တယ်"

ဆရာဝန်က ခေါင်းညိတ်လိုက်သည်။

"သူ့ကိုယ်သူ သတ်သေတယ်ဆိုချင်တာလား၊ မဖြစ်နိုင်ဘူး ထင်ပါတယ်"

ဖိုးသာအေးက သူ့ထင်မြင်ချက်ကို ဝင်ပြောသည်။

"ကိုယ့်ကိုယ်ကို သတ်သေမဲ့လူတစ်ယောက်ဟာ ရွှင်ရွှင်ပျပျ မရှိပါဘူး၊ သူ့ကို တနေကုန် ရွှင်ရွှင်ပျပျနဲ့ မြင်နေရတာဘဲ"

မကြည်ပွင့်က ဝင်ပြောသည်။

သူ့ကိုယ်သူလုပ်တာ မဟုတ်ဘူးဆိုရင် ဘယ်လိုနည်းနဲ့ သေရတယ်ထင်သလဲ"

လှဇော်မင်းက မေးသည်။ မကြည်ပွင့်ကို မေးနေသည်ဟုတ်သလို အခန်းထဲရှိ အားလုံးကိုမေးနေဟန်ဖြစ်သည်။ အားလုံးက တပြိုင်တည်းလိုလိုပင် ခေါင်းခါကြသည်။ ရန်အောင်သိန်းသည် သူ့အရက် သူငှဲ့၍ သောက်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သူ့ဖန်ခွက်ထဲသို့ သူ့ကိုယ်တိုင် အဆိပ်ထည့်မှ ဖြစ်တော့မည်။ သို့သော် ရန်အောင်သိန်းသည် အဘယ်ကြောင့် သူ့ကိုယ်သူ သေကြောင်းကြံရမှာလဲဟူ၍ တွေးနေကြသည်။

"ကျွန်တော့်အထင်၊ ကျွန်တော့်အတွေ့အကြုံတွေနဲ့ ပြောရရင်တော့ ဒီလူဟာ သူ့ကိုယ်သူသေကြောင်းကြံမဲ့ လူစားမျိုးမဟုတ်ဘူးလို့ ကျွန်တော် ယူဆပါတယ်ခင်ဗျာ"

ဖိုးသာအေးက လှဇော်မင်းကို ပြောသည်။

"ဟုတ်တယ်...ကျုပ်လဲ ဒီလိုဘဲထင်တယ်"

လှဇော်မင်းက ခေါင်းညိတ်၍ ပြန်ပြောလိုက်သည်။

* * *

(၁၅)

ဗိုလ်ကုသ၊ ချစ်ပိုင်နှင့် လှဇော်မင်းတို့က ရန်အောင်သိန်း၏အလောင်းကိုပွေ့ကာ အပေါ်ထပ်ရှိ သူ၏အိပ်ခန်းထဲကိုပို့ခဲ့ပြီး ပြန်လာခဲ့ကြသည်။

ရန်အောင်သိန်း သေပြီးသည်နှင့် တစ်ယောက်တစ်ခွန်း ပြောဆိုလာကြသည်မှာ အချိန်တော်တော်ပင်ကြာခဲ့သည်။ လှဇော်မင်းတို့အပေါ်တက်လာပြီး အလောင်းကိုပြင်၍ ပြန်ဆင်းလာသောအခါ အချိန်မှာ ဆယ့်နှစ်နာရီနီးနီး ရှိပြီဖြစ်သည်။ ထိုင်နေသူ



www.burmeseclassic.com

www.burmeseclassic.com

မရှိကြတော့ဘဲ အလယ်စားပွဲကိုဝိုင်း၍ မတ်တတ်ရပ်ခါ တိုးတိုး တိုးတိုးနှင့် ပြောဆိုလျက်ရှိကြသည်။

"ခင်ဗျားတို့ ဒီည အိပ်ဘို့ကော စိတ်ကူးကြသေးရဲ့လား"

လူဇော်မင်းက ပြန်ရောက် လျှင်ရောက်ခြင်း မေးသည်။

"ဟုတ်တယ်…တရေးတမော တော့ အိပ်ဘို့ကောင်းပါတယ်"

နေအောင်ထွန်းက ထောက်ခံ သည်။

"ကျွန်တော်အလုပ်တွေ မပြီး သေးဘူးခင်ဗျာ"

ချစ်ပိုင်က သူတစ်ယောက် တည်း ထားခဲ့မည်ကိုစိုးရိမ်၍ ပြော သည်ထင်သည်။

"အို…ဒါတွေမနက်မှ လုပ်ပါ လား။ ဒီအတိုင်းထားခဲ့ရင် ဘယ်သူက တရားစွဲမှာမို့လဲ"

မကြည်ပွင့်က အကြံပေးသည်။

"မင်းမိန်းမကော အိပ်ပျော်နေ ပြီလား"

စံကင်းမောင်ကမေးသည်။

"ကျွန်တော် သွားကြည့်လိုက် ပါမယ်"

ချစ်ပိုင်က ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ သူတို့၏အိပ်ခန်းမှာ အလုပ်သမား တန်းလျားတွင်မဟုတ် ဘဲ၊ အိမ်၏အောက်ထပ်ရှိ အခန်းငယ် တစ်ခန်းဖြစ်သည်။

ချစ်ပိုင် ချက်ချင်းပြန်လာသည်။

"ကောင်းကောင်း အိပ်ပျော်နေ ပါတယ်ခင်ဗျာ"

"အော်…သူ့ကို မနှိုးပါနဲ့ အိပ်ပျော်ပါစေ"

လူဇော်မင်းက အမိန့်သံနှင့် ပြောသည်။

"ဟုတ်ကဲ့ခင်ဗျာ…ကျွန်တော် လဲ တံခါးတွေအားလုံး ပိတ်မပိတ် ကြည့်ပြီး အိပ်ရာဝင်ပါ့မယ်"

ချစ်ပိုင် ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။

သူတို့အားလုံး အပေါ်ထပ်သို့ တစုတဝေးကြီး တက်သွားကြသည်။ အပေါ်ထပ်သို့ ရောက်သောအခါမှ အသီးသီး ကိုယ့်အခန်းကိုယ်ဝင်ကြပြီး လူတိုင်းပင် အမှတ်မထင် ကိုယ့်အခန်း ကိုယ်ပိတ်ခါ ကလန့်ထိုးလိုက်ကြလေ သည်။

* * *

နေအောင်ထွန်းသည် သူ၏ အိပ်ခန်းထဲတွင် ညဝတ်အိပ်ရန်လုံချည် လဲပြီး ရုပ်အင်္ကျီကိုချွတ်ပြီးမှ ကုတင် ပေါ်တွင် လှဲချလိုက်သည်။

သူသည် မောင်ဆက်ဆိုသူ အကြောင်းကို စဉ်းစားနေသည်။ မောင်ဆက်၏ ရုပ်ရည်သည် တည် ကြည်ခန့်ညားသည်။ တရားခွင်ပေါ်မှ နေ၍ သူကကြည့်သောအခါ အခြား တရားခံများကဲ့သို့ မျက်စိလွှဲမသွားဘဲ တည့်တည့်ပြန်ကြည့်ရဲသည့်သူ ဖြစ် သည်။

တရားလိုဘက်မှ ဝတ်လုံတော် ရသည့် အမှုစကထဲက တောက် လျှောက်မှားခဲ့သည်။ တရားခံဘက်မှ ဝတ်လုံသည် တရားလိုဝတ်လုံထက် အရည်အချင်း ကောင်းကြောင်းမှာ ထင်ရှားနေသည်။ တရားလိုဘက်မှ ဝတ်လုံသည် အရေးကြီး၍မေးသင့် သည့် မေးခွန်းတို့ကိုမမေးခဲ့၊ တရားလို ပြသက်သေတို့ကို မေးသည့်မေးခွန်း များသည်ပင်လျှင် တရားခံအတွက် အကျိုးသက်ရောက်သည့် မေးခွန်းမျိုး များဖြစ်ခဲ့သည်။

နေအောင်ထွန်းသည် အိပ်ရာ ပေါ်တွင်လှဲနေရာမှ ကုတင်ခေါင်းရင်းရှိ စားပွဲကလေးဘက်သို့ စောင်းလိုက်ပြီး သူ၏အပေါ် သွားအတုကိုဖြုတ်၍ အသင့်ရှိသောရေနှင့် ဖန်ခွက်ထဲသို့ ထည့်လိုက်သည်။ သွားများမရှိတော့ သဖြင့် အပေါ်နှုတ်ခမ်းမှာ ရှေ့သို့တွဲကျ လာသည်။ မျက်နှာပုံပန်းမှာလည်း သွားမရှိတော့၍ တမျိုးတမည်ဖြစ်သွား သည်။ ချစ်စရာ ကြည်ညိုစရာအသွင် မဟုတ်ဘဲ၊ မုန်းစရာ ကြောက်စရာ အသွင်ဖြစ်နေသည်။ ရက်စက်သည့် အသွင်က ပေါ်လာသည်။ တဘက် သားကို မေတ္တာထားရသည်။ ညှာတာ မှုထားရသည်ဆိုသော မေတ္တာမျိုး မရှိ ကြောင်း ပုံပန်းမျိုးဖြစ်လာသည်။

"တရားခံဝတ်လုံက ဘယ် လောက်တော်တော် ဘာရမလဲ၊ လူ သတ်မှုဟာ ကြိုးစင်ပေါ်တက်ရမှာဘဲ



www.burmeseclassic.com

www.burmeseclassic.com

လွဲပြီး တခြားသွားစရာ နေရာမရှိဘူး"

နေအောင်ထွန်းက ထိုအကြောင်းကို စဉ်းစားပြီးပြုံးလိုက်သည်။ သူ၏ပြုံးပုံမှာ ကြောက်စရာကောင်းသော အသွင်ဖြစ်သည်။

မောင့်ဆက်ကို ကြိုးစင်တင်မည့်မနက်ကသူကိုယ်တိုင်ပင် ထောင်ထဲသို့သွား၍ ကြည့်ခဲ့သေးသည်။

ကုတင်ခေါင်းရင်းနံရံမှမီးခလုပ်ကိုပိတ်လိုက်ပြီး နေအောင်ထွန်းကုတင်ပေါ်တွင် ပက်လက်လှန်ရင်း ခြေရင်းမှစောင်ကို သူ့ခြေနှစ်ဘက်ဖြင့် ညှပ်၍ဆွဲယူလိုက်သည်။

* * *

(၁၆)

စံကင်းမောင်သည် အခန်းထဲတွင် မီးပိတ်ပြီး အိပ်ရာပေါ်တွင် ဘယ်စောင်း၊ ညာစောင်းနှင့် အိပ်မပျော်ဘဲဖြစ်နေသည်။

သူ၏မျက်စိထဲတွင် ဗိုလ်စိန်အောင်ကြီး၏ မျက်နှာကို မြင်နေသည်။ သူနှင့် စိန်အောင်ကြီးတို့မှာ အသက် ဆယ့်ငါးနှစ်ခန့်ကွာကြသည်။ စိန်အောင်ကြီးကို သူသည် အစစအရာရာစိတ်ချခဲ့သည်။ ညီငယ်သဘွယ် ခင်မင်ခဲ့သည်။ ထို့ကြောင့်လည်း စိန်အောင်ကြီးသည် သူ့အိမ်ကို ဝင်ထွက် သွားလာနေခဲ့သည်။ သူ့ဇနီး "ရင်"ကို မမ . . . မမနှင့် ရင်းနှီးသည်။ စံကင်းမောင် အလုပ်များနေသောအခါတို့တွင် စိန်အောင်ကြီးကပင်လျှင် "ရင်" သွားစရာ လာစရာရှိသည့် နေရာတို့ကို ပို့ပေးသည်။

ရင်သည် စိန်အောင်ကြီးထက် သုံးနှစ်ကြီးသည်။

အရေးကိစ္စ ပေါ်ပေါက်ခဲ့၍ တစ်သက်လုံး ခရီးထွက်ခဲ့ကြရသည်။ နယ်လှည့်ခဲ့ကြရသည်။ သောင်းကျန်းသူများရှိရာဒေသသို့ သွားကြရသည်။ ရန်ကုန်တွင် ကျန်ခဲ့သော ရင့်ထံမှ စာသည် မကြာခဏဆိုသလို ရောက်လာတတ်သည်။

တစ်နေ့တွင် ရင့်ထံမှ သူ့ထံသို့ စာရောက်လာသည်။ စာအိတ်ကိုဖွင့်၍ အတွင်းမှစာကို ဖတ်ကြည့်ရာ ပထမသော် အဓိပ္ပါယ်မရှင်းနိုင်အောင်ဖြစ်သွားသည်။ အဓိပ္ပါယ် သိလာသောအခါ သူ၏မျက်လုံးများ ပြာဝေသွားခဲ့သည်။

သူဖတ်နေသောစာသည် သူ့စာမဟုတ်။ ရင်က စိန်အောင်ကြီးထံ ရေးလိုက်သောစာဖြစ်သည်၊ စာအိတ်သာလျှင် သူ့စာအိတ်ဖြစ်သည်။ အရာရှိများအတွက် ရောက်သောစာများ သူ့စားပွဲပေါ်မှာတွင်ပင် ပုံလျက်ရှိသေး၍ စာထပ်ထဲမှ စိန်အောင်ကြီးထံ ရောက်သောစာကို ရှာဖွေယူပြီး ဖေါက်လိုက်သည်။

စိန်အောင်ကြီး စာအိတ်ထဲမှ စာမှာ သူ့ဇနီးဖြစ်သည့် ရင်သည် လင်ကြီးလင်ငယ်တို့ထံ တနေ့တည်း စာရေး၍ တပြိုင်တည်း ထည့်လိုက်သောကြောင့် စာအိတ်ချင်းမှားသဖြင့် အကြောင်းစုံပေါ်ပေတော့သည်။ စာနှစ်စောင်စလုံးကို သူယူထားလိုက်သည်။ အိပ်ခြွေမပျက်နေခဲ့၍ သူလိုသော အကွက်ကို စောင့်ရသည်မှာ ဆယ်ရက်ပင် ကြာခဲ့သည်။

သူသည် စိန်အောင်ကြီးအား သေချာပေါက် သေရလိမ့်မည်ဟု သိလျက်နှင့် ပို့ခိုင်းလိုက်သည့်အတွက် ဝမ်းမနည်းပေ။ စိန်အောင်ကြီးကို ထိုတာဝန်ပေးလိုက်စဉ်က သူ့မျက်နှာကို သူ၏တပ်ရေးဗိုလ်ကြီးက တအံ့တသြ ကြည့်နေခဲ့သည်။ စိန်အောင်ကြီးကို တမင်သက်သက် သေတွင်းသို့ ပို့သည်ကို တပ်ရေးဗိုလ်ကြီး ရိပ်မိ၍ပေလော၊ တပ်ရေးဗိုလ်ကြီးသည် နောင်အခါတွင် စကားစပ်မိ၍များ ပြောလေသလား။

စိန်အောင်ကြီးကို သေမင်းထံပို့သည့်အကြောင်း တပ်ရေးဗိုလ်ကြီး တစ်ယောက်သာလျှင် သိသည်။ ရန်သူနယ်မှ ဖြတ်သန်းသွားရလျှင် အန္တရာယ်ရှိနိုင်သည်ဟု သိကြသည်ဖြစ်၍ ထိုနေ့နံနက် ယောက်လှန်းရေးကရသော ရန်သူအခြေအနေသတင်းကို ထိန်ဝှက်ထားပြီးမှ စိန်အောင်ကြီးကို အမိန့်ပေးခဲ့ခြင်း ဖြစ်သည်။

ဆက်ပါဦးမည် . . . .

ရဲစိုး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်အောင်သံ

■ ပီတာမြင့်

သို့ ...

ထောင်ပိုင်ကြီးရှင့် ...

ကျွန်မ လေးစားရိုသေစွာ စာရေးလိုက်ပါတယ်။ ကျွန်မက အရင်ထောင်ပိုင်ကြီးဦးကျော်ဖုံလက်ထက်က ကျွန်မသားကို ထောင်ဝင်စာ မကြာခဏ လာတွေ့ဖူးပါတယ်။ ကျွန်မသား ဆုံးတုန်းကလည်း တစ်ခါရောက်ခဲ့ပါသေးတယ်။ အခုတော့ ဒီအဖြစ်တွေကို ရင်နာနာနဲ့ မေ့ထားခဲ့ပြီး တရားနဲ့ပဲ မွေ့လျော်နေခဲ့တာ အခုဆို နှစ်နှစ်တောင် ကျော်ခဲ့ပါပြီ။

ခုမှ ကျွန်မမှာ အရေးတကြီး လုပ်ရမယ့်ကိစ္စတစ်ခု ပေါ်လာလို့ စုံစမ်းကြည့်တော့ ... ထောင်ပိုင်ကြီးဦးကျော်ဖုံ ပြောင်းရွှေ့သွားပြီလို့ သိရပါတယ်။ ဒါကြောင့်မို့ ကျွန်မတစ်ခါမှ မမြင်ဖူးသေးတဲ့ ထောင်ပိုင်ကြီးဆီကိုပဲ အားနာနာနဲ့ မလွှဲမရှောင်သာ အကူအညီတောင်းလိုက်ရပါတယ်ရှင့်။

ကျွန်မဟာ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ထောင်ထဲမှာ သေဆုံးသွားခဲ့တဲ့ ဇော်ကြီးရဲ့မိခင်ပါ။ အဲဒီတုန်းက ကျွန်မသားဟာ ထောင်ထဲမှာ တန်းစီးတာဝန် ထမ်းဆောင်ရင်း အပြင်မှာကတည်းက ရန်စရှိခဲ့တဲ့ အကျဉ်းသားတစ်ယောက်ရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ရတာပါ။ အဲဒီတုန်းက ထောင်က ကြေးနန်းရိုက်အကြောင်းကြားခဲ့ပေမယ့်လည်း ကျွန်မ ကျန်းမာရေးမကောင်းတာကတစ်ကြောင်း၊ လာရတဲ့ခရီး ဝေးတာကတစ်ကြောင်းကြောင့် အချိန်နောက်ကျပြီးမှ ရောက်လို့ သားရဲ့ အလောင်းကိုတောင် မမြင်ခဲ့ရပါဘူး။

ကျွန်မ ထောင်ကိုရောက်ပြီး နောက်တစ်နေ့မှာ ကျွန်မသား ရက်လည်နေ့ ကြုံနေပါတယ်။ ဒါပေမဲ့ အဲဒီရက်ပိုင်းမှာ ကျွန်မ အရိုက်ခံရလို့ သေဆုံးမှုနဲ့ပတ်သက်ပြီး အထက်ဌာနကလူကြီး လာစစ်ဆေးနေတာမို့လို့ သားရဲ့ ရက်လည်နေ့ကို ဂါတ်စာရေး ဦးခင်မောင်ဆီ အကူအညီတောင်းပြီး ထောင်ရှေ့က ဓမ္မာရုံမှာ သံဃာငါးပါး ပင့်လို့ ဆွမ်းသွတ်တရားနာခဲ့ရပါတယ်။

အဲဒီကတည်းကစပြီး ကျွန်မ မကြာခဏဆိုသလို တရားစခန်းတွေ ဝင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေရဲ့ မမြဲတဲ့ သဘောကို အမြဲနှလုံးသွင်းပြီး တရားနဲ့ ဖြေနေခဲ့ရပါတယ်။ သားလည်း ကောင်းရာသုဂတိကို ရောက်နေပြီလို့ ယူဆမိပါတယ်ရှင့်။ ဒါပေမဲ့ ပြီးခဲ့တဲ့ တစ်လလောက်ကစပြီး အင်မတန် ထူးဆန်းတဲ့ အိပ်မက်တစ်ခု မကြာခဏ မက်နေခဲ့ပါတယ်။ ကျွန်မ ထောင်ပိုင်ကြီးဆီ စာရေးမိတာက အဲဒီ အိပ်မက်နဲ့ ပတ်သက်ပြီး အကူအညီတောင်းချင်လို့ပါ။

ကျွန်မ အိပ်မက်က ဒီလိုပါရှင့်။

ကျွန်မ မြင်ရတာက နေရောင်အောက်မှာ အုပ်အုပ်ဆိုင်းဆိုင်း စိမ်းစိမ်းစိုစို သစ်ရွက်တွေဝေနေတဲ့ သစ်ပင်ကြီး တစ်ပင်ပါပဲ။ ကြည့်ရတာ ဆရာတို့အညာက တမာပင်ကြီးနဲ့ တော်တော်တူပါတယ်။ အဲဒီသစ်ပင်ရဲ့ ပင်စည်ကို မှီပြီး လူရွယ်တစ်ယောက် စိတ်အေးလက်အေး အိပ်ပျော်နေတယ်။

အဲဒီအချိန်မှာ ရုတ်တရက် လေကြီးမိုးကြီးကျသလို အသံတွေ မြည်ဟီးလာတယ်။ သေသေချာချာ နားထောင်ကြည့်တော့ မြွေတွန်သံတွေ ဖြစ်နေတယ်။ ပါးပျဉ်ထောင်နေတဲ့ မြွေဟောက်ကြီးတွေ တဖြည်းဖြည်း သစ်ပင်ပတ်လည်မှာ ပြည့်လာပြီး စောစောက လူရွယ်ကို ပေါက်သတ်ဖို့ ဝိုင်းလာကြတယ်။

ဒီတော့ လူရွယ်လည်း ကြောက်လန့်ပြီး သစ်ပင်ပေါ်ကို တက်ပြေးတယ်။ မြွေဟောက်တွေကလည်း သူ့နောက်ကနေ တက်လိုက်လာကြတယ်။ လူရွယ်ကလည်း အပေါ်ကို ဆက်တက်ပြီး ခွကြားတစ်ခုရောက်လို့ အောက်ကိုငုံ့ကြည့်လိုက်မိတယ်။ အဲဒီမှာ မြွေဟောက်တွေ ပါးပျဉ်းတထောင်ထောင်နဲ့ တန်းစီပြီး တက်လာနေတာကို တွေ့လိုက်ရတယ်။

လူရွယ်လည်း ကြောက်လန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ဆက်တက်ပြေးဖို့ မော့ကြည့်တော့ အချွန်အတက် ထိုးထိုးထောင်ထောင်နဲ့ ပတ္တမြားလို နီရဲနေတဲ့ မျက်လုံးနှစ်လုံးနဲ့ ရောမမြွေနဂါးကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။ အဲဒီမြွေနဂါးကြီးက သူရှိနေတဲ့ သစ်ပင်ခွကြားဆီ တရွေ့ရွေ့ဆင်းလာနေတာ အသည်းယားစဖွယ်မြင်ရတယ်။

အဲဒီတော့ ... လူရှယ်ခမျာ အောက်မှာလည်း မြွေဟောက်ကြီးတွေ တက်လာနေတယ်။ အပေါ်ကလည်း မြွေနဂါးကြီးက ဆင်းလာနေတယ်။ အဲဒီမှာ ကြံရာမရဖြစ်ပြီး "အမေရေ ... သားကို မြန်မြန်လာကယ်ပါတော့၊ လာကယ်ပါတော့" လို့ အသံကုန်ဟစ်ပြီး အလန့်တကြား အော်ဟစ်လိုက်ပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်မ အိပ်ရာက လန့်နိုးခဲ့ပါတယ်။ အခုဆို အဲလို အိပ်မက် မက်လာတာ သုံးခါရှိပါပြီ။ ပထမနဲ့ ဒုတိယအခေါက်တွေမှာတော့ ဘယ်သူ့အသံမှန်း မသေချာခဲ့ပေမယ့် နောက်ဆုံး တစ်ကြိမ်မှာတော့ အဲဒီအော်သံဟာ ကျွန်မသား ဖော်ကြီးရဲ့အသံဆိုတာ ကျွန်မ သေချာခံစားရလိုက်ပါတယ်။ ချွေးတွေပြန်ပြီး ရင်တွေလည်း တဆတ်ဆတ်နဲ့ အဆက်မပြတ် ခုန်နေခဲ့ပါတယ်။

အဲဒါကြောင့် ကျွန်မတွေးမိတာက ကျွန်မသား မပြောကောင်း မဆိုကောင်း မကျွတ်မလွတ်ဘဲနဲ့များ ထောင်နားက သစ်ပင်ကြီးတစ်ပင်မှာ တွယ်ကပ်နေခဲ့ရတာများလား။ အဲဒီအတွက် ကျွန်မကို လာခဲ့ဖို့ အိပ်မက်ပေးပြီး ခေါ်နေတာများလား။

ဒါကြောင့် ကျွန်မအနေနဲ့ ရင်ထဲက သောကမီးတွေ ငြိမ်းသွားအောင် တရားရေအေး တိုက်ကျွေးရင်း သားလေး ကောင်းရာမွန်ရာ ရောက်အောင် အလှူဒါတစ်ခု ဆရာတို့ထောင်မှာ လာလုပ်ချင်ပါတယ်။ ဆရာတို့အနေနဲ့ ခွင့်ပြုနိုင်ဖို့ မိခင်တစ်ယောက်အနေနဲ့ အနူးအညွတ် မေတ္တာရပ်ခံ အကူအညီပေးပါလို့ တောင်းခံပါရစေရှင်။

ဆရာတို့ ခွင့်ပြုနိုင်မယ့်နေ့ကို အခု ကျွန်မရေးပေးလိုက်တဲ့ တယ်လီဖုန်းနံပါတ်နဲ့ ဆက်သွယ်အကြောင်းကြားပေးစေလိုပါတယ်။ ကျွန်မ အဲဒီနေ့ကို ရောက်အောင်လာခဲ့ပါမယ်။

မျှော်လင့်ခြင်းများစွာဖြင့် ...

အစဉ်ရှိသေလေးစားလျက်

ဒေါ်မြခင်

ကွယ်လွန်သူ ဖော်ကြီး၏မိခင်

◆◆◆

"ကဲ ....ဒီစာကို ဖတ်ပြီး ခင်ဗျားတို့ ဘယ်လိုသဘောရကြလဲ"

နေရာမှာ အကျဉ်းထောင်ဘူးဝရှိ ကျွန်တော်၏ ရုံးခန်းတွင် ဖြစ်၏။ ကျွန်ုပ်က ဒေါ်မြခင်ဆိုသူ၏ စာကို ဖတ်သည်နှင့် ထောင်မှူးဦးစိုးလှိုင်ကိုပါ မေးမြန်းလိုက်ခြင်း ဖြစ်၏။

"ကျွန်တော် ဒီထောင်ရောက်တဲ့ တစ်နှစ်ကျော်အတွင်းမှာ အဲဒီ ဖော်ကြီး သရဲခြောက်တာ သုံးလေးခါလောက်တော့ ကြုံဖူးတယ်။ အချင်းဖြစ်တုန်းက ကျွန်တော်မရောက်သေးတော့ ထင်မြင်ချက်တော့ မပေးတတ်ဘူးဆရာ"

ထောင်မှူးကြီးဦးစိုးလှိုင်က ပြောသည်။ ကျွန်ုပ်က ခေါင်းညိတ်ပြကာ ဂိတ်စာရေးဦးခင်မောင်အား ကြည့်လိုက်သည်။

"ဂိတ်စာရေးကတော့ ဒီထောင်မှာ ရှေ့မီနောက်မီဆိုတော့ တစ်ခုခုတော့ ပြောနိုင်မှာပေါ့"

"ဟုတ်ကဲ့၊ ဒီဖော်ကြီးအမေ အိပ်မက်ထဲက တမာပင်ကြီးဆိုတာ ထောင်ထဲ မိန်းဂျေးရုံးခန်းရှေ့က တမာပင်ကြီး ဖြစ်နိုင်တယ်ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတမာပင်ကြီး အောက်မှာ စားစရာတစ်ခုခု ခဏတဖြုတ် ချထားမိရင် ပျောက်ရောဆရာတဲ့။ အဲလို အကျဉ်းသားတွေ ခဏခဏပြောကြတာနဲ့ ကျွန်တော် အသားကျွေးတဲ့နေ့မှာ အမဲသားတုံးကြီးချပြီး မလှမ်းမကမ်းကနေ စောင့်ကြည့်ဖူးတယ်ဆရာ"

"ဩော် ... အဲဒါ ဘာထူးခြားလဲ"

"အချိန်အတော်လေး ကြာတော့ အနီးကပ်သွားကြည့်လိုက်တော့ အမဲသားတုံး မရှိတော့ဘူးဆရာ။ အဲဒါကြောင့် ဒီစာအရဆိုရင် ဖော်ကြီး သရဲဖြစ်ပြီး ဒီသစ်ပင်မှာ တွယ်ကပ်နေတာ ဖြစ်နိုင်တယ်ဆရာ"

ဂိတ်စာရေး သူ့အတွေ့အကြုံကို ရှင်းပြသည်။

"အင်း ... ဒါတော့ ဟုတ်ပါပြီလေ။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကတည်းကစပြီး သရဲဖြစ်နေတဲ့ ဖော်ကြီးက ဘာလို့ ခုမှ မောင်းထုတ်ခံရသလို ဖြစ်နေတာလဲ။ ပြီးတော့ ... မြွေနဂါးတွေကရော ဘာအဓိပ္ပာယ်လဲ"

ထောင်မှူးကြီးက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂါတ်စာရေးက ပြုံးလျက် ကျွန်ုပ်ကို ကြည့်ကာ -

"ဒါကတော့ ထောင်ပိုင်ကြီးရဲ့ အကျဉ်းထောင်ဘိုးဘိုးကြီး အစွမ်းပြတာ ဖြစ်နိုင်တယ်ဆရာ"

"ဗျာ ... ဘယ်လို အကျဉ်းထောင်ဘိုးဘိုးကြီးလဲ ဂါတ်စာရေးကြီး"

ကျွန်ုပ်က -

"ဒီလိုဗျ ကိုစိုးလှိုင်။ အရင်က ကျွန်တော့်ဆရာ ထောင်ပိုင်ကြီးတစ်ယောက်ဆီက ရခဲ့တဲ့ အယူအဆလေးတစ်ခုပါ။ သူက ထောင်ထဲမှာ အကျဉ်းထောင်ဘိုးဘိုးကြီးဆိုတာ ရှိတယ်။ သူက သူ့ကို ပူဇော်ပသတဲ့ ထောင်တွေကို ဘေးအန္တရာယ်အသွယ်သွယ်က ကင်းရှင်းအောင် စောင့်ရှောက်ကာကွယ်ပေးသတဲ့ဗျ။ ဒါကြောင့် သူ့ရုံးခန်းမှာ ဘိုးဘိုးကြီးစင်လုပ်ပြီး ကိုးကွယ်ကြည့်တော့ တော်တော်လေးထူးတာကို တွေ့ရသတဲ့ဗျ"

"ဟုတ်လားဆရာ၊ ကျွန်တော်တော့ ခုမှပဲ ကြားဖူးတော့တယ်"

"ကျွန်တော်လည်း အစကတော့ သိပ်မယုံကြည်ခဲ့ပါဘူး။ အခု ဒီထောင်ကို ပြောင်းမိန့်ထွက်တော့မှ သတင်းတစ်ခု ကြားရတယ်လေ။ ဒီထောင်မှာ သရဲအလွန်ခြောက်တယ်တဲ့၊ အလုပ်လက်မခံခင်က အရင်ထောင်ပိုင်ကြီး ဦးကျော်ဖံကိုမေးကြည့်တော့လည်း ဟုတ်တယ်တဲ့၊ သူတောင် အခြောက်ခံရဖူးတယ်တဲ့။ ဇော်ကြီးဆိုတဲ့ အကျဉ်းသားခြောက်တာတဲ့"

"ဩော် ..."

"အဲဒါတော့ ကျွန်တော်လည်း ဟုတ်လိုဟုတ်ငြား စမ်းကြည့်ချင်တာနဲ့ ဦးကျော်ဖံဆီက အလုပ်လွှဲပြောင်းယူပြီး နောက်တစ်နေ့မှာ ဂါတ်စာရေးကို ဘုရားကျောင်းဆောင်အောက်မှာ ဘိုးဘိုးကြီးစင်လေး ရိုက်ခိုင်းခဲ့တယ်လေ"

ကျွန်ုပ်က ပြောရင်း ရုံးခန်း ဘုရားကျောင်းဆောင် အောက်ကို လက်ညှိုးထိုးပြသည်။ ထောင်မှူးကြီးက ခေါင်းတဆတ်ဆတ်ဖြင့် လှမ်းကြည့်၏။

"ထောင်ဆိုတာ စနေနံ၊ ဘိုးဘိုးကြီးစင်ကိုလည်း စနေထောင့်ဘက် ဦးတည်ရိုက်ပေးထားရတယ်။ စနေနံရဲ့ ဂဏန်းက ခုနစ်မဟုတ်လား။ ဒါကြောင့် အမွှေးတိုင် ခုနစ်တိုင်နဲ့ ဖယောင်းတိုင် ခုနစ်တိုင်စီ ပူဇော်ပေးရတယ်ဗျ"

"ဟုတ်ကဲ့"

"နောက်ပြီး မြွေတို့၊ နဂါးတို့ဆိုတာလည်း စနေနံတွေပဲမဟုတ်လား"

ထောင်မှူးကြီးက -

"ဟုတ်ပြီ ဆရာ။ ကျွန်တော်လည်း ခုမှ သတိပြုမိတယ်။ ကျွန်တော် ရောက်လာကတည်းက ဒီထောင်မှာ တစ်ပတ်တစ်ခါလောက် မှန်မှန်ခြောက်တက်တဲ့ ဇော်ကြီးသရဲ မခြောက်တော့တာ အခုဆို သုံးပတ်တောင် ရှိနေပြီလေ၊ အဲဒါ ဘာလို့များလဲလို့ ကျွန်တော်စဉ်းစားနေခဲ့တာ။ လက်စသတ်တော့ ဆရာ့ရဲ့ အကျဉ်းထောင် ဘိုးဘိုးကြီးကြောင့်ကိုး"

ကျွန်ုပ်က ခေါင်းညိတ်ပြသည်။ သူက ဆက်၍ -

"အဲလို ဘိုးဘိုးကြီးက မြွေတွေ၊ နဂါးတွေ ဖန်ဆင်းပြီး ဇော်ကြီးကို မောင်းထုတ်တော့ ဇော်ကြီး ဆက်မခြောက်ရဲတော့ဘဲ သူ့အမေဆီ အိပ်မက်ပေးပြီး အော်ဟစ်အကူအညီတောင်းရတော့တာပေါ့ ...။ အဲ့ဒီလို မဟုတ်လား ဆရာ"

ကျွန်ုပ် ခေါင်းဆတ်ပြသည်။

"ကျွန်တော်လည်း အဲလိုပဲဖြစ်မယ်လို့ ယုံကြည်မိတယ်"

ထောင်မှူးကြီးက -

"ဒါနဲ့ ဆရာ၊ ဇော်ကြီးအမေရဲ့ စာထဲမှာ ဇော်ကြီးရဲ့ ရက်လည်နေ့မှာ သံဃာတွေပင့်ပြီး သပိတ်သွတ်အမျှဝေခဲ့တယ်လို့ ပါတယ်မဟုတ်လား။ ဒါနဲ့တောင် ဇော်ကြီးက မကျွတ်မလွတ်ဘဲနဲ့ ဘာလို့ သရဲဖြစ်နေရတာလဲ"

ကျွန်ုပ်က -

"မှန်တယ် ကိုစိုးလှိုင်။ အဲဒါကို ကျွန်တော်လည်း သိချင်နေတယ်ဗျ။ ဒါနဲ့ ဂါတ်စာရေးကို မေးရဦးမယ်။ ဇော်ကြီးဈာပနတုန်းက ခင်ဗျားပါသွားသေးတယ်မဟုတ်လားဗျ"

"ဟုတ်ကဲ့၊ အမှန်တော့ ကျွန်တော် လိုက်သွားဖို့ပါပဲ။ ဒါပေမဲ့ အဲဒီနေ့က ကျွန်တော့်သား အငယ်ဆုံးကောင် အတော်လေး နေမကောင်းဖြစ်နေလို့ ထောင်ပိုင်ကြီးပြောပြီး ခွင့်နှစ်ရက်လောက် ယူလိုက်ရသေးတယ်။ ထောင်ပိုင်ကြီးကလည်း ဇော်ကြီး အရိုက်ခံရလို့ သေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးခေါ်လို့ သွားရှင်းနေရတယ်လေ။ အဲဒါ အသုဘပို့တော့ ကျွန်တော့်အစားတပ်ကြပ်အောင်အောင် လိုက်သွားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ သချိုင်းမှာ အမိန့်ပြန်တမ်း ဘယ်သူဖတ်ခဲ့လဲ"

"တပ်ကြပ်အောင်အောင်က သူ့ဟာသူ စာစီပြီး ဖတ်ခဲ့တယ်တဲ့ ဆရာ"

"ဟ . . . ဒါဆို တရားဝင်ရုံး အမိန့်စာနဲ့ ထောင်ပိုင်လက်မှတ်ထိုးထားတဲ့ အမိန့်ပြန်တမ်း မဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့ . . . အဲလိုဖြစ်သွားတယ်"

"ဟုတ်ပြီ၊ အဲဒါကြောင့် ဖော်ကြီးက သူ့ကိုယ်သူ သေလို့သေမှန်း မသိဘဲ ထောင်ထဲမှာ ကပ်နေတာပေါ့"

ထောင်မှူးကြီးက –

"ဒါဆို ဖော်ကြီး သရဲဘဝက ကျွတ်လွတ်သွားအောင် တရားဝင်အမိန့်ပါ ပြန်ပြီး ဆွမ်းသွတ်အမျှဝေပေးမှ ဖြစ်မှာပေါ့နော် ဆရာ"

"သိပ်မှန်တာပေါ့ ကိုစိုးလှိုင်။ အဲဒါကြောင့် ခင်ဗျား ဖော်ကြီးအမေဆီ ဖုန်းဆက်ညှိနှိုင်းပြီး အလှူရက်သတ်မှတ်ပေးစမ်းပါ။ ပြီးတော့ အဲဒီနေ့ကျရင် ထောင်ထဲက တမာပင်ကြီးအောက်မှာ အလှူလုပ်ပေးကြတာပေါ့ဗျာ။ တရားမနာခင် အမိန့်ပြန်တမ်း အရင်ဖတ်ပါ"

"ဟုတ်ကဲ့ ဆရာ"

ထိုနေ့ နံနက်ပိုင်းတွင် တမာပင်ကြီးအောက်၌ သံဃာငါးပါး ပင့်ဖိတ်၍ အရာရှိ ဝန်ထမ်းများ၊ အကျဉ်းသားများ၊ သေသူ ဖော်ကြီး၏ မိခင် ဒေါ်မြခင်နှင့်အတူ တရားနာယူကြ၏။ ထောင်မှူးကြီးကတော့ ဖော်ကြီးမှာ သေဆုံးသွားပြီဖြစ်၍ သင်သွားလိုရာသို့ သွားနိုင်ကြောင်း အမိန့်ပြန်တမ်း ဖတ်သည်။ ထို့နောက် သံဃာတော်များအား ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ပစ္စည်း ဆက်ကပ်ကာ သေသူအား ရည်စူး၍ ရေစက်ချလှူဒါန်းလျက် ဒေါ်မြခင်က အမျှပေးဝေရာ တရားနာပရိသတ်က သာဓုသုံးကြိမ် သံပြိုင်ခေါ်ဆိုလိုက်ကြ၏။

ထိုစဉ် သစ်ပင်ပေါ်မှ တမာခက် သုံးခက်သည် လေမတိုက်ဘဲ တစ်ခက်ပြီးတစ်ခက် ပြုတ်ကျလာသည်ကို တွေ့ရ၏။ ယင်းအခိုက်အတန့်မှာပင် ပင်စည်ခေါင်းထဲမှ မြွေကြီးတစ်ကောင် လျှောခနဲ ထွက်လာကာ အကျဉ်းထောင်အုတ်ရိုးရှိရာ အနောက်တောင်ဘက်ဆီသို့ တရွေ့ရွေ့ထွက်သွားသည်ကို ပရိသတ်အားလုံး မြင်လိုက်ကြရ၏။

တမာခက် သုံးခက်မှာ ဖော်ကြီး တစ်ယောက် ကုသိုလ်အဖို့ဘာဂ အမျှရ၍ သာဓုသုံးကြိမ်ခေါ်လိုက်သည့် သင်္ကေတပင်လော။

မြွေကြီးတစ်ကောင် အနောက်တောင်ထောင့်ဘက်သို့ ထွက်သွားခြင်းမှာ အန္တရာယ်ကင်းရှင်းကြောင်း အသိပေးသည့် အကျဉ်းထောင်ဘိုးဘိုးကြီး၏ အရိပ်လက္ခဏာပေလား။

မည်သို့ဆိုစေ ဒေါ်မြခင်တစ်ယောက် ထိုနေ့မှစ၍ သူ့သားဖော်ကြီး၏ အိပ်မက်ထဲမှ အော်ဟစ်သံကို နောက်ထပ်မကြားရတော့ကြောင်း သိရှိရပါတော့၏။

ပီတာမြဦး


# အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်

## အဆောင်ဓာတ်လုံး

## ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့်, ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-ခန-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့် . . .

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ခန၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက . . .

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com


# ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော်

## တည်ထားဖြစ်မြောက်ရေးအတွက်

## ဝေနေယျပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် အလှူရှင်များအား

## တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဒါကျောက်တောရမဟာဒေါင်မြေ သာသနာတော်မြတ်ကြီးသည် ယခင် ရေးနှစ်ပေါင်းများစွာ လူသူကင်းမဲ့ပြီး ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူမျှ တည်ထားဆောင်ရွက်နိုင်ခြင်း မရှိ ချုံနွယ်များနှင့် တောကြီးတမျှ မြင်သူနှလုံး ယူကျုံးမရ သာသနာအတွက် ဖြေမဆည်နိုင်ရှိခဲ့ရာ -

ယခုအခါတွင် သမိုင်းတစ်ခေတ် ရာဇဝင်မှတ်တမ်းမော်ကွန်းတွင် ကျန်ရစ်စေမည့် သာသနာ့အာဇာနည် ဦးအာစာရ လင်္ကာသီရိ(ပင်မသဲအင်းဂူအဖွဲ့ချုပ်၊ တိုက်ခွဲအမှတ်-၂၁) အရှင်မြတ်သည် (၁၆-၂-၁၉၉၅)ခုနှစ်တွင် ရောက်ရှိ၍ ယနေ့ထက်တိုင် ပညတ်ဂါမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ကိုးကွယ်လက်ခံမှု လုံးဝ(လုံးဝ)မရှိ။ တစ်ပါးတည်း တောရဓုတင် အကျင့်မြတ် ပဋိပတ်တရားဒေသနာနှင့်အညီ အကျင့်သီလ သမာဓိ စရဏစွမ်းအားဖြင့် ဝေနေယျ ဆွေတော်မျိုးတော်၊ (၇)ရက်သော ပဋ္ဌာန်းဆက် သားသမီးများကောင်းမှု အကြောင်းပြု၍ တည်ထားဆောင်ရွက်လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ယခုအခါ ဆုတောင်းပြည့် သဒ္ဒါကျောက်တောရမဟာဒေါင်မြေ ရင်ပြင်တော်ထက်တွင် အလျား ပေ-၅၀၊ အနံ ပေ-၃၀ ရှိ ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော် နှစ်ထပ်တည်ထားဆောက်လုပ်နေပါသည်။ သို့ပါသောကြောင့် စေတနာရှင် ဝေနေယျများအနေဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့များနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

### လှူဒါန်းနိုင်သော အလှူဝတ္ထု

(၁) အလျား ၁၅ ပေ × အနံ ၁၀ ပေ ဘုရားကျောင်းဆောင်အတွက် (၁၅)သိန်း
(၂) ၁၀ ပေ ပတ်လည် တစ်ခန်းအတွက်(အရေအတွက် ၁၅ ခန်း) (၁၀)သိန်း
(၃) ၇ ပေ × ၃ ပေ ကျွန်းပြတင်းတံခါးမကြီး တစ်ချပ် (လိုအပ်မှု ကျွန်းပြတင်းတံခါးမကြီး ၄ ချပ်) ၂၅၀,၀၀၀ိ/-
(၄) ရေချိုးခန်း ကုဋီတွဲလျက် တစ်ခန်းအတွက် (၁၀)သိန်း
(၅) အပေါ်ထပ်တက်လှမ်း လှေကားတစ်စင်း(စတီး) (၁၂)သိန်း
(၆) ကြမ်းခင်းစတီးပန်းပြား ၈ ပေ × ၄ ပေ တစ်ချပ် (လိုအပ်မှု ၁၇ ချပ်) ၅၀,၀၀၀ိ/-
(၇) တိုင် ၆ ပေ × ၃ ပေ (T) တစ်ချောင်း (လိုအပ်မှု ၁၆ ချောင်း) ၄၀,၀၀၀ိ/-
(၈) နဂါးရုံရုပ်ပွားတော်အား စတီးလက်ရန်းကာရံမှုအတွက်(ပေ-၈၀) ၁,၅၀၀,၀၀၀ိ/-
(၉) ကျိုက်ထီးရိုးစေတီ အထက်ပစ္စယံတွင် စတီးလက်ရန်းကာရံမှုအတွက် ၁,၅၀၀,၀၀၀ိ/-


**ပြည်တွင်း၊ ပြည်ပ ဝေနေယျများအနေနှင့် ဆက်သွယ်လှူဒါန်းလိုပါလျှင်**

Ph: 09-43141254, 09-421737919, 09-5119407

CB Bank : 0053 6001 0000 6583, KBZ Bank : 9503 0518 7430 8733


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နေနတ်မင်း၏ သမီးတော် (၃)

**မနသဲကျော်ဝင်း**
(အမျိုးသားစာပေဆုရ)

**(ယခင်လမှအဆက်)**

"ညီမလေးဟာ နေနတ်မင်းကြီးရဲ့ တစ်ဦးတည်းသော သမီးတော်ပါ။ ခမည်းတော်ကို ကတိတစ်ခု ပေးခဲ့ပြီးမှ လူ့ဘဝကို လာခဲ့ရသူဖြစ်ပါတယ်။ ခေတ်မီတိုးတက်တဲ့ လူ့အဖွဲ့အစည်းမျိုးမှာ လူ့ဘဝကိုရရင် အဲဒီကတိမတည်နိုင်မှာစိုးတဲ့အတွက် ကမ္ဘာပေါ်မှာ ခေတ်အနောက်ကျဆုံး၊ တစ်နည်းပြောရင် စိုက်ပျိုးရေးတောင်မတတ်သေးတဲ့ ဟာဒ်ဇာလူမျိုးတွေထဲမှာ လူသားမိန်းကလေးတစ်ဦးအဖြစ်နဲ့ လူ့ဘဝကိုရခဲ့တာပါ ကိုကို။ ညီမလေးကို ကိုယ်ဝန်ရှိတဲ့အချိန် မေမေက အိပ်မက်တစ်ခု မြင်မက်တယ်လို့သိရတယ်။ နေလုံးကြီးဆီကနေ အလင်းတန်းတစ်ခု ဖြာထွက်လာပြီး မေမေ့ရဲ့ဗိုက်ထဲကို ထိုးဖောက် ဝင်ရောက်ခဲ့တယ်ဆိုတဲ့ အိပ်မက်ပါပဲ"

"ညီမလေး လူမှန်းသိစအရွယ်ကတည်းကစပြီး မကြာခဏ အိပ်မက်တစ်ခု မြင်မက်တယ်။ နေလုံးကြီးဆီကနေအလင်းတန်းကြီးတစ်ခု ရောက်လာပြီး နင်ကတိတည်ရမယ်၊ သစ္စာမဖောက်ရဘူး။ ကတိဖျက်တဲ့နေ့ဟာ နင်ဝိညာဉ်ချုပ်မယ့်နေ့ပဲ။ ဒါကြောင့် ကတိတည်နေဖို့ အမြဲသတိရှိပါလို့ပြောပြီး အဲဒီအလင်းတန်းဟာ ကောင်းကင်ကို ပြန်တက်သွားတယ်။ နေလုံးကြီးထဲကို ပြန်ဝင်သွားတယ်လို့ အိပ်မက်မြင်မက်လေ့ရှိတာ အခု အသက်အရွယ်အထိပါပဲ"

"ဘယ်လိုကတိမျိုးကို ပေးခဲ့ရတာလဲ ညီမလေးရယ်"

ကျွန်တော်က စိတ်မသက်မသာစွာဖြင့် မေးလိုက်မိခြင်း ဖြစ်၏။

"ဘယ်လူသားယောက်ျားနဲ့မှမချစ်ကြိုက်ဘူး။ လက်ထပ်ထိမ်းမြားခြင်းမပြုပါဘူးဆိုတဲ့ ကတိပါပဲ။ ဒါကြောင့် ကိုကို့ကို ညီမလေး မေတ္တာရပ်ခံတောင်းပန်ချင်တာက ညီမလေး အသက်ရှည်ရှည်နေနိုင်အောင် ကိုကို စောင့်ရှောက်ပေးပါနော်။ ညီမလေးကို ဖောက်ပြန်တဲ့စိတ်မျိုးနဲ့ မချစ်မိအောင် သတိထားစောင့်ထိန်းပေးပါ ကိုကိုရယ်။ ညီမလေးဟာ နေနတ်မင်းရဲ့သမီးတော် ဖြစ်တယ်ဆိုတာ ဘကြီး အွန်ဝဲ(ခ်)တစ်ယောက်ကိုပဲ အသိပေးထားတယ်။ ညီမလေးကို တစ်ဖက်သတ်ကြိုက်ပြီး နောက်ပိုးနေတဲ့ မိုက်တီးကိုတောင် အသိမပေးဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူဟာသူသာ တစ်ဖက်သတ်ကြိုက်နေတာ။ ညီမလေးက သူ့ကို လုံးဝ စိတ်မဝင်စားဘူး။ သူနဲ့ပတ်သက်လို့ ရင်မခုန်ဘူး။ သူ့ကို ရှောင်နိုင်တယ်။ အဲ··ဒါပေမယ့် ကိုကိုနဲ့ပတ်သက်လို့တော့···"

မာရီယာသည် စကားမဆက်သေးဘဲ တရှုံ့ရှုံ့နှင့် ငိုနေတယ်။ ကျွန်တော်က သူမကို မငိုရန် ချော့မော့ပြီး-

"ကိုကိုနဲ့ပတ်သက်လို့တော့ ဘာဖြစ်သလဲ မာရီယာ"

ကျွန်တော်၏ အမေးကို သူမက အဖြေမပေးဘဲ ငြိမ်နေသည်၊ ဆက်၍ ငိုနေသည်။

"တိတ်ပါ မာရီယာရယ်၊ သူများတွေ တွေ့သွားရင် တစ်မျိုးထင်နေဦးမယ်"

မာရီယာသည် သူမ၏မျက်ရည်များကို သုတ်လိုက်ပြီးနောက် လူစုလူဝေးရှိသည့်နေရာသို့ ဦးဆောင်ခေါ်သွားလေသည်။ ကျွန်တော်လည်း မူလနေရာသို့ ပြန်လာခဲ့၏။ မျောက်ဝံသားစားရန် နေရာယူလိုက်၏။

သူတို့တွင် ချက်ပြုတ်ရန် ဒယ်အိုးမရှိ။ အသားကင်ရန် သံညှပ်၊ သံဆန်ခါကွက်၊ သံတံစို့ နတ္ထိ။ မီးကျီခဲရဲရဲပေါ်တွင် အသားကို တိုက်ရိုက်တင်ကာ မီးကင်မီးဖုတ်ကြ၏။ ကျက်သောအသားပိုင်းကို မီးဖိုအနီးတွင် ဒူးတင်ပေါင်ယှက် ဝိုင်းဖွဲ့ပြီး ထိုင်နေကြသူများအားလုံးလှည့်၍ တစ်ကိုက်စီဝေစု



www.burmeseclassic.com

ယူကာ စားသောက်ကြ၏။ သူတို့ အမြတ်တနိုးထား၍ စားသောက်ကြသော မျောက်ဝံ၏လက်ဖဝါးဆိုသည်ကို ကျွန်တော် ခံတွင်းမတွေ့၊ ရော်ဘာခဲဖျက်တုံးကြီးကို ဝါးနေရသလို ခံစားရသည်မို့ တွေးထုတ်ပစ်လိုက်ရာ အနီးတွင် ထိုင်နေသူ ကလေးတစ်ယောက်က ချက်ချင်းပင် ထိုအသားကို ကောက်ယူ ဝါးမြိုပစ်လိုက်လေသည်။ မာရီယာသည် စားသောက်ဝိုင်း၏ အစွန်နားတွင် ထိုင်နေ၏။ သို့ရာတွင် ဘာမျှ စားသောက်သည်ကို မတွေ့ရ။ မျက်နှာညှိုးနေသည်ကိုတော့ ကျွန်တော်သတိပြုမိ၏။

မျောက်ဝံ၏ဦးခေါင်းကို ရထားသူ အွန်ဝို(စ်)သည် မီးကင်ပြီး အပေါ်ယံကျက်နေပြီဖြစ်သည့် လည်ကုပ်သားများ၊ မျက်လုံးများကို ကိုက်ဝါးစားသောက်လျက်ရှိ၏။ အပေါ်ယံရှိအသားများ ပြောင်စင်သွားသောအခါ အွန်ဝို(စ်)သည် ဦးခေါင်းခွံကို မီးကျီခဲများဖြင့် မီးအုံးထားလိုက်၏။ ထို့နောက် -

"လာဟေ့ . . .ငါတို့ ဆေးတံသောက်ကြရအောင်"ဟု သူလူများကို အော်၍ပြောရင်း အွန်ဝို(စ်)က သူ့ခါးစည်းထဲမှ ဆေးတံနှင့်ဆေးဘူးကို ထုတ်ယူလိုက်၏။ ဟာဒ်ဇာလူမျိုး ယောကျ်ားတို့သည် ဆေးတံကို အလွန်ပင် မြတ်နိုးကြ၏။ သွားလေရာသို့ ကိုယ်နှင့်မကွာ ယူဆောင်လေ့ရှိကြ၏။ ကျောက်အပျော့စားတစ်မျိုးအား အခေါင်းထွင်းပြီး ထိုဆေးတံကို ပြုလုပ်ကြခြင်းဖြစ်၏။ ကျွန်တော်သည် ထိုစဉ်က ထမင်းစားပြီးတိုင်း ဆေးတံဖွာလေ့ရှိရာ ယခုလည်း ခံတွင်းချဉ်လာသဖြင့် ဂျာကင်အိတ်ထဲမှ လက်စွဲတော်ဆေးတံကို ထုတ်ယူလိုက်၏။ ဘီလူးကျွန်းရှာလွတ်မှ ပြုလုပ်သော ကျွန်းသား ဆေးတံဖြစ်ပြီး မြန်မာပြည်မှ ထွက်လာကတည်းက ပါလာခဲ့ခြင်းဖြစ်၏။ ဆေးတံသောက်ဆေးမှာမူ အိုင်ယာလန်မှ ထုတ်လုပ်သည့် "အီရင်းမိုးဖလိတ်"ဆိုသည့် တန်ဖိုးကြီး ဆေးမျိုးဖြစ်၏။ သောက်ရှူ၍ကောင်းလှသကဲ့သို့ အနံ့ကလည်း မွှေးကြိုင်သင်းပျံ့သဖြင့် ပင်ဂွင်းကျင်ကို အနှောင့်အယှက်မဖြစ်စေဖို့ ကျွန်တော်က ဆေးတံတွင် ဆေးဖြည့်၍ မီးညှိပြီး အွန်ဝို(စ်)သို့ ကမ်းပေးလိုက်၏။ အွန်ဝို(စ်)က နှစ်ခါသုံးခါ ဖွာလိုက်ပြီးနောက် "ပျော့သည်"ဟု ပြုံးရယ်၍ ပြောဆိုကာ ကျွန်တော့်ကို ပြန်ပေး၏။

ယခု အွန်ဝိုစ်တို့အဖွဲ့ ဆေးတံသောက်ရှူကြတော့မည်။ မီးညှိထားပြီးဖြစ်သော သူ၏ဆေးတံကို အွန်ဝိုစ်သည် အားကုန်ရှိုက်လိုက်ပြီးနောက် ဆေးငွေ့ကို အာခံတွင်းထဲ၌ငုံ၍ ထိန်းထား၏။ ထိုဆေးတံကို ဂီဂါထံသို့ ကမ်းပေးလိုက်၏။ ဂီဂါကလည်း အွန်ဝိုစ်ကဲ့သို့ပင် ဖွာရှိုက်ပြီးနောက် မဒူးရူထံသို့ လက်ဆင့်ကမ်းလိုက်၏။ ဤသို့လျှင် တစ်ဦးစီအလှည့်ကျ ရှိုက်ဖွာပြီး ယောကျ်ားတွေအားလုံးကုန်တော့မှ ရပ်သွား၏။ တတိယလူအလှည့် မရောက်မီမှာပင် ပထမဦးဆုံး ဖွာရှိုက်တဲ့သူ အွန်ဝိုစ်တစ်ယောက် ဆေးငွေ့သီးပြီး အကြီးအကျယ် ချောင်းဆိုးလေပြီ။ မြေကြီးပေါ်တွင် ပက်လက်လှန်လဲကျပြီး လူးလိမ့်နေရ၏။ မျက်ရည်တွေ ထွက်ကျလာရ၏။ ကျန်လူများလည်း ထိုနည်းလည်းကောင်းပင် အကြီးအကျယ် ချောင်းဆိုးကြကုန်၏။ ရယ်ရွှင်စရာ အမှုတစ်ခုအနေဖြင့် သူတို့ ဤသို့ ဆေးငွေ့သီးအောင် ဆေးတံဖွာရှိုက်ကြခြင်းဖြစ်ကြောင်း သိရ၏။

မျောက်ဝံဦးခေါင်းကြီးသည်ကား မီးအုံးထားခြင်း ခံနေရဆဲဖြစ်၏။ ချောင်းဆိုးရပ်သွားပြီဖြစ်သော အွန်ဝိုစ်က မတ်တတ်ထရပ်လိုက်ပြီးနောက် သစ်ကုလားအုတ်တစ်ကောင်ကို သူ မည်သို့မည်ပုံ အမဲလိုက်ခဲ့ပုံအကြောင်း၊ ပုံပြင်တစ်ပုဒ်ပြောပြသလို စတင်ပြောပြ၏။ ရုပ်ရှင်၊ တီဗွီ၊ ဗီဒီယို လုံးဝ မရှိသော သူတို့၏ ကမ္ဘာလေးအတွက် အကောင်းဆုံး ပညာပေးမှုနှင့် ဖျော်ဖြေမှုတစ်ရပ်ပင် ဖြစ်တော့သည်။ လူငယ်များအဖို့ စိတ်ဝင်စားစွာ နားထောင်နေကြခြင်းဖြင့် အမဲလိုက်သည့်ပညာကို ဆည်းပူးပြီးသား ဖြစ်သွားရလေသည်။

အွန်ဝိုစ်သည် နှုတ်ဖြင့်ပြောပေမဲ့ နေရုံသာမက ကိုယ်ဟန်အမူအယာဖြင့်လည်း သရုပ်ပြ၏။ သစ်ကုလားအုတ်၏ ပြေးလွှားလှုပ်ရှားပုံ၊ သူနှင့် ရင်ဆိုင်တိုးမိပုံတို့ကို သစ်ကုလားအုတ်အသွင်သဏ္ဌာန်ဖြင့် သရုပ်ပြပြီး သူက ထိုသတ္တဝါကို မည်သို့ လေးဖြင့်ပစ်ခွင်းခဲ့ရပုံအကြောင်း၊ ဇီဝိန်ခြွေခဲ့ပုံအကြောင်းအားမာန်အပြည့်ဖြင့် သရုပ်ပြ၏။ ထို့နောက် သူ၏ လက်စွဲတော်လေးကြိုးကို ပရိသတ်ဘက်သို့ ကိုင်မြှောက်ပြပြီး . .

"ငါဟာ ယောကျ်ားတစ်ယောက် မဟုတ်လားဟေ့"ဟု အော်ဟစ်မေးမြန်း၏။ သူ့ပရိသတ်ကလည်း -

"ဟုတ်ပါတယ်။ ခင်ဗျားဟာ ရဲရင့်

www.burmeseclassic.com

ပြီး အမဲလိုက်ကောင်းတဲ့ ယောက်ျား တစ်ယောက်ပါပဲ"

ဟု သံပြိုင်အော်ဟစ် ပြောဆိုကြ၏။ ဤသို့လျှင် အွန်ဝါ့စ်က သုံးကြိမ်တိတိ မေးမြန်းရာ သူ့ပရိသတ်ကလည်း သုံးကြိမ်စလုံး ညီညာဖြိုဖြို အော်ဟစ်ပြောဆိုကြ၏။

အွန်ဝါ့၏ ဟောပြောသရုပ်ပြမှု ပြီးဆုံးချိန်၌ မီးပုံထဲမှ မျောက်ဝံဦးခေါင်းခွံထဲရှိ ဦးနှောက်များလည်း ကျက်နေလေပြီ။ အွန်ဝါ့စ်သည် ထိုခေါင်းခွံကို မီးပုံထဲမှ ဆွဲထုတ်ပြီး အခွံခွာလိုက်ရာ ရေနွေးငွေ့ဖြင့် ပေါင်းထားသလို ကျက်နေသည့် ဦးနှောက်များကို တွေ့မြင်ရ၏။ ဂျုံခေါက်ဆွဲထွေးကြီး ပမာပင်။ အွန်ဝါ့စ်ကစ၍ တစ်ကော်စီကလော်ပြီး စားသောက်ကြရာ မကြာမီ တက်တက်ပြောင်သွားရလေတော့၏။ ထိုအခိုက် မာရီယာတစ်ယောက် ကျွန်တော့်အနီးသို့ရောက်လာပြီး ပါးစပ်ထဲသို့ တစ်စုံတစ်ရာကို ခွံ့ကျွေးလိုက်၏။

"အဲဒါ ညီမလေးရတဲ့ ဦးနှောက်ဝေစုပါ။ ကိုကိုတို့ဆီမှာ မျောက်ဝံဦးနှောက်စားခွင့်ရဖို့ သိပ်ကိုခဲယဉ်းလိမ့်မယ်။ ဒါကြောင့် ညီမလေးက မစားရက်ဘဲ ကိုယ်ရတဲ့ဝေစုကို ကိုကို့ကိုလာကျွေးတာပါ။ အားပါးတရစားနော်။ ဒါထက် ကိုကို ဦးနှောက်စားရတဲ့ အရသာကို ကြိုက်ရဲ့လား"

မာရီယာက လိုက်လိုက်လှဲလှဲ ပြောဆိုနေသဖြင့် ကျွန်တော် ဝမ်းသာကျေနပ်သွားမိရ၏။ စောစောတုန်းက ကျွန်တော်၏ ကိုယ်ထိလက်ရောက် ပြုမူခဲ့မှုကြောင့် သူစိတ်ဆိုးသွားပြီလား။ စိတ်နာသွားပြီလားဟု စိုးရိမ်နေမိခဲ့၏။ ယခုကဲ့သို့ ပုံမှန်အနေအထားမျိုး ပြန်လည်ဆက်ဆံသည်ကို တွေ့မြင်ရသောအခါ ကျွန်တော် စိတ်ချမ်းသာသွားရပါပြီ။ ဤမျောက်ဝံသား စားသောက်ပွဲတွင်လည်း မာရီယာသည် ကျွန်တော် သိလိုသမျှ မေးမြန်းသည့် ကိစ္စများအတွက် စကားပြန်အဖြစ် စိတ်ရှည်စွာ ဆောင်ရွက်ပေး၏။

"ကိုကိုက ဆိတ်ဦးနှောက်၊ ဝက်ဦးနှောက် အပါအဝင် တိရစ္ဆာန်အတော်များများရဲ့ ဦးနှောက်တွေကို စားခဲ့ဖူးတယ်။ နူးညံ့ပြီး အရသာရှိတာကြောင့် ကြိုက်တယ်။ အဲ··မျောက်ဝံဦးနှောက်ကိုတော့ အခု ဒီဒေသကိုရောက်မှပဲ စားဖူးတယ်။ စားလို့ကောင်းပါတယ်"

မာရီယာကို ပြောပြနေမိခြင်းဖြစ်၏။

"ကိုကိုတို့မြန်မာပြည်မှာ မျောက်ဝံ မရှိလို့လား"

"ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ထဲမှာတော့ ရှိတာပေါ့ကွယ်။ အဲဒီမျောက်ဝံ၊ ဂေါ်ရီလာ၊ ချင်ပန်ဇီနဲ့ ဘာဘွန်းတွေကို အာဖရိကနိုင်ငံကနေ တင်သွင်းခဲ့ရတာဖြစ်တယ်။ မျောက်ဝံမျိုးစိတ်က မြန်မာပြည်မှာ မရှိဘူး။ ရိုးရိုးမျောက်တွေ၊ မျောက်လွှဲကျော်တွေတော့ ရှိတယ်။ မြန်မာတွေမှာ မျောက်ဦးနှောက်ကိုစားတဲ့ ထုံးတမ်းဓလေ့မျိုးရယ်လို့တော့ မရှိပါဘူး။ အဲ···ကရင်လူမျိုးတွေကတော့ မျောက်ညီုသွေးကို အားရှိတယ်ဆိုပြီး အရက်နဲ့ ရောသောက်လေ့ရှိကြတယ်။ ရပ်ဝေးကလာတဲ့ ဧည့်သည်မျိုးတွေကိုလည်း မျောက်ညီုသွေးနဲ့ အရက်ကိုရောပြီး ဧည့်ခံတိုက်ကျွေးလေ့ရှိကြတယ်။ ကိုကို့ရဲ့ ဦးလေးတစ်ယောက်ဟာ အလုပ်ကိစ္စနဲ့ ကရင်ပြည်နယ် ဒေါနတောင်ကို ခရီးထွက်တော့ အဲဒီလိုဧည့်ခံတာမျိုးနဲ့ ကြုံခဲ့ရဖူးတယ်။ ရွာတစ်ရွာကို သူရောက်သွားတော့ တည်းခိုမယ့်အိမ်ရဲ့ ခြံထဲကိုအဝင်မှာ မျောက်ညီုကြီးတစ်ကောင်ဟာ ငယ်သံပါအောင်အော်ပြီး ဆွေ့ဆွေ့ခုန်နေတယ်တဲ့။ သူ့ကို တိုင်မှာ ကြိုးနဲ့ချည်ထားတော့ ထွက်ပြေးလို့လည်း မရဘူးပေါ့။ အဲဒီအချိန်မှာ အိမ်ရှင်ဦးလေးကြီးက ကိုကို့ဦးလေးကို ကြို ဆိုပြီး နေရာချပေးတယ်။ ပြီးတော့ တိုင်မှာချည်ထားတဲ့ မျောက်ဝံကြီးကို ဖမ်းပြီး အမြီးထိပ်ပိုင်းကို ဓားနဲ့ လက်တစ်ဆစ်လောက် ဖြတ်တယ်။ ကျလာတဲ့သွေးတွေကို ဝါးခွက်ကလေးတစ်ခုနဲ့ခံတယ်။ မျောက်ညီုရဲ့အမြီးက ဒဏ်ရာကို ပြာနဲ့ တို့ပေးပြီး ပြန်လွှတ်ပေးလိုက်တယ်။ မျောက်ညီုကြီးခမျာ နာလွန်းလို့အော်တာ တစ်ခြံဝင်းလုံးကို ဆူညံသွားတာပဲတဲ့။ ဦးလေးက အဲဒီ မျောက်ညီုကြီးရဲ့အမြီးကို ကြည့်လိုက်တော့ တစ်ဝက်လောက်သာ ကျန်တော့တာကို တွေ့ရသတဲ့။ အိမ်ရှင်အဘိုးကြီးက စောစောတုန်းက ဝါးခွက်နဲ့ခံထားတဲ့ မျောက်ညီုကြီးရဲ့သွေးတွေကို အရက်နဲ့ရောပြီး ဦးလေးကို တိုက်သတဲ့"

"သောက်···သောက်···သိပ်ပြီး အားရှိတဲ့ ငါတို့ရဲ့ ဆေးတစ်မျိုးပဲ။ မင်း တစ်မနက်ခင်းလုံး ခရီးပြင်းနှင်လာခဲ့ရတာ ဒီမျောက်ညီုသွေးရောထားတဲ့ အရက်ကို သောက်လိုက်တာနဲ့ ချက်



www.burmeseclassic.com

www.burmeseclassic.com

ချင်း အားပြန်ပြည့်လာလိမ့်မယ်။ ရပ်ဝေးက ရောက်လာတဲ့ ဧည့်သည်တိုင်းကို ဖထီးက ဒီလိုပဲ ဧည့်ခံလေ့ရှိတယ်။ ဒါကြောင့် သူ့အမြီးတောင် တော်တော်တိုနေပြီ။ သူကလည်း အဲဒါကို သိနေပြီလေ။ အထုပ်အပိုးတွေနဲ့ ရပ်ဝေးကလာတဲ့ဧည့်သည် ခြံထဲဝင်လာတာကို မြင်ရင် ငယ်သံပါအောင် အော်တော့တာပဲ။ သူ့အမြီးအဖြတ်ခံရတော့မယ်ဆိုတာကို အတွေ့အကြုံအရ သိနေတာကိုးလို့ အိမ်ရှင်အဘိုးကြီးက ဦးလေးကို ရှင်းပြခဲ့သတဲ့ မာရီယာရယ်"

"အင်း…စိတ်ဝင်စားစရာ ဧည့်ခံခြင်းဓလေ့တစ်မျိုးပဲနော် ကိုကို"

မာရီယာက မှတ်ချက်ချလိုက်ခြင်း ဖြစ်လေသည်။

နောက်တစ်နေ့နံနက်တွင် အွန်ဝှဲစ်နှင့်အဖွဲ့က ကျွန်တော့်ကို လေးတစ်လက်နှင့် မြားတံအချို့ လာရောက်ပေးအပ်ကြ၏။ သူတို့နှင့်အတူ ပါလာသူ မာရီယာက -

"မနေ့ညတုန်းက သူတို့အဖွဲ့နဲ့အတူ ကိုကိုဟာ ဘာဘွန်းမျောက်ဝံအမဲလိုက်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့တယ်။ အဲဒီအမဲလိုက်ပွဲကလည်း အောင်မြင်ခဲ့တယ်။ ဒါကြောင့် ကိုကိုဟာ မုဆိုးတစ်ယောက်ဖြစ်သွားပြီလို့ သူတို့က အသိအမှတ်ပြုပြီး ဟောဒီ လေးနဲ့မြားကို အပ်နှင်းကြတာပါ။ ဟာဒ်ဇာလူမျိုးတွေရဲ့ ဓလေ့ထုံးစံအရဆိုရင် ကိုကိုဟာ ဒီလေးနဲ့မြားကို သွားလေရာ ကိုယ်နဲ့မကွာ ယူဆောင်သွားရတော့မှာ ဖြစ်ပါတယ်"

ကျွန်တော်သည် မာရီယာရှင်းပြသည်များကို နားထောင်နေရင်း မြန်မာ့မြေမှ သမိုင်းဝင်ဖြစ်စဉ်တစ်ခုအကြောင်းကို ရုတ်တရက် သတိရလိုက်မိ၏။ မြန်မာ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်ဦးပိုင်းတွင် ကချင်ပြည်နယ်သို့ စည်းရုံးရေးခရီးထွက်သည်။ မြစ်ကြီးနားမြို့ မန်ခိန်ကျေးရွာတွင် ကချင်တိုင်းရင်းသားအကြီးအကဲများနှင့် တွေ့ဆုံကာ တိုင်းပြည်၏ လွတ်လပ်ရေးကိစ္စအတွက် ရင်းရင်းနှီးနှီး ဆွေးနွေးသည်။ ကချင်ခေါင်းဆောင်များက မိမိတို့သည် တိုင်းပြည်လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်နှင့်အတူ လက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိနေပါကြောင်း ခိုင်ခိုင်မာမာ ကတိပေးကြသည်။ ထို့နောက် ဗိုလ်ချုပ်ကို ကချင်ရိုးရာဝတ်စုံ ခေါင်းပေါင်းနှင့် ဓားလွယ်တစ်ခု အပ်နှင်းကြ၏။ ယင်းခေါင်းပေါင်းကို ဗိုလ်ချုပ်၏ ဦးခေါင်း၌ ပေါင်းပေးပြီး ဓားလွယ်ကို လွယ်စေလျက် သူတို့နှင့် စုပေါင်းကာ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ ကချင်ခေါင်းဆောင် ဒူဝါကြီးတစ်ဦးက…

"ဗိုလ်ချုပ်ခင်ဗျား။ ဒီခေါင်းပေါင်းနဲ့ ဓားလွယ်ကို ကျွန်တော်တို့ဟာ ဆွေမျိုးရင်းချာအဖြစ် အသိအမှတ်ပြုသူကိုမှသာ ပေးအပ်လေ့ရှိတာ ဖြစ်ပါတယ်။ အခုဆိုရင် ဗိုလ်ချုပ်ဟာ ကျွန်တော်တို့ရဲ့ ဆွေမျိုးအနွယ်ဝင်တစ်ဦး ဖြစ်သွားခဲ့ပါပြီ"

ဟု တရင်းတနှီး ပြောကြားခဲ့၏။ ကျွန်တော်သည် ယင်းသမိုင်းဝင် ဖြစ်စဉ်ကို ပြန်ပြောင်းစဉ်းစားမိရင်း အင်း…ငါလည်း အခုဆိုရင် ဟာဒ်ဇာတွေရဲ့ ဆွေမျိုးအရင်းတစ်ယောက် ဖြစ်သွားပြီ။ တော်ဝင့်မုဆိုးတစ်ယောက် ဖြစ်သွားရပြီ ဟု ဥဒါန်းကျူးရင့်မိရလေ၏။

ထိုနေ့က ဟာဒ်ဇာတို့သည် ကျွန်တော့်ကို နေရာတစ်ခုဆီသို့ ခေါ်ဆောင်သွား၏။ သူတို့စခန်းနှင့် အနည်းငယ်အလှမ်းဝေးသော တစ်နေရာတွင် ရွှံ့နွံအိုင်ကြီးတစ်အိုင်ကို တွေ့ရ၏။ အွန်ဝှဲစ်အပါအဝင် သူတို့အားလုံးတို့ ရွှံ့နွံအိုင်၌ ရေချိုးကြ၏။ ပထမဦးစွာ ရွှံ့ခဲဖြင့် ခန္ဓာကိုယ်အနှံ့ ပွတ်တိုက်ကြရသည်။ ထို့နောက် ရေအိုင်ထဲမှ ရွှံ့ရေများဖြင့် ဆေးကြောကာ သန့်စင်မှု ပြုလုပ်ကြလေ၏။ ကျွန်တော့်ကိုလည်း သူတို့ကဲ့သို့ ရေချိုးရန် တိုက်တွန်းကြ၏။ ဟာဒ်ဇာတို့၏ စခန်းသို့ စတင်ရောက်ရှိပြီးချိန်မှ ယခုအထိ ရေတစ်ခါမျှ မချိုးရသေးသော ကျွန်တော်သည် ရေချိုးသင့်၊ မချိုးသင့် စဉ်းစားခန်းဝင်နေစဉ် မာရီယာ ရောက်ရှိလာပြီး -

"လာ ကိုကို၊ ကျွန်မနောက်ကို လိုက်ခဲ့"

ဟု ပြောဆိုပြီး တစ်နေရာဆီသို့ ဦးဆောင်၍ ခေါ်သွားလေ၏။ ချုံပင်အုပ်စုကြီးတစ်ခုကို ကျော်လွန်သွားပြီးနောက် ရွှံ့နွံအိုင်တစ်ခုကို တွေ့မြင်ရ၏။ ထိုအိုင်သည် အိုင်ကြီးတစ်အိုင် မဟုတ်သော်လည်း သေးငယ်တော့ အိုင်ဟုတော့ မဆိုနိုင်။ အိုင်အလတ်ဟုဆိုလျှင် သင့်လျော်မည်ထင်၏။

"ဟောဒီ အိုင်ကနေ ရေသွယ်



www.burmeseclassic.com

www.burmeseclassic.com

မြောင်းနဲ့သွယ်ပြီး အဆင့်ဆင့် ရေကိုစစ်သွားတယ်။ ကြားမှာ သဲတွေခံပြီး ရေကို စစ်ယူသွားတာပါပဲ။ ဒီရေသွယ်မြောင်းရဲ့အရှည်က ပေနှစ်ဆယ်လောက်ရှိတယ်"

မာရိယာက ရွှံ့နွံအိုင်မှ ရေစစ်ကန်ငယ်အထိ သွယ်တန်းထားသော ရေသွယ်မြောင်းကို လိုက်ပြသည်။ ထိုရေသွယ် မြောင်းတစ်လျှောက် လေးပေစီခြား၍ ပြုလုပ်ထားသော သဲအကန့်ငယ်များကို တွေ့မြင်ရ၏။

"အိုင်ကြီးကနေ စီးလာတဲ့ ရွှံ့နွံရေတွေဟာ ဒီသဲအကန့်တွေကို အဆင့်ဆင့်ဖြတ်သန်းရင်း ရေစစ်ကန်ကိုရောက်တော့ အတော်သန့်သွားပြီ။ ကြည်လင်သွားပြီလေ။ ဒါပေမယ့် စိတ်ကြိုက်အနေအထားမျိုး မရသေးတာကြောင့် ဒီကျောက်တုံးမျိုးကို ထည့်ရတယ်"

မာရိယာက သူအသင့်ယူလာသော လက်သီးဆုပ်အရွယ် ကျောက်တုံးငယ်တစ်ခုကိုပြ၏။ ပရုတ်လုံးကဲ့သို့ အရောင်မျိုးဖြစ်၏။ ကျွန်တော်က သူ့အိတ်ထဲမှ ကျောက်တုံးကိုယူပြီး လျှာပြင်တို့ကြည့်လိုက်၏။

"ဟာ···ဒါ ကျောက်ချဉ်တုံးပဲ။ ညီမလေးတို့ ဘယ်ကရတာလဲ"

"ဒါ တိုင်းရင်းလူမျိုးတွေ ဒီဘက်ကို သွားရင် အဲဒီကျောက် တုံးမျိုးတွေ ယူလာလေ့ရှိကြတယ်။ သူတို့ဆီက အလကား တောင်းယူလို့ရတယ်။ သူတို့က လမ်းခရီးအကြားမှာ ရေငတ်လို့ ရေသောက်ချင်ရင် ရေကြည်ကိုလည်း ရှာမတွေ့ရင် ရွှံ့နွံရေအိုင်ကလေးထဲမှာ အဲဒီကျောက်တုံးမျိုးတွေကိုထည့်ပြီး စိမ်တယ်။ အတော်လေးကြာပြီး ရေကြည်သွားတဲ့အချိန်မှာ အဲဒီရေကိုခပ်သောက်တယ်။ ညီမလေးလည်း ဒီကျောက်တုံးတွေရဲ့အစွမ်းကို သိရလို့ သူတို့ဆီက တောင်းယူပြီး ဒီရေစစ်ကန်လေးထဲမှာ ထည့်ထားတာ။ ဒီလိုကျောက်တုံးမျိုး ကိုကိုတို့ တိုင်းပြည်မှာ ရှိသလား"

ကျွန်တော်က မြန်မာပြည်တွင် ကျောက်ချဉ်တုံးတွေ ရှိကြောင်း သူမကို ပြောပြသည်။

"ဈေးတွေမှာ ဝယ်လို့ရတယ်။ တန်ဖိုးလည်း သိပ်မကြီးဘူး။ ဘယာဆေးဆိုင်တွေမှာ ရောင်းချလေ့ရှိကြတယ်။ အရင်တုန်းကတော့ ဆံပင်ညှပ်ဆိုင်တွေမှာ အသုံးများကြတယ်။ မုတ်ဆိတ်ရိတ်တဲ့လူတွေ မတော်တဆ ဓားရှမိရင် သွေးတွေထွက်လာတာကို ချက်ချင်းသွေးတိတ်စေဖို့အတွက် ကျောက်ချဉ်တုံးကိုရေဆွတ်ပြီး ဒဏ်ရာပေါ်မှာ ပွတ်တိုက်လေ့ရှိကြတယ်။ မြန်မာပြည် အလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွေမှာတော့ ရေနောက်ကို ရေကြည်ဖြစ်အောင် ကျောက်ချဉ်တုံးတွေ စိမ်လေ့ရှိကြတယ်။ မြန်မာပြည်မှာ ကျောက်ချဉ်နှစ်မျိုး ရှိတယ်လို့ သိရတယ်။ ကျောက်ချဉ်အဖြူနဲ့ ကျောက်ချဉ်အနက်ဆိုတာ ဖြစ်ပါတယ်။ ကျောက်ချဉ်အဖြူက အခုညီမလေးကိုင်ထားတဲ့ ကျောက်ချဉ်တုံးမျိုးပဲ။ အဖြူရောင်အဆင်းရှိတယ်။ သွေးထွက်တဲ့ဒဏ်ရာမှာပွတ်ရင် ချက်ချင်း သွေးတိတ်သွားတယ်။ ရေနောက်ထဲမှာ စိမ်ထားရင် အဲဒီရေနောက်ဟာ ရေကြည်ဖြစ်သွားတယ်။ ကျောက်ချဉ်အဖြူမှာ တခြားဘာအစွမ်းတွေ ရှိသေးသလဲဆိုတာတော့ ကိုကိုမသိဘူး။ အဲ···ကျောက်ချဉ်အနက်• ဆိုတာကတော့ သိပ်ပြီး အစွမ်းထက်တယ်လို့ သိရတယ်။ ဆံပင်ဖြူတဲ့လူတွေ ကျောက်ချဉ်အနက်ကို စိမ်ထားတဲ့ရေနဲ့ ဦးခေါင်းက ဆံပင်တွေကို ဆွတ်လိုက်၊ ပွတ်လိုက်ရင် နာရီပိုင်းအတွင်းမှာပဲ ပြန်နက်မှောင်လာတယ်။ ဆံပင်ကို ဆေးဆိုးတာမျိုးမဟုတ်ဘဲ သဘာဝအတိုင်း အရောင်ပြောင်းလဲစေတာ ဖြစ်တယ်လို့သိရတယ်"

"အဲဒီ ကျောက်ချဉ်အနက်ကို မကြာခဏ လျှာနဲ့လျက်ပေးလေ့ရှိတဲ့လူဟာ သွားတွေခိုင်ခံ့တယ်။ အသက်ကြီးပေမယ့် သွားမကျိုးဘူး။ ခံတွင်းအနံ့လည်းသင်းပြီး ခံတွင်းရောဂါတွေပါ ကင်းစင်တယ်လို့ သိရတယ်။ အခြားဘာအစွမ်းတွေ ရှိနေသေးတယ် ဆိုတာတော့ ကိုကို လက်လှမ်းမမီလို့ မသိနိုင်ဘူး။ ကျောက်ချဉ်အနက်ကို မကြာခဏလျက်ပေးသူဟာ ရုပ်ပျို ကိုယ်နုတယ်လို့လည်း လူကြီးတွေ တချို့ပြောဆိုတာကို ကြားခဲ့ဖူးတယ်"

မာရိယာသည် အလွန်ပင် စိတ်ဝင်စားသွားဟန်ဖြင့် -

"ဟာ · · ·အဲဒီကျောက်ချဉ်အနက်ဆိုတာကို မြင်ဖူးချင်လိုက်တာ။ ရရင်လည်း သိပ်ကောင်းမှာပဲနော်"

ဟု မျှော်လင့်ချက်ကြီးစွာဖြင့် ပြောလိုက်၏။

"အင်း· · ·ကိုကိုလည်း လိုချင်



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ ဒါပေမယ့် • • •ဒီကနေ့အထိ ကျောက် ချဉ်အနက်ဆိုတာကို တစ်ခါမှ မမြင်ဖူးသေးဘူး"

ကျွန်တော့်စကားကြောင့် မာရီယာသည် စိတ်အားလေ့သွားပုံရ၏။

"ညီမလေးက မြို့မှာ ကျောင်းသွားနေဖူးခဲ့တော့ ဒီကို ပြန်ရောက်လာတဲ့အခါ ရွှံ့ရေနဲ့ ရေမချိုးတတ်တော့ဘူး။ ဒါကြောင့် ဒီရေစစ်ကန်ကလေးကို ကြိုးစားပြီး ဖန်တီးပြုလုပ်ခဲ့တာပါ။ ဘကြီးအွန်ဝါ့စ်နဲ့ မိုက်တီးတို့ ကူညီခဲ့လို့လည်း ဒီလို ရေသန့်ကန်ကလေး တစ်ခု ဖြစ်လာခဲ့ရတာပါ။ ညီမလေးက ဒီရေကန်မှာ မနက်တိုင်းလာပြီး ရေချိုးတယ်။ မြို့ကပြန်လာတုန်း ဝယ်လာခဲ့တဲ့ ဆပ်ပြာခဲတွေ အခုထိ ရှိနေသေးတာမို့ အဆင်ပြေနေပါတယ်။ ကိုင်း• • ကိုကိုလည်း ဒီရေသန့်ကန်ထဲက ရေနဲ့ပဲ ရေချိုးရမယ်"

မာရီယာက ကျွန်တော့်ကိုယ်မှ အဝတ်များကို ချွတ်ခိုင်းပြီး အတွင်းခံဘောင်းဘီတစ်ထည်သာ ခန္ဓာကိုယ်အောက်ပိုင်း၌ ကျန်ရစ်စေ၏။ ထို့နောက် သစ်ရွက်တစ်ခုကို ဖက်ကတော့ကလေး ပြုလုပ်၍ ကန်ထဲမှရေကို ခပ်ယူပြီး ကျွန်တော့်ခန္ဓာကိုယ်ကို တစ်ခွက်ချင်း စိတ်ရှည်လက်ရှည် လောင်းပေး၏။ ကျွန်တော်က ဆောင့်ကြောင့်ထိုင်နေသဖြင့် သူမအဖို့ ရေလောင်းပေးရသည်မှာ အဆင်ပြေ၏။

"ကိုကို ဆပ်ပြာတိုက်ဦး။ ရော့ ဆပ်ပြာခဲ"

သစ်ရွက်နှင့်ပတ်ထားသော ဆပ်ပြာခဲလေးကို မာရီယာက ကျွန်တော့်လက်ထဲသို့ ထည့်ပေးသဖြင့် တစ်ကိုယ်လုံးအနှံ့ ဆပ်ပြာတိုက်လိုက်၏။

"ကျောကုန်းကို ညီမလေး ပွတ်ပေးမယ်"

မာရီယာက ကျွန်တော့်လက်ထဲမှ ဆပ်ပြာခဲကို ပြန်ယူပြီး ကျောကုန်းအနှံ့ တိုက်ပေး၏။

"ဩော် • • •သူသာ ငါ့ရဲ့ဇနီးဖြစ်မယ်ဆိုရင်လည်း အခုလို ပြုစုပေးမှာ သေချာတယ်။ ဒါပေမယ့် အခုတော့"

ကျွန်တော်သည် စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာရ၏။ သို့ရာတွင် မိမိ၏ စိတ်ဆင်ရိုင်းကို အသိတရားဖြင့် အချိန်မီ ချွန်းအုပ်လိုက်ရသည်။ ထိုစဉ် ရေကန်ထဲမှရေကို တစ်ခွက်ချင်း ကုန်း၍ခပ်ကာ ကျွန်တော့်ကို ရေလောင်းပေးနေသူ မာရီယာသည် ရုတ်တရက် ခြေချော်ပြီး လဲကျသွား၏။ ကျွန်တော်က အချိန်မီ ဖမ်းဆွဲလိုက်သဖြင့် ရေကန်ထဲသို့ ကျမသွားသော်လည်း သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးက ကျွန်တော်၏ ရင်ခွင်ထဲသို့ ရောက်လာ၏။

"အိုး• • •"

သူမက ထိတ်လန့်တကြား အော်ဟစ်လိုက်ခြင်းဖြစ်၏။ ကျွန်တော်ကိုယ်တိုင်လည်း သတိလက်လွတ်ဖြစ်သွားကာ သူမကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**မနသမကျော်ဝင်း(အမျိုးသားစာပေဆုရ)**


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-မေ့-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့် • • •

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+မေ့၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို၊ လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက • • •

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-[illegible](အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# ဘုရားလောင်းဆင်မင်း၏ အစွယ်အလှူ

## ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံလျက်ရှိသည်။ ထိုအချိန်တွင် ဘုရားလောင်းသည် ဟိမဝန္တာဝယ် ဆင်မျိုးတွင် ဖြစ်သည်။ နောက်လိုက်နောက်ပါ ဆင်အရေအတွက် ဆင်ပေါင်း ရှစ်သောင်းရှိလေသည်။ ဆင်မင်းသည် နောက်ပိုင်းတွင် နောက်လိုက် နောက်ပါ ပရိသတ်များခြင်း၏ အပြစ်ကို မြင်တွေ့လာသည် ဖြစ်ရာ ကိုယ်စိတ်အေးချမ်းမှုရရှိစေရန် ပရိသတ်ကို စွန့်ခွာလျက် ဆင်တစ်ကောင်တည်း ဟိမဝန္တာတွင် နေလေသည်။ သီလနှင့် ပြည့်စုံသောကြောင့် သီလဝနာဂရာဇာဟု အမည်တွင်သည်။

တစ်နေ့သောအခါ ဆင်မင်းသည် တောအတွင်းတွင် မျက်စိလည် လမ်းမှားလျက် ထိတ်လန့်ချောက်ချား ကြောက်ကြောက်လန့်လန့်ဖြင့် လက်နှစ်ဖက်ကိုမြှောက်ကာ ငိုကြွေးပြီး ဟိုဒီ လျှောက်သွားပြေးလွှားနေသည့် တောလိုက်မုဆိုးတစ်ဦးကို မြင်တွေ့ရသည်။ ဆင်မင်းက ''ထိုယောကျ်ားကို ဆင်းရဲမှ လွတ်စေရမည်''ဟု စိတ်သွင်း ဆင်ခြင်ကာ မုဆိုးထံသို့ သွားရောက်ပြီး အပါးသို့ ချဉ်းကပ်သည်။ မုဆိုးသည် မိမိအနီးသို့ ဆင်ကြီးတစ်ကောင် ချဉ်းကပ်ရောက်ရှိလာသည်ဖြစ်ရာ အနီးသို့ အကပ်မခံဘဲ ကြောက်ကြောက်လန့်လန့်ဖြင့် အဝေးသို့ ထွက်ပြေးသွားသည်။ မုဆိုးထွက်ပြေးသည်ကို ဆင်မင်းမြင်လေလျှင် ရှေ့သို့ ဆက်လက် မလိုက်တော့ဘဲ ရောက်သည့်နေရာတွင်ပင် ရပ်တန့်နေလိုက်လေသည်။ ဆင်မင်းရပ်နေသည်ကို မုဆိုးက မြင်တွေ့သောကြောင့် မုဆိုးလည်း ရပ်နေလိုက်၏။ မုဆိုးရပ်နေချိန် ဆင်မင်းက သွားပြန်သည့်အခါ မုဆိုးကလည်း ကြောက်အားလန့်အားဖြင့် ထွက်ပြေးပြန်သည်။ ထိုအခါမှ ဆင်မင်းကလည်း ရပ်နေပြန်သည်။ ထိုအခါ မုဆိုးက ''ဆင်မင်းသည် ငါပြေးလျှင် ရပ်၏။ ငါရပ်လျှင်လာသည်။ ဧကန္တ ငါ့အား အန္တရာယ်ပြုရန် စိတ်ကူးရှိဟန်မတူ။ ငါ့ကို ကယ်တင်ချင်လို့သာဖြစ်လိမ့်မည်''ဟု စဉ်းစားဆင်ခြင်မိသည်။

သို့ဖြစ်သောကြောင့် နောက်ထပ် ဆက်မပြေးတော့ဘဲ ရပ်နေလိုက်၏။ ထိုအခါတွင်မှ ဆင်မင်းက ''အသင်မုဆိုး။ သင်အဘယ်ကြောင့် ငိုကြွေးနေရပါသနည်း''ဟု မေးလေသည်။ ထိုသို့ ဆင်မင်းက မေးသည်တွင် –

''တောတွင်းတွင် မျက်စိလည် လမ်းမှားပြီး နေရပ်သို့ မပြန်နိုင်သဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ ငိုကြွေးရခြင်း ဖြစ်ပါကြောင်း'' အဖြေပေးသည်။ ထိုသောအခါ ဆင်မင်းက မုဆိုးအား သူ့ပျော်စံရာ တောတွင်းတစ်နေရာသို့ ခေါ်ဆောင်ကာ သစ်သီးသစ်ဖုများ ကျွေးမွေးလျက် သုံးရက်တိုင်တိုင် စောင့်ရှောက်ခေါ်ဆောင်ထားသည်။ ထို့နောက် မုဆိုးကို မိမိကျောက်ကုန်းပေါ်သို့တင်လျက် လူသွားရာလမ်းပေါ် ရောက်သည်အထိ ခေါ်ဆောင်လာခဲ့သည်။ သို့စေကာမူ မုဆိုး၏ စိတ်ထားက မမှန်ချေ။ တစ်စုံတစ်ဦးက မေးလာလျှင် ဆင်မင်း၏နေရာကို ညွှန်ပြနိုင်စေရန် ဆင်ကျောက်ကုန်းပေါ်မှ ထိုင်ကာ လိုက်ပါလာရင်းက သစ်ပင် တောအုပ် တောင်ကုန်းများ၏ အမှတ်အသားများကို မှတ်သားလာခဲ့သည်။

တောတွင်းမှထွက်ကာ ဗာရာ



www.burmeseclassic.com

www.burmeseclassic.com

ဇာသီသို့ သွားသည့်လမ်းသို့ ရောက်သည့်အခါ ဆင်မင်းသည် မုဆိုးအား ကျောက်ကုန်းထက်မှ ဆင်းသက်စေပြီး –

“အသင်မုဆိုး ❧ ဒီအလမ်းအတိုင်းသာ သွားပေတော့။ ငါ၏နေရာကိုမူ မည်သူတစ်ဦးကိုမျှ မပြောပါလေနှင့်”ဟု မှာကြားလျက် ပြန်လည်စေလွှတ်လိုက်သည်။ မုဆိုးက ဗာရာဏသီသို့ ပြန်လည်ရောက်ရှိသည့်အခါ ဆင်စွယ်ပွတ် သမားတစ်ယောက်နှင့် တွေ့ဆုံခဲ့ပြီး အသက်ရှင်နေသော ဆင်မှအစွယ်ကိုရလျှင် ယူမလားဟုမေးသည်။ ဆင်စွယ်ပွတ်သမားက ယူပါမည်။ အသက်ရှင်နေဆဲ ဆင်ဆိုပါက ပိုမို တန်ဖိုးကြီးကြောင်း ပြောဏ်။ ထိုအခါ မုဆိုးသည် လာလမ်းအတိုင်း တောတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့၏။ ပြီးနောက် ဆင်မင်းထံသို့ သွားရောက်လျက် အစွယ်များကို တောင်းခံသည်။ ဆင်မင်းက အစွယ်များကို ဖြတ်ယူခွင့် ပြုလေသည်။ ပြီးနောက် ဆင်မင်းက –

“အချင်းမုဆိုး၊ ဒီအစွယ်များကို မချစ်မနှစ်သက်လို့ ပေးသည်မဟုတ်ပါ။ ဒီအစွယ်များထက် အလုံးစုံသော တရားတော်များကို သိစွမ်းနိုင်သည့် သဗ္ဗညုတ ရွှေဉာဏ်တော်တည်းဟူသော အစွယ်ကိုသာလျှင် ပိုလို့ချစ်မြတ်နိုး၏။ ဒီအစွယ်အလှူသည် ငါ့အား သဗ္ဗညုတရွှေဉာဏ်တော်ကို သိခြင်း၊ ရခြင်းအကျိုးငှာ ဖြစ်ပေါ်ပါစေသတည်း”ဟု ဆင်မင်းက ဆုပန်လေသည်။

မုဆိုးသည် ဆင်မင်းထံမှ ဖြတ်ပြီးရရှိလာခဲ့သော အစွယ်များကို ရောင်းချသည့်အခါ သူ့အတွက် ရရှိသည့် ငွေကြေးက အကြွေးများကျေရုံမျှသာ ရှိလေသည်။ ထိုအခါ မုဆိုးသည် ဆင်မင်းထံသို့ ပြန်သွားလျက် ကျန်သော အစွယ်များကို တောင်းခံပြန်လေသည်။ ဆင်မင်းသည်လည်း ကျန်သောအစွယ်ရင်းကို မုဆိုးအား ပေးလိုက်ပြန်လေသည်။ နောက် တတိယအကြိမ် ရောက်ပြန်ပြီး –

“အရှင်ဆင်မင်း ‥ ကျွန်ုပ်သည် အသက်မွေးဝမ်းကျောင်းပြုရန် များစွာခက်ခဲလှပါသည်။ မတတ်နိုင်တော့ပါ။ ကျန်သော အစွယ်များကိုလည်း ပေးပါဦး”ဟု တောင်းခံပြန်လေသည်။ ဆင်မင်းကလည်း ရှေးယခင်ကအတိုင်း ပေးလှူလိုက်ပြန်လေသည်။ မုဆိုးယုတ်သည် ဆင်မင်းထံမှ ပြန်လည်ထွက်ခွာလာခဲ့ပြီး ဆင်မင်း၏ မြင်ကွင်းအတွင်းမှ လွတ်ကင်းပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် မြင်းမိုရ်၊ ယုဂန္ဓိုရ်အစရှိသည့် ကြီးစွာသော ဝန်ထုပ်ဝန်ပိုများနှင့် စက်ဆုပ်ရွံရှာဖွယ်ရှိသော ကျင်ကြီးကျင်ငယ်တို့ကိုပါ ထမ်းဆောင်ထားနိုင်ခြင်းငှာ မစွမ်းသာသော မဟာပထဝီ မြေထုကြီးသည် ထိုယောကျ်ားယုတ်၏ ကျေးဇူးမဲ့မှုကို ထမ်းရွက်ထားခြင်း မပြုလိုတော့သဖြင့် နှစ်ခြမ်းကွဲလျက် ဟက်တက်ကွဲသွားခဲ့လေသည်။ ထို့နောက် … တစ်ခဏအတွင်း အဝီစိမီးလျှံသည် ရုတ်တရက် ချက်ချင်း ပေါ်ထွက်လာကာ ထိုယောကျ်ားယုတ်အား ရစ်ပတ်ကာ ဆွဲချသွားလေတော့သည်။

ထိုယောကျ်ားယုတ်ကို မြေမြိုနေသည့် အချိန်တွင် အနီးတွင်ရှိသည့် တောက်အုပ်တစ်ခုအတွင်း ရုက္ခစိုးနတ်တစ်ပါးသည် တောကိုစောင့်ကြပ်လျက်ရှိနေသည်။ ထိုယောကျ်ားယုတ်၏ ဖြစ်စဉ်ဖြစ်ရပ်များကို မြင်တွေ့လိုက်ရသည့်အခါ –

“သူတစ်ထူး၏ ကျေးဇူးကိုလည်း မသိတတ်၊ မိမိအသက်ကိုပင် ကယ်တင်ခဲ့ပြီး အစွယ်ကိုပင် ဖြတ်ယူခွင့် အကြိမ်ကြိမ်ပေးခဲ့သော ကျေးဇူးကိုမျှထောက်ထားခြင်း မပြု။ ကျေးဇူးရှင်အားပြစ်မှားတတ်သည့် ယောကျ်ားယုတ်ကို စကြဝတေးမင်းအဖြစ်ကို ပေးသော်မှ နှစ်သိမ့်ကျေနပ်အောင် မည်သူမှ တတ်နိုင်မည်မဟုတ်ပေ”ဟု သံဝေဂစကား ဆိုလေသည်။

အထွတ်အမြတ် ကျေးဇူးရှင်အား ပြစ်မှားပါက မုချဘေးတွေ့တတ်သည်။

## ခင်မောင်အေး (မန္တလေး)

<u>ကျမ်းကိုး</u>

**နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ သီလဝနာဂရာဇဇာတ်။**



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်ဖဆဝက(စာနယ်ဇင်း)၁၃၀/၀၁၁၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်တဲ့ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံ သက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ် ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို တာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ် ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ ဖေ့ာ်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မဟာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)

www.burmeseclassic.com

www.burmeseclassic.com


ကိုရီးယားနိုင်ငံစက်သစ်ကြီးများဖြင့် အထူးစီမံထုတ်လုပ်လိုက်သော

# ကေမ္ဘာ

ဆေးတိုက်မှ ဆေးအသစ်များ

၁၀/၂၀၁၁/တဆထလ/တိုး(၂၅၉)
10 Nov 2011

## ကေမ္ဘာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ၡက်ဖျားကြိုတင်ကာကွယ်ဆေး။







## ကေမ္ဘာ တပင်တိုင်မြနန်းဆေးလုံး

TMR 011636 (1215)

အဖုအကျိတ်၊ အနာပေါက်၊ ပြည်တည်နာ၊
မြစ်ပွားနာ၊ အစာအိမ်နာ၊ သားအိမ်အတွင်း
အလုံးအကျိတ် ရောဂါများအတွက် သောက်ဆေး။

## ကေမ္ဘာ ရဲယိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ကိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။




ကျန်းမာရေးမြန်မာ့ဆေး **ကေမ္ဘာ** မှ အစဉ်ပေး

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

❋ ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၉၅၂၃၃
❋ ၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၃၂၅၆၅၉၊ ၀၁-၂၄၀၉၆၆-ဆိုင်းခွဲ-၄၁၅


www.burmeseclassic.com

www.burmeseclassic.com

# ပိဋကတ်ထဲမှ ဂမ္ဘီရ (၂)

■ သကျဝံသ

## နတ်ပြည်ရောက်ဘုရားအလောင်းတော်များ

လူ့ဘ၀ဖြင့် နတ်ပြည်သို့ ရောက်ခဲ့ကြသည့် ဘုရားအလောင်းတော် ၄ ယောက်ရှိကြသည်။ ၎င်းပုဂ္ဂိုလ် လေးယောက်တို့မှာ…

၁။ အလောင်းတော် ဂုတ္တိလ စောင်းဆရာ၊

၂။ အလောင်းတော် သာဓိနမင်း၊

၃။ အလောင်းတော် နေမိမင်း၊

၄။ အလောင်းတော် မန္ဓာတုစကြာမင်းတို့ ဖြစ်ကြသည်။

## လူ့ဘ၀ဖြင့် နဂါးပြည်သို့ ရောက်လျှင်

လူ့ဘ၀ဖြင့် နဂါးပြည်သို့ ရောက်သွားခဲ့လျှင် လူ၏ခန္ဓာကိုယ်သည် နတ်ခန္ဓာကိုယ်အဖြစ်သို့ ပြောင်းလဲသွားသည်။ လူ့ပြည်သို့ ပြန်လာပါက အ၀တ်အစားလဲ၍ ရေချိုးစဉ် နဂါးပြည်၌ဖြစ်သော နတ်၀တ်တန်ဆာများ ပျောက်ကွယ်သွားသည်ဟု မိန့်ဆိုထားသည်။ (ဇာ၊ ဋ္ဌ၊ သတ္တမအုပ်၊ နှာ-၂၁)

## ဂန္ဓမာဒနတောင်မှ နန္ဒမူလိုဏ်ဂူ

မိမိတို့ ပုဒ္ဓဘာသာ၀င် တော်တော်များများပင် ပစ္စေကဗုဒ္ဓါ-ဘုရားငယ်တို့သည် နန္ဒမူလိုဏ်ဂူတွင် သီတင်းသုံးတော်မူကြောင်း သိကြ၏။ သို့သော် နန္ဒမူလိုဏ်ဂူအကြောင်းအသေးစိတ်ပြောပြပါဟုဆိုပါက သိသူနည်းလိမ့်မည်ထင်သည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သီတင်းသုံးတော်မူရာဌာနသည်ကား ဟိမ၀န္တာတောင်၏မြောက်ဘက် သု၀ဏ္ဏပဿတောင်၊ သူရိယဂဗ္ဘတောင်၊ စန္ဒဂဗ္ဘတောင်၊ နာဂပလိ၀ေဌနတောင် မဟာကာဠတောင်၊ စူဠကာဠတောင် ထိုတောင်ခုနစ်လုံးတို့ ကျော်လွန်လာလျှင် ဂန္ဓမာဒနတောင်သို့ရောက်၏။ ထိုတောင်၌ "နန္ဒမူလက" အမည်ရသည့် တောင်ဝှမ်းလွင်ပြင်ကျယ်သည်ရှိ၏။

ထိုနန္ဒမူလကတောင်ဝှမ်းတွင် ရွှေဂူ၊ ငွေဂူ၊ ပတ္တမြားဂူဟူသော လိုဏ်ဂူကြီးသုံးလုံး တည်ရှိကြသည်။ ပတ္တမြားလိုဏ်ဂူ၀အနီးတွင် မဉ္ဇူသကနတ်ပန်းပင်ကြီးရှိသည်။ ရေပန်းကြည်း(ကုန်း)ပန်း ဟူသမျှတို့သည် ဖွားဖွားစွင့်စွင့် ပွင့်ကြကုန်၏။ ထိုမဉ္ဇူသကနတ်ပန်းပင်ကြီးအထက်၌ ရတနာတို့ဖြင့်ပြီးသော ရတနာမဏ္ဍပ်ကြီး ရှိသည်။

တံမြက်စည်းလှည်းတတ်သည့်လေက တံမြက်စည်းလှည်း၏။ မြေညှိတတ်သည့်လေက ရတနာသဲပြင်ကို ညီအောင်ဖြန့်ပေး၏။ ရေဖြန်းသည့်လေသည် အနောက်ဘက်အိုင်မှ ရေကိုယူ၍ ရေဖြန်းပေး၏။ သင်းရနံ့ထုံသည့်လေသည် ဟိမ၀န္တာမှ မွှေးကြိုင်သော ပန်းရနံ့တို့ကို ဆောင်ယူဆော်သွင်းပေး၏။ ပန်းဆွတ်ပန်းခြွေတတ်သည့်လေသည် မဉ္ဇူသကနတ်ပန်းပင်မှ ပန်းတို့ကို လှုပ်ခါချပေး၏။ ပန်းခင်းတတ်သည့်လေသည် ရတနာမဏ္ဍပ်အတွင်း၌ ပန်းမွေ့ရာကို ဖြန့်ခင်းပေးကြသည်။

ထိုရတနာမဏ္ဍပ်မှ ပစ္စေကဗုဒ္ဓအရှင်မြတ်တို့ အစည်းအဝေးထိုင်တော်မူသည့် အရပ်တို့သည် အမြဲထာ၀ရ နေရာခင်းထားပြီးသား ဖြစ်ကုန်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် (၁) ပစ္စေကဗုဒ္ဓတစ်ပါးနှစ်ပါး အသစ်ဖြစ်ပေါ်လာသည့်နေ့ (၂) ဥပုသ်နေ့ ထိုနေ့နှစ်ပါးတို့တွင် အရှင်မြတ်တို့သည် စည်းဝေး(စုဝေး)တော်မူကြကုန်၏။ အခြားအရပ်၌ သီတင်းသုံးတော်မူကြသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း ထိုစည်းဝေးပွဲသို့ ကြွရောက်တော်မူလာကြစမြဲ ဖြစ်၏။

ထို့ကြောင့် ဟိမ၀န္တာတောင်၏ မြောက်ဘက် ဂန္ဓမာဒနတောင် နန္ဒမူလကတောင်ဝှမ်း ရွှေဂူငွေဂူ ဂတ္တမြားဂူဟု အမည်ရသည့် လိုဏ်ဂူကြီးသုံးခုသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံးတော်မူရာဌာန ဖြစ်ကြကုန်သည်။

ပစ္စေကဗုဒ္ဓါတို့သည် ရံခါတစ်ပါး ရံခါနှစ်ပါး သုံးပါးစသည်ဖြင့် ပွင့်တော်မူကြ၏။ ပဒုမ၀တီ၏သားတော်ငါးရာတို့



www.burmeseclassic.com

www.burmeseclassic.com

သည် တစ်ပြိုင်နက် အတူတကွ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူကြ၏။ ရာဇဂြိုဟ်မြို့ကို ဝိုင်းရံထားသည့် တောင်ငါးလုံးတို့အနက် "ဣသိဂိလိ"တောင်သည်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံးတော်မူရာဌာနပင်ဖြစ်သည်။

(အပ၊ ဋ္ဌ၊ ဒု၊ နှာ - ၁၇၀-၁၇၁)

## ခြေတော်ရာမထင်သည့်အကြောင်း

ဘုရားရှင် မြေပြင်လမ်းပေါ်သို့ ခြေကျင်လှမ်းကြွတော်မူရာ၌ ခြေတော်ရာမထင်သည့် အကြောင်းကား (၁) သိမ်မွေ့နူးညံ့တော်မူခြင်းကြောင့်လည်းကောင်း၊ (၂) ခွန်အားကြီးမားတော်မူသောကြောင့်လည်းကောင်း၊ (၃) လူအများအား သနားငဲ့ညှာတော်မူသောကြောင့်လည်းကောင်း ဤအကြောင်းသုံးပါးကြောင့် ခြေတော်ရာမထင်ခြင်းဖြစ်သည်။

(၁) ဝါဂွမ်းနှသည် မြေသို့ကျသော် ထိသော်လည်း အရာမထင်သကဲ့သို့ ဘုရားရှင်၏ ခြေဖဝါးတော်သည် ဝါဂွမ်းနှသည်ထက် အဆပေါင်းများစွာ နူးညံ့တော်မူသောကြောင့် မြေ၌ထိသော်လည်း ခြေတော်ရာမထင်ခြင်း ဖြစ်သည်။

(၂) ခွန်အားနည်းသောသူသည် မြေကိုနင်းသည့်အခါ အားယူရသောကြောင့် ခြေရာထင်၏။ ခွန်အားကြီးမားသောသူသည် အားအင်ကောင်းသည့်အတွက် တအားဖိနင်းပြီး အားယူရန်မလို။ ထိသည်ဆိုရုံမျှဖြင့် နင်း၍ရ၏။ ဘုရားရှင်သည် ဆဒ္ဒန်ဆင်မင်းဆယ်စီး၊ လူယောက်ျား ကုဋေတစ်သောင်းအားနှင့် ညီမျှသည့်အားတော် ရှိတော်မူသောကြောင့် ခြေတော်ကို ထိကာမျှဖြင့် နင်းကြွတော်မူသည့်အတွက် ခြေတော်ရာမထင်ခြင်းဖြစ်သည်။

(၃) ဘုရားရှင်၏ ခြေတော်ရာသည် လူအများတို့ ပူဇော်အပ်သည့် ပါဒစေတီတော်ဖြစ်၏။ ခြေတော်ရာများထင်နေပါက လူအများ အသွားအလာခက်ကြမည်။ ခြေတော်ရာကို ထပ်နင်းမိပါက အပြစ်ဖြစ်မည်။ အရိုအသေပြုနေပါလျှင်လည်း ကွင်းရှောင်ရသည့်အတွက် အသွားအလာခဲယဉ်းကြမည်။ ထိုသို့ ဖြစ်နေခြင်းကို သနားငဲ့ညှာတော်မူသည့်အတွက် "အရာမထင်ပါစေသတည်း"ဟု အဓိဋ္ဌာန်ဖြင့် နင်းကြွတော်မူသောကြောင့် ဘုရားရှင်၏ ခြေတော်ရာမထင်ခြင်းသာ ဖြစ်တော့သည်။ (အံ၊ ၎၊ ဋ္ဌ၊ နှာ - ၂၉၉)

## ဝေသာလီပြည်မှ ဥဂ္ဂသူဌေး၏ အံ့ဖွယ် ရှစ်ပါး

ဝေသာလီပြည်မှ ဥဂ္ဂသူဌေး၏ အံ့ဖွယ် ရှစ်ပါးကား အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဝေသာလီမြို့သို့ ဘုရားရှင် ကြွတော်မူလာ၍ ဖူးမြင်ရသည့်ခဏမှာပင် ကြည်ညိုခြင်း။ (၂) တရားတော်နာရ၏။ အနာဂါမ်ဖိုလ်သို့ရောက်ပြီးနောက် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း။ ဗြဟ္မစရိယ ပဥ္စမသိက္ခာပုဒ်ကို ဆောက်တည်ကျင့်သုံးခြင်း။ (၃) ဇနီးမယားလေးယောက်အား မောင်နှမကဲ့သို့ နေထိုင်ကြရန်၊ အိမ်ထောင်အသစ်ပြုလိုက ပြုကြရန်" ပြောသည့်အခါ အကြီးဆုံးမယားက ပြုလိုကြောင်းပြောသည့်အတွက် ထိုမယားကြီးကို လင်အသစ်ပေးစားလျက် ရေစက်ချလှူဒါန်းသည့်အခါ စိတ်တုန်လှုပ်မှုမရှိခြင်း။ (၄) သူပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာတို့ကို သူတော်ကောင်းတို့နှင့်အတူတကွ သုံးဆောင်ခြင်း။ (၅) ရဟန်းတော်တစ်ပါး ဒုဿီလခံသီလမရှိသူပင် ဖြစ်စေ အိမ်သို့ကြွလာလျှင် ရိုသေစွာ ဆည်းကပ်ခြင်း။ (၆) ထိုရဟန်းက တရားဟောလျှင် ရိုသေစွာနာယူခြင်း၊ ရဟန်းက တရားမဟောလျှင် သူဌေးကြီးက ဟောကြားခြင်း။ (၇) "အို . . .ဥဂ္ဂသူဌေး မြတ်စွာဘုရားသည် ဟုတ်မှန်တိကျစွာ တရားတော်ကို ဟောကြားပေသည်"ဟု နတ်တို့က ပြောလာလျှင် "အို...နတ်တို့ သင်တို့ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းမွန်ဟုတ်မှန်တိကျစွာ ဟောတော်မူအပ်ပါပေသည်"ဟု ပြန်လည် ပြောဆိုခြင်း။ နတ်တို့နှင့် စကားပြောရခြင်းကြောင့် စိတ်ထောင်လွှားတက်ကြွခြင်းဟူသော မာန်မာန မရှိခြင်း။ (၈) ဘုရားရှင် ဟောကြားတော်မူအပ်သည့် "ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးတွင် မပယ်ရသေးသည့် သံယောဇဉ်တစ်စုံတစ်ခုကိုမျှ မမြင်ခြင်း။ အားလုံးပယ်ပြီးပြီဟု သတ်မှတ်ခြင်း။

ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးသည်ကား (၁) ကာမရာဂ သံယောဇဉ်၊ (၂) ပဋိဃသံယောဇဉ်၊ (၃) ဒိဋ္ဌိသံယောဇဉ်၊ (၄) သီလဗ္ဗတပရာမာသသံယောဇဉ်၊ (၅) ဝိစိကိစ္ဆာသံယောဇဉ်တို့ပင် ဖြစ်ကြသည်။ ဤသည်မှာ ဝေသာလီပြည်မှ ဥဂ္ဂသူဌေး၏ အံ့ဖွယ်ရှစ်ပါးတို့သာ ဖြစ်ပါတော့သည်။

ဘာသာရေးဗဟုသုတ ကြွယ်ဝကြပါစေ . . .

သကျဝံသ



www.burmeseclassic.com

www.burmeseclassic.com

# စာတ်တို့၏ သုံးဆင့်ခတ်ဖြစ်ပုံ

ချောယဉ်သာမြင့် •(B.A, B.Ed.)

**စာတ်တို့၏ ကျိုးကြောင်းဆက်စပ် သုံးဆင့်ခတ်ဖြစ်ပုံ သဘာဝကို ပြဆိုချက်**

စာတ်တို့၏ သုံးဆင့်ခတ်ဖြစ်ပုံ သဘာဝကို မဖော်ပြမီ လွှန်စာတ်ဆိုသော သဘောနှင့်စာတ်အသီးသီးတို့၏ ပင်ကို သဘာဝလေးမျိုးကို ဦးစွာ ဖော်ပြပါအံ့။

လွှန်စာတ် သို့မဟုတ် ဆောင်စာတ်၏သဘောသည် သဘောငါး၀ အတူတကွသာလျှင် ဖြစ်ကြသော ဘုတ်တစ်ခုတွင် အကယ်၍ ပထဝီ၏ သဘောက အခြားသဘောတို့ထက် ပိုလွှန်ပြဋ္ဌာန်း၍ "ဆောင်"နေသော် ၎င်းကို ပထဝီလွှန်စာတ်ဟု ခေါ်သည်။ ပထဝီစာတ်ဟု သာမန်ဆိုခြင်းသည်လည်း ဤ"လွှန်"သဘောကို စွဲ၍ ဆိုခြင်းသာ ဖြစ်သည်။ ကြွင်းသဘောစုက "ငုပ်"လျက်၊ "နှံ့"လျက်၊ "မျှ"လျက်နေသည်ဟု ဆိုသည်။

ထိုပထဝီစာတ်လွှန်သော ဘုတ်တို့သည် တစ်ဘုတ်နှင့်တစ်ဘုတ်တို့ ထပ်၍ထပ်၍ စုပြုံတွဲခိုနေကြသည်ကို ဩကာသလောကဌ် မြေစိုင်ခဲ၊ သံတွေခဲ စသည်ဖြင့်လည်းကောင်း။ သတ္တဝါလောကဌ် ဆံပင်အစ ဦးနှောက်အထိ ပထဝီ ၂၀ ဟုလည်းကောင်း။ အစာအာဟာရဌ် ထမင်း၊ မုန့်နပ်၊ နွားနို့ စသည်ဖြင့်လည်းကောင်း ဘယဆေးမျိုးဌ် ထုံးကျောက်၊ ဇာတိပ္ပိုလ်၊ ကန့် စသည်ဖြင့်လည်းကောင်း အမျိုးမျိုးအစားစား ခေါ်ဆိုကြရသည်။

ဤလေးလီသော ပထဝီလွှန်ရုပ်စာတ်မျိုး တစ်ခုခုကိုယူ၍ ထုချိုး ထုမွှေ ထောင်းထု၍ ခြေပြန်မည်ဆိုသော် နောက်ဆုံးဌ် ဘယ်သို့မျှ ထုခွဲ၍ မရသော ပရမာဏုမြူတစ်ခုသို့ ရောက်ပြန်ပေမည်။

၎င်းမြူတစ်ခုတွင် သဘောငါး၀ ပါ၀င်ကြသည်ဖြစ်လျက် ပထဝီစာတ်သည် ဆောင်မြဲဆောင်နေမည်။ သို့သော် ပမာအားဖြင့် ထမင်းပရမာဏုထက်၊ မုန့်နပ်ပရမာဏုတို့ထက် နွားနို့ပရမာဏု အဆီဩဇာနုသည်ဟု ဩဠာသုခ အဆင့်အတန်းရှိလျက် ပထဝီအင်အားချင်း ဒီဂရီမမျှမှုကို သိသင့်ပေသည်။

ဤနည်းဖြင့် ရေပေါက်ရေစက် မီးတောက်မီးလျှံတို့၏ သဘောကို သိမြင်ရပါမည်။

**စာတ်အသီးသီးတို့၏ ပင်ကိုယ်သဘာဝ လေးမျိုး**

(၁) **ပထဝီလက္ခဏာ** = ခက်မာသသော၊ ရသကိစ္စ၊ တည်မှုကိစ္စသသော။ ပစ္စုပဋ္ဌာန် = ခံဆောင်ထားသကဲ့သို့ အကျိုးထင်သသော။ ပဒဋ္ဌာန် = ကြွင်းစာတ်ကြီးသုံးပါးလျှင် နီးစပ်သသော။

(၂) **အာပေါ** = ၎င်း၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်သဘောတို့ကို ပထဝီနှင့်ယှဉ်၍ ဆိုပါ။ ၎င်းသည် ပထဝီ၏ ခြင်းရာ ၂၀ တွင် ပါ၀င်ပါသည်။

(၃) **တေဇော - လက္ခဏာ** = အပူသသော၊ ရသကိစ္စ ရင့်ကျက်သသော၊ ပစ္စုပဋ္ဌာန် = နူးညံ့မှုကို မပေးခြင်းလျှင် အကျိုးထင်သသော။ ပဒဋ္ဌာန် = ကြွင်းစာတ်ကြီးသုံးပါးလျှင် နီးစပ်သသော။

(၄) **ဝါယောလက္ခဏာ** = တုန်သသော၊ လှုပ်သသော၊ ရသကိစ္စ = ရွေ့လျားသသော၊ ပစ္စုပဋ္ဌာန် = ဘုဌ်ကိုတစ်ပါး အရပ်သို့ပို့တတ်သော အကျိုးထင်သသော။ ပဒဋ္ဌာန် = ကြွင်းစာတ်ကြီးသုံးပါးလျှင် နီးစပ်သသော။

**၅။ အာပေါ လက္ခဏာ** = ဖွဲ့သသော၊ ယိုစီးသသော၊ ကိစ္စ=ပျံ့နှံ့သသော။ ပစ္စုပဋ္ဌာန်=ပေါင်းဖွဲ့ ချိုးမြှောက်ထောက်ပံ့ ကျိုးထင်သသော။ ပဒဋ္ဌာန်=ကြွင်းစာတ်ကြီးသုံးပါးလျှင် နီးစပ်သသော။



www.burmeseclassic.com

www.burmeseclassic.com

၆။ သည်းခြေ = ၎င်းမှာ အာပေါဓာတ်ခြင်းရာ ၁၂ ပါးဝင် ဖြစ်သောကြောင့် အာပေါဓာတ်နှင့် ယှဉ်၍ ဆိုပါ။

၇။ **အာကာသ လက္ခဏာ** = ရုပ်တို့ကို ပိုင်းခြားပြခြင်း လက္ခဏာသသော၊ ရူသကိစ္စ = ရုပ်တို့၏အဆုံးကို ပြခြင်းကိစ္စ၊ ပစ္စုပဋ္ဌာန် = ရုပ်တို့ကို ပိုင်းခြားဟန်အကျိုးထင်သသော၊ ဘုတ်တို့ဖြင့် မတွေ့အပ်သောအဖြစ် အပေါက်ဟင်းလင်းလို ထင်ရခြင်းအဖြစ်၊ အကျိုးထင်သသော။ ပဒဋ္ဌာန် = ပိုင်းခြားအပ်သော ဘုတ်လျှင် နီးစပ်သသော။

ဤသို့လျှင် ဓာတ်အသီးသီး၌ ပင်ကိုသဘာဝလေးမျိုးရှိပြီး သက်ရှိသက်မဲ့ နှစ်ဇောကလုံး၏ အခြေခံရင်းမြစ်မှာလည်း ဓာတ်သာဖြစ်၍ ထိုအရင်းအမြစ်ဓာတ်တို့သည် "သလက္ခဏံ ဓာရေတီတိ ဓာတု" ဘုံကိစ္စ အဓိကဖြင့် ဆင့်ကဲတိုးတက်ခါ သင်္ခတရုပ်များ ဖြစ်လာကြပေသည်။

ရုပ်ဖြစ်သော် ရုပ် ၂၈ ပါး။ ၎င်းတို့ကို ကံ စိတ် ဥတု အာဟာရ တူညီရာ ကလာပ်စည်းဖွဲ့၍ ကလာပ်ပေါင်း ၂၁ စည်းတို့ကို ကျမ်းဂန်တို့တွင် ထင်ရှားပြဆိုထားပေသည်။ သို့သော် ၎င်းတို့သည် အခြေခံဓာတ်ကိုသာ စွဲမှီ၍ ထင်ရှားဖြစ်လာကြသောကြောင့် အခြေခံပန္နက်တည်းဟူသော ဓာတ်ကိုသာ လေ့လာရန် လိုအပ်ပေသည်။

ပထဝီဓာတ်သည် မူလပကတိ ကိုယ်ပိုင်သက်သက်အလားအားဖြင့် နူးညံ့သဘာဝ သန္တိလက္ခဏာသာရှိ၏။ သို့သော် ဘုံကိစ္စကြောင့် ကြမ်းတမ်းခက်မာ လက္ခဏာထင်ရှား၏။ ဆင့်ကဲ ဆင့်ကဲ ခက်မာလက္ခဏာဖြစ်ရကား တစ်ခုကို တစ်ခု နှိုင်းယှဉ်၍ နူးညံ့ခက်မာဟု ဆိုရပြန်၏။ ဤနူးညံ့သည့် ကိုယ်ပိုင်ကိစ္စသက်သက် နူးညံ့နှင့် မယှဉ်သာအောင် ခြားနား၏။

သို့သော် ၎င်းနူးညံ့ခက်မာကိုလည်း "သင်္ခတနယ်တွင်" "အတ္တနောသဘာဝံ ဓာရေတီတိ ဓာတု" ကိုယ်ပိုင်လက္ခဏာဟုပင် ဆိုရချေ၏။

ထို့အတူ ...

မူလတည်ကြည်လက္ခဏာ အာပေါသည် ဖွဲ့ယိုလက္ခဏာ၊ မူလငြိမ်သက်လက္ခဏာဝါယောသည် လှုပ်လက္ခဏာ၊ မူလအေးချမ်းလက္ခဏာ တေဇောသည် ပူလက္ခဏာ ထင်ရှား၍လာ၏။

(ဤ မာ၊ ဖွဲ့၊ လှုပ်၊ ပူ ဘုံကိစ္စလေးခု၏ အပိုင်းအခြားပြလက္ခဏာကို အာကာသဟုဆိုပါ။ ပေါင်းဓာတ်ငါးပါးတည်း။)

ဤငါးပါးတွင် ပထဝီ၊ တေဇော၊ ဝါယော သုံးပါးကို အကြမ်းသသော = ဩဠာရိက၊ အာပေါ၊ အာကာသနှစ်ပါးကို သုခုမ = အနုသသောဟု ခွဲဆိုရပြန်သည်။

ဤသို့ သဘောကို ကွဲအောင်ခွဲ၍ ပြောဆိုရသော်လည်း ဩဠာရိကနှင့် သုခုမ တစ်သန့်စီခြားထား၍ မရ။ ပထဝီ၊ အာပေါ စသည်၌လည်း သဘောကိုသာခွဲ၍ ဆိုရသည်။ တစ်စုံတစ်ခုသော ကိရိယာတန်ဆာ နည်းပညာတို့ဖြင့် တစ်သန့်စီ ခြားထား၍မရ။ **ထိုဓာတ်ငါးပါးမှာ မည်သည့်အခါမဆို တစ်ပေါင်းတည်းသာတည်း။**

ဘုတ်ဟုခေါ်ဆိုရသော ဘူတရုပ်ဓာတ်ကြီး လေးဝတွင် ပေါ့သောဓာတ်ကို "လဟု" လေးသောဓာတ်ကို "ဂရု" ဟု ခွဲဆိုရာတွင် -

| | | |
|---|---|---|
| ပထဝီဓာတ်<br>အာပေါဓာတ် | ] | လေးသောလက္ခဏာ၊<br>ဂရုသဘာဂမိသက |
| တေဇောဓာတ်<br>ဝါယောဓာတ် | ] | ပေါ့သောလက္ခဏာ<br>လဟု သဘာဂ မိသက |
| ဂရုဓာတ်နှစ်ပါး<br>လဟုဓာတ်နှစ်ပါး | ] | ဝိသဘာဂ ပဋိပက္ခ |

ဤသို့ဓာတ်တို့၏ မိမိကိုယ်မိမိ ဆောင်ရွက်ကြခြင်းကြောင့် ဒွန္ဒပိပါက အကျိုးထင်ခြင်းကိုပင် အနာရောဂါရသည်ဆို၏။

ဘုတ်တစ်ခုသည် အဇ္ဈတ္တ၊ ဘုတ်တစ်ခုသည် ဗဟိဒ္ဓ ဤသို့အားဖြင့် ဂရုပြဋ္ဌာန်းသော ဘုတ်နှင့် လဟုပြဋ္ဌာန်းသော ဘုတ် နှစ်ခုပဋိပက္ခဖြစ်သော် ဒွန္ဒဝိပါက။

အဇ္ဈတ္တ ဗဟိဒ္ဓ ဘုတ်နှစ်ခု ဂရုနှင့် ဂရု၊ လဟုနှင့် လဟု၊ ဒွန္ဒဒိပါက အကျိုးထင်၏။

မူလ ပထဝီသမုဋ္ဌာန်၏ ဓာတ်ရဓာတ်သွားကို ဖော်ပြပါအံ့။ ဓာတ်အပေါင်းတို့သည် ပထဝီဓာတ်တို့ကို အမှီတည်ရာပြုကာ တေဇောဓာတ် ချုပ်ချယ်စိုးမိုးခြင်းဖြင့် ဖြစ်လျှင်အတူ



www.burmeseclassic.com

www.burmeseclassic.com

ပျက်လျှင်အညီ ဖြစ်ပျက်ကြလေသည်။

ဤအခြင်းအရာကို ၁ × ၃ (ဤသို့သင်္ကေတဖြင့် ပြထားအံ့) ဆိုလိုသည်မှာ ပထဝီဖြောင့်လျှင် တေဇောဖြောင့်သည်။ ပထဝီလွန်လျှင် တေဇောလွန်သည်။ (ကျစ်မာသော ထင်းမီးကဲ့သို့) ပထဝီညံ့လျှင် တေဇောညံ့သည်။ (ပွပွယောင်းယောင်း ထင်းမီးကဲ့သို့)

ထို့ပြင် ပထဝီဓာတ် ပျက်လပ်သဘော၊ အာပေါမည်မှတ် အားကြီးလတ်၏။

မီးဓာတ်ပျက်သော် ဝါယောမည်မှတ်။ အားကြီးလတ်၏ဟူသော စကားအရကို ဤပုံစံဖြင့် ပြပါအံ့။

၁ × ၃ (ညံ့)

၂ × ၄ (လွန်)

ဤသို့ ပထဝီမဆောင်နိုင် ညံ့၍ အာပေါဓာတ်လွန်သောကြောင့်လည်းကောင်း။ ပထဝီညံ့လျှင် တေဇောလည်း ညံ့၍ ဝါယောအားကြီးသောကြောင့်လည်းကောင်း။ စားသောက်သမျှက ဗဋ္ဋိကာရ အာပ်ာရလွန်ပြန်လျှင် သည်းခြေညံ့ပြန်တော့သည်။

"ပျက်အပ် ပိတ္တ၊ အာဟာရမည်မှတ်၊ အားကြီးလတ်၏"တည်း။

တစ်နည်းအားဖြင့် ဆိုသော် -

ပထဝီညံ့သောကြောင့် အာပေါလွန်သည်။

အာပေါလွန်သောကြောင့် တေဇောညံ့သည်။

တေဇောညံ့သောကြောင့် ဝါယောလွန်သည်။

ဝါယောလွန်သောကြောင့် သည်းခြေညံ့သည်။

သည်းခြေညံ့သောကြောင့် အာဟာရလွန်သည်။

ဤသို့ သည်းခြေညံ့၍ အာဟာရဓာတ်လွန်ပြီဖြစ်သောကြောင့် ပျစ်ချွဲသော သဘောရှိသော အာဟာရသည် အပေါက်ပာင်းလင်းဟူသော အစာအိမ်၊ အူသိမ် စသော အာကာသရှိသမျှတို့တွင် ပြည့်သိပ်ဆို့ပိတ်နေ၍ အာကာသသည် "ငုပ်"ဓာတ်ဖြစ်ကာ အာဟာရနှင့် ပက္ခသာမည ဖြစ်လေတော့သည်။

ထို့ကြောင့် ဝမ်းမီးညံ့၊ အစာမကြေမကျက်၊ ချေးမထွက် စသော လက္ခဏာတို့ သူနာတွင် ပေါ်လာလေတော့သည်။ ထိုပထဝီ သမုဋ္ဌာန်ဓာတ်ရ ဓာတ်သွားပုံကို ရှေးတွင် ဖော်ပြခဲ့ဖူးသော ဓာတ်သင်္ကေတတို့ဖြင့် ဇယားချ၍ ပြရသော်

၁ × ၃ × ၅ = ညံ့

၀ = ငုပ်

၂ × ၄ × ၆ = လွန်

ဤကဲ့သို့သော ဓာတ်တို့၏ သဘာဝမှန်ကန်မှုတစ်ရပ်ကို တိတိကျကျ ဖော်ပြနေလေသည်။ ဤသို့ တိကျမှန်ကန်သော သဘာဝ "သီအိုရီ"တစ်ခုကို ဩဇာရိက သုခုမ ကျမ်းပြုဆရာကြီး ဦးအောင်ဇင်သည် ဓာတ်တံတားကြီး မှန်ကန်မှုကို အစဆွဲမိရာမှ ဤသို့ "ကောဓမ္မော"ပုံစံ အမှန်ကို ဖော်ထုတ်ပြခဲ့သည်။

ထို့ပြင် နရသုခ ကျမ်းဆရာကြီး၏ ကျမ်းလာစကား "ပထဝီယွင်းသွေ၊ အားယုတ်လေက၊ သည်းခြေမဖြောင့်၊ ရောဂါနောင့်လိမ့်၊ ထို့ကြောင့် ပထဝီ၊ အားပြည့်မီအောင်၊ နိုက်သည် သည်းခြေ၊ ရှိစေမချွတ်၊ ထိုဓာတ်ဒွယ၊ အဓိကဟု၊ မှတ်ကြရမည်"ဟူ၍ မိန့်ခဲ့သော စကားနှင့်လည်း ကိုက်ညီလေသည်။

ပထဝီညံ့သောကြောင့် တေဇောညံ့၊ တေဇောညံ့သောကြောင့် သည်းခြေညံ့၏။ (အညံ့သုံးဆင့်)

အာပေါလွန်သောကြောင့် ဝါယောလွန်၊ ဝါယောလွန်သောကြောင့် အာဟာရလွန်၏။ (အလွန်သုံးဆင့်)။

ထိုအညံ့သုံးဆင့်နှင့် အလွန်သုံးဆင့်သည် အဓိပက္ခ ဖြစ်ကြလေသည်။

"ဇေ တိသောဃေဝ သန္တတိယော ယဋ္ဌေတုံ သက္ကောတိ၊ နတာတောပရံ။"

သုံးပါးမျှသာလျှင် ဖြစ်ကုန်သော ရုပ်အစဉ်တို့ကို ခတ်ခြင်းငှာ တတ်ကောင်း၏။ ထိုသုံးဆင့်ခတ်သည်ထက် အလွန်မစွမ်းနိုင်။ အပူအအေး ဥတုဆန့်ကျင်သဖြင့် ဖောက်ပြန်သော ရုပ်ကလာပ်တို့သည် သုံးဆင့်သော ကလာပ်ကိုသာ ခတ်နိုင်၏။ ထိုမှတစ်ပါး မခတ်နိုင်။

ဥပမာ -

(၁) မိုးသည် ဥတုသမုဋ္ဌာန် မည်၏။

(၂) မိုးရွာခြင်းသည် ဥတုပစ္စယ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

(၃) မိုးရွာသောအခါ မျိုးစေ့တို့၏ ပေါက်ရောက်ခြင်း မြေသည် အစိုးနဲ့ထွက်ခြင်း၊ တောင်တို့သည် ညို့ညို့စိမ်းစိမ်း အရောင်ထင်ခြင်း၊ မြစ်သမုဒ္ဒရာတို့ ပြည့်လျှမ်းခြင်း၊ ဤအလုံး စုံတို့သည် ဥတုပစ္စယ၊ ဥတုသမုဋ္ဌာန် မည်၏။ ဤဥတုသည် လည်း သုံးဆင့်သာခတ်နိုင်၏။

ထို့ကြောင့် အထက်က ပြခဲ့သော ပထဝီသမုဋ္ဌာန် တွင် အာကာသဓာတ်သည် သုံးဆင့်ခတ်ခြင်းမှ လွတ်၏။ ညွှံ့ဓာတ်ဖြစ်သော အထက်သုံးပါးနှင့် ဆိုလျှင် အာကာသ ဓာတ်သည် လွန်ဓာတ်ကဲ့သို့ ဖြစ်နေ၏။ အဘယ့်ကြောင့် ဆိုလျှင် ပထဝီဓာတ်ညွှံ့လျှင် အာကာသဓာတ်လွန်ရမည်ဖြစ် သောကြောင့်တည်း။ ဤသို့သောနည်းဖြင့် အာကာသဓာတ် သည် အထက်အောက် နှစ်ပါးလုံးနှင့် ပက္ခသာမညဖြစ်ကာ သုံးဆင့်ခတ်ခြင်းမှ "ငုပ်"နေသောကြောင့် ၎င်းကို "ငုပ်"ဓာတ် ဟုခေါ်၏။

ထိုမှတစ်ပါး အချမ်းအပူ ဥတုသမုဋ္ဌာန် ဆန့်ကျင် ဖောက်ပြန်သဖြင့် သတ္တဝါတို့ အနာရောဂါရခြင်း နှစ်မျိုးရှိ၏။

(၁) သတ္တဝါတို့သည် သီတ အပက ဖြစ်၍ အားနည်း ခဲ့ပါမူကား အတွင်းဥဏှ အဓိကရဏ အနာဟု သိရမည်။

(၂) ဥဏှ အပက ဖြစ်၍ အားနည်းခဲ့ပါမူကား အတွင်းသီတက အဓိကရဏ အနာဟု မှတ်ရမည်။

ဤတွင်ပြခဲ့သော ပထဝီသမုဋ္ဌာန်သည် သီတအပ အတွင်းဥဏှ အဓိကရဏ အနာမျိုးဖြစ်လေသည်။

ပမာဆိုရလျှင် ထန်းရေခါးအိုးတို့ သဘောနှင့် အလား တူ၏။ ထန်းရေခါးအိုးတို့၏ သဘောမှာ **ရှေးဖြစ်သော ပထဝီ တေဇောရင့်ပြီးသော ထန်းရည်ချိုနှင့် နောက်ဖြစ်သော ထန်းရည်ချိုတည်းဟူသော အာပေါဓာတ်အသစ်တို့ပင် တည်း။**

ထိုနောက် ဖြစ်သော အာပေါဓာတ်နှင့် လွန်ပြီးသော တေဇောလွန်၍ အဓိကရဏပထဝီဖြစ်ပြီးသော အတည်မြဲ ၍နေသော ပထဝီဓာတ်သည် တွေ့ကြသောအခါ ထိုအာပေါ ဓာတ်သည် ဆူ၍ အမြှုပ်ဝေလာရလေတော့သည်။ ဝါယော ဓာတ်အားကြီးလာသည့်အတွက် အဓိကရဏတေဇော ပျက် ရလေတော့သည် ဖြစ်၏။

ထို့ကြောင့် "အဓိဋ္ဌာနံ ပါစကဒ္ဓေဝ တသာ အပ လဲတ္တာတိ"ဟု ဟောတော်မူနှင့်အညီ မျိုအပ်သော ကဗဋ္ဌိ ကာရ အာဟာရသည် အဓိဋ္ဌာဖြစ်၍ မကြေခဲ့ပါလျှင် ရှေး အပါစကနှင့် နောက် ကဗဋ္ဌိကာရ တွေ့သောအခါ အမြှုပ်ဝေ ၍ ရက်ခြား ဖျားနာခြင်း၊ တိုက်ခိုက်၍ဖျားခြင်းကိုလည်း ဖြစ်စေ တတ်သည်။ ထိုရက်ခြားဖျားခြင်းတို့ သဘောသည် သန္နိပ္ပါန် သီတ လုံ့လအားကြီးသည်ဟု မှတ်ရမည်။

ထို့ကြောင့် ပထဝီသမုဋ္ဌာန်အနာသည် အတွင်းဥဏှ အဓိကရဏအပသီတဥတု သီတအစာ ဆန့်ကျင်သော ကြောင့် အစာမကြေ အဓိဋ္ဌာကရောဂါ ရသည်ဟု မှတ်ရမည်။

ထိုပထဝီ သမုဋ္ဌာန်အနာဓာတ် ဆေးအစာတိုက်ကျွေး ပုံမှာ ပစ္စုပ္ပန်အကျ အနာခိုက်ရောက်သော သည်းခြေဓာတ် ကစ၍ သည်းခြေကြိုက် ရသဖြစ်သော ဆေး၊ သို့မဟုတ် အစာကို သုံးရက် ပထမတိုက်ကျွေးရမည်။

ထို့နောက် ဒုတိယ တေဇောကြိုက်ရသဖြစ်သော ဆေး၊ သို့မဟုတ် အစာအာဟာရကို သုံးရက် တိုက်ကျွေးရ သည်။

ထို့နောက် တတိယ ပထဝီအာကာသကြိုက် ရသ [illegible] အစာအာဟာရကို ခြောက်ရက်တိုက်ကျွေးကုသရ သည်။ (သို့မဟုတ်) ပထဝီကြိုက် အစာကို သုံးရက်ကျွေး၍ နောက်သုံးရက်တွင် အာကာသကြိုက်အစာကို ကျွေးရသည်။

ဤတွင် ငုပ်ဓာတ်ဖြစ်သော အာကာသသည်လည်း အထက်ဓာတ်အောက်ဓာတ်တို့နှင့် ပက္ခသာမညဖြစ်ကာ အား ယုတ်နေသောကြောင့် ၎င်းအာကာသကြိုက် ရသကိုလည်း နောက်ပိုင်းတွင် ထပ်ဖြည့်ရသည်ဟု မှတ်ယူပါ။

သို့သော် ရှေးဦးစွာကား မည်သည့်အခါမျှ မတိုက် ကျွေးသင့်ပါ။ ထိုမှတစ်ပါး လွန်ဓာတ်ဖြစ်သော အာပေါ ဝါယော၊ အာဟာရဓာတ်ကြိုက်တို့ကိုမူကား အဓိပက္ခဓာတ် ဖြစ်၍ ဘယ်အခါမျှ မတိုက်ကျွေးရာ။ လုံ့လစောင့်စည်း ရှောင် ကြဉ်ရသည်။ ထိုသမုဋ္ဌာန်အနာသည် စင်စစ် ပထမဋ္ဌ အာ ကာသ၊ အာပေါ၊ ဝါယော၊ အာဟာရ၊ ဥတု၊ အစာတို့ တစ်နေ ကြောင့် ဖြစ်ရသော ရောဂါဖြစ်၏။

ထိုသို့ ကုသတိုက်ကျွေးရာ ဆေး၊ သို့မဟုတ် အစ



www.burmeseclassic.com

www.burmeseclassic.com

အာဟာရတွင် ပါဝင်သော ပထဝီဓာတ်ကို ပရိပါစကတေဇော ကောင်းစွာချက်သဖြင့် ဖြောင့်မှန်စွာ ရင့်ကျက်ပြီးလျှင် သည်းခြေဓာတ် ဖြောင့်မတ်ညီညွတ်ကာ အာကာသငုပ်ဓာတ်ပေါ် လျက် ထိုပထဝီသမုဋ္ဌာန်ဆေးဂါနာသည် ၁၂ ချက်အတွင်း ချမ်းသာစွာ ပျောက်ကင်းလေတော့သည်။

အစာနှင့်ဆေး ပမာသွေးသော်၊ မဝေးလွန်းကြ၊ ဆေးလည်းအစာ၊ အစာလည်းဆေး၊ သင့်ရာပေးက၊ ဂုဏ်ကျေးဇူးအင်၊ အကျိုးထင်လိမ့်မည်တည်း။

ထို့ကြောင့် ဓာတ်ကိုမြင် ရှေးဦးသင်၍ ထို့ပြင်နောက်မှ အာဟာရ၏ ဩဇာသုခ၊ အဆင့်ဆင့်ရှုဖို့၊ ကြမ်းမှုနရာ၊ သိကောင်းစွာကြောင့်၊ ခြောက်ဖြာရသ၊ ဂုဏ်ဂုဏနှင့်၊ ကိစ္စဝိပါ၊ သတ္တိပါလျှင်၊ လေ့လာသင့်လှပေသတည်း။

ဓာတ်တို့၏ ကျိုးကြောင်းဆက်စပ် သုံးဆင့်ခတ်ဖြစ်ပုံ သဘာဝကို လွယ်ကူစွာ သိမြင်အသုံးချတတ်စေရန် ဓာတ်ကျမ်းလင်္ကာ၌ ဤသို့ဆိုခဲ့ပြန်၏။

"သုံးဆင့်ဆက်ခတ်၊ ကျိုးကြောင်းစပ်၍၊ ဖြစ်လတ်သမုဋ္ဌာန်၊ နည်းယူရန်ကို၊ တတန်ပထဝီ၊ ပုံပြုမှီ၍၊ သီတန်အဖြစ်၊ ပေးတုံလစ်သော်၊ တစ်၊ နှစ်၊ သုံးကို၊ စဉ်တိုင်းဆိုလေ၊ လိုသည်ယုတ်ဇာတ် အစမှတ်ခါ၊ ခတ်လေသုံးချက်၊ ထက်အောက်ဆက်ဖြင့်၊ ကွင်းချက်ကိုယ်စီ၊ ငုပ်လေပြီတည့်။

သီတံအညီ "ပထဝီ"ကို စီ၍မှတ်သား၊ သင်္ကေတထားသော်၊ "တစ်" အားနွဲ့ဖြင့်၊ လွန်ခဲ့ "နှစ်"မှာ နှစ်သာ "လွန်"၌ "သုံး"ပျက်တွေ့၏။ "ပျက်"လေ"သုံး"ကြောင့် "လေး" "လွန်"ထောင့်ခဲ့။ "လေး"မှောင့် "ငါး" "ယုတ်"။ "ငါး" "ယုတ်" "ခြောက်"များ။ အစဉ်အတိုင်း သွား၍ ကွင်းညား "သုည" "ငုပ်"ချက်ကျ၏။

ပြခဲ့သီတန်၊ နှုတ်တက်ဟန်ဖြင့်၊ ကျန်သောခြောက်ဖြာ ထိုရောဂါတို့၊ သုံးဖြာဆင့်ပုံ၊ သိပါကုန်လိမ့်၊ ဉာဏ်စုံလင်၍ မမြင်မှုန်မွှား၊ မရှိပြားအောင်၊ ကြိုးစားလေ့လာ ကြပါကုန်"ဟူ၍ပင်။

တစ်၊ နှစ်၊ သုံးကို၊ စဉ်တိုင်းဆို၊
လိုသည့်ယုတ်ဓာတ်၊ အစမှတ်၍၊
ခတ်လေသုံးချက်၊ ထက် အောက် ဆက်လျှင်၊
ကွင်းချက်ကိုယ်စီ၊ ငုပ်လေပြီ။

ဘယ်သမုဋ္ဌာန်မှာမဆို လိုသည့်ယုတ်ဓာတ်ကို ပထမ အစချ၊ ၎င်းနောက် ဂဏန်းစဉ်အတိုင်း ထက်အောက်ဆက်၍ သုံးဆင့်ခတ်၊ နောက်ဆုံးကျန်သောဓာတ်သည် ငုပ်ဓာတ်ဖြစ်၏။

ပထဝီသမုဋ္ဌာန်ပုံစံ

၁ × ၃ × ၅ ယုတ်

၀ = ငုပ်

၂ × ၄× ၆ = လွန်

ဤပုံစံတွင် တစ်ယုတ်နှစ်လွန်၊ နှစ်လွန်သုံးယုတ်၊ သုံးယုတ် လေးလွန်၊ လေးလွန် ငါးယုတ်၊ ငါးယုတ် ခြောက်လွန် - သုံးဆင့်ယုတ် သုံးဆင့်လွန်ဖြင့် အာကာသငုပ်ကြောင်း ညွှန်လျက်ရှိ၏။

ကွင်းသမုဋ္ဌာန် ခြောက်ပါး ဂဏန်းဓာတ်သွားကို လေ့လာပါလော။

ထို့နောက် သမုဋ္ဌာန်အသီးသီး သုံးဆင့်ခတ် အနာ ရောဂါပုံစံကို ရှေးဆရာကြီးတို့ ပြုတ်ထားခဲ့ကြသော "ဆောင်-ပျက်-ခိုက်-ငုပ်-လွန်-ဆုံး-ချုပ်"ဟူသော နာမည်နာမ ပြုတ်ဖြင့် ဇာတ်တိုက် ခုနစ်ပါး ဓာတ်ရဓာတ်သွားသရုပ်ကို ဆက်လက်ဖော်ပြပါအံ့။

ချောယဉ်သာမြင့် (B.A, B.Ed.)

၀၉-၄၂၀၆၂၀၉၇





www.burmeseclassic.com

www.burmeseclassic.com



# ဝိဓောက် ပြဒါး

# ဓားပြမတိုက်

ယုံး

မင်္ဂလာဒုံမြို့နယ်၊ ကြခင်းစုရပ်ကွက်အတွင်းရှိ နန္ဒဝန်ဟု အမည်ပေးထားသော ခြံကျယ်ကြီးတစ်ခြံ ရှိလေ၏။ ထိုခြံကြီး၏ ပိုင်ရှင်မှာ ဦးသူတော်ဟူ၍ဖြစ်၏။ ဦးသူတော်သည် အင်္ဂရတ်ထိုးခြင်းကို အလွန်ဝါသနာထုံလှ၏။ သူ၏ အလုပ်မှာ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ အင်္ဂရတ်ထိုးခြင်း ခေါ်ဖိုထိုးခြင်းတို့သာလျှင်ဖြစ်၏။ သူသည် တစ်နှစ်ပတ်လုံး ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည့်အပြင် မွေးနေ့၊ ဥပုသ်နေ့နှင့် ဝါတွင်းသုံးလပတ်လုံး သတ်သက်လွတ်စား၏။ သူ့တွင် မောင်ကြည်ဝင်းဟုခေါ်သော တပည့်တစ်ယောက်ရှိ၏။ မောင်ကြည်ဝင်းသည် အလွန်ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်သည့်အပြင် လူငယ်တို့ဘာဝ အပျော်အပါး၊ အလည်ပတ် အသောက်အစားလည်း၊ ကင်းရှင်းသူတစ်ယောက် ဖြစ်၏။ ဦးသူတော်၏ ဝေယျာဝစ္စများအား ပိုင်းဝန်းလုပ်ကိုင်ပေးရင်း အတူနေထိုင်၏။ ဦးသူတော်သည် အစိုးရဌာန တစ်ခု၏ အငြိမ်းစားအရာရှိကြီးတစ်ဦးဖြစ်ပြီး လူပျိုကြီး တစ်ဦးလည်းဖြစ်၏။ သူ၏



www.burmeseclassic.com

www.burmeseclassic.com

စားဝတ်နေရေးအတွက်မှ သူ၏ပင်စင်လစာအပြင် နိုင်ငံခြားတွင် သွားရောက်၍ အလုပ်လုပ်ကိုင်နေသော သူ၏ တူမတော်စပ်သူတစ်ယောက်မှ လစဉ်ပံ့ပိုးမှန် ထောက်ပံ့ငွေဖြင့် အပူအပင်မရှိ ရပ်တည်နေသူ ဖြစ်၏။

ဦးသူတော်ထံသို့ ဧည့်သည်များ မကြာခဏ လာတတ်၏။ အများအားဖြင့် သူနှင့်ဝါသနာတူသူများဖြစ်၏။ ပုသိမ်မြို့မှ ကျောင်းအုပ်ဆရာကြီး အငြိမ်းစား ဦးအောင်နေဝင်းသည် ကျောင်းပိတ်ရက်များ၌ ရက်ရှည် လာရောက်လည်ပတ်တတ်၏။ သူသည် ရှပ်အင်္ကျီလည်ကတုံးအဖြူနှင့် တိုက်ပုံကို တွဲလျက် အမြဲဝတ်ထားတတ်၏။ ချွတ်လျှင်လည်း တွဲလျက် ချွတ်၏။ သူရောက်လာပြီဆိုလျှင် ရေနွေးကြမ်း လက်ဖက်သုပ်တို့ကို မပြတ်အောင် စီစဉ်ထားကာ နှစ်ယောက်သား စကားတပြောပြောနှင့် ဖိုထိုးကြ၏။

ဦးထိပ်တင်ဌေးဟု အမည်ရသော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း အလည်လာတတ်၏။ သူသည် မင်းမျိုးမင်းနွယ်တစ်ဦးလည်း ဖြစ်၏။ အင်္ဂလိပ်စကားကို အလွန်ကျွမ်းကျင်စွာ ရေးနိုင်၊ ပြောနိုင်သူတစ်ဦးဖြစ်၏။ သူ၏အလုပ်မှာ နိုင်ငံခြားသွားမည့်သူများအား အင်္ဂလိပ်စာသင်ပေးသောအလုပ်လုပ်၏။ သူသည် ဖိုထိုးခြင်းအလုပ်ကို ဝါသနာမပါသော်လည်း ဦးသူတော်၏ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သလို လူပျိုကြီးတစ်ဦးလည်းဖြစ်၏။ ဦးထိပ်တင်ဌေးသည် ပတ်ပျိုး၊ ယိုးဒယားကဲ့သို့သော ရှေးသီချင်းကြီးများကို အလွန်နှစ်သက်သူဖြစ်၏။ ရေဒီယိုမှ သီချင်းကြီးကဏ္ဍ လာမည့်အချိန်သို့ ရောက်လျှင် အိပ်ရာထဲတွင် ပက်လက်လှန်၍ ရေဒီယိုကလေးကို အနားမှာထားကာ မျက်လုံးကိုမှေး၍ 'စနစ်တကျ နားထောင်သူဖြစ်၏။

ဦးသူတော်ထံသို့ လာရောက်လည်ပတ်သူများထဲတွင် ဦးဝါတာချမ်းဟုခေါ်သော တရုတ်ကြီးတစ်ယောက်လည်း ပါ၏။ သူ၏ မြန်မာအမည်မှာ ဦးရေချမ်းဟူ၍ ဖြစ်၏။ ဦးဝါတာချမ်းသည် ရန်ကုန်မြို့ထဲတွင် နေထိုင်သူဖြစ်တာ သားသမီးများမှာ နိုင်ငံခြားတိုင်းပြည်များတွင် သွားရောက်၍ အလုပ် လုပ်ကိုင်နေကြသူများဖြစ်သဖြင့် စားဝတ်နေရေး အဆင်ပြေသူတစ်ယောက်ဖြစ်၏။ သူသည် ဗမာစကားကို ကောင်းမွန်စွာ ပြောတတ်သော်လည်း စကားမှာ အလွန်ဝဲသဖြင့် သူစကားပြောလျှင် မနည်းနားလည်အောင် နားစိုက်ထောင်ရ၏။ သူသည်လည်း ဖိုထိုးအလွန်ဝါသနာပါသူ တစ်ယောက် ဖြစ်၏။ အစားကောင်း အသောက်ကောင်းများလည်း ကြိုက်နှစ်သက်သူပီပီ သူလာလျှင် တရုတ်ဆိုင်မှ အစားကောင်း၊ အသောက်ကောင်းများအား ဝယ်ခြမ်း၍လာတတ်၏။ သူသည် စနေ၊ တနင်္ဂနွေကဲ့သို့သော ပိတ်ရက်များတွင် လာတတ်ပြီး ညအိပ်ညနေ မနေဘဲ မနက်ရောက်ကတည်းက ညနေပြန်သည်အထိ ဖိုရုံအတွင်းသို့ဝင်ကာ ဖိုထိုးလေတော့၏။

ထို့အပြင် စကားပြောအလွန်ကောင်းသော ဦးအောင်မြတ်၊ ဘုန်းကြီးလူထွက် ဦးသိန်းဟန်၊ ပန်းပဲဆရာကြီး ဦးထွန်းအပြင် လက်သမားဆရာ ကိုတင့်ကြွယ်ဆိုသူတို့နှင့် ကျွန်ုပ်တို့ပင်ဖြစ်၏၊ ကျွန်ုပ်သည် ဦးသူတော်နှင့် ရင်းနှီးရခြင်းမှာ ဦးသူတော်သည် ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်၌ ဂမ္ဘီရဆောင်းပါးများအား ရံဖန်ရံခါ ရေးသားသူတစ်ယောက်ဖြစ်လေရာ ကျွန်ုပ်နှင့် မဂ္ဂဇင်းတိုက်တွင် တွေ့ဆုံရင်းနှီးခြင်းဖြစ်၏။ ကျွန်ုပ်သည် ဦးသူတော်ထံသို့ မကြာခဏဆိုသလို သွားရောက် လည်ပတ်တတ်သည်ဖြစ်ရာ 'အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် တစ်ယောက်မဟုတ် တစ်ယောက်နှင့် တွေ့ဆုံ၍ ရင်းနှီးနေခြင်းဖြစ်ပေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ဦးသူတော်ထံသို့ အလည်အပတ် သွားရောက်ခဲ့ပေ၏။ ကျွန်ုပ်ရောက်ရှိချိန်တွင် လက်သမားဆရာ ကိုတင့်ကြွယ်လည်း ရောက်ရှိနေခိုက်နှင့် ကြုံကြိုက်လေ၏။ ကိုတင့်ကြွယ်သည် လက်သမားဆရာပင်ဖြစ်လင့်ကစား အလွန်စာဖတ်သူဖြစ်၏။ ဗဟုသုတလည်း အလွန်ကြွယ်ဝ၏။ ကျွန်ုပ်ရောက်ရှိချိန်တွင် ဦးသူတော်နှင့် ကိုတင့်ကြွယ်သည် အိမ်ရှေ့ရှိ ကျွဲကောပင်အုပ်အုပ်ကြီးအောက်ရှိ ကွပ်ပျစ်ကလေးတွင် နှစ်ယောက်သားထိုင်ကာ စကားပြောနေကြခိုက်ဖြစ်၏။ ဦးသူတော်သည် ကျွန်ုပ်အားမြင်လျှင် –

"လာဟေ့ စာရေးဆရာရေ့၊ ရေနွေးကြမ်းသောက်ကွ၊ လက်ဖက်လည်းစား။ ပြီးရင် စကားပြောကြတာပေါ့ကွာ"

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်ကလည်း –

"ဟုတ်ကဲ့ ဆရာရယ်။ ရေနွေး



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းလည်း သောက်ပါ့မယ်၊ လက်ဖက်လည်း စားပါ့မယ်။ ဒါပေမယ့် စကားတော့ မပြောပါရစေနဲ့ခင်ဗျာ။ ကျွန်တော် နားထောင်ဖို့အတွက် လာခဲ့တာပါ"

ဟု ပြန်၍ပြောရ၏။ ကိုတင့်ကြွယ်သည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာများ၏ အခြေခံသဘောတရားများ နှိုင်းယှဉ်ကာ ရှင်းပြနေ၏။

(မှတ်ချက် - ကိုတင့်ကြွယ်ပြောပြသော ဘာသာကြီးသုံးခုအား နှိုင်းယှဉ်ပြောပြချက်များမှာ နားထောင်၍ အလွန်ကောင်းလှသည့်အပြင် ဗဟုသုတလည်း ရလှသည်ဖြစ်ရာ နောက်အလျဉ်းသင့်သည့်အခါ ဆောင်းပါးအဖြစ် ရေးသားပါဦးမည်။)

သူတို့နှစ်ဦးသည် ဘာသာရေးအကြောင်း ပြောရင်းနှင့် အိမ်ဆောက်သည့်အကြောင်းသို့ တဖြည်းဖြည်း ရောက်၍ သွားပေ၏။ ထိုအခါ ဦးသူတော်က -

"ဒီလိုရှိတယ် မောင်တင့်ကြွယ်ရဲ့။ ကျုပ်မှာ လမ်းမလွတ်လို့ ခုတ်ပေးလိုက်ရတဲ့ ကုံကော်ပင်ကြီးသုံးပင် ရှိပါရောလား။ အဲဒါ ကျုပ်လည်း ရွှေတိဂုံဘုရားက ဘုရားထုတဲ့သူတွေနဲ့ စပ်ကြည့်ပါသေးတယ်။ ဘာမှဈေးမပေးဘူးဗျ။ ဒါနဲ့ ကျုပ်လည်း တစ်ပင်ကို တစ်ဆူနှုန်းနဲ့ ဘုရားသုံးဆူထုပြီး ကျန်တာတွေကိုတော့ လွှစင်တင်ပြီး သစ်ခွဲထားလိုက်တယ်။ အိမ်မှာလိုအပ်တာရှိရင်လည်း သုံးလို့ရတာပေါ့ကွာ"

ဟု ပြောလေ၏။ ကိုတင့်ကြွယ်က -

"တကယ်တော့ ကုံကော်သားဆိုတာ တချို့က ပန်းသားဆိုပြီး မသုံးကြပါဘူး။ နောက်ပြီး ကုံကော်သားက သိပ်လည်းမကောင်းပါဘူး။ တယ်ပိုးကြိုက်တာပဲခင်ဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်က -

"ဒါနဲ့ ကိုတင့်ကြွယ်ရယ် ... ပန်းသားဆိုတာ ဘာများလဲ"

ဟု မေးလိုက်ရာ -

"ဩော် ... စာရေးဆရာနှယ်၊ ဒါလေးတောင်မသိဘဲကိုးဗျ။ ပန်းသားဆိုတာ ကုံကော်တို့၊ ပိတောက်တို့ သပြေတို့လို ဘုရားတင်တဲ့ပန်းအဖြစ်သုံးတဲ့ အသားမျိုးကို ပြောတာပေါ့ဗျ"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်က -

"ဒါနဲ့ ပိတောက်သားများကျပြန်တော့လည်း တယ်ကောင်းဆိုဗျ။ အိမ်ထောင်ပရိဘောဂများလုပ်ရင် နာမည်ကြီးပဲ မဟုတ်လားဗျ ကိုတင့်ကြွယ်ရဲ့"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုတင့်ကြွယ်က -

"ဒီလိုရှိတယ် စာရေးဆရာရဲ့။ ပါကေးတို့၊ ပရိဘောဂတို့ လုပ်တဲ့ ပိတောက်သားက တောပိတောက်လို့ ခေါ်တယ်ဗျ။ အဲဒီပိတောက်က ကျုပ်ကြားဖူးတာတော့ မပွင့်ဘူးလို့ကြားဖူးတာပဲ။ ဟုတ်မဟုတ်တော့ ကျုပ်လည်းမသိဘူးဗျာ"

ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ဦးသူတော်က -

"ဒါနဲ့ မောင်တင့်ကြွယ်ရယ်။ ကျုပ်ကြားဖူးတာလေးတစ်ခု ရှိတယ်ဗျ။ ဘာတဲ့ ပိတောက်၊ ပြဒါး၊ ခါးပြ မတိုက်ဆိုတဲ့ စကားလေးပါ"

ဟု ပြောလိုက်ရာ ကိုတင့်ကြွယ်က -

"ဩော် ... ဟုတ်ပါတယ်ဆရာရယ်။ ဒါကတော့ အိမ်တစ်အိမ်မှာ ပိတောက်သားတိုင်တစ်တိုင်ကို အပေါက်ကလေးထွင်းပြီး အဲဒီအပေါက်ထဲကို ပြဒါးတို့ ဖွန်းလေးနဲ့ခပ်ပြီး ထည့်ရပါတယ်။ ပြီးရင် အဲဒီအပေါက်ကို ပိတောက်သားနဲ့ပဲ ပြန်ပိတ်လိုက်ရပါတယ်။ သဘောကတော့ ကက်ကင်း ယူတာပေါ့ ဆရာရယ်။ ခါးပြရန်က ကာကွယ်ပေးတယ်လို့ ရှေးဂမ္ဘီရ ဆရာကြီးများ စီရင်ခဲ့တဲ့ အစီအရင်ပေါ့ဆရာရယ်"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်က-

"ကောင်းလိုက်တာ ကိုတင့်ကြွယ်ရယ်။ ခင်ဗျားခွင့်ပြုမယ်ဆိုရင် ကျွန်တော် ဆောင်းပါးလေး တစ်ပုဒ်လောက်တော့ ရေးချင်ပါရဲ့"

ဟု တောင်းပန်လိုက်ရာ ကိုတင့်ကြွယ်က -

"ရေးပါ ... ရေးဆရာရယ်။ ရေးလို့ရပါတယ်ဗျ။ တစ်နည်းအားဖြင့်တော့ မျှဝေခြင်းပေါ့ဆရာရယ်။ ခေတ်စကားနဲ့ပြောရရင်တော့ Share လုပ်တယ်ပေါ့ဗျာ"

ဟု ပြောလိုက်ရာ ဦးသူတော်၏ တပည့်ကျော် မောင်ကြည်ဝင်းသည်

"ကျွန်တော်လည်း ရေနွေးကြမ်းလေး Share ထားပါတယ် ဆရာတို့ရယ်၊ အားပေးကြပါဦး"

ဟု ဆိုလိုက်သဖြင့် အားလုံး ရယ်မောလိုက်ကြပေတော့၏။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

## ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာနာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဂုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၄ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ၀ွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မင်းရဲကျော်ထင်

## (သို့မဟုတ်)

# တစ်ခါက အင်းဝရွှေနန်းရှင်

ဝင်းသောင်(ရမည်းသင်း)

"အစ်ကိုကောင်း ... ဒီနေ့လမ်းလျှောက်ဖြစ်သေးလား"

"အခုပဲ ပြန်ရောက်ပါတယ်။ ကိုသက်မောင်လက်ထဲမှာလည်း လေးဆင့်ချိုင့်နဲ့ ဘာတွေလဲ"

"အစ်ကိုကောင်း၊ မကြီးဒေါင်းနဲ့ ချိုမြတို့အတွက် မုန့်ဟင်းခါးဝယ်လာတာ။ ကျွန်တော်ပါ ဝိုင်းစားမယ်လေ။ ခွေလေးပဲကြော်၊ ကြက်သွန်ကြော်၊ ဘူးသီးကြော်တွေလည်း ပါတယ် အစ်ကိုကောင်း၊ ရှယ်ပဲ"

"အကြော်တွေက တယ်ကောင်းပါလား ကိုသက်မောင်"

"ကောင်းဆို ... ဘလူးစတား (ကြယ်ပြာ)မုန့်ဟင်းခါးနဲ့ တွဲဖက်စားဆဲ့ အကြော်တွေလေ။ အစ်ကိုကောင်းတို့ လျှာလည်သွားမယ်။ ဆိုင်မှာစားမယ်ဆို နေရာမရလို့ စောင့်စားရတယ်။ မစောင့်နိုင်သူတွေကတော့ မတ်တတ်ရပ် စားကြတယ်။ အဲ ... ဝယ်မယ်ဆိုရင် တန်းစီးအလှည့်ကျစောင့်ပြီးမှ ဝယ်ရတဲ့ မုန့်ဟင်းခါး။ ကဲ ... မကြီးဒေါင်း၊ ဝိုင်းဖွဲ့စားကြမယ်။ ပန်းကန်တွေယူခဲ့ဗျာ"

တစ်နေ့ နံနက်စောစောတွင် ကိုကောင်း၏လုပ်ဖော်ကိုင်ဖက် ကိုသက်မောင် ကိုကောင်း၊ မဒေါင်းတို့အိမ်သို့ နာမည်ကျော် ဘလူးစတား မုန့်ဟင်းခါးနဲ့ အကြော်များ ဝယ်ကာ ရောက်လာသဖြင့် ဝိုင်းဖွဲ့စားသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ကြသည်။

ကိုကောင်းက မြေလတ်သားမို့ မုန့်ဟင်းခါးမှအစ အညာအစားအစာ မုန့်များကို ကြိုက်နှစ်သက်ပါတယ်။ အထူးသဖြင့် ကင်ပေါင်းကြော်နဲ့ မုန့်ပျားသလက်ကိုပေါ့။

"ကိုသက်မောင်ရယ် .. တကူးတကအားနာစရာ"

"မကြီးဒေါင်းကလည်း ဘာအားနာစရာလဲ။ ကျွန်တော် မကြီးဒေါင်းတို့အိမ်ရောက်တိုင်း မကြီးဒေါင်းတို့က အမြဲကျွေးမွေးခဲ့တာ။ တစ်ခါတစ်ရံလည်း ကျွန်တော်က ကျွေးဦးမှပေါ့၊ ဟုတ်ဘူးလား အစ်ကိုကောင်း"

"ဟုတ်ပ့ါ ကိုသက်မောင်၊ ကျုပ်တို့အသိုင်းအဝိုင်းထဲမှာတော့ ခင်ဗျားတစ်ယောက်ပဲ ပြန်ခြင်းခတ်တာ တွေ့ဖူးသေးတယ်။ အများကတော့ ပေးခြင်းပဲ စောင့်ခတ်ကြတာ များတယ်ဗျ။ ဟား ... ဟား ... ဟား"

"အစ်ကိုကောင်းပြောတာ၊ ကျွန်တော် သိပ်သဘောမပေါက်ဘူး။ ရှင်းပြပါဦး"

ကိုသက်မောင်သည် ကိုကောင်း ပြောတာ နားမလည်သဖြင့် အရိုးခံအတိုင်း နားမလည်ကြောင်းပြောကာ ရှင်းပြခိုင်းလိုက်သည်။

"ဒီလိုလေဗျာ။ ကျွန်တော်တို့ လူမျိုးမှာ ရိုးရာခြင်းလုံးခတ်ကစားတာ ရှိတယ်မဟုတ်လား။ ခြင်းဝိုင်းမှာပါဝင်ခတ်ကစားကြသူတွေဟာ ခြင်းကောက်ပျင်းရဘူးဗျ။ ကစားရင်း ခြင်းလုံး မြေပေါ်ကျသွားရင် နီးတဲ့ကစားသူက ကောက်ပြီး အခြားကစားသူထံပေးရန် တာဝန်ရှိတယ်။ အဲသလို ပေးတဲ့ အခါမှာလည်း ပြီးပြီးရော ဝါးလုံးထိုး ပစ်ပေါက်မပေးရဘူး။ တစ်ဖက်လူ ခတ်ကောင်းရုံ ခြင်းလုံးကို အလိုက်သင့် မြှောက်ပေးရတယ်"

"တချို့ ခြင်းကစားသူကျတော့ ခြင်းကောက်ပျင်းတယ်။ တချို့ကျ



www.burmeseclassic.com

www.burmeseclassic.com

တော့ ငါက လူကြီးပဲ၊ ငယ်သူက ကောက်ပေါ့ ဆိုတဲ့သဘောထားပြီး ကိုယ်နဲ့အနီးဆုံးမှာကျနေတဲ့ ခြင်းကို တောင်မကောက်ဘဲ လစ်လျူရှုတယ်။ တခြားကစားဖော်က ကောက်ပြီးပေးတဲ့ ခြင်းလုံးကိုသာ အသင့်စောင့်ခတ်တယ်။ တကယ်တော့ ခြင်းကစားဖော်ချင်း အသက်ကြီးတယ်၊ ငယ်တယ် ယိုးမယ်ဖွဲ့စရာ မလိုဘူး။ မိမိခွင် မိမိ အနီးမှာကျတဲ့ခြင်း မိမိက ကောက်ရန် တာဝန်ရှိပါတယ်။ ခြင်းကစားဖော်က မဟာဒူး၊ စလွယ်၊ နောက်ပေါက် စသည်ဖြင့် မိမိကို ခွင်ဝင်အောင် ခြင်းပေါက်ဖန်တီးပေးရင် ကိုယ့်အလှည့်ကျတော့လည်း တစ်ဖက်ကစားဖော်ကို အဲသလို ခွင်ဝင်အောင် ကစားနိုင်ဖို့ ဖန်တီးပေးဖို့ တာဝန်ရှိပါတယ်။ တချို့တွေက အဲသလိုမဟုတ်ဘဲ တောရောက် တောင်ရောက် ဖြစ်ချင်တာဖြစ် ခတ်ပစ်တတ်တယ်။ အဲဒီလို ခတ်ပစ်မယ်ဆို တာဝန်မကျေဘူးဗျ။ အဲဒါမျိုးကို ပေးခြင်းသာ စောင့်ခတ်တတ်ပြီး ပြန်ခြင်းမခတ်ဘူးလို့ လောကသားတွေ ငလှောင်ပြောင်ပြောကြတာပါ။ ဒီထက်ပိုရှင်းအောင် ပြောစို့ဆိုရင် တစ်ဖက်လူက ပေးသမျှယူ၊ ကျွေးသမျှအားမနာ လျှာမကျိုးစား၊ သူ့အလှည့်ကျတော့ ဘာကျေးဇူးတရားမှ မသိတတ်သူတွေကို ခြင်းလုံးကစားနည်းနဲ့ ယှဉ်ပြီး ပြောကြတဲ့စကားပါ''

''ဒီစကားတော့ ကြိုက်တယ်ဗျာ။ သေသေချာချာ မှတ်သားထားရမယ်''

ကိုကောင်းရှင်းပြတာကို သေသေချာချာ နားထောင်ပြီး ကိုသက်မောင်က မှတ်ချက်ပြုလိုက်သည်။

မဒေါင်းနှင့် မချိုမြတို့သည် ထမင်းစား စားပွဲပေါ်တွင် မုန့်ဟင်းခါးထည့်ရန် ပန်းကန်များချပြီးသည်နှင့် ကိုသက်မောင်၏ လေးဆင့်ချိုင့်ကို ဖွင့်လိုက်ရာ အခန်းတွင်း မုန့်ဟင်းခါးဟင်းနံ့ ကြိုင်သင်းသွားသည်။

''ခဏနော် ကိုသက်မောင်၊ လက်ဖက်ခြောက်နှပ်ထားတာ အသင့်ဖြစ်ပြီ။ လက်ဖက်ရည်ဖျော်လိုက်ဦးမယ်''

''အလွန်ကောင်းတဲ့ အစီအစဉ်ပဲ။ ကျွန်တော်လည်း လက်ဖက်ရည်ပါ ဝယ်ခဲ့ဖို့ သတိရပါတယ်။ ကားမောင်းဖို့က တစ်ဖက်၊ ချိုင့်နှစ်လုံးနဲ့ဆို မဖြစ်ဘူး။ ပလတ်စတစ်အိတ်နဲ့ ဝယ်မယ် စိတ်ကူးတော့လည်း ဟိုကြော်ငြာထဲကလို အဆင့်မရှိတဲ့လူဖြစ်မှာစိုးတာနဲ့ မဝယ်ခဲ့တာ''

''အို ...ကော်ဖီနဲ့ လက်ဖက်ရည်များတော့ ဆိုင်က ဝယ်မလာပါနဲ့ ကိုသက်မောင်ရယ်။ တော်တို့ အစ်ကိုက အိမ်ဖျော်တဲ့ လက်ဖက်ရည်၊ ကော်ဖီမှ ကြိုက်တာ။ တစ်ခါတစ်ခါ တပ်မှာတုန်းက သောက်ခဲ့ရတဲ့ လက်ဖက်ရည်မျိုး၊ ဇာတိမြေမှာ သောက်ခဲ့ရတဲ့ မလိုင်တက်အောင် ကျိုထားတဲ့ နွားနို့ကို ထန်းလျက်နဲ့ဖျော်တဲ့ ကော်ဖီမျိုးမှ သောက်ချင်တယ်လို့ ပြောတဲ့အခါ သူ့ဆန္ဒပြည့်အောင် ဖျော်ပေးရတာမို့ လက်ဖက်ရည်၊ ကော်ဖီအတွက် အားလုံးအဆင်သင့်ပဲ''

''မကြီးဒေါင်းပြောတဲ့ နွားနို့စစ်စစ် ထန်းလျက်နဲ့ဖျော်တဲ့ ကော်ဖီ၊ ကျွန်တော်သောက်ဖူးတယ်။ အရမ်းကောင်းပါတယ်''

''ကိုသက်မောင် သောက်မလား။ မကြီးဒေါင်း ဖျော်လိုက်မယ်။ အဲ ... နွားနို့ကတော့ အိမ်မှာကျိုတာမဟုတ်ဘူး။ အိုရှင်းတို့၊ စီးတီးမတ်တို့မှာ ဝယ်လိုက်ရတဲ့ ပေါင်းထားတဲ့ နွားနို့ပဲ''

''အခုတော့ လက်ဖက်ရည်တွေ ဖျော်ပြီးသား၊ နောက်မှ သောက်မယ် မကြီးဒေါင်း''

ဘယ်လို ဧည့်သည်မျိုး အိမ်ရောက်လာလာ သင့်လျော်တဲ့ နေရာထိုင်ခင်းပေး အချိန်အခါလိုက် ကျွေးမွေးဧည့်ခံတတ်သော မဒေါင်းက ပြောလိုက်ရာ ကိုသက်မောင်သည် နောက်တစ်ခါ ဆုံဖြစ်မှ သောက်မယ်လို့ပြောကာ၊ မုန့်ဟင်းခါးနဲ့ လက်ဖက်ရည်များ အားရပါးရ စားသောက်ဖြစ်ကြသည်။

* * *

''စားကောင်းကောင်းနဲ့ စားနေလိုက်တာ အစ်ကိုကောင်းကို ကျွန်တော် ပြောစရာရှိသေးတယ်''

'ပြောပေါ့''

''တခြားမဟုတ်ပါဘူး။ ယောက်ျားတန်မယ့် ဒါတင်းပြောသလိုများ ဖြစ်မလားလို့ စဉ်းစားနေတာပါ။ အစ်ကိုကောင်းကိုမှ မပြောလည်း တခြားပြောစရာမရှိဘူး။ ပြောချင်တာ မပြောရရင်လည်း ရင်ထဲတင်းကျပ်ပြီး နေလို့မကောင်းဘူး။ တွေးမိ၊ စဉ်းစားမိတိုင်း စိတ်တိုတယ် အစ်ကိုကောင်းရယ်''

''ဘာအကြောင်းမို့လဲ ကိုသက်မောင်''

''ကျွန်တော်တို့ ဌာနကို ပြောင်းရွှေ့ ရောက်ရှိလာတဲ့ ဆရာသမား

www.burmeseclassic.com

အကြောင်းပါ။ ရောက်ရောက်ချင်း ဆောက်နဲ့တွင်းဆိုသလို သူရောက်လာပြီး နောက်တစ်နေ့မှာပဲ ဦးစီးအရာရှိ၊ ဒုဦးစီးအရာရှိတွေကို သူ့ရုံးခန်းထဲ ခေါ်တွေ့တယ်''

''ဒါကတော့ ကိုသက်မောင်၊ ကျွန်တော်လည်း အဲဒီ ,အမှုအကျင့်တော့ရှိတယ်ဗျ။ နေရာသစ်ကို ပြောင်းရွှေ့ရောက်ရှိတိုင်း ဦးစီးမှူး၊ ဒုဦးစီးမှူး အရာရှိတွေနဲ့ ရုံးအုပ်တွေကို ကျွန်တော့်ရုံးခန်းအတွင်း ခေါ်တွေ့ပြီး ဌာနကြီးမှာ ဘာအားသာချက်တွေရှိတယ်၊ ဘာအားနည်းချက်တွေရှိတယ်၊ ဘယ်လိုစောင့်ကြည့်ပြုပြင်သင့်တယ် စသည်ဖြင့် ကြိုတင်မေးထားပါတယ်။ အဲသလို မေးမြန်းထားတာဟာ အရေးယူဖို့ မဟုတ်ပါဘူး။ မဖြစ်သင့်တာ မဖြစ်အောင် ကြိုတင်ကာကွယ်တဲ့သဘော။ ဌာနမှာ အဓိကကျတဲ့ အရာရှိများ ရုံးအုပ်များကို မိတ်ဆက်တဲ့ သဘောလည်းပါပါတယ်။ အခု ကိုသက်မောင်တို့ ဆရာသမားလည်း မိတ်ဆက်တဲ့ သဘောခေါ်တွေ့တာ ထင်ပါတယ်''

''မဟုတ်ဘူး အစ်ကိုကောင်း၊ မဟုတ်ဘူး။ ဒီပုဂ္ဂိုလ်က အစ်ကိုကောင်းတို့လို စိတ်ဓာတ်မျိုးရှိတဲ့သူ မဟုတ်ဘူး။ ဖိမယ်၊ ညှစ်မယ်၊ ရစ်မယ်ဆိုတဲ့ အရာရှိဆိုးပဲ''

''ဘယ်လိုရစ်တာလဲ ကိုသက်မောင်၊ ပြောပြစမ်းပါဦး''

''တခြားသူတွေ အရစ်ခံရတဲ့အကြောင်းတော့ မပြောတော့ဘူး။ ကျွန်တော်ခံရတဲ့အကြောင်းပဲ ပြောပြမယ်''

ကိုသက်မောင်သည် ကိုကောင်းနှင့် အထက်အောက် အရာရှိများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်ဖြစ်ရာ ယခု ပြောင်းရွှေ့ရောက်ရှိလာသည့် ပုဂ္ဂိုလ်နှင့်မတူ ညီအစ်ကိုများသဖွယ် ထမ်းဆောင်ခဲ့ရသည်ကို ပြန်လည်အမှတ်တရဖြစ်သဖြင့် ကိုကောင်းတို့ စိတ်ဓာတ်မျိုး မဟုတ်ကြောင်း အလေးအနက်ပြောလိုက်ပြီး သူခံရပုံကို အသေးစိတ်ပြောပြသည်။

''ကျုပ် ဟောဒီဌာနကို ပြောင်းရမယ်လို့ အမိန့်စာရရချင်း ကျုပ်နဲ့ လက်တွဲလုပ်မယ့် ဦးစီးအရာရှိအမည်ကို မေးကြည့်ခဲ့တယ်။ ဦးသက်မောင်ဆိုတော့ ကျုပ်မျက်စိထဲ လူကောင်ထွားထွား ကျားကျားလျားလျား ခံခံညားညား ထင်မိတယ်။ ခုလို နဖူးတွေ့ဒူးတွေ့တွေ့တော့မှပဲ ခင်ဗျားက သေးသေးကွေးကွေး လူဖလံလေးပဲ။ ဒါနဲ့ ခင်ဗျားက ဘယ်အရပ်သားလဲဗျ''

''မြို့သစ်''

''ဟော့လူ၊ ဒီခေတ်က မြို့သစ်တွေ ပေါလွန်းလို့ ဘယ်တိုင်း၊ ဘယ်မြို့နယ်က မြို့သစ်လဲဆိုတာ ပြောစမ်းပါ။ တစ်ခွန်းမေး တစ်ခွန်းဖြေတာမျိုး မလုပ်ပါနဲ့။ ခင်ဗျား ဦးစီးအရာရှိဖြစ်ပြီးတော့ အထက်အရာရှိက မေးရင် အပြည့်အစုံဖြေရမယ်ဆိုတဲ့ အခြေခံမှုလေးတောင် မသိဘူးလား''

''ဟုတ်ကဲ့၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ကပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားခဲ့တဲ့ နတ်မောက်မြို့နဲ့လည်း နီးတယ်၊ တစ်ဆက်တည်းလို့ ပြောလည်းရပါတယ်''

''မြို့သစ်ဆိုတာ မြေပုံထဲမှာပါလား။ ကျုပ်တော့ မတွေ့မိဘူး''

''ဌာနမှူးကြီး သိ၊ မသိတော့ ကျွန်တော် မပြောတတ်ဘူး။ မြို့သစ်တို့၊ နတ်မောက်တို့ဆိုတာ ရှေးမြန်မာမင်းများ ခေတ်ထက်ကတည်းက ရှိခဲ့တဲ့ သမိုင်းဝင်မြို့တွေပါပဲ''

''ကဲ ... အစ်ကိုကောင်း။ ကျွန်တော် တစ်လုံးမှအပိုမပြောဘူး။ အမှန်အတိုင်းပြောပြတာပါ''

''ခင်ဗျားရဲ့ ခံစားချက်မျိုး ကျွန်တော်ခံစားဖူးပါတယ် ကိုသက်မောင်။ ဒါပေမယ့် သည်းခံပြီးရင်း သည်းခံပါလို့ ကျွန်တော်အကြံပြုပါတယ်။ ဘာလို့လဲဆိုတော့ ဝန်ထမ်းအချင်းချင်း ကာလအတိုင်းအတာတစ်ခုထိ အတူတကွ ယှဉ်တွဲနေထိုင်ပြီး အလုပ်တာဝန်တွေ အတူတကွ ထမ်းဆောင်ရဦးမှာလေ။ ဝန်ထမ်းအချင်းချင်း အထူးသဖြင့် အထက်အောက် ဝန်ထမ်းအချင်းချင်း အမြင်စောင်းနေရင် လုပ်ရကိုင်ရတာ အဆင်မပြေဘူးဗျ''

''ဪ ... အစ်ကိုကောင်းလည်း ကျွန်တော့်လို အရာရှိဆိုးနဲ့ ကြုံဖူးခဲ့တာကိုး။ အစ်ကိုကောင်းတွေ့တဲ့အရာရှိ ဘယ်လောက်ဆိုးဆိုး ကျွန်တော်တို့ဆီ ရောက်လာတဲ့ ပုဂ္ဂိုလ်လောက်တော့ ညစ်မယ်၊ ရစ်မယ် မထင်ဘူး''

''ဒါတွေက ဝန်ထမ်းလောကမှာ ဖြစ်တတ်တဲ့ ကိစ္စတွေပါဗျာ။ ကိုယ့်တာဝန်ကို ကိုယ်က ကျေပွန်အောင် ဆောင်ရွက်လိုက်ပါ။ အခြေအနေတွေ ကောင်းသွားပါလိမ့်မယ်''

''ကျွန်တော် အစ်ကိုကောင်းလက်အောက်မှာ အလုပ်သင် အရာရှိသယ်



www.burmeseclassic.com

www.burmeseclassic.com

ဘဝကတည်းက တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီနေ့ လက်ထောက်ညွှန်မှူးဖြစ်တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့တာ အစ်ကိုကောင်း အသိပဲ။ အစ်ကိုကောင်း ဘယ်လောက်မျက်နှာသာပေးပေး တာဝန်ကို ပေါ့ပေါ့ဆဆ ဘယ်တော့မှ မထမ်းဆောင်ခဲ့ပါဘူး''

"ကောင်းကောင်းသိပါတယ်။ ဒါကြောင့် သည်းခံပြီး ရင်းသည်းခံပါလို့ ကျွန်တော်အကြံပေးတာပါ။ ခင်ဗျားလို အရာရှိကောင်းတစ်ယောက် အချိန်မတိုင်မီ ကြွေလွင့်မှာ စိုးတယ်ဗျာ''

"ဒါနဲ့ အစ်ကိုကောင်း တွေ့ကြုံခဲ့ရတဲ့ အရာရှိဆိုးအကြောင်းလည်း ပြောပြဦးလေ''

"ဒီလိုဗျ။ ကျွန်တော် ခင်ဗျားတို့နဲ့ ကွဲသွားပြီးနောက် နယ်အသီးသီးမှာ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်အထိ တာဝန်အသီးသီး ထမ်းဆောင်ခဲ့ရတယ်။ အဲဒီလို ထမ်းဆောင်ရင်း (---) ဒေသကြီးကို ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရတယ်။ အဲသည့် (---)ဒေသကြီးရုံးမှာ ကျွန်တော် စောစောကပြောတဲ့ အရာရှိနဲ့ ကျွန်တော် အတူ တာဝန်ထမ်းဆောင်ဖြစ်ခဲ့ပါတယ်။ သူက ကျွန်တော့်ထက် တစ်ဆင့်မြင့်တဲ့ အရာရှိပေါ့။ အဲဒီတုန်းက သူနဲ့ကျွန်တော် ငြိခဲ့ဖူးတယ်၊ အဖြစ်က ဒီလိုပါ။

"ဗိုလ်ကောင်း ...ခင်ဗျားက ဘယ်အရပ်သားလဲ''

"ရမည်းသင်း''

"ရမည်းသင်းက သိပ်မထင်ရှားတော့ ကျွန်တော် ကောင်းကောင်းမသိဘူး။ နေစမ်းပါဦး၊ ပျော်ဘွယ်ရဲ့မြောက်ဘက်လား၊ တောင်ဘက်လား''

"ဒါနဲ့ ညွှန်မှူးကော ဘယ်အရပ်သားလဲ''

"မန္တလေးသား''

''မန္တလေးတိုင်းဒေသကြီး၊ မန္တလေးသားလည်းပြောသေး မန္တလေးတိုင်းထဲက ခရိုင်မြို့ တစ်မြို့ဖြစ်တဲ့ ရမည်းသင်းကို ကောင်းကောင်းမသိဘူးဆိုတော့ ဒီလူ သက်သက်နှိမ်တာပဲလို့ ကျွန်တော်သဘောပေါက်လိုက်တယ်။ ဒါနဲ့ ဒီခေတ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်နော်။ ညွှန်မှူးလူနဲ့ ပတ်ဝန်းကျင်လေ့လာမှု အားနည်းတယ်။ ဆက်လေ့လာပါဦး ပြောပြီး သူနဲ့စကားဆက်မပြောဘဲ သူ့အနီးက ထွက်ခဲ့တယ်''

"ကျွန်တော်နဲ့သူ ပြဿနာဖြစ်ပြီး မကြာပါဘူး။ ကျွန်တော်လည်း အထက်အညာဒေသမှာရှိတဲ့ တိုင်းဒေသကြီးတစ်ခုကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတယ်။ ကျွန်တော် ပြောင်းပြီး တစ်နှစ်လောက်ကြာတော့ အဲဒီဆရာသမား ဘာကြောင့်လဲမသိဘူး လက်ရှိအဆင့်က တစ်ဆင့်လျှော့ပြီး ဌာနဆိုင်ရာ စစ်ဆေးခံရတယ်ကြားပါတယ်။ ကျွန်တော်တို့ဖြစ်တဲ့ ကိစ္စနဲ့တော့ မဆိုင်ပါဘူး။ သူ့ရဲ့ တခြားကိစ္စကြောင့်ဖြစ်တာပါ''

"ဒီလိုနဲ့ ကျွန်တော်အငြိမ်းစားယူခါနီး တစ်နှစ်အလိုမှာ ရန်ကုန်တိုင်းဒေသကြီးကို ယာယီတာဝန်နဲ့ ခဏရောက်ခဲ့ပါတယ်။ ရောက်တဲ့ညမှာပဲ ယခင်က အပေါင်းအသင်းတွေ၊ လုပ်ဖော်ကိုင်ဘက်တွေက လမ်းမတော်မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ထမင်းဖိတ်ကျွေးပါတယ်။ သူတို့က ကျွန်တော် မကြာမီ သက်ပြည့်ပင်စင်ယူတော့မှာ သိကြတယ်လေ။ နှုတ်ဆက်တဲ့သဘောပါ''

"ဇာတ်လမ်းတွဲတွေထဲမှာ ပြောလေ့ပြောထရှိတဲ့ စကားအတိုင်း ပြောရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်နဲ့ ကျွန်တော် ရေစက်ဆိုးရှိခဲ့တယ်ထင်ပါရဲ့။ အဲဒီညက စားသောက်ဆိုင်မှာ သူနဲ့ ကျွန်တော် ပြန်တွေ့တယ် ကိုသက်မောင်''

"သူနဲ့ကျွန်တော် ပြန်တွေ့လိမ့်မယ်လို့ ကျွန်တော် ထင်မထားဘူး။ ဒါပေမယ့် တွေ့ဖြစ်အောင် တွေ့တယ်ဗျာ''

"ဟာ ...ပြဿနာပဲ၊ အစ်ကိုကောင်းနဲ့ ဘာတွေ ဆက်ဖြစ်သေးသလဲ''

''ဒီလိုဗျ ကိုသက်မောင်''

"ဟဲလို ..မင်းကြီးဗိုလ်ကောင်း ကျန်းခန့်သာ မာပါစဗျာ။ ကင်းဝန်မင်းကြီး ဦးကောင်းကတော့ သမိုင်းကြောင်းမကောင်းဘူး၊ ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်ဆိုပြီး တင်စားခံရတယ်ခင်ဗျာ။ ကျွန်တော် ဘယ်လိုတင်စားရင် ကောင်းမလဲ၊ အင်း ... အဲ ..အဲ ..ဒိုင်းဒိုင်း မောင်ကောင်းဆပ်(ချ်)လောင်းလို့ တင်စားရင် ကောင်းမယ်ထင်တယ်။ နေရာကောင်းတွေမှာ ရာထူးတွေ ဒိုင်းခနဲ ဒိုင်းခနဲ တက်၊ ဟန်ကျလိုက်တာဗျာ။ အေ့ ..ဟေ့လူ ...ဒီမှာပဲ အတက်ရပ်တော့ ကိုယ့်လူ။ မောင်ရင် ဘယ်လောက်ကြိုးစား ကြိုးစား နောက်တစ်ဆင့်ထပ်တက်ဖို့ မမျှော်လင့်နဲ့။ ခင်ဗျားက ရမည်းသင်းသားဆို။ ခင်ဗျားလို ရမည်း

www.burmeseclassic.com

www.burmeseclassic.com

သင်းသားတွေ ဘယ်လောက်ထော်တော်၊ ဘယ်လောက်ကြိုးစား ကြိုးစား နံပါတ်တစ်နေရာ ဘယ်တော့မှ မရဘူးတဲ့။ အဲဒါ ရှေးမင်းများ လက်ထက်ကတည်းက ကျိန်စာတိုက်ခဲ့ထားရတာတဲ့ ကိုယ့်လူ''

''သမိုင်းနောက်ခံ ပြောမယ်ဆို အထောက်အထား အပြည့်အစုံနဲ့ပြောမှ ကောင်းမယ်ထင်တယ်ဗျာ ...။ အထောက်အထားမဲ့ပြောရင် သမိုင်းဒဏ်သင့်တယ်နော်''

''တစ်ခါက ငြိဖူးတဲ့ အတေးအထောက်လေးတစ်ခုရှိတော့ ... အကြောင်းပြုပြီး စားသောက်ဆိုင်မှာ မမျှော်လင့်ဘဲ ကိုကောင်းနဲ့တွေ့စဉ် အခြားစားပွဲမှ ထလာကာ မူးမူးရူးရူး အရူးချီးပန်း စကားများနဲ့ ပရမ်းပတာ ပြောလာတဲ့ အရာထမ်းဟောင်းတစ်ဦးကို ကိုကောင်းက ချိုသာစွာ ပြောလိုက်သည်။

* * *

''ဒါနဲ့ အစ်ကိုကောင်း။ စောစောကပြောတဲ့ထဲမှာ ရှေးမင်းတွေ လက်ထက်ကတည်းက အစ်ကိုကောင်းတို့မြို့သားတွေအပေါ် ကျိန်စာတိုက်ခဲ့တယ်လို့ ဟိုပုဂ္ဂိုလ်က ပြောတဲ့စကားဟာ အမှန်ပဲလား အစ်ကိုကောင်း''

''ငါ့စကား နွားရ အထောက်အထားမဲ့ပြောတဲ့ စကားပါ ကိုသက်မောင်''

''ဒါဆို ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ် အဆင့်ရှိတဲ့ ပုဂ္ဂိုလ်မျိုး အစ်ကိုကောင်းတို့ ရမည်းသင်းသားထဲမှာ ရှိဖူးလားဟင်''

''ရှိတာပေါ့ ... ကိုသက်မောင်၊ သမိုင်းအထောက်အထားနဲ့ကို ရှိပါတယ်''

''အတော်ပဲ အစ်ကိုကောင်း။ ဟိုပုဂ္ဂိုလ်ပြောတုန်းက ဟုတ်နိုးနိုး ထင်နေတာ။ အခုတော့ ရှင်းရှင်းလင်းလင်း သိဖို့ဖြစ်လာပြီ။ ကျွန်တော်သိချင်တယ် ပြောပြပါ အစ်ကိုကောင်း''

''ကိုသက်မောင် ဒီမေးခွန်းမေးပြီး ပြောပြဖို့ တောင်းဆိုလာတာကို ကျွန်တော် ကျေးဇူးတင် ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဆယ်ကျော်သက်လောက်က ကျွန်တော့်မိဘဘိုးဘွားတွေလည်း သက်ကြီးစကား သက်ငယ်ကြားဆိုသလို အထောက်အထားမဲ့ စကားတွေကို အမှန်ထင်ပြီး ပြောကြဆိုကြတာတွေ ကြားဖူးပါတယ်''

''တကယ်တော့ ရမည်းသင်းသားထဲမှာ ဘုရင်လည်း ရှိခဲ့ဖူးသလို စစ်သေနာပတိတစ်ပါးလည်း ရှိခဲ့ဖူးတယ်ဗျ''

''ဒါနဲ့များ အစ်ကိုကောင်းရယ် ဟိုပုဂ္ဂိုလ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြတ်ကောပစ်လိုက်တာ မဟုတ်ဘူး''

''ပြီးပြီးသား ကိစ္စတွေပဲ၊ ရှိပါစေတော့ ကိုသက်မောင်''

''ဒါနဲ့ အစ်ကိုကောင်း၊ ဘုရင်နဲ့ စစ်သေနာပတိအကြောင်း ပြောပြဦး''

''ဒီလိုဗျ ကိုသက်မောင်၊ အင်းဝခေတ် အင်းဝနေပြည်တော်မှာ ဘုရင်မဟာသီဟသူရမင်း ထီးနန်းစိုးစံခဲ့တယ်။ ဘုရင်မင်းမြတ် မဟာသီဟသူရမင်း နတ်ရွာစံ ကံတော်ကုန်တော့ နန်းတွင်းပညာရှိ မှူးကြီးမတ်ကြီးတွေနဲ့ အတွင်းဝန်ကြီး စည်သူနော်ရထာက နမတော် ရှမိပဘာကို ဦးစွာ တင်ပြလျှောက်ထားတယ်''

''နမတော်က ဝန်မင်းတို့သိတဲ့အတိုင်း မိဖုရားတော်မှာ နန်းမွေဆက်ခံမယ့် သားတော်လည်းမရှိဘူး၊ ညီတော် မင်းသားများထဲက ထီးနန်းနဲ့ ထိုက်တန်တဲ့ မင်းသားကို ရွေးပြီး ထီးနန်းအပ်ပါလို့ အမိန့်ရှိတယ်။

မင်းသမီး အကြံပြုတဲ့အတိုင်း မှူးကြီးမတ်ကြီးများက ရွေးချယ်လိုက်တော့ ထီးမွေနန်းမွေ ဆက်ခံနိုင်မယ့် မင်းသားသုံးပါး ရခဲ့ပါတယ်။ အဲဒီ မင်းသားသုံးပါးထဲက အထိုက်တန်ဆုံး မင်းသားကို အသေးစိတ်ထပ်ဆင့် ရွေးလိုက်တော့ –

(၁) သီရိဝမ္မာမင်းသား ရာဇသတ်၊ ဓမ္မသတ် မကျွမ်းကျင်၊ ကြွေအန် ကြက်တိုက် လောင်းကစားတတ်သည့်အပြင် မူးယစ်သောက်စားတတ်ပြီး အပျော်အပါးခုံမင်သည်။ (ဘုရင်မဖြစ်ထိုက်)

(၂) မင်းရဲနန္ဒရာမင်းသည် အမျက်စောင် မာန်ကြီး၊ ရက်စက်ကြမ်းကြုတ်၊ မည်သည့်ကိစ္စမျှ အလေးမထား ပေါ့ပေါ့နေ ပေါ့ပေါ့စားတတ်သူဖြစ်သည်။ ပြည့်ဝန်ထမ်းနိုင်မည့်သူမဟုတ်။ (ဘုရင်မဖြစ်ထိုက်)

(၃) မင်းရဲကျော်ထင် ရမည်းသင်းသား၊ ရမည်းသင်းမြို့စား မင်းသား ဖြစ်သည်။ ရှေးထုံးလည်း မပယ်သူ၊ သစ္စာရှိသူ၊ စကားတည်ကြည်ယဉ်ကျေးသူ၊ မှန်သောစကားကိုသာ ပြောတတ်ပြီး ဣန္ဒြေသိက္ခာရှိသူဖြစ်

www.burmeseclassic.com

သည်။ (ဘုရင်ဖြစ်ထိုက်)

"အဲဒီလို ...စိစစ်ရွေးချယ်ပြီး ကောင်းမြတ်တဲ့ ဂုဏ်သတင်းနဲ့ အင်းဝ ရွှေနန်းတော်မှာ မင်းရဲကျော်ထင်ဟာ ရွှေနန်းရှင် ဘုရင်တစ်ပါးအဖြစ် စိုးစံခဲ့ဖူးပြီး အသက်ထက်ဆုံး မင်းကျင့်တရား ၁၀ ပါးနဲ့အညီ အုပ်ချုပ်သွားတယ်ဆိုတာ သမိုင်းအထောက်ရှိပါတယ်။ *(ညီ၊မြ၊ ကုန်းဘောင်ရှာပုံတော်၊ စာမျက်နှာ – ၁၆၁–၁၆၂)။*

စစ်တိုက်ကောင်းတဲ့ စစ်သေနာပတိချုပ်လည်း ရမည်းသင်းသားထဲက ရှိခဲ့ဖူးတယ်ဆိုတာကတော့ ရမည်းသင်းမြို့စား သီလဝမင်းလည်း အင်းဝနေပြည်တော်ကို အမြဲတစေကာကွယ်စောင့်ရှောက်ခဲ့တယ်ဆိုတဲ့အကြောင်း၊ သမိုင်းအထောက်အထားတွေရှိသလို မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားညီနောင်၊ နောင်တော်ပုဂံမင်းကို ပုန်ကန်ခြားနားပြီး ၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မင်းနေပြည်တော်မှ ရွှေဘိုသို့ ထွက်ခွာလာခဲ့ကြတယ်။ ရွှေဘိုကိုရောက်ပြီး နောက်တစ်နေ့မှာပဲ မင်းနေပြည်တော် နောင်တော်ပုဂံမင်း စိုးစံနေတဲ့ ထီးနန်းကို သိမ်းပိုက်နိုင်မှ အရေးလှမယ်လို့ အကြံပြုကြတယ်။

မင်းတုန်းမင်းသားဟာ အိပ်မက်တွေကလည်း ကောင်း၊ ချစ်သူ ပုဂံမင်းရဲ့ညီမတော် စကြာဒေဝီ မင်းသမီးရဲ့ အခါတော်ပေး အကြံဉာဏ်တွေကလည်း တိုက်တိုက်ဆိုင်ဆိုင် အလွန်ကောင်းနေတာကြောင့် ပုဂံမင်းနေပြည်တော်ကို ချက်ချင်းတိုက်ခိုက်ဖို့ အကြံဖြစ်ခဲ့တယ်။

ဒါပေမယ့် တပ်တော်ကို ဦးဆောင်ကွပ်ကဲမည့် တပ်မင်း စစ်သေနာပတိ ဘယ်သူ့ ခန့်ရမည်ဆိုတာ ဇဝေဇဝါဖြစ်နေတယ်။ ထိုစဉ် မင်းတုန်းမင်းသားဟာ သူငယ်စဉ်က သိထားဖူးတဲ့ သူရသတ္တိနဲ့ ပြည့်စုံသော တပ်မှူးဟောင်းတစ်ဦးကို သတိရမိတယ်။ သူကတော့ ရမည်းသင်းသား တပ်မှူးဟောင်း ဗိုလ်ရွှေစိုး ဖြစ်တယ်။

ဗိုလ်ရွှေစိုးသည် ဇာတိမြေတွင် နားနေချိန်ဖြစ်သဖြင့် မြင်းလျင်တော်နဲ့ ချက်ချင်းဆင့်ခေါ်ကာ သူ၏တပ်တွင် စစ်သေနာပတိခန့်၍ ပုဂံမင်းနေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်စေတယ်။ မင်းတုန်းမင်းသား အားထားသည့်အတိုင်း ဗိုလ်ရွှေစိုးက ပုဂံမင်းနေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်၍ ပုဂံမင်းကို နန်းချကာ မင်းတုန်းမင်းသား နန်းတက်ဘုရင်ဖြစ်လာခဲ့တယ်။

ကဲ .. ရမည်းသင်းသား သီလဝတို့၊ ဗိုလ်ရွှေစိုးတို့ဟာ သူ့ခေတ်နဲ့သူ တိုက်ရည်ခိုက်ရည် အလွန်ကောင်းတဲ့ စစ်သေနာပတိကောင်းတွေ မဟုတ်ဘူးလား။ အဲဒီပုဂ္ဂိုလ်တွေ ၁ ကိုယ့်အရှင်သခင် ကိုယ့်မြေ၊ ကိုယ့်နိုင်ငံအတွက် အရေးကြုံလာတိုင်း အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ကြတဲ့သူတွေဆိုတာ သမိုင်းအထောက်အထားတွေ ရှိပါတယ် ကိုသက်မောင်"

**ဝင်းသောင် (ရမည်းသင်း)**

* သက်ကြီးစကား သက်ငယ်ကြားဆိုတာလို၊ ရမည်းသင်းသားတွေ ဘယ်လောက် တော်တော်၊ ဘယ်လောက် ကြိုးစားကြိုးစား အထွတ်အထိပ်မရောက်ဟု ပြောသံဆိုသံကြားဖူးသည်။ ဘာကြောင့်လဲမေးတော့ ရှေးမင်းများက ကျိန်စာပြုနှိမ်ထား၍ဟုဆိုသည်။

* ဘာကြောင့် နှိမ်ရတာလဲ ဆက်မေးတော့ ရမည်းသင်းသားများသည် ရဲရင့်၍သတ္တိရှိပြီး စွမ်းရည်ထက်မြက်သည်။ မင်းနေပြည်တော်တွင်စိုးစံနေသည့် ဘုရင်များထံမှ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နန်းလုနိုင်သည်။ ထို့ကြောင့် ကြိုတင်နှိမ်ထားမှ တော်မည်ဟု နန်းတွင်း မှူးမတ်များနှင့် ပုဏ္ဏားတော်များ တိုင်ပင်ကာ နှိမ်ထားခဲ့သည်ဟု ပြောကြသည်။ (အခြေအမြစ်မရှိ ဘာအထောက်အထားမှမရှိ ယုံတမ်း စကားသာဖြစ်သည်။)

* ထိုသို့ ပြောကြဆိုကြရာတွင် မဟုတ်မမှန်လုပ်ကြံ ကောလာဟလ ပြောကြသူများရဲ့စရိုက်အတိုင်း ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်တွင်ရှိသော တန်ခိုးကြီး မင်းနန်းသူ ဘုရားကြီးကိုပင် ဆွဲစပ်လုပ်ကာ ကျိန်စာတိုက်ခဲ့သယောင် ပြောခဲ့ကြသည်။ (အထောက်အထား လုံးဝမရှိပါ)

* သက်ကြီးစကား သက်ငယ်ကြားဆိုပြီး အမှန်ဟု မယူဆသင့်၊ တွေးချင့်ပြီး ယုံသင့်မှယုံရမည်သာ ဖြစ်ပါသည်။ (စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နဂါးမစောင့်သည့်တောင်

## မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)

"အဖေ ...ဒီမှာလာကြည့်ပါဦး။ ဓာတ်ပုံတွေ သွားကူးတာ ရခဲ့ပြီ။ အဖေ တောအက်သွားတုန်းက ရိုက်ခဲ့တဲ့ပုံတွေ အဆန်းတွေပါလား"

"ဘာပုံတွေတွေ့လို့ ဆန်းတယ်ပြောရတာလဲ"

ကျွန်တော့် တစ်ဝမ်းကွဲအစ်ကိုကြီး တောမှ ရန်ကုန်ရှိ ကျွန်တော့်ထံရောက်ရှိလာပြီး ရဟန်းခံရှင်ပြု အလှူဖွဲ့လိုက်ပါ ရန်ခေါ်သဖြင့် ရွာသို့ ကျွန်တော်လိုက်သွားခဲ့သည်။ အစ်ကိုကြီးတို့ရွာ စုပေါင်းရဟန်းခံရှင်ပြုအလှူပွဲတွင် အထူးအဆန်း အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့၍ ကျွန်တော့်ကင်မရာဖြင့် ဓာတ်ပုံများ ရိုက်ယူခဲ့သည်။ ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး သားကို ဓာတ်ပုံများ ကူးရန်ခိုင်းလိုက်သည်။ ဓာတ်ပုံများသွားကူးပြီး သားက ဓာတ်ပုံများကို ကြည့်ကာ ကျွန်တော့်ကို ပြောလိုက်ခြင်း ဖြစ်သည်။

"ပုံတွေကြည့်ပါဦး။ ဆိုင်းဝိုင်းကြီးတည်း တွေ့ရတယ်။ ဘုန်းကြီးလည်း ပါတယ်။ ကန်တော့ပွဲမြှောက်ကိုင်ထားတာလည်း ပါတယ်။ ပြီးတော့ မိန်းကလေးတစ်ယောက် မှောက်ရက်လဲနေပြီး တွန့်လိမ်လူ့ပ်ရှားနေတာလည်း တွေ့ရတယ်။ ဘယ်လိုဖြစ်တာလဲ။ မိန်းကလေးက ခေါင်းမူးပြီး လဲကျသွားတာလား"

"မဟုတ်ဘူးသားရဲ့။ အဲဒီ မိန်းကလေးဟာ မြွေကကနေတာ တောင်စောင့်နဂါးမ ဝင်ပူးပြီးကနေတာ သားရဲ့"

"ဟင် ...ဒီပုံမှာလည်း အဲဒီ မိန်းမပဲ ထင်တယ်။ လက်နှစ်ဖက် ခေါင်းပေါ်မှာ မြွေပါးပျဉ်းလိုလုပ်ထားတာ။ ဟာ ...ဒီမှာလည်း တစ်ပုံ၊ မျက်လုံးကြီးပြူးနေပြီး သူ့လက်က မြွေပါးပျဉ်းလို ပုံမျိုးလုပ်ထားတယ်။ မြွေပေါက်မယ့်ပုံနဲ့ ဘေးကလူကို ရှယ်နေတာ"

"ဟုတ်တယ်။ သူ့ပုံပါပဲ။ သူ့မြွေလိုကနေတာ ကြာလာတော့ ရပ်လိုက်တော့လို့ ဝင်ပြောတဲ့သူကို မြွေပေါက်သလိုမျိုး လုပ်ပြနေတာ"

"တော်တော်ဆန်းတဲ့ ဓာတ်ပုံတွေပါလား။ ဒီမှာလည်း နဂါးပျဉ်းထောင်နေတဲ့ ရုပ်စုပုံတစ်ပုံ"

"ပွဲကတော့ ရဟန်းခံရှင်ပြုပွဲပါပဲ။ ဒါပေမယ့် ရွာမှာ ကြုံခဲ့ရတဲ့အဖြစ်တွေက မယုံနိုင်စရာပဲ။ သိပ်ထူးဆန်းတဲ့ အဖြစ်တွေနဲ့ အဖေကြုံခဲ့ရတာ"

"လွန်ခဲ့တဲ့ သုံးလလောက်က အဖေ့ကို လာခေါ်သွားတဲ့ အဖေ့ရဲ့ ဝမ်းကွဲအစ်ကိုဆိုသူရဲ့ရွာမှာ ကြုံခဲ့တာလား"

"ဟုတ်တယ်သား၊ သားတို့က ရန်ကုန်မှာမွေး၊ ရန်ကုန်မှာ ကြီးပြင်းခဲ့ကြတော့ ရွာနဲ့ အဆက်အသွယ်မရှိသလောက်ပဲ။ လာခေါ်တဲ့သူက အဖေ့ရဲ့ဝမ်းကွဲအစ်ကို တော်စပ်တယ်။ သားတို့ရဲ့ ဘကြီးပေါ့"

"သူစကားပြောတာလည်း မွန်သံဝဲနေတယ်။ မွန်ပြည်နယ်ဘက်က မဟုတ်လား"

"မော်လမြိုင်ဘက်ကပါ။ ဘီလူးကျွန်း၊ ချောင်းဆုံမှာ နေတာ။ အစ်ကိုက ရွာမှာလူကြီးပေါ့။ တစ်ရွာလုံးလေးစားကြတဲ့ ပုဂ္ဂိုလ်ပေါ့။ သူဦးစီးပြီး ပြုလုပ်ခဲ့တဲ့ စုပေါင်းရဟန်းခံ ရှင်ပြုပွဲမှာ ကြုံခဲ့ရတာ မယုံနိုင်စရာ အဖြစ်တွေပေါ့"

"အဖေ့ ပြောတာနဲ့ သားလည်း တော်တော် စိတ်ဝင်စားလာပြီ။ အဲဒီမှာ အဖေကြုံခဲ့တဲ့ အဖြစ်တွေ သားကို ပြောပြပါလား"

"သားသိချင်ရင်တော့ အဖေ ပြောပြပါ့မယ်။ အစ်ကို ရန်ကုန်ရောက်လာပြီး အဖေ့ကိုခေါ်သွားတာ သားတို့ အသိပဲ။ လိုအပ်တဲ့ပစ္စည်းတွေ ရန်ကုန်တက်ဝယ်ရင်း အဖေ့ကို ခေါ်သွားတာ။ တစ်ခါမှမလုပ်ဖူးတဲ့ စုပေါင်းရှင်ပြုရဟန်းခံပွဲကြီးကို ကြီးကြီးကျယ်ကျယ် စည်စည်ကားကား လုပ်ခဲ့တာ။ အဲဒီ

www.burmeseclassic.com

အလှူမှာ အဖေကြုံခဲ့ရတဲ့အဖြစ်က ဒီလို သားရဲ့''

* * *

အစ်ကိုတို့ ရှင်ပြုရဟန်းခံ အလှူပွဲကို ချောင်းဆုံရှိ ရွှေမြင်းမိုရ်တောင်ဘုရား ဆရာတော် ကျောင်းဝင်းအတွင်းတွင် ကျင်းပပြုလုပ်သည်။ စုစုပေါင်းရှင်သာမဏေနှင့် ပဉ္စင်း ၂၃ ပါးဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများနှင့် မိဘမဲ့ ကလေးများသာဖြစ်သည်။ ယခုမှ ပထမဆုံးအကြိမ် ပြုလုပ်နိုင်ခြင်းဖြစ်သည်။ အစ်ကို၏ စည်းရုံးဆောင်ရွက်မှုကြောင့် အလှူငွေထည့်ဝင်သူများ တဖြည်းဖြည်း များလာသည်။ ထင်ထားသည်ထက် အလှူငွေများ ပိုရလာသည်။ နောက်ဆုံး မော်လမြိုင်မှ မြန်မာ့ဆိုင်းဝိုင်းကြီး ငှားရမ်းနိုင်သည်အထိ ဖြစ်ခဲ့သည်။ ရွှေမြင်းမိုရ်တောင်ဘုရား ဆရာတော်ကျောင်းဝင်းထဲမှ ချောင်းဆုံမြို့တွင်း တစ်ပတ်လှည့်လည်မည် ဖြစ်သည်။ ကားကြီးပေါ်တွင် ဆိုင်းဝိုင်းကြီး၊ အသံချဲ့စက်များ ပြင်ဆင်ထားရှိပြီး ဖြစ်သည်။ ရှင်သာမဏေပြုမည့်သူများ၊ ပဉ္စင်းခံမည့်သူများ၊ ကွမ်းတောင်ကိုင်၊ ပန်းတောင်းကိုင်အားလုံးလည်း အဆင့်သင့်ဖြစ်နေပြီ။ အိုးစည်ဗုံ၊ ဒိုးပတ်ဝိုင်းများလည်း ဆူညံစွာ တီးမှုတ်နေကြပြီး ရှေ့ဆုံးမှ မြန်မာ့ဆိုင်းဝိုင်းကြီး တင်ထားသော ကားက ဦးဆောင်ထွက်ခွာရမည်ဖြစ်သည်။ ဆရာတော်အမိန့်ရ၍ စတင်ထွက်ခွာရန် ရှေ့ဆုံးမှ ဆိုင်းဝိုင်းကြီးတင်ထားသော ကားကြီးကို စက်နှိုးလိုက်သည်။ လွယ်လွယ်နှင့် စက်နှိုး၍ မရပါ။ အကြိမ်ကြိမ် နှိုးသော်လည်း ကားစက်နှိုး၍မရပါ။ ကားသမားများ ချွေးပြန်နေကြပြီး ကားခေါင်းစက်အဖွဲ့ ဖွင့်၍ စစ်ဆေးကြသည်။ မည်သည့်ချို့ယွင်းမှုမှ မတွေ့ရသော်လည်း ကားစက်နှိုး၍ မရတော့ပါ။ အချိန်များကုန်လာသည်။ သတ်မှတ်ချိန်ထက် နောက်ကျနေပြီ ဖြစ်သည်။ ဆရာတော်မှ စိတ်မရှည်နိုင်တော့ဘဲ ကားအနီးသို့ ကြွရောက်လာသည်။

''နောက်ကျနေပြီ။ နေပူတော့မယ်။ ကားစက်နှိုးလို့ မရတော့ဘူးလား။ ဘာဖြစ်နေတာလဲ''

''တပည့်တော်တို့ အထပ်ထပ် စစ်ဆေးပြီးပြီ။ ဘာအပြစ်မှ မတွေ့ဘူး။ စက်နှိုးလို့မရဘာ တော်တော်အံ့သြဖို့ကောင်းတယ်။ ဒီလိုမဖြစ်ဖူးသေးဘူး''

''ကားပေါ်မှာ ဆိုင်းဝိုင်းကြီးလည်း အကျအန ဆင်ပြီးပြီ။ မင်းသားမင်းသမီးတွေ ကမယ့်နေရာလည်း ပြင်ထားပြီးပြီ။ စက်နှိုးလို့မရတော့ ဘာမှမတတ်နိုင်ဘူး။ ကဲ ... ကဲ ... မြို့ထဲသွားပြီး ရတဲ့ကားတစ်စီးသာ အမြန်သွားငှားကြပေတော့''

တာဝန်ရှိသူများ အလုပ်ရှုပ်သွားတော့သည်။ ချောင်းဆုံမြို့ထဲသွားပြီး ကားသွားငှားကြသည်။ ဆိုင်းဝိုင်းကြီး တင်ထားသော ကားကြီးမှာ မော်လမြိုင်မှ ငှားလာသော ကားကြီးဖြစ်သည်။ ချောင်းဆုံတွင် ဤကားမျိုးမရှိပေ။ ကားငယ်တစ်စီးသာ ငှားရမ်းရရှိခဲ့သည်။ ထိုကားပေါ်သို့ ဆိုင်းဝိုင်းကြီး မတင်နိုင်တော့ပါ။ နောက်ထပ်ငှားလာသော ကားကို ကျောင်းဝင်းအပြင်ဘက်တွင် ရပ်ထားပြီး တတ်နိုင်သမျှသာ ပြောင်း၍တင်ကြသည်။ ဆိုင်းဝိုင်းကြီးမပါနိုင်တော့ပေ။ အချိန်နောက်ကျပြီးမှ ရှင်လောင်းလှည့်ထွက်လာနိုင်တော့သည်။ အားလုံးထွက်သွားတော့မှ ဆရာတော်က ကားဆရာကို မေးလိုက်သည်။

''ဒကာတို့ကား ဘယ်လိုဖြစ်ရတာလဲ''

''ဘာအပြစ်မှ မတွေ့ဘဲ ကားက စက်နှိုးလို့မရဘူး ဖြစ်နေတာ။ အားလုံးအသေအချာ စစ်ဆေးပြီးမှ ဒီကို လာခဲ့တာပါဘုရား''

''ကဲ ... ကဲ ... ပြီးတာတွေပြီးပါစေတော့။ ကားက ချောင်းခြံဝင်း ပိတ်နေတယ်။ ပြန်ဖို့လုပ်ကြပါဦး။ ပထမဆုံးလုပ်တဲ့ ဒီပွဲမှာ အနှောင့်အယှက်ဖြစ်ခဲ့တာ ဘုန်းကြီးစိတ်ထဲ တစ်မျိုးပဲ''

''ဆရာတော် ဘာကိုဆိုလိုတာလဲဘုရား''

''ဒီတောင်မှာ အစောင့်တွေရှိတယ်လို့ပြောတာ ကြားဖူးခဲ့တယ်။ မြွေနဂါးစောင့်တယ်လို့ ပြောကြတယ်။ သက်ဆိုင်ရာကို ခွင့်မတောင်းဘဲ လုပ်မိလို့ ခုလိုဖြစ်တာ များလာလို့ တွေးမိတယ်''

ဆရာတော်နှင့် ကားသမားတို့ ပြောနေသည့် စကားကို ကျွန်တော် ကြားနေရသည်။ ရှင်လောင်းလှည့်ရာတွင် ကျွန်တော်တို့ လိုက်မသွားဘဲ ကျောင်းတွင် နေရစ်ခဲ့သည်။

''ဆိုင်ရာတွေကို နောက်မှ ခွင့်တောင်းတော့မယ်။ ဒကာတို့ကား ထွက်နိုင်မှလမ်းဖွင့်မယ်။ ခုတော့ ကားက ခြံပိတ်နေတယ်။ ထွက်နိုင်အောင် ကြိုးစားကြည့်ပါဦး''

ဆရာတော်က ရွှေမြင်းမိုရ်တောင်ဘုရားဘက်လှည့်ပြီး တစ်စုံတစ်ခု ရွတ်ဖတ်နေသည်ကို တွေ့လိုက်ရသည်။ ကားသမားက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ကားပေါ်တက်ပြီး စက်နှိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂူးခနဲ စက်နှိုးလာသည်။

"ဟာ ... ရပြီ ကားစက်နှိုးလို့ ရပြီ"

"ဘုန်းကြီးစိတ်ထဲ တစ်မျိုးဖြစ်နေလို့ ဆိုင်ရာတွေကို ခွင့်တောင်းလိုက်မိတယ်။ ခု .. ကားစက်နှိုးလိုက်တော့ ချက်ချင်း စက်နှိုးလာတာပဲ။ ကဲ ... ကဲ ... သွားကြတော့"

နံနက်က လုံးဝစက်နှိုး၍မရသော ကားကြီး ယခုမှ အလွယ်တကူ စက်နှိုး၍ရသည်။ ကားသမားက ဝမ်းသာအားရဖြင့် မောင်းထွက်သွားပါတော့သည်။

သတ်မှတ်ချိန် နောက်ကျပြီးမှ ရွှေလောင်းလှည့်ထွက်ခဲ့သဖြင့် ကျောင်းပြန်ရောက်ချိန် နောက်ကျခဲ့ရသည်။ ဆံချမည့်အချိန်တွင် မှောင်စပြုနေပြီဖြစ်သည်။ ညဘက်ဖျော်ဖြေရေး ဆိုင်းဝိုင်းများလည်း ပြင်ဆင်နေသည်။ ဆရာတော်က မီးစက်နှိုးရန် ညွှန်ကြားလိုက်သည်။ မီးစက်နှိုးနေကျ ကိုရင်ကြီးတစ်ပါးက မီးစက်နှိုးလိုက်သည်။ မီးစက်နှိုး၍မရဖြစ်နေသည်။ အကြိမ်ကြိမ်နှိုးသော်လည်း မီးစက်လုံးဝနှိုး၍မရပါ။

"နေ့တိုင်းကောင်းနေတဲ့ မီးစက်က ဒီနေ့ကျမှ ဘယ်လိုဖြစ်တာလဲ။ မှောင်လာပြီ မီးစက်ရှာဖို့ လုပ်ကြဦး"

ဆရာတော့်စကား အဆုံးတွင် အစ်ကိုက ဆရာတော်ထံ လျှောက်တင်လိုက်သည်။

"ချောင်းဆုံရွာလယ်ပိုင်းက ပန်းထိမ်ဆရာ ဦးစံရင်အိမ်မှာ မီးစက်ကြီးတစ်လုံးရှိတယ်။ ညဘက်သူတို့ မသုံးသေး သွားငှားခဲ့မယ်"

အစ်ကိုက ကာလသား သုံးလေးဦးကို မီးစက်ငှားရန် စေလွှတ်လိုက်သည်။ မကြာမီမြင်းလှည်းဖြင့် မီးစက် သယ်ယူလာကြသည်။ မြင်းလှည်းပေါ်မှ မီးစက်ချကြသည်။

"ခု ... ငှားလာတဲ့ ဒကာစံရင် မီးစက်က ပိုကောင်းတယ်။ မီးစက်နှိုးကြဦး"

မီးစက်ပိုင်ရှင် ဦးစံရင် ကိုယ်တိုင်လိုက်ပါလာသည်။ ဦးစံရင် ကိုယ်တိုင်ပြင်ဆင်ပြီး မီးစက်ကို နှိုးလိုက်သည်။ ဦးစံရင် မီးစက်လည်း နှိုး၍မရ ဖြစ်နေပြန်သည်။ ဦးစံရင်က မကျေမနပ်ဖြင့် ထပ်မံနှိုးလိုက်ပြန်သည်။ အကြိမ်ကြိမ်နှိုးသော်လည်း မီးစက်ကို နှိုး၍မရပါ။ ဆရာတော်က အနီးအနားရောက်လာသည်။

"မနက်ပိုင်း ကားစက်နှိုးလို့မရကတည်းက ဘုန်းကြီးစိတ်ထဲ မသင်္ကာဖြစ်နေတာ။ ခု .. မီးစက်နှစ်လုံးစလုံး နှိုးလို့မရဖြစ်နေတာတော့ မဟုတ်တော့ဘူး။ ကဲ ... ဒကာကြီး တင်ဝင်း။ ကန်တော့ပွဲတစ်ပွဲ ယူခဲ့ပါ"

အစ်ကိုက ဆရာတော့်စကားအတိုင်း ကန်တော့ပွဲတစ်ပွဲ ယူလာသည်။ အပေါ်ကိုမြှောက်ထားဟု ဆရာတော်က ပြောရာ အစ်ကိုက မြှောက်ထားလိုက်သည်။

"ခု မကြာခင် ဖျော်ဖြေပွဲတွေ လုပ်တော့မယ်။ ပြီးရင် စိတ်ကြိုက် ပျော်ခွင့်ပေးမယ်။ ခုတော့ .. ဆံချ၊ သင်္ကန်းစည်း၊ သိမ်တက်တဲ့ ကိစ္စတွေ ဆောင်ရွက်ရမှာမို့ မနှောင့်ယှက်ကြဖို့ တောင်းပန်ပါတယ်။ ပြီးတော့မှ ပျော်ကြပါ"

ဆရာတော်က တောင်းပန်စကားဆိုပြီး ကန်တော့ပွဲ မြှောက်ကိုင်ထားသော အစ်ကို့ကို ပြောလိုက်သည်။

"ရပြီ ဒကာတင်ဝင်း၊ ကန်တော့ပွဲချလိုက်တော့။ မီးစက်တွေ နှိုးကြည့်ပါဦး"

ဆရာတော့်မီးစက်ရော၊ နောက်ထပ်ငှားလာသော ဦးစံရင် မီးစက်ပါ နှိုးလိုက်ကြသည်။ မီးစက်သံများ ဆူညံစွာ ကြားလိုက်ရသည်။ မီးစက်နှစ်လုံးစလုံး အလွယ်တကူပင် စက်နှိုး၍ရခဲ့သည်။ လူများတအံ့တဩ ဖြစ်ကုန်ကြသည်။ မီးစက်အလင်းရောင်ဖြင့် ဆံချ၊ သင်္ကန်းစီး၊ သိမ်တက်ကိစ္စများ အလျင်အမြန်ဆောင်ရွက်ကြရသည်။ ပြီးသည်နှင့် ဆိုင်းဝိုင်းကြီးဖြင့် ဖျော်ဖြေပွဲစတင်ပါတော့သည်။

ရွှေမြင်းမိုရ်တောင်ဘုရား ဆရာတော်ကျောင်းတွင် ယခုကဲ့သို့ စပေါင်းရဟန်းခံ၊ ရှင်ပြုပွဲမျိုး ယခင်က မလုပ်ခဲ့ဖူးဟု သိရှိရသည်။ ကြုံတောင့်ကြုံခဲပွဲမို့ ပရိသတ်များ အထူးစည်ကားများပြားနေသည်။ ဆိုင်းဝိုင်းကြီးသာမက လူရွှင်တော်များ၊ အငြိမ့်အကများလည်း ပါဝင်သည်။ ညဆယ်နာရီကျော်မှ ဖျော်ဖြေပွဲပြီးဆုံးသည်။

ဖျော်ဖြေပွဲပြီးသည်နှင့် ဆရာတော်က

"နေကြဦး။ ဘုန်းကြီးကတိပေးထားတာရှိတယ်။ စမ်းကြည့်ရဦးမယ်"

ဆရာတော်က ရွှေမြင်းမိုရ်တောင်ဘုရားဘက်သို့လှည့်ပြီး နှုတ်မှ ပြောလိုက်သည်။

"ခုလို အနှောင့်အယှက်မရှိဘဲ ဖျော်ဖြေပွဲအဆင် ပြေပြေပြီးသွားတာ ကျေးဇူးတင်ပါတယ်။ ပေးထားတဲ့ ကတိအတိုင်း ပျော်ချင်မှင် လာပျော်ကြပါ။ ကြိုက်သလို ပျော်လို့ရပါပြီ"

ဆရာတော်စကားဆုံးပြီး မကြာမီမှာပင် ထမင်းချက်နေသော မိန်းမပျိုတစ်ဦး ဆိုင်းဝိုင်းအနီးသို့ ပြေးဝင်လာသည်။ ဆိုင်းဝိုင်းရှေ့ရောက်သည်နှင့် အငြိမ့်ကသည့်နေရာတွင် လှဲချလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ကြမ်းပြင်ပေါ်တွင် တွန့်လိမ်တွန့်လိမ်ဖြင့် လူးလှိမ့်ရှားနေတော့သည်။ ပရိသတ်များ အံ့သြထိတ်လန့်သွားကြသည်။ ရှေ့မီနောက်မီ လူကြီးတစ်ဦးက –

"ဆိုင်းတီးပေးပါ။ ဆိုင်းတီးပေးပါ။ သူတို့ပျော်ချင်လို့ လာကြတာ။ ဘာမှမလုပ်ကြပါနဲ့"

လူကြီးစကားဆုံးသည်နှင့် ဆိုင်းသံ မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာသည်။ ဆိုင်းဝိုင်းရှေ့ရောက်နေသော အမျိုးသမီးမှာ ကြမ်းပြင်တွင် လူးလိမ့်နေပြီး မြွေသွားသကဲ့သို့ တွန့်လိမ်တွန့်လိမ်ဖြင့် ရွှေ့လျားနေသည်။

"အဲဒါ မြွေက ကနေတာဖြစ်မယ်။ ဒီတောင်ကို နဂါးမ စောင့်တယ်လို့ ရွာလူကြီးတွေ ပြောတာကြားဖူးတယ်။ ပြီးတော့ အစောင့်တွေလည်းရှိတယ်တဲ့"

ထိုအခိုက်မှာပင် လူကြီးတစ်ဦး ခုန်ဝင်လာပြီး လက်နှစ်ဖက်မြှောက် မျက်စိမှိတ်ကာ ကခုန်နေပြန်သည်။ မြေပြင်တွင် မှောက်လျက် လူးလှိမ့်ရှားနေသော မိန်းကလေးမှာ ဦးခေါင်းထောင်လိုက်၊ ငုံ့လိုက်ဖြင့် လူးလှိမ့်ရှားနေသည်။ ဦးခေါင်းပြန်အငုံ့တွင် ကြမ်းပြင်နှင့် ဆောင့်မိပြီး ပွန်းရှခဲ့သဖြင့် မျက်နှာဖူး ရောင်နေပြီး သွေးများပင် ထွက်လာသည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ တားဆီးခြင်းမပြုကြပါ။ အံ့သြစိတ်နှင့်အတူ ကျွန်တော် ဓာတ်ပုံများ တဖျတ်ဖျတ် ရိုက်ယူထားလိုက်သည်။ ကျွန်တော် ဓာတ်ပုံရိုက်နေစဉ် အစ်ကို ကျွန်တော့်အနား ရောက်လာသည်။

"ငါ့တစ်သက်တစ်ခါမှ မကြုံဖူးတဲ့ အဖြစ်ပါပဲ။ ဒီတောင်က အစောင့်တွေထင်ပါရဲ့။ ပျော်ပါစေလေ။ သူတို့လည်း ဒီလိုပွဲမျိုး မကြုံဖူးသေးတော့ ပျော်ဖို့ ရောက်လာကြတာ ထင်ပါရဲ့"

လူကြီးတစ်ဦးက –

"မိန်းကလေးကို ရေလောင်းပေးကြပါ။ နဂါးတွေက ရေထဲနေတာ ရေကြိုက်တယ်"

လူရွယ်တစ်ဦးက ရေတစ်ပုံးယူလာပြီး ကြမ်းပေါ်တွင် လူးလှိမ့်၍ မြွေသွားသလို လိမ်ကောက်လူးလှိမ့်ရှားနေသော မိန်းကလေးကိုယ်ပေါ်သို့ ရေလောင်းချလိုက်သည်။

"မျက်နှာမှာ သွေးတွေ ထွက်နေပါလား"

"ရေတွေလည်း စိုကုန်ပြီ"

"တစ်ခုခု ဝင်ပူးနေတော့ ဘာမှသိပုံမရဘူး။ တော်ခိုင်းလိုက်ရင် ကောင်းမယ်"

တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုနေကြစဉ် ကျွန်တော်ဓာတ်ပုံများ ရိုက်ယူထားလိုက်ပြန်သည်။ ထိုစဉ် လူကြီးတစ်ဦး ဝိုင်းထဲဝင်လာပြီး ကြမ်းပြင်ပေါ်လဲနေသော မိန်းကလေးကို ဆွဲယူ ထူမလိုက်သည်။

"တော်ပါတော့ . . မိန်းကလေးရယ်။ မျက်နှာလည်း ဖူးရောင်နေပြီ၊ သွေးတွေထွက်နေပြီ"

မိန်းကလေးမှာ မတ်တတ်ရပ်လျက် အနေအထား ဖြစ်သွားသည်။ ကရုဏာဖြင့် သူ့ကို ဆွဲယူထူမလိုက်သော လူကြီးကို စူးစူးဝါးဝါး မကျေနပ်သည့်ပုံစံဖြင့် ပြန်ကြည့်လိုက်သည်။ ပြီးနောက် သူ့လက်နှစ်ဖက်ကို ဦးခေါင်းထက်မိုးကာ မြွေပါးပြင်းပုံစံလုပ်ပြီး လူကြီးကို ရန်ပြုတော့သည်။ ထို့နောက် လက်ကို မြွေပါးပြင်းပုံပြုလုပ်ပြီး လူကြီးကို မြွေပေါက်တော့မည့်ပုံစံလုပ်ကြသည်။ အဝေးသို့ ထွက်သွားရန် အမူအရာပြသည်။ လူကြီးက

"ဆရာတော် လုပ်ပါဦး။ တပည့်တော်ကို မြွေပေါက် မယ့်ပုံစံလုပ်ပြနေတယ်။ သူ့ကိုရပ်ဖို့ ပြောတာ မကျေနပ်ဘူး ထင်တယ်။ နဂါးမ ဝင်ပူးနေတာ မှန်နေပြီထင်တယ်"

ဆရာတော်က ဝိုင်းထဲဝင်လာသည်။

"ကဲ . . . ကဲ . . . ဒီလောက် ပျော်ရရင် တော်ရောပေ့ါ။ မမောသေးဘူးလား။ ကျေနပ်ပါတော့။ တစ်ကိုယ်လုံးရေတွေ ချွေးတွေနဲ့ ဖြစ်နေပြီး မျက်နှာမှာလည်း သွေးတွေနဲ့ တော်ကြပါတော့။ ဟိုဘက်က လက်မြှောက်ပြီး ကနေတဲ့သူလည်း ရပ်လိုက်ပါတော့"

ဆရာတော်က လက်နှစ်ဖက်မြှောက်၍ ကခုန်နေသူကိုလည်း ပြောလိုက်သည်။ ဆရာတော့်စကားကြောင့် လက်မြှောက်ကခုန်နေသူမှာ ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။ သူဘာဖြစ်ခဲ့သည်ကို မသိသည့်ပုံစံဖြင့် လူအုပ်ကြီးကို လှမ်းကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့် ရွှဲနစ်နေသည်။ မြွေက ကခဲ့သော မိန်းကလေးမှာလည်း ဆရာတော်ရှေ့တွင် ဒူးထောက်ထိုင်လိုက်ပြီး ဆရာတော့်မျက်နှာကို မော့ကြည့်လိုက်သည်။

"သိပ်ပျော်လွန်းလို့ပါ။ ဆက်ပြီး ပျော်ခွင့်ပြုပါဦး။ မနှင်ပါနဲ့ ဆရာတော်ရယ်"

မိန်းကလေးစကားကြောင့် ပရိသတ်များ မှင်တက်မိကာ အသံများ တိတ်ဆိတ်သွားသည်။ မိန်းကလေးက မျက်ရည်များကျလျက်နှင့် ဆရာတော်ကို တောင်းပန်နေသည်မှာ သနားစဖွယ်ပင်ဖြစ်သည်။ ထိုအဖြစ်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသော ပရိသတ်များပင် မျက်ရည်ဝဲလာကြသည်။ အချို့အမျိုးသမီးများဆိုလျှင် သနားစိတ်ဖြင့် မျက်ရည်များကျလာသည်ကို တွေ့ရသည်။ ဆိုင်းဝိုင်းကြီးများလည်း ဖြုတ်သိမ်းနေပြီဖြစ်သည်။

"ဒီတောင်ကို စောင့်ရှောက်နေတာ ကြာခဲ့ပါပြီ။ ခုလို ပွဲမျိုးမကြုံဖူးသေးပါဘူး။ ဒါကြောင့် ပျော်လို့အားမရသေးပါဘူး။ ဆက်ပျော်ခွင့်ပြုပါနော်"

မိန်းကလေးပြောစကားကို ပရိသတ်များကြားသွားကြသည်။ တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာ ပြောဆိုသံများ ညံစီထွက်လာသည်။

"ထူးဆန်းလိုက်တာ၊ ဒီတောင်ကို စောင့်နေတဲ့ သူဆိုပါလား"

"မြွေလို၊ နဂါးလို လိမ့်လိမ့်ပြီး ကနေတော့ ဒီတောင်ကို စောင့်တဲ့ နဂါးမ ဝင်ပူးနေတာ ဖြစ်မယ်ထင်တယ်"

"ငိုယိုပြီး တောင်းပန်နေတာ သနားပါတယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ဆရာတော် ကြားသွားသည်။ ဒူးထောက်တောင်းပန်နေသော မိန်းကလေးကို ဆရာတော်က ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ဆိုင်းတွေ၊ ဗုံတွေ မသိမ်းကြပါနဲ့ဦး။ ပြန်တီးပေးကြပါဦး။ ကဲ ... ကဲ ဆန္ဒရှိတဲ့အတိုင်း ဆက်ပြီး ပျော်ဖို့ ခွင့်ပြုပါတယ်။ ပျော်ပါ"

ဆရာတော်စကားကြောင့် ဆိုင်းဝိုင်းကြီးမှ ဆိုင်းသံ၊ ဗုံသံများ ပြန်ထွက်လာသည်။ ဆိုင်းသံကြားသည်နှင့် မိန်းကလေးမှာ မြေပြင်ပေါ်လှဲချလိုက်ပြီး တွန့်လိမ်ကွေး ကောက်လှုပ်ရှားပြန်သည်။ တံတောင်ဆစ်နှင့် ဒူးများအသုံးပြုကာ ကြမ်းပြင်ပေါ်တွင် လူးလွန့်သွားလာနေသည်။ ဦးခေါင်းမှာလည်း ဆောင့်လိုက် ပြန်ငုံ့လိုက်ဖြစ်နေသည်။ သာမန်လူတစ်ဦးဆိုလျှင် ထိုသို့အချိန်ကြာကြာ ပြုလုပ်နိုင်မည်မဟုတ်ပေ။ အချိန်အတန်ကြာသွားသည်။ မိန်းကလေး ပင်ပန်းနေသည်ကို မကြည့်ရက်တော့သည့် ဆရာတော်က -

"တော်လောက်ပါပြီ။ တစ်ယောက်နဲ့ဒူးနေရာမှာ သွေးတွေထွက်နေပြီ။ ခုလောက်ပျော်ရရင် ကျေနပ်ပါတော့"

ကြမ်းပြင်ပေါ် လူးလိမ့်နေရာမှ မိန်းကလေးက ဆရာတော်ကို မော့ကြည့်လိုက်သည်။ လှဲနေရာမှ ထထိုင်ပြီး ဆရာတော်ကို လက်အုပ်ချီလိုက်သည်။

"ကျေနပ်ပါတော့။ ညဉ့်နက်လှပြီ။ ပြန်ပါတော့"

လက်အုပ်ချီထားရာမှ မိန်းကလေးက ဆရာတော်ကို ဦးချသည်။ ဆရာတော်ကို ဦးချသော မိန်းကလေးမှာ လုံးဝ ဦးခေါင်းပြန်မတ်မလာတော့ဘဲ ကြမ်းပြင်ပေါ် လဲကျသွားပါတော့သည်။

"ဒကာမလေးကို ကြည့်ကြပါဦး။ ထူပေးလိုက်ကြဦး။ သန့်ရှင်းပေးလိုက်ကြပါ"

အမျိုးသမီးသုံးလေးဦး ပြေးဝင်လာပြီး လဲနေသော မိန်းကလေးကို ပွေ့ထူလိုက်ကြသည်။ အတန်ကြာမှ မိန်းကလေး သတိရလာသည်။ သတိဝင်လာသည်နှင့် မိန်းကလေးက ပတ်ဝန်းကျင်မှ လူများကို အထူးအဆန်းသဖွယ် မော့ကြည့်နေသည်။ ပြီးနောက် သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သည်။ ညစ်ပတ်ပေရေကာ ရေနှင့်သွေးများရွှဲနစ်နေသော သူ့ကိုယ်ဟန်အနေအထားကို တွေ့သွားသည်။

"ကျွန်မ ဘာဖြစ်လို့လဲ။ ဘာတွေဘယ်လိုဖြစ်ခဲ့တာလဲ။ အို ... ရှက်လိုက်တာ"

အဖော်အမျိုးသမီးများက ပဝါဖြင့် မျက်နှာပေါ်မှ သွေးများကို သန့်စင်ပေးလိုက်ကြသည်။ ထိုသို့ သန့်စင်လိုက်သည်နှင့် ထွက်နေသော သွေးများ မထွက်တော့ပေ။ လုံးဝ သွေးတိတ်သွားတော့သည်။ မျက်နှာပေါ်တွင် မည်သည့်ဒဏ်ရာမျှ မတွေ့ရတော့ပေ။

"ဒကာမလေးကို ခေါ်သွားကြပေတော့။ ပစ္စည်းတွေ သိမ်းလို့ရပြီ"

တစ်ဆက်တည်း ဆရာတော်က အစ်ကိုဘက်သို့လှည့်ပြီး ပြောလိုက်သည်။

"ဒကာကြီးတင်ဝင်းက ခုလုပ်တဲ့ စုပေါင်းရှင်ပြုပွဲမှာ အဓိကကျတဲ့သူပဲ။ ဘုန်းကြီးနဲ့လိုက်ခဲ့ပါ။ ဒကာ့ကို ပြစရာရှိတယ်။ မြို့ကရောက်နေတဲ့ ဒကာ့ညီကိုလည်း ခေါ်ခဲ့ပါ"

"တင်ပါ့ဘုရား"

အစ်ကိုက ကျွန်တော့်ကို သူနှင့်လိုက်ရန် ခေါ်သည်။

"ကဲ ... လာ၊ မင်းပါလိုက်ခဲ့။ ဆရာတော်နဲ့ လိုက်သွားအောင် ဆရာတော်ခေါ်နေတယ်။ တစ်ခုခု ထူးတာတွေ့ရမယ်ထင်တယ်"

ညဉ့်နက်သန်းခေါင်ကျော် အချိန်သို့ ရောက်နေပြီဖြစ်သည်။ ဆရာတော်သွားရာသို့ ကျွန်တော်တို့လိုက်သွားကြသည်။ တိတ်ဆိတ်နေသော ရွှေမြင်းမိုရ်တောင် ဘုရားပေါ်သို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့ တက်ခဲ့ကြသည်။ လျှပ်စစ်မီး ပူဖော်ထားသဖြင့် စေတီရင်ပြင်မှာ လင်းနေပါသည်။ စေတီရင်ပြင်မှာ နှစ်ဆင့်ရှိသည်ကို တွေ့ရသည်။ အမြင့်တစ်ဆင့်နှင့် အနိမ့်တစ်ဆင့်ဖြစ်သည်။ ဆရာတော်က ရင်ပြင်အနိမ့်ဘက်တွင်ရှိသော ရုပ်တုတစ်ခုရှေ့တွင် ရပ်လိုက်သည်။

"စောစောက ဖြစ်ခဲ့တာတွေဟာ ဟောဒီရုပ်တုနဲ့ ပတ်သက်နေမယ် ထင်တယ်"

ဆရာတော်ညွှန်ပြရာ ရုပ်တုကို ကျွန်တော်ကြည့်လိုက်သည်။ တောင်ကို ကိုယ်လုံးဖြင့် ပတ်ထားပြီး ပါးပျဉ်းထောင်နေသော နဂါးရုပ်ထုဖြစ်သည်။ နဂါးပါးပြင်မှာ စေတီဘက်သို့ မျက်နှာမူလျက်ရှိပြီး စေတီကို ဦးခိုက်နေပုံဖြစ်သည်။ ကျွန်တော်က အသင့်ပါလာသော တင့်မရာဖြင့် နဂါးရုပ်တုကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။

"ရှေးလူကြီးတွေက ဒီဘုရားရှိတဲ့တောင်ကို နဂါးစောင့်တယ်လို့ ပြောကြတယ်။ အထိမ်းအမှတ်အဖြစ် ရှေးကတည်းက ဟောဒီနဂါးရုပ်ထုကို ထုလုပ်ထားခဲ့ကြတာတဲ့။ နဂါးက အထီးမဟုတ်ဘူး။ အမလို့ ပြောကြတယ်။ ပြီးတော့ ဒီဘုရားတောင်ကို တခြားအစောင့်တွေလည်း စောင့်ရှောက်နေကြတယ်လို့လည်း ပြောကြတယ်"

"ဆရာတော် ပြောပြတော့မှ ဆက်စပ်တွေးမိတော့တယ်။ ဆရာတော်ပြောပြတာတွေ ဖြစ်နိုင်တယ်။ ညဦးပိုင်းက နဂါးဝင်ပူးပြီး လူးလှိမ့်ကနေတဲ့သူဟာ မိန်းမပျိုလေး ဖြစ်နေတယ်။ ထူးဆန်းတာက အဲဒီမိန်းကလေးဟာ ကြမ်းပြင်မှာ လူးလှိမ့်ပြီး လျှပ်ရှားနေတာ တကယ့်မြွေနဂါးတစ်ကောင် ကွေ့လိမ်သွားနေသလိုပဲ။ သာမန်လူတွေ မလုပ်နိုင်ပါဘူး။ ပြီးတော့ လက်ကိုမြှောက်ပြီး ကခုန်နေတဲ့ ယောကျ်ားတစ်ယောက်ကိုလည်း တွေ့ခဲ့ရတယ်။ အဲဒီအဖြစ်တွေ တွေ့မိကတည်းက တပည့်တော်စိတ်ထဲ တစ်မျိုးဖြစ်နေခဲ့ပါတယ်ဘုရား"

"ဒကာကြီးတင်ဝင်း ဦးဆောင်မှုကြောင့် ခုလို စုပေါင်းရှင်ပြု ရဟန်းခံပွဲကြီး အောင်မြင်ဖြစ်မြောက်ခဲ့တာ။ ဒီလိုပွဲမျိုး ဘုန်းကြီးတစ်သက် ခုမှကြုံဖူးခဲ့ရဘာ။ မလုပ်ဖူးတဲ့ အလှူပွဲ ဒီစောင်ပေါ်မှာ လုပ်ဖြစ်ခဲ့တာမို့ သူတို့လည်း ပျော်လွန်းလို့ လာပြီး ပျော်ကြတာ ဖြစ်မယ်ထင်တယ်။ ပရလောကသားတွေ ဒီတောင်မှာရှိနေတာ ဖြစ်မယ်"

"တပည့်တော်လည်း ချောင်းဆိုဓာတ်ပါဘုရား။ တပည့်တော်ငယ်ငယ်ကတည်းက လူကြီးသူမတွေပြောတာကြားဖူးခဲ့ပါတယ်။ ဒါပေမယ့် မယုံခဲ့ပါဘူး။ ခုကိုယ်တွေ့ကြုံတော့မှ ဒီတောင်ကို နဂါးစောင့်တာ ယုံရမလိုဖြစ်နေပါပြီ"

"ကဲ . . . ကဲ . . . ညဉ့်နက်လှပြီ။ ဒကာကြီးတို့လည်း နားကြဦး။ ရွာထဲပြန်ဖို့မှောင်နေပြီ။ ဘုန်းကြီးတို့ကျောင်းမှာပဲ အိပ်လိုက်ကြတော့"

ထိုညက ကျွန်တော်တို့ ညီအစ်ကို ဆရာတော်ကျောင်းတွင်ပင် ညအိပ်ခဲ့ကြသည်။

* * *

"အဖေ ပြောပြတဲ့အတိုင်းဆိုရင် ဖျော်ဖြေပွဲလုပ်ခဲ့တဲ့ညက မြေပြင်ပေါ် လူးလှိမ့်ပြီး မြွေလိုကခဲ့တဲ့ မိန်းကလေးဟာ နဂါးမ ဝင်ပူးနေတာပေါ့ ဟုတ်လားအဖေ"

"ဒီပရလောကဖြစ်ရပ်တွေက တော်တော် ဆန်းကြယ်တာသားရဲ့။ အတိအကျ အကောင်အထည် မမြင်ရပေမယ့် အဖေကိုယ်တိုင် ကြုံတွေ့ခဲ့ရတာ။ ဒီဓာတ်ပုံတွေက သက်သေပဲလေ"

သားက ကြည့်လက်စ ပုံများထဲမှ ဓာတ်ပုံတစ်ပုံကို ရွေးထုတ်လိုက်သည်။

"ဒီပုံဟာ အဖေ နောက်ဆုံးရိုက်ခဲ့တဲ့ နဂါးရုပ်တု မဟုတ်လား"

"ဟုတ်တယ်သား။ ပုံက နည်းနည်းမှုန်နေတယ်။ ဆရာတော်ခေါ်လို့ အဖေလိုက်သွားတာ။ သန်းခေါင်ကျော်နေပြီ။ အဖေ့ကင်မရာ ဖလပ်ရှ်ဂန်းမီးရောင်နဲ့ ဒီလောက်ပဲ အလင်းရောင်ရခဲ့တာ"

"အင်း . . စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ အဖေ နောက်ကို ကိစ္စကြုံလို့ အဲဒီချောင်းဆုံဘက်သွားရင် သားလိုက်ချင်တယ်။ အဲဒီမြင်းမိုရ်တောင်ဘုရားကို လိုက်ပို့ပေးပါ"

"အဲဒီဒေသကလူတွေဟာ သိပ်ပြီးရိုးသားဖြူစင်ကြတယ်။ မွန်တိုင်းရင်းသားတွေအနေများတယ်။ ဘာသာတရားလည်း သိပ်ပြီး ကိုင်းရှိုင်းရှိသေကြတာ။ သားရဲ့ ဘကြီးနဲ့လည်း ထပ်တွေ့ရတာပေါ့။ သားသွားချင်ရင် အဖေလိုက်ပို့ပေးမယ်။ ဓာတ်ပုံတွေလည်း သားရဲ့ဘကြီးကို ပြရတာပေါ့"

ကျွန်တော့်စကားကြောင့် သားက ကျေနပ်သော မျက်နှာဖြင့် ပြုံးနေပါသည်။ သို့သော် သားကဓာတ်ပုံများကို စိတ်ဝင်စားစွာကြည့်နေဆဲဖြစ်သည်။

**မောင်မောင်မိုးအောင်**

**(စာပေဗိမာန်ဆုရ)**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူပါလဲ

## နှင်းနှင်း

နီနီတို့မှာ မောင်နှမသုံးဦး ရှိပါတယ်။ အစ်ကိုက ကျောင်းပြီးသွားတော့ နိုင်ငံခြားခရီးသွား ဧည့်လမ်းညွှန်လုပ်နေပြီး မမဖြူက ဆေး(၁)မှာ တတိယနှစ်ဖြစ်ပါတယ်။ နီနီက ဆယ်တန်းဖြေရမှာပါ။

ဝါတွင်းမရောက်မီမှာ ဘွားဘွားက အရိုးပွပြီး ခါးကျိုးသွားပါတယ်။ မေမေဟာ ယောက္ခမအား အမေကဲ့သို့ ပြုစုသူမို့ ဆွေမျိုးအားလုံးက အပြစ်မတင်ဘဲ အချစ်ဝင်နေခဲ့သူပါ။ ဘွားဘွားက ဘာသာရေးစွဲမြဲသူပါ။

"သမီးနီနီ . . . မမနေရာမှာ တစ်ထောက် အစားထိုးပြီး ရိပ်သာမသွားရမနေနိုင်တဲ့ ဘွားဘွားကို တရားစခန်းလိုက်ပြုစုပေးရမယ်"

"တစ်လနေရင် ပြန်ခဲ့ရမှာလား"

"မမ စာမေးပွဲပြီးရင် သူလာချိန်းဖြစ်မယ်ထင်တယ်"

နီနီ ဘာမှခံမပြောတော့ပါ။ အိမ်မှာက စည်းနဲ့ကမ်းနဲ့ ဘဝကို အကောင်းဆုံးပေးဆပ်နိုင်ရန် အားလုံးရှိနေကြသည်။ နီနီ့ကိုလည်း ဆုံးမခဲ့ပြီးပြီ။ တစ်ဦးနှင့်တစ်ဦး ငဲ့ညှာထောက်ပံ့ ကူညီကြသည်။

နီနီဘဝ ပထမဆုံးအကြိမ် ဘုန်းကြီးကျောင်းတွင် ရက်ရှည်နေဖူးသည်။ ဆရာတော်က အားလုံးသိထားသဖြင့် နီနီအား စာကျက်ရင်း ဘွားဘွားကိုစောင့်ခိုင်းသည်။ ဘွားဘွား တရားထိုင်ခန်းမအရောက် နီနီလည်း စာကျက်ချိန်ရောက်ပါပြီ။ အခက်အခဲမရှိ။ ၁၀ ရက်ကျော်လာခဲ့သည်။ တစ်နေ့ သချ်ာလေ့ကျင့်နေရင်း ပုစ္ဆာလှည့်ကွက်ကို အဖြေမှန်မတွက်နိုင်သဖြင့် စိတ်ညစ်နေသည်။ အိမ်မှာဆိုလျှင် မေးရမယ့်သူရှိသည်မို့ မပူရ။

"နီ . . . မြေး ဘာဖြစ်နေလဲ"

"ဒီတွက်နည်း မမှန်ဘူးထင်ပါရဲ့။ အဖြေမှန်မရဘူး"

"စိတ်ရှုပ် သက်သာသွားအောင် လာမယ့်တရားချိန် ခဏဝင်ထိုင်ပါလား။ စိတ်ငြိမ်သွားမှ ပြန်တွက်ကြည့်နော် နီ"

"ဟုတ်ဘွားဘွား။ ထိုင်စမ်းကြည့်မယ်"

ဘွားဘွားကို အဆောင်သို့ပို့ရင်းဘေးတွင် ဝင်ထိုင်ကြည့်လိုက်သည်။ ပထမဆုံးတရားထိုင်ခြင်းဖြစ်သည်။ ဆရာတော်က ထိုင်ပုံ၊ ရှုပုံနှင့် မှတ်သိနေရမည့်စိတ်ကို အားလုံးကြားအောင် တစ်ခေါက်ရှင်းပြသည်။

နီနီ စတင်လိုက်မှတ်သည်။ ငါးမိနစ်၊ ထို့နောက် ဆယ်မိနစ်။ စထိုင်ခြင်းဖြစ်၍ အသက်ရှူမှုက ပရမ်းပတာဖြစ်နေသေးသည်။ ဒါပေမယ့် ဘာမဆို တစ်မိသားစုလုံး မရမက ကြိုးစားတတ်သောဇွဲရှိသဖြင့် ထမ်မံကြိုးစားနေမိသည်။ နာရီဝက်ရှိလာပြီ။ နည်းနည်းစည်းချက်မှန်လာပြီ။ အိပ်ချင်သလိုလို အသက်ရှူနွေးလာသည် ထင်မိသည်။

သမီး နည်းနည်း အားစိုက်ကြိုးစားထား။ လှုပြည်လှုရှာ သွားရကျိုးနပ်အောင်လုပ်နော်။ မယ်မယ်တို့ စောင့်ရှောက်ပေးနေတယ်"

ကျန်းမာဝဖြိုးသော ရေးမြန်မာဝတ်စုံနှင့် အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးသည် နီနီ့အားပြုံးကြည့်ပြီး စကားပြောလာသည်။

"ဟင် . . . ဘယ်လိုပါလိမ့်"

ထင်ထင်ရှားရှား မြင်နေရသည်။ တစ်ခုခုမေးရန် အားထုတ်ကြိုးစားမိစဉ် တရားထိုင်ခြင်းအချိန်ပြည့်သဖြင့် အချက်ပေးသံထွက်လာသည်။ တဖြည်းဖြည်းမှုန်ဝါးစွာပျောက်ကွယ်နေသည့် လူနှစ်ယောက်က ပြုံးရွှင်စွာကြည့်ရင်း ခေါင်းညိတ်ပြသွားသည်ကို အိပ်မက်မဟုတ်ဘဲ မြင်နေခဲ့မိသည်။ ဘွားဘွားက . . .

"နီနီ တော်တယ်။ ဖြူဖြူထက် ထိုင်နိုင်တယ်"

"ရှင် . . မမဖြူတရားထိုင်လည်း ဘွားဘွားဘေးပဲလား"

"အေး . . . ဘွားဘွား အထိုင်အထတွဲကူဖို့ ဘေးမှာပဲထိုင်တယ်"

တဖြည်းဖြည်း အိပ်ဆောင်ပြန်လာခဲ့ကြသည်။ စကားပြောဆိုမှုနည်းရမည့်နေရာမို့ မမေးဖြစ်သော်လည်း အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသားခံ့ချောကြီးတစ်ဦးကို မြင်ယောင်နေမိသည်။

× × ×

"ဒီည တရားပေးတဲ့အချိန် မြေးစာပဲလုပ်နေခဲ့တော့နော်"

www.burmeseclassic.com

"မဟုတ်ဘူး ဘွားရဲ့၊ စာက အရင်လို အချိန်အကြာကြီး မှတ်နေစရာမလိုဘဲ တစ်ခေါက်ကြည့်တာ အားလုံးမှတ်မိသွားတယ်။ အံ့သြစရာပဲ"

"တရားမှန်မှန်ထိုင်နေတော့ သမာဓိနိုင်မြဲသွားလို့ပဲ"

"ထူးဆန်းတာတွေ ဘယ်အထိ ထူးမလဲ ဆန်းစစ်မလို့"

နီနီ စာလည်းကျက်၊ တရားလည်း မှတ်နဲ့ ဉာဏ်ပွင့်လင်းနေသဖြင့် ဤအချိန် ဤအခိုက်ကို ပျော်ပိုက်နေမိသည်။ တစ်ရက် မေမေနဲ့ မမ ရောက်လာခဲ့သည်။ မမက စာမေးပွဲပြီးသဖြင့် နီနီနဲ့ ဘွားဘွားထံမှာ လူလာလဲပြောင်းခဲ့သည်။ မေမေက ပစ္စည်းများသိမ်းနေရင်းမှ -

"သမီးငယ် မျက်နှာ အရမ်းနွမ်းညှိုးသွားခဲ့တယ်။ စာလည်း ကျက်နိုင်ခဲ့ရဲ့လား။ အခု အိမ်ပြန်ပြီး စာမေးပွဲအတွက် ပြင်ဆင်ကြစို့ရဲ့"

နီနီရိပ်သာမှ မပြန်ချင်ဘဲ ပြန်ခဲ့ရပါတယ်။ ဒီလိုနဲ့ စာမေးပွဲများကို ကောင်းစွာဖြေနိုင်ခဲ့ပါတယ်။ မေးခွန်းများဟာ နီနီ့ကို ဘာပြဿနာမှ မရှိခဲ့ဘူး။ အားလုံးဖြေဆိုပြီး ခါတိုင်းလို သူငယ်ချင်းများနဲ့ ခေါင်းဆောင်းသည့်အနေနဲ့ မပျော်ဖြစ်ဘဲ အိမ်ပြန်ပြီး ဘာကြောင့်မှန်းမသိ နီနီ ဘုရားရှေ့မှာတရားသွားထိုင်နေခဲ့မိတယ်။

"ညီမလေး နီနီ···ညီမလေး"

အစ်ကိုက ခပ်တိုးတိုးခေါ်သဖြင့် တရားဖြုတ်ပြီးမော့ကြည့်မိသည်။ အစ်ကိုတစ်ယောက်တည်း မဟုတ်ခဲ့ပေ။

"နီနီ···ကိုကို့သူငယ်ချင်းက ဉာဏ်သည်ကို ရှင်းပြစရာရှိလို့ စာအုပ်ရှာရင်း ရောက်နေတယ်။ ကိုကိုက သူ့စာဖတ်နေစဉ် ခဏလှဲချလိုက်တော့ အိပ်ပျော်သွားမိတယ်။ နီနီ့ရှေ့ရောက်လာပြီး တရားထိုင်လိုက်တာ သူရှိနေတယ်။ အဲဒါ··· တိတ်နေတဲ့အချိန်မှာ ကိုကိုက အနှောင့်ယှက်ခံခဲ့ရတယ်။ သူက ဉာဏ်သည်ကိုပြန်ပြောဖို့ ရာဇဝင်သိသွားတယ်။ နီနီက တရားတစ်နာရီလုံးထိုင်နေတယ်။ အခု သူပြန်တော့မယ် နီနီ့ကိုစကားပြောချင်တယ်တဲ့"

ကိုကို၏သူငယ်ချင်းသည် အင်္ဂလန်နိုင်ငံသားဖြစ်သည်။ သူ့အဖေက စီးပွားရေးကိစ္စကြောင့် မိသားစုသုံးဦးစလုံး မြန်မာပြည်ရောက်နေသည်။ ယခုနောက်ပိုင်း တံခါးဖွင့်ဝါဒကြောင့် အင်္ဂလန်သားများ ရောက်ရောက်လာစဉ် ဉာဏ်ညွှန်အဖြစ် ကူညီပေးဖြစ်သည်။ နာမည်က အရှည်ကြီး။ သိသူများက လွယ်လွယ် "ဂျွန်"ဟု အဖျားဆွတ်ခေါ်ကြသည်။ ဂျွန်သည် နီနီတရားမှတ်နေသည်ကို စာအုပ်စီရိုန်ဘေးမှ မြင်တွေ့နေရသည်။ ရန်ကုန်တိုက်ခန်းဖြစ်၍ ဘုရားခန်း၊ ဧည့်ခန်း၊ စာဖတ်ခန်းသည် အိမ်ရှေ့တွင် တစ်ဆက်တည်းဖြစ်နေသည်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်သည် မလှုပ်မယှက် ထိန်းချုပ်လျက် ငုတ်တုတ်ထိုင်ကာ ငြိမ်သက်နေမှုကို အံ့သြပြီး လေ့လာချင်သည်။

"ကိုယ့်ကို ဂျွန်လို့ပဲခေါ်ပါ။ မြန်မာလိုပဲပြောပါ"

ထိုနေ့က မေမေတို့ အိမ်ပြန်ရောက်သည်အထိ စကားပြောဖြစ်ကြ၏။ မေမေက ဂျွန့်ကိုသိပြီးသားမို့ ဘာအခက်အခဲမှမရှိ။

"ကဲ···အိမ်သားအားလုံးကို ကျွန်တော်ဒီမှာ ဝင်ထွက်နေခဲ့တာ အထိမ်းအမှတ်နဲ့ အပြင်မှာ ညနေစာ ကျွေးမွေးပါရစေ"

"မဟုတ်တာ၊ တို့တွေက အိမ်ရှင်ပဲ။ ကျွေးခြင်း···"

"အို···ဒီလိုမပြောင်းလိုက်ပါနဲ့။ ဒီနေ့ ကျွန်တော့်ဘဝမှာ လေ့လာစရာအသစ်တစ်ခုကို ထပ်တွေ့ရလို့ ဝမ်းသာစရာရှိနေလို့ပါ"

●"ဘာများလဲ ဂျွန်"

"တရားထိုင်ခြင်းဖြင့် ဆူညံလှုပ်ရှားမှုအားလုံးကိုဖျောက်ပြီး နူးညံ့အေးချမ်းစွာ အချိန်ကို ဖြတ်သန်းခြင်းပဲ။ အနောက်နိုင်ငံသားတွေလည်း လေ့လာနေပါပြီ။ ကျွန်တော်က ဒီနေ့ မျက်တွေ့မြင်ရပြီး လက်တွေ့လုပ်ကြည့်မလို့"

"စိတ်ဝင်စားတယ်လား"

"ရုပ်ဝတ္ထု တိုးတက်အောင်မြင်ဖို့ ပင်ပန်းလှပြီ။ အခု ရုပ်ကို အားအောင်လုပ်ပေးရင် စိတ်ကို ဘယ်အထိ ခရီးရောက်မလဲ သိချင်လို့"

ထိုညနေစာကို အဆင့်မြင့်ဟိုတယ်တွင် လိုက်ကျွေးသည်။ ထိုဟိုတယ်သည် ဆူးလေဘုရားကို လှမ်း၍မြင်ရသဖြင့် နီနီတို့က လှမ်း၍လက်အုပ်ချီကာ မတ်တတ်ပဲ အရိုအသေပေးခဲ့ကြသည်။ ဤမြင်ကွင်းမှာ မြန်မာလူမျိုးအဖို့ မဆန်း။ ဘုရားကိုတွေ့၍ ကန်တော့ခြင်းသာ။ သို့သော် ဂျွန်က ဆန်းနေသည်။ ကြည်နူးစွာ ပြုံးကြည့်သည်။ ဤအဖြစ်အပျက်ကို အစ်ကိုနဲ့ပြောဖြစ်ကြသည်။ အစ်ကိုက လက်ညှိုးထိုး၍ ဗုဒ္ဓဘုရား၏အဆောက်အအုံနဲ့ ဤဆူးလေအနီးနားရှိ ခရစ်ယာန်ကျောင်း၊ မူဆလင် ဗလီကျောင်းများကို တစ်လက်စတည်း ရှင်းပြသွားခဲ့သည်။

ဈေးကြီးသော အကောင်းစားအစားအစာကို စားရခြင်းထက် သိချင်ရာများအားလုံး သိရသဖြင့် ဂျွန်၏တည်ခင်းသောညနေစာသည် အလွန်ကိုလိုက်ဖက်ပြီး ကျေနပ်စရာဖြစ်နေခဲ့သည်။ အားလုံး အားလုံး၏ စိတ်နှလုံးတို့သည် ထို

www.burmeseclassic.com

နေ့က အေးချမ်းကျေနပ်နေကြသည်။

"သမီးနီနီ လာခဲ့ဦးဟေ့"

မီးပူတိုက်နေရာမှ အိမ်ရှေ့ဘက် ထွက်လာရာ ဧည့်သည်များရောက်နေသည်ကို တွေ့ရသည်။ ဂျွန်မြိဘများ တည်း။ နီနီတို့အိမ်သားများလည်း အားလုံးစုံနေသည်။ ဘွားဘွားကမူ ခုံတွင် ထိုင်ရင်း မျက်လုံးမှိတ်ထား၏။

"သမီးလေး ဒီနှစ်လလုံး အန်တီတို့မိသားစု ရိပ်သာမှာ ငြိမ်းချမ်းရေးရှာခဲ့ကြတာ ခရီးရောက်သင့်သလောက်ရောက်ခဲ့ပြီ။ အဲဒါ သမီးထံမှ အခြေခံနည်းကို ဂျွန်မြင်ရာမှ စခဲ့တယ်။ အခု အင်္ဂလန်ကိုပြန်ဖို့ အချိန်ရောက်လာပြီ။ ဒီမှာလုပ်ဖို့ ကိစ္စများ ပြီးဆုံးအောင်မြင်ခဲ့ပြီ။ ဒါကြောင့် ဟိုမှာပညာလိုက်သင်ရင်း တစ်နည်းအားဖြင့် ကျောင်းကို အင်္ဂလန်မှာတက်ရင်း ဘဝကို ပုံစံသွင်းယူစေချင်တယ်။ အကုန်အကျအားလုံး တာဝန်ယူပါမယ်။ ငယ်စဉ်မှလုပ်ခဲ့တဲ့ လုပ်ငန်းတိုင်းရဲ့ အသီးအပွင့်အဖြစ် အန်တီတို့မှာက ပိုင်ဆိုင်မှုအများဆုံးဆိုတာ ပိုက်ဆံတွေဖြစ်နေပါတယ်။ ပညာဒါနကို ဖြည့်ခွင့်ပေးပါ။ နီနီ့ဘဝကို တာဝန်ယူပါရစေ"

ဘာမှမထင်ခဲ့မိသော စကားဖြစ်သည်။ သံပရာရည်ခွက်ကို သောက်နေကြရင်း အေးချမ်းစွာ ပြောထွက်လာခြင်းဖြစ်သဖြင့် ဘဝအမောမှန်သမျှ အဓေးခွက်ထဲမှရသော လှိုင်းများအဖြစ် ပြောင်းမှတ်ရမလား မသိ။

"နီနီ ငါတို့အားလုံးက Ok နော်"

"ကိုကို ဘွားဘွားကိုလည်း မေးခဲ့သလား"

"ဘွားဘွားက ကျေနပ်လို့ ငြိမ်နေတာပေါ့"

နီနီက မျက်နှာအားလုံးကို လိုက်ကြည့်မိသည်။ ကန့်ကွက်သူမရှိခဲ့။ အားလုံးဆန္ဒက သားရွှေအိုးထမ်း ပြန်လာခဲ့သည်ကို မျက်စိနဲ့ကြည့်ချင်သူတွေများဖြစ်ခဲ့သည်။

အင်္ဂလန်နိုင်ငံ ဆောင်းဦးတစ်နေ့။

မနေ့က နီနီ ပါရဂူဘွဲ့ရခဲ့ပြီ။ အေးမြသောနေ့ရက်မို့ အပြင်မထွက်ဖြစ်ဘဲ ဘွဲ့လက်မှတ်ကို ရင်ခွင်ပိုက်ကာ သက်မွေးဝမ်းကျောင်း ဘာကိုလုပ်ရမလဲ ရွေးချယ်နေမိသည်။ အလုပ်နဲ့ဝါသနာ ထပ်တူညီရန်ဖြစ်သည်။

ချော့ကလက် အပူတစ်ခွက်ကို သောက်ရင်း စဉ်းစားလွန်ရာမှ အပူပေးစက်မှထွက်လာသော နွေးထွေးသော အငွေ့အသက်အောက်တွင် ငိုက်မျဉ်းခဲ့သည်။ တစ်ချက် မှေးခနဲဖြစ်သွားစဉ် -

"ထထ သမီး။ ဒီနေရာဟာ သမီးနေရမယ့်နေရာ မဟုတ်တော့ဘူး။ ဘွဲ့လက်မှတ်ပိုက်ပြီး မြန်မာပြည်အထိ ထပြန်တော့။ မထပြန်ဖြစ်ရင် ဘွားဘွားရဲ့ နောက်ဆုံးခရီး မမီဘူး။ သာသနာပြုဖို့ လွှတ်လိုက်ရတဲ့ သူတွေအတွက်လည်းပဲ တာဝန်မကျေဘူး။ လုပ်စရာတွေအများကြီးရှိသေးတာ ထတော့"

နီနီ လန့်ဖျပ်သွားသည်။ ဆယ်တန်းကျောင်းသူဘဝက ရိပ်သာတွင် ပထမဦးဆုံး တရားထိုင်မိစဉ်က အာရုံတွင် ပေါ်ပေါက်ခဲ့သော ခုံခုံချောချော လူနှစ်ယောက်မျက်နှာ ပြန်ပေါ်လာခဲ့သည်။ အားယူစိုက်၍ကြည့်စဉ် နီးထလာသော နီနီဖြစ်အင်မှာ ချွေးများရွှဲနစ်နေသည်။

"အို…ငါ့တစ်ကိုယ်လုံး ချွေးတွေချည်းပဲ။ ခုနက ငါ့ကိုနှိုးခဲ့သူတွေ ဘယ်သူများပါလိမ့်"

အမျိုးဘာသာ သာသနာအတွက် ဦးတည်၍ ဘွဲ့လက်မှတ်ပိုက်ပြီး လုပ်သင့်သည်များ လုပ်ရဦးမည်လား။

"တီ…တီ"

မြန်မာပြည်မှ ဆက်သွယ်ရေးစက် မီးပွင့်လာခဲ့သည်။ မှန်မျက်နှာပြင်တွင် မေမေက ဟစ်ခုခုကို ဖုံးအုပ်ထားသော အသံနှင့် -

"နီနီ နေကောင်းရဲ့လား"

"ဟုတ်…မေတို့အားလုံးရော"

"ဘွားမှလွဲပြီး ကောင်းကြတယ်။ ဘွားက အသက်ကြီးပြီဆိုတော့ ဆရာဝန်တွေက သိပ်မခံတော့ဘူးဆိုတယ် နီရယ်။ ဆေးရုံမှ ပြန်ခေါ်ခဲ့ပြီးမှ မနေ့က နီနီ့ကို ခဏခဏမေးနေတော့"

"မေမေ…နီနီပြန်ခဲ့မယ်"

ဆက်သွယ်ရေး စက်ပိတ်သွားခဲ့ပြီ။ နီနီ့ခြေလှမ်းများ ပြည်တော်ပြန်ရန် ကြံပြီ။ ဒါဆို…ခုနက နိမိတ်ပြခဲ့သော သူနှစ်ဦးက နီနီနဲ့ ဘာတော်ခဲ့ပါလိမ့်။ တောင်မြို့ဆရာတော် ဟောခဲ့သလို တိရစ္ဆာန်ရှိတော့ ငရဲရှိတာပေါ့။ ဘဝသံသရာလည်း ရှိတာပေါ့"

ဘဝသံသရာထဲမှာ နီနီ့ကို လူ့ပြည်လွှတ်ခဲ့သူများက ဘာများဆန္ဒရှိပါလိမ့်။ သူတို့ ဘယ်သူတွေပါလိမ့်။ နီနီစိတ်ထဲမှာမူ သူတို့နှစ်ဦး၏အရိပ်တွင် ခွေးသိပ်နားနေချင်လှသည်။ သူတို့၏ မျက်လုံးမျက်ခုံးများက အားမာန်အပြည့်ရှိလှသဖြင့် သူတို့သာရှိပါလျှင် လောကီလောကုတ်မှာ ဘာမှကြောက်ဖို့မမြင်ပေ။ အားကိုးအားထားချင်စရာ ရုပ်သဏ္ဌာန်ရှင်များဖြစ်သည်။ သူတို့ ဘယ်သူများပါလိမ့်…။

**နှင်းနှင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဂေါတမနှင့် မဟာဝီရ ဂျိန်းဝါဒပါသဝ

## ရဲဘော်ကျော်ဆန်း

ဗုဒ္ဓမပွင့်မီ နှစ်ပေါင်း ၂၅၀ လောက်မှာ ဗာရာဏသီပြည်မှာ ပေါ်ထွန်းခဲ့တဲ့ ပါသဝဆိုတဲ့ ပုဂ္ဂိုလ်ဖြစ်သူဟာ ပထမဆုံး ဘုရားဘွဲ့ခံယူခဲ့သူ ဖြစ်တယ်။

ကျွန်တော်တို့ရဲ့ ဂေါတမဗုဒ္ဓနှင့် ခေတ်ပြိုင်ဖြစ်ပြီး ဗုဒ္ဓထက် အနှစ် ၂၀ စောတဲ့ မဟာရဂျိန်းနိဂဏ္ဌပုတ္တဟာ အဲဒီပါသဝရဲ့နောက် ဘုရားအဆက် ၂၃ ဆက်မြောက်ဖြစ်တယ်။ ပါသဝက စတုယာမသံဝရသီလကို ထပ်ထွင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အနက်က (လေးပါးသော ကျင့်စဉ်)ပေါ့။ မဟာဝီရလက်ထက်ကျမှ ဗြဟ္မစရိယာ ကောင်းမြတ်သော အကျင့်သိက္ခာပုဒ်တပ်ပြီး ထည့်သွင်းလာခဲ့တာ ဖြစ်ပါတယ်။

### ကပိလသင်္ချဝါဒ

ကပိလသင်္ချဝါဒ (သင်္ချာဝါဒ) ပကိလဆိုတာက ရသေ့ဒေဝီလရဲ့ဆရာ။ ဒေဝီလဆိုတာက ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်း ကိုးကွယ်တဲ့ ဆရာရသေ့။ အဲဒီရသေ့ ဒေဝီလရဲ့ ဆရာက ကပိလဖြစ်တယ်။ ကပိလဟာ ဝေဒကို ဆန့်ကျင်တဲ့ ဂိုဏ်းတစ်ဂိုဏ်းဖြစ်တယ်။ ကမ္မအယူဝါဒ၊ သင်္ချာအယူဝါဒ၊ သင်္ချာအဘိဓမ္မာ၊ ဟိန္ဒူဒဿနဗေဒလည်းဖြစ်တယ်။ ရုပ်နာမ် ၂၇ ပါး အပါအဝင် ဟိန္ဒူကျမ်းအဘိဓမ္မာ ခြောက်ကျမ်းရှိတယ်။ သူကလည်း ဗုဒ္ဓမပွင့်မီ တော်တော်ထွန်းကားခဲ့ပါတယ်။ ဤအချိန်မှာ ဂိုဏ်းအမျိုးမျိုး ဝါဒအမျိုးမျိုး အိန္ဒိယနိုင်ငံထဲမှာ ရှိသည့်နည်းတူ အနောက်ဘက်အီဂျစ်တို့၊ ဂရိတို့၊ ဥရောပတို့နဲ့ အရှေ့ဘက်တရုတ်ပြည်တို့မှာလည်း အလားတူရှိနေကြတာကိုလည်း သိရပါတယ်။

အိန္ဒိယနိုင်ငံထဲမှာ ဂျိန်းနိဂဏ္ဌတို့၊ ကပိလတို့ခေတ်ပြိုင်လောက်မှာ ပါရှားပြည်မှာ (ဂိုးရိုးစတား) ရေဥတ္တရမြင့်မြတ်၍ လူသားများကို ကယ်တင်မည့်သူဆိုပြီး တမန်တော် ဘုရားတွေ ပွင့်လျက်ရှိတယ်။ တရုတ်ပြည်မှာလည်း ဖူစီ (ခေါ်) ကွန်ဖြူးရှပ်တို့လို ပုဂ္ဂိုလ်တွေ ရှိနေပြန်တယ်။

သဘောကတော့ နီတိဝါဒတွေ ထွန်းကားလာခြင်းလို့ ဆိုရမယ်။ လူသားတွေ ယဉ်ကျေးလာစေရန် ဝါဒတွေ ထူထောင်လာကြတာဖြစ်တယ်။ ကျွန်တော်တို့ဘက် မဟာဝီရ ဂျိန်းဝါဒဟာလည်း တိဋ္ဌကရ (ဆိပ်ကမ်း)ဘွဲ့ ခံကြတယ်။ အဓိပ္ပာယ် – ဆိပ်ကမ်းလိုပြုတတ်သောဟူသည့် သံသရာ ဝဲဩဃထဲ နစ်မျောနေတဲ့ လူသားတွေအတွက် လိုရာခရီးဖြစ်တဲ့ ဆိပ်ကမ်းလို့ ဆိုလိုခြင်းပဲ။

### ဘုရားကြီး ခြောက်ဆူ

နိဂဏ္ဌ၊ မက္ခလိဂေါသလ၊ ပုရာဏကဿပ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စယာန၊ သဉ္စယဗေလဋ္ဌ။ သူတို့ဟာ သူတို့ရဲ့ သမိုင်းကြောင်း အဘိဓမ္မာကြောင်းနဲ့ ကြည့်ရင် လျှော့တွက်လို့မရဘူး။ သူတို့ဟာ သူတို့ခေတ်နဲ့ သူတို့အခါကြီးမှာ ထုထုနိုင်နိုင် အဘိဓမ္မာတွေနဲ့ နောက်လိုက်နောက်ပါအဖွဲ့ဝင်တွေ ထောင်သောင်းချီပြီး ယုံကြည်လက်ခံနေခဲ့ကြတာတွေ ရှိပါတယ်။ ဒါကြောင့် သူတို့နဲ့တကွ သူတို့ရဲ့ အဘိဓမ္မာတွေ သဘောတရားတွေကိုလည်း သိထားသင့်တယ်။

### မဟာဝီရနိဂဏ္ဌရဲ့ ဂျိန်းဝါဒ

အဓိက အရေးကြီးဆုံးဝါးဒကတော့ နိဂဏ္ဌရဲ့ ဂျိန်းဝါဒဖြစ်တယ်။ ဂျိန်းဝါဒဟာ ယနေ့ထိတောင် ရှိနေသေးတယ်။

ခန္ဓာကိုယ်ဟာ ဒုက္ခတုံး ဒုက္ခခဲကြီး။ ဒီဒုက္ခတုံး ဒုက္ခခဲကြီး လွတ်မြောက်အောင် ခြိုးခြံကျင့်ကြံအားထုတ်ခြင်းအားဖြင့် နောင်တမလွန်ဘဝမှာ ကောင်းရာသုဂတိသို့ လားမယ်လို့ ဆိုပါတယ်။ အချုပ်ကတော့ ဘဝသုံးပါးလည်တဲ့ အတ္တဝါဒ၊ ဗုဒ္ဓဝါဒနဲ့ယှဉ်တဲ့ ကမ္မဿကတာလမ်းစဉ် (ပုဗ္ဗေ တဟေတုဒိဋ္ဌိ)လို့ ခေါ်တယ်။ ဒီအထဲက (တပ)လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ငြိုးခြိုကျင့်ကြံအားထုတ်ခြင်းတွေ စွန့်လွှတ်ခြင်းတွေဟာ ဒီနေ့က မိရိုးဖလာ ဗုဒ္ဓဘာသာတွေနဲ့ အလွန်တူပါတယ်။

### ပကုဓကစ္စာယန္ဒ သဿကတဝါဒ

ဥပါနိသျှဒ်ကျမ်းမှာပါတဲ့အတိုင်း ဝိညာဉ်ကလေးကို အတ္တလို့ယူပြီး ဝိညာဉ်ကလေးသန့်စင်အောင် မောက္ခဆိုတဲ့ စခန်းရောက်အောင် ကျင့်ကြံအားထုတ်ရတယ်။ သူလည်းပဲ ယနေ့ မိရိုးဖလာ ဗုဒ္ဓဘာသာတွေအတိုင်းဖြစ်တယ်။

### အဇိတကေသကမ္ဗလဝါဒ

ဥစ္ဆေဒလို့ အမည်ပေးထားတယ်။ ဗုဒ္ဓက ဓာတ်ကြီးလေးပါးလို့ ဆိုထားတယ်။ သူ့ဝါဒက ဒုက္ခရယ်၊ သုခရယ်၊ ဇီဝရယ်ပေါင်းပြီး ဓာတ်ခုနစ်ပါးလို့ ဆိုတယ်။ ဘုံလည်းမရှိဘူး။ ဘဝလည်းမရှိဘူး။ လုပ်စရာလည်းမရှိဘူး။ သေရင်ပြီးပြီတဲ့။ ဒါကြောင့် သဿတဝါဒက လွတ်မြောက်အောင် ရုန်းထွက်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သဿတက လွတ်မြောက်ပြီး အဇိတကေသကမ္ဗလရဲ့ ဥစ္ဆေဒအယူမျိုးထဲ ရောက်သွားမှာကို အတော်ကြီးသတိထားရမည်။

### မက္ခလိဂေါသလ

သူ့ဝါဒက ဘာအကြောင်းမှမရှိဘူး။ ဖြစ်ချင်သလို ဖြစ်နေတာပဲဆိုတဲ့ ကြောင်းကျိုးမဲ့ဝါဒ။

### ပုရာဏကဿပ

မကောင်းမှု ကောင်းမှုတို့သည် ဘာအကျိုးမှမရှိ။ ဘယ်လို အပြစ်မှလည်းမဖြစ်။ လုပ်ချင်ရာလုပ် ကိုယ့်ဟာကိုယ် ကောင်းရင်ပြီးရော ဟူ၏။

### သိဉ္စယဗေလဋ္ဌ

သူများက ရှိသည်ဆိုက ရှိလိုက်သော အကျိုးပေးကြောင့် ရှိသည်ဟု ဆိုလိုက်၊ မရှိဟုဆိုက အကျိုးပေးမပါ၍ မရှိဟုဆို။ သူများက ကောင်းသည်ဆိုက ကောင်းဖို့ပါရမီပါ၍ဟုဆို၊ မကောင်းဟုဆိုက ဘဝပါရမီ ညံ့၍ဟုဆို၊ တမလွန်ဖြစ်၏ဆိုက အဖို့ပါသည်ဟုပြော။ မဖြစ်ဟုဆိုက အဖို့မပါဟုဆို။ ၎င်းကိုယ်တိုင် လက်ကိုင်ဝါဒဟူ၍ ဘာမှမရှိ။ ဘဝပါရမီအထုံအဖို့ကိုသာ ရေလဲနဲ့သုံးပြီး အများမကြိုက် အလိုက်သင့် ပြောပြောသော ဝါဒဖြစ်၏။ (ဒီဃနိကာယ သီလက္ခန္ဓဝဂ်သာမညဖလသုတ်-၄)

ဒါကြောင့် ကမ္ဘာကျော် အဘိဓမ္မာရေးဆိုင်ရာ သုတေသီပညာရှင်တစ်ဦးဖြစ်တဲ့ ဘိက္ခုမှုလာက "What is religion" ဘာသာရေးဆိုင်ရာ စာအုပ်မှာ အနက် အဓိပ္ပာယ်ဖွင့်ဆိုထားတာက ဘာသာရေးဆိုသည်မှာ အခြေခံအုတ်မြစ် လေးခုရှိရမယ်လို့ ဆိုထားပါတယ်။

ပထမအချက်က "Believe Existance" နိစ္စထာဝရအားဖြင့် တန်ခိုးရှင်၊ ဖန်ဆင်းရှင်ရှိတယ်ဆိုတာကို လက်ခံရတယ်။

ဒုတိယအချက် "Believe The Efficiency Of Rites And Rituals" လူတိုင်း ဟာအပြစ်ရှိတယ်။ ဒါကြောင့် ဒီအပြစ်တွေက ပပျောက်အောင် ဘုရားသခင်ထံ ဆုတောင်းရမယ်။ ခွင့်လွှတ်ချက်တွေ ယူရမယ်။ တောင်းပန်တိုးလျှိုးရမယ်။ အပြစ်က ပျောက်အောင် ထမ်းဆောင်ရမယ်။

တတိယအချက်က "Believe in Transmitation of Soul" ဝိညာဉ်ကလေးသည် အတ္တအနေနဲ့ လက်ခံရမယ်။ ဒီဝိညာဉ်ကလေး ကောင်းကံ၊ မကောင်းကံနဲ့ တစ်ဘဝပြီး တစ်ဘဝကူးသန်းသွားလာနေရတယ်။

စတုတ္ထအချက်က "Believe of The Future Existance" ဘဝအနာဂတ်မျှော်မှန်းပြီး တမလွန်ကောင်းစားရေးအတွက် အလုပ်လုပ်ရမယ်။

### ဗုဒ္ဓဂေါတမဝါဒ ရှင်းလင်းချက်

အဲဒီမှာ ပထမအချက်ကို ဗုဒ္ဓဂေါတမဝါဒ ဗုဒ္ဓအဘိဓမ္မာနဲ့ ပြန်ပြီး ချိန်ထိုးကြည့်လိုက်ရင် တစ်ချက်မှ မကိုက်ညီတာ တွေ့ရမယ်။ နိစ္စထာဝရအားဖြင့် တန်ခိုးရှင် ဖန်ဆင်းရှင်ဆိုတာ ဗုဒ္ဓဝါဒက မရှိဘူးဆိုတဲ့ ဣဿရနိမ္မာန် ဟေတု ဒိဋ္ဌိပဲ။

ဒုတိယအချက်ဖြစ်တဲ့ လူသားတိုင်းအပြစ်ရှိတယ်ဆိုရာမှာ အစဉ်အလာမိရိုးဖလာသမားတွေကတော့ လူ့ဘုံကြီးဟာ ဒုက္ခဘုံကြီး၊ ကာမဘုံကြီးလို့ဆိုပြီး သတ်မှတ်ထားကြပေမယ့် တကယ့်ဗုဒ္ဓဝါဒကို အတွင်းကျကျ လက်တစ်ဆုံး နှိုက်ကြည့်တဲ့အခါမှာ လူသားတိုင်းဟာ အပြစ်ရှိတယ်လို့ မဆိုပါဘူး။ တဏှာ၊ ဥပါဒါန်ကို ပယ်ခွာသုတ်သင်လိုက်ရင် နိဗ္ဗာန်ဆိုတဲ့ အေးငြိမ်းချမ်းသာမှုကို လက်တွေ့မှာ တွေ့ရှိရနိုင်ပါတယ်။

တတိယအားဖြင့် ဝိညာဉ်ကလေးဟာ အတ္တ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com

အတ္တ ဝိညာဉ်ကလေးက တစ်ဘဝပြီး တစ်ဘဝ ကူးပြောင်းနေသလားဆိုတာမှာ ဗုဒ္ဓက ဒီဝိညာဉ်ကလေးဟာ အပြစ်တရား လေးပါးတဲ့။ မျက်စိနဲ့ အဆင်းနဲ့တိုက်တဲ့အခါ အမြင်ဝိညာဉ်၊ နားနဲ့အသံတိုက်တဲ့အခါ အသံဝိညာဉ်၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေနဲ့ တိုက်တဲ့အခါ အနံ့အသက်အရသာ အတွေ့အထိလေးတွေဟာ ဝိညာဉ်ကလေးတွေ ဖြစ်ဖြစ်လာတာပါတဲ့။ ဖြစ်ပြီးတော့လည်း နိစ္စမဟုတ်ဘူး။ အတ္တလည်းမဟုတ်ဘူး။ အနိစ္စ အနတ္တဖြစ်ပျက်သဘော ဥပ္ပဒဝေါသဘောမျှသာ ဖြစ်တယ်လို့ဆိုပါတယ်။

စတုတ္ထဖြစ်တဲ့ တမလွန်ကိစ္စမှာ "Believe of The Future Existance" *ဘဝအနာဂတ် မျှော်ပြီး တမလွန်ကောင်းစားရေးအတွက် အလုပ်လုပ်ရမယ်* ဆိုတာကို ဗုဒ္ဓက သဿတဝါဒဥစ္ဆေဒတို့ဖြင့် ထင်ရှားစေခဲ့ပြီး ပစ္စုပ္ပန်မျက်မှောက်အရေးသာ အဓိကလို့ ဆိုထားပါတယ်။

*ဒါကြောင့် ကြောင်းကျိုးယုတ္တိနဲ့ ဆင်ခြင်ခြင်းသဘောအမှန်ကို Realism ဝိဘဇ္ဇရှုးစမ်းသိ၊ ဆင်ခြင်သိ၊ သုံးသပ်သိ Buddhism is not မဟုတ် ဝိဘဇ္ဇ ဝိစာရဏာ ပံသနတဲ့။*

တစ်ခါ သမိုင်းကြောင်းကို ပြန်ကြည့်လိုက်တဲ့အခါ "သာသနာ့လင်္ကာရာစာတမ်း"ဆိုတဲ့ သာသနာစဉ်ဆက်ဆိုတဲ့ မှတ်တမ်းအရ မြန်မာနိုင်ငံကို မရောက်မီတုန်းက ဝါဒတို့ ဝါဒီတို့ သာသနာတို့သာတွေ့ရပြီး မြန်မာနိုင်ငံထဲကို ရှင်အရဟံ၊ ရှင်ရေဝတတို့ သယ်ဆောင်လာပြန်တော့လည်း သဗ္ဗတ္တိဝါဒီထေရဝါဒ ဗုဒ္ဓသာသနာလို့ဆိုတဲ့ အသုံးအနှုန်းများကိုသာ တွေ့ကြရတယ်။ ဘာသာဆိုတဲ့ အသုံးအနှုန်းကတော့ ခရစ်ယာန်သာသနာပြုဆရာ ဂျဒ်ဆင်လို့ခေါ်တဲ့ ဆရာယုဒသန်တို့က သူတို့ရဲ့ ခရစ်ယာန်ဘာသာနဲ့ နှိုင်းစားပြီး ဘာသာပြန်ဆို ခေါ်ဝေါ်သုံးစွဲခြင်းလို့ သတ်မှတ်ရပါတယ်။ ဒါကလည်း ကုန်းဘောင်ခေတ် နောက်ပိုင်းလောက်မှာပါ။

## ဗုဒ္ဓက ဝိဘဇ္ဇဝါဒနှင့် ကမ္မဝါဒ

ဒီတော့ ဘာသာတရားဆိုတဲ့ ယုံကြည်ရမယ်။ ယုံဝါဒ။ ဗုဒ္ဓကတော့ ကာလာမမြို့သားများကို မယုံနဲ့တဲ့။ ဝိဘဇ္ဇ၊ ဝိစာရဏာ၊ ဝိမံသနတဲ့။ သူ့ဝါဒကို ဝိဘဇ္ဇဝါဒ၊ ကမ္မဝါဒ စူးစမ်းရမယ်၊ စစ်ဆေးရမယ်၊ စမ်းသပ်ရမယ်၊ ဝေဖန်ပြီး သိရမယ်။ ကမ္မဝါဒ၊ ကံကမ္မ၊ ကံအလုပ်၊ ကမ္မအလုပ်၊ အမှုလို့ဆိုတယ်။ ကမ္မ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် ပြုလုပ်ပြောဆိုကြံစည်အပ်သော အမှုကိစ္စတို့၏ အကျိုးသက်ရောက်မှုကို လက်ခံယုံကြည်သော အယူဝါဒဖြစ်သည်တဲ့။

*ဒီမှာ ဗုဒ္ဓကိုယ်တော်တိုင် လူတွေကို ဦးစားပေးပြီး အကြောင်းအကျိုးကိုသိ၊ အသိတရားမရှိရင် မောက္ခမဖြစ်ဘူး။ အသိတရားရှိရင် အသိပိုင်ရင် ထွက်ပေါက်ရပြီး အသိဝါဒလို့ဆိုတယ်။ အသိပေါက်ရင် သမ္မာဒိဋ္ဌိ အမြင်မှန်ရပြီဆိုရင် အေးငြိမ်းမှုရပြီတဲ့။ ဒါကြောင့် သမိုင်းဆရာများက ဗုဒ္ဓဝါဒကို သိပ္ပံနည်းကျ ဝါဒ၊ ပွင့်လင်းစစ်မှန်တဲ့ ဝါဒလို့ဆိုတယ်။*

ဗုဒ္ဓက သူ့ရဲ့ဝါဒကို ဓမ္မစက္ကပဝတ္တနသုတ်မှာ တရားမှောက်ချပြီး ပြခဲ့တယ်။ လူမှာအဓိက ဒုက္ခတဲ့။ အဲဒီဒုက္ခငြိမ်းအေးရာကို ပြတဲ့နေရာမှာ (နတ်ပြည်၊ ဗြဟ္မာပြည်၊ ရုပ်တွေနာမ်တွေမပါဘူး) သမုဒယဆိုတဲ့ တွယ်တာမှုကြောင့်သာလျှင် ဒုက္ခဖြစ်ရတာ။ (သမုဒယဆိုတဲ့ တွယ်ထာမှုကို လက်မခံရင်) ဒီဒုက္ခပေါ်ကို မပေါ်နိုင်ဘူး။

သမုဒယကို အခုချက်ချင်းပယ်ရင် အခုချက်ချင်းငြိမ်းအေးမှုရတယ်။ "ဘယ်သူငြိမ်းအေးမှုရသလဲ ပယ်တဲ့သူ ငြိမ်းအေးမှုရတယ်"

အနတ္တအဘိဓမ္မာဟာ မိဂဒါဝုန်မှာ ပထမဆုံးဟောတဲ့ တရားဖြစ်တယ်။ နိယာမအစဉ်အလာအားဖြင့် *လောကကြီးသုံးပါးဖြစ်တဲ့ ဩကာသလောက၊ သင်္ခါရလောက၊ သတ္တလောကဟာ သံသရာပဲ။ ဒီသံသရာထဲမှာ ဖြစ်လိုက်ပျက်လိုက် အစဉ်နဲ့လည်နေတာ။ အဲဒီ .အနတ္တ၊ အဲဒီသဘာဝ၊ အဲဒီနိယာမ၊ ဒီနိယာမသဘာဝ အနတ္တကို သဘောမပေါက်ဘူး။ သူ့သဘော သူဆောင်နေတယ်ဆိုတာကိုလည်း အမှန်အတိုင်း မသိတာက အဝိဇ္ဇာ။ အဲဒီ အဝိဇ္ဇာကို အကြောင်းရင်းခံပြီး တဏှာ၊ ဥပါဒါန်တို့ဆိုတဲ့ သမုဒယတွေဝင်လာခဲ့ရတယ်။ ဒါကို အမှန်အတိုင်းသိရင် တဏှာလည်းမလာ၊ ဥပါဒါန်လည်း မပါတော့ဘူး။ အဲဒီ အနတ္တတရားကိုသာပိုင်ရင် ဒုတိယ သစ္စာလေးပါးဆိုတဲ့ လောကဖြစ်စဉ်တွေကိုသာ သုံးသပ်ကြည့်ရင် ရှင်းလင်းသွားပါပြီ။*

*စာသဘောနဲ့ပြောရရင် ဗောဓိပက္ခိယတရား ၃၇ ပါးကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်နှင့် သိဖို့ပဲလိုတယ်လို့ဆိုတယ်။ အဲဒီလို အသိတစ်လုံး အရှင်းခံလိုက်ရင် (အောင်မြင်မှုနဲ့ ငြိမ်းအေးမှု) ရပါပြီ။*

ရဲဘော်ကျော်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

# နေ့သားခါပြန်
# ဖယောင်းတိုင်ပူဇော်နည်း

## ဇေယျတု (B.A)

သတ္တုမပြောက် ကျော်အောင်စံထားဆရာတော်ဘုရားကြီးထံ စာရေးသူသည် ခုနစ်ရက်သားသမီးများ စီးပွားတိုးတက်စေရန် ဆောင်ရွက်ရမည့် ယတြာများ ချီးမြှင့်ပါရန် လျှောက်ထားရာတွင် ဆရာတော်ကြီးက အောက်ပါအတိုင်း ချီးမြှင့်ခဲ့ပါသည်။

**အောက်ဖော်ပြပါ ပန်းခြောက်မျိုးကို တစ်မျိုးလျှင် ကိုးပွင့်၊ သို့မဟုတ် ကိုးညွှန့်ကို ဝါးခြေတောက်ဖြင့် ပြုလုပ်သော ပန်းအိုးတွင်ထည့်၍ အိမ်ဘုရားတွင် လှူရပါမည်။ ဝါးခြေတောက်ပန်းအိုးကို ရွှေရောင်၊ ငွေရောင် ခြယ်ရပါသည်။ အထက်ပိုင်းရွှေရောင်၊ အောက်ပိုင်းငွေရောင် ခြယ်ရပါမည်။**

တင်လှူရမည့် ပန်းခြောက်မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) သပြေပန်း
(၂) မွေးနေ့နံပန်း
(၃) မွေးနံ၏ အမြစ်ပန်း
(၄) မွေးနံ၏အညွန့်ပန်း
(၅) မွေးနံ၏ ပဥ္စပွတ်ပန်း
(၆) မွေးနံ၏ ဆပွတ်ပန်းများ ဖြစ်ပါသည်။

ဥပမာ သောက်ကြာသားသမီးများအတွက် ဆိုပါက
(၁) သပြေ ၉ ညွှန့်
(၂) သီဟိုညွှန့် (သို့) ပျဉ်းတော်သိမ်ညွှန့် ၉ ညွှန့်
(၃) မေမြို့ပန်း (သို့) ဂန္ဓမာပန်း ၉ ပွင့်
(၄) ဒန်ညွှန့် ၉ ညွှန့်
(၅) ငွန်ပန်း (သို့) နှင်းဆီပန်း ၉ ပွင့်
(၆) ရွှေပန်း (သို့) ရွက်လှ (သို့) ဝါးညွှန့် ၉ ညွှန့်၊ ၉ ပွင့်

စသည်တို့ ဖြစ်ပါသည်။ ကျန်နေ့သားသမီးများလည်း မိမိတို့နှင့်သက်ဆိုင်ရာ နေ့နံပန်းများဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ထိုပန်းများအပြင် အောက်ဖော်ပြပါ ဂါထာများကို လည်း ပုတီးစိပ်ရပါမည်။ ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ ဖြင့် ပုတီးစိပ်ရပါမည်။

(၁) သုဂတော ငါးချက် ဂါထာ တစ်ပတ်
(၂) ပထမံဂါထာ တစ်ပတ်
(၃) နည္ဓြဂါထာ တစ်ပတ်
(၄) ဘဝေဂါမဟံဂါထာ တစ်ပတ်
(၅) စိန္တာမဏိဂါထာ သုံးပုဒ် တစ်ပတ်
(၆) ဇိ ၁၀ ချက်ဂါထာ တစ်ပတ်
(၇) စဓဗဝ ဂါထာ တစ်ပတ်
(၈) အဝိသုနသာနတိပုဒိအာဂါထာ သုံးပတ်
(ဂုဏ်တော်ကွန်ချာဂါထာမှာ အမှတ်(၈) ဂါထာ)


နေ့သားခါပြန် ဖယောင်းတိုင်ကိုလည်း အောက်ပါ အတိုင်း ပြုလုပ်ပူဇော်ရပါမည်။ ဖယောင်းတိုင်ကို ဖင်မှခေါင်းသို့ (မီးဇာဘက်သို့) "အဝိသုနသုနတိပုဒိအာ" ဂါထာကို ရေးပါ။ တစ်ဖန် ဖယောင်းတိုင်ခေါင်းမှ ဖင်သို့ နေ့သားခါပြန်ကို ရေး၍ မိမိလိုရာဆုတောင်းရေးပါ။

ယခုပြထားသော ဥပမာပုံစံမှာ အသက် ၇၂ နှစ်ရှိ သောကြာသားတစ်ဦး၏ ယတြာဖြစ်ပါသည်။ ဖယောင်းတိုင်ပုံ နှစ်ပုံမှာ တစ်တိုင်တည်း၏ တစ်ဖက်တစ်ချက်ပုံ ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com




ဖယောင်းတိုင်၏ တစ်ဖက်မျက်နှာစာပုံ




ဖယောင်းတိုင်၏ အခြားတစ်ဖက်မျက်နှာစာပုံ

**ဆောင်ရွက်ရမည့်မှာ**

(၁) ဤယတြာအစီအစဉ်ကို မိမိမွေးနေ့တိုင်း စတင်ဆောင်ရွက်ရမည်။

(၂) ကန်တော့ပွဲ စုံလင်စွာတင်ရမည်။

(၃) ဤယတြာအစီအစဉ်ကို ၂၇ ရက်တိတိ ပြုလုပ်ရပါမည်။

(၄) နေ့သားခါပြန်ဖယောင်းတိုင်ကို သုံးတိုင်ပြုလုပ်ရမည်။

(က) တစ်တိုင်ကို ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ရည်စူး၍ လှူဒါန်းပူဇော်ပါ။

(ခ) အခြားတစ်တိုင်ကို သာသနာစောင့်နတ်များကို ရည်စူး၍ ပူဇော်ပါ။

(ဂ) နောက်တစ်တိုင်ကို ရွာစောင့်၊ မြို့စောင့် နတ်များကို ရည်စူး၍ပူဇော်ပါ။

(၅) နေ့သားခါပြန်ဖယောင်းတိုင် သုံးတိုင်ကို နံနက် ၆ နာရီမှ ၉ နာရီအတွင်း မီးထွန်းပူဇော်ပြီး အောက်ဖော်ပြပါ ဂါထာများကို ပုတီးစိပ်ပါ။

**ပုတီးစိပ်ရမည့်ဂါထာများ**

**(၁) သုဂတောငါးချက်ဂါထာ ပုတီးတစ်ပတ်**

သုဂတော၊ သုဂတဥ္စာနံ၊
သုဂတော၊ သုန္ဒရံပိစ၊
သုဂတော၊ နိဗ္ဗာနံယာတိ၊
သုဂတော၊ တေနမောနမာ။

**(၂) ပထမံဂါထာ ပုတီးတစ်ပတ်**

ပထမံ သကလက္ခဏာ မေကာပဒံ၊
ဒုတိယာ ဒိ ပဒသာ၊ နိဒဿနံတော
သမနိ ဒုနိမာ သမဒ္ဒ သနိဒ္ဒ
ကမ္မတော ဝိဘင်္ဂေ ပထမေနဝိနာ။

**(၃) နည္တြဂါထာ ပုတီးတစ်ပတ်**

နည္တြ ဗောဓိတပသာ၊
နည္တြဗြိယ သံဝရာ၊



www.burmeseclassic.com

www.burmeseclassic.com

နညတြ သဗ္ဗနိသင်္ဂါ
သောတိပသာဒိပါထိန်း

(၄) ဘဝေဝါယံ ပုတီးတစ်ပတ်
ဘဝေဝါဟံ၊ ဘယံဒိတ္ထံနံ၊
ဘဝဓူဝိဘဝေသီနံ၊
ဘဝံနာဘိဝဒိကိဒ္ဓိ၊
နန္ဒိ စ နဥပါဒိယိ။

(၅) စိန္တာမဏိဂါထာ ပုတီးသုံးပတ်
■ စိန္တာမဏိ ရတနာနံ၊ ဖုဒ္ဓံဖုဒ္ဓရတနာနံ
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
(ပုတီးတစ်ပတ်)
■ စိန္တာမဏိရတနာနံ၊ ဓမ္မံဓမ္မရတနာနံ
ကရံကရတိသရဏံ၊ ခိပ္ပမေဝသမိဇ္ဈတု။
(ပုတီးတစ်ပတ်)
■ စိန္တာမဏိရတနာနံ၊ သံဃံသံဃရတနာနံ
ကရံကရတိသရဏံ၊ ခိပ္ပမေဝသမိဇ္ဈတု။
(ပုတီးတစ်ပတ်)

(၆) ဇိ ၁၀ ချက်ဂါထာ ပုတီးတစ်ပတ်
ဇိနပါပံ၊ ဇိနံသေဋ္ဌာ၊
ဇိနပါပံ၊ ဇိနံဓမ္မာ၊
ဇိနပါပံ၊ ဇိနံသံဃော၊
ဇိနောရသံ၊ ဇိနံဂုရု၊
ဇိနဗိင်၊ ဇိနံနမေ။

(၇) စ-ဓ-ဗ-ဝ ဂါထာ ပုတီးတစ်ပတ်
စက္ခု မာစရမာ စိန္တော
ဓမ္မညုဓမ္မသာမိကော
ဗလုပေတော ဗလဓမ္ဘော
ဝရဒါဒေတုမေဝရံဝရံ။

(၈) ဂုဏ်တော်ကွန်ချာ အမှတ်(၈)ဂါထာ ပုတီး
တစ်ပတ်
အဝိသုနသာနုတိ ပုဒ်အာ။

ဘုရားဂုဏ်တော်ကွန်ချာ ရှစ်ဂါထာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဣရဋ္ဌာ ဂတ္တ ရသာ
၂။ တိဟာံစတောရောထိန်
၃။ ဝိသရလောပုသဗု
၄။ သောမ္မာထာကရိတ္တာဒ္ဓေါ်
၅။ ဘသသဝိသဒေဘ
၆။ ဂမ္ဘုမ္မဒ္ဓဝဂ
၇။ ဝါဒွေါ်နွေအမ္မဓါ
၈။ အဝိသုနသာနုတိ

ထိုဘုရားဂုဏ်တော်ကွန်ချာဂါထာများ၏ အကျိုးအာနိသင်များမှာလည်း အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဣရဋ္ဌဂတ္တာ၊ ထမင်းမန်း၍စား မှချားသွား မပဲ့လား။
၂။ တိအံသုံးမှာ၊ ဆေးကွမ်းယာ၊ ရွတ်ကာနေ့တိုင်းစား၊ မြင်က ချစ်သနား။
၃။ ဝိကိုတစ်ဖန်၊ အနာပေါက်ပြန်၊ မှန်စွာငြပ်၊ မန်းကာသုတ်၊ မှချမပျောက်လား။
၄။ သောကားတဝ၊ ဣထိယ၊ ရွတ်ကာနေ့တိုင်းသွား မြင်က ချစ်သနား။
၅။ ဘကိုတစ်ဖန်၊ အကျဉ်းခံ၊ အမြန်မလွတ်လား။
၆။ ဂမုတလီ၊ ဆံတွင်ဆီမန်း၊ လိမ်းကာမှုတ်၊ ကိုယ်တွင်သုတ်၊ မှချကေန်၊ စားခုတ်ခံ၊
၇။ ဝါအရေးရှိ ရွတ်တုံဘိ၊ သိဒ္ဓိဆာယာသွား။
၈။ အမှာတစ်ကြောင်း ရေးတိုင်းကောင်း၏ အ၏ အလိုဆန္ဒဆို လိုရာသုံးတော့လား။

လိုရာဆန္ဒ ပြည့်ဝကြပါစေ...။

ဝေယျတု (B.A)



www.burmeseclassic.com

www.burmeseclassic.com

# ပါဒနိုင်ငံဆက်

# ဘီလူးမသိမ်

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ပါဒနိုင်ငံဆက် ဘီလူးမသိမ်

## ကျော်မင်းနိုင်

ကျွန်ုပ်သည် အနယ်နယ်အရပ်ရပ်သို့ ဂန္ဓာရီကျင့်စဉ်အရ လှည့်နေခဲ့သူဖြစ်၍ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံများ၊ ထူးဆန်းသောဖြစ်ရပ်များကို ကြုံတွေ့လျှင် ကြုံတွေ့သလို မှတ်တမ်းတင်ရန် အထုံအလေ့ရှိသူဖြစ်၏။

သို့ဖြစ်သည့်အားလျော်စွာ . . .

မွန်တို့၏ ဂဝံယဉ်ကျေးမှု ထွန်းကားရာ အောက်အရပ် ဟံသာဝတီခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနယ်များ ပါဝင်သော ပါဒနိုင်ငံတော်ဟောင်း ယခုအခါတွင် ဂဇီရုပ်ကျိုးရုပ်ပဲ့များနှင့် ပြည့်နှက်နေသော ပါဒကြီးကျေးရွာသို့ ရောက်ရှိသွားလေသည်။

ကျွန်ုပ် မြန်မာပြည်မြောက်ပိုင်းတွင် အစိုးရအရာရှိအဖြစ် အမှုထမ်းစဉ် ကျွန်ုပ်၏ တပည့်ရင်းဖြစ်ခဲ့ဖူးသော မောင်ကြည်လွင်နှင့် ပါဒကြီးရွာတွင် ပြန်လည်တွေ့ဆုံစဉ် မောင်ကြည်လွင်သည် သန်လျင်မြို့ ဟံသာဝတီခရိုင်ဆေးရုံ၌ အမှုထမ်းစဉ်ကာလက သူတွေ့ကြုံခဲ့ရသော ပါဒနိုင်ငံတော်ဆက် ဘီလူးမသိမ်မှ အစောင့်အရှောက် ဘီလူးမနှင့် ဆက်စပ်နေသည့် ကြောက်လန့်ချောက်ချားဖွယ် ထူးဆန်းသော ဖြစ်ရပ်တစ်ခုအား မှတ်တမ်းတင်ထားသည်ကို ကျွန်ုပ်အား ထုတ်ပြလေသည်။

သူသည် စာရေးစာဖတ် ဝါသနာပါသူဖြစ်ရကား သူ၏ ပါဒနိုင်ငံတော်ဆီ ဘီလူးမသိမ် ခေါင်းစဉ်းတပ်ထားသည့် ဤထိတ်လန့်ချောက်ချားစရာ ဖြစ်ရပ်မှန်ကို သူ၏ မူရင်း အရေးအသားအတိုင်း ကျွန်ုပ် တင်ပြလိုက်ရပါကြောင်း။

*ဂန္ဓာရီဆရာကြီး နတ်စက်ရှိန်*

* * *

ဆေးရုံရင်ခွဲရုံ နီကျင်ကျင်မီးရောင်ကလေးအောက်မှာ ကြောက်တတ်သူများအတွက် ကျောစိမ့်ဖွယ်မြင်ကွင်းပင် ဖြစ်သည်။

အင်္ဂလိပ်ကိုလိုနီခေတ် လက်ကျန်အဆောက်အဦတွေ သန်လျင်လိုနေရာမျိုးမှာ များပြားလှသည်။ ဥပမာ ဘီအိုစီ ရေနံချက်စက်ရုံလို အဆောက်အဦများ၊ ဟံသာဝတီခရိုင်အုပ်ချုပ်ရေးရုံးက အဆောက်အဦ၊ ခရိုင်ဆေးရုံကြီး၏ မှုန်ကုပ်ကုပ် အုတ်ကြွပ်အမိုးပြင်ကြီးနှင့် လူနာအဆောင်ဟောင်းများ၊ ပြီးတော့ ဆေးရုံဟောင်းကြီးနှင့် မျက်နှာချင်းဆိုင်မှာ ရဲစခန်းအဆောက်အဦအချို့ . . .။

ဆေးရုံနှင့် ရင်ခွဲရုံမှာလည်း ကိုလိုနီခေတ်ကတည်းက ဆောက်လုပ်ထားသော အဆောက်အအုံများ ဖြစ်ပြီး၊ တခြားတိုးချဲ့ဆောင်များနှင့် အသွင်သဏ္ဍာန်ချင်း ခြားနားလွန်းလှသည်။

အုတ်ကြွပ်မိုးပြီး၊ အုတ်သားကောင်းကောင်းနှင့် တည်ဆောက်ထားသဖြင့် ဗကြာခဏ သန့်စင်အောင် တိုက်ချွတ်ထားပါက အနီရောင် ပတ္တမြားခဲလို အမြင်ရှင်းသန့်ပြီး ဆေးရုံဟောင်းအဆောက်အဦသည် လူနာများအတွက် စိတ်ကြည်လင်စရာ ဖြစ်ပေမည်။

ယခုတော့ ဘတ်ဂျက်ဆိုတာကြီးကို ပုံချ၍ မပြုမပြင် ပစ္စလက္ခတ်သဘောမျိုး ထားကြ၍ အုတ်သားများကို ရေညှိများတက်ပြီး မွဲခြောက်ခြောက်အရောင်ဖြင့် လန့်စရာပင် ကောင်းနေတော့သည်။

ပင်မဆေးရုံကြီးကိုမူ ခရိုင်ဆရာဝန်ကြီး Round လှည့်လေ့ရှိသဖြင့် တစ်နှစ်တစ်ကြိမ် ချေးချွတ်ဆေးသုတ်လေ့ရှိသဖြင့် အနည်းငယ် ကြည့်ပျော်ရှုပျော်ဖြစ်နေသော်လည်း ရင်ခွဲရုံမှာမူ သပ်သပ်ရပ်ရပ်ရှိ မရှိတော့။ ပြတင်းပေါက်မှန်များ ကွဲနေသည်။ လူသေအလောင်းကောင်ရှိမှ အဝင်အထွက်ပြုလုပ်ရာဖြစ်၍လည်း ရင်ခွဲရုံဝန်းကျင်မှာ လူသူပြတ်လပ်သည်။ အုတ်တိုက်၊ အုတ်ကြွပ်မိုး အဆောက်အဦဖြစ်၍ ခေါင်မိုးတွင် နတ်သ ါးကွမ်းရွက်ပင်များ ပေါက်နေကာ ဘေးနံရံအုတ်သားများ ရေညှိတက်နေသဖြင့် နေ့ခင်း



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ် ကြည့်လျှင်ပင် မွဲခြောက်ခြောက်နိုင်လှသည်။

ဆေးရုံရှေ့မျက်နှာစာအဖြစ် ကာရံထားသော အုတ်အင်္ဂတေအကာစည်းရိုးကို မူလက ထုံးသုတ်ကြသော်လည်း ယခုမူ မသုတ်တာ ကြာပြီဖြစ်၍ မြေဖွေ့ရိုက်ပြီး မည်းမှောင်နေလေပြီ။

ထိုအုတ်နံရံဘေးမှာ ချုံများ ရှင်းလင်းခြင်းမရှိသောကြောင့် ချုံနွယ်ပိတ်ပေါင်းထူထဲ၊ မြေကြွက်ကြီးများ ပျော်ပါးမြူးထူးရာလို ဖြစ်နေပြန်၏။

လူသေအလောင်းရှိပါက ရင်ခွဲရုံအတွင်းမှာ လေးဆယ်ဝပ်အား မီးအလင်းမှိန်မှိန် ထွန်းပေးထားတတ်သော်လည်း လူသေအလောင်း မရှိပါက မီးမထွန်းဘဲ မှောင်ချထားတတ်သည်။ ရင်ခွဲရုံအတွင်းမှ မီးအလင်းအမှောင်သည် လူသေအလောင်း ရှိ၊ မရှိ သင်္ကေတအဖြစ် ဆေးရုံဝန်းကျင်မှ လူအများ နားလည်ထားကြပြီ။

ရင်ခွဲရုံအပြင်ဘက်မှာ အိုဟောင်းနေသော ဓာတ်တိုင်ကြီးတစ်တိုင်ရှိ၏။

ထိုဓာတ်တိုင်မှာလည်း မီးလင်းသည့်အခါ လင်းပြီး မီးမလင်းသည့်အခါက များနေသည်။

ရင်ခွဲရုံသည် ဆေးရုံတက်သူများအတွက် အကြောက်ဆုံးနေရာ ဖြစ်ရသည့်အထဲ တည်နေပုံက သန့်ရှင်းသပ်ရပ်မှုမရှိ၍ အနိဋ္ဌာရုံအသွင်ကို ဆောင်နေ၏။

ရင်ခွဲရုံနှင့် ကားလမ်းက နီးပြီး ဆေးရုံပင်မ အဆောက်အအုံနှင့် ခပ်လှမ်းလှမ်းရှိနေသည်။ ရင်ခွဲရုံနှင့် ကားလမ်း နီးနေခြင်းမှာ ဆေးရုံမှ မသာချလျှင် ရင်ခွဲရုံမှ ထုတ်ယူရ၍ ကားလမ်းနှင့်နီးနီး ဆေးရုံမျက်နှာစာရှေ့မှာ ရင်ခွဲရုံဆောက်လုပ်ထားကြပုံရလေသည်။

ရင်ခွဲရုံနှင့်နီးသော ကားလမ်းမှာ ဆေးရုံမျက်နှာစာ ရဲစခန်းအိမ်ရာဘေးတိုက် ဖြစ်၍ လမ်းတိုကလေးမျှသာ ဖြစ်ရာ ညအချိန် လူသွားလူလာ ပြတ်လှသည်။ ကားလမ်းပေါ်တွင် လမ်းမီးတိုင်များ ရှိသော်လည်း အကျင့်ပျက်သကောင့်သားများ၏ လက်သရမ်းမှုကြောင့် ထိုဓာတ်မီးတိုင်များမှာ ဝင်္ဂကြေးတစ်ခုသဖွယ် မီးလင်းလည်း ခဏပင်။

ကျွန်တော်သည် ဆေးဝယ်စရာရှိသဖြင့် ဆေးရုံကြီးရှေ့ ရဲစခန်းဝင်းအတွင်း ဆေးမျိုးစုံဆိုင်ဖွင့်ထားသော သူငယ်ချင်းဖြစ်သူ ကိုခင်စော(ပုဂ္ဂိုလ်ကြီး)နှင့် ဇနီးဖြစ်သူ ဆရာမကြီး ဒေါ်စမ်းတင့်တို့ ဆိုင်ဘက်သို့ စက်ဘီးနင်းလာစဉ် ရင်ခွဲရုံရှေ့ ကားလမ်းမပေါ်မှ မဖြတ်မဖြစ် ဖြတ်နင်းလာရသည်။

ပဲခူးစု ဆေးရုံအောက်ကွေ့မှ စက်ဘီးကို ချိုးကွေ့ပြီး နင်းလိုက်စဉ်မှာပင် ရင်ခွဲရုံကို လှမ်းမြင်နေရသည်။ ရင်ခွဲရုံမှာ မီးလင်းနေသဖြင့် လူသေအလောင်းတစ်လောင်းလောင်းတော့ ရှိနေမည်မှာ သေချာသည်။

ထိုနေရာမှာ ဆေးရုံကုန်းတက် ကျွန်တော်က စက်ဘီးကို ဖြည်းဖြည်းမှန်မှန်နင်းရင်း နောက်မှ စက်ဘီးတစ်စီး နင်းလျက်ပါလာသော ကျွန်တော်၏ ဦးလေးယောက်ဖ ကိုဖိုလ်စိန် (ကျွန်တော့်မိန်းမ၏ ဦးလေး) ကျွန်တော့်စက်ဘီးကို မီလာစေရန် အရှိန်လျှော့နင်းရသည်။

ကိုဖိုလ်စိန်နှင့် ကျွန်တော်မှာ ပဲခူးစုလမ်းထိပ် ဖိုးထောင်ကြီး၏ လက်ဖက်ရည်ဆိုင်တွင် ညညဆုံပြီး လက်ဖက်ရည်သောက်၊ ဂဏန်းတွက်လေ့ရှိကြသည်။

ထိုညက ကျွန်တော်တို့ စကားကောင်းနေပြီး ညနေက ဆေးရုံတင်လိုက်ရသည့် ကျွန်တော်တို့သူငယ်ချင်း လူရွှတ် ငမိုးကြီးအကြောင်း ပြောမိကြသေးသည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဖိုးထောင်ကြီးကလည်း ကျွန်တော်တို့နည်းတူ ငမိုးကြီးနှင့် ကျောင်းနေဘက် သူငယ်ချင်းဖြစ်၍ သတင်းမေးခြင်း ဖြစ်၏။

"ဘယ်လိုလဲ ကိုယ့်ဆရာတို့၊ နေ့လယ်က ညောင်သုံးပင် သချိုင်းမှာ ဆရာတော်ကြီး အဂ္ဂမဟာပန မီးသင်္ဂြိုဟ်ပွဲမှာ ငမိုးကြီးနဲ့ ထိန်းရည်တွေ မူးပြီး တော်တော်ပျော်နေကြတယ်ပေါ့လေ။ ဟိုကောင် ငမိုးကြီးဆိုရင် ပုဆိုးမနိုင်၊ ပဝါမနိုင်နဲ့ အတော်ကြည့်ရဆိုးတာပဲ"

"ကြည့်ရဆိုးသလို အတော်လည်း ထိန်းရခက်တယ်ကွ။ ညောင်သုံးပင်ရွာအစပ်က ဘီလူးမသိမ်မှာ ဒီဘီလူးမ ဘာဘီလူးမလဲဆိုပြီး အငြိုးအတေးနဲ့ သေးဝင်ပန်းတော့တာပဲ။ မနည်းချော့မော့ ထိန်းသိမ်းပြီး သူ့အိမ်ရောက်အောင် ပြန်ပို့ခဲ့ရတယ်"

"ငမိုးကြီး ဘီလူးမကို ဘာအငြိုးအတေးထားတာလဲ။ အဲဒီ ဘီလူးမရုပ်တုဟာ ပါဒနိုင်ငံဆက် အစောင့်ဂဝံရုပ်တုပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ၊ ဒါကြောင့် ညောင်သုံးပင်ရွာအစပ် ညောင်သုံးပင်သချိုင်း တောင်ဘက် ဘီလူးမသိမ်ဆိုပြီး လူတွေက ရပ်ရွာအစောင့်အရှောက် အဖြစ် တရိုတသေ ကိုးကွယ်ထားကြတာ မင်းတို့အသိပဲ။ အဲဒါကွာ ... ငမိုးကြီး ညောင်သုံးပင်ရွာသူ မှုမှုနဲ့ ချစ်ကြိုက်နေရာက မှုမှု ညောင်သုံးပင်ရွာသား တင်ငွေကြီးနဲ့ ယူသွားလို့ ညောင်သုံးပင်ရွာစောင့် ဘီလူးမက သူတို့ ညောင်သုံးပင်ရွာဘက် မျက်နှာလိုက်တယ်ဆိုပြီး ညောင်သုံးပင်ရွာရောက်တုန်း ထန်းရည်မူးပြီး ဘီလူးမရုပ်ကို သေးနဲ့ပန်းတော့တာပဲ"

"မလုပ်ကောင်းပါဘူးကွာ ...။ မအပ်မစပ်သွားလုပ်တယ်"

"အေး .. ဟုတ်တယ်။ ဘီလူးမသိမ်မှာ သေးပန်းပြီး ဘာကြာလို့လဲ။ ဘုန်းကြီးပျံပွဲမှာ မင်းသားစိန်အောင်မင်းဝင့်၊ မင်းသမီး ရွှေလိပ်ပြာတို့ ရင်ကျူ[illegible]ကောင်းနေတုန်းမှာ ဒီကောင် ကြာကြာ မကြည့်နိုင်တော့ဘဲ ဆီးခုံက အောင့်တက်လာတယ်လို့ မခံမရပ်နိုင် အော်ဟစ်နေလို့ ပဲခူးစုက သူ့အိမ်ကို တို့မြင်းလှည်းနဲ့ တင်ပြီး ပြန်ပို့လိုက်ရပါပကောလား"

"အေး ... အဲဒါ အိမ်မှာလည်း ပိုဆိုးလာလို့ သူ့အိမ်သူ့အိမ်သားတွေ ညနေက ဆေးရုံတင်လိုက်ရသတဲ့ကွ။ မင်းတို့လည်း ငမိုးကြီးနဲ့ နေ့လယ်က အတွဲကြီးရာပါတွေဆိုပြီး ဘီလူးမက ဖမ်းစားဦးမယ်။ ပါဒနိုင်ငံစောင့် ဘီလူးမက ငမိုးကြီးထက် အပြုံးအတေး ပိုကြီးတတ်တယ်ကွ .. ဟဲ .. ဟဲ .. ဟဲ"

"အိုကွာ ... ဖိုးထောင်၊ မင်း ပါးစပ်ပုပ်ကြီးနဲ့ကွာ။ ဖွဟဲ့ ... လွဲပါစေ၊ ပယ်ပါစေ။ ကိုဗိုလ်စိန် ဖိုးထောင်ကြီးနဲ့ ဆက်ပြီး စကားပြောချင် ပြောနေများ။ ဒီကောင်ကြီး မဟုတ်တရုတ် အင်မတန်ပြောတယ်။ ည ၁၀ နာရီတောင် ကျော်နေပြီ။ ကျွန်တော် အိမ်အတွက် ဆေးဝယ်ရမှာမို့ သွားတော့မယ်။ ဆေးဆိုင်က ကိုခင်စောတို့ လင်မယား ဆေးဆိုင်ပိတ်သွားပြီလား မသိဘူး"

ကျွန်တော်က ဖိုးထောင်ကြီးနှင့် စကားပြောပြတ်စေရန် ထောင်ထားသော စက်ဘီးကို ယူနင်းပြီး ရှေ့က ထွက်လာခဲ့သည်။

မိုးဦးကျမို့ ခပ်စောစောက လေပြင်းကျထား၍ မိုးခပ်သဲသဲ ရွာထားသဖြင့် ကတ္တရာလမ်းမပေါ်မှာ ရေများပင် မခြောက်သေး။

ဆေးရုံကုန်းတက်လမ်းမှာ လမ်းမီးတိုင်များရှိသော်လည်း သကောင့်သားတို့၏ မဆိုးတဝါး လက်ချက်ကြောင့် မီးမလင်းဘဲ အမြဲလိုလို အမှောင်ကျနေတတ်သည်။ ကားအသွားအလာ ရှိမှသာ ကားမီးအလင်းရောင် တစ်ခဏမျှ ရတတ်သည်။ ဆေးရုံဆောင်တွေမှ မီးအလင်းရောင်ကလည်း ဆေးရုံဝင်းထဲမှ သစ်ပင်များ၊ ကားလမ်းဘေးမှ လူသုံးလေးဖက်စာမျှရှိသော ကုက္ကိုပင်ကြီးများကြောင့် ကားလမ်းမပေါ်သို့ မရောက်နိုင်ဘဲ မှောင်မြဲတိုင်း မှောင်နေ၏။

ကျွန်တော် ခပ်ဖြည်းဖြည်းမှန်မှန် စက်ဘီးကို နင်းလာရာက ရင်ခွဲရုံနှင့် နီးလာ၏။

ယာဉ်ကြောအားဖြင့် ညာဘက်ခြမ်းကျ၍ လမ်းညာဘက်တွင်ရှိသော ဆေးရုံရင်ခွဲရုံနှင့် ကျွန်တော့်အကြားမှာ ဆေးရုံဝင်း အုတ်တံတိုင်းတစ်ခုသာ ခြားပြီး ရင်ခွဲရုံဘက်နှင့် ပို၍နီးကပ်နေ၏။ •

လေပြင်းပြင်း တစ်ချက်တစ်ချက် အသုတ်မှာ အပုပ်နံ့စူးစူးထွက်လာသဖြင့် ရင်ခွဲရုံဘက်ကို ဆတ်ခနဲ မလုံမလဲ ကြည့်မိသည်။

ကျွန်တော်သည် ပင်ကိုအားဖြင့် ကြောက်တတ်သူ မဟုတ်။ လူနာများ၊ လူသေအလောင်းများနှင့် မကြာခဏ ထိတွေ့ရသော ဆေးရုံဝန်ထမ်းဖြစ်၍ အတွေ့အကြုံရှိနေသူ ဖြစ်၏။ ယင်းကြောင့်လည်း ...

"ရင်ခွဲရုံရှေ့က ဖြတ်တခုပဲ။ ဒီလောက်တော့ ရှိမှာပေါ့"ဟူသော အတွေးနှင့် ကိုယ့်ကိုယ်ကို ပြန်၍ နှစ်သိမ့်တွေး တွေးလိုက်ရ၏။ ဆေးရုံမှာ သေသူတချို့၏ အလောင်းကို အိမ်ကို ပြန်သယ်ကာ အရပ်ကမသိအောင် ဖုံးဖုံးဖိဖိလုပ်ပြီး အိမ်ကျမှ သေလေဟန်ဖြင့် အခေါင်းသွင်းတတ်သူများ ရှိတတ်ကြသည်။ ဤသည်မှာလည်း မြန်မာတို့၏ ရှေးရိုးအစွဲ ဆေးရုံမှ အလောင်း အိမ်ပြန်ယူလျှင် ရွာနာသည်ဟူသော အစွဲများကြောင့် ဖြစ်လေသည်။ ကိုယ်ကတော့ မသေဘူးတဲ့လား။ ကိုယ့်အိမ်ကလူတွေလည်း သေမှာမဟုတ်တော့ဘူးလား။

တချို့လည်း ရှိပါသေးသည်။ မသာချ၍ သင်္ချိုင်းကုန်းသို့ မသာပို့ရာမှာတောင် မသာမဝင်ရတာတို့၊ ဒီလမ်းက မသာမချရတာတို့။ လူသည် အားလုံး သေမျိုးတွေမဟုတ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

တဲ့လား။

ထိုအယူသီးမှုတွေကြောင့် တချို့က ဆေးရုံမှာသေသည့် လူနာကို အလုပ်ရှုပ်ခံ၊ ပြဿနာအဖြစ်ခံပြီး အိမ်ပြန်သယ်မနေကြတော့။ အလောင်းကို အိမ်ပြန်မယူဘဲ ရင်ခွဲရုံ၊ ရေခဲတိုက်တို့မှာ သုံးရက်ခန့်ထားပြီး ရင်ခွဲရုံမှတစ်ဆင့် ခေါင်းသွင်း၊ မသာချကြ၏။

ထိုစဉ်က သန်လျင်ဆေးရုံကြီးမှာ ဟံသာဝတီခရိုင် ဆေးရုံကြီးဖြစ်ပေမည့် ရေခဲတိုက် မရှိသေး၍ အိမ်ပြန်မယူလိုသော အလောင်းများကို ရင်ခွဲရုံမှာ သင်္ဂြိုဟ်မည့်ရက်အထိ သုံးလေးရက်မှ ခုနစ်ရက်အထိ ထားချင်ထားတတ်ကြသည်။ တချို့ နယ်မှ ဆေးရုံလာတက်သူများ မြို့ပေါ်မှာ ဆွေမျိုးထောက်ခံ မရှိ၍ ဆင်းရဲလွန်းသောကြောင့် သင်္ဂြိုဟ်စရိတ်မျှမတတ်နိုင်သဖြင့် ရင်ခွဲရုံမှာ အလောင်းကြီးကို ဒီအတိုင်းပစ်ထား၍ လစ်ပြေးကြသည်။

တချို့ကျပြန်တော့လည်း ရာဇဝတ်မှုခင်း လူသတ်မှုအရ ပိုင်ရှင်မပေါ်ဘဲ ထားရသည့် အလောင်းများ ရှိနေတတ်သည်။ အနေမတော် ပုပ်ပွ၊ အခံရဆိုးတော့မှ ပိုင်ရှင်မပေါ်သောအလောင်းကို ဆေးရုံဝန်ထမ်း ရာဂျူး၏ သံသေတ္တာအခေါင်းပိတ် တွန်းလှည်းကလေးနှင့် တွန်းပြီး ညောင်သုံးပင် သင်္ချိုင်းရှိ အမှတ်မရှိ၊ လမ်းမသိ၊ ဘုံဇာတိ သင်္ချိုင်းမြေနေရာတွင် သင်္ဂြိုဟ်လိုက်ရသည်လည်း ရှိတတ်သည်။

ဒါတွေကို တရားသဘောနှင့် ကြည့်လျှင် လောကလူတို့ တံထွာသံဝေဂယူစရာတွေ ဖြစ်၏။

"ဖျန်း ..."

ထိုစဉ် ကျွန်တော့်ကျောကုန်းကို လက်အေးကြီးနှင့် နောက်မှနေ၍ တအားရိုက်လိုက်ခြင်းကို ခံလိုက်ရသည်။

"အမယ်လေး ..."

မကြောက်တတ်ဘူးဆိုပေမည့် ရုတ်တရက်ချည်းမို့ ကျွန်တော် လန့်၍ အသံထွက်သွားသည်အထိ အော်လိုက်မိသည်။

ဖြည်းဖြည်းချင်း စီးလာသော စက်ဘီးပင် ယိုင်ထွက်သွား၍ မနည်းပြန်ထိန်းယူရသည်။

ကျွန်တော့်အတွေးတွေ ဘယ်ပျောက်သွားသည် မသိ။ ခပ်လှမ်းလှမ်း ရဲစခန်းဝင်းအစပ်မှာရှိနေသော ကိုခင်စော၊ ဒေါ်စမ်းတင့်တို့ ဆေးဆိုင်ရှိမည့်ဘက်သို့ အားကိုးတကြီး လှမ်း၍ ကြည့်မိသည်။

တော်ပါသေးသည်။

ဆေးဆိုင်မှာ မီးလင်းလျက်ရှိသေးသည်။ ဆေးဆိုင်တံခါးအချို့ကို ဦးခင်စောကြီးက ပိတ်စပြုနေပြီ။

ကျွန်တော် စက်ဘီးကို ညာဘက်ယာဉ်ကြောကစီးနေရာက လမ်းကိုဖြတ်ပြီး ဘယ်ဘက်ယာဉ်ကြောကနေ ဆန်တက်မိသည်။ လမ်းပြောင်းပြန်တွေ ဘာတွေ အမှုမထားနိုင်တော့။ ညပိုင်းများတွင် ဆေးရုံလမ်းသည် လူပြတ်လေ့ရှိ၏။ ဆေးရုံတက်နေသော လူနာများအတွက် ညရေးညတာ ဖဆေးအရှာရ မခက်စေရန် ဦးခင်စောကြီးတို့က စေတနာထား၍ ဆိုင်ဖွင့်ပေးသဖြင့် မီးရောင်သည် ထိုနေရာကလေး ကွက်ကွက်သာ ရှိနေ၏။

ဆေးဆိုင်ဘေးသို့ စက်ဘီးကို အမောတကော နင်းပြီး ရပ်လိုက်မိသည်။

ဦးခင်စော ဆေးဆိုင်တံခါးကို အရှေ့ဘက်မှ ပိတ်ပြီးနေပြီဖြစ်၍ ဆေးဆိုင်အနောက်ဘက် စားပွဲတွင် သူ့ဇနီး ဒေါ်စမ်းတင့်နှင့် အရောင်းစာရင်းတွက်ချက်ရန် စာရင်းစာအုပ်ပင် ဖွင့်နေလေပြီ။

ဦးခင်စောကြီးသည် ညရေးညတာ ဆေးဝယ်သူရှိပါက ရောင်းနိုင်ရန် ဆိုင်မှာ စောင့်အိပ်သည့်အခါ စောင့်အိပ်လေ့ရှိသည်။ ကျွန်တော်က စက်ဘီးကို ဆိုင်ဘေးမှာ ကပ်ထောင်ပြီး အသံပြုလိုက်သည်။

"ဗျို့ ... ကိုခင်စော၊ ဆိုင်ပိတ်ပြီလားဗျာ့"

"ဟာ ... ကိုကြည်လွင်၊ အချိန်လည်းကြည့်ဦး။ ည ၁၀ နာရီခွဲကျော်ပြီး ၁၁ နာရီ ရှိတော့မယ်လေဗျာ"

"အေးဗျာ၊ ဖိုးထောင်လက်ဖက်ရည်ဆိုင်မှာ ဒီည လေပစ်တာ အချိန်ကြာသွားတယ်။ လုပ်ပါဦးဗျာ။ ခါတိုင်းရောင်းနေကျ သွေးပေါင်ကျဆေး"

ဦးခင်စောမှာ ကျွန်တော်တို့အုပ်စု ရောဂါတစ်စုံတစ်ခုဖြစ်လျှင် သူ၏ လုပ်ငန်းအတွေ့အကြုံအရ တော်ရုံတန်ရုံရောဂါလောက်တော့ သူကိုယ်တိုင် စမ်းသပ်ပြီး သင့်တော်ရာဆေး စပ်ပေးနေကျ ဖြစ်သည်။ သွေးချိန်တိုင်းရာမှာ စိတ်ချရသူလည်း ဖြစ်၏။

ကျွန်တော့်ကို မှန်ဗီရိုထဲမှ သွေးပေါင်ကျဆေး ထုတ်ပေးသဖြင့် ကျွန်တော် လှမ်းယူပြီး သူ့ကို ပိုက်ဆံပေးနေစဉ် ပိုက်ဆံယူရင်း လှမ်းမေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သော သူ့စကားကြောင့် ကျွန်တော် ခေါင်းနားပန်းကြီးသွားရတော့သည်။

"ခင်ဗျားသူငယ်ချင်း ငမိုးကြီး ဆုံးသွားပြီဗျာ့"

"ဗျာ ... ငမိုးကြီး ဆုံးသွားပြီ ဟုတ်လား။ ကျွန်တော်တို့နဲ့တောင် နေ့လယ်က ညောင်သုံးပင် ဘုန်းကြီး ပျံပွဲ သွားကြသေးတာပဲ"

"ဘုန်းကြီးပျံကတည်းက အောင့် တယ် အောင့်တယ် ဆိုလို့ ခင်ဗျားတို့ ပဲ မြင်းလှည်းနဲ့ ပဲခူးစုက သူ့အိမ် လိုက်ပို့ခဲ့သေးတယ် မဟုတ်လား။ အိမ် ရောက်တော့ မသက်သာလို့ သူ့အိမ် က ဆေးရုံတင်လိုက်ကြတာ ည ၇ နာရီလောက်မှာ ဆီးခုံကြီးကွဲတက် လာပြီ၊ ကွဲတက်လာပြီလို့ အော်ဟစ် ပြီး အသက်ထွက်သွားသတဲ့ဗျာ။ ခု ရင်ခွဲရုံထဲ ရောက်နေပြီဗျ"

"ဟင် ..."

ကျွန်တော့်ကျောပြင်ကို နောက် မှနေ၍ ရင်ခွဲရုံရှေ့မှအဖြတ် လူကို အ[illegible]ဘင်အထည်မတွေ့ရဘဲ အရိုက် ခံလိုက်ရသည်ကို ကျွန်တော် သတိရ ပြီး လန့်ဖျပ်ကာ အာမေဍိတ်သံကြီးပင် ထွက်သွားရ၏။

"ခင်ဗျား အာမေဍိတ်သံကြီးက တစ်မျိုးကြီးပါလား။ ဘာလဲ ... ဘီလူးမသိမ်က ဘီလူးမနဲ့ ခင်ဗျားတို့ ဓါတ်သက်နေလို့လား။ ဘုန်းကြီးပျံ ပွဲမှာ ငမိုးကြီးနဲ့ တွဲပြီး ခင်ဗျားတို့ ကဲခဲ့ ကြတဲ့သတင်းတွေကို ကျွန်တော့်ဆီ [illegible]လာဝယ်တဲ့ ရဲကြပ်ကြီးကိုမြင့် [illegible]ဆင်က သတင်းဖို့ပြီးသွားတာ"

ကျွန်တော် [illegible] လန့်သွားရသည့် [illegible] အကြောင်းကို ပြောမည်ပြုစဉ် ကျွန်[illegible]

တော့်နောက်မှ စက်ဘီးနင်းလိုက်လာ သော ကိုဗိုလ်စိန် ကိုခင်စောတို့ဆိုင် သို့ ဆေးဝယ်ရန် စက်ဘီးနှင့် ဝင်လာ သည်။

"မီးလင်းနေလို့ ဆိုင်မပိတ်သေး ဘူးဆိုတာ သိလို့ ဝင်လာတာ ...။ မောင်ကြည်လွင့်ကိုပါ တွေ့ရတာနဲ့ အတော်ပဲ။ အပြန်အဖော်ရတာပေါ့။ ကျုပ်ကို အဖျားပျောက်ဆေးတစ်ကတ် ပေးဗျာ ပုဂ္ဂိုလ်ကြီး"

"ခင်ဗျားသောက်နေကျ ထိုင်း မိတ် ပါရာကပ်ပဲလား ဦးစိန်"

"အေးဗျာ၊ ပါရာကပ်ပဲပေးပါ။ မိုးကလေးနည်းနည်း မရွာလိုက်နဲ့၊ ကိုက်ချင်ခဲချင်လာပြီဗျာ့"

ပုဂ္ဂိုလ်ကြီးကိုခင်စောက အတွင်း ဆေးဗီရိုထဲမှ ပါရာကပ်(Paracap)ဆေး ဘူးကိုထုတ်နေစဉ် ကိုဗိုလ်စိန် ဆေးရုံ ဘက်ခြမ်း ရင်ခွဲရုံရှိရာသို့ ကြောက် ရွံ့သော အမူအရာ၊ တုန်တုန်ယင်ယင် နှင့် ပြောလိုက်သောစကားကြောင့် ကျွန်တော် အံ့အားသင့်ရပြန်သည်။

"ငမိုးကြီးကွာ ... သူ့အိမ်က ဆေးရုံတင်ထားတာတောင် အေးအေး ဆေးဆေး ဆေးရုံတက်မနေဘူး။ ဆေးရုံက တိတ်တိတ်ဆင်းပြီး ရင်ခွဲ ရုံ တံတိုင်းပေါ်က ကျော်ဆင်းလာ တယ်"

"ဗျာ ... ငမိုးကြီး ရင်ခွဲရုံရှေ့ တံတိုင်းပေါ်က ကျော်ဆင်းလာတယ် ဟုတ်လား [illegible]

ဟုတ်တယ်[illegible] စက်ဘီးကြီးက [illegible] မီးပါလော်လို့ [illegible] တွေ့ လိုက်ရတာ [illegible] တွေ့တော့ [illegible] ဆင်း[illegible] ပြေးသွားတယ်။ ငမိုးကြီး ရှူးများသွား[illegible]

ပြီလား မသိဘူး"

"ဟာ .. အဲဒါ ထူးဆန်းတာပဲ"

ပုဂ္ဂိုလ်ကြီးက ပါရာကပ်ဆေး ဘူးမှ ဆေးကတ်တစ်ကတ်ကို ထုတ် ယူရင်း ကိုဗိုလ်စိန့်စကားကြောင့် ထူး ဆန်းတယ်ဟု သူ့အဓိပ္ပာယ်နှင့်သူ အပြော ကိုဗိုလ်စိန်ကလည်း သူ့အမြင် ကို ထူးဆန်းသည်ဆိုတာထက် ပို၍ ကြောက်လန့်စရာအဖြစ် ဆက်ပြော လိုက်ပြန်သည်။

"ငမိုးကြီး ဆင်းပြေးသွားတဲ့ ဘက်ကို ကျုပ်က အံ့အားသင့်ပြီး ကြည့်နေတုန်း ဘီလူးမလို မိန်းမကြီး တစ်ယောက် ဆံပင်ဖားလျားနဲ့ လူတစ် ယောက်ထက် နှစ်ဆလောက်ကြီးတဲ့ အရပ်အမောင်းနဲ့ ငမိုးကြီးနောက် ပြေး လိုက်သွားတာကိုမြင်ပြီး ကျုပ်လည်း ဆက်မကြည့်ရဲတော့ဘဲ ကြောက်လန့် တကြား မီးလင်းနေတဲ့ ခင်ဗျားရှိရာ စက်ဘီးကို ခြေကုန်နင်းပြေးလာရတာ ပဲဗျာ"

ကိုဗိုလ်စိန်စကားကြောင့် စော စောပိုင်းကတင် ငမိုးကြီး ကျွန်တော့် ကျောပြင်ကို နောက်မှနေ၍ အရိုက်ခံ လိုက်ရသော ကျွန်တော့် ကြောက်လန့် ချောက်ချားစိတ်များ ပို၍ပင် ဝင်လာ ခဲ့တော့သည်။

**ကျော်မင်းနိုင်**

www.burmeseclassic.com

# သာသနာ ရောင်ဝါထွန်းလျက်

**မောင်ကောင်းမြင့်**

ဖို့(တ်)ဝိန်းမြို့တွင် မြန်မာနိုင်ငံမှ ... ဓမ္မရက္ခိတကျောင်း၊ ဇေတဝန်ကျောင်း၊ သုခကံသာ ဝန်းကျင်ရှိနေကြောင်း ဆိုခဲ့ပါပြီ။ မြန်မာနိုင်ငံဆိုရာတွင် ကျောင်း၊ ... ဓမ္မရက္ခိတကျောင်း စသော မြန်မာဘုန်းတော်ကြီး တစ်နံတစ်လျားမှ ဗမာ၊ မွန်၊ ကရင်၊ ချင်း၊ ရခိုင်နှင့် အခြား ... ကျောင်းတို့အပြင် မဒိုဝ်ကျောင်း၊ မွန်ကျောင်းဟုဆိုသော တိုင်းရင်းသားများ ပါဝင်နေကြသည်။ ထိုလူဦးရေတွင် မြန်မာ ... တိုင်းရင်းသားဘုန်းတော်ကြီးကျောင်းတို့ ရှိကြ၏။ ထို့ပြင် ဗုဒ္ဓဘာသာများစွာ ပါဝင်လျက်ရှိ၏။ ထို့ကြောင့် မြန်မာ ... သီရိလင်္ကာ(သီဟိုဠ်)ကျောင်းနှင့် ... ပြည်ပဘုန်းတော် ဘုန်းတော်ကြီးကျောင်းများ ရှိလာကြသည်။ ... ကြီးကျောင်း ... ကျောင်းလည်း ရှိသည်။ အလားတူ နယူး



www.burmeseclassic.com

www.burmeseclassic.com

ယောက်မြို့တွင်လည်း ဝိသုဒ္ဓါရုံ ဓမ္မရံသီကျောင်း၊ ဗုဒ္ဓဓီပံ ကျောင်း၊ ချမ်းမြေ့ကျောင်း၊ ရွှေဘုန်းပွင့်ကျောင်း၊ မစိုးရိမ် ကျောင်း၊ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ မဟာအောင်မြေ ကျောင်း၊ ရခိုင်ကျောင်း၊ စသည်တို့အပြင် နယူးယောက် ပြည်နယ်တွင်းရှိ မြို့နယ်များဖြစ်သော ဘတ်ဖဲလိုးမြို့၊ ရန်စဲ လီယာမြို့တို့၌လည်း ကျောင်းများရှိကြသေးသည်။ အခြား ပြည်နယ်များတွင်လည်း ရှိနေကြသေးသည်။ ထို့ကြောင့် "ကျောင်းတွေများလှသည်"ဟု ဆိုနိုင်ပါ၏။ သို့သော် ထို ကျောင်းများတွင် သံဃာမှာ အများဆုံး သုံးလေးပါးသာရှိကြ ၍ အများအားဖြင့် "တစ်ပါးတစ်ကျောင်း"ရှိနေကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း ကျောင်းအတော်များများမှာ တိုက်ခန်း၊ သို့မဟုတ် အိမ်ခန်းတို့ကိုသာ ကျောင်းအဖြစ် သတ်မှတ်သီတင်းသုံးကြရ၏။ ဗုဒ္ဓဓီပံကဲ့သို့၊ ဓမ္မရက္ခိတကဲ့သို့၊ ဒေဝဓနကျောင်းကဲ့သို့၊ လောကချမ်းသာကဲ့သို့သော မြေကွက် အကျယ်အဝန်းဖြင့်ရှိသော ကျောင်းတို့လည်း ရှိကြသော် လည်း နည်းပေသေး၏။

နယူးယောက်တွင် တွေ့ခဲ့ရသော ထိုင်းဘုန်းတော်ကြီး ကျောင်းမှာ အတော်ကျယ်ဝန်းသော ခြံဝင်းနှင့် တိုက်ကျောင်း ကြီးဖြစ်၍ ထိုင်းသံဃာအားလုံး တစ်စုတစ်ဝေးတည်း သီတင်း သုံးကြသည်ကို တွေ့ခဲ့ရသည်။

မြန်မာဘုန်းတော်ကြီးကျောင်းများ ဤကဲ့သို့ "တစ်ပါး တစ်ကျောင်း"သီတင်းသုံးကြခြင်းကို စုပေါင်းသီတင်းသုံးသော အသွင် မြင်စေချင်သော တကာ၊ တကာမများလည်း ရှိကြ သည်။ ထို့ကြောင့် သံဃာတော်များအား ထိုင်း၊ လာအို စသော ကျောင်းများကဲ့သို့ ရှိစေချင်ကြသည်။ သို့သော် ယနေ့အထိ မဖြစ်လာသေး။ အကြောင်းများစွာ ရှိသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် အတော်အသင့် ပြောဆိုကြည့်ဖူးရာ ထိုအချက်များအနက်မှ လက်ခံနိုင်ဖွယ်ရှိသော အချက်အချို့ကို ငေးစားဆင်ခြင်မိသမျှ ဖော်ပြပါသည်။

ရွှေကျင်၊ သုဓမ္မာ စသော အခြေခံဂိုဏ်းကြီးများ ရှိ သကဲ့သို့ မိမိတို့ သာသနာ့ဘောင်ဝင်ရာ ကျောင်းအလိုက် လည်း ခြားနားကြသည်။ ထို့အတူ မြန်မာနိုင်ငံမှ အမေရိကား သို့ ရောက်ရှိလာကြသော နည်းလမ်းဖြစ်သည်။ ဤနိုင်ငံမှ ဒကာ၊ ဒကာမတို့က ပင့်ဖိတ်၍ ကြွလာကြသော ရဟန်းတော် များ။ ဒုက္ခသည်စခန်းမှ ကူးလာကြသော ရဟန်းတော်များ။ ရွှေဝါရောင် သံဃာအရေးအခင်းပြီးနောက် ရောက်ရှိလာ ကြသော ရဟန်းတော်များ။ အခြားနိုင်ငံမှတစ်ဆင့် ရောက်ရှိ လာကြသော ရဟန်းတော်များနှင့် ဤနိုင်ငံရောက်မှ ရဟန်းပြု သူများ (အလားတူ ဤနိုင်ငံရောက်ပြီးမှ ရဟန်းဘောင်မှ လူထွက်သွားသူများလည်း ရှိကြသည်။) စသဖြင့် "လာ"ရာ ကြောင့် အခြေခံကွဲပြားမှု ရှိကြသည်။

ထို့အတူ သံဃာတော်တို့၏ စိတ်အခြေခံသဘော ကွဲပြားမှု(အမေရိကန်နိုင်ငံ၏ စရိုက်အတိုင်း လွတ်လပ်စွာ သီးခြားနေလိုမှုနှင့် ရရှိလာသော လာဘ်လာဘနှင့် အလှူ ငွေအပါအဝင် ကျောင်းအတွက် စီမံခန့်ခွဲမှုကို ကိုယ်တိုင်သီး ခြား ဆောင်ရွက်လိုမှု) စသော အကြောင်းအရင်းများစွာ ရှိသည်။

အလှူရှင် လူပုဂ္ဂိုလ်များ အနေဖြင့်လည်း မိမိနှင့် နီးစပ်ရာ ရပ်ကွက်ဒေသနှင့် ကျွမ်းဝင်ရာ သံဃာတို့ကို ကိုး ကွယ်လိုမှု (မိမိတို့အလှူဖြင့် သီးခြားကျောင်းခွဲစေလိုမှုလည်း ပါဝင်သေးသည်။) ဤသို့ဖြင့် လူနှင့် သံဃာတို့၏ ဆန္ဒအခြေ ခံအလိုက် (အထူးသဖြင့် ကျောင်းအတွက် လှူဒါန်းနိုင်ကြ သော ပုဂ္ဂိုလ်တို့ကလည်း သီးခြားသဘော၊ သံဃာတို့၏ ကွဲပြားသောဆန္ဒတို့ကြောင့်) "တစ်ကျောင်းတစ်ပါး"ဖြစ်နေကြ လေတော့၏။ မြန်မာအဘိဓာန်တွင် သံဃာ=လေးပါးသော ရဟန်း အစုအဖွဲ့ဟု ဆိုထားရာသည်ကို သတိချပ်မိသည်။

ဤမျှဆိုလျှင် အတော်အသင့် သဘောရပြီဟု ထင်ပါ သည်။ ဤကိစ္စကိုရပ်၍ အခြားဆိုထိုက်သော ကိစ္စကိုပင် ပြောလျှင် ပိုသင့်မည်ထင်ပါသည်။

မိမိသည် နယူးယောက်မြို့၏ မြန်မာသင်္ကြန်ကို ဆုံမိ ပါပြီ။ မြန်မာသင်္ကြန်ပွဲအကြောင်းလည်း ရေးခဲ့ပြီးပါပြီ။ ရေ ပက်ကစားခြင်း မပြုနိုင်၍ မေ/ဇွန်ကဲ့သို့ နွေဦးရာသီလများ၌ သင်္ကြန်အမှတ်အသား အကပ၊ အဆိုများနှင့်လည်းကောင်း၊ သက်ကြီးပူဇော်ပွဲများနှင့်လည်းကောင်း၊ ဈေးရောင်းပွဲများဖြင့် လည်းကောင်း ဆင်နွှဲကြသည်။ ယခု ဖို့(တ်)ဝိန်းမြို့တွင်လည်း မြန်မာတို့၏ သင်္ကြန်ပွဲကို ဇူလိုင် ၁၁ ရက်က ဧတဝန်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း၌ ပြုလုပ်ကြသည်။ အခိုအကများဖြင့် သင်္ကြန်တေးများနှင့် သီဆိုကပြကြသည်။ ထူးခြားသည်မှာ (နယူးယောက်တွင် ကွင်းမကျယ်၍ ကလေးများ ရေပက်ကစားခြင်း မပြု နိုင်သော်လည်း) ဤဓမ္မဇေတဝန်ကျောင်းမှာ ဝင်းနှင့်ခြံနှင့်မို့ ကလေးကစားကွင်းရှိသည်။ လွင်ပြင်ကျယ်ရှိ၍ ရေပက်ကစားကြသည်။ သင်္ကြန်ဆိုတာ ရေပက်ကစားရတာ အရသာပေပဲ။ ဈေးရောင်းပွဲတော် မြန်မာမုန့်မျိုးစုံ လုပ်ရောင်းကြသည်။ မိမိအား မြန်မာဘူးသီးကြော်၊ အကြော်စုံဖြင့် မန္တလေးသူ ဒေါ်ညွန့်ညွန့်က လှူဒါန်းကျွေးမွေး၍ ကိုဘကျော်က ဒေါ်လာတစ်ရာကန်တော့ပါသည်။ ဇေတဝန်ကျောင်းထိုင်ဆရာတော် ဦးကုသလနှင့် စကားလက်ဆုံကျမိသည်။ ခမည်းတော်ဖြစ်သူ ဦးကျော်လှိုင်မှာ မိမိတို့၏ မိတ်ဆွေကြီးဖြစ်နေ၍ ပိုမိုရင်းနှီးသွားသည်။

ဓမ္မရက္ခိတကျောင်းမှာ မြေကွက်များစွာ ကျယ်ဝန်းသော ကျောင်းဖြစ်သည်။ ဆရာတော် ဦးဝိဇယသည် မလှိုင်ဇာတိဖြစ်၏။ ၄၁ ဝါရှိပြီဖြစ်သည်။ လက်ထောက် ဦးတေဇောဘာသသည် အောင်လံဇာတိဖြစ်၍ ၂၁ ဝါရှိပြီဖြစ်သည်။ ထိုနေ့ (ဇူလိုင် ၅) က ကျောင်းတွင် ရဟန်းခံ ရှင်ပြုနှင့် သီလရှင်များဝတ်ကြသည့် သာသနာ့မင်္ဂလာအခမ်းအနားရှိသည်နှင့် ကြုံရသည်။ ဒုလ္လဘရဟန်း ကိုးပါး၊ ကိုရင် ရှစ်ပါးနှင့် သီလရှင် ခြောက်ပါး ပါဝင်သည်။ ကျောင်းအပြည့် စည်ကားနေသည်။ ဇွန် ၂၀ ရက်တွင် ဇေတဝန်ကျောင်း၌ ရဟန်းခံရှင်ပြုပွဲနှင့်လည်း ကြုံခဲ့ရ၍ အဆိုတော် ဒေါ်မာမာအေးနှင့် ဆုံခဲ့ရသည်။

အမေရိကားတွင် ရဟန်းခံပွဲများကို အမှတ်တရ ကြုံကြိုက်ခဲ့ရ၍ စာရေးဆရာ သတင်းစာအယ်ဒီတာ (Warking People Daily) ဒေါက်တာခင်မောင်ကြီး၏ ရဟန်းခံပွဲနှင့် စာရေးဆရာ၊ ကဗျာဆရာ ဆရာမောင်စွမ်းရည်တို့၏ ရဟန်းခံပွဲလည်းပါဝင်ပါသည်။ သူတို့နှစ်ဦးစလုံး ၇၀ နား နီးလေပြီ။

ယခု ဖို့(တ်)ဝိန်းမြို့၏ သီလရှင်ဝတ်ပွဲမှာ ဘိက္ခုနီသာသနာနှင့် ပထမဦးဆုံး ကြုံခဲ့မြင်ခဲ့ရခြင်းဖြစ်သည်။ သီလရှင်ဝတ်သူ ခြောက်ဦးတွင် သထုံမြို့မှ ရောက်လာသူ မွန်အမျိုးသမီးကြီး ဒေါ်သိန်းကြည်၊ ဘားအံမှရောက်လာသူ ကရင်အမျိုးသမီးကြီး နော်သုပုနှင့် ပဲခူးမြို့မှ ရောက်လာသူ မြန်မာအမျိုး သမီးကြီး ဒေါ်ခင်ရွှေတို့မှာ လူကြီးများဖြစ်သည်။ မသက်ရှုဦး (ရှစ်တန်းကျောင်းသူ)၊ မမုသာ (၁၀ တန်းကျောင်းသူ)နှင့် မနီနီခိုင် (IVY Tech = အိုင်ဗီစက်မှုတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ)တို့မှာ ငယ်ရွယ်သူ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ သူတို့လေးတွေ၏ မျက်နှာသည် သီလရှင်ဝတ်စုံနှင့် လိုက်ဖက်သော အသားအရည်နှင့် ချိုလွင်သော အပြုံးမျက်နှာကလေးများရှိကြသလို တည်ငြိမ်သော အပြောအဆိုနှင့် အနေတို့က လွှမ်းချုံထားလေသည်။

ဓမ္မရက္ခိတကျောင်း တည်ခဲ့သည်မှာ ၁၅ နှစ်ပြည့်ခဲ့ပေပြီ။ ကျောင်းဓမ္မာရုံရှိ ဗုဒ္ဓဆင်းတုတော်မှာ သပွယ်တင့်တယ်တော်မူလှသည်။ နောက်ခံပန်းချီကို ထိုမြို့တွင် ရောက်ရှိနေသော ပန်းချီဆရာ ဦးအောင်စိန်က ရေးဆွဲထားသည်။ ဓမ္မာရုံ၏ နံရံပေါ်တွင် ချိတ်ဆွဲထားသော ဗုဒ္ဓဝင်ပန်းချီကားများကို မန္တလေးမှ ပန်းချီဆရာကြီး ဦးတင်ဝင်းက ရေးဆွဲထားရာ မန်းမှု၊ မန်းဟန်အတိုင်း မြန်မာပီသလှသည်။ ဆရာကြီး ဦးစောမောင်၏ တပည့်ဟုပင် လက်မှတ်၌ ဖော်ပြရေးထိုးထားသည်။ မြန်မာကျောင်းတို့၏ အင်္ဂါရပ်ပင် ဖြစ်၏။

အမေရိကသို့ ရောက်နေသော်လည်း ဤသို့ မြန်မာဟန်မပျက်သော ကျောင်းနှင့်ကန်နှင့် ဓမ္မာရုံနှင့် မြန်မာ့ဓလေ့သင်္ကြန်ပွဲ၊ အလှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဗုဒ္ဓဘာသာရိုးရာအစဉ်အလာအတိုင်း ရဟန်းခံ၊ ရှင်ပြုပွဲနှင့် သီလရှင်ဝတ်ပွဲများနှင့်၊ တရားပွဲနှင့်။


လူမျိုးစုံသော နိုင်ငံစုံမှ ယဉ်ကျေးမှုဓလေ့စုံသော ဤအမေရိကန်ပြည်ထောင်စုကြီးတွင် ကုလသမဂ္ဂရင်ပြင်၌ မြန်မာ့အလံ ရှိနေသကဲ့သို့ ပြည်နယ်တိုင်း မြို့နယ်တိုင်းတွင် သာသနာ့အလံရှိစေချင်သည်။ လွင့်ပျံငြိမ်းချမ်းစေချင်သည်။ သာသနာရောင်ဝါထွန်းလျက် ရှိနေစေချင်သည်။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ဂြိုဟ်ရဲ့ ငွေလမင်း (၃)

နန္ဒာမိုးကြွယ်

(ယခင် လ မှ အဆက်)

ကျေးဇူးတော်အနန္တ... အားသိမားနှင့်လူနာ၊ လူနာနှင့် ...အား။

...ကိုလုံးတွေက အဓိပ္ပာယ်များစွာ ဆောင်လျက် ရှိကြကုန်၏။ သူဌေးမကြီး၏ အရှုတွင်၌ ဇီဝကကို မြင်လျှင်မြင်ချင်း ငယ်ရွယ်သောအသက်ကို မေ့...တိကာ တည်ကြည်သိမ်မွေ့သော ...လက္ခဏာကြန်အင်အပေါ်တွင် ...ကျသွားခဲ့သည်။ သူခံစားနေရ...ခေါင်းခဲနာကို လုံးဝဥသုံ မဟုတ်...မှ သက်သာစေရန် ကုစားပေး...မည်ဟု ထင်မှတ် ယုံကြည်...လိုက်သည်။ ဒါက သူ့ဘက်မှ...။

ဇီဝကဘက်ကရော ဘယ်သို့...ရှိပါသနည်း။

သူ့အဖို့ သူဌေးမကြီး ခံစားနေရပါသည်ဆိုသော ရောဂါလက္ခဏာကို ကြည့်လိုက် မြင်လိုက်ရပြီဆိုကတည်းက ဘာလုပ်ရမည်၊ ဘယ်လိုဆေးချက်နှင့် ရောဂါကို သုတ်သင်ရမည်။ ဒါတွေကို တွက်ချက်အဖြေထုတ်ယူလိုက်ပြီးသား။

"ခေါ်ခေါ်ခင်ဗျား.. ရောဂါအတွက် ဆေးချက်ရအောင် တစ်လက်စွမ်းမျှရှိတဲ့ထောပတ်စစ်စစ်ကို လိုချင်ပါတယ်"

"ရတာပေါ့ ဆရာရယ်၊ ကဲ... ဘုန်းသင်ရေ... ဆရာ လိုအပ်တာတွေ ချက်ချင်းယူလာပေးစမ်း"

နဂိုကတည်းကပင် သွက်လက်သော ဘုန်းသင်သည် အရှင်သခင်မက စေသည့်အခါဝယ် ပို၍ပင် ချက်ချာနေသေးတော့သည်။ ထောပတ်ရလာသည့်အခါ၌ သူသည် ထောပတ်အတွင်းသို့ ဆေးမှုန့်တွေ တစ်မျိုးပြီးတစ်မျိုးထည့်ကာ သမအောင် စရုန်းလိုက်သည်။ ပြီးနောက် ထောပတ်နှင့်ခွဲ၍မရအောင် အပူပေး၍ ကောင်းစွာ ချက်လိုက်ရာ ချက်နေရာမှ ထွက်လာသော ဆေး၏ရနံ့သည် မည်သည့်အနံ့မျိုးနှင့်မတူ တသင်းသင်း တမွှေးမွှေး ဖြစ်နေတော့သည်။

ဘုန်းသင်နှင့် ရွှေပြည်တို့ကား သူ့လှုပ်ရှားရာ မှန်သမျှတို့အပေါ်ဝယ် ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေကြလေသည်။

"ကဲ ခေါ်ခေါ် ဆေးတော့ ချက်ပြီးပါပြီ၊ အဲဒီဆေးနဲ့ နှာနှပ်ရပါမယ်၊ ဒီတော့ ညောင်စောင်းထက်မှာ ပက်

www.burmeseclassic.com

လက်အိပ်ပေးပါ"

ထိုစဉ်ခဏ ဆေးဆရာ အသစ်တစ်ယောက် ရောက်၍ ဆေးကုသပေးနေသည်ဟူသော သတင်းစကားကို ကြားရသည့် တစ်နေရာမှ ပြန်ရောက်လာသော သူဌေးမကြီး၏ သားနှင့် ချွေးမတို့သည် အခြေအနေကို အကဲခတ်ကြည့်ရှုရန် မိခင်ကြီး၏ အခန်းသို့ ရောက်ရှိလာကြသည်။ ထို့နောက် ချွေးမဖြစ်သူက ယောက္ခမ သူဌေးမကြီးအား အသာဖေးမ လှဲချပေးလိုက်သည်။

"ကဲ နှာနှပ်မယ်နော်"

ဇီဝကသည် မပျစ်မကျဲ ချက်လုပ်ထားသော ထောပတ်ဆေးအား ပိုက်တံကလေးဖြင့်စုပ်ကာ သူဌေးမကြီး၏ နှာခေါင်းပေါက် နှစ်ဖက်သို့ မှုတ်သွင်းလိုက်သည်။ ဆေးရည်ကား နှာခေါင်းမှတစ်ဆင့် ဦးခေါင်းတစ်ဝိုက် လှည့်လည်စီးဆင်းသွားပုံရသည်။

သိပ်မကြာ…

'ပေါ့'ခနဲ ပျို့တက်သံနှင့်အတူ အပါးတွင်ရှိသည့် ထွေးခံခွက်ကို လှမ်းယူကာ ထွေးခံအတွင်းသို့ အန်ချလိုက်သည်။

အန်ချလိုက်သည်တို့ကား ဦးခေါင်းတစ်ဝိုက် လှည့်လည်စီးဆင်းပြီးစီးသွားသည့် ထောပတ်ဆေးများပင်တည်း။ သည်လိုအန်ချပြီးသည့် သမယဝယ် သူဌေးမကြီးအဖို့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်နှင့်အမျှ အသက်အရွယ်ငယ်သေးသည့် ဇီဝကအား လူသားစင်စစ်မှ ဟုတ်ပါလေစ၊ တာဝတိံသာနတ်နန်းမှ မြန်းကြွလာသည့် ဘိုးတော်သိကြားမင်းများ ဖြစ်နေသည်လားဟူ၍ပင် ထင်ယောင်မှားနေပြန်တော့သည်။ ထင်မည်ဆိုလည်း ထင်စရာပင်။

ကြည့်စမ်း…။

ခုနစ်နှစ်တာကာလပတ်လုံး နေလို့မကောင်း ထိုင်၍မသာ ဝေဒနာကို ရင်မှာပိုက်လျက် ခံစားခဲ့ရသော ခေါင်းခဲနာသည် ယခုမူ တစ်ကြိမ်သာ နှာနှပ်လိုက်ရုံဖြင့် ပကတိ ယူပစ်လိုက်သလို သက်သာပျောက်ကင်းသွားသည်ဆိုတော့ကာ သူဌေးမကြီးအတွက် အံ့အားသင့်မည်၊ အံ့သြမည်ဆိုလည်း အံ့အားသင့်ထိုက်၊ အံ့သြထိုက်ပေတော့သည်။ သည်လိုမျိုး အံ့အားသင့်ခြင်း၊ အံ့သြခြင်းတို့ကို တစ်ပြိုင်တည်း ခံစားရင်းမှပင် ထွေးခံဖြင့် ခံယူထားသည့် အန်ထွက်သော ထောပတ်ဆေးတို့အား

"ဟဲ့ ဘေုန်းသင်၊ ရွှေစာတို့ ခေမာတို့ကို ခေါ်ပြီး ဒီထွေးခံထဲက အရည်တွေကို ဝွမ်းတွေနဲ့ တို့ထားလို့ပြော"

ဟု ဆိုကာ ထွေးခံကို ပေးလိုက်လေသည်။

ဒါကို တွေ့မြင်ရတော့ ဇီဝကရင်ထဲ ရိုက်ခတ်ပွဲတင်သွားလေသည်။ ထိုရိုက်ခတ် ပွဲတင်မှုကား အခြားမဟုတ်။

"ငါတော့ ရိက္ခာအတွက် ဆေးကုတာ မှားများ မှားသွားခဲ့ပြီလား၊ ကြည့်စမ်း ဒီလောက်ချမ်းသာကြီးကျယ်လှတဲ့ စံနန်းတော်တမျှ အိမ်ဂေဟာကြီးမှာ စိန်ဆိုစိန်၊ ရွှေဆိုရွှေ၊ မြဆိုမြ၊ လိုသမျှ ပြည့်စုံတဲ့ စည်းစိမ်ရှင် သူဌေးမကြီးဖြစ်ပါလျက်နဲ့ ကိုယ့်အန်ဖတ်ကလေးကိုတောင် စွန့်ပစ်ရမှာ နှမြောတွန့်တိုနေတယ်ဆိုတော့ ငါ့ကို ဆေးဖိုးထိုက်ထိုက်တန်တန် ပေးဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

သည်လိုမျိုး သံသယစိတ်တွေက ပွဲဦးထွက် ရိက္ခာအတွက် ဆေးကုသပွဲကလေးကို ခလုတ်လာ၍ တိုက်နေကြလေပြီ။

သူဌေးမကြီးကား ဝေဒနာအရှင်းသက်သာပျောက်ကင်းသွားပြီ ဖြစ်ရကား ကြည်လင်ရွှင်ပျ ဝမ်းသာအားရဖြင့် သားနှင့် ချွေးမကို ပြုံးလျက်ခေါင်းညိတ်ပြလိုက်ရာ သားနှင့် ချွေးမမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ မဆုံးတော့။ ဘေုန်းသင်တို့ ရွှေစာတို့မှာလည်း…

"ငါတို့သခင်မကြီး ခုနစ်နှစ်လောက် ခံစားနေရတဲ့ ဝေဒနာကြီး အခုကျတော့ ရှင်းရှင်းပျောက်ပါရောလား"

ဟု ဆိုလျက် ဝမ်းသာပီတိ ဖြစ်နေကြသည်။ သည်လိုမျိုး ပီတိတွေလှိုင်နေသည့်ကြားမှ ဇီဝက၏ မျက်နှာကို သူဌေးမကြီး လှမ်းကြည့်လိုက်ရာ နှလုံးမသာမယာဖြစ်လျက် မျက်နှာကလေး ညှိုးရော်နေသည်ကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရလေသည်။

သူဌေးမကြီးလည်း လူကဲခတ်သည့်နေရာ၌ ခေသူတော့ မဟုတ်။ ခုလည်း ဇီဝကရင်ထဲ ဘယ်လိုမျိုး ခံစားနေရသည်ကို မှန်းဆ၍ ရနေသည်။ သည်တော့ သည်လိုမျိုး သံသယကို ချက်ချင်းပင် ချေဖျက်ပေးရတော့မည်။

"ဆရာရယ်··ဆရာ့ဆေးချက်က တကယ်ပဲ ကောင်းပါတယ်၊ ဆေးချက်က ကောင်းလို့လည်း ခုလို တစ်ကြိမ်တည်း နှာနပ်ပေးတာလေးနဲ့ အံ့သြယူရလောက်အောင် ခုနစ်နှစ်ကာလပတ်လုံး ခံစားနေခဲ့ရတဲ့ ဝေဒနာဟာ ခုဆိုယူပစ်လိုက်သလို ရှင်းရှင်းကြီး ပျောက်ကင်းသွားခဲ့ပါပြီ၊ သည့်အတွက် ဆရာ့ကျေးဇူးကို မမေ့ပါဘူး ဆရာ၊ အခုထွေး[illegible]ငဲ ရှိနေတဲ့ အနံ့ဖတ်ရည် ထောပတ်[illegible]ကို ဌမ်းနဲ့ တို့စေတဲ့ကိစ္စမှာ အလ[illegible]း လွှင့်ပစ်တာထက်စာရင် ခြေပွတ်အတွက် သုတ်လိမ်းချင်လိမ်း၊ ဒါမှမဟုတ် ဆီမီးထွန်းညှိချင် ထွန်းညှိ၊ တစ်စုံတစ်ခုတော့ အကျိုးရှိစေချင်လို့ပါ ဆရာရယ်"

သည်စကားကိုကြားတော့ ဇီဝကရင်ထဲရှိ တုန်လှုပ်မှုတို့သည် ဖြုန်းဆို [illegible]ငြိမ်ရပ်တန့်သွားကြချေသည်။ ပြီးတော့လည်း ရှေ့နောက် မျှော်မြင်[illegible]တတ်သော သူဌေးမကြီး၏ [illegible]တတ်ရေးရာကို မချီးမွမ်းဘဲ မနေ[illegible]

"ကဲ···ကဲ···သားတို့ သမီးတို့ ဒီကနေ့ဟာ အမေ့အတွက် ကံအထူးဆုံးနေ့တစ်နေ့ပဲ၊ ဒီနေ့ကို မငံ့မရဲနဲ့ [illegible] မျှော်လင့်ခဲ့တာ ခုတော့ ဘုရားရဲ့ ဂုဏ်ကျေးဇူးကြောင့် ပြည့်ဝခဲ့ပြီ၊ ဒီတော့ အမေ့ရဲ့ ကျေးဇူးရှင် ဆရာဇီဝကဟာ သားတို့ သမီးတို့ရဲ့ ကျေးဇူးရှင်လည်း ဖြစ်တယ်၊ ကဲ ဆရာ့ကို ကျေးဇူးဆပ်ကြရအောင်"

သည့်နောက် ဇီဝကအား ကိုယ်လက်သုတ်သင် သန့်ရှင်းစင်ကြယ်စေကာ ရသာအထူးထူး အပြားပြားရှိလှသော စားကောင်းသောက်ဖွယ်ရာတို့ဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးပြုစုလေသည်။ ပြီးလျှင် သူဌေးမကြီးမှ ဆေးကုသမှုအတွက် ငွေအသပြာ လေးထောင်ကျပ်တိတိကိုလည်းကောင်း၊ သားဖြစ်သူမှ 'ကျွန်တော့်မိခင်ကြီးရဲ့ ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ ဆရာ့ကို ပူဇော်ပါရစေ' ဟု ဆိုလျက် ငွေအသပြာ လေးထောင်ကျပ်တိတိကိုလည်းကောင်း၊ သားဖြစ်သူကဲ့သို့ပင် ချွေးမဖြစ်သူမှလည်း ငွေအသပြာ လေးထောင်ကျပ်တိတိကိုလည်းကောင်း၊ သူဌေးကြီးမှလည်း ဇနီးသည်၏ ဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်မှုအတွက် အသပြာ လေးထောင်ကျပ်တိတိကိုလည်းကောင်း ပူဇော်ပေးအပ်ရာ စုစုပေါင်း ဇီဝကထံသို့ အသပြာ တစ်သောင်းခြောက်ထောင် ရောက်ရှိသွားလေတော့သည်။

ဇီဝကကား ပွဲဦး လာဘ်ဦးနှင့် လှပစွာ ပေါင်းဖက်တွေ့ဆုံရသဖြင့် ပီတိတွေ ဖြာနေလေတော့သည်။ သူဌေးမကြီးမှာ စေတနာ ရက်ရောလွန်းလှသည်။ ခုပ်ကြည့် ဆေးကုသမှုအတွက် ထိုက်တန်လှသော ငွေကြေးတန်ဖိုးထက်မက များမြောင်လှစွာ ပေးအပ်ပြီးသည်တိုင် ကျေနပ်ဟန်မပြသေး။ 'ကျေးဇူး'သဘောကို အဆုံးတိုင် နားလည်သဘောပေါက်ခဲ့သူအလား ကျေးဇူးတွေ ဆပ်နေပြန်ချေပြီကော။ သူ့ထံတွင်ရှိသော အလုပ်အကျွေးပြု မိန်းမအချို့၊ ယောကျ်ားအချို့၊ ရထား၊ မြင်း၊ ဆင်တို့ကို လက်ဆောင်အဖြစ် ပေးပြန်သည်။

ဇီဝက၏ ပြည်တော်ပြန်ခရီးကား လှပခန့်ထည်၍ ကြွရွရလွန်းလေစွတကား။

□

လမင်းထွက်ချိန်

"ဟယ်···သားတော်၊ မင်းပြန်···ပြန်လာပြီ"

ကာလအတန်ကြာ ခွဲခွာ၍ ကွဲကွာနေခဲ့ရသော သားငယ် ဇီဝကကို ကြည့်လျက် ဖခင် အဘယမင်းသားခမျာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေတော့သည်။

ကြည့်စမ်း၊ အရွယ်တွေ ရင့်ကျက်လာပါပေါကောလား။

ပြီးတော့လည်း ဇီဝက၏ နောက်တော်ပါးမှာ လူတွေ၊ ဆင်တွေ၊ မြင်းတွေ။ နောက် ဇီဝကလက်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာပစ္စည်းတွေက မနည်းပါကလား။ ကြေကွဲ သင်း ဆေးကုမှုအတွက်မပညာ မသင်ယူခဲ့ဘဲ ဈေးရောင်းဝယ်ရာကနေ စီးပွားဖက် ဦးလှည့်လျှက် ပွဲပေါက်တွေ တိုးပွားခဲ့လေသလော။

အဘယမင်းသား၏ အောင်အောင်အိအိ အတွေးတို့ကား စိတ်ထင်တိုင်း ခံန့်ခွင့်မသာတော့။ သားတော် ဇီဝက၏ လျှောက်တင်မှု စကားလုံးများ၏ အောက်တွင် တစ်စစီ ပြတ်တောက်ကြေလွှင့်သွားရလေသည်တကား။

"ခမည်းတော်ဘုရား...ဒါ သားတော် ဆေးတစ်ကြိမ်ကုတာနဲ့ ရရှိလာခဲ့တဲ့ လာဘ်ဦးဖြစ်ပါတယ်၊ ဒီရရှိလာတဲ့ ငွေကြေးဥစ္စာ ကျေးကျွန်ဆင်မြင်းတွေကို ခမည်းတော် လက်ခွင်း ဝကွက်အပ်နှင်းပါရစေ၊ သိမ်းပိုက်တော်မူပါဘုရား..."

သည်စကားကို ကြားရတော့ အဘယမင်းသား၏ ကျောတစ်ပြင်လုံး ကြက်သီးမွေးညင်းတွေ ဖျန်းခနဲထသွားသလို ခံစားလိုက်ရသည်။ ကြည့်စမ်း၊ ကျေးဇူးသိတတ်လိုက်တဲ့သား၊ မွေးကျေးဇူးနပ်တဲ့သား၊ လောကလူ့အောင်ကို အကျိုးပြုမယ့်သား၊ ငြိုးတော့...

အဘယမင်းသား၏ ရင်ထဲမှာတော့ အတိုင်းမသိသော ကြည်နူးမှုအပေါင်းက ပွဲတင်ရိုက်ဟည်း၍နေလေသည်။ လောက၌ မေတ္တာပေး၍ မေတ္တာမရသော အဖြစ်တွေသည် အသချေ၊ အသချေတမျှ အများကြီးရှိနေသည်။ ယခုအဖြစ်ကား မေတ္တာတစ်ဆပေး၍ မေတ္တာတစ်ထုံမက ပြန်ရသောအဖြစ်။ အဘယမင်းသားသည် သားတော်ဇီဝကအား အပ်နှင်းလာသည့် ဥစ္စာပစ္စည်းအပေါင်းအတွက် လက်ကိုကာ၍ ခေါင်းကိုခါရမ်းရင်း...

"အိုး သားတော်၊ ခု သားတော် ရလာတဲ့ ပစ္စည်းဥစ္စာဆိုတာ သားတော့်ရဲ့ အတတ်ပညာ စေတနာနဲ့ ရရှိခဲ့တဲ့ ပစ္စည်းဥစ္စာတွေပါ၊ ခမည်းတော်နဲ့ လုံးဝမဆိုင်တဲ့အတွက် လက်မခံပါရစေနဲ့၊ ခုလို ကျေးဇူးသိတတ်တဲ့ အပြုအမူကို မျက်ဝန်းထင်ထင် တွေ့မြင်ရတာနဲ့တင် ခမည်းတော်အဖို့ အတိုင်းမသိ ကြည်နူးရပါတယ်၊ သားတော် ဒီတော့ အဲဒီပစ္စည်းတွေဟာ သားတော်အတွက်ပဲ ဖြစ်စေရမယ်၊ ကဲ သားတော်လည်း သားတော်ရဲ့ ဥစ္စာပစ္စည်းတွေ ခြံရုံသင်းပင်း၊ ဆင်၊ မြင်းတွေကို နေရာချထားပြီးရင် အနားယူပေဦးတော့"

"မှန်လှပါ ခမည်းတော်၊ ဒါထက် ဘိုးဘိုးကော ကျန်းခံ့သာလို့ မာတော်မူပါစ"

"အို...သားတော်ရဲ့ ဘိုးဘိုးလား၊ အခင်း ခုချိန်မှာ သားတော်ရောက်လာတာ 'တိုင်းရက်တဲ့ပတ္တလား မိုးရွာတာနဲ့ အဆင်သင့်' ဆိုသလို ဟန်ကျလိုက်လေခြင်းကွယ်"

"အကြောင်းရင်း သိပါရစေ ဘုရား"

"မြင်းသရိုက်မှာ ဝေဒနာကွယ့်"

သည်စကားကိုကြားတော့ ဇီဝက အဖို့ ညှိုးရော်သွားသလို ချက်ချင်းပင် ပြုံးရွှင်လန်းသွားခဲ့ပြန်သည်။ ကာနဦး ညှိုးရော်သွားရသည်က ကာလအတန်ကြာ ကွဲကွာနေခဲ့သော ဘိုးဘိုးအား လွမ်းဆွတ်ခြင်းနှင့်အတူ သူမရှိသည့်ကာလ တစ်စုံတစ်ရာ ချွေးအလိမ်းလိမ်း ကပ်ငြိသော မြင်းသရိုက်မှာ ဝေဒနာအတွက် စိတ်မသက်သာဖွယ် ခံစားနေရမည့်အရေးအတွက် စာနာသနားသော စိတ်ခေတ်၏ ရိုက်ခတ်မှုဖြင့် ညှိုးရော်သွားခဲ့ရခြင်း ဖြစ်သည်။

သည့်နောက် ချက်ချင်းပင် ပြုံးရွှင်လန်းခဲ့သည့် အဖြစ်ကတော့။

ဒါကတော့ သူတတ်ကျွမ်းသော ဆေးပညာရပ်ဖြင့် ဘိုးတော် ဗိမ္ဗိသာရမင်းကြီး ခံစားနေရသည့် ဝေဒနာကို အမြစ်ပြတ် ပျောက်ကင်းအောင် စွမ်းဆောင်ကုသပေးခွင့် ရမည့် အဖြစ်၊ တစ်နည်း ကျေးဇူးဆပ်ခွင့် ကြုံမည့် အဖြစ်ကို တွေးတောမိ၍ ဖြစ်ရလေသည်တကား။

ရာဇဂြိုဟ်ပြည်ကြီးကား အေးမြသော ငွေလရောင်တို့ဖြင့် လွှမ်းခြုံထွေးပွေ့မှုကို ရရှိခံစားရတော့မည့်အလား ပကာဓိ ငြိမ်သက်အေးချမ်းနေပါပြီ ရော။ □

ရှောင်နှင့်ဆေး

ခမည်းတော် အခေါ်ရှိသည်မို့



www.burmeseclassic.com

www.burmeseclassic.com

စံနန်းတော်အတွင်းသို့ ဝင်သာလာခဲ့ရသည်။ မည်သို့သောအရေး၊ မည်သို့သောကိစ္စ၊ မည်သို့သော အကြောင်းခြင်းလက္ခဏာ ဆိုသည့်အမှု သားတော်အာယမင်းသားအဖို့ န-ဇာနာမိ ဘာဆိုဘာမျှ လုံးဝမသိ။

ခန်းသဘ္ဘာဆောင်မွေ့ထက်မှာတော့ ခမည်းတော် ဗိမ္ဗာသာရမင်းကြီးသည် ညှိုးမှိန်သော မျက်နှာဖြင့် တစ်စုံတစ်ခုအတွက် စိတ်ကသိကအောက် ဖြစ်သည့်အလား ကျိတ်မှိတ်ခံစားနေရဟန်တူလေသည်။ သို့ဆိုလျှင် အဆိုပါရောဂါသည် ခန္ဓာကိုယ်၏ ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်ပေါ်ခံစားနေရသော ရောဂါလော။ သို့တည်းမဟုတ် အတွင်းအဇ္ဈတ္တ၌ ဖြစ်ပေါ်ခံစားနေရသော စိတ္တဇရောဂါလော။ ဒါတော့ အာယမင်းသား မသိ။

"ဩော်…သားတော် ရောက်လာခဲ့ပြီကိုး"

"မှန်လှပါ ခမည်းတော်၊ ဒါထက် သားတော်ကို ခေါ်ရတဲ့ အကြောင်းရင်းကို သိလိုပါတယ်ဘုရား"

"သိရမှာပေါ့ သားတော် သိရမှာပေါ့၊ ခမည်းတော်လည်း ဒီကိစ္စကို အောင့်အည်းသည်းခံနေလို့လည်း မဖြစ်တော့တဲ့ အခြေအနေရောက်နေလို့ တိုင်ပင်ရအောင်ဆိုပြီး သားတော်ကို အခေါ်လွှတ်လိုက်ရတာပါ၊ ဒီမှာ ကြည့်စမ်း သားတော်"

"အို…"

ခမည်းတော်ပြသည့် ဝတ်လဲတော်မှာ ရဲရဲနီသော သွေးတို့သည် အလိမ်းလိမ်း အကျံကျံ။ ဘယ်လိုများ ဖြစ်ရတာပါလိမ့်။

"ဟုတ်တယ် သားတော်၊ ဘယ်ဝတ်လဲတော် ဝတ်လိုက် ဝတ်လိုက် မကြာဘူး၊ စအိုဝကနေ သွေးတွေ စိမ့်ထွက်ပြီး ခုလိုအလိမ်းလိမ်းကို ပေကျံကုန်တော့တာပဲ"

စင်စစ် ခမည်းတော်၌ အညောင်းဝေဒနာ ဒုလာရှိသည်ကိုတော့ ရှေးမွန်မဆွကတည်းက သိထားခဲ့သည်။ ထက်ကောင်းကင်တစ်ခွင်၌ တိမ်မျှင်စတွေ စုဝေးပေါင်းဖွဲ့ပြီး အုံ့မှိုင်းနေပြီဆိုလျှင်ဖြင့် တစ်ကိုယ်လုံး မအီမသာနှင့် အကြောအခြင်တို့သည် ကိုက်ကြဲခဲကြကုန်၏။ သို့ဆိုလျှင် နန်းတွင်းသမားတော်ကြီးများ ဖော်စပ်ထားသည့် ဆေးဝါးများကို လိမ်းတန်လိမ်း၊ သောက်တန်သောက်နှင့် ဝေဒနာမှ သက်သာရာရကြောင်းကို နည်းလမ်းရှာခဲ့ရသည်။ ခမည်းတော်ကား အသွားအလာ နည်းပါးလျက် ထိုင်တော်မူသည်က များလေရာ ကာလကြာတော့ ညောင်းညာကိုက်ခဲ ဝေဒနာမှသည် ယခုလို ဒွါရအတွင်းမှ သွေးများ ယိုစီးကျလာသည့် အဆင့်ထိ ရောဂါရေမှတ်တို့က တစ်စထက်တစ်စ တက်လာခဲ့ပေပြီတကား။ သို့ဆိုလျှင်ဖြင့် ခမည်းတော်၌ 'မြင်းသရိုက်နာ' တည်းဟူသော အတွင်းရောဂါတစ်ခု အမြစ်တွယ်နေသည်မှာ သေချာသလောက် ရှိပေပြီ။

ခမည်းတော်ကြီးအဖို့ သည်ဝေဒနာခံစားရခြင်း၌ နာသော ခံခက်သော အဖြစ်ကလေးတွေလည်း မျက်ငြိုးတမှုန်မှုန် ဖြစ်ရလေအောင် ရှိခဲ့လေသည်ပဲ။ တစ်ခါတုန်းက မိဖုရားမောင်းမတွေ၊ မိသံတွေကြား ရှိနေစဉ်က ဝတ်လဲတော်ကြားသို့ ခန္ဓာဒွါရမှ သွေးတို့က ယိုစိမ့်စီးကျလာသည်။ ဒါကို မိဖုရား မောင်းမမိသံတွေ တွေ့သွားကြတော့ အချင်းချင်း ကိုယ်ချင်းကပ်၊ ခေါင်းချင်းထိကာ လက်ဝါးလေးတွေ ကိုယ်စီအုပ်လျက် တီးတိုးစကား ဆိုကြလေ၏။ အဆိုပါ တီးတိုးစကား၌ ကျီစယ်လေသံ၊ ပြက်ရယ်ပြုသံတို့ တွယ်ငြိပူးကပ်နေသည်ကို မင်းကြီး ရိပ်စားမိတော့ ရေမြေသနင်း ကေရာဇ်မင်းပင် ဖြစ်လင့်ကစား မျက်နှာတော်ကို အဘယ်နေရာသို့ ထားရမည်မသိ။ ကြည့်ပါဦး၊ သင်းတို့ တီးတိုးရေရွတ် တတွတ်တွတ်မြည်ဆို၊ ပစ်မှတ်ကို ချိန်ရွယ်လျက် ပြောဆိုကြသော စကားအပိုင်းအစများ…

"ဟဲ့ တို့အရှင်မင်းကြီးလည်း ဣတ္ထိယတွေကို အားကျလို့လား မသိဘူး၊ ဓမ္မတာ မီးယပ်တွေ လာတယ်ဟဲ့"

"ဟုတ်တယ် ဟုတ်တယ်၊ မှန်မှန်လာရင်တော့ ကိစ္စမရှိဘူး၊ တော်ကြာ ထိန်သွား၊ ချန်သွားလို့ ရပ်သွားရင် ကိုယ်ဝန်တွေ ဘာတွေ ရှိချင်ရှိနေမှာ"



www.burmeseclassic.com

www.burmeseclassic.com

နိုးနိုးခစ်ခစ် ရယ်မောသံ၊ သာသာညင်းညင်း ကျီစယ်သံတို့က အစစအရာရာ ရိပ်စားမိနေသော မင်းကြီးအတွက်တော့ တင်းမခံ့သာလေပြီတကား။ သည်တော့ သူ အလွန်အားထားယုံကြည်ရသော သားတော်အဘယမင်းသားကို ခုလိုခေါ်ယူပြီး နှစ်နှားကပ်၍ တိုင်ပင်ရခြင်းဖြစ်သည်။

"ဒါ့ထက် နန်းတွင်းသမားတော်တွေနဲ့ ပြသမကြည့်ဘူးလားဘုရား"

"ဘယ်နေလိမ့်မလဲ သားတော်ရယ်၊ ပြကြည့်တာပေါ့၊ သူတို့လည်း အတတ်နိုင်ဆုံးတော့ ကြိုးစားပြီး ဆေးကောင်းဝါးကောင်းတွေ ဖော်စပ်ပြီး ခမည်းတော်ရဲ့ ရောဂါကို ကုသပေးကြရှာပါရဲ့၊ ဒါပေမဲ့ ခမည်းတော်ရဲ့ ကုသိုလ်ကံပဲ အကျိုးမပေးသေးလို့လား၊ ရောဂါနဲ့ ဆေးကပဲ လွဲချော်မှုတွေ ဖြစ်နေလို့လားတော့ မသိပါဘူးကွယ်၊ ဝေဒနာက ကြာလေဆိုးလေ ဖြစ်လာတယ်၊ ဒီတော့ ခမည်းတော်ရဲ့ ဝေဒနာအတွက် ဘာဆက်လုပ်သင့်တယ် ဆိုတာကို သားတော်အနေနဲ့ စဉ်းစားပြီး အကြံပေးပါဦး"

ထိုစဉ်ခဏ အဘယမင်းသား၏ ဦးခေါင်း၌ လက်ခနဲ ဖြစ်သွားကာ သားတော် ဇီဝက၏ ရုပ်ပုံလွှာက ဖျတ်ခနဲ ဝင်ရောက်ပုံရိပ်ထင်သွားခဲ့သည်။ ဟုတ်ပြီ။

"သားတော် လျှောက်တင်ပါရစေ ခမည်းတော်ဘုရား၊ ခမည်းတော်ရဲ့မြေး အမောင်ဇီဝကဟာ ဆေးကုသတဲ့ အတတ်ပညာမှာ ခက်ခက်ခဲခဲ ဝေဒနာတွေကိုတောင် သက်သာပျောက်ကင်းအောင် ကုစွမ်းနိုင်ပြီဆိုတာကို ဝေဒနာသည်တွေ၊ ဝေဒနာရှင်တွေနဲ့ ပတ်သက်တဲ့သူတွေသာမက ဆေးကုသတဲ့ အတတ်နဲ့ အသက်မွေးမြူနေကြတဲ့ ဆေးဆရာသမားတော်တွေရဲ့ နှုတ်ဖျားကပါ ထုတ်ဖော်ပြောဆိုနေကြတာ ကြားနေရပါတယ်ဘုရား၊ ဒီတော့ ဇီဝကနဲ့ ပြသကြည့်မယ်ဆိုလျှင်ဖြင့် အထူးသင့်လျော်လိမ့်မယ်လို့ သားတော်ဖြင့် ယူဆမိပါတယ် ခမည်းတော်ဘုရား"

သည်လို လျှောက်တင်လိုက်သည့် တစ်ခဏ ညှိုးမာန်အဟုန်ဖြင့် သုန်မှုန်လေးလံလျက်ရှိသော မင်းကြီး၏ မျက်နှာတော်သည် တိမ်စင်ကင်းသည့် လမင်းပမာ ကြည်လင်ဝင်းဝါ၍လာခဲ့လေသည်။

"ကောင်းတယ် သားတော်၊ ကောင်းတယ်၊ ခမည်းတော်လည်း ရောဂါဝေဒနာ ဖိစီးမှုကြောင့် ဇီဝက ရှိနေပါသေးလားဆိုတဲ့ အသိကို မေ့လျော့ပေါ့ဆနေမိတယ်ကွယ်၊ 'နီးလျက်နဲ့ဝေး' ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်ပ၊ ကဲ…ကဲ…သားတော်ပေးတဲ့ အကြံကို ခမည်းတော် လက်ခံသကွဲ့၊ ဒီတော့ သားတော် ဒီကပြန်တာနဲ့ မြေးတော်ဇီဝကကို အကြောင်းစုံပြောပြပြီး ခမည်းတော်ရှိရာကို လွှတ်လိုက်ပေတော့"

"ကောင်းလှပါပြီ ခမည်းတော်၊ သားတော်ကို ခွင့်ပြုတော်မူပါဦး"

"အိမ်း…အိမ်း…"

ရှိသေကိုင်းညွတ်မှုအပြည့်ဖြင့် ဦးနှိမ်ချပြီးနောက် လာရာလမ်းအတိုင်း ထွက်ခွာသွားသော သားတော် အဘယမင်းသားကိုကြည့်လျက် ဇီဝကအလာကို စောင့်စားရင်း မင်းကြီးသည် နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးလိုက်သည်။ မင်းကြီးအဖို့ သည်လိုအပြုံးမျိုး ဖူးဖို့ပွင့်ဖို့ မေ့လျော့ပေါ့ဆခဲ့သည်မှာ ကာလ သိတင်းပတ်တွေ အဘယ်မျှ ကြာသွားလေသည် မသိတော့။

ဩော်…ဝေဒနာရောဂါဟူသည် ပျော်ရွှင်ခြင်းနှင့် သတိတရားကမ်းခြေကို သိသိသာသာပင် တိုက်စားသွားတတ်ပါကလား။

❐

သွေးတိုးစမ်းသော်

ကြည့်စမ်း…။

'နီးလွန်းတော့လည်း မမြင်' ဆိုသည့် စကားများ တယ်ပြီးမှန်နေပါရောလား။ ခုလို အနီးအဝေး ချိန်ကြည့်တော့မှ အရာရာသည် ပြတ်သားထင်ရှားစွာ သဲသဲကွဲကွဲ ဖြစ်ရချေပြီကော။

နန်းတွင်းက သမားတော်တွေ ဆေးဝါးအဖုံဖုံ၊ ပညာရပ်အစုံစုံဖြင့် တိုက်ကျွေးလိမ်းကျံ ကုသပေးခဲ့ပါသော်လည်း မည်သို့မည်ပုံ ထူးခြားလာခြင်း မရှိ။ ရောဂါဝေဒနာသို့သာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်ထက် တစ်ရက် တိုးပွားလာခဲ့သော အခြေအနေသည် မြေးတော် ဇီဝကနှင့် တွေ့လေမှ တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့ရလေပြီကော။

အဘိုးဖြစ်သည့် ဗိမ္ဗိသာရမင်းကြီး ခံစားနေရသော မြင်းသရိုက်နာကို ဇီဝက အဘယ်သို့ ကုစားခဲ့ပါသနည်း။ အချိန်ကာလကော မည်မျှ ကြာကြာယူပါသနည်း။

မျက်မြင်ဒိဋ္ဌသာ မဟုတ်ခဲ့လျှင်ဖြင့် ယုံချင်မှလည်း ယုံကြပါလိမ့်မည်။ တင်းတိမ် အထပ်ထပ် ကာရံထားသော အခန်းတွင်းရှိ သလွန်ညောင်စောင်းပေါ်၌ မင်းကြီးကို သက်သောင့်သက်သာစွာ လဲလျောင်းစေခဲ့သည်။ သည့်နောက် ဝတ်လဲတော်ကို လှပ်ခွာစေလိုက်သည်။ သည်လိုအခြေမျိုး၌ ဝေဒနာရှင်အဖို့လည်း 'မမြင်ဝံ့ ဆေးသမား' အဖြစ်ကို ကိုင်စွဲထားရတော့သည်။

မင်းကြီးအတွက် ဆေးကို ဇီဝကသည် သည်ရောက်မှ ချက်ချင်းဖော်စပ်လိုက်ခြင်း ဖြစ်သည်။ ပြီးတော့ ဖော်စပ်ပြီးသော ဆေးကို ဘာနှင့် ဘယ်လောက် ယူသည်ထင်သနည်း။ ကြည့်…။ ညက်မှုန့်သောဆေးကို ကလော်ယူလိုက်သည်က ဇွန်းနှင့် မဟုတ်။ လက်သည်းကလေးနှင့်။ သည်တော့ လက်သည်းနှင့် ကော်ယူလိုက်သော ဆေး၏ ပမာဏကို ချင့်တွက်နိုင်လောက်ပေပြီ။ မင်းကြီးအတွက် သောက်ဆေးမလို။ ဇီဝကသည် လက်သည်းတွင် ပါလာသော ဆေးမှုန့်အစအနများနှင့်ပင် မင်းကြီး၏ စအိုဝရှိ ရောဂါလမ်းတစ်လျှောက်ကို ညင်သာစွာ သုတ်လိမ်းပေးလိုက်သည်။ သည်သို့ လိမ်းကျံပေးသည့် အရေအတွက်က များများစားစား မဟုတ်။ တစ်ကြိမ်မှ တစ်ကြိမ်တည်းသာ။

သည်လို အနာနှင့်ဆေး တွေ့ဆုံပေါင်းစည်းသည့် တဒင်္ဂမှာပင် မယုံကြည်နိုင်လောက်အောင်၊ အံ့သြကုန်နိုင်ခဲလောက်အောင် မင်းကြီး၏ ခံစားနေရသော မြင်းသရိုက်နာ ဝေဒနာသည် ရုတ်ချည်းသက်သာသွား၏။ ပျောက်ကင်းသွား၏။ သွေးယိုဆင်းမှုလည်း ရပ်တန့်ကာ လေတဟိုဟိုဖြင့် နေရထိုင်ရ ပေါ့ပါးလျက် ငယ်ရွယ်နုနယ်စဉ်အခါတုန်းကလို မိုးကို ဒူးနှင့်တိုက်ချင်စိတ်ပင် ပေါ်ပေါက်လာသည်အထိ လွတ်လပ်ပေါ့ပါးပြီး နောက်ကျိလေးလံထိုင်းမှိုင်းခဲ့သော စိတ်အဟုန်တို့သည် ပြကတေ့ပင် လန်းဆတ်ကြည်လင် ပေါ့ပါးသွားခဲ့လေတော့သတည်း။

သည်တော့ မင်းကြီးအဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်သည်မှာ ပြောဖွယ်ရာပင် မရှိ။ မိဖုရား၊ မောင်းမမိသံကို့၏ ကွယ်ရာတီးတိုး သဖန်ပိုးလုပ်ခြင်းဒဏ်မှလည်း ကင်းလွတ်ခဲ့ပြီ။ ကျေးဇူးကြီးလှပါပေ့။ မြေးတော် ဇီဝကရေ မွေးရကျိုး ကျွေးရကျိုးနပ်ပါပေရဲ့ ဇီဝက။

လောကနိယာမအရ မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်၍ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရပေဦးတော့မည်။ မြေးတော်ပင် ဖြစ်လင့်ကစား ဇီဝက၏ ပညာကိုဖြင့် ပူဇော်ချီးမြှင့်ရပေလိမ့်မည်။ မြေးကမြေး၊ ပညာက ပညာ၊ တခြားစီ သပ်သပ်စီ။

သည်ခဏ မင်းကြီး၏ စိတ်အာရုံအစွန့်တွင်း၌ စိတ်ကူးတစ်ခုသည် ရုတ်ချည်းဆိုသလို ပေါ်ပေါက်လာခဲ့သည်။ ဒါက အခြားမဟုတ်။ ဇီဝက၏ စိတ်ဓာတ်ကို သွေးတိုးစမ်းလိုသည့် စိတ်ကူးတစ်ခုပါတည်း။

မောင်းမအရေအတွက် ငါးရာဆင်ယင်သည့် အဖိုးတန် ရွှေငွေရတနာတို့ကို ဇီဝကရှေ့၌ ပုံလိုက်မည်။ ထို့နောက် 'ယူလေ' ဟူ၍ ပေးမည်။ ဤ၌ ဇီဝကသည် သူပေးသော အဖိုးတန် ရွှေငွေရတနာတို့ကို တပ်မက်စိတ်အဟုန်ဖြင့် ယူခဲ့ချေက သင့်တင့်သော အရာ၌ထား၍ သာမန်အနေအထား လောက်သာ မြှောက်စားခြင်းပြုမည်။ အကယ်တန္တု တပ်မက်အဟုန် လုံးဝမရှိ၊ ပေးအပ်သော အဖိုးတန် ရွှေငွေရတနာတို့ကို ငြင်းပယ်ချေက အတွင်းသားပြု၍ ချီးမြှင့်မြှောက်စားခြင်းပြုမည်။ ဒီလိုမျိုး စိတ်ကူးရှိခဲ့သည်။

သည်လိုရှိခဲ့သော စိတ်ကူးစိတ်သန်းကို အခြေပြုလျက် လက်တွေ့အကောင်အထည်ဖော်လိုက်သောအခါတွင်မူ…



www.burmeseclassic.com

www.burmeseclassic.com

ဇီဝကရှေ့မှောက်မှာဖြင့် အဖိုးတန် ရွှေငွေရတနာတို့မှာ နည်းနည်းနောနော မဟုတ်။ အစုလိုက်၊ အပုံလိုက်၊ လောဘစိတ် မချိုးနှိမ်နိုင်သူ၏ မျက်ဝန်းများဆိုလျှင် အဆိုပါပစ္စည်းများကို တွေ့မြင်မိသည့် တဒင်္ဂ အရောင်ပင်တောက်ရုံမက အလျှံတညီးညီးပင် လင်းလက်သွားနိုင်သည်။ သို့သော် ဇီဝကကား သာမန်ယောကျ်ားမျိုးမှ မဟုတ်လေရကား…

"ခုလို မြေးတော်ရဲ့ ပညာအပေါ် ချီးမြှင့် ဂုဏ်ပြုမှုအပေါ် ကျေနပ်ဝမ်းမြောက်မိပါတယ်၊ အရှင်မင်းကြီး ဒါပေမဲ့ ဒီအဖိုးတန်ရွှေငွေရတနာတွေဆိုတာ အဘိုးအဘွားတွေရဲ့ ပစ္စည်းဘဏ္ဍာ ဖြစ်ပါတယ်။

ဒီပစ္စည်း ဘဏ္ဍာတွေဆိုတာ မြေးတော်အဖို့ ယူငင်ဖို့ရာ မသင့်တော်ပါဘူးဘုရား၊ မြေးတော်ရဲ့စိတ်ထဲ ယူလိုစိတ်လည်း လုံးဝဥဿုံ မြူမှုန်တစ်စ မရှိပါဘူးဘုရား၊ အရှင်မင်းကြီး သက်တော်ရှည်သမျှ ကာလပတ်လုံး မြေးတော်ကုသပေးရတဲ့ ကျေးဇူးကို အောက်မေ့သတိရရင် ကျေနပ်ပီတိဖြစ်နေရမှာပါဘုရား"

ကြည့်စမ်း။ လိမ္မာလိုက်တဲ့မြေး။ သိမ်မွေ့လိုက်တဲ့မြေး။ အသက်အရွယ်များစွာ ကွာခြားပင် ကွာခြားသော်ငြား မင်းကြီးအဖို့ မြေးတော်အပေါ် ကြည်ညိုသောစိတ်တို့က တန့်ရပ်မရ။ စီးလည်အဟုန်။

သည်တော့ 'သမားတော်'ဟူသည့် ထိုက်တန်သော ဝိသေသနှင့် လိုက်လျောညီထွေပြီး နှစ်သက်ကြည်နူးစရာ ကောင်းလှသည့် နေစရာအိမ်ကိုလည်းကောင်း၊ ဘေးတော် ဘိုးတော်တို့၏ အမွေဖြစ်သည့် သရက်ဥယျာဉ်ကိုလည်းကောင်း၊ တစ်နှစ်လျှင် အခွန်တစ်သိန်းရသော မြို့ရွာကိုလည်းကောင်း၊ ထူးမြတ်သော အသုံးအဆောင်တို့ကိုလည်းကောင်း အတန်တန် တားမြစ်နေသည့်ကြားမှ 'ဘိုးဘိုးရဲ့ စေတနာကို လက်ခံပါ မြေးရဲ့' ဟု အတင်းကာရော ပေးခဲ့ရသည်။

"ငါ့မြေးအနေနဲ့ ဒီကနေ့ကစပြီး အဘိုးကို နန်းတွင်းမှာ ရှိကြတဲ့ မောင်းမမိဿံတွေကို၊ ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ငါ့မြေး တစ်ဖက်ကမ်းခတ် တတ်ကျွမ်းထားတဲ့ ဆေးပညာနဲ့ အလုပ်အကျွေးပြုရစ်ပါ"

"မှန်လှပါ၊ မြေးတော်အနေနဲ့ သေတစ်ပန် သက်တစ်ဆုံး အဘိုးရဲ့ စကားကို နားထောင်ပါ့မယ်ဘုရား"

"အိမ်းကွယ်…အိမ်…အိမ်… သာဓု…သာဓု…သာဓု"

မင်းကြီး၏ သာဓုခေါ်သံကား ရာဇဂြိုဟ်ပြည်အတွင်း ဝေ့ဝဲတိုက်ခတ်လာသော လေအဟုန်၌ မွှံမွှံရွှရွှ၊ ဖွဖွ ညင်သာစွာ ဒန်းစီးခိုရင်း ဝတ်မှုန်ကျင်းသော ပန်းရနံ့တို့ကို သွတ်လှယ်ပွေ့ထွေးသွားခဲ့လေပြီတကား။

□

ဥပါယ်တံမျဉ်

ရာဇဂြိုဟ်ပြည်၏ တောင်ဘက်မျက်နှာ…။

ထိုမျက်နှာ အရပ်၌နေသော မဟာသာလ သူဌေးသား။

ရွှေမရှား၊ ငွေမရှား၊ စိန်မရှား၊ လောကီစည်းစိမ် ဆိုသည်မှာ ဘာမျှ အလေးအနက်ထားစရာ မလိုပြီ။ ဒါတွေသည် သူ့အတွက် လာဘ်လာဘ မဟုတ်။ ရောဂါဝေဒနာကို ရင်ဝယ်ပိုက်ထားရသော သူ့အတွက် ထွေနေ၊ လှောင်နေ၊ ရယ်သွမ်းသွေးနေကြသော ရုပ်ဝတ္ထုပစ္စည်းများအဖြစ်သာ ယူဆထားမိလေသည်။

တကယ်တော့ ဘုရားရှင် ဟောကြားခဲ့သော 'အာရောဂျ ပရမံ လာဘံ' ကျန်းမာခြင်းဟူသည် ကြီးစွာသော လာဘ်တစ်ပါး ဆိုသည်မှာ မှန်လွန်းလှပေစွ။ ကျန်းမာခြင်း ယိုင်နဲ့နေသူတစ်ဦးအတွက် ရုပ်ဝတ္ထုပစ္စည်းတွေ ဆိုသည်မှာ အလိုအလျောက် အဓိပ္ပာယ်မဲ့လွန်းနေတော့သည်။ ကြည့်…သူခံစားနေရသော 'ဦးရင်းခေါင်းခဲနာ' သည် သူ့ထံမှ ရွှေငွေဥစ္စာ ရတနာပစ္စည်း တော်တော်များများသာမက စိတ္တသုခ မှန်သမျှကိုပါ တစ်စစီ ဖဲ့ခြွေခဲ့သည်မှာ ကာလတွက်စစ်ကြည့်လျှင် နှေးခုနစ်နှေ၊ မိုးခုနစ်မိုး၊ ဆောင်းခုနစ်ဆောင်း၊ တစ်နည်းအားဖြင့် ကာလသက်တမ်း ခုနစ်နှစ်တိတိ။

သည်ရွှေ့သည်မျှ ကာလတွေ



www.burmeseclassic.com

www.burmeseclassic.com

ရှည်ကြာလာသည့်အတွက် သူ့မှာ အခါခပ်သိမ်း စိတ်ပန်းလူပန်းဖြင့် ဝဋ်ဒုက္ခကြီးတစ်ခုလို ခံစားနေရသည်။ ငွေကြေး ဘယ်လောက်ကုန်ကုန်၊ နှမြောတွန့်တိုခြင်း အလျဉ်းမရှိ။ ရောဂါပျောက်လျှင် ကျေနပ်ပြီဟု ယူဆထားသော မဟာသာလအဖို့ ရာဇဂြိုဟ်ပြည်တစ်ဝိုက် နာမည်ကျော်ကြား အလွန်ထင်ရှားသည့် သမားတော်ပေါင်းများစွာကို ပင့်ခေါ်ကုသခဲ့ဖူးသည်။ သမားတော်ကြီးတွေ တစ်ဦးပြီး တစ်ဦး၊ ဆရာ့ဆရာကြီးတွေ တစ်ဦးပြီး တစ်ဦး ပြောင်းလဲသွားကြ၏။ ထိုသို့ ပြောင်းလဲခြင်းနှင့်အတူ ရွှေငွေဥစ္စာတို့လည်း လျော့သွားကြ၏။ ဝေဒနာက ည်သို့မျှ မထူး။ သူ့ကို ကုသခဲ့ကြဖူးသော ဆေးဆရာများ၊ သမားတော်များ ဆုံမိကြလျှင် ဘယ်သို့ ပြောသည်ထင်ပါသနည်း။

"ဆက်ကုနေရင်လည်း ငွေကုန်သာသာ အဖတ်တင်မှာပါကွာ၊ မဟာသာလရဲ့ ဝေဒနာက ထူးလာမှာမဟုတ်ပါဘူး"

"မထူးဘူးဆို သူ့ဝေဒနာက ကံအဝင့်နာများ ဖြစ်နေလားမှ မသိဘဲ"

"ကျုပ်အထင်တော့ မဟာသာလသာ သိပ်ခံမယ် မထင်ဘူး၊ အဲဒီဦးရှင်းခေါင်းခဲနာနဲ့ပဲ သေလိမ့်မယ်"

"ကြိုးသေပေါ့ဗျာ၊ အလွန်ဆုံးရှိရင် ၅ ရက်လောက်ပဲ"

"အင်း…ဆရာကြီးပြောတာ ဟုတ်မယ်၊ ကုသိုလ်ကံကောင်းရင် နောက်ထပ် နှစ်ရက်လောက်တိုးပြီး ခုနစ်ရက်လောက်တော့ဖြင့် နေရကောင်းပါရဲ့ဗျာ"

သည်စကားတွေကို ဝေဒနာရှင် မဟာသာလ သူဌေးသားကြားလျှင် မည်သို့နေမည်မသိ။ နိဂုံးရွာနေ မဟာသာလသူဌေး၏ သူငယ်ချင်း သူကြွယ်အတွက် ကြားရသည်နှင့်ပင် ရင်ထဲမချိ။

"မသေရဘူး၊ မသေရဘူး၊ ကျုပ် သိချစ်တဲ့ သူငယ်ချင်း မဟာသာလ မသေရဘူး။

ဘယ့်နှယ်ဗျာ ကျုပ်သူငယ်ချင်းဟာ ရာဇဂြိုဟ်ပြည့်ရှင်မင်းကြီးအပေါ် လည်း ကျေးဇူးများခဲ့သူ၊ ကျေးရွာနေ ဆင်းရဲသားအပေါင်းကိုလည်း အစစအရာရာ ကူညီစောင်မခဲ့သူ၊ ဒီလို စိတ်ထားမွန်မြတ်တဲ့ လူသားတစ်ယောက်ဟာ သေရမယ့် ဇာတာခွင် မကျသေးရင် ဘာဖြစ်လို့ သေရမှာတဲ့လဲ။

ရောဂါရှိရင် ဆေးရှိတယ်တဲ့။ 'ရောဂါနဲ့ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေး မခက်ပါ'တဲ့။ ဒီစကားတွေ ဘယ်သွားထားမလဲ၊ ကျုပ်သူငယ်ချင်းဟာ ဆရာကောင်းသမားကောင်းနဲ့ မတွေ့ရသေးတဲ့ လူနာပါ၊ ဆရာကောင်း သမားကောင်းနဲ့တွေ့ရင် ဒီဝေဒနာလောက် အပျော့ပေါ့ ကျုပ်သူငယ်ချင်းအတွက် သမားတော်ကောင်းကို ရှာမယ် ပင့်မယ်၊ ရောဂါပျောက်အောင် ကုပေးမယ်"

သည်တော့ သမားတော်ကောင်းကို သူ စုံစမ်းသည်။ သည်တွင် 'ဇီဝက'ဆိုသော နာမည်ကို ကြားလာရသည်။ ပြီးတော့ ဇီဝက၏ ကုသမှုဆိုင်ရာ ဇာတ္တာလမ်းစဉ်များ။

သည်ခဏ၌ သူကြွယ်၏ စိတ်အလျဉ်သည် ဇီဝကကို ပင့်လျှင်ဖြင့် သူငယ်ချင်းအတွက် မျှော်လင့်ချက်ရောင်ခြည်များစွာ သမ်းလိမ့်မည်ဟု သဘောပေါက်လာသည်။

သည့်အတွက် အချိန်ကာလ မရွှေ့ဆိုင်းဘဲ ရာဇဂြိုဟ်သို့ အရောက်သွားကာ မင်းကြီးထံ ဝင်ရောက်သံတော်ဦးတင်သည်။ အကျိုးအကြောင်း လျှောက်ထားသည်။

"အို…မဟာသာလရဲ့ ဝေဒနာဟာ ဒီလောက်တောင် ဆိုးဆိုးရွားရွား ဖြစ်နေပြီတဲ့လား ဖြစ်မှဖြစ်ရလေ၊ ဒင်းဟာ ငါတို့အပေါ်ကို အကျိုးတရားများစွာပြုခဲ့တဲ့ တောင်မျက်နှာအရပ်က သူဌေးပါ။

ကဲ…သည့်အတွက် မပူပါနဲ့ ကွယ်၊ မင်းသူငယ်ချင်းရဲ့ ဝေဒနာ ပျောက်ပြီလို့သာ မှတ်လိုက်ပေတော့၊ ဒီလောက်ဝေဒနာကိုဖြင့် ငါ့မြေးဇီဝက တတ်နိုင်ပါလိမ့်မယ်၊ ခုပဲ ဇီဝကကို ခေါ်လိုက်ပါ့မယ်"

မင်းကြီး အခေါ်လွှတ်လိုက်သည်ဆို၍ မကြာလှသော အချိန်ကလေးမှာပင် ဇီဝက ရောက်ချလာခဲ့သည်။ မင်းကြီးနှင့် သူကြွယ်တို့က အကျိုးအကြောင်း ပြောပြသည်။

"သည့်အတွက်တော့ ဘာမျှ

www.burmeseclassic.com

စိတ်မပူပင်ပါနဲ့ အရှင်မင်းကြီး မြေးတော် ပျောက်ကင်းအောင် ကုသပေးပါ့မယ်၊ ခုပဲ လိုအပ်တဲ့ ဆေးဝါးအချို့ယူပြီး သူကြွယ်နဲ့ တစ်ပါတည်း လိုက်သွားပါ့မယ်"

"အိမ်း··အိမ်း··ကောင်းလေစွ၊ ကောင်းလေစွ"

နန်းတော်မှခွာ၊ ဇီဝက၏ စံအိမ်သို့ဝင်၊ ထိုမှတစ်ဆင့် ခရီးထွက်ခဲ့ရာ အချိန်အတန်အသင့်ကြာလျှင် မဟာသာလသူဌေးသား၏ အိမ်သို့ ရောက်လာခဲ့ကြတော့သည်။

သူဌေးသားကား သူ့အချစ်ဆုံးသူငယ်ချင်း သူကြွယ်နှင့် ဇီဝကအား ဝမ်းသာအားရ နှုတ်ဆက်ကြိုဆိုလိုသော်လည်း ဝေဒနာကြောင့် စိတ်ထင်သလောက် ကိုယ်က မပါနိုင်ရှာ။ ညောင်စောင်း၌ပင် သက်သာသလို မှိန်းနေရရှာလေသည်။

"ကျွန်တော့်သူငယ်ချင်းရဲ့ ဝေဒနာကို ကုသပေးပါ ဆရာရယ်၊ ဝေဒနာနဲ့ ပတ်သက်ပြီး ဘယ်ရွေ့ဘယ်မျှ ကုန်ကုန်···"

ဇီဝကက လက်ကာပြလိုက်သည်။ သည့်နောက် မဟာသာလနှင့် စကားအနည်းငယ် ပြောကြည့်သည်။ မျက်လွှာကို ဖြဲကြည့်သည်။ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ ဦးခေါင်းခဲနာဖြစ်သော နေရာတစ်ဝိုက်ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

"သူဌေးကြီး သင့်ရောဂါဝေဒနာကို ကျုပ်သက်သာပျောက်ကင်းအောင် ကုသပေးဖို့ တာဝန်ယူပါတယ်"

"ဗျာ···ဆရာ၊ တကယ်··· တကယ်ပြောတာလားဟင်"

"ကျုပ်နာမည် ဇီဝကပါ၊ ပြောပြီးသားစကားကို ပြင်လေ့ရှိသူ မဟုတ်ဘူး၊ အပြောနဲ့ ကိုက်ညီတဲ့ လက်တွေ့အပိုင်းကို မကြာခင် သိရမှာပါ"

"ဝမ်း···ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျုပ်ရဲ့ဝေဒနာ သက်သာပျောက်ကင်းမယ်ဆိုရင်ဖြင့် ကျေးဇူးတော်အနန္တပါ"

"ထားလိုက်ပါလေ၊ ဒါထက် သင့်ဝေဒနာ ပျောက်ကင်းမယ်ဆိုရင်ဖြင့် ကျုပ်ကို ဆေးဖိုးအနေနဲ့ ဘယ်လိုတုံ့ပြန်မှာတဲ့လဲ"

"ဟာ:···ဒီအတွက်ကတော့ မပူပါနဲ့ ဆရာ၊ ကျုပ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ အလုံးစုံဟာ ဆရာပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ ဖြစ်ရပါစေမယ်ဆရာ၊ သားမယားနဲ့တကွ ကျုပ်ပါ ဆရာ့ကို ကျွန်ပြုရမယ်ဆိုရင်လည်း ကျွန်ပြုပါ့မယ် ဆရာ"

"ကောင်းပြီ သူဌေးကြီး ကောင်းပြီ၊ ဒါထက် ကုသမှုအတွက် ကြန့်ကြာမယ့်ကာလအပိုင်းအခြားနဲ့ ပတ်သက်ပြီး မေးရဦးမယ်၊ သူဌေးကြီးအနေနဲ့ လက်ဝဲဘက်ကို စောင်းပြီး ခုနစ်လတိတိ အိပ်နိုင်ပါ့မလား"

"အိပ်နိုင်ပါတယ် ဆရာ"

"ကောင်းပြီ၊ ဒါဖြင့် လက်ယာဘက်ကို စောင်းပြီးတော့ကော ခုနစ်လတိတိ အိပ်နိုင်ပါ့မလား"

"ဒါလည်း အိပ်နိုင်ပါတယ် ဆရာ"

"ဟုတ်ပြီ၊ တစ်ဆက်တည်း ဆိုသလို မေးရဦးမယ်၊ ပက်လက်လှန်ပြီးတော့ကော ခုနစ်လတိတိ အိပ်နိုင်ပါ့မလား"

"ရောဂါပျောက်မယ်ဆိုလို့ကတော့ ဘာငြင်းမှာလဲ ဆရာရယ်၊ အိပ်ပြီးသားပဲ"

မဟာသာလကား ရောဂါပျောက်မည်ဆိုလျှင် ဘာပဲလုပ်ရ လုပ်ရ လုပ်မည့်လူစား တစ်ဦးပါတည်း။

"ကောင်းပြီ၊ ဒါဆိုရင် သင့်ရောဂါကို အခုပဲ ကုပေးပါတော့မယ်၊ ကဲ···ညောင်စောင်းမှာပဲ အသာကလေး လှဲလိုက်ပါ၊ ပြီးရင် နာနပ်မယ်"

သူဌေးကား ရောဂါပျောက်ကင်းသော့မည်ဟူသော အသိကြောင့် ဇီဝက ညွှန်သည့်အတိုင်း တသဝေမတိမ်း လုပ်ရှာသည်။

မကြာခင်မှာပင် ဇီဝကအဖို့ သူ တတ်စွမ်းသော ပညာဖြင့် ဝေဒနာရှင် တစ်ဦး၏ ဒုက္ခကို ကယ်တင်မှု စတင်ရတော့မည်တကား။

ရှေ့လ ဆက်ရန်

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# အပြုံးရောင် လှမ်းတက်

## မော်တင်သိန်းဇော်ဇ

ပြင်ရာ၌ အလွန်ကျွမ်းသည်။ တစ်ခွန်းဈေး ယူသည်၊ မလျှော့။ အပို မပြော၊ အပေါက်ဆိုးသည်ဟူသော ဝိသေသနှင့် နာမည်ရှိသော ဈေးဝဆီက သော့ပြင်အဘိုးကြီးထံသို့ ကိုဖိုးလုံး သော့လုံးပျက်ကလေးတစ်လုံးကို ကိုင်ကာ ရောက်လာလေသည်။

"အဘရယ် ... ကျွန်တော့် ယောက္ခမအမွေ ရှေးဟောင်းရှားပါး အင်းတစ် ဒီသော့ကလေးကို သေချာ ပြင်ပေးပါနော်။ ကျွန်တော်က မသုံး တော့ဘဲ အသစ်ပဲဝယ်သုံးတော့မလို့။ ဒါပေမယ့် ကျွန်တော့်မိန်းမ သောင်း ကျန်းလို့ လာပြင်တာပါ"

ဟု ကိုဖိုးလုံးသည် တရိုတသေ မျက်နှာငယ်ကလေးနှင့် သော့ပြင် အဘိုးကြီးကို အရိုးခံနှင့် ပြောရင်း သော့ပျက်ကလေးကို သော့ပြင်အဘိုး ကြီးလက်ထဲသို့ လှမ်းထည့်ပေးလိုက် လေသည်။ သော့ပြင်အဘိုးကြီးသည် ကိုဖိုးလုံးလက်ထဲက သော့ကလေးကို ဆတ်ခနဲ လှမ်းယူရင်း တစ်ချက် မျှ အမြန်ကြည့်လိုက်ကာ –

"အေး ... တစ်ရာကျတယ်။ သနဲ့၊ တော်တော်ကြာမှ လာယူ။ ပြင်ထားပေးမယ်"

ဟု ကိုဖိုးလုံးကို ခပ်ပြတ်ပြတ် ပြန်ပြောရင်း သူ၏ လက်ထဲဆီက ပြန်ခဲ့ သော့တစ်လုံးကို ဆက်ပြင်နေ လေသည်။ စကားပို ထပ်မဆိုတော့ချေ။

သော့ပြင်အဘိုးကြီးစကားကို ကြားလိုက်ရ၍ ကိုဖိုးလုံးစိတ်ညစ်ညူး မိသွားရှာလေသည်။ ပြင်ခတစ်ရာ ပြဿနာမရှိ။ အကယ်၍ သော့ပြင် အဘိုးကြီးက သူ့သော့ကို မသမာဘဲ မျိုးတူသော့တစ်လုံးလုံးနှင့် လဲထား လိုက်ရင် ပြဿနာ။ ဒေါသကြီး၊ အပေါက်ဆိုးလှသော သူ့မိန်းမက သူ့ ကို ပြဿနာရှာကာ ဆူပူသောင်းကျန်း ပြစ်တင်ပြီး ဈေးထဲသို့ တစ်ခါလာကာ သော့ပြင်အဘိုးကြီးကိုပါ ချမ်းသာ မပေးဘဲ လာပွဲကြမ်းရင် ပြဿနာပဲ။ ဒုက္ခပဲဟု စဉ်းစားရင်း ကိုဖိုးလုံးသည် သော့ပြင်အဘိုးကြီးအား ရိုကျိုးသော မျက်နှာကလေးနှင့် –

"ကျွန်တော် ဘာမှဝယ်စရာမရှိ ပါဘူး။ စောင့်ပြီးယူပါ့မယ်။ ပြင်ပေးပါ နော်"

ဟု အလိမ္မာဖက်၍ တောင်းဆို လေသည်။ ကိုဖိုးလုံးစကားအဆုံး၌ သော့ပြင်အဘိုးကြီးက –

"မဖြစ်ဘူး။ မပြင်ချင်ရင် ပြန်ယူ သွားချေတော့"

ဟု တင်းမာပြတ်သားသော မျက်နှာနှင့် ကိုဖိုးလုံး၏ သော့လုံး ကလေးအား လှမ်းကာ ပြန်ပစ်ပေး လိုက်လေသည်။

ကိုဖိုးလုံး ထပ်ကာ စိတ်ညစ် ညူးရ၍ စိတ်ပျက်မိပြန်ရလေသည်။ ပြင်ရန် အခြားဆိုင်ကလည်း ဈေးထဲ မှာမရှိ။ အဘိုးကြီးဆိုင်တစ်ဆိုင်တည်း သာ ရှိလေသည်။ တစ်ခါ မြို့ထဲသို့ သွားပြင်ရင်လည်း ဆင်ဖိုးထက် ချွန်း ဖိုးကကြီး ဆိုစကားအတိုင်း သော့ ဟောင်း သော့ပျက်ကလေး၏ တန်ဖိုး ထက် ခရီးစရိတ်တို့က ပို၍ကြီးကုန် ရတော့မည်၊ လူပန်း၊ အချိန်ကြာရ တော့မည်။ သော့ပြင်အဘိုးကြီးက လည်း မာမာပင် သူ၏ တောင်းဆို ချက်ကို မလိုက်လျော။ ဒုက္ခပဲ။ မပြင် ဘဲ ပြန်ယူသွားလျှင်လည်း အပေါက် ဆိုး၊ လျှာကြမ်းလှသော သူ၏ မိန်းမ က သူ့အား တုတ်တော့မည် စသဖြင့် ကိုဖိုးလုံးသည် အမျိုးမျိုး ဝေခွဲတွေး တော စဉ်းစားရင်း အကျပ်ရိုက်ရလေ သည်။

နောက်ဆုံးတွင်တော့ ကိုဖိုးလုံး သည် သော့ပြင်အဘိုးကြီးအား ပြင် မည့် သူ၏ သော့လုံးပျက်ကလေးအား တောင်းတောင်းပန်ပန်နှင့် ပြန်လှမ်း ပေးရင်း ဈေးထဲဆီသို့ အကြောင်း အကျိုးမရှိဘဲ ဟန်ပြသဘောမျိုးနှင့် စိတ်မသက်မသာနှင့် ထွက်ခဲ့ရလေ သည်။

ကိုဖိုးလုံးသည် သော့ပြင်အဘိုး ကြီးအား ကျောခိုင်းပြီး ဈေးထဲရှိ ဆိုင် တစ်ဆိုင်နား၌ ရပ်ကာ သော့ပြင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

## လူအချို့က
## လွယ်ကူတာကို
## တန်ဖိုးမထားချင်ကြ
## ဘူးကွ။ ခက်မှသာ
## တန်ဖိုးထားပြီး
## လက်ခံအထင်ကြီး
## တတ်ကြတာ။
## တန်တယ်
## ထင်ကြတာ။

ကလေးအား ခိုးဝှက်သဘောနှင့် လှမ်းကြည့်လေသည်။

သဘောက သော့ပြင်အဘိုးကြီးက သူ၏သော့အား အခြား မျိုးတူသော့ပျက်တစ်ခုခုနှင့် လဲယူလေမလားဟူသော စိုးရိမ်စိတ်နှင့် လှမ်း၍ စူးစမ်းခြင်းပင်ဖြစ်လေသည်။ ချက်(Check) လုပ်လေသည်။

သော့ပြင်အဘိုးကြီးသည် ကိုဖိုးလုံး စိုးရိမ်တွေးပူမိထားသလို မဟုတ်။ အထင်အမြင်သေး၊ အထင်မှားထားမိသလို မဟုတ်ဘဲ သူ၏မျက်စိရှေ့မှာပင် ပညာသားပါပါနှင့် သူ၏ သော့လုံးပျက်ကလေးအား သံကောက်ချွန်ကလေးတစ်ခုနှင့် တစ်ချက်တည်းမျှသာ လှမ်းထည့်၍ ဆွဲငင်ပြီး လှည့်လိုက်ရာ သူ၏ ခဲကပ်၊ ကျပ်၊ ပျက်ကာ ဖွင့်မရသော သော့လုံးကလေးမှာ ချက်ချင်းပင် ပွင့်သွားသည်။ ကိုဖိုးလုံးသည် မနီးမဝေး တစ်နေရာဆီမှ အံ့ဩဝမ်းသာမှုများနှင့် အထင်ကရ အတိုင်းသားပင် လှမ်းမြင်လိုက်ရရှာလေသည်။

ကိုဖိုးလုံးသည် ခဏမျှအကြာ၌ ဈေးထဲဆီက ထွက်လာသည့်ပုံစံနှင့် သော့ဆိုင်ကလေးဆီသို့ ကပျာကယာနှင့် သွားလေသည်။ သော့ပြင်အဘိုးကြီးက ကိုဖိုးလုံးအား ကောင်းသွားသော သော့လုံးကလေးအားဖွင့်ရန် သော့မိတ္တူအပိုတစ်ချောင်းနှင့်အတူ ပေးသလို ပြင်ခတစ်ရာကို လှမ်းယူရင်း "မင်းဘာလုပ်တာလဲ"ဟု လှမ်းမေး၍ ကိုဖိုးလုံးသည် ကျွန်တော်ကြုံရာကျပန်း လုပ်စားတာပါ အဘဟု လှမ်းဖြေလေသည်။

ကိုဖိုးလုံး စကားအဆုံး၌ သော့ပြင်အဘိုးကြီးက –

"အေးပေါ့ကွာ။ ငယ်လည်းငယ်၊ ရိုးလည်းရိုးတာကိုး။ ငတုံးလို့တော့ မပြောချင်ပါဘူး။ ဒီလိုကွ။ ငါ အမှန်အတိုင်းပြောပါရစေ။ အသိလည်း ပေးပါရစေ။ လူအချို့က လွယ်ကူတာကို တန်ဖိုးမထားချင်ကြဘူးကွ။ ခက်မှသာ တန်ဖိုးထားပြီး လက်ခံအထင်ကြီးတတ်ကြတာ။ တန်တယ်ထင်ကြတာ။ မင်းကို တမင်တကာ စောင့်မယူခိုင်းတာ မင်းရှေ့မှာ အင်မတန်လွယ်ကူတဲ့ ဒီသော့ကလေးကို ဖွင့်ပြ၊ ပြင်ပြရင် ငါတောင်းတဲ့ ပြင်ခတစ်ရာကို ငါ့ကို မင်းပေးချင်ပါ့မလားကွာ။ တန်တယ်လို့ ဘယ်ထင်မှာလဲ။ ပြင်ခတစ်ရာကို မင်း အောင့်သက်သက် မသဒ္ဓါတဲ့စိတ်နဲ့ ငါ့ကို ပေးသွားမှာ။ ဒါကြောင့် မင်းကို မမြင်စေချင်လို့ အကြောင်းရှာရတာ။ မင်းအကုသိုလ်ဖြစ်မှာစိုးလို့ လုပ်ဖာတ်နဲ့ မင်းရှေ့ပြင်မပြတာပေါ့"

ဟု အပြုံးကလေးနှင့် ကိုဖိုးလုံးအား လှမ်းပြောလိုက်လေသည်။

ကိုဖိုးလုံးသည် တစ်ဖက်သားကို အထင်သေး၊ အထင်မှားမိခဲ့သော မိမိ၏စိတ်ထားအတွက် နောင်တရသလို သော့ပြင်အဘိုးကြီးပေးသော လောကသင်ခန်းစာတချို့နှင့် အသိတရားအတွေ့အကြုံအသစ်တို့ ရရှိသည့်အတွက် ပီတိဖြာရင်း သော့ပြင်အဘိုးကြီး၏ လက်ထဲဆီမှ ကောင်းသွားပြီဖြစ်သော သော့လုံးကလေးအား ကပျာကယာလှမ်းယူ၍ "ကျေးဇူးပါနော် အဘ"ဟု သော့ပြင်အဘိုးကြီးအား တရိုတသေ နှုတ်ဆက်ပြီး ဆိုင်ရှေ့ဆီကနေ၍ အိမ်က မိန်းမအား မျက်နှာလုပ်ရန်အတွက် ကမန်းကတန်းနှင့် အပြေးအလွှား အသော့ကလေးပင် အမြန်အဆန် ထွက်ခွာခဲ့လေသည်။

"ဟော့ကောင်ရ . . . လောကမှာ ဘယ်နေရာမဆို ပညာတွေက လိုတယ်။ သိတတ်ရတယ်ကွ။ နပ်ရတယ်"

ဟူသည့် သော့ပြင်အဘိုးကြီးက ထပ်ကာ လှမ်းအော်ပြောလိုက်သည့် အော်ပြောသံစကားကိုတောင် မကြားမိရှာတော့။

*(ဖြစ်ရပ်မှန် ဖြစ်ပါသည်။)*

**မော်တင်သိန်းဇော်ဇ**



www.burmeseclassic.com

www.burmeseclassic.com


**ဆေးရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ဆရာတော်သင်ခန်း သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ဆရာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
ထိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
နှစ်ခြိုက်ကျေနပ် ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၂၁ ကရာဇ

# ဆရာဦးအောင်မိုးဇော်

(E... တပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

ASTRO-PALMIST EXPERT

သင်တန်းနည်းပြ

အလုပ်ခန်းနေရာ

အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)


**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၇၀၉၃၂၂၈၄၇
၁၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၇၊ ၀၉-၉၁၀၄၉၄၃၅


www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ
## ဖျဉ်းမနားသူ
## မှခင်မူ




www.burmeseclassic.com

www.burmeseclassic.com

# ပျဉ်းမနားသူ မခင်မူ

**မင်းသိခ်**

တစ်နေ့သ၌ ကျွန်ုပ်သည် တရုတ်ဆေးဒင် အဖွင့်ကျမ်းပဟူသည့် အမည်နှင့် စာအုပ်ရေးသားရန်အတွက် လိုအပ်သည့် အထောက်အထား အကိုးအကားများကို စာအုပ်စာတမ်းများ ဖွင့်၍ မှတ်စုများ ထုတ်နေရလေ၏။

"ဆရာမင်းသိခ် ရှိပါသလား ရှင့်"

သာယာချိုလွင် အေးမြသည့် အသံသည် ကျွန်ုပ်၏ နားထဲသို့ တိုးဝင်၍လာသောကြောင့် ခေါင်းထောင်၍ ကြည့်လိုက်ရာ လွန်စွာလှပသော အမျိုးသမီးတစ်ဦးသည် တံခါးဝ၌ ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရလေတော့၏။

"ဝင်ခဲ့ပါကွယ်၊ မင်းသိခ်ဆိုတာ ကျုပ်ပါပဲ"

ကျွန်ုပ်က ပြောလိုက်မှပင် အမျိုးသမီးငယ်သည် ရိုကျိုးသော ခြေလှမ်းဖြင့် အခန်းတွင်းသို့ ဝင်၍လာပြီးလျှင် ကျွန်ုပ်၏ရှေ့၌ ထိုင်လိုက်လေ၏။ ထိုအမျိုးသမီးသည်ကား ခါးစည်းရင်ကျယ်၊ သေးသွယ်လက်ချောင်း၊ သားရေဖြူဝင်း၊ သံသာချိုအေး၍ ကြာညိုနှံ့ကဲ့သို့ ကိုယ်ရနံ့သင်းပြီး စက္ကဝတ် ငှက်မကဲ့သို့ သွားလာမှု ယဉ်ကျေးခြင်း စသော လက္ခဏာကောင်းတို့နှင့် ပြည့်စုံသည့် ပဒုမ္မာနီမျိုးနွယ်ဝင် မိန်းမတစ်ဦး ဖြစ်ပါတော့၏။

"ဘာကိစ္စများ အထွေအထူး ရှိလို့လဲကွယ်"

"ကျွန်မနာမည် မခင်မူလို့ ခေါ်ပါတယ်ရှင်၊ ပျဉ်းမနားကို ဆရာ ရောက်နေတာ သိရလို့ ဆရာ ဘယ်မှာတည်းနေသလဲ ဆိုတာကို စုံစမ်းပြီး လာတွေ့တာပါ။ ကိစ္စကတော့ သိပ်အရေးကြီးပါတယ်။ ကျွန်မကိုယ်တိုင် မဆုံးဖြတ်နိုင်တဲ့ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရလို့ ဆရာ့ဆီ လာခဲ့တာပါ"

"မခင်မူကိုယ်တိုင် မဆုံးဖြတ်နိုင်တဲ့ကိစ္စကို ဘာမှမဆိုင်တဲ့ ကျုပ်က ဘယ်လိုလုပ်ပြီး ဆုံးဖြတ်ပေးလို့ရမှာလဲကွပ်"

"ဒီလိုပါ ဆရာ၊ ကျွန်မ စကားပြောတာ နည်းနည်းဝေ့သွားလို့ပါ၊ ဆရာက ဗေဒင်လက္ခဏာ ဆရာတစ်ယောက် မဟုတ်လား၊ ဒီတော့ ကျွန်မရဲ့ ကံဇာတာကို ဆရာက စစ်ဆေးပြီး ကျွန်မရင်ဆိုင်နေရတဲ့ ပြဿနာကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို အကြံပေးဖို့ပါပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ…မခင်မူက ဗေဒင်ကြည့်ချင်လို့ကိုး"

"ဟုတ်ပါတယ် ဆရာ၊ ရှင်းရှင်းပြောရရင်တော့ ဗေဒင်ကြည့်ချင်တယ်လို့ပဲ ပြောရတော့မှာပေါ့"

"ကျုပ်က ရန်ကုန်မှာပဲ အချိန်သတ်မှတ်ပြီး ဗေဒင်ဟောတာကွယ့်၊ ခု ရှူးမေးကို ရောက်နေတာက ဗေဒင်ဟောဖို့ မဟုတ်ပါဘူး။ စာအုပ်တစ်အုပ် ရေးစရာရှိလို့ပါ။ ရန်ကုန်မှာဆိုရင် ဧည့်သည်များတာနဲ့ စာရေးဖို့ အချိန်သိပ်မရဘူး၊ ဒါကြောင့် ဒီကို ထွက်လာခဲ့တာပါ၊ အေးအေးဆေးဆေး စာရေးချင်လို့ပေါ့ကွာ"

ဟု ကျွန်ုပ်က ဗေဒင်မဟောလိုကြောင်း ပြောသော်လည်း မခင်မူက-

"ဆရာရယ် အားတော့နာပါတယ်၊ ကျွန်မတစ်ယောက်တည်းနဲ့တော့ ဆရာ့အတွက် အချိန် ဒီလောက်မကုန်နိုင်ပါဘူး၊ ကျွန်မမှာ သိပ်ကိုရေးကြီးတဲ့ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရလို့ပါ။ ဆရာ့ရဲ့ ပညာကိုလည်း ကျွန်မ အားကိုးပါတယ်၊ ဆရာ့ရဲ့ ဗေဒင်ပညာနဲ့ ကျွန်မကို တစ်နည်းတစ်လမ်း အကူအညီပေးနိုင်မယ်လို့ ကျွန်မ ထင်ပါတယ် ဆရာ"

ဟုသာ ပြော၍နေသောကြောင့် နောက်ဆုံး ၎င်းအား ဗေဒင်ကြည့်ပေးလိုက်ရန် ကျွန်ုပ်လည်း ဆုံးဖြတ်ချက်ချလိုက်ရလေတော့၏။

"ကဲ…မခင်မူ၊ မင်းကိုတော့ ဘယ်လိုငြင်းငြင်း ရမှာမဟုတ်တော့ဘူး၊ တော်တော်ခွဲကြီးတဲ့ မိန်းကလေးပဲ"

ဟု ကျွန်ုပ်က ပြောလိုက်၍ပြီးလျှင် ၎င်း၏ မွေးနေ့သက္ကရာဇ်အား မေးမြန်း၍ စာရွက်လွတ်တစ်ခုပေါ်၌ ရေးမှတ်လိုက်လေ၏။

"ဒီနေ့ မင်းရဲ့ မွေးနေ့ပဲ၊ မနက်ဖြန်ဆိုရင် 'မခင်မူ'ရဲ့ အသက်ဟာ နှစ်ဆယ့်လေးနှစ်နဲ့ တစ်ရက်စွန်း ဖြစ်သွားပြီ။ အသက်နှစ်ဆယ့်ငါးနှစ်ထဲ ရောက်သွားပြီလို့ ပြောရမှာပဲ။ ဒါနဲ့ မွေးတဲ့အချိန်ကိုရော မှတ်မိသလား"

"မှတ်မိပါတယ် ဆရာ၊ နံနက် ၁၁ နာရီတိတိပါ"

ဟု မခင်မူက ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်သည် အိမ်နံရံတွင် ချိတ်ဆွဲထားသည့် တိုင်ကပ်နာရီကို လှမ်း၍ကြည့်လိုက်မိရာ ၁၁ နာရီတိတိ ထိုးနေပြီဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

"တော်တော်လေး တိုက်ဆိုင်တယ်လို့ ပြောရမှာပဲ မခင်မူ၊ ကျုပ် မင်းကို ဗေဒင်ဟောမယ့်အချိန်ဟာ မင်းရဲ့ မွေးချိန်နဲ့ပါ သွားပြီး တစ်ထပ်တည်းကျနေပါကလား။ မွေးနေ့ရော မွေးချိန်ပါ နှစ်ခုစလုံး တိုက်ဆိုင်နေတာကတော့ တော်တော်လေး ဆန်းတယ်။ ဒီတော့ ပိုပြီးအမှတ်တရလေး ဖြစ်ရအောင် ကျုပ် အခုရေးနေတဲ့ တရုတ်ဗေဒင်နဲ့ မခင်မူရဲ့ ကံကြမ္မာကို စစ်ဆေးပေးလိုက်မယ်။ အဲဒီတရုတ်ဗေဒင်ကို ကျုပ် လေ့လာလိုက်စားနေတာ ကြာပါပြီ။ ဒါပေမဲ့ ဘယ်သူ့ကိုမှ အဲဒီနည်းနဲ့ ဟောမကြည့်ဖူးသေးဘူး၊ လက်တွေ့အသုံးမချရသေးဘူးပေါ့ကွာ၊ ခုတော့ မင်းကို အရင်ဆုံး ဟောကြည့်မယ်"

"ဟောပါ ဆရာ၊ ဟောပါ၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မှန်ဖို့က အရေးကြီးပါတယ်"

ဟု မခင်မူက သဘောတူကြောင်း ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် မွေးခုနှစ်၊ မွေးလ၊ မွေးရက်၊ မွေးနေ့၊ မွေးချိန်များအလိုက် စိုးမိုးနေသော တိရစ္ဆာန်ရုပ်ပုံများကိုလည်းကောင်း၊ ဖိုဓာတ် မဓာတ်ဟူသော မူလဘူတ ဓာတ်နှစ်ပါး၏ အခြေခံပုံကိုလည်းကောင်း၊ ရေ၊ မီး၊ မြေကြီး၊ သတ္တု၊ သစ်သား စသည့် လွှမ်းမိုးနိုင်သော ဓာတ်တို့၏ အကျိုးသက်ရောက်ပုံကိုလည်းကောင်း၊ တရုတ်ဗေဒင်နည်းအရ တွက်ချက်၍ ၎င်းတို့နှင့် သက်ဆိုင်သော ဟောကိန်းများကို ရှာရပြန်လေ၏။

"မခင်မူ မွေးတဲ့နှစ်ဟာ တရုတ်ပြက္ခဒိန်မှာတော့ 'ကြွက်' စိုးမိုးတဲ့နှစ်ပဲ၊ ဒါပေမဲ့ ကြွက်ကိုလည်း ငါးမျိုးခွဲထားသေးတယ်၊ မခင်မူကတော့ 'ရေကြွက်' စိုးမိုးတဲ့နှစ်မှာ မွေးတယ်၊ ကျန်တဲ့ရာသီခွင် နိမိတ်ပုံတွေကိုတော့ ရှင်းမပြတော့ဘူး။ နားရှုပ်သွားလိမ့်မယ်၊ တရုတ်ဗေဒင်ဟာ တော်တော်လေး ရှုပ်ထွေးတယ်။ အပေါ်ယံ လေ့လာရုံနဲ့ မတတ်နိုင်ဘူးကွယ့်၊ ကဲ… ဒါတွေ ထားပါတော့၊ ဟောကိန်းကိုပဲ ပြောပြတော့မယ်၊ မခင်မူတို့လို ရေကြွက် စိုးမိုးတဲ့ နှစ်ပိုင်းမှာ မွေးတဲ့လူတိုင်းဟာ ရုပ်ပိုင်းဆိုင်ရာထက် နာမ်ပိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကို ပိုပြီးဦးစားပေးမယ့်သဘော ရှိတယ်''

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏စကား ဖြတ်၍ မခင်မူက…

''ရုပ်ပိုင်းဆိုင်ရာထက် နာမ်ပိုင်းဆိုင်ရာကို ဦးစားပေးတဲ့ သဘာဝ ရှိတယ်ဆိုတာ ဘာကိုပြောတာလဲ ဆရာ၊ ကျွန်မ နားမလည်ဘူး''

ဟု ပြန်၍ မေးလေ၏။

''ရုပ်ပိုင်းဆိုင်ရာထက် နာမ်ပိုင်းဆိုင်ရာကို ပိုပြီးဦးစားပေးတဲ့ သဘာဝ ရှိတယ်ဆိုတာက ဒီလိုကွယ့်၊ တချို့သရဲ့ ဥစ္စာစောင့် စတဲ့ ဝိညာဉ်လောက အကြောင်းကို ပိုပြီးအလေးပေး စဉ်းစားတတ်တယ်လို့ ပြောတာပါ။ ရှင်းရှင်းပြောရရင်တော့ မခင်မူက တချို့သရဲ၊ ဥစ္စာစောင့်တွေပါတဲ့ ဒဏ္ဍာရီပုံပြင်တွေကို စိတ်ဝင်စားသူ၊ အဲဒီအကြောင်းတွေနဲ့ ပတ်သက်လာရင် ယုံလွယ်သူ ဖြစ်စလိမ့်မယ်။ အထူးသဖြင့် ဒီလိုလူမျိုးတွေဟာ ကိုယ့်ကိုယ်ကိုယ်ပဲ သိုက်ထဲက လာသလိုလို၊ ဥစ္စာစောင့်ဘဝက ဝင်စားလာသလိုလိုနဲ့ စိတ်ထဲမှာ စွဲလမ်းနေတတ်ကြတယ်ကွယ့်၊ အဲဒါကတော့ မကောင်းတဲ့အချက်ပဲ၊ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းအားနည်းမှုတစ်မျိုးလို့တောင် ပြောနိုင်တယ်။ နောက်တစ်ချက်ကတော့ မခင်မူဟာ အမြွှာပူမွေးလာတာ မဟုတ်သား၊ ဒါကြောင့် မွေးချင်းအမြွှာညီအစ်မတစ်ယောက် ရှိလိမ့်မယ်''

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မခင်မူသည် လွန်စွာမှ အံ့အားသင့်၍သွားပြီးလျှင်…

''မှန်လိုက်တာ ဆရာ၊ ဆရာပြောသလိုပါပဲ၊ ကျွန်မ အမြွှာပူးမွေးလာတာပါ၊ ခု ကျွန်မ အမြွှာညီမလေး အိမ်မှာ ကျန်ခဲ့ပါတယ်။ ညီမလေး နာမည်က 'မခင်သူ'တဲ့။ ကျွန်မတို့ အမြွှာညီအစ်မနှစ်ယောက် ရုပ်ချင်းတူပုံမျိုးကတော့ အခြားအမြွှာမွေးချင်းတွေထက် ပိုပါတယ်။ ပတ်ဝန်းကျင်က လူတွေကို မပြောနဲ့၊ ဖေဖေနဲ့ မေမေတို့ ရှိတုန်းကတောင် ကျွန်မတို့နှစ်ယောက်ကို ခဏခဏ လူချင်းမှားတယ်''

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်က ဆက်၍…

''မခင်မူတို့လို ရေကြွက်စိုးမိုးတဲ့ နှစ်ပိုင်းမှာ မွေးဖွားတဲ့ လူမျိုးတွေဟာ အိမ်ကြီးအိမ်ကောင်းတွေနဲ့ နေရတတ်တယ်။ ဒီလိုလူမျိုးတွေဟာ ဘယ်တော့မှ အိမ်သေးသေး၊ အိမ်ခန်းကျဉ်းကျဉ်းတွေမှာ မနေရဘူး၊ နေလည်း အခိုက်အတန့်ပဲ၊ နောက်ဆုံးမှာတော့ အိမ်ကြီးအိမ်ကောင်းတွေကို ပိုင်ဆိုင်ကြတာပဲ။ အထူးသဖြင့် ရေကန်ကြီးကြီးဘက်ကို မျက်နှာပြုထားတဲ့ အိမ်မျိုးတွေမှာ နေရတတ်တယ်။ ဒါကတော့ ကျမ်းအလိုအရ ပြောတာပါ။ မှန် မမှန်တော့ မခင်မူက ပိုသိမှာပေါ့''

ဟု ပြောလိုက်လေ၏။ ထိုအခါ မခင်မူက…

''မှန်ပါတယ် ဆရာ၊ အံ့သြလောက်အောင်ကို မှန်ပါတယ်၊ ဒီပျဉ်းမနားမြို့မှာတော့ ကျွန်မတို့အိမ်လောက် ကောင်းတဲ့အိမ်မျိုး မရှိသေးဘူးဆိုရင် ကြွားတယ်လို့များ ဆရာထင်မလား မသိဘူး။ မျက်နှာဖြူအရေးပိုင်မင်း 'စတီးမင်း' ကိုယ်တိုင် အခြေတကျနေတော့မယ်လို့ စိတ်ကူးပြီး အင်္ဂလန်က အင်ဂျင်နီယာတွေကို ခေါ်ပြီး ဆောက်သွားတဲ့ အိမ်ကြီးပေါ့။ ဒါပေမဲ့ နောက်ပိုင်းမှာ စစ်ရေးတွေပူလာတော့ အဲဒီအရေးပိုင်ကြီးက ဈေးကောင်းကောင်းနဲ့ လေလံပစ်ရောင်းပြီး အင်္ဂလန်ကို ပြန်သွားတယ်။ အဲဒီတုန်းက ကျွန်မတို့အဘိုးကလည်း သစ်ကွက်တွေကို ကန်ထရိုက်စနစ်နဲ့ လုပ်နေတဲ့ သစ်ကုန်သည်ကြီးဆိုတော့ တခြားလူတွေထက် ဈေးပိုပေးနိုင်ပြီး အိမ်ကြီးကို ဝယ်ယူလိုက်တယ်။ ဒါကတော့ ဖေဖေက ပြန်ပြောလို့ သိရတာပါ။ အဲဒီတုန်းက ကျွန်မတို့ ဘယ်ရှိဦးမလဲ၊ ဖေဖေတောင်မှ မေမေနဲ့ အိမ်ထောင်မကျသေးဘူးတဲ့။ နောက်ပြီး ဆရာပြောသလို ရေကန်ဘက်ကို မျက်နှာပြုပြီး ဆောက်ထားတဲ့အိမ်မျိုး ဖြစ်ရမယ်ဆိုတာလည်း မှန်ပါတယ်။ ကျွန်မတို့ အိမ်ရှေ့ဘက်မှာ 'ရှမ်းကန် ရှိပါတယ်' ဟု ပြန်၍ပြောပြနေလေတော့၏။

''မခင်မူရဲ့ ဘဝတစ်လျှောက်လုံးမှာ ငွေရေးကြေးရေးကိစ္စနဲ့ ပတ်သက်လို့ ဘယ်တော့မှ စိတ်သောကရောက်မှာ မဟုတ်ဘူး၊ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့ နေသွားရမှာပဲ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် မခင်မူ။ လူ့ဘဝဆိုတာ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံတယ်ရယ်လို့တော့ မယူတတ်ဘူး၊ တစ်ခုမဟုတ် တစ်ခုအတွက် စိတ်သောကရောက်စရာ ပူဆွေးစရာ ဖြစ်တတ်ကြတယ်။ ကျုပ်ပြောချင်တာကတော့ 'မခင်မူ'ဟာ [illegible]ာနေကြွယ်ဝပြီး ချမ်းချမ်းသာသာ နေရပေမယ့် တစ်ကြိမ်တော့ ပူဆွေးသောကရောက်စရာအဖြစ်မျိုးနဲ့ ကြုံရတတ်တယ်။ အဲဒါကလည်း အချစ်ရေးကိစ္စနဲ့ ပတ်သက်လိမ့်မယ်။ အဲဒါကို သတိထားပြီး ဂရုစိုက်ပါ။ အထူးသဖြင့် ဒီလိုနှစ်မျိုးတွေမှာ 'မခင်မူ'တို့ကို ရေကြွက်စိုးမိုးနေတဲ့နှစ်မှာ မွေးဖွားတဲ့သူတွေအတွက် အချစ်ရေးကံခေတဲ့နှစ်ပဲကွယ့်"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ မခင်မူသည် လွန်စွာမှ အံ့အားသင့်၍ သွားပြီးလျှင်…

"ဆရာရယ် ကျွန်မတော့ သိပ်အံ့သြသွားပြီ၊ ကျွန်မရဲ့ အဖြစ်အပျက်တွေကို လိုက်ကြည့်နေသလိုပါပဲ ဆရာရယ်၊ ဆရာပြောသလို ဒီနှစ်မှာ အချစ်ရေးကိစ္စနဲ့ ပတ်သက်ပြီး စိတ်သောကရောက်ရမယ်ဆိုတာ တကယ်ပါပဲ ဆရာ၊ စောစောက ဆရာ့ကို ကျွန်မ ပြောခဲ့တဲ့ မဆုံးဖြတ်နိုင်တဲ့ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတယ်ဆိုတာဟာ အခြားမဟုတ်ပါဘူး၊ အချစ်ရေးကိစ္စပါပဲ။ အဲဒါကို ဆရာ့ ဗေဒင်ပညာနဲ့ ကျွန်မကိုယ်စား ဆုံးဖြတ်ပြီး အကြံပေးပါဆရာ၊ ဆရာ့ကို ကျွန်မ အားကိုးပါတယ်"

ဟု ပြောလေတော့၏။

"အားမကိုးနဲ့ မခင်မူ၊ ကိုယ့်ကိစ္စကို ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်ချတာဟာ သဘာဝအကျဆုံးပဲ။ ကျုပ်က ဗေဒင်ဟောရုံသက်သက်ပဲ၊ ကျုပ် ဟောကိန်းမှန်ဖို့လောက်ပဲ တာဝန်ယူနိုင်တယ်။ ကြုံတွေ့နေရတဲ့ ပြဿနာကို ဘယ်လိုရင်ဆိုင်ပြီး ဖြေရှင်းရမယ်ဆိုတာ မခင်မူရဲ့ ကိစ္စပဲ"

"ဒီလိုရှိပါတယ် ဆရာရယ်၊ ကျွန်မ ကြုံတွေ့နေရတဲ့ အချစ်ရေးပြဿနာက တစ်မျိုးဖြစ်နေပါတယ်။ ကျွန်မကိုယ်တိုင် ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာကိုလည်း ဝေခွဲလို့မရအောင် ဖြစ်နေပါတယ်။ ဒါကြောင့် ဆရာ့ရဲ့ အကြံဉာဏ်ကို လိုချင်ပါတယ် ဆရာ၊ ပြီးတော့ ကျွန်မ ဆုံတွေ့နေရတဲ့ အချစ်ရေးပြဿနာကို ပြောလိုက်ရင် ဆရာ သိပ်အံ့သြသွားလိမ့်မယ်"

"ကျုပ်ဘဝတစ်လျှောက်လုံးမှာ ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေ၊ အဖြစ်အပျက်တွေကို မရေမတွက်နိုင်အောင် တွေ့ဖူး၊ ကြုံဖူး၊ ကြားဖူးခဲ့ပြီးပါပြီကွယ်။ ဘာမှ သိပ်အဆန်းတကြယ် မဟုတ်ပါဘူးကွယ့်၊ အားလုံးဟာ ပြီးတော့လည်း ပြီးသွားတာပါပဲ။ ဒီလောကကြီးမှာ မဖြစ်နိုင်တာတွေ ဖြစ်နေတာ မဟုတ်ပါဘူးကွယ်၊ ဖြစ်နိုင်တာတွေပဲ ဖြစ်နေတာပဲ၊ ဖြစ်နိုင်တာတွေ ဖြစ်ခဲ့ပြီးပြီ၊ ဖြစ်နိုင်တာတွေ ဖြစ်နေပြီ၊ ဖြစ်နိုင်တာတွေ ဖြစ်လိမ့်ဦးမယ်ဆိုတာပဲ ရှိတယ်၊ မဖြစ်နိုင်တာတွေ ဖြစ်ခဲ့တာ၊ မဖြစ်နိုင်တာတွေ ဖြစ်နေတာ၊ မဖြစ်နိုင်တာတွေ ဖြစ်လိမ့်ဦးမယ်ဆိုတာ မရှိဘူးကွယ့်။ ဖြစ်နိုင်တာတွေ ဖြစ်တာဟာလည်း အဆန်းတကြယ်ကိစ္စ မဟုတ်ပါဘူး။ သဘာဝကိစ္စပဲ၊ သဘာဝဆိုတာကလည်း ဖြစ်ပျက်ဆိုတဲ့ လှုပ်ရှားမှု ဖြစ်စဉ်ကြီးရဲ့ ရောင်ပြန်ဟပ်မှုကို ရုပ်လုံးဖော်ပေးတဲ့ ကြေးမုံပြင်ကြီးပါပဲ"

"ကျွန်မက ဒါကြောင့် ဆရာ့ကို အားကိုးတာပါ၊ ဆရာက အတွေ့အကြုံများတယ်၊ ဒီတော့ ဘယ်လိုပြဿနာကိုပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲကိုပဲဖြစ်ဖြစ်၊ လေးလေးနက်နက် မစဉ်းစားသလို ပေါ့ပေါ့တန်တန်လည်း မစဉ်းစားဘူးလို့ ကျွန်မ ထင်ပါတယ်။ အဲဒီပြဿနာတွေ၊ အခက်အခဲတွေကို အဆုံးအဖြတ်ပေးတဲ့အခါ ဆရာ့အနေနဲ့ ကျွန်မတို့ထက်စာရင် ပိုပြီးတစ်ပန်းသာပါတယ်။ ဒါကြောင့် ကျွန်မရဲ့ အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး ဆရာ့ဆီက အကြံဉာဏ်ကို လိုချင်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ် ဆရာ၊ ကျွန်မဟာ နာမ်လောက၊ ဝိညာဉ်လောကကို စိတ်ဝင်စားတယ်။ တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့် ပုံပြင်တွေကို ယုံလွယ်သူဖြစ်ရမယ်လို့ ဆရာ ပြောခဲ့တယ် မဟုတ်လား။ ဒီတော့ ကျွန်မအကြောင်းကို ပြောပြရမှာကိုတောင် နည်းနည်းခက်နေပါတယ်။ ကျွန်မအကြောင်းကို မပြောခင် ဆရာ့ကို တစ်ခုလောက် မေးပါရစေ။ ဆရာရော တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့်တွေ ရှိတယ်ဆိုတာကို ယုံသလား"

"ကျုပ်ကတော့ ယုံတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

မဖြေနိုင်သလို မယုံဘူးလို့လည်း မပြောရဲဘူးကွယ့်။ စောစောက ကျုပ်ကပြောသလို ဖြစ်နိုင်တာတွေ ဖြစ်လေ့ရှိတယ်၊ စကားထဲမှာ အဓိပ္ပာယ် ရှာကြည့်ပေါ့ကွာ။ တစ်ခုတော့ရှိတယ်။ အဲဒီဝိညာဉ်လောကကို ယုံလို့တော့ အကျိုးထူးရှိမှာ မဟုတ်ဘူး။ ခေါင်းထဲမှာ ထည့်ပြီးစဉ်းစားစရာအကြောင်းလည်း မဟုတ်ဘူး။ ကျုပ်ကတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုတဲ့ အချိန်သုံးပါးမှာ ပစ္စုပ္ပန်ကို အကြိုက်ဆုံးပဲ။ ပစ္စုပ္ပန်မှာ နေတတ်အောင် လေ့ကျင့်ထားတယ်။ တဏှာ၊ သရဲ၊ ဥစ္စာစောင့်အကြောင်းတွေကို စိတ်ဝင်စားတဲ့ လူတွေဟာ အများအားဖြင့် ပစ္စုပ္ပန်မှာ မနေချင်ဘဲ အတိတ်နဲ့ အနာဂတ်ကို ကူးချည်သန်းချည် သွားလာနေတဲ့ သူတွေကွယ့်။ အမှန်တော့ အတိတ်ဆိုတာ မရှိသလို အနာဂတ်ဆိုတာလည်း မရှိပါဘူး။ ပျက်သွားတဲ့ ပစ္စုပ္ပန်ကို အတိတ်လို့ခေါ်တာပါ။ ပျက်သွားတာရော မဖြစ်သေးတာရောဟာ မရှိတာနဲ့ အတူတူပဲပေါ့။ အရှိသဘောဆောင်ထားတဲ့ မရှိတွေပဲကွယ့်။ ဒါကြောင့် စိတ်ခတ်မခိုင်တဲ့ လူတွေဟာ ပျက်သွားလို့ မရှိတဲ့အတိတ်နဲ့ မဖြစ်သေးလို့ မရှိတဲ့အနာဂတ်ကို သဘောကျတယ်။ အဲဒီအခါမှာ နာမ်လောက၊ ဝိညာဉ်လောကတွေကို စိတ်ဝင်စားပြီး အဲဒါတွေနဲ့ လက်ပွန်းတတီး ဖြစ်လာတတ်ကြတယ်''

ဟု ကျွန်ုပ်က ရှင်းပြလိုက်လေရာ 'မခင်မူ' က...

''မှန်ပါတယ် ဆရာ၊ ဆရာပြောတဲ့စကားဟာ သဘာဝကျပါတယ်။ ကျွန်မတို့လို စိတ်နုတဲ့လူတွေဟာ ဝိညာဉ်လောကကို စိတ်ဝင်စားတယ်။ အဲဒီအကြောင်းတွေကို ယုံလွယ်တတ်လို့ ပြောတာကိုလည်း ကျွန်မ မငြင်းပါဘူး။ ဒါပေမဲ့ ကျွန်မတွေ့ကြုံခဲ့ရတာကတော့ တကယ့်အဖြစ်မှန် ဆရာ။ ပြောပြလို့ ယုံနိုင်စရာတော့ မရှိပါဘူး။ ကျွန်မအနေနဲ့ ဘယ်သူ့ကိုမှလည်း ပြောပြလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ ဆရာ့ကိုတော့ ကျွန်မ ပြောပြချင်ပါသေးတယ်၊ ဒါမှ ကျွန်မရဲ့ အဖြစ်မှန်ကို သိပြီး ဆရာက အကူအညီပေးနိုင်မှာပေါ့''

ဟု ပြန်၍ ပြောပြီးလျှင် ၎င်း၏ အဖြစ်အပျက်အား အောက်ပါအတိုင်း ပြောပြလေတော့၏။

''ကျွန်မနဲ့ ကျွန်မညီမလေး မခင်သူဟာ အမြွှာညီအစ်မလည်း ဖြစ်ပြန်၊ တခြားမွေးချင်းမောင်နှမတွေလည်း မရှိပြန်ဆိုတော့ တစ်ယောက်ကို တစ်ယောက် ချစ်ပြီး သံယောဇဉ်ကြီးပုံကတော့ တခြားညီအစ်မတွေထက် ပိုပါတယ်။ ပြီးတော့ ဆရာဟောခဲ့သလိုပါပဲ။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ ဥစ္စာပစ္စည်း ပြည့်ပြည့်စုံစုံနဲ့ မကြောင့်မကျ မတောင့်မတ နေရပါတယ်။ မိဘတွေထားခဲ့တဲ့ အမွေပစ္စည်းက ကျွန်မတို့နှစ်ယောက် ဒီတစ်သက်စားလို့ မကုန်ပါဘူး။ ဖေဖေနဲ့ မေမေကတော့ ဆုံးသွားပါပြီ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က လယ်ဆေးမှာ ကားမှောက်ပြီး ဆုံးပါးသွားခဲ့ကြတာပါ။ အဲဒီကစပြီး ခုချိန်ထိအောင် မေမေရဲ့ အစ်မကြီးဖြစ်တဲ့ ကြီးကြီးမေကပဲ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို အုပ်ထိန်းစောင့်ရှောက်ခဲ့ပါတယ်''

''ဒီလိုနဲ့ နေခဲ့ကြတာ လွန်ခဲ့တဲ့ နှစ်လလောက်က ညီမလေးဟာ ရုတ်တရက် အပြင်းဖျားပြီး အိပ်ရာပေါ် ဘုံးဘုံးလဲသွားပါတော့တယ်။ အဲဒါနဲ့ ကျွန်မနဲ့ ကြီးကြီးမေကလည်း သိပ်စိုးရိမ်သွားတာပေါ့ ဆရာ၊ ဒါပေမဲ့ ဆရာဝန်ကတော့ စိုးရိမ်စရာမရှိဘူးလို့ ပြောထားပါတယ်။ အဲဒီအချိန် ကျွန်မနဲ့ ကြီးကြီးမေဟာ တစ်ယောက်တစ်လှည့်စီနေပြီး ညီမလေးကို ပြုစုကြရတာပေါ့။ အဲဒါနဲ့ တစ်ညတော့ ညီမလေးကို နှိုးပြီး ဆရာဝန် မှာထားတဲ့အတိုင်း ဆေးတိုက်ရပါတယ်။ ဆေးတိုက်အပြီးမှာ ညီမလေးက...

''မမရယ်...မမကို ညီမလေး သိပ်အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ ဒါပေမဲ့ ညီမလေး ပြောပြတဲ့ အကြောင်းတွေကို ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးဆိုတဲ့ ကတိကိုတော့ ပေးပါ မမရယ်''

လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်မကလည်း ညီမလေး စိတ်ချမ်းသာသွားအောင်...

''ပြောမှာသာ ပြောပါ ညီမလေးရယ်၊ မမကို ယုံပါ၊ မမ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးဆိုတဲ့ ကတိပေးပါတယ်''

''ပြီးတော့ မမဆီက အကူ



www.burmeseclassic.com

www.burmeseclassic.com

အညီတစ်ခု တောင်းချင်တယ်၊ ညီမလေးကို ချစ်ရင် အဲဒီအကူအညီကိုလည်း ပေးပါ့မယ်လို့ ထပ်ပြီးကတိပေးပါဦး မမရယ်"

လို့ ပူဆာပြန်တယ်။ ကျွန်မကလည်း အကူအညီပေးပါ့မယ်လို့ ထပ်ပြီးကတိပေးလိုက်တယ်။ ကျွန်မဆီက စကားကိုလည်း ကြားရော ညီမလေးရဲ့ နွမ်းလျနေတဲ့ မျက်နှာလေးဟာ ကြည်လင်လန်းဆန်းသွားတယ်လို့ ကျွန်မ ထင်လိုက်မိတယ် ဆရာ"

"ဝမ်းသာလိုက်တာ မမရယ်၊ ညီမလေးရဲ့ စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေတာ ခုမှပဲ စိတ်အေးရတော့တယ်။ ညီမလေးရဲ့ ကိစ္စကို မမမှ မကူညီရင် ဘယ်သူမှ ကူညီလို့ရမှာ မဟုတ်ဘူး။ ဒါကြောင့် မမဆီက အကူအညီကို မရမက တောင်းနေရတာပါ။ ပြီးတော့ ဒီလိုအကူအညီမျိုးမှ တောင်းရက်ပလေဆိုပြီး ညီမလေးကိုတော့ စိတ်မဆိုးပါနဲ့နော်၊ ဒီလိုပါ မမရယ်၊ ညီမလေးမှာ ချစ်သူရှိနေပြီ၊ သူ့နာမည်က 'ကိုသူရ'တဲ့။ ညီမလေးကို သူသိပ်ချစ်တယ်။ ညီမလေးကလည်း သူ့ကို ချစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် သစ္စာမပျက်၊ ကတိမပျက်ကြစတမ်းဆိုပြီး လောကရန်နှိမ်မာရဇိန်ဘုရားမှာ သစ္စာဆိုခဲ့ကြပါတယ်။ မနှစ်က ဘုရားပွဲတုန်းက ညီမလေးနဲ့ ကိုသူရ စပြီးတွေ့ခဲ့ကြတာပါ။ အဲဒီနောက်ပိုင်းမှာ ညီမလေးတို့ နှစ်ယောက် လပြည့် လကွယ် ညတွေတိုင်း ရှမ်းကန်တံတားလေးပေါ်မှာ ချိန်းပြီးတွေ့ခဲ့ကြပါတယ်။ အဲဒီအကြောင်းတွေကို မမကို ဖွင့်ပြောမလို့ပါပဲ။ ဒါပေမဲ့ ညီမလေးက မမကို မပြောရဲ မပြောတတ်တာနဲ့ မပြောဖြစ်ဘဲ ဖြစ်ခဲ့ရတာပါ။ အဲဒီအတွက် ညီမလေးကို ခွင့်လွှတ်ပါနော် မမ"

"အဲဒီလို ညီမလေးရဲ့ စကားကို ကြားလိုက်ရတော့ ကျွန်မလေ တော်တော်စိတ်ကောင်းဖြစ်သွားတယ်။ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရတယ်။ ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်တည်း ရှိတာမဟုတ်လား ဆရာရယ်၊ ပြီးတော့ အမွှာညီအစ်မလည်း ဖြစ်ပြန်ဆိုတော့ နှစ်ကိုယ့်တစ်စိတ်လို ဖြစ်နေတယ်။ ဒါကြောင့် ညီမလေးမှာ ချစ်သူရှိပြီ ဆိုတာကို သိရတော့ ကျွန်မအဖို့ ရင်ထဲမှာ ဟာသွားတာပေါ့ ဆရာ။ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ ဒါပေမဲ့ ညီမလေး စိတ်မကောင်းဖြစ်သွားမှာကိုလည်း စိုးရိမ်တယ်။ ဒါကြောင့် ကျွန်မက...

"စိတ်မကောင်းဖြစ်မနေပါနဲ့ကွယ်၊ ညီမလေးကို မမ ခွင့်လွှတ်ထားပြီးသားပါပဲကွယ်၊ ညီမလေးတို့ နှစ်ယောက်အတွက် မမက ဘာလုပ်ပေးရမလဲ၊ ကြီးကြီးမေကို အကျိုးအကြောင်း ပြောပြပြီး မင်္ဂလာဆောင်ဖို့ အစီအစဉ် လုပ်ပေးရမလား"

လို့ ကျွန်မက ပြောလိုက်တယ်။

"ဟင့်အင်း၊ မမဆီက အဲဒီအကူအညီတောင်းမလို့ မဟုတ်ပါဘူး၊ စောပါသေးတယ် မမရယ်။ ညီမလေးကတော့ မမနဲ့ အတူနေချင်သေးတယ်။ မမဆီက ညီမလေး တောင်းမယ့် အကူအညီက ဒီလိုပါ။ ဒီနေ့ လပြည့်နေ့ မဟုတ်လား၊ အဲဒီတော့ ကိုသူရ ညီမလေးဆီကို လာလိမ့်မယ်၊ ညီမလေး နေမကောင်းလို့ အိပ်ရာထဲ လဲနေတာကို သူသိမှာ မဟုတ်ဘူး။ တမျှော်မျှော်နဲ့ ရှမ်းကန်တံတားပေါ်မှာ တစ်ညလုံး စောင့်နေလိမ့်မယ်။ ပြီးတော့ ညီမလေးအပေါ်မှာ စိတ်ခုသွားမယ်၊ ကိုသူရ စိတ်ခုသွားမှာကိုတော့ ညီမလေး ဘယ်လိုနည်းနဲ့မှ အဖြစ်မခံနိုင်ဘူး မမရယ်၊ ဒါကြောင့် ကိုသူရဆီကို ဒီည မမ သွားပေးပါနော်၊ မမကို အားကိုးပါတယ် မမရယ်"

"အိုကွယ်၊ ညီမလေးရယ် မမကူညီမှာပေါ့ကွယ်၊ စိတ်အေးအေးသာနေပါ၊ သည့်အတွက် ဘာမှပူမနေပါနဲ့တော့။ ဒီည ညီမလေးရဲ့ ချစ်သူကို မမ သွားတွေ့ပြီး ညီမလေး နေမကောင်းဖြစ်နေလို့ မလာနိုင်တဲ့အကြောင်း ပြောပေးမယ်လေ"

"မဟုတ်သေးဘူး မမ၊ အဲဒီလို မဟုတ်ဘူး။ ညီမလေး ပြောတာက ညီမလေးကိုယ်စား မမက ကိုသူရဆီ သွားတွေ့ဖို့ ပြောတာပါ"

"အိုကွယ်၊ မဖြစ်နိုင်တာတော့ မလုပ်ပါနဲ့ ညီမလေးရယ်၊ မမက ညီမလေးရဲ့ ချစ်သူဆီကို သွားတွေ့ရမယ်ဆိုတာကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွယ်။ သေသေချာချာ စဉ်းစားကြည့်ပါဦး ညီမလေးရယ်၊ ပြီးတော့ ညီမလေးရဲ့ ချစ်သူက အဲဒီအကြောင်း သိသွားရင် ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com

စိတ်ခုသွားမှာပေါ့ကွယ်''

''ဟင့်အင်း၊ ဟင့်အင်း၊ သူ ဘယ်နည်းနဲ့မှ မသိနိုင်ပါဘူး မမ၊ သူ့ကိုလည်း ညီမလေးမှာ အစ်မ တစ်ယောက်ရှိတယ် ဆိုတာပဲ ပြောထားဖူးတာပါ။ မမနဲ့ ညီမလေး အမြွှာညီအစ်မ ဖြစ်တယ်ဆိုတာရယ်၊ ရုပ်ချင်းခွဲမရအောင် တူတယ်ဆိုတာရယ်၊ တစ်ခါဖူးမျှ ညီမလေး သူ့ကို မပြောပြမိသေးပါဘူး။ မမကိုတွေ့ရင် ညီမလေးလို့ပဲ သူထင်နေမှာပါ။ ဘာကြောင့် ဒီလိုလုပ်ရသလဲ ဆိုတာကိုလည်း မမကို ညီမလေး ပြောပြပါ့မယ်။ ညီမလေးရဲ့ချစ်သူ ကိုသူရဟာ 'ရုပ်ရည်ရှိတာ ၊ချောမောသလောက် စိတ်ထားကလည်း မြင့်မြတ်ပါတယ်။ ညီမလေးအပေါ်မှာ ဘယ်တော့မှ သစ္စာမဲ့တဲ့ လူစားမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သူ ဘယ်မှာနေတယ်ဆိုတာကိုတော့ ညီမလေးကို အသိမပေးဘူး။ ညီမလေးက ဘယ်လိုပဲမေးမေး သူကတော့ မဖြေဘူး။ ညီမလေးကလည်း သိပ်သိချင်တယ်။ အဲဒီအတွက် စိတ်ထဲမှာ တအုံနွေးနွေးဖြစ်ခဲ့ရတယ်။ ပြီးခဲ့တဲ့ လကွယ်နေ့ညကတော့ သူ ဘယ်မှာနေတယ်ဆိုတာကို ပြောပါလို့ ညီမလေးက အတင်းပဲ ပူဆာရတော့တာပေါ့။ အဲဒီတော့ သူလည်း မနေနိုင်တော့ဘဲ လပြည့်နေ့ညကျရင် သူနေတဲ့နေရာကို ခေါ်သွားပါ့မယ်လို့ ညီမလေးကို ကတိပေးလိုက်တယ်။ ခုတော့ ညီမလေးက အိပ်ရာထဲမှာ လဲနေပြီ။ သူ ချိန်းတဲ့ဆီကို မသွားနိုင်တော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ညီမလေးဘက်က ကတိပျက်သလိုဖြစ်နေတော့ နောက်တစ်ခါ ထပ်တွေ့ကျရင် သူ ဘယ်မှာနေတယ်ဆိုတာကို မေးလို့ရချင်မှ ရတော့မယ်။ ဒါကြောင့် ညီမလေး ကိုယ်စား မမက သူနဲ့သွားတွေ့ပြီး သူနေတဲ့နေရာကို လိုက်သွားပါ။ အဲဒါမှ ညီမလေးအနေနဲ့ သူ့အကြောင်းကို ပိုပြီးပြည့်ပြည့်စုံစုံ သိရတော့မှာပေါ့''

''အဲဒီလိုနဲ့ ညီမလေးက အကြောင်းစုံ ရှင်းပြပြီး ကျွန်မဆီက အကူအညီကို အတင်းအကျပ် တောင်းတော့တာပါပဲ။ နောက်ဆုံးတော့ ကျွန်မလည်း ညီမလေးကို သနားတာနဲ့ သွားတွေ့ပေးပါ့မယ်လို့ ကတိပေးလိုက်ရတယ်။ အဲဒီလိုနဲ့ ညသန်းခေါင်ယံရောက်ရော ကျွန်မတစ်ယောက်တည်း ရှမ်းကန်ဘက်ကို ထွက်လာခဲ့တယ်။ လပြည့်နေ့ညမို့ လရောင်ကြောင့် မှောင်မဲမနေပေမယ့် လူခြေတိတ်ပြီး ဆိတ်ငြိမ်နေတော့ ကျွန်မလေ ကြောက်လိုက်တာ မပြောပါနဲ့ ဆရာရယ်။ တံတားနားလည်းရောက်ရော ဗျပ်စောင်း သံသဲ့သဲ့ကို ကြားရတယ်။ ညီမလေးရဲ့ချစ်သူ ကိုသူရဟာ တံတားလက်ရမ်းပေါ်မှာ ထိုင်ပြီး စောင်းတီးနေတာကိုး။ ပုံပြင်ထဲက မင်းသားလေး လရောင်အောက်မှာ စောင်းတီးနေသလိုပါပဲ ဆရာ။ ကျွန်မလည်း ရွံ့တွန့်တွန့်နဲ့ တံတားလေးအတိုင်း သူ့ဆီကို လျှောက်သွားတယ်။ အနားရောက်တော့မှ ကိုသူရက ကျွန်မကို မြင်သွားတယ်။ သူကတော့ ကျွန်မကို ညီမလေးလို့ပဲ ထင်နေတာပေါ့။ လုံးဝမရိပ်မိပါဘူး။ ကျွန်မကတော့ လိပ်ပြာမလုံဖြစ်ပြီး ရင့်ထဲမှာ ကတုန်ကယင် ဖြစ်နေတာပေါ့ ဆရာရယ်။ ကိုသူရကလည်း ချောလိုက်တာ မပြောပါနဲ့တော့ ဆရာ၊ ကျွန်မလေ ညီမလေးကို တောင် မနာလို ဖြစ်မိသေးတယ်။ ရုပ်ချောသလောက် စကားပြောကလည်း သိမ်မွေ့တယ်။ ဘယ်လိုမိန်းကလေး မျိုးမဆို သူ့ကို တွေ့ရင်တော့ ကျသွားမှာပဲ၊ သူကတော့ ကျွန်မကို ညီမလေး ပဲမှတ်ပြီး ချစ်သူတို့သဘာဝအတိုင်း တီတီတာတာ ပြောနေတာပေါ့။ ကျွန်မကတော့ သူ့စကားကိုလိုက်ပြီး အမှားပါမသွားအောင် ပိပိရိရိလိမ်ပြီး ပြောနေရတယ်။ ဒါပေမဲ့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်ပြီး မနေတတ် မထိုင်တတ် ဖြစ်တာပေါ့။ အဲဒါ ကိုသူရ ရိပ်မိသွားသလား မသိဘူး။

''သူရယ် ပျော်ပျော်နေစမ်းပါကွယ်၊ သူ့ကို ကြည့်ရတာ ဒီနေ့ည တစ်မျိုးကြီးပဲ၊ နေမကောင်းလို့လားဟင်၊ နေမကောင်းဖြစ်နေရင် မောင့်မှာ ဆေးပါလာတယ်၊ အဲဒီဆေးကို သောက်လိုက်ပါကွယ်။ ပြီးတော့မှ မောင်နေတဲ့နေရာကို သူ့ကို ခေါ်သွားပါ့မယ်''

လို့ သူကပြောပြီး လည်ပင်းမှာ ဆွဲထားတဲ့ ရွှေကြုတ်လေးကိုဖွင့်ပြီး အထဲက ဖြူဖြူမှုန့်မှုန့်လေးတွေကို ကျွန်မလက်ဝါးပေါ်မှာ တင်ပေးလိုက်တယ်။ ဆေးလို့သာဆိုပေမယ့် ပြာတွ



www.burmeseclassic.com

www.burmeseclassic.com

လိုပါပဲ။ ကျွန်မလည်း ဘာမှစဉ်းစား မနေတော့ဘဲ အဲဒီပြာတွေကို လျက်လိုက်တယ်ဆိုရင်ပဲ ရုတ်တရက် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး သတိလစ်သွားတယ်။

သတိပြန်ရလာလို့ မျက်လုံးကိုလည်း ဖွင့်လိုက်ရော ကျွန်မမျက်နှာကို မိုးပြီး ပြုံးပြုံးလေးကြည့်နေတဲ့ 'ကိုသူရ' ကို တွေ့လိုက်ရတယ်။ သူ့အဝတ်အစားတွေက တစ်မျိုးဖြစ်နေတယ်။ ပြောင်ပြောင်လက်လက် ပြိုးပြိုးပြက်ပြက်နဲ့ ဇာတ်ထဲက မင်းသားတွေ ဝတ်တဲ့အတိုင်းပဲ။ သူဝတ်ထားတဲ့ အဝတ်တွေက ပိုပြီးလှတယ်။ သူနဲ့ သိပ်လိုက်တယ်။ တကယ့်ကို ရွှေမင်းသားလေးကျနေတာပဲ ဆရာ၊ လှလိုက်တာ မပြောပါနဲ့တော့။ ကျွန်မလည်း သူ့ကို ဒီလိုမြင်လိုက်တော့ သိပ်အံ့ဩသွားတာပေါ့။ ဒါတင် ဘယ်ဟုတ်သေးမလဲ ဆရာရယ်၊ ကျွန်မရောက်တဲ့နေရာကလည်း ဖန်ရောင် မှန်ရောင်တွေ ဖိတ်ဖိတ်တောက်နေတဲ့ ခန်းမဆောင်ကြီးထဲမှာ ဖြစ်နေတာကိုး ဆရာရဲ့။ နန်းမဆောင်ကြီးထဲ ရောက်နေသလိုပါပဲ။ ယိုးဒယားကနုတ်ပန်းတွေ ထွင်းထုထားတဲ့ ရွှေတိုင်လုံးကြီးတွေကလည်း နေရာအနှံ့ပဲ။ အဲဒီရွှေတိုင်လုံးကြီးရဲ့ ဘေးမှာလည်း ရာဝင်အိုးအရွယ်လောက်ရှိတဲ့ ငွေအိုးကြီးတွေ ရှိတယ်။ အထဲမှာ ထည့်ထားတဲ့ ကျောက်သံပတ္တမြားတွေကလည်း မှိုမောက်ပြီး အိုးတွေရဲ့ အပြင်ဘက်ကိုတောင် လျှံပြီးကျနေတယ်။ ကျွန်မ အံ့သြလွန်းလို့ ကြောက်စိတ်လန့်စိတ်တွေတောင် ဘယ်ရောက်နေသလဲ မသိပါဘူး ဆရာရယ်။

ဘယ်လိုနေရာမျိုးရောက်ပြီး သူ့ကို ဘယ်သူလဲလို့ မေးကြည့်မလို့ပဲ။ ဒါပေမဲ့ ကျွန်မ မမေးရဲတာနဲ့ မမေးတော့ဘဲ နေလိုက်တယ်။ သူကလည်း အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်မကို ဘာတစ်ခွန်းမှ မပြောဘူး။ ကျွန်မကို ဘယ်လောက်ချစ်ကြောင်း စွဲလမ်းကြောင်းတွေကို ခရားရေလွှတ် တတွတ်တွတ်နဲ့ စီကာပတ်ကုံး ပြောနေတာပဲ။ သူကတော့ ကျွန်မကို ညီမလေးလို့ပဲ ထင်နေတာပေါ့။ အစားဝင်ပြီး အယောင်ဆောင်နေရတဲ့ ကျွန်မကလည်း သူ့ရိပ်မိသွားမှာစိုးလို့ ချစ်သူတို့ သဘာဝအတိုင်း တီတီတာတာနဲ့ ကန့်ကလျ ပြန်လုပ်ရတာပေါ့ ဆရာရယ်။ အမှန်အတိုင်းပြောရရင်တော့ ကျွန်မဟာ ယောကျ်ားလေး တစ်ယောက်နဲ့ အဲဒီလို ပူးပူးကပ်ကပ် မနေခဲ့ဖူးတဲ့အပြင် ကိုသူရလို လူချော လူလှတစ်ယောက်နဲ့ တွေ့ထိကြည်နူး နေရတော့ ညီမလေးရဲ့ကိုယ်စား အယောင်ဆောင်နေရတယ်ဆိုတဲ့ အသိတောင် မရှိတော့ပါဘူး။ ကျွန်မလေ သူ့ကို တကယ်ချစ် တကယ် စွဲလမ်းသွားတယ်။ နားနဲ့မနား ဖဝါးနဲ့နာပါ ဆရာ၊ နောက်ဆုံးတော့ ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘဲ သူ့အလိုကိုလိုက်ပြီး အချစ်နယ် ကျွံသွားမိတယ်။ အဲဒါနဲ့ မိုးလင်းခါနီးကျတော့ တံတားပေါ်မှာတုန်းကလို သူက ကျွန်မကို ပြာမှုန့်တွေ ကျွေးပြန်တယ်။ ကျွန်မလည်း အဲဒီပြာမှုန့်တွေကို လျှာပေါ်တင်လိုက်တာနဲ့ တစ်ပြိုင်တည်းမှာ သတိလစ်သွားပြန်တယ်။ သတိရလို့ မျက်လုံး ဖွင့်လိုက်တော့မှ ကျွန်မတို့အိမ်ရဲ့ ခြံတံခါးပေါက်မှာ ရောက်နေတာကိုး ဆရာရဲ့။ ဒီတော့ ကျွန်မလည်း ကြီးကြီးမေ မသိအောင် အိမ်ပေါ်ထပ်ကို တိတ်တိတ်ကလေး တက်ပြီး ကိုယ့်ကုတင်ပေါ်မှာကိုယ် အသာလေး အိပ်နေလိုက်တယ်။

မနက်မိုးလင်းတော့မှ ညီမလေးကို နိုးပြီး ညက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းကိုတော့ ထိမ်ချန်ထားလိုက်ရတာပေါ့ ဆရာရယ်။

ညီမလေးကလည်း ကျွန်မစကားကို မျက်လုံးလေးဝိုင်းပြီး တအံ့တသြ နားထောင်နေရှာတယ်။ နောက်တော့ ကျွန်မစကားလည်း ဆုံးရော ညီမလေးလည်း ဝမ်းနည်းပက်လက်ဖြစ်ပြီး ချုံးပွဲချ ငိုပါလေရော။ ကျွန်မလည်း ဘာမှမတတ်နိုင်ဘူး။ ဘယ်လိုဖြေသိမ့်စကား ပြောရမယ်ဆိုတာကိုတောင် စဉ်းစားလို့ မရဘူး။ ညီမလေးကတော့ သူ့အင်မတန် ချစ်ခင်စုံမက်ခဲ့ရတဲ့ ချစ်သူဟာ ဥစ္စာစောင့်ဆိုတာ သိလိုက်ရလို့ ဝမ်းနည်းပက်လက် ဖြစ်နေရှာတယ်။ နောက်ရက်တွေမှာတော့ ညီမလေး ပြန်ပြီးနေကောင်းလာတယ်။ ဒါပေမဲ့ မစားနိုင် မအိပ်နိုင်နဲ့ တမှိုင်မှိုင် တွေတွေနဲ့ပေါ့။ အဲဒီနောက်ပိုင်း ကျွန်မနဲ့ ညီမ



www.burmeseclassic.com

www.burmeseclassic.com

လေးဟာ 'ကိုသူရ'အကြောင်းနဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြောမိကြဘူး။ ဒီလိုနဲ့ နောက်လကွယ်နေ့ကျတော့ သန်းခေါင်လောက်မှာ ညီမလေး အခန်းထဲကို ကျွန်မ ဝင်ကြည့်တော့ အိပ်ရာပေါ်မှာ ညီမလေး မရှိတော့ဘူး။ မနက်မိုးလင်းခါနီးလောက်မှာ ပြန်လာတယ်။ ကျွန်မလည်း ညီမလေးကို ဘာမှမမေးဘဲ မသိချင်ယောင်ဆောင်နေလိုက်တယ်။ ညီမလေးဟာ ကိုသူရတစ်ယောက် ဥစ္စာစောင့်မှန်း သိနေပေမယ့် မပြတ်နိုင်ဘူးထင်ပါတယ်။ ကျွန်မလည်း ညီမလေးကို မတားရက်ဘူး၊ သနားလည်းသနားတယ်၊ ကိုယ်ချင်းလည်းစာတယ်၊ ညီမလေးနေရာမှာ ကျွန်မဆိုရင်လည်း ဒီလိုပဲ နေမှာပေါ့ ဆရာရယ်။ အမှန်အတိုင်း ပြောရရင် အဲဒီညကစပြီး ကျွန်မလည်း 'ကိုသူရ'ကို ခွဲခွဲလမ်းလမ်း ချစ်ခဲ့မိပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ အချစ်ကို ရင်ထဲမှာပဲ မျိုသိပ်ပြီး ကြိတ်ဆွေးနေရတာပေါ့ ဆရာရယ်"

အထက်ပါအတိုင်း မခင်မူသည် ကျွန်ုပ်အား ယုတ္တိယုတ္တာ ကင်းမဲ့လှသော ၄င်း၏ အဖြစ်အပျက်အား ခရေစေ့တွင်းကျ ပြောပြနေလေတော့၏။ ကျွန်ုပ်လည်း ရိုင်းရာကျမည်စိုးသောကြောင့် အခြေအတင် ပြန်၍မေးမနေတော့ဘဲ ငြိမ်၍သာ နားထောင်လိုက်ရလေ၏။ မခင်မူသည် စကားဆုံးသွားသောအခါ၌ တရှုံ့ရှုံ့နှင့် ရှိုက်ရှိုက်၍ ငိုပြန်၏။ ကျွန်ုပ်လည်း အငိုရပ်သွားသည်အထိ စိတ်ရှည်ရှည်နှင့် စောင့်ပြီးလျှင်...

"မခင်မူ ပြောပြတဲ့ အဖြစ်အပျက် အကြောင်းစုံကိုတော့ သိရပါပြီ။ ဒါပေမဲ့ ကျုပ်က ဘယ်လိုအကြံဉာဏ်မျိုး ပေးရမှာလဲ၊ မခင်မူရဲ့ ညီမလေးကို ဥစ္စာစောင့်နဲ့ အဆက်ပြတ်သွားအောင် ပြောဆိုလုပ်ကိုင်ကြည့်ဖို့ အကြံဉာဏ်ပေးရမှာလား"

ဟု မေးလိုက်လေ၏။

"ဒီလိုလည်း မဟုတ်ပါဘူး ဆရာ၊ ညီမလေးကတော့ ဥစ္စာစောင့်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကိုသူရကို ပြတ်မှာ မဟုတ်ပါဘူး။ ဒီလိုလည်း ကျွန်မ မလုပ်ရက်ပါဘူး။ ညီမလေးကို ကျွန်မ သိပ်သနားတယ်။ နောက်ပြီး ကျွန်မကိုယ်တိုင်ကလည်း ကိုသူရကို ချစ်နေမိပါတယ်။ ဒီနေ့အထိ တစ်နေ့မှ မေ့မရပါဘူး ဆရာရယ်။ ညီမလေး မသိအောင် ဣန္ဒြေမပျက် နေရပေမယ့် ရင်ထဲမှာ မချိတော့ပါဘူး။ နောက်ပြီး ကျွန်မမှာ အဲဒီည ကိုသူရနဲ့ ချစ်ခဲ့မိတဲ့အတွက် ကိုယ်လေးလက်ဝန် ရှိနေပါပြီ ဆရာ။ အဲဒီတော့ ညီမလေးကိုပဲ ဖွင့်ပြောရမလား၊ ဒါမှမဟုတ် အဲဒီအကြောင်းကို ညီမလေး မသိရလေအောင် တခြားဝေးရာကိုပဲ ကျွန်မ ထွက်သွားရမလား ဆိုတာကို မစဉ်းစားတတ်အောင် ဖြစ်နေပါတယ် ဆရာ"

"မခင်မူရဲ့ ပြဿနာက ခက်လည်းခက်၊ ဆန်းလည်း ဆန်းတယ်။ ကျုပ်ကတော့ ချက်ချင်းအကြံမပေးနိုင်ဘူးကွယ့်။ အချိန်ယူပြီး စဉ်းစားပါရစေဦး။ မခင်မူတို့ ညီအစ်မနှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက သိပ်ရှုပ်နေပြီ။ အဖြေရှာဖို့ တော်တော်ခက်တယ်။ ဒီကြားထဲ ကိုသူရ ဆိုတဲ့သူက ဘဝခြားနားနေတဲ့ ဥစ္စာစောင့်ဆိုတာ ပိုဆိုးနေတာပေါ့ကွာ။ ဒါပေမဲ့ မခင်မူတို့ အမြွှာညီအစ်မရဲ့ လက္ခဏာတွေကို မှင်နှိပ်ယူထားချင်တယ်။ နည်းနည်းပါးပါး လေ့လာကြည့်ရတာပေါ့ကွာ။ ညနေကျရင် မခင်မူတို့အိမ်ကို ကျုပ်လာခဲ့မယ်။ အဲဒီကျမှ မခင်မူရဲ့ ညီမလေးကိုလည်း တစေ့တစောင်း အကဲခတ်ရတာပေါ့၊ ဖြစ်နိုင်ပါ့မလား"

"လာလည်ပါ ဆရာ၊ ကျွန်မ စောင့်နေပါ့မယ်၊ ဒါပေမဲ့ ဆရာ လာမယ့်အကြောင်းကို ညီမလေးကိုတော့ ကျွန်မ မပြောထားဘူး။ တော်ကြာ ကျွန်မကို တစ်မျိုးထင်သွားမယ်။ ဆရာ့ဆီကို ကျွန်မ လာတဲ့အကြောင်းလည်း မပြောပါနဲ့ ဆရာ။ ကျွန်မ သိယောင်းကျွမ်းယောင်းတစ်ယောက်အနေနဲ့ လမ်းကြုံလို့ ဝင်လာတဲ့ပုံမျိုးနဲ့မှ ဖြစ်မယ်။ တော်ကြာ သူ့အကြောင်းကို ကျွန်မက ဆရာ့ဆီသွားပြီး ဖွင့်ပြောထားတယ်လို့ သံသယဝင်သွားဦးမယ်"

"စိတ်ချပါ မခင်မူ၊ မခင်မူ ပြောတဲ့အတိုင်း ဖြစ်စေရပါမယ်"

ဟု ကျွန်ုပ်က ဝန်ခံစကား ပြောလိုက်ရလေ၏။ ထို့နောက် မခင်မူသည် ကျွန်ုပ်အား နှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းသို့ ရောက်သော အခါ၌ ကျွန်ုပ်သည် ရှမ်းကန်ဘက်သို့ တစ်ယောက်တည်း လမ်းလျှောက် ထွက်သွားခဲ့လေတော့၏။ ရှမ်းကန် ဘက်သို့ မျက်နှာပြု၍ ဆောက်ထား သော အိမ်များအနက် မခင်မူ၏ အိမ် မှာ ပို၍ခမ်းနားထည်ဝါလှပေ၏။ ဥရောပဆန်ဆန် ဆောက်လုပ်ထား သည့် ဆင်ဝင်နှစ်ထပ်အိမ်ကြီး ဖြစ် လေ၏။ ခြံဝင်းမှာလည်း အတန်ငယ် ကျယ်ဝန်းပြီးလျှင် ၎င်းအိမ်ကြီးနှင့် လွန်စွာလိုက်ဖက်လှပေ၏။

စေ့ရုံမျှသာ စေ့၍ထားသော ခြံ တံခါးကြီးအား ကျွန်ုပ်သည် တွန်း၍ ဖွင့်လိုက်ပြီးလျှင် ခြံတွင်းသို့ ဝင်လိုက် ရာ အခန့်သင့်ပင် နှင်းဆီပန်း ခူးနေ သော မခင်မူအား တွေ့လိုက်ရလေ တော့၏။ နှင်းဆီပန်း ခူးနေရာမှ ခြံ တွင်းသို့ ကျွန်ုပ်ဝင်လာသည်ကို မြင် သောအခါ၌ မခင်မူသည် နှင်းဆီပန်း များကို ပွေ့ပိုက်လျက် ကျွန်ုပ်ထံသို့ လျှောက်လာလေ၏။ ကျွန်ုပ်၏အနီးသို့ ရောက်သောအခါ၌ ···

"ဘာကိစ္စများ ရှိပါသလဲရှင်"

ဟု ဆီးကြို၍ မေးမြန်းလိုက်လေ ၏။ ထိုအခါကျမှပင် ကျွန်ုပ်လည်း ၎င်းမိန်းကလေးအား မခင်မူ မဟုတ်၊ မခင်သူ ဖြစ်ကြောင်း သတိပြုမိလိုက် လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က··

"မိန်းကလေးက မခင်မူရဲ့ညီမ မခင်သူ မဟုတ်လား"

ဟု မေးမြန်းလိုက်၏။

"ကျုပ်က မခင်မူရဲ့ သိယောင်း ကျွမ်းယောင်းတစ်ယောက်ပါ၊ ပျဉ်း မနားရောက်တုန်း မခင်မူနဲ့ တွေ့ရ အောင် ဝင်လာတာပါ"

"ကျွန်မအစ်မ မခင်မူ ဆုံးတာ နှစ်နှစ်လောက် ရှိသွားပြီရှင့်"

ဟု ပြောပြီး ၎င်းသည် ကျွန်ုပ် အား မယုံသင်္ကာသော မျက်လုံးဖြင့် ကြည့်၍နေလေ၏။ ကျွန်ုပ်လည်း ၎င်း ထံမှ ကြားလိုက်ရသော စကား ကြောင့် လွန်စွာမှ အံ့အားသင့်၍သွား ပြီးလျှင်···

"ဩော်···မခင်မူ ဆုံးသွားတာ နှစ်နှစ်ရှိမှကိုး၊ ကျုပ်လည်း ဘာမှ မကြားမိပါဘူးကွယ်၊ ခုလို ကြားရ တာ စိတ်မကောင်းလိုက်တာ"

ဟု ပြောဆိုကာ ခြံထဲမှ ခပ် သုတ်သုတ် ပြန်၍ထွက်ခဲ့လေတော့ ၏။ လမ်းတစ်လျှောက်လုံး၌ ကျွန်ုပ် ထံသို့ လာသွားသော မခင်မူ၏ အကြောင်းကိုသာ စဉ်းစား၍နေမိလေ ၏။ ဤသို့နှင့် ကျွန်ုပ် တည်းခိုနေ သော အိမ်သို့ ပြန်ရောက်သောအခါ၌ အိမ်ရှင်ဖြစ်သူ ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုအေးသည် ထမင်းပွဲ အဆင်သင့် ဖြစ်၍ ကျွန်ုပ်အား စောင့်၍နေကြောင်း တွေ့ရလေ၏။ ကိုအေးသည် ကျွန်ုပ် ကို မြင်သည်နှင့်···

"ဆရာသမားကို ထမင်းစားဖို့ စောင့်နေတာ၊ ကျွန်တော်တော့ ဆာလှ ပြီ"

ဟု ပြောလိုက်လေ၏။

"ဆာရင်လည်း စားနှင့်ပေါ့ဗျာ၊ ကျုပ်က ပျင်းပျင်းရှိတာနဲ့ ရှမ်းကန် ဘက်ကို လမ်းလျှောက်ထွက်သွားတာ ပါ။ ဒါနဲ့ စကားမစပ် ခင်ဗျားကို တစ်ခုမေးရဦးမယ်၊ ရှမ်းကန်နားက ဆင်ဝင်နဲ့ နှစ်ထပ်အိမ်မြင့်မြင့်ကြီးကို သိတယ်မဟုတ်လား"

"သိတာပေါ့ဗျာ၊ ဆရာသမား က ဘာသိချင်လို့လဲ"

"အဲဒီအိမ်ကြီးက မခင်သူ ဆိုတဲ့ မိန်းကလေးကိုရော သိတယ်မဟုတ် လား"

"သိတာပေါ့၊ ပျဉ်းမနားမြို့မှာ တော့ အလှဆုံး မိန်းကလေးပဲ၊ ပျဉ်း မနားမြို့ရဲ့ အလှဘုရင်မလေးပေါ့။ အစကဆိုရင် အလှဘုရင်မနှစ်ယောက် ရှိတယ်။ တစ်ယောက်က သူ့အစ်မ လေ။ ခုတော့ တိုက်ဖိုက်ဖြစ်ပြီး ဆုံး သွားတာ နှစ်နှစ်လောက် ရှိသွားပြီ။ သူတို့နှစ်ယောက်က ရုပ်ချင်းသိပ်ဆင် တယ်၊ အမြွှာညီအစ်မလို့ ပြောတာပဲ"

"အဲဒီနှစ်နှစ်လောက်က ဆုံး သွားတဲ့ မခင်မူ ဆိုတဲ့ မိန်းကလေးဟာ ဒီနေ့မနက်မှာပဲ ကျုပ်ဆီကို ဗေဒင် လာကြည့်သွားသေးတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုအေးသည် လွန်စွာအံ့အားသင့်၍ သွားပြီးလျှင်···

"ဘယ်လို ဆရာသမားရဲ့၊ သေသွားတဲ့ မခင်မူက ဘယ်လိုလုပ် ပြီး ဗေဒင်လာကြည့်နိုင်မလဲဗျာ"

ဟု ပြန်၍မေးလေ၏။ ထိုအခါ ကျွန်ုပ်သည် ၎င်းအား အဖြစ်အပျက် အလုံးစုံကို ဇာတ်စုံခင်းပြရလေတော့ ၏။ ထိုအခါ ကိုအေးက···



www.burmeseclassic.com

www.burmeseclassic.com

"ထူးဆန်းလိုက်တာဗျာ၊ ထူးဆန်းလိုက်တာ၊ ဆရာသမားကတော့ တွေ့လိုက်မှဖြင့် ဒီလိုအထူးအဆန်း တွေချည်းပဲ။ ကေန္တ မခင်မှုဟာ ဥစ္စာစောင့်မလေး ဖြစ်နေပြီထင်တယ်"

ဟု ပြန်၍ပြောလေ၏။

"ဒီလိုဗျ ကိုအေးရ၊ ပြဿနာတစ်ခုကို သုံးသပ်တဲ့အခါမှာ ယုတ္တိရှိမှုဆိုတဲ့ အချက်ကို လက်မလွှတ်ရဘူး၊ ယုတ္တိရှိတယ်ဆိုတာက သဘာဝကျတာကို ပြောတာပဲ။ ဒါကြောင့် သဘာဝမကျတဲ့ သုံးသပ်ချက်ဟာ ဘယ်တော့မှ အမှန်နဲ့ မနီးစပ်ဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်က သေသွားခဲ့တဲ့ မခင်မှုဟာ ကျုပ်ဆီကို ဘယ်နည်းနဲ့မှ လာနိုင်ဘူး။ ဥစ္စာစောင့်မလေးဘဝနဲ့ လာတယ်လို့ ယူဆရင်လည်း သဘာဝ မကျဘူး။ ယုတ္တိမရှိဘူး။ အဲဒီတော့ ကျုပ်ဆီကို မနက်ကလာတာဟာ မခင်သူပဲ ဖြစ်ရမယ်"

"ဒီလိုဆိုရင် မခင်သူက ဆရာသမားကို သက်သက်မဲ့ လာလှိမ့်တယ်လို့ ပြောချင်တာလား၊ ကျွန်တော် သိရသလောက်တော့ မိန်းကလေးဟာ တည်တည်တံ့တံ့ ဣန္ဒြေရရလေးပါဗျာ။ ရွတ်နောက်နောက်အစားထဲက မဟုတ်ပါဘူး"

"မထင်နဲ့ဗျို့၊ တချို့က တစ်သက်လုံး တည်တည်ငြိမ်ငြိမ် နေလာပြီး တစ်ခါတလေ ခပ်တည်တည်နဲ့ ရွတ်နောက်နောက် လုပ်တတ်တယ်ဗျ။ ဒါပေမဲ့ အမူအရာကတော့ တော်တော်ကောင်းတယ်။ ရုပ်ရှင်ဘက်များ ဝါသနာပါရင်တော့ ထိပ်တန်းစာရင်းဝင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်လောက်ပါရဲ့ဗျာ။ မနက်ပိုင်း မခင်မှုအဖြစ် ကျုပ်ဆီကို လာတွေ့တော့ အမူအရာက တစ်မျိုး၊ ညနေပိုင်း မခင်သူအဖြစ်နဲ့ တွေ့ပြန်တော့ အမူအရာက တစ်မျိုး၊ တတ်ပဲ တတ်နိုင်ပါ့ဗျာ၊ အံ့ဩပါရဲ့"

"ဆရာသမားကို သက်သက်မဲ့တော့ လာမနောက်နိုင်ပါဘူးဗျာ၊ သူ့အတွက် ဘာအကျိုးရှိမှာလဲ"

"ခင်ဗျားပြောသလို လာနောက်တာ မဟုတ်ရင်လည်း မခင်သူဟာ စိတ္တဇရောဂါ စွဲကပ်နေတဲ့ ဝေဒနာရှင်တစ်ဦး ဖြစ်လိမ့်မယ်"

"ဟာဗျာ၊ ဆရာသမားကလည်း ဒီမိန်းကလေးက လူကောင်းပါဗျာ၊ ဒီလိုရောဂါမျိုး ရှိနေတဲ့ပုံမျိုးလည်း မဟုတ်ပါဘူး"

"ဒါဟာ ဒီလိုရှိတယ်ဗျ ကိုအေးရဲ့၊ ခင်ဗျားတို့ ကျွန်တော်တို့က စိတ်ပညာဆရာတွေလည်း မဟုတ်၊ စိတ္တဇရောဂါကု ဆရာဝန်တွေလည်း မဟုတ်တော့ အဲဒီလို ယဉ်ယဉ်လေးနဲ့ တစ်ခါတစ်ခါမှ စိတ်ဖောက်တတ်တဲ့ ဝေဒနာရှင်တွေကို အကဲမခတ်တတ်ဘူးဗျ။ ဒါကြောင့် မခင်သူဟာ စိတ္တဇရောဂါဝေဒနာရှိတဲ့သူ တစ်ဦးရင်လည်း ဖြစ်ရမယ်။ ကဲဗျာ၊ အဲဒီအကြောင်းကို ခေါင်းထဲမှာ ထည့်မထားနဲ့တော့၊ ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး။ အချိန်ကုန်ပြီး ခေါင်းလေးမယ့်ဟာပါဗျာ။ ထမင်းစားပြီးရင် ဘူတာပြေးပြီး ကျုပ်အတွက် လက်မှတ်ဝယ်ပေးဖို့သာ စဉ်းစားပေတော့"

"ဘယ်လိုလဲ ဆရာသမားရဲ့၊ အစကပြောတော့ တစ်လလောက်နေပြီး စာအုပ်ပြီးအောင် ရေးမယ်ဆိုဗျ၊ ခုတော့ ချက်ချင်းပဲ ထပြန်တော့မလား၊ ကေန္တ ဆရာသမားတော့ ဥစ္စာစောင့်မလေး မခင်မှုကို ကြောက်လို့ လစ်တာနဲ့တူတယ်"

"ဥစ္စာစောင့်မလေး မခင်မှုကို ကြောက်လို့ မဟုတ်ပါဘူးဗျာ၊ ပျဉ်းမနားသူ မခင်သူကို ကြောက်လို့ပါ။ မဟုတ်တရုတ် ဇာတ်လမ်းတွေ လာပြောနေရင် ကျုပ်အတွက် အချိန်ကုန်ဦးမယ်။ ဒါကြောင့် ရန်ကုန်ကို ပြန်လစ်ပြေးရတာဗျို့။ ဒါပေမဲ့ ကျုပ်အတွက် ဝတ္ထုဇာတ်လမ်းလေး တစ်ပုဒ်တော့ ရသွားတာပေါ့။ ကျုပ်မိတ်ဆွေကြီး ကိုမြင့်လှိုင် ပျဉ်းမနားမြင့်လှိုင်က ပျဉ်းမနားမဂ္ဂဇင်းအတွက် စာမူလာတောင်းရင် အဲဒီအကြောင်းကိုပဲ ပျဉ်းမနားသူ မခင်မှုဆိုတဲ့နာမည်နဲ့ရေးပြီး ပေးလိုက်တော့မယ်"

ဟု ကျွန်ုပ်က ပြောလိုက်တော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိင်္ခ**



www.burmeseclassic.com

www.burmeseclassic.com

# ကိန်းလွယ်လွယ် ရှေးဟောင်းဗေဒင်ဟောကိန်း

## ညွန့်လွင်(စက်မှုတက္ကသိုလ်)

ရှေးဟောင်းဗေဒင်ဟောနည်းတစ်ခု တင်ပြအပ်ပါသည်။ ဟောနည်းက လွယ်ပါသည်။ ဟောကိန်းကလည်း တိုပါသည်။ ဟောကိန်းတိုသော်လည်း တွေးတောဆင်ခြင်စရာကောင်းပါသည်။

ရောက်သက်ကိုတည်၊ ၃၀ နှင့်မြှောက်၊ ၇ နှင့်စား

ဥပမာ -

ရောက်သက် ၅၈ နှစ်ရှိသူကို တွက်လျှင်...

၅၈ × ၃၀ = ၁၇၄၀

၁၇၄၀ ÷ ၇ = အကြွင်း ၄ ရမည်။ (ဟောကိန်းကိုဖတ်ပါ။)

တွက်ချက်ရလွယ်ကူအောင် အသင့်တွက်ပြီးဇယားကို ဖော်ပြအပ်ပါသည်။

**အကြွင်း (၂) ဟောကိန်း**

ဖြူစင်သော ပစ္စည်းရမည်။ ပျော်ရွှင်ရအံ့။

**အကြွင်း (၄) ဟောကိန်း**

လာဘ်ရမည်။ ဝင်ငွေကောင်းမည်။ ထီထိုးပါ။ ထီပေါက်နိုင်အံ့။

**အကြွင်း (၆) ဟောကိန်း**

မြေဝင်မည်။ နေရေးထိုင်ရေးအဆင်ပြေအံ့။

**အကြွင်း (၁) ဟောကိန်း**

စီးပွားပျက်မည်။ စီးပွားရေးတွင် လောဘမကြီးဘဲ ချင့်ချိန်ဆောင်ရွက်အံ့။

**အကြွင်း (၃) ဟောကိန်း**

ရန်သူများမည်။ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို ဆင်ခြင်ရအံ့။

**အကြွင်း (၅) ဟောကိန်း**

စိတ်ဆင်းရဲရမည်။ တရားနှင့်ဖြေရအံ့။

**အကြွင်း (၀) ဟောကိန်း**

အနာပေါက်မည်။ ကျန်းမာရေး ဂရုစိုက်ရအံ့။

| ရောက်သက်များ | | | | | | | | | | | | | | အကြွင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | ၉၂ | အကြွင်း (၂) |
| ၂ | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | ၈၆ | ၉၃ | အကြွင်း (၄) |
| ၃ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | ၈၇ | ၉၄ | အကြွင်း (၆) |
| ၄ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | ၈၈ | ၉၅ | အကြွင်း (၁) |
| ၅ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | ၈၉ | ၉၆ | အကြွင်း (၃) |
| ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | ၉၀ | ၉၇ | အကြွင်း (၅) |
| ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | ၉၁ | ၉၈ | အကြွင်း (၀) |

ညွန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com


# ကိုသောင်းနှင့် ဖော့ချောင်းစုနစ်ပါး

## တက္ကသိုလ်သစ်

ဆရာဦးလှမြိုင်(ခ) ကိုသောင်းသည် လူသိများ၍ ထင်ရှားသော သတင်းစာဆရာကြီးတစ်ဦးဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် တည်ထောင်ခဲ့သည့် ဆရာကြီးရွှေဥဒေါင်း အယ်ဒီတာချုပ် တာဝန်ယူသော လုပ်သားပြည်သူ နေ့စဉ်သတင်းစာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်ခဲ့သူဖြစ်သည်။

ဆရာ၏ စာပေသံယောဇဉ်က ကြီးမားလွန်းလှသည်။ စာပေလုပ်သား ဖြစ်မြောက်ရေးကော်မတီတွင် ပါဝင်ခဲ့ပြီး စာပေလုပ်သားအဖွဲ့နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့တွင် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ်မှသည် ဒုတိယဥက္ကဋ္ဌအဖြစ် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့၏။ ဥက္ကဋ္ဌ ဦးကျော်အောင်(စာရေးဆရာကြီးကျော်အောင်) ကွယ်လွန်ပြီးနောက် ဆရာဦးလှမြိုင်သည် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။

ဆရာဦးလှမြိုင်သည် သက်တော်ရှည် သတင်းစာဆရာကြီးတစ်ဦးဖြစ်သည်။ အသက် ၈၅ နှစ်တွင် ကွယ်လွန်ခဲ့သည်။



ဆရာကြီးဦးလှမြိုင်(ကိုသောင်း)

ကျွန်တော် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဖြစ်လာခဲ့သည်မှာ ဆရာ့ကျေးဇူးကြောင့်ဖြစ်၏။ ဆရာ ဥက္ကဋ္ဌတာဝန်ယူနေချိန်တွင် ကျွန်တော်တွဲဖက် အတွင်းရေးမှူး(၁) ဖြစ်ပြီး ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးမှာ ဗဟိုအမှုဆောင်ကော်မတီဝင် ဖြစ်သည်။

ဆရာဦးလှမြိုင်နှင့်ပတ်သက်၍ ကျွန်တော့်တွင် အမှတ်တရများ ရှိခဲ့၏။ ယင်းအမှတ်တရမှာ အခြားမဟုတ်ပေ။ ဆရာသည် လုပ်သားပြည်သူ နေ့စဉ် အယ်ဒီတာချုပ်ဘဝက ဆောင်းပါးတစ်စောင် ရေးခဲ့၏။ ယင်းဆောင်းပါးမှာ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဖော်ပြပါရှိခဲ့၏။ ဆောင်းပါးအမည်မှာ "ဆေးလည်းဖြစ်ထသော၊ မန္တရားလည်း ဖြစ်ထသော ဤဖေချောင်း"ဖြစ်သည်။

ဆရာသည် ယင်းဆောင်းပါးကို မဂ္ဂဇင်းတစ်စောင်တွင် ပြန်လည်ဖော်ပြလိုသဖြင့် ဆရာရေးသားခဲ့သည့် ဆောင်းပါးမိတ္တူတစ်စောင် ရှာပေးရန် ကျွန်တော့်အား အကူအညီတောင်းသည်။ ကျွန်တော်လည်း မရမကရှာဖွေခဲ့သဖြင့် ယင်းဆောင်းပါးကို ရရှိခဲ့ပြီး မိတ္တူကူးကာ ဆရာ့အားပေးခဲ့၏။ ဆရာ ကျွန်တော့်အား ကျေးဇူးတင်ကြောင်းပြောခဲ့သည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ရေးသားခဲ့သော အဆိုပါဆောင်းပါးကို မိတ္တူတစ်စောင် ပိုကူးပြီး မှတ်မှတ်ရရ သိမ်းထားခဲ့၏။

ယင်းဆောင်းပါးမှ အနှစ်ချုပ်ကို ထုတ်နုတ်၍ ရောင်ပြန်ပရိသတ်များ လေ့လာနိုင်ရန် ဖော်ပြလိုက်ပါ၏။

"ဗောဇ္ဈင်သုတ်" ရွတ်ဖတ်ခြင်းဖြင့် လူမမာများကို သက်သာစေသည်။ ရောဂါ ပျောက်ကင်းစေနိုင်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြကြသည်။ လက်တွေ့အားဖြင့်လည်း ခံစားတွေ့ကြုံနေကြရသည်။ ထို့ကြောင့် မိမိတို့အိမ်တွင် လူမမာရှိလျှင်လည်းကောင်း၊ မိမိကိုယ်တိုင် မကျန်းမမာဖြစ်လျှင်လည်းကောင်း ဗောဇ္ဈင်သုတ်ကို ယုံယုံကြည်ကြည်ရွတ်ဖတ်၍ ကုစားကြသည်။ ဆရာတော်၊ သံဃာတော်များကလည်း လူမမာအားတွင် ရွတ်ဖတ်ပေးကြသည်။

**"ဗောဇ္ဈင်"ဟူသည် သစ္စာလေးပါး မြတ်တရားကို သိမြင်တတ်သော မဂ်ဉာဏ်၏ အတောင်အလက် အစိတ်အပိုင်းဟု အဓိပ္ပာယ်ရရှိပါသည်။**

ဗောဇ္ဈင်သုတ် ပါဠိသက်သက်ကို အသံထွက်မှန်အောင် ရွတ်ဖတ်နိုင်ရန် မလွယ်ကူလှပါ။ ပါဠိ၏ မြန်မာအဓိပ္ပာယ်ကို အမှန်အကန် နားလည်သဘောပေါက်ရန်လည်း မလွယ်ကူလှပါ။ ထို့ကြောင့် ဇွဲစာပေတိုက်မှ ထုတ်ဝေ၍ **ဆရာမာယ(ကွယ်လွန်) ကြီးကြပ်တည်းဖြတ်သော "ဇွဲဆယ်ဆောင်တွဲ"** (၁၉၇၃ ခု ပထမအကြိမ်)စာအုပ်ပါ ဗောဇ္ဈင်သုတ် မြန်မာအနက်ကို မူရင်းအတိုင်း ပြန်လည်တင်ပြအပ်ပါသည်။

## ဗောဇ္ဈင်သုတ် စကားပြေ

သံသရာ၌ ကျင်လည်ကုန်သော သူတို့၏ ခပ်သိမ်းသော ဆင်းရဲကို ပျောက်တတ်ကုန်ထသော ကိလေသာဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ်ကုန်ထသော ခုနစ်ပါးကုန်သော ဗောဇ္ဈင်ဂေါ် အရဟတ္တမဂ်၏ အင်္ဂါဖြစ်ကုန်ထသော။

အကြင်တရားတို့ကိုသိ၍သာလျှင် သတ္တဝါတို့သည် သုံးပါးသောဘဝမှ ကင်းလွတ်ကုန်၏။ မြတ်ကုန်၏။ ပဋိသန္ဓေနေခြင်း မရှိထသော၊ အိုခြင်းမရှိထသော၊ နာခြင်းမရှိထသော၊ သောကလည်းမရှိထသော၊ သေခြင်းမရှိထသော နိဗ္ဗာန်သို့ရောက်ကုန်၏။

ဤသို့ အစရှိသော ကျေးဇူးတို့နှင့် ပြည့်စုံထသော များသော ကျေးဇူးတို့ကိုလည်း တကွယူရာဖြစ်ထသော၊ ဆေးလည်းဖြစ်ထသော၊ မန္တရားလည်းဖြစ်ထသော ဤဗောဇ္ဈင်ကိုလည်း အရှင်သူတော်ကောင်းတို့ ဝါတို့သည် ရွတ်ကြကုန်အံ့။

သတိဟူ၍ ဆိုအပ်သော သမ္ဗောဇ္ဈင်လည်းကောင်း၊ ထို့ပြင် ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်လည်းကောင်း၊ ထို့ပြင်တစ်ပါးကုန်သော သမာဓိ၊ ဥပေက္ခာဖြစ်ကုန်သော သမ္ဗောဇ္ဈင်တို့လည်းကောင်း။

ခုနစ်ပါးကုန်သော ထိုသမ္ဗောဇ္ဈင်တို့ကို ခပ်သိမ်းသော တရားတို့ကို မြင်တော်မူထသော မြတ်စွာဘုရားသည် ကောင်းသောအပြားဖြင့် ဟောတော်မူအပ်ကုန်၏။ ပွားစေအပ်ကုန်၏။ အကြိမ်များစွာ ပြုအပ်ကုန်၏။

* ရှေးရှု သိအပ်သော တရားတို့ကို သိခြင်းအကျိုးဟုလည်းကောင်း၊ ကိလေသာငြိမ်းခြင်းအကျိုးဟုလည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်အကျိုးဟုလည်းကောင်း ဖြစ်ကုန်၏။ ထိုသို့မှန်သောစကားကို ဆိုသဖြင့် ခပ်သိမ်းသောအခါ၌ သင်၏ စီးပွားချမ်းသာသည် ဖြစ်စေသတည်း။

* တစ်ပါးသောအခါ၌ မြတ်စွာဘုရားသည် မောဂ္ဂလန်မထေရ်ကိုလည်းကောင်း၊ ကဿပမထေရ်ကိုလည်းကောင်း နာကုန်သော ဆင်းရဲကုန်သော ထိုမထေရ်တို့ကိုမြင်၍ ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့ကို ဟောတော်မူ၏။ ထိုမထေရ်တို့သည်လည်း ထိုဟောတော်မူသော ဗောဇ္ဈင်တရားတော်ကို အလွန်နှစ်လို၍ ထိုခဏ၌ အနာမှ လွတ်ကုန်၏။ ထိုသို့ မှန်သောစကားကို ဆိုသဖြင့် ခပ်သိမ်းသော အခါ၌ သင်၏ စီးပွားချမ်းသာသည် ဖြစ်စေသတည်း။

* တစ်ပါးသောအခါ၌ တရားမင်းဘုရားသည်လည်း အနာသည်းလွန်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ စုန္ဒမထေရ်ကို ထိုဗောဇ္ဈင်ခုနစ်ပါးတရားကိုသာလျှင် ရိုသေခြင်းနှင့်တကွ ဟောစေတော်မူ၍ နှစ်လိုတော်မူ၍ ဟောသောခဏ၌ ထိုအနာမှ ထတော်မူ၏။ ထိုသို့ မှန်သောစကားကို ဆိုသဖြင့် ခပ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com

...ခဲ့ သင်၏ စီးပွားခမ်းသာသည် ဖြစ်စေသတည်း။

* သုံးပါးသည်း ဖြစ်ကုန်သော မဟာကဿပ ...မောဂ္ဂလာန်မထေရ်၊ မြတ်စွာဘုရားတို့အား ထိုအနာတို့ ...ပျောက်ကုန်၏။ မဂ်ဖြင့်ပယ်အပ်သော ကိလေ...သို့ တစ်ဖန် မဖြစ်ကောင်းသောသဘောသို့ ရောက်...ကုန်သတည်း။ ထိုသို့ မှန်သောစကားကိုဆိုသဖြင့် ခပ်သိမ်း...ခဲ့ သင်၏စီးပွားချမ်းသာသည် ဖြစ်စေသတည်း။

ဗောဇ္ဈင်သုတ်တွင် သစ္စာပြုချက် လေးချက်ပါရှိရာ ...ချက်တိုင်းတွင် "သင်၏" နေရာ၌ မိမိအမည်ကိုလည်း ...သို့မဟုတ် မိမိရည်ရွယ်သော ပုဂ္ဂိုလ်၏ အမည်ကို ...ကောင်း ထည့်သွင်း၍ လိုရာကို သစ္စာပြုနိုင်ပါသည်။ ... "ထိုသို့ မှန်သောစကားကို ဆိုသဖြင့် ခပ်သိမ်းသော ...ခဲ့ ...ခံစားနေရသော ရောဂါဝေဒနာသည် သက်သာ...ပပျောက်သွားစေသတည်း"။

## ဗောဇ္ဈင်ခုနစ်ပါး

(၁) သတိသမ္ဗောဇ္ဈင် - ကိုယ်စိတ်နှစ်ဖြာ လှုပ်ရှားဆောင်ရွက်မှု အားလုံးကို အခါခပ်သိမ်း သတိချပ်၍ စောင့်ကြည့်ရှုမှတ်ခြင်း။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် - ပညာဝိသုဒ္ဓိငါးပါး၊ အနုပဿနာဉာဏ်သုံးပါးနှင့် ဝိပဿနာဉာဏ်ဆယ်ပါးသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။

(၃) ဝီရိယသမ္ဗောဇ္ဈင် - အဆုံးစွန်ခရီးသို့ ပေါက်ရောက်သည့်တိုင် ဇွဲ၊ လုံ့လဖြင့် ဆောင်ရွက်ကြိုးပမ်းခြင်း။

(၄) ပီတိသမ္ဗောဇ္ဈင် - မကောင်းခြင်း၊ စိတ်မသက်သာခြင်း၊ ညှိုးငယ်ခြင်း စသည့် စိတ်အခြေအနေများနှင့် လုံးဝဆန့်ကျင်၍ ကိုယ်စိတ်နှစ်ဖြာ နှစ်သိမ့်အားရခြင်း။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် - ကာယစိတ္တတို့၌ အထူးကြောင့်ကြစိုးရိမ်မှုကင်းစွာ ကိုယ်စိတ်နှစ်ဖြာ သက်သောင့်သက်သာထားရှိ၍ ငြိမ်းအေးခြင်း။

(၆) သမာဓိသမ္ဗောဇ္ဈင် - သမာဓိတရား ကိုယ်စိတ်နှစ်ပါး သက်သောင့်သက်သာ ငြိမ်းအေးစွာ စူးစိုက်သတိရှိနေခြင်း။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင် - လောကဓံတရားများကို တည်ငြိမ်အေးဆေးစွာ စိတ်အနှောင့်အယှက်မရှိ ရင်ဆိုင်နိုင်မှု၊ အညီအမျှရှုမြင်ဆင်ခြင်မှုရှိခြင်း။

ဖော်ပြပါ ဗောဇ္ဈင်ခုနစ်ပါးသည် -

- သံသရာ၌ ကျင်လည်ကုန်သော သူတို့၏ ခပ်သိမ်းသော ဆင်းရဲကို ပျောက်တတ်ကုန်ထသော၊
- ကိလေသာဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ်ကုန်ထသော၊
- ဆေးလည်းဖြစ်ထသော၊
- မန္တရားလည်း ဖြစ်ထသောကြောင့်

ဤဗောဇ္ဈင်ခုနစ်ပါးတရား သုတ်တော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ကြခြင်းဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ကုံလုံပြည့်ဝနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားရပါ၏။


**တက္ကသိုလ်သန်း**

၀၉-၄၃၁၉၂၂၆၇



www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန်းမေတ္တာ ပို့ကြထာဝစဉ်

ကာမြှူပွင့်

ညနေစောင်းကတည်းက ရွာဟန်ပြင်နေသော မိုးသည် မိုးကြီးချုပ်မှ သဲကြီးမဲကြီး ရွာချလိုက်သည်။ မိုးသံလေသံတွေထဲမှာ ကျွန်မတစ်ယောက်တည်း အိမ်ပေါ်ထပ်မှနေ တာကြီးပေါ်လှမ်းကြည့်လိုက်။ နွေတုန်းက သရက်သီးတွေ သွပ်မိုးပေါ် တဝုန်းဝုန်းကြွေကျ၍ သွပ်တွေ ပေါက်ပြဲကုန်သည်။ ထိုနေရာတွေမှာ မိုးရေတွေက တအားယိုနေသလားဟု အိမ်ခြေရင်းကို ပြေးကြည့်ရ၊ အိမ်အောက်ထပ်မှာ ရေခံထားသော ဇလုံကြီးတွေထဲက မိုးရေတွေကို အင်တုံထဲဆင်းဖြည့်ရ။ သည်အချိန်မှာ ကျွန်မဖုန်းက ဖုန်းခေါ်သံမြည်လာ၏။ ကမန်းကတန်း အိမ်ပေါ်ပြန်တက်၍ ဖုန်းနားထောင်ရပြန်သည်။ ရန်ကုန်က သမီးစုမြတ်ဖုန်း။ ဖုန်းထဲမှာ သူ့အသံက ဗလုံးဗထွေး။

"စုမြတ်ရေ ... အန်တီမေတို့ဆီမှာ မိုးတွေတအားရွာနေတယ်။ ဖုန်းလိုင်းသိပ်မကောင်းဘူး။ သမီးပြောတာတွေ အန်တီ သိပ်မသဲကွဲဘူး။ မိုးတိတ်မှ အန်တီမေ ဖုန်းပြန်ဆက်လိုက်မယ်နော်။ ခု သမီးဖုန်းချထားလိုက်ဦး"

မျက်လုံးက နာရီကိုအကြည့်ရောက်သွား၏။ ၇ နာရီခွဲနေပြီ။ တစ်ခါတလေ သူသိချင်တာ၊ မေးချင်တာရှိလျှင် ညဘက် ဆယ်နာရီလောက်လည်း ဖုန်းဆက်နေကြမို့ သည်ကေ ^မလေး ဘာတွေများ အရေးတကြီး မေးချင်၊ ပြောချင်ပါလိမ့်။ တစ်ခါတစ်ရံလည်း အန်တီမေကို သတိရလို့ဆိုကာ သူပြောချင်တာလေးတွေကို စိတ်လိုလက်ရ ဖုန်းထဲကနေ စကားတံ ရှည်ချင်ရှည်နေပါသေး၏။ ကိုယ်က သူ့ဖုန်းဘေလ်ကုန်မှာစိုး၍ အမြဲစကားဖြတ်ရသည်။ သံယောဇဉ် ... သံယောဇဉ်။

မိုးသံ အနည်းငယ်ငြိမ်သွားသည်။ စောစောကလောက် အရှိန်မပြင်းပေမယ့် ရွာနေဆဲပါ။

စုမြတ်ဆီ ဖုန်းခေါ်မည်ဟု ဖုန်းကို လှမ်းအယူ။ သူ့ထံမှ ဖုန်းခေါ်သံမြည်လာသည်။

"အန်တီမေ ... သမီးပြောတာ ကြားလား"

"အေး ... ကြားတယ် သမီး။ ဘာပြောမလို့လဲ ပြောလေ"

"အန်တီမေဆီမှာ အဆောင်ကောင်းကောင်းလေး တစ်ခုလောက် တောင်းချင်လို့"

"သမီးက ဘာအတွက် ဆောင်ချင်တာလဲ။ ဘယ်လိုအခက်အခဲတွေ ဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"သမီးမှာဖြစ်နေတာတွေက အများကြီး အန်တီမေရဲ့။ အလုပ်ထဲမှာလည်း အတိုက်အခိုက်၊ ချွန်တွန်း ပင့်ရွှေ့တွေနဲ့ စိတ်ဆင်းရဲတယ်။ အဆောင်ပြန်ရောက်ရင်လည်း အမျိုးမျိုးစိတ်ညစ်ရ။ သမီးက ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေနေတာ။ သမီးအားရင် စာအုပ်တွေဖတ်၊ ပုတီးစိပ်၊ ပရိတ်ရွတ်ပေါ့ အန်တီမေရယ်။ မိန်းကလေးအဆောင်ဆိုတာကလည်း သိတယ်မဟုတ်လား။ သူတို့ကို ကျွေးမွေးပေးကမ်းနေရင် အဆင်ကိုပြေလို့။ သူတို့အကြိုက်မလိုက်ရင် ရောရောနှောနှောမနေရင် ပြဿနာမျိုးစုံရှာပြီပဲ။ သမီးအခုနေတဲ့အဆောင်က သမီးအလုပ်သွားရတာလည်း အဆင်ပြေလို့ အစစလိုက်လျောပြီး သည်းခံနေရပါတယ်။ အဲဒီအတိုက်အခိုက်တွေ၊ အနှောင့်အယှက်တွေကနေ လွတ်မြောက်အောင် အဆောင်ကောင်းကောင်းလေးတစ်ခုခုများ ရမလားလို့ပါ"

"ဩော် ... အေးအေး အန်တီမေ သမီးနဲ့ သင့်တော်မယ့် အဆောင်ကောင်းတစ်ခုခုကို လုပ်ပေးလိုက်မယ်။ မနက်ဖြန်မနက် ၉ နာရီ ဇလွန်ကထွက်မယ့် ရွှေတော်ဝင်ကားနဲ့ အန်တီမေ ပို့လိုက်မယ်"

"ဟုတ်ကဲ့ပါ အန်တီမေ၊ ကျေးဇူးပါ အန်တီမေ"

အင်း ... ရှည်ကြီးကို မောလျစွာ ချလိုက်မိပါ၏။

ဘွဲ့ရပညာတတ် ယဉ်ကျေးလိမ္မာလှပချောမောသည့် သမီးချောလေးတစ်ယောက်ရရှိထားတဲ့ ကျွန်မမှာ ယခုတောင်းဆိုလာသော အဆောင်ပြဿနာကို ဘယ်လိုရှင်းရပါ့မလဲ။

ကျွန်မ ဘုရားရှိခိုးချိန်ရောက်ပြီမို့ စုမြတ်ကို အတွေးထဲမှ ခဏထုတ်လိုက်ရသည်။ နေ့စဉ်ပြုနေကျ ဝတ်အတိုင်း မြတ်စွာဘုရားကို သောက်တော်ရေကပ်၊ အလင်းတိုင်၊ အမွှေးတိုင်ကို ထွန်းညှိပူဇော်ကာ ဘုရားရှေ့ ငါးပါးသီလခံယူ။ နောက်ဆုံး ပဋ္ဌာန်းမေတ္တာပို့ခြင်းကို ရွတ်ဖတ်ဖြစ်ပါသည်။

သမ္မယုတ္တပစ္စယော – ယှဉ်ဖက်ဖြင့်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

ထိုအပိုဒ်အရောက် ကျွန်မစိတ်က စုမြတ်ထံ လွင့်မျောသွားပါ၏။

ဩော် ... စိတ် ... စိတ် ... စိတ်၊ စိတ်ဆိုသော အရာဝတ္ထုဟာ အတော်အစိုးမရပါလား။

လွင့်သွားသောစိတ်ကို အမြန်အလျှင် ပြန်စုစည်း။ ရွတ်နေဆဲ နေရာကနေ ဆက်ရွတ်ရသည်။ သည့်နောက် မေတ္တာပို့ အမျှဝေသည်။ အမျှဝေပြီးချိန်မှာ စုမြတ်အတွက် ပေးရမည့်အဆောင်ကို တွေ့ရှိလိုက်ပါပြီ။ သည်အဆောင်ထက် ပိုကောင်းသည့်အဆောင် လောကကြီးမှာ ရှိလောက်မယ်မထင်ဘူး စုမြတ်ရေဟု ရေရွတ်မြည်တမ်းလိုက်မိပါတယ်။ ဂါထာ၊ မန္တာန်၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ဆိုတာတွေထက် အများကြီးအစွမ်းထက်တဲ့ မေတ္တာခြုံစောင်လေးကို ဥတုသုံးပါးလုံး သမီးကိုယ်ပေါ်မှာ မခွာတမ်းခြုံထားပါ။ သည်ခြုံစောင်လေးရဲ့ အရှိန်အဝါအကာအကွယ်ကြောင့် သမီးကို ဘယ်ရန်သူမှ ဘယ်လိုမှ ရန်မပြုနိုင်တော့ဘူးဆိုတာ အလေးအနက်ယုံကြည်ပါ။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရတနာရသရ သတ္တာဟမှာ စံနေတော်မူတဲ့အခါ အဘိဓမ္မာ (၇)ကျမ်းကို ဆင်ခြင်ခဲ့တယ်။ ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးကို ဆင်ခြင်လိုက်သောအခါ၌ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလာခဲ့တယ်။ အဲဒါကို သမီးသိပါတယ်နော်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပဋ္ဌာန်းကျမ်းရွတ်လို့ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလာတာ။ ယခု သမီးတို့ အန်တီမေတို့ နေ့စဉ်နဲ့အမျှ ကြုံတွေ့ရင်ဆိုင်နေကြရတဲ့ အတိုက်အခိုက်၊ အနှောင့်အယှက် ချွန်တွန်းပင့်ရွှေ့လုပ်ခြင်းခံနေကြရ၊ လုပ်နေကြရတဲ့ ပြဿနာအပေါင်းကို နိုင်တဲ့အရာဟာ မေတ္တာပဲသမီး။ မေတ္တာခြုံမှ လုံမယ်။

မေတ္တာနဲ့ပတ်သက်တဲ့ သီချင်းတွေ အများကြီးရှိတယ်။ သမီးမေ့နေရင်လဲ သတိရအောင် မသိသေးလဲ ဗဟုသုတရအောင် ပြောပြမယ်။

"မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်ကြဉ်းတဲ့ အောင်ခြင်းရှစ်ပါးပါ"

"သမင်နဲ့ကျား ... လေးသမားနဲ့ သားကောင်၊ မေတ္တာနှောင်ဖွဲ့ထားရာမို့ မေတ္တာအင်ကြင်းရဂုံ" မေလှမြိုင်ဆိုထားတာ။

"သံသရာဘုံ မလွတ်ကင်းနိုင်ကြပုံ၊ ဤကမ္ဘာမြေဝသုန် မေတ္တာနယ်တွင်း သက်ဆင်းကာဆုံ နွဲ့ပျော်နေကြပုံ မေတ္တာဆိုတဲ့တရားက အေးမြကြည်လင်ပုံ သေချာစောင့်ထိန်းသင့်တာယုံ မေတ္တာဖြန်းမှ လန်းဆန်းမယ်သာယုံ ..." ဆိုတဲ့ မေတ္တာဖြန်းမှ လန်းဆန်းမယ်သီချင်း။



www.burmeseclassic.com

www.burmeseclassic.com

"လောကမှာကွယ် အဆိုရှိဖူးတယ် ... သူ့ကိုချစ်ရင် ကိုယ့်ကိုချစ်မယ် ... သူ့ကိုမုန်းရင် ... ကိုယ့်ကိုမုန်းမယ် ... တစ်ဦးမေတ္တာတစ်ဦးမျှရင် တစ်ဦးချစ်လာရမယ်" မေတ္တာနဲ့ပတ်သက်လို့ သီချင်းတွေအများကြီး ရှိသေးတယ်။ အန်တီမေ သတိရသလောက် ရေးပြလိုက်တာ။

သမီးကြုံတွေ့ရင်ဆိုင်ရကဲ့ အတိုက်အခိုက် အနှောင့်အယှက်တွေကြောင့် သမီးရင်ထဲမှာ ဘယ်လောက်ခံစားရခက်နေမလဲဆိုတာ အန်တီမေ ကိုယ်ချင်းစာပါတယ်။ အဲဒီအကြောင်းတွေကို သမီးရင်ထဲ နှလုံးသားထဲမှာ သိမ်းဆည်းသိုလှောင် မှတ်မထားပါနဲ့။ သမီးက သူတို့ကို ပြန်လှန်ဖြေရှင်း ငြင်းချက်ထုတ်နေခြင်းဟာ သူများပြောတာတွေကို ကိုယ်ကလက်သင့်ခံနေရခြင်းဖြစ်တယ်။ ကိုယ်က ဘာမျှလက်မခံရင် သူတို့ထံပဲ ပြန်သွားလိမ့်မယ်။

ရှင်တော်မြတ်ဘုရားက ဟောထားတယ်လေ။ ကိုယ့်ထက်သာလျှင် ဝမ်းသာရမယ်။ ကိုယ်နဲ့တန်းတူတွေ့လျှင် ချစ်ခင်ရမယ်။ ကိုယ့်အောက်နိမ့်ကျသူတွေ့ရင် သနားရမယ်တဲ့။ အစမထင်တဲ့ သံသရာကြီးဟာ လည်နေတာ သမီးရေ။ အမှန်တရားတိုင်းမှာ အမှန်တရားကို နတ်စောင့်တယ်။ ဒါကြောင့်လည်း အမှန်တရားသာဖြစ်ပါစေ။ တရားကို နတ်စောင့်တယ်လို့ပြောတာပေါ့။

မိမိပြုမှားခဲ့သော နှုတ်ထွက်စကားသည်လည်းကောင်း၊ ကိုယ်အမူအရာ၊ စိတ်အမူအရာတို့သည်လည်းကောင်း မိမိနောက်သို့ အရိပ်ပမာလိုက်၍ အကျိုးပေးသဖြင့် ထိုအမှားမျိုးမပြုမိအောင် သတိပြုရှောင်ရှားရာ၏။ ဓမ္မပဒထဲမှာ ဆိုထားတယ်လေ။ တရားမရှိကြတဲ့ သူတွေ အတ္တ၊ မာန၊ ဒေါသ၊ လောဘ၊ မောဟကြီးသူတွေဟာ သူတစ်ဖက်သားကို တစ်ဖက်စောင်းနင်း ကိုယ်ချင်းမစာ ပြုမူပြောဆိုလိုက်ကြတဲ့ ကာယကံ၊ မနောကံ၊ ဝစီကံတွေဟာ တစ်ချိန်ချိန်မှာ သူတို့ကို ပြန်ပြီး ဝဋ်မျက်နှာ ဝဋ်လိုက်မှာတွေ မကြောက်ကြဘူး။ သူတို့ပြုသောကံ သူတို့ထံ ပြန်မလာဘူး။ သံသရာမလည်ဘူးလို့ ထင်ကြလို့ တစ်ဖက်သားကို ရက်ရက်စက်စက် စိတ်ထဲရှိတိုင်း နှုတ်လွယ်လွယ်နဲ့ ပစ္စလက်ခတ် ပြောထည့်လိုက်ကြတာပေါ့။ ဘယ်နေရာမှာမဆို ဝဋ်ကမနေဘူး။ ဝဋ်မှာအမြဲ ငရဲမှာအပ ဆိုထားတာကြည့်။

သမီးလေးရေ အန်တီမေစာ သိပ်ရှည်နေပြီ။ သမီးကိုပေးလိုက်တဲ့ ပဋ္ဌာန်းမေတ္တာပို့နည်း အမျှဝေနည်းကို ညတိုင်း ညတိုင်း အာစိဏ္ဏကံပြုပြီး ယုံကြည်လေးစားစွာ မေတ္တာပို့ကြည့်ပါ။ ပဋ္ဌာန်းမေတ္တာပို့ရဲ့ အာနိသင်၊ သမီးဝေတဲ့ အမျှကို သာဓု ခေါ်ဆိုရတဲ့ ပုဂ္ဂိုလ်တွေရဲ့ စောင့်ရှောက်မှုတွေကြောင့် သမီးဘဝတစ်သက်တာအဖို့ရော သံသရာအတွက်ပါ အများကြီး အထောက်အကူရသွားပါလိမ့်မယ်။ သမီးဘုရားရှိခိုးပြီးလို့ ပဋ္ဌာန်းမေတ္တာရွတ်ပြီးရင် အန်တီမေရေးပေးလိုက်တဲ့ အမျှဝေစာရွက်ထဲကအတိုင်း ၏၊ သည် မရွေ့ အမျှဝေပါ။

ချစ်တဲ့အန်တီမေ

**ဇာဖြူပွင့်**

## ပဋ္ဌာန်းမေတ္တာပို့

၁။ **ဟေတုပစ္စယော** – ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၂။ **အာရမ္မဏပစ္စယော** – အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၃။ **အဓိပတိပစ္စယော** – အကြီးအကဲဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၄။ **အနန္တရပစ္စယော** – အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၅။ **သမနန္တရပစ္စယော** – ကောင်းစွာအခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၆။ **သဟဇာတပစ္စယော** – အတူတကွဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၇။ **အညမညပစ္စယော** – အချင်းအချင်းအပြန်အလှန်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၈။ **နိဿယပစ္စယော** – မှီရာဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၉။ **ဥပနိဿယပစ္စယော** – အားကြီးသောမှီရာဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၀။ **ပုရေဇာတပစ္စယော** – ရှေးကဖြစ်နှင့်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၁။ **ပစ္ဆာဇာတပစ္စယော** – နောက်ကဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၂။ **အာသေဝနပစ္စယော** – အဖန်တလဲလဲ မှီဝဲထုံအပ်



www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၃။ **ကမ္မပစ္စယော** – အကြောင်းကံဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၄။ **ဝိပါကပစ္စယော** – အကျိုးတရားဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၅။ **အာဟာရပစ္စယော** – ထောက်ပံ့နိုင်မာစေသည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၆။ **ဣန္ဒြိယပစ္စယော** – အစိုးရသည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၇။ **ဈာနပစ္စယော** – စူးစူးစိုက်စိုက်ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၈။ **မဂ္ဂပစ္စယော** – ထွက်မြောက်ကြောင်း နည်းလမ်းကောင်းဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၁၉။ **သမ္ပယုတ္တပစ္စယော** – ယှဉ်ဖက်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၂၀။ **ဝိပ္ပယုတ္တပစ္စယော** – မယှဉ်သာသည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၂၁။ **အတ္ထိပစ္စယော** – ထင်ရှားရှိရိုက် ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၂၂။ **နတ္ထိပစ္စယော** – မရှိတော့သည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၂၃။ **ဝိဂတပစ္စယော** – ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

၂၄။ **အဝိဂတပစ္စယော** – မကင်းမဲ့သေးသည်ဖြစ်၍ ကျေးဇူးပြုသူများ ကျန်းမာချမ်းသာကြပါစေ။

သိကြားမင်း၊ သာသနာတော်စောင့်နတ်မင်းကြီးများ၊ လောကပါလနတ်မင်းကြီးလေးပါး။ အစမထင် သံသရာမှ ယခုဘဝတိုင်အောင် တော်စပ်ခဲ့သော ကျေးဇူးရှင် ခင်ပွန်းကြီးဆယ်ပါးအားလည်းကောင်း ဆူးလေဘိုးဘိုးကြီး၊ သန်လျင်ဘိုးဘိုးကြီး၊ မော်ဘီဘိုးဘိုးကြီး၊ ဗိုလ်တထောင်ဘိုးဘိုးကြီး၊ ရွှေတိဂုံဘိုးဘိုးကြီး၊ ရန်ကုန်ဘိုးဘိုးကြီး၊ မန္တလေးဘိုးဘိုးကြီး၊ ကျိုက္ကဆံဘိုးဘိုးကြီး၊ သဃ်န်းကျွန်းဘိုးဘိုးကြီး၊ မင်္ဂလာဒုံဘိုးဘိုးကြီး၊ ဂမုဒ္ဒဘိုးဘိုးကြီး၊ နဂါးမင်းလမ်း ဇောမိညောင်ပင်မှ ဘိုးဘိုးကြီး၊ ရွှေနတ်ကယ်တောင်ဘိုးဘိုးကြီး၊ ခြေတော်ရာတောင်ဘိုးဘိုးကြီး၊ (အောင်လံ)ဘိုးဘိုး၊ ရွှေပုလင်းမြေထဲမင်း(အောင်လံ)အားလည်းကောင်း၊ မြို့တော်ရှင်၊ ရွာတောင်ရှင်၊ နယ်တောင်ရှင်အပေါင်းနှင့် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ နတ်များအားလုံးလည်းကောင်း၊ ကွင်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ လမ်းစောင့်နတ်၊ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ ဆရာသခင်ကျေးဇူးရှင်အပေါင်းတို့အားလည်းကောင်း၊ ကျွန်ုပ်နှင့် ဘဝအဆက်ဆက်မှ သိုက်ဆက်ပဋ္ဌာန်းဆက်၊ နဂါးဆက်၊ တော်စပ်ကြကုန်သော သိုက်ချုပ်ဘိုးတော်၊ ဘွားတော်အပေါင်းနှင့် သိုက်နန်းရှင် ဘွားတော်အပေါင်းနှင့် သိုက်နန်းရှင်များ၊ အစ်မတော်မြနန်းနွယ်၊ အစ်မတော်စောမွန်လှ၊ မြစိမ်းညို ဘောဂဝတီနဂါးပြည်မှ နဂါးမယ်တော်ကြီးနှင့် ဆွေတော်အပေါင်း မျိုးရှစ်သောင်းအားလည်းကောင်း၊ ယခုဘဝ၌ ဆုံတွေ့ကျင်လည် ခင်မင်ရင်းနှီးနေကြပါသော သိုက်ဆက်ပဋ္ဌာန်းဆက်၊ နဂါးဆက်ရှိကြကုန်သော ခုနစ်ရက်သားသမီး ဆွေမျိုးမိတ်သဂ်ဟ၊ ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့အားလည်းကောင်း၊ ၃၁ ဘုံ၌ ကျင်လည်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းနှင့် သုခိတ၊ ဒုက္ခိတ ဝေနေယျ ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း ကျွန်ုပ် ယနေ့ ယခု ပြုပြုသမျှ ကုသိုလ်ဒါန အဖို့ဘာဂတို့ကို ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေပါ၏။ သင်တို့အားလုံးလည်း အမျှရကြ၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ကြပါ။

အမျှ ... အမျှ ... အမျှ ပေးဝေပါ၏။
သာဓု ... သာဓု ... သာဓု။
အမျှ ... အမျှ ... အမျှ ပေးဝေပါ၏။
သာဓု ... သာဓု ... သာဓု။
အမျှ ... အမျှ ... အမျှ ပေးဝေပါ၏။
သာဓု ... သာဓု ... သာဓု။
ရွှေမေတ္တာပို့ကြဆာဝစဉ် ...

မေတ္တာတန်ခိုးမှာ ဖွင့်ကာပြလျှင် အကျိုးအာနိသင်၊ ဗြဟ္မာ့ဘုံလားရာအကြောင်းပါ မှတ်ပါသည်စွမ်းအင် ... ယုံယုံကြည်ကြည် ရွှေမေတ္တာပို့ကြမြဲ ထာဝစဉ်။

**သမီးစုမြတ်သို့ အမှတ်တရ**

**ဒေါ်ဖြူပွင့်**



www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မဒါန အလှူတော်

မောင်မိုးဦး

"ဒီိတာ၊ နာတာဟာ သေမယ့်ဘက်နီးလာတာ မဟုတ်ဘူး။ သေရာနဲ့ မသေရာတို့ရဲ့ လမ်းခွဲကို ရောက်တာပါ။ သတိမဲ့သူက သေရာဘက်နီးပြီး သတိရှိသူက မသေရာဘက် ပိုနီးလာပါတယ်"

ဓမ္မထေရီအရှင်ဝီရိယ(တောင်စွန်း)

***

တစ်ဆက်တည်းမှာပင် ဆရာကြီးဦးသုခပြောခဲ့သော ကိုယ့်အသိပညာတစ်ခုဟာ လောကီကို အကျိုးပြုနိုင်ရမယ်။ အလှူတကာ့ အလှူတွေထဲမှာ တရားအလှူက အမြတ်ဆုံးပဲ။ ငွေမပါပေမဲ့ ကိုယ်သိတဲ့တရားကို သူများကိုလှူရင် ဓမ္မဒါနပဲ။ တရားစာအုပ်လှူတာဟာ စာအုပ်အလှူပဲ။ ဓမ္မဒါန မဟုတ်ဘူး။ ကိုယ့်လေ့လာထားတဲ့အကြောင်းကို သူများကိုပေးနိုင်ရင် ဓမ္မဒါနဖြစ်တယ်။ ဆိုသည့်စကားလေးကိုလည်း ကျွန်တော် သတိရမိသည်။ ထို့ကြောင့် ယခုဆောင်းပါးလေးကိုလည်း ဓမ္မဒါနအဖြစ် တင်ပြလိုက်ခြင်းဖြစ်၏။

ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်သော ကျွန်တော်တို့ မြန်မာလူမျိုးများတွင် ဇာတိဗုဒ္ဓဘာသာဝင်နှင့် အာစာရ ဗုဒ္ဓဘာသာဝင်ဟူ၍ နှစ်မျိုးရှိသည်။ ဇာတိဗုဒ္ဓဘာသာဝင်ဟူသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ကို ဆိုလိုခြင်းဖြစ်ပြီး အာစာရဗုဒ္ဓဘာသာဝင်ဆိုသည်မှာ တကယ့်ဗုဒ္ဓဘာသာဝင်ကို ဆိုလိုခြင်းဖြစ်သည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဟူသည် မိမိ၏ အဘိုးအဘွား အဖေအမေတို့မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သဖြင့် မိမိလည်း ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ရသည်။ တရားလည်းမနာ ဘာသာရေးစာအုပ်လည်း မဖတ်၊ ငါးပါးသီလမလုံခြုံ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအကြောင်းကိုလည်း အသေအချာမသိသော လူများဖြစ်သည်။

တကယ့်ဗုဒ္ဓဘာသာဝင်ဟူသည် မိမိကိုးကွယ်သော ဘာသာအကြောင်းကိုလည်း အချိန်ရသလောက်ဖတ်၊ တတ်သိသူများကိုလည်း မေးမြန်းဆွေးနွေး၏။ ထိုအခါ ရတနာသုံးပါးအကြောင်းကို သေသေချာချာ နားလည်သွားပြီး ရင်ထဲက စိတ်ပါလက်ပါ ယုံကြည်သွားသူများသည်သာ ဗုဒ္ဓဘာသာဝင်



www.burmeseclassic.com

www.burmeseclassic.com

အစစ်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင်လည်း တကယ့်ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်အောင် ကြိုးစားရင်း ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာခဲ့သည်။ မိမိအသိကို ဆရာကြီးဦးသုခ ပြောသလို မှုဝေချင်မိသည်။

ထို့ကြောင့် ဘာသာတရား၏ အဆုံးအမအပြင် မိတ များ၏ လမ်းညွှန်သွန်သင်သည့် စကားများကိုလည်း သတိရ နေမိသည်။ အထူးသဖြင့် အမေပြောခဲ့သော စကားတစ်ခွန်း ရှိသည်။ "ငါ့သား ဘုရားစေတီပုထိုးမြင်ရင် ဦးချပါ။ ရဟန်း သံဃာကိုမြင်ရင် လက်အုပ်ချီပါ။ ကြေးစည်သံကြားရင် သာဓု ခေါ်ပါ"ဆိုသော စကားဖြစ်သည်။ ကျွန်တော်တို့ မြန်မာလူမျိုး များသည် အလှူဒါနပြုလုပ်လေ့ရှိကြသည်။ မည်သည့်အလှူ ပင်ဖြစ်စေ တရားနာ ရေစက်ချပြီးသည်နှင့် အမျှအတန်းဝေ သည်။ အားလုံးက သာဓုခေါ်ကြသည်။ သို့သော် သာဓုခေါ် သည့်လူအားလုံးက သာဓုခေါ်ခြင်းနှင့် ပတ်သက်ပြီး သေသေ ချာချာ သိပ်မသိကြပေ။ ထိုအကြောင်းကို စစ်ကိုင်းတောင်ရိုး ရွှေပဟာသ်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဩဝါဒ ပေးဖူးသည်။

"သူများကုသိုလ်ပြုလို့ အမျှအတန်းပေးဝေရင် သာဓု ခေါ်ရမယ်။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရင် ကုသိုလ်ရှင်နှင့် အတူတူ ထပ်မျှ ကုသိုလ်ရတယ်။ ကိုယ့်ကုသိုလ်ပြုလို့ အမျှ အတန်းပေးဝေရင်လည်း ကိုယ့်ဆီက လျော့မသွားဘူး။ ပိုပြီး တိုးတယ်လို့ မှတ်ပြီး ကုသိုလ်ပြုတဲ့အခါတိုင်း အမျှဝေကြ။ ကုသိုလ်ပြုလို့ အမျှအတန်းပေးဝေကြရင်လည်း သာဓုခေါ်ကြ အမျှဝေကြ"

ထို့ကြောင့် ကုသိုလ်ကောင်းမှု အလှူဒါနပြုပြီးတိုင်း ရေစက်ချ၊ အမျှဝေပေးပြီး သာဓုခေါ်ကြသလို မိမိကိုယ်တိုင် ညစဉ် ဘုရားရှိခိုးပြီးတိုင်းလည်း အမျှဝေပြီး သာဓုခေါ်ဖြစ်ခဲ့ သေသည်။

ကုသိုလ်ကောင်းမှုမှာ နှစ်မျိုးရှိသည်။ ပတ္တိဒါနကုသိုလ် နှင့် ပတ္တာနုမောဒနကုသိုလ် ဖြစ်သည်။ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှု၏ အကျိုးကို ကောင်းမြတ်သော စေတနာ နှင့် အမျှပေးဝေခြင်းကို ပတ္တိဒါနကုသိုလ်ဟု ခေါ်သည်။ ထို့အတူ ကုသိုလ်ရှင်ကပေးသော ကောင်းမှုကုသိုလ်၏ အဖို့ ဘာဂကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ခေါ်ဆိုခြင်းသည် ပတ္တာနုမောဒနာကုသိုလ်ဟု ခေါ်သည်။

သို့သော် အရွယ်ငယ်စဉ်ကာလက အမျှဝေခြင်း၊ သာဓုခေါ်ခြင်း၏ အဓိပ္ပာယ်ကို ကျွန်တော် မသိခဲ့ပေ။ အလှူ အတန်းသွားလျှင် စားသောက်ပြီး ပြန်ဖို့လောက်သာ အာရုံရှိ သည်။ တရားနာပြီး သာဓုခေါ်ဖို့လည်း စိတ်မကူးခဲ့ပေ။ တစ် ခါတစ်ရံ ဘုန်းကြီးက အပေါ်ထပ်မှာ တရားဟောနေလျှင် ကျွန်တော်တို့က အောက်ထပ်မှာစောင့်ရင်း ဘုန်းကြီးပြန်ကြွ သွားလျှင် စားဖို့သောက်ဖို့ကိုသာ မျှော်လင့်နေမိသည်။ တစ်ခါ တလေ အလှူရှင်က တရားနာဖို့ခေါ်သည်ကိုပင် ရပါတယ် ဟုဆိုကာ ကုသိုလ်ကိုရှောင်လွှဲခဲ့၏။ အလှူဒါန အခမ်းအနား သို့ ပေါ့ပေါ့ပါးပါးသွားကာ စားသောက်ပြီး ပြန်လာမြဲဖြစ်၏။

ဒါနသည် လောဘကို ဖျက်ဆီးပစ်သည့်အရာ။ ဒါန သည် မင်္ဂလာဆိုသည့် အဓိပ္ပာယ်ကို ကျွန်တော် မေ့နေခဲ့ သည်။ တချို့ အလှူဒါနပြုပွဲများတွင် ကိုယ်တိုင်လိုက်ပါပြီး ဝေယျာဝစ္စကုသိုလ် ယူခဲ့သော်လည်း တရားနာ ရေစက်ချပြီး အမျှအတန်းဝေလျှင် ကျွန်တော်က တစ်နေရာရောက်နေတတ် သည်။ ထို့နောက် အိမ်ထောင်ဦးစီးဖြစ်လာပြီး အသက်အရွယ် ရလာသောအခါ ဆရာတော်ကြီးများ၏ မိန့်မှာစကားများ လူကြီးသူမတို့၏ ဆုံးမစကားများ၊ ဘာသာရေးစာပေများ ဖတ်ရှုပြီးသည့်နောက် ရောက်သွားသည့်အလှူဒါနပွဲတိုင်းမှာ အလှူရှင်က အမျှပေးဝေသည်နှင့် မပျက်မကွက် သာဓုခေါ် တတ်လာခြင်းပင် ဖြစ်သည်။

***

သည်လိုနှင့် တစ်ရက်မှာ သူငယ်ချင်းသုံးယောက် အလှူပွဲတစ်ခုသို့ ရောက်ခဲ့ကြ၏။ အိမ်တက်အလှူဖြစ်သဖြင့် အပေါ်ထပ်ဘုရားခန်းတွင် သံဃာတော်များကို ဆွမ်းကပ်ပြီး နောက် ဆရာတော်က တရားဟောသည်။ ထိုနေ့က ကား လမ်းပိတ်ဆို့မှုကြောင့် ပင့်ထားသည့် သံဃာတော်များ အရောက်နောက်ကျသည်။ ဆွမ်းဘုဉ်းပေးပြီး တရားဟော သောအခါ အချိန်နောက်ကျသည့်အပြင် တရားကလည်း ရှည်သောကြောင့် အတူထိုင်နေသော သူငယ်ချင်းနှစ်ယောက် က ဆာသည်ဟုဆိုကာ တရားမဆုံးမီ အောက်သို့ဆင်းသွား လေသည်။ ကျွန်တော်တားသော်လည်း သူတို့က ရကာမခံပေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က တရားဆုံးအောင်နာမည်၊ အမျှဝေလျှင် သာဓုခေါ်မည်ဟု ဆုံးဖြတ်ထားသောကြောင့် အလှူရှင်က အမျှဝေပြီး သာဓုသုံးကြိမ်ခေါ်ပြီးမှ သူငယ်ချင်းနှစ်ယောက်နှင့် အောက်မှာ ပြန်ဆုံပါသည်။ သူတို့က ဗိုက်ဆာနေကြောင်းနှင့် စိတ်မရှည်သဖြင့် လက်ဖက်ရည်ထွက်သောက်သည်ဟုဆို၏။ ကျွန်တော့်အနေနှင့် သူတို့ကို အပြစ်မတင်လိုသော်လည်း သာဓုခေါ်ခြင်းအကျိုးကျေးဇူးလေးကို ကျွန်တော် ဖတ်ထားသိထားသမျှ ပြောပြလိုက်လေသည်။

* * *

ဘုရားရှင်လက်ထက်က ကုန်သည်တစ်ဦး ရှိသည်။ တစ်နေ့တွင် ထိုကုန်သည်က အရောင်းအဝယ်တစ်ခုနှင့် ရေလမ်းခရီးသွားရန် မြစ်ဆိပ်သို့ တပည့်တစ်ဦးနှင့် ထွက်လာခဲ့၏။ နေက ပူလောင်လှသဖြင့် သွားရသည်မှာ ပင်ပန်း၏။ သို့သော် လမ်းခရီးတွင် ကံကောင်းလှစွာနှင့်ပင် ပစ္စေကဗုဒ္ဓါနှင့် တွေ့သည်။ ပစ္စေကဗုဒ္ဓါတွင် ဖိနပ်လည်းမပါ။ ထီးလည်း မပါသောကြောင့် ထီးဖိနပ်ကို လှူချင်သည်။ သို့သော် လမ်းခရီး ဖြစ်သဖြင့် အသစ်ဝယ်ရန်လည်း မဖြစ်နိုင်သဖြင့် ကုန်သည်က မိမိဆောင်းလာသောထီးနှင့် ဝတ်လာသောဖိနပ်ကို လှူရန် "အရှင်ဘုရား လမ်းခရီးမှာမို့ အသစ်မလှူနိုင်ပါ။ သုံးပြီးသား ထီးနှင့် ဖိနပ်ကိုသာ အလှူခံတော်မူပါ"ဟု လျှောက်ထား၏။

ထိုအခါ ပစ္စေကဗုဒ္ဓါ၏ "၁၅ ရက် လပြည့်မှာ ပေါ်ထွက်လာသော လမင်းကြီးပြည့်သလို သင်၏အလိုဆန္ဒပြည့်ဝပါစေ"ဟုဆုပေးပြီး ကြွသွားတော်မူလေသည်။ ထို့နောက် ကုန်သည် ဆရာတပည့်နှစ်ဦး မြစ်ဆိပ်သို့ရောက်ပြီးနောက် ကုန်တင်ထားသည့် လှေများကို စစ်ဆေးပြီး မြစ်ဆိပ်မှ စတင်ထွက်ခွာလာခဲ့လေသည်။

သည်လိုနှင့် မကြာမီ ဆရာတပည့် လိုက်ပါလာသော ကုန်သည်လှေသည် မြစ်လယ်သို့ရောက်သောအခါ လှေမှန်တိုင်းမိပြီး မှောက်သည်။ ထို့ကြောင့် ကုန်သည် ဆရာတပည့်နှစ်ယောက်လည်း မျောနေသော ပျဉ်တစ်ချပ်ကို ခိုတွယ်ပြီး ကူးခတ်နေရလေသည်။

ထိုသို့ ကူးခတ်နေစဉ် ကုန်သည်ဆရာက သီလဆောက်တည်သည်။ ထိုအခါ ပင်လယ်စောင့်နတ်က ဒီလူဟာ သူတော်ကောင်းပဲ။ လမ်းခရီးမှာ ပစ္စေကဗုဒ္ဓါကို ထီးနှင့်ဖိနပ် လှူခဲ့တယ်။ အခုလည်း ရေကူးနေတုန်း အသက်အန္တရာယ်ကို ဂရုမထားဘဲ သီလဆောက်တည်ပြန်တယ်။ ဒါကြောင့် သီလကောင်းမှု ဒါနကောင်းမှုရှိသူကို ငါကယ်မှပဲဟုဆိုကာ ကောင်းကင်မှရပ်ပြီး...

"ကျွန်ုပ် သင့်ကိုကယ်တင်ရအောင် လာခြင်းဖြစ်တယ်"ဟု ဆို၏။ ထိုအခါ ဆရာဖြစ်သူ ကုန်သည်က သူ့တပည့်ကိုလည်း ကယ်တင်ရန် လျှောက်ထား၏။ သို့သော် ပင်လယ်စောင့်နတ်မင်း ငြင်းဆန်ခဲ့၏။ အကြောင်းမှာ ကုန်သည်၏တပည့်သည် ကုသိုလ်မရှိသဖြင့် မကယ်တင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်သည်က ပင်လယ်စောင့်နတ်မင်းအား ခေတ္တစောင့်ခိုင်းပြီး သူ့တပည့်ကို ပြောလိုက်၏။

"တပည့် ငါတို့ မြစ်ဆိပ်လာစဉ်တုန်းက လမ်းမှာ သူတော်စင်ကို ထီးနဲ့ဖိနပ် လှူခဲ့တဲ့ ဒါနကောင်းမှု၊ နောက်ပြီး အခု ပင်လယ်တွင်းမှာ ရေကူးရင်း သီလဆောက်တည်တဲ့ သီလကောင်းမှုတို့ကို သင့်အား အမျှပေးဝေပါတယ် သာဓုခေါ်ပါ"

ထိုအခါ တပည့်ဖြစ်သူက ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုသုံးကြိမ် ခေါ်ဆိုလေသည်။ ထို့နောက် ပင်လယ်စောင့်နတ်သည် ကုန်သည်၏တပည့်ဖြစ်သူကိုလည်း ကုသိုလ်ရှိပြီဖြစ်သဖြင့် ဆရာတပည့်နှစ်ဦးကို ကယ်တင်လိုက်လေသည်။

* * *

သူငယ်ချင်းနှစ်ယောက်အား အမျှဝေခြင်း၊ သာဓုခေါ်ခြင်းအကြောင်းကို ပြောပြလိုက်ရသောကြောင့် ကျွန်တော့်ရင်ထဲ ဝမ်းမြောက်ဝမ်းသာဖြစ်မိသလို သူငယ်ချင်းနှစ်ယောက်လည်း သဘောပေါက်သွားခဲ့၏။ ဆရာကြီးဦးသုခ ပြောသလိုပင် ကိုယ်လေ့လာထားသည့်အကြောင်းကို သူတစ်ပါးကို ပေးနိုင်ရင် ဓမ္မဒါနဖြစ်သည်ဟု ကျွန်တော် နားလည်ထားသောကြောင့် ယခုလို ပြောပြခွင့်ရလိုက်ခြင်းသည်ပင် ဒါနဖြစ်သွားသည့်အတွက် ကျွန်တော့်ရင်ထဲ ကြည်နူးပီတိဖြစ်ခဲ့ရလေသည်။

**မောင်မိုးဦး**



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)  (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ .သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထို့နှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း .



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုးရိဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာစိုးရိမှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်မြှူ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
- ပင်ရင်းဖြန့်ချိရေး - အမှတ်(ဂ၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
- ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုစိုး(သိမ်ကြီးဈေး)၊ လူထုဓမ္မဏာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၂)၊ မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ န(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့

**ကျော်မြသန်း**

(ယခင်လမှ အဆက်)

(ခုနစ်)

"ကိုဝင်းက သည်လုပ်ငန်းအပေါ် သိပ်ပြီးအားသန်နေတော့ ကျွန်မလည်း အကြောက်အကန်မပြောတော့ဘူးလေ။ ကျွန်မတို့နှစ်ယောက်ကြားမှာ ဒီကိစ္စကြောင့် ကြည်ကြည်သာသာ မဖြစ်ဘဲ ကသိကအောက်ဖြစ်ရတာပဲ အဖတ်တင်တာမို့ ဖြစ်လာသမျှကို ဖြစ်လာတော့မှ ဖြစ်သလိုရင်ဆိုင်ရတော့မှာပဲလို့ ကိုယ့်ကိုယ်ကို စိတ်လျှော့ပြီး ငြိမ်သိမ့်လိုက်ရပါတယ်"

ရွာကထွက်လာကတည်းက ရွာပြန်ရောက်သည်မှာ နှစ်ခေါက်မျှသာ။ အပျိုတုန်းက တစ်ခေါက် အခုတစ်ခေါက်၊ ခြောက်တန်းတုန်းက ဘကြီးမှန်တို့နှင့်အတူ ရွာကို တစ်ခေါက်ပြန်ရောက်ခဲ့သည်။

အိမ်ထောင်ကျပြီးနောက် ... နောက်။ ခင်လေးနွယ် လင်နောက် လိုက်သွားသည့်အကြောင်း ဘကြီးမှန် အဖေတို့၊ အမေတို့ဆီ အကြောင်းကြားခဲ့သည်။

အမေတော့ မပါ။ အဖေလိုက်သည်လို့ ကြားလိုက်ရပေမယ့် လိုက်ရ။ သည်အကြောင်းကို တို့အိမ်ကတစ်ဆင့် ကြားရ၊ သိရရုံပဲ ရှိသည်။

အဖေ ရန်ကုန်မှာနှစ်ရက်ပဲနေပြီး ပြန်သွားသည့်အကြောင်း ဘကြီးမှန်တို့က အငြိုအငြင်ကို ခံရမှာစိုးလို့ပဲလား၊ သူတို့ကိုပဲ ရှာရဖွေရမှာ ခက်လို့လားမသိ။

အဖေ နှစ်ရက်ပဲနေပြီး ရွာကိုပြန်သွားကြောင်း သတင်းပဲ ကြားလိုက်ရသည်။

သည်တစ်ခေါက် ရွာအပြန်မှာ လှလှပပဟု ဆိုရပါမည်။

အဖေ၊ အမေတို့နှင့် အစ်ကိုတို့၊ ညီမလေးတို့အတွက် လက်ဆောင်ပစ္စည်းနှင့် စားစရာသောက်စရာများ ဝယ်သွားနိုင်သောကြောင့်ပါ။

ကိုယ်ပေါ်မှာလည်း အသင့်အတင့်သော လက်ဝတ်ရတနာများ ဝတ်ဆင်လျက်။

ဘကြီးမှန်တို့ ပြောလိုက်သည့် စကားအကြားနှင့် အမြင်ကွာပါလိမ့်မည်။ ရွာအပြန်လမ်းခရီးမှာ တစ်ယောက်တည်း။

အိမ်ထောင်ကျပြီးကတည်းက ဝေးဝေးလံလံခရီးကို တစ်ယောက်လည်း မသွားဖူးခဲ့။ ယုတ်တွအဆုံး ရန်ကုန်မြို့ထဲကိုသော်မှ ဝင်းမောင်မပါဘဲ သွားခဲလာခဲသည်။

ခုတစ်ယောက်တည်း ထွက်လာရသည်မှာ တစ်မျိုးကြီး။ ညနေထွက် ဖျာပုံသင်္ဘောကို စီးခဲ့ရသည်။

တော်ပါသေးသည်။ ခရီးသွားဖော် အနီးဝန်းကျင်တွင်ရှိနေသူတွေက မိန်းမသူတွေ ဖြစ်နေလို့။

မျက်နှာကို အချယ်အမှုန်းမပါဘဲ လျှော့ထားလိုက်သည်။ ဒါတောင် ယောက်ျားတွေ အကြည့်က စူးစူးရဲရဲ။ စူးစူးရဲရဲကြည့်သည့်အကြည့်ကို ပြန်မကြည့်မိအောင် ရှောင်ဖယ်ရသည်မှာ ခက်ခဲဘိ၏ဟု ဆိုရမည်သို့။

တစ်စုံတစ်ယောက်က ကိုယ့်ကို ကြည့်လျှင် ကိုယ်ကလည်း ပြန်ကြည့်ချင်သည်မှာ ဓမ္မတာ။ ခုတော့ မျက်လွှာလုန်ရုံလောက်ပဲ တိတ်တခိုး လျှပ်တစ်ပြက်ကြည့်ရသည်။

ပြီး သွားရသည့်ခရီးက ညခရီးမို့ အပေါ်အလေးကိစ္စ အထအသွားပါ ဂရုစိုက်ရသည်။

တစ်သက်နှင့်တစ်ကိုယ် ခရီးဝေးကို ပထမဆုံးအကြိမ် တစ်ယောက်တည်းသွားဖူးခြင်းဖြစ်သမို့ ရင်မငြိမ်။

စီးရိမ်စိတ်ကလေးမှာ အစဉ်ယှက်သန်း လှုပ်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖျာပုံကနေ တစ်ထပ်မော်တော် အသေးလေးနှင့် ခရီးဆက်၍ ထိုမှ သုံးမိုင်ခန့် ခြေကျင်ခရီး နှင်ရဦးမည်ပါ။

လှည်းကြုံမတွေ့ရင် မလွယ်။ လှည်းကြုံတွေ့ပါစေလို့ တသသ ဆုတောင်းနေရသည်။

ဆုတောင်းမပြည့်၊ လှည်းကြုံမတွေ့။ ဒါပေမယ့် ပါလာသည့် အိတ်နှစ်လုံးအနက် တစ်လုံးကို ကူညီသယ်ပိုးပေးမည့်သူ တွေ့သမို့ ရွာကိုလှမ်းရသည့် ခြေကျင်ခရီးမှာ မထောင်းတာ။

ရွာကိုရောက်တော့ အဖေနှင့်အစ်ကိုတွေ အိမ်မှာမရှိ။ အမေနှင့် ညီမအငယ်ဆုံးပဲ ရှိကြသည်။

မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသမို့လား မသိ၊ နှုတ်ထွက်စကား မဆိုနိုင်လောက်အောင် တအံ့တသြ အံ့အားတသင့်ကြီး ဖြစ်နေကြသည်။

အမေက သမီးဖြစ်သူကိုကြည့်ပြီး မျက်ရည်ယိုစီးလာသလို သမီးဖြစ်သူကလည်း မျက်ရည်များ ရစ်သွယ်လာသည်။

တစ်ဖက်အိမ်က အမေ့အစ်မကြီး ဒေါ်ပုရောက်လာမှပဲ စကားသံစည်စည်ဝေဝေ ရှိသွားသည်။

နောက်တော့လည်း တစ်အိမ်လုံးမှာ လူတွေအပြည့်။

ချီးပစကား၊ အားကျစကား၊ ဝမ်းသာအားရစကားတွေ ပြောမဆုံးပေါင် တောသုံးတောင်သို့နှယ် ရှိနေပါချေ၏။

အမေဖြစ်သူကမူ သမီးကိုကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လျက် မည်သို့သော အဓိပ္ပာယ်ဆောင်လေသည်ကိုမူ မည်သူမှ မသိနိုင်ရာ။

တစ်သွေးတစ်မွေး အားကျလောက်စရာသမီးအတွက် ဂုဏ်ယူဝမ်းသာလေသည်လား၊ ကြောင့်ကြစိုးရိမ်လေသည်လား။

သမက်ဖြစ်သူအခြေအနေ ဘယ်သို့ရှိသည်ကို ဘကြီးမှန်တို့ဆီက ကြားပြီး၊ သိပြီးသား။

ခုမျက်စိရှေ့မှောက်ရောက်လာသည့် သမီးအနေအထားကို ကြည့်ရုံဖြင့် မမေးဘဲ ခန့်မှန်းကြည့်နိုင်သည်မှာ သမက်ဖြစ်သူ လည်လည်ပတ်ပတ် ရှိလိမ့်မည့်အကြောင်း။

'လည်လွန်းသည့်ဘီး ချေးသင့်' ဆိုသော ပမာစကားကို လက်ခံရိုးရှိကြသည်မှာ ရှေးလူကြီးများ၏ အစဉ်အလာ။

ကန်တော့သည့်ပစ္စည်းများ လက်ခံယူ၍ အကန်တော့ခံစဉ် အဖေ မျက်ရည်တွေ ရစ်သိုင်းနေသည်။

"အဘတို့မှာ မပြည့်စုံပေမယ့် လုံလောက်ပါတယ် သမီးရယ်။ သွားသွားလာလာရှိရင်ပဲ မိဘအနေနဲ့ ကျေနပ်ပါတယ်။ ဒါထက် သမီးခင်ပွန်းသည်ကကော"

"ခရီးထွက်နေပါတယ် အဘ"

"ဘာတွေများ လုပ်ကိုင်နေလို့လဲကွယ့်"

"အရောင်းအဝယ်ပါ အဘ"

"အေး ... သမ္မာအာဇီဝဖြစ်ရင်တော့ ကောင်းတာပေါ့ကွယ်။ မင်းစိုးတွေနဲ့မလွတ်မကင်းရှိရင် တစ်နေ့ ဒုက္ခတွေ့တတ်သကွဲ့။ သတိထားပြီး လုပ်ကြကိုင်ကြ၊ နေကြထိုင်ကြပေါ့ကွယ်"

အဖေ၏ဆုံးမစကားမှာ ရိုးရိုးကလေး။

အခုထောင်ထဲရောက်တော့မှ အဘစကားကို ပြန်လည်သတိတရရှိလိုက်သည်။

ရှေးလူကြီးအတွေး ပြေးကြည့်တာထက်မှန် ဆိုသလို မဟုတ်လား။

ရွာမှာနေခဲ့ရသည့် ခုနှစ်ရက်တာကာလမှာ စိတ်အချမ်းမြေ့ဆုံး။ ရန်ကုန်ကိစ္စတွေအားလုံးကို မစဉ်းစားမတွေးတောဘဲ 'ဖျောက်ထားလိုက်သည်။

ပျော်ရွှင်ချမ်းမြေ့ခဲ့သည်။ လန်းလန်းဆန်းဆန်း ကျန်းကျန်းမာမာ။

အပြန်ခရီးမှာ အားလုံး အဆင်ချောပြေလျက်။

"ကျွန်မ ရန်ကုန်ပြန်ရောက်တာ ဆယ့်ငါးရက်ရှိသွားပါပြီ။ ကိုဝင်းတို့နှစ်ယောက်စလုံး ပြန်မရောက်ကြသေးဘူး။ ကျွန်မလည်း တန်ဖိုးရှိပစ္စည်းတချို့နဲ့ အဝတ်အစားသတ္တာကို မအေးကြည်ခင်တို့အိမ်ကို ရွှေ့ပြီး ပြောင်းနေခဲ့ပါတယ်။ စားတာက အသုပ်တစ်လှည့်၊ မုန့်ဟင်းခါးတစ်လှည့်နဲ့ ပြီးပါတယ်။ ပထမ ပြန်ရောက်လာတာက ကိုသိန်းဦးပါ။ ကိုသိန်းဦး ပြန်ရောက်လာပြီး ကိုဝင်းပါမလာတော့ ကျွန်မတစ်ခေါင်းလုံး ချာချာလည်ပြီး ရင်တွေတဒိန်းဒိန်းခုန်နေလို့ ရင်ဘတ်ကို လက်ဝါးနှစ်ဖက်နဲ့ ဖိထားလိုက်ရပါတယ်။ အကျိုးအကြောင်း မေးကြည့်တော့မှ ခေါင်းနောက်တာပျောက်ပြီး ရင်ထဲမှာ အေးသွားရပါတယ်"

သိန်းဦးပြန်လာခြင်းမှာ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သည့် မယားဖြစ်သူကို စိတ်မချလို့။

ဝင်းမောင် ကျန်ရစ်ခဲ့သည်မှာ လုပ်ငန်းတချို့ မပြီးပြတ်သေးသည်က တစ်ကြောင်း၊ လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်မိသူ မိုးကောင်းသူဌေးတစ်ယောက်က ဝင်းမောင်ကို အလုံးခင်လို့ အတင်းဆွဲထား၍တစ်ကြောင်း သိန်းဦး



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပြန်မလာနိုင်ခြင်း ဖြစ်၏။

သိန်းဦးနှင့်အတူ စာတစ်စောင်နှင့် ငွေတစ်ထောင် ပါလာသည်။

"စာထဲမှာ ကျွန်မကို တောင်းပန်စကားထပ်တလဲလဲနဲ့ ဖြေသိမ့်ပြီး လုပ်ငန်းနဲ့ပတ်သက်လို့ အားကိုးအားထားပြုရလောက်တဲ့ မိတ်ဆွေသစ်တစ်ယောက်နဲ့ တွေ့ရတဲ့အကြောင်း၊ မိုးကောင်းမှာ သူဌေးဆိုပေမယ့် လူကြီးပိုင်းမဟုတ်ဘဲ ကိုဝင်းနဲ့ အသက်မတိမ်းမယိမ်း လူငယ်တစ်ဦးဖြစ်တဲ့အကြောင်းနဲ့ သူဌေးကလေး ကိုအောင်မြင့်မောင်ရဲ့အကြောင်းတွေကို စုံစုံစိစိ ရေးထားပြီး သူနောက်ဆယ်ရက်လောက်အတွင်း ဆက်ဆက်ပြန်ခဲ့မည့်အကြောင်း ရေးထားပါတယ်။ ပြီး ... ကိုသိန်းဦးကလည်း ကိုအောင်မြင့်မောင်နဲ့ ကိုဝင်းတို့ အံ့ဩစရာကောင်းလောက်အောင် ခင်မင်သွားကြပုံအကြောင်းနဲ့ ကိုအောင်မြင့်မောင်ဆိုတဲ့ မိုးကောင်းသူဌေးသားလေးအကြောင်းကို ပြည့်ပြည့်စုံစုံပြောပြပါတယ်။ ကိုဝင်းနဲ့ ကိုအောင်မြင့်မောင်တို့ ခင်မင်မှုက ကျွန်မတို့ရဲ့ အနေအထိုင် အဆင့်အတန်းကို ပြောင်းလဲသွားစေပါတယ်။ အခုဖြစ်တဲ့ မှုခင်းကြီးဖြစ်ဖို့ အစပျိုးလိုက်ခြင်းလို့လည်း ပြောရမှာဖြစ်ပါတယ်။ အဲဒီတုန်းကတော့ ဒီလိုမထင်ခဲ့ဘူးပေါ့လေ။ တို့ကုသိုလ် ကောင်းလှချည်လား၊ ကံထူးလှချည်လားလို့ ထင်ခဲ့ပါတယ်၊ ထင်လောက်စရာလဲဖြစ်ခဲ့တာကိုး"

* * *

ကိုအောင်မြင့်မောင် အကြောင်း။

မြန်မာစင်စစ်တော့မဟုတ်၊ ရှမ်းတရုတ်ကပြား။

အဖေ၊ အမေက ဖားကန့်ဇာတိ။ လွတ်လပ်ရေးရပြီးကတည်းက ကျောက်စိမ်းတူးသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှ စီးပွားဖြစ်ထွန်းပြီး ချမ်းသာခဲ့ကြသူများဖြစ်၏။

ကျောက်စိမ်းခေတ် တစ်ခေတ်ဆန်းလာတော့ ကျောက်စိမ်းအရောင်းအဝယ်လောကမှာ သူတို့မပါမပြီး ဆိုသလို ကျောက်စိမ်းဘုရင်သဖွယ် ဖြစ်ခဲ့ပြန်သည်။

ထိုမှ သိန်းကြီးကျောက်အောင်ခဲ့ရာ ဖားကန့်တွင် မနေတော့ဘဲ မိုးကောင်းကို ပြောင်းရွှေ့အခြေချခဲ့ကြသည်။

သူတို့ချမ်းသာသည်မှာ နည်းနည်းနောနောမဟုတ်။ ဓာတ်သိတွေက ဒိုင်းလေးငါးဆယ်အနည်းဆုံးဟု ခန့်မှန်းပြောစမှတ်ပြုကြသည်။

အောင်မြင့်မောင်က တစ်ဦးတည်းသောသား၊ သူကလည်း ကျောက်အိတ်စပတ်။

ရန်ကုန်မှာ အမြဲမနေသော်လည်း မြို့လယ်ခေါင် ပန်းဆိုးတန်းမှာ တိုက်ခန်းတစ်ခန်းကို အပျောက်ပေးပြီး ဝယ်ယူထားခဲ့သည်။

အဖိုးတန် အိမ်ထောင်ပရိဘောဂ အစုံအလင်နှင့်။ သူ ရန်ကုန်လာသည့်အခါ ထိုတိုက်ခန်းမှာပဲ တည်းခိုသည်။

သူ မိုးကောင်းပြန်ရင် အစောင့်ဦးထွန်းလူက အခန်းကို စောင့်ရှောက်နေထိုင်ရသည်။

ဘဝပဋ္ဌာန်းဆက်က ဘယ်လိုရှိခဲ့မှန်းမသိ။ သူတို့နှစ်ယောက်၏ ခင်မင်မှုမှာ မယုံရင် ပုံပြင်လို့ဟု ပြောရမည်သို့ ရှိပါချေ၏။

ဝင်းမောင်က သည်လောက်မဟုတ်။ အောင်မြင့်မောင်က ဝင်းမောင်အပေါ် လွန်လွန်ကဲကဲ တန်းတန်းစွဲ ခင်သည်။

ငယ်ပေါင်းကြီးဖော် ခင်မင်ပုံမျိုးထက် သာလွန်သည်။

ဘယ်လောက်ထိအောင်လဲဆို။

* * *

တွေ့ဆုံခင်မှုကာလ တစ်နှစ်ကျော်အကြာတွင် ခင်လေးနွယ်တို့ လင်မယား ပန်းဆိုးတန်းတိုက်ခန်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည်။

"ကိုဝင်းပြန်လာတော့ ကိုအောင်မြင့်မောင် သူ့အပေါ် ဘယ်သို့ဘယ်လို ခင်မင်ပုံအကြောင်းကို ပြောခဲ့ပါတယ်။ ယုံရခက်ကြီးလို့ ဆိုရမလောက်ပါ။ ကိုအောင်မြင့်မောင် ရန်ကုန်ကိုရောက်လာတိုင်း ကိုဝင်းက သူနဲ့အတူ တပူးတတွဲတွဲ ရှိနေရသည်။ ကျွန်မလည်း ခဏခဏဆိုသလို သူတို့နဲ့ သွားအတူလာအတူရှိတော့မှ ကိုဝင်းပြောတာကို ယုံလိုက်ရပါတယ်။ ကျွန်မတို့ သူတိုက်ခန်းကို ပြောင်းခဲ့ရတာဟာလည်း သူက အတင်းအကျပ် သူ့တိုက်ခန်းပေါ်ကို ဆွဲတင်လို့ပါ။ ကံကြမ္မာ အလှည့်အပြောင်းရဲ့ဆန်းကြယ်ပုံဟာကို ကျွန်မဖြင့် အံ့ဩလို့မဆုံးနိုင်အောင် ဖြစ်ရပါတယ်"

အောင်မြင့်မောင်ကို အမှီပြု၍ ဝင်းမောင်လည်း အတော်လေးအလုပ်ဖြစ်နေသည်။

နေထိုင်ပုံရော၊ ဝတ်စားဆင်ယင်ပုံရော၊ လှုပ်ရှားပုံဟန်ပန်ရော အားလုံး ပြောင်းလဲသွားသည်။

သူ့ကိုကြည့်လိုက်လျှင် အရာရှိလိုလို၊ သူဌေးသားလိုလို အထင်ကြီးစရာအရိပ်အသွင်အပြင် အပြည့်။

တစ်ခုတော့ ပြောစရာရှိသည်။ ယခင်ကမလုပ်ဖူးသည့် အလုပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ကို စွဲစွဲမြဲမြဲ လုပ်တတ်နေပြီ။ အရက်ကို မက်မက်မင်မင်သောက်တတ်လာခြင်း။

"ကျွန်မ ဒါကိုလည်း ခွင့်လွှတ်လိုက်ရပြန်ပါတယ်။ သူတို့ အလုပ်သဘောအရ အပေါင်းအသင်းဝင်ဆံ့အောင်၊ အလုပ်ကိစ္စအတွက် ဆက်ဆံမှုပြေပြစ်အောင်နဲ့ အရက်ကို မက်မက်မင်မင် သောက်တတ်တဲ့ အောင်မြင့်မောင်ရဲ့အလိုကို မလိုက်မဖြစ်လို့ လိုက်တဲ့အနေနဲ့ အနည်းအပါးသောက်ရတဲ့ အကြောင်း အကြောင်းပြလာတော့ ကျွန်မလည်း စိတ်ပျက်ပျက်နဲ့ ခေါင်းညိတ်လိုက်ပြန်ပါတယ်။ သူ့အခြေမြင့်လာတော့ ကျွန်မအခြေပလည်း တင့်လာပါတယ်လေ။ ကျွန်မလည်း မိန်းမသားမဟုတ်လား။ ဝယ်ဟယ် စားဟယ်၊ သုံးဟယ် ဖြုန်းဟယ်နေရတော့ သာယာမိတာပေါ့။ ကျွန်မတို့ရဲ့ဘဝဟာ နေ့ချင်းညချင်းဆိုသလို ပြောင်းလဲသွားတာကိုး"

အရင် သူတို့ငှားနေသည့် စပယ်ခြံက တဲကလေးမှာ ခန်းဖွင့်ဆယ်ပေပင် မပြည့်။ နောက်ဘက်အရှည်မှာ ဆယ့်ရှစ်ပေလောက်ပဲ ရှိမည်။ အိမ်သာနှင့် အိမ်မက အတော်လေးလှမ်းသည်။ ညရေးညတာအပေါ့ အခင်းသွားဖို့က အကြောင်းမဟုတ်၊ အလေးအခင်းသွားဖို့ကျတော့အကြောင်း။

ခုတော့ ရေဆွဲအိမ်သာနှင့် အိမ်သာအခန်းထဲမှ ကျောက်ပြား ဖြူဖြူဖွေးဖွေးတွေကပ်လို့၊ အိမ်သာထဲမှာ အမွှေးရနံ့ တသင်းသင်းနဲ့။

ရေချိုးခန်းကလည်း ထိုအတူပါ။ ရေပန်းနဲ့ချိုးမလား၊ ရေလုံးခံပြီး ချိုးမလား။ ညှို့အိပ်ရေကို ခပ်ပြီးချိုးမလား ကြိုက်သလိုချိုး။

ကိစ္စပြီးရင် ခဏတစ်ဖြုတ်သော်မှနေလေ့မရှိသော နေရာကိုပင် တောက်တောက်ပြောင်ပြောင် သသတင်တင်ထားသည်ဆိုတော့ အိပ်ခန်းတို့၊ ဧည့်ခန်းတို့အနေအထားကို ထူးထူးထွေထွေ ဖော်ပြစရာလိုမည် မထင်။

ဧည့်ခန်းတွင်ထားသည့် ဆက်တီခုံမှာ ကြိမ်ဆက်တီမဟုတ် ဆိုဖာဆက်တီ။

ကိုယ်လုံးပေါ်မှန်ဗီရိုကြီးနှင့် အိမ်ထောင်ပရိဘောဂ အပြည့်အစုံ။ ကြမ်းပြင်ကို ကော်ဇောကြမ်းခင်းထားသည်။

ဘာမှ လိုလေသေးမရှိ။

"ကျွန်မဆိုတာ ကိုယ့်ဘဝကိုယ်တောင် မယုံချင်သလို ဖြစ်မိရတယ်။ ကျွန်မတို့ နေ့ချင်းပြီး အိမ်ထောင်ပြုလိုက်တုန်းက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လက်ဖဝါး၊ ခြေဖဝါးပဲ ရှိတာပါ။ အဲဒီကနေ ရှစ်ပေအခန်းလေးထဲကို ပြောင်းနေနိုင်ဖို့ မနည်းကြိုးစားခဲ့ရပါတယ်။ သည်အခြေအနေလည်း ရောက်ရော ဘဝပျက်တော့မလိုဖြစ်ပြီး လင်မယားတွေ စကားများကြရုံတင်မက သာသာယာယာနေခဲ့ထိုင်ခဲ့ရတာတွေပါ ပြောင်းလဲသွားပါတယ်။ သည်လိုကနေ ဘယ်လိုမှ မမျှော်လင့်ဘဲ ရန်ကုန်မြို့လယ်ကောင်တိုက်ခန်းပေါ် ရောက်ခဲ့ပြန်ပါတယ်။ ပြောကြစတမ်းဆိုရင် ကျွန်မတို့အဖြစ်ဟာ စိတ်ကူးယဉ်ဇာတ်လမ်းဆင်ပြီး ပြောနေတာလို့ ထင်စရာပါ။ ကျွန်မတို့ အဖြစ်အပျက်ကတော့ တကယ့်ကို ဒီအတိုင်း ဖြစ်ခဲ့ပါတယ် ဆရာကြီး။ ဆရာကြီးကို လိမ်ပြောလို့လည်း ကျွန်မမှာ ဘာမှအကျိုးမထူးပါဘူး။ ဆရာကြီး မေးလို့သာ ကျွန်မပြောနေရတာပါ"

ခင်လေးနွယ်မှာ ပန်းဆိုးတန်းတိုက်သို့ မရောက်မီက ကိုယ်လုံးပေါ်မှန်ကြီးကို တစ်ခါမှ မကြည့်စဖူးခဲ့။

သမ္မတနှင့် ပပဝင်းရုပ်ရှင်ရုံသို့ ရုပ်ရှင်ကြည့်သွားသည့်အခါတွင်သာ ကိုယ့်ပုံရိပ်ကို လျှပ်တစ်ပြက် မြင်ဖူးတွေ့ဖူးလိုက်ရသည်။

လူအများကြားထဲမှ ဘယ်ပြောင်း၊ ညာလှည့် သွဲ့သွဲ့ပြောင်းပြောင်း စိမ်ပြေနပြေ ကြည့်လို့မဖြစ်။

ခု ပန်းဆိုးတန်းတိုက်ရောက်မှ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ကိုယ့်ပုံရိပ်သွင်ကို အားပါးတရ တဝကြီး ကြည့်ရ၏။

မှန်ထဲက ပုံရိပ်သွင်ကို ကြည့်၍ ကိုယ့်အလှကို အားရကျေနပ်မိရသည်။

မိန်းမတို့၏ အလှမာနတက်ကြွခြင်း ဖြစ်ရသည်။ ကြည်နူးပီတိဖြာဝေရသည်။

အေးကြည်ခင် အပြောလေးကို ပြန်လည်၍ သတိတရရှိလိုက်ရသည်။ လှလေ ခက်လေ၊ လှလေ အန္တရာယ်ကြီးလေ ဆိုသည်ကိုမှ ...။

## (ရှစ်)

ထောင်မှူးလေး ဦးတင့်လွင်က ခင်လေးနွယ်၏ ဇာတ်လမ်းဆက် အကြောင်းအရာတွေထဲမှ ထူးခြားချက်ကလေးတွေ ပါလာတိုင်း ချစ်ခနီးကိုဖောက်သည်မချဘဲ မနေနိုင်။ အေးကလည်း နားထောင်ပြီးတိုင်း ဝေဖန်မှတ်ချက်ချစမြဲ။

"ခင်လေးနွယ်တို့ လင်မယားရဲ့ အဖြစ်အပျက်က ယုံရခက်ခက်လို့ပဲ ပြောရမလား၊ အကွေ့အလှည့်အပြောင်းအလဲတွေ များလွန်းချည့်လို့ပဲ ဆိုရမလား၊ မှတ်ချက်ချဖို့တောင် ခပ်ခက်ခက်ပဲနော်"

"အဲဒီလိုမျိုး အပြောင်းအလဲများ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အိမ်ထောင်စုမျိုး မရှိနိုင်ဘူးလို့ တစ်ထစ်ချပြောလို့တော့မရဘူး အေးရဲ့။ တချို့လည်း ကိုယ်က မဖန်တီးဘဲ ပတ်ဝန်းကျင်ရဲ့ဖန်တီးမှုကြောင့် ပြောင်းလဲသွားတာတွေလည်း ရှိတတ်တာပဲ”

“အင်းပေါ့လေ၊ ဇာတ်လမ်းအဆက်က ဘယ်လို ဆက်လာဦးမှန်းမှ မသိတာ။ အစ်ကိုလွင်ပဲ ဆက်နားထောင်လိုက်ဦးပေါ့။ နားထောင်ရင်း”

ကိုတင့်လွင်က အေး ပါးစပ်ကို လှမ်းပိတ်လိုက်သည်။ ခနဲ့စကား ကလိစကားတွေ ထွက်လာတော့မည်ကြောင်း ...။

* * *

ခင်လေးနွယ် ရုံးထွက်ရသည့်နေ့။

ထောင်မှူးလေး ဦးတင့်လွင် မိန်းမထောင်ကို ရောက်ကတည်းက ခင်လေးနွယ် တစ်ခါမှ ရုံးမထွက်ရသေး။ ယခင် ဦးတင့်လွင် မရောက်ခင်က တစ်ကြိမ် ရုံးထွက်ခဲ့ပြီးပြီ။

ခု ဒုတိယအကြိမ်မြောက် ရုံးထွက်ရခြင်း။ သည်တစ်ပတ်ရုံးထွက်တွင် ခင်လေးနွယ်၏ ရှေ့နေကြီးက သူ၏တရားခံဖြစ်သူအတွက် အာမခံလျှောက်ဖို့ စီစဉ်ထားသည်။

သို့တစေ အာမခံရဖို့မှာ ဆယ်ရေးတစ်ရေးဆိုသလို မရေရာ မသေချာ။ ခင်လေးနွယ်၏ ရှေ့နေကြီးသဘောထားမှာမူ အာမခံလျှောက်ထားဖို့ကိစ္စကို အချိန်ယူစေချင်သည့်ဆန္ဒရှိသည်။

အခုနေ အာမခံလျှောက်ရင် မှုခင်းဖြစ်ရပ်အပေါ် အခြေခံလို့မရ၊ လူမှုရေးအရ ထောက်ထားညှာတာမှုအပေါ် အခြေခံ၍ လျှောက်ထားရမည်။ ဥပဒေသဘောအရ မရနိုင်သည့်ဘက်က အလေးသာနေသည်။

သို့မို့ကြောင့် အာမခံမလျှောက်စေချင်သေး။

ခင်လေးနွယ်၏ ဆန္ဒလို လိုက်လျောသည့်အနေဖြင့် လျှောက်ထားရမည့်အာမခံ။

ဒါကြောင့် ဆယ်ရေးတစ်ရေးဟု ဆိုရခြင်းပါ။

သို့တစေ ခင်လေးနွယ်မှာမူ မျှော်လင့်ချက် အပြည့်အဝထားရှိလျက်။

ရုံးထွက်မည့်နေ့ နံနက် သူ့အပြုံးမှာ မြူးမြူးရွှင်ရွှင်။ သူ့ဟန်ပန်မှာ တက်တက်ကြွကြွ။

အာမခံလျှောက်ထားသည့် ရုံးထွက်တရားခံတိုင်းသည်သို့ပင် ရှိကြသည်။ ရုံးထွက်ရာမှ အပြန်တွင်မူ။

သူတို့မျက်နှာပေါ်မှာ အပြုံးမတွေ့သိနိုင်။ တွဲနေးသော ခြေလှမ်းများဖြင့် မှိုင်တွေချ၍ ပြန်လာစမြဲ။

အဲဒီနေ့က ကိုအောင်မြင့်မောင် တရားရုံးကိုရောက်လာသည်။ ခင်လေးနွယ်က ကိုအောင်မြင့်မောင်လာလိမ့်မည်ဟု မျှော်လင့်မထား။

ကိုအောင်မြင့်မောင်က သူခရီးလွန်နေလို့ ယခင်တစ်ပတ် ရုံးထွက်ကို မလာနိုင်သည့်အကြောင်း၊ ငွေကြေးကအစ လိုအပ်သော အကူအညီများပေးမည့်အကြောင်း ပြောလာသည်။

အာမခံကိစ္စအတွက် အဆင်မပြေသော်လည်း ကိုအောင်မြင့်မောင်နှင့် တွေ့လိုက်ရသည့်အတွက် အားတက်သွားရသည်။

ကိုအောင်မြင့်မောင်က လက်ရှိရှေ့နေကြီးအစား ဥပဒေပညာရှင်လောကမှာ ထိပ်တန်းစာရင်းဝင် နာမည်ကြီး ဗဟိုတရားရုံးရှေ့နေကြီး ဦးတင်ထွန်းအောင်အား ငှားရမ်းပေးမည့်အကြောင်း ပြောလာသည်ကိုမူ ခေါင်းမညိတ်၊ ခေါင်းမခါဘဲ စဉ်းစားပါရစေဦးဟု အဖြေစကားပြောကြားခဲ့ရသည်။

သူ့အမှုကိစ္စအတွက် အမှုစတင်ဖြစ်ကတည်းက ကိုယ်ဖိရင်ဖို လိုက်ပါဆောင်ရွက်ကူညီပေးနေသည့် ကိုသိန်းဦးတို့လင်မယားနှင့် တိုင်ပင်ရဦးမည်။

ပြီးတော့ ပတ်ဝန်းကျင်မှ ပြောလာဆိုလာမည့် အကြောင်းရပ်အထွေထွေကိုလည်း မျက်ကွယ်ပြု၍မရ။

မှုခင်းဖြစ်ရပ်နှင့် ပတ်သက်လို့ ပြောကြဆိုကြသည့် ပြောသံဆိုသံတွေကိုသာ နားနှင့်ဆတ်ဆတ်ကြားရရင် လူ့လောကမှာ အသက်ရှင်လျက် ဆက်လက်နေချင်စရာ ဘယ်ရှိမှာပါ။ မှုခင်းတစ်ခုဖြစ်လာပြီဆိုရင် အမနာပစကားတွေကို စီစီညံညံ ကြားရစမြဲ။

ညှာညှာတာတာ သက်သက်သာသာ ပြောသူက ရှာမှရှား။ ချဲ့ချဲ့ကားကား မညှာမတာ ပြောတတ်ကြသည်မှာ ဓမ္မတာ။

အပြင်မှာ ပြောတာဆိုတာတွေကို ထားတော့။ အကျဉ်းခံဘဝသို့ ရောက်နေကြသူ ဒုက္ခသည် အချင်းချင်းပင်လျှင် သက်ညှာသမှု မပြုကြ။ ဖေးဖေးမမ မပြောကြ။

ဘိန်းစားချင်းအတူတူ ခေါင်းတစ်လုံးပိုမြင့်သည့် ပျစ်ပျစ်နစ်နစ် ပယ်ပယ်နယ်နယ် အပြောအဆိုမျိုးတွေကို နားခံခက်လှအောင် ပြောတတ်ကြစမြဲ။

ခင်လေးနွယ် ဆက်နွယ်ဖြစ်ခဲ့ရသည့် မှုခင်းကလည်း ရှုပ်ရှုပ်ထွေးထွေး၊ မရှင်းမရှင်းရှိသမို့ ပြောချင်သူတွေအတွက် ပြောကွက် အလွန်ကောင်းသည်ပါ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပြောသူ အပြစ်မဟုတ်။ ပြုသူအပြစ်ပါ။ ပြုသူက မပြုလျှင် ပြောသူက ဘယ်သို့လျှင် ပြောထွက်ရဲမှာပ။

ခုတော့ ကိုယ်က ခေါင်းမဖော်ရဲ။ အစားမတော် တစ်လုတ်၊ အသွားမတော်တစ်လှမ်း၊ အနေမတော် အခက်ဟူ၍ ဆိုရိုးပမာစကားရှိသည်ကို မထိမဲ့မြင်ပြုမိရာမှ မိန်းမသားတို့ မရောက်အပ်သည့်နေရာကို ရောက်နေရပါလေပြီ။ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ထောင်ထဲရောက်နေသူမှန်သမျှ တစ်နေ့ နှစ်နာရီ၊ တစ်လ နှစ်ရက်ခွဲ၊ တစ်နှစ်ကို တစ်လ သက်တမ်းပိုတိုသည်။

ဒါက ထောင်ထဲမှာနေရစဉ် ကာလတစ်လျှောက်လုံး ကျန်းကျန်းမာမာ ရှိပါမှ။ နို့မဟုတ်ရင် သက်တမ်းတိုသည့် နာရီမှာ ထို့ထက်ပိုများသည်။

မကျန်းမာသူအတွက် သက်တမ်းတိုသည့် ကာလမှာ အနည်းဆုံး တစ်နှစ်ကို သုံးလဟု သုတေသနပြု၍ တွက်ချက်ထားကြသည်။

စိတ်ဆင်းရဲမှုနှင့် ကိုယ်ကာယ ဒုက္ခကို ထောင်ထဲရောက်သူတိုင်း မလွှဲမသွေခံစားရသည်ဖြစ်ရာ ခင်လေးနွယ်တို့လို သန္ဓေလွယ်ထားရသူတို့၏ ခံစားမှုကိုမူ စာမဖွဲ့သာ။

လူကြီးသာမဟုတ် လူ့လောကထဲသို့ရောက်အံ့ဆဲဆဲ သန္ဓေသားမှာလည်း တမ်းမစေ့သားအဖြစ် လူ့ဘဝ သက်တမ်း ဆက်ရတော့မည်ကို တွေးလိုက်တိုင်း သည်းခိုက်တုန်မျှ ရင်နှင့်စရာသို့ ရှိပါချေ၏။

မိခင်စားသောက်လိုက်သော အာဟာရကို မှီ၍ ရှင်သန်ရသည်။

သန္ဓေသား၏ ကျန်းမာဖွံ့ဖြိုးမှုမှာ မိခင်၏ စိတ်ကျန်းမာမှု၊ ကိုယ်ကျန်းမာမှု၊ အစားအသောက်၊ ဆေးဝါးသုံးမှု အပေါ်တွင်တည်၍ ဖွံ့ထွားရသည့်မှ ကျန်းမာသော ကလေးငယ်အဖြစ် လူ့လောကထဲသို့ ရောက်ရသည်ပါ။

ခင်လေးနွယ်မှာ အာဟာရပြည့်ဝသည့်အစားကို မစားသောက်ရ။

ကိုယ်ဝန်ဆောင် မိန်းမသားတစ်ယောက် မှီဝဲသုံးရမည့် ဆေးဝါးများကို မစားသုံးရ။ ကျန်းမာရေးနှင့် ညီညွတ်အောင် မနေမထိုင်ရ။

အထူးသဖြင့် စိတ်ကျန်းမာရေးမှာ အနိမ့်ဆုံး အဆင့်သို့ လျှောကျနေပါလေပြီ။

ဤသို့သောမိခင်မှ မွေးဖွားသန့်စင်လာမည့် ကလေးငယ်မှာ ...။ စဉ်းစားလိုက်ရင် ရင်မလင်းစရာ။ ရင်နှင့်စရာတွေချည်း။

ခင်လေးနွယ်မှာ သည်အကြောင်းကို ခေါင်းထဲမရောက်အောင် ဖယ်ထုတ်ဖို့ ကြိုးစားသော်လည်း မရ။

နေ့ဘက်မှာဆို တော်သေးသည်။ အိပ်ရာဝင်သည်နှင့် အတွေးစဉ်မှာ အမျှင်တတန်းတန်း။

အခြားသော အတူနေ အချုပ်သမတွေက အမှုအတွက် သောကပွေ၍ ရတတ်ဖြာရသည်။

ခင်လေးနွယ်မှာမူ အမှုအတွက်ရော၊ သန္ဓေသားအတွက်ပါ သောကအထွေထွေနှင့် ရစ်ထွေးနေရသည်။ စိတ်အားငယ်နေရသည်။

ရှေ့ဆက်လျှောက်ရမည့် ဘဝခရီးလမ်းကြောင်းမှာ ချောမွေ့ခြင်း အလျဉ်းကင်းဘိ၏။

အမှုက လွတ်သည့်တိုင် အားထားအမှီပြုရာ လင်ယောက်ျားမရှိဘဲ ဝမ်းရေးအတွက် ကျောထောက်နောက်ခံမရှိဘဲ ဘယ်သွားလို့ ဘယ်မှာနေရမည်ကိုမသိဘဲ မိန်းမသားတစ်ယောက်တည်း ဆက်ရမည့်ဘဝခရီးမှာ ...

သည်ကနေ့ ရုံးထွက်သွားစဉ်က တရားရုံးမှာ ကိုယ်တစ်ဦးတည်း အမှုဆိုင်ရသည်မဟုတ်။ မနက် နေထွက်တစ်ပြုကစ၍ အမှုသည်တို့နှင့် ဆက်နွယ်ရာ လူပေါင်းစုံတို့မှာ တရားရုံးဝန်းကျင်သို့ ရောက်ရှိလာစမြဲ။ စုစုဝေးဝေး စုရုံးလာစမြဲ။

၉ နာရီကျော်ကျော်မှစ၍ စည်စည်ဝေဝေရှိသည့်လူအုပ်မှာ လျော့ပါးသွားသည်ဟူ၍ မရှိ။ ထပ်၍ထပ်၍သာ တိုးလာစမြဲရှိ၏။

၁၀ နာရီနှင့် ၁၁ နာရီကြားတွင် ထောင်မှထုတ်လာသည့် အချုပ်တရားခံပို့ကားများ ရောက်ရှိလာစမြဲရှိရာ အချုပ်ကားများ ရောက်လာသည်နှင့် တရားရုံးဝန်းကျင်တွင် ဟိုတစ်စု သည်တစ်စု ရှိနေကြသည့် အုပ်စုများမှာ လှုပ်လှုပ်ရှရှဖြစ်လာ၍ ကားရပ်မည့်နေရာသို့ စုဝေးလာကြသည်။

ကားပေါ်မှ အချုပ်တရားခံများ မဆင်းမီကပင် ကားပေါ်နှင့် ကားအောက် အလုအယက်ပြောကြသည့် စကားသံများမှာ ဆူဆူညံညံ။

အချုပ်တရားခံများ ကားပေါ်မှ ဆင်း၍ တရားရုံး အချုပ်ခန်းထဲသို့ ဝင်သွားကြသည့်တိုင် ပြောလက်စစကားများမှာ မပြတ်မစဲ တိုးလိုးတန်းလန်း ကျန်ရစ်စမြဲရှိကြသည်။

အမျိုးသမီးအချုပ်သမတွေ ကားပေါ်မှ အလျင်ဆင်းရသည်။

မျက်လုံးအစုံပေါင်းများစွာမှာ သူတို့ဆီသို့ စူးရောက်လျက်။ မျက်လုံးစူးရောက်မှုနှင့်အတူ ပါးစပ်ကလည်း ထင်မြင်ချက်၊ ဝေဖန်ချက် ပေးသံများ



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်တည်း ထွက်လာလေသည်။

အမျိုးသမီးအချုပ်သမတွေ ကားပေါ်ကဆင်းလာရင် ထင်မြင်ချက်ပေးသံမှာ တစ်သံတည်း ထွက်လာစမြဲရှိ၏။ မလွယ်ပါလားနော်။

ခင်လေးနွယ်၏ အသံမထွက်သော ညည်းညူသံ။

တရားခွင်မှာ။

အချုပ်ခန်းထဲက တရားခွင်သို့ ထုတ်ယူလာစဉ် ခင်လေးနွယ်ကို လက်ထိတ်မခတ်ပါ။

အမျိုးသမီးရဲမေ တစ်ယောက်နှင့် အမျိုးသား ရဲတစ်ယောက်တို့ ခြံရံလျက်။ တရားရုံးသို့ ရောက်နေသူအတော်များများမှာ ခင်လေးနွယ်တို့အမှုစစ်မည့် တရားခွင်အခန်းဝသို့ စုပြုံ၍ ရောက်လာကြသည်။

တစ်ယောက်စကား တစ်ယောက်နားသို့ပေါက်ပြီး ကိုယ့်ယောက်ျားကိုကိုယ်တိုင်သတ်သည့် တရားခံကို ကြည့်ရှုရန် ရောက်လာကြခြင်း ဖြစ်ပါသည်။

"ဟယ် . . . မိန်းမချောကလေးပါလား။ ငယ်ငယ်ပဲရှိသေးတယ်နော်"

"အို . . ကိုယ်ဝန်ကြီးနဲ့ပါလား"

"ထောင်ထဲမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ သနားစရာပဲနော်"

"ယောကျ်ားက ဘယ်လောက်ဆိုးသလဲမှ မသိတာ။ နှိပ်စက်လွန်းတော့ မခံနိုင်လို့ဖြစ်မှာပေါ့"

မိန်းမတွေက သည်လို ပြောကြသည်။ မိန်းမချင်းစာနာသော စကားဆိုကြသည်။

"နောက်မီးကိစ္စ ဖြစ်မှာပေါ့ကွာ"

"လှလေ ခက်လေဆိုတာ ဒါမျိုးပေါ့"

"ကောင်မလေးရုပ်က"

ယောကျ်ားတွေက ဘာညာ . . စသည်ဖြင့် ထင်မြင်ချက်ပေးကြသည်။

ခင်လေးနွယ်မှာ ခေါင်းမဖော်ရဲ။

ဘာဖြစ်လို့ဆိုသည်ကို ရှင်းပြဖို့ဖြစ်နိုင်တာမှမဟုတ်တာ။ ခေါင်းငုံ့ရုံပဲပေါ့။

"ကျွန်မ ဘဝသက်တမ်းမှာ ရဲစခန်းတို့၊ ရုံးတို့၊ ထောင်တို့နဲ့ မဆက်နွှယ် မပတ်သက်အောင် နေထိုင်သွားတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ရဲစခန်းက အတွေ့အကြုံ၊ တရားရုံးအတွေ့အကြုံနဲ့ ထောင်အတွေ့အကြုံအရ ငတ်သေမယ့် အခြေအနေဖြစ်လာရင်တောင်မှ ဥပဒေနဲ့ ဆန့်ကျင်ဘက်အလုပ်ကို မလုပ်တော့ပါဘူး။ ကျွန်မဟာ လူပါ။ ဒါပေမယ့် ထောင်ထဲရောက်ကတည်းက ကိုယ့်ကိုယ်ကိုငါဟာ လူတစ်ယောက်မှ ဟုတ်ပါလေစလို့ထင်မှတ်ရလောက်အောင် အဆင့်အနေနိမ့်ကျသွားရုံမက လူ့အခွင့်အရေးအားလုံး ဆုံးရှုံးသွားခဲ့ပါတယ်။ ဒီခံစားမှုမျိုးကိုတော့ ကျွန်မတစ်သက်တာမှာ ဘယ်လိုမှ မေ့ပျောက်လို့မရတော့ပါဘူး။ အကြောက်ကြီး ကြောက်လှပါပြီလို့ပဲ ပြောပါရစေတော့ရှင်"

တစ်ခါတစ်ခါက် မတော်တဆ ထောင်ထဲရောက်လာသူတိုင်း ပြောတတ်ကြသည့် စကားရပ်မှာ . . .

"ထောင်ဆိုရင် ခြင်ထောင်ဆိုတဲ့ အသံကိုတောင် မကြားပါရစေနဲ့ . ."

ဟူ၍။

(ကိုး)

သည်မှုခင်းဖြစ်ရခြင်း အကြောင်းရင်းမှာ ပန်းဆိုးတန်းတိုက်ကို ပြောင်းရွှေ့ရောက်ရှိလာခြင်းနှင့် မခင်သီခေါ်မမသီနှင့် တရင်းတနှီး ပေါင်းဖက်မိခြင်းကြောင့်ဟု ဆိုရမည်ပါ။

"မိန်းချင်းတောင် ငေးကြည့်ရလောက်အောင်လှတဲ့ မမသီဟာ ကျွန်မနဲ့တွေ့တော့ အသက်သုံးဆယ် မပြည့်တပြည့် အရွယ်၊ အလှအရိပ်တွေ ဖြိုးဖြိုးဝေဝေ မောက်ကြွယ်ကြွယ် တောက်ပနေတုန်းပါ"

ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြင့်မြင့်ဌေး အလှကြွယ် ဖြိုးဝေဆာနေတုန်းက ပုံစံမျိုး။

ဝါရည်အသွေး အသားအရေကစိုပြည်ပြီး ဝင်းမွတ်နေသည်။ အရပ်ကမြင့်မြင့်သွယ်သွယ်၊ ထွားထွားဖွံ့ဖွံ့၊ မောက်တစ်လုံး ဝန်းနေတဲ့ရင်၊ ဖွံ့ဖြိုးပြည့်တင်းပြီး စွင့်ကားနေတဲ့တင်၊ ပြည့်တင်းသွယ်ဆင်းပုံလှတဲ့ ပေါင်တံတွေက သူမ၏ ကိုယ်လုံးအလှကို အပိုအလိုမရှိအောင် ဖြည့်တင်းပေးထားသည့်သို့နှယ် ရှိပါချေ၏။

မဟူရာသွေးသို့နှယ် နက်မှောင်ဝိုင်းစက် တောက်ပရွှန်းစိုနေတဲ့ မျက်လုံး၊ ကော့ညွတ်နေတဲ့ မျက်တောင်၊ စင်ရော်တောင်လို ကော့ပျံနေတဲ့ မျက်ခုံး၊ ဖြောင့်စင်းသွယ်တန်းတဲ့ နှာတံ၊ ဖူးငုံပြည့်တင်းတဲ့ နှုတ်ခမ်း၊ ရယ်လိုက်လျှင် သိသိသာသာ ခွက်စင်းသွားတဲ့ ပါးချိုင့်တို့ကလည်း မျက်နှာအလှကို ပြည့်ပြည့်ဝဝ ဖြည့်တင်းပေးထားသည်သို့နှယ်။

"မမသီက အလှနဲ့အတူ ဆွဲဆောင်မှု ညို့ဝန်းလည်း ပြည့်လျှမ်းပါတယ်။ အပျိုတော့မဟုတ်ပါဘူး။ သားသမီးသုံးယောက်မိခင် အိမ်ထောင်ရှင်ပါ။ မမသီယောကျ်ားက ဌာနတစ်ခုက ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိတဲ့ အရာရှိတစ်ယောက်ပါ။ နာမည်က ဦးအေးမြင့်လို့ ခေါ်ပါတယ်။ သူတို့နှစ်ယောက်ဟာ ရွှေ့သွားနောက်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ နေနဲ့လ ရွှေနဲ့မြလို ဇနီးမောင်နှံ ရယ်လို့ ပမာစကားနဲ့ တင်စားလို့ မရ လောက်အောင် မလိုက်ဖက်ပါဘူး။ ရုပ်ဆင်းသဏ္ဌာန်ခြားနားသလို အနေ အထိုင်နဲ့ အပြုအမူလည်း ကွာခြားပါ တယ်။ နည်းနည်းကွာခြားတာ မဟုတ် ပါဘူး။ အများကြီး ကွာခြားတာပါ''

''ဦးအေးမြင့်က အညာသား။ မခင်သီက မော်လမြိုင်သူ။ ရန်ကုန် သားနဲ့ မန္တလေးသူ မဟုတ်ဘဲ ရွှေဘို သားနဲ့ မော်လမြိုင်သူပါ''

တစ်ယောက် စိုစိုပြုံပြုံ၊ တစ် ယောက်က ခြောက်ခြောက်မည်းမည်း။ တစ်ယောက်က အကျည်းတန်အရုပ် ဆိုး၊ တစ်ယောက်က စူစူတင်တင် အလှပိုင်ရှင်။ တစ်ယောက်က ရိုးရိုး အေးအေး၊ တစ်ယောက်က လှုပ်လှုပ် ရှားရှား ကြွားကြွားယားယား၊ လှုပ်ရှား ပူနှင့် အစဉ်အမြဲ ပွန်းတီးနေသူ။

ဦးအေးမြင့်က ဆေးဖြစ်ဝါးဖြစ် မိတ်ဖက်ဖြစ်ရုံလောက် အနည်းအပါး သောက်တတ်သည်ကလွဲလို့ လောင်း ကစား၊ မိန်းမ ဘာဘာညာညာ အကုန် လုံး ကင်းရှင်းသည်။

မခင်သီက မိုးလင်းကနေ အိပ် ရာဝင်သည်အထိ သူ့ကိုယ်သူ လှ အောင်ပြင်ပြီး သသတင်တင်ကလေး နေတတ်သမို့ အမြင်နှင့်အထင်ပြောရ လျှင် ကလေးသုံးယောက် အမေလို့ ဘယ်လိုမှ မပြောနိုင်ရာ။

''မမသီက အားရင် အိမ်မှာ မနေတတ်ဘူး။ ကားတစ်စင်းနဲ့ ဘီးရာ ထပ်နေ၊ မွှေ့နေရမှ နေတတ် ထိုင် တတ်ရှိတယ်။ အိမ်မှာ ကူဖော်လောင် ဖက်ခေါ်ထားတဲ့ ဒေါ်ထွေးရင်က အိမ် ကိစ္စအားလုံးက ပြောစရာမရှိအောင် လုပ်တဲ့အပြင် ဆွေမျိုးရင်းခြာထက် မက စိတ်ချယုံကြည်ရတယ်။ ကလေး တွေကို သိပ်ချစ်တယ်။ ကျောထောက် နောက်ခံ သံယောဇဉ် တွယ်ပိုးစရာက လည်းမရှိတော့ ဒေါ်ထွေးရင်က ‹ မသီ တို့ အပေါ် ဆွေမျိုးရင်းခြားလို ဖြစ်နေ တာပေါ့လေ။ မမသီအိမ်မှာ တစ်နေ့ လုံးရှိတဲ့နေ့ဟာ အိမ်မှာပိုင်းရှိတဲ့နေ့ပဲ''

မခင်သီတို့ပိုင်းက အိမ်တစ်အိမ် တည်းမှာ ပင်တိုင်မလုပ်။ တစ်နေ့တစ် အိမ်စီ လှည့်လုပ်သည်။

ပိုင်းက နေ့တိုင်းတော့ မဖြစ်။ တစ်ပတ်မှာ သုံးလေးရက်ဖြစ်သည်။

ဦးအေးမြင့်က မခင်သီကို အလို လိုက်ရသည့်အလျောက် မခင်သီဘာ လုပ်လုပ် ပြောဟယ် ဆိုဟယ်- မရှိ။ ဦးအေးမြင့်က လခအပြင် အပိုဝင်ငွေ မရှာတတ်။ မခင်သီက ဦးအေးမြင့်ကို အမှီပြုပြီး အပိုဝင်ငွေရအောင် ရှာ တတ်သည်။

မခင်သီက အသုံးအစွဲ လက် ကြီးသလောက် အရှာအဖွေလည်း တော်သည်။

အပေါင်းအသင်းတွေကလည်း ဝင်ဆံ့သည်။ ရုပ်ကလည်းချော၊ အပြော ကလည်းကောင်း၊ ပါးပါးနပ်နပ်လည်း ရှိသူမို့ မခင်သီနှင့် ပေါင်းမိသူတိုင်း မခင်သီကို မကျသူဟူ၍ မရှိ။

''ကျွန်မတို့ ပန်းဆိုးတန်းတိုက် ကိုပြောင်းပြီး သုံးလေးလအတွင်းမှာ မမသီနဲ့ စတင်ရင်းနှီးခဲ့ပါတယ်။ နောက်ကျတော့ တဖြည်းဖြည်း အလွန် အမင်း ရင်းနှီးလာပြီး ကျွန်မတို့ နှစ်ခန်း ဟာ နှစ်ခန်းတစ်ခန်းလို ဖြစ်လာပါ တယ်။ ပန်းဆိုးတန်းကို ပြောင်းပြီး ကတည်းက ကိုဝင်းတစ်ယောက် ခရီး ထွက်များလာသလို တစ်ခါထွက်ပြီဆို ရင် တစ်လကိုးသတင်း ကြာတတ်တာ ကြောင့် ကျွန်မလည်း ထမင်းချက် မစားတော့ပါဘူး။ ထမင်းချိုင့်ကို လ ပေးယူပြီး စားပါတယ်။ ကျွန်မအတွက် ကိုဝင်းပေးတဲ့ အသုံးစရိတ်ဟာ လုံ လောက်ရုံမကဘဲ ပိုပိုလျှံလျှံ ရှိပါ တယ်။ နားမှာ စိန်နားကပ်၊ လက်မှာ မြကိုစိန်ခြယ်ကွင်းထားတဲ့ လက်စွပ်နဲ့ ပါ။ ညဘက်မှာ ဦးထွန်းလူရဲ့ မိန်းမ ဒေါ်ထယ်က ကျွန်မနဲ့အတူ လာအိပ်ပါ တယ်၊ နေ့ဘက်မှာတော့ ဒေါ်ထယ်ရဲ့ သမီးကြီး မလှရီက ကျွန်မနဲ့ အတူလာ နေပြီး အိမ်သန့်ရှင်းရေး၊ အလျှော် အဖွပ်၊ မီးပူတိုက် စတဲ့ အလုပ်တွေကို ပါ ကူလုပ်ပေးပါတယ်။ မနက်စာ ထမင်းကို ကျွန်မနဲ့အတူစားပြီး ညနေ ကျတော့ အဘဦးထွန်းလူက သူ့မိန်းမ ကို လာပို့ပြီး ပြန်ခေါ်သွားပါတယ်။ နောက်ပိုင်းကျတော့ နေ့ဘက်မှာ မမ သီတို့အခန်းမှာပဲ အနေများပြီး ည ဘက်မှာ ဒေါ်ထွေးရင် အဖော်အဖြစ်နဲ့ လာအိပ်ပေးလို့ အဘဦးထွန်းသူတို့ လည်းတာဝန်ပေါ့သွားပါတယ်။ ကျွန်မ လည်း လွတ်လွတ်လပ်လပ် နေထိုင် သွား‹ ာရတာပေါ့''

ခင်လေးနွယ်က ကလေးချစ် တတ်သည်။ အိမ်ထောင်ကျပြီးပါလျက် ကလေးမမွေးဖွားဘူးသူများ၊ ကလေး ကို ပို၍ ချစ်တတ်ကြသည်မှာ ဓမ္မတာ။

ကလေး မွေးမွေး၊ မမွေးမွေး မိန်းမသားများတွင် မိခင်စိတ်ဓာတ် အပြည့်အဝရှိကြစမြဲ။

အပျိုကြီးတွေ ကလေးချစ်တတ် ကြသည်မှာ မိခင်စိတ်ဓာတ်ကြောင့်၊ ယောက်ျားတွေထက်၊ မိန်းမသား တွေ ကလေးကို ပို၍ ချစ်တတ်ကြ သည်မှာလည်း မိခင်စိတ်ဓာတ်ကြောင့် ပင်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက ကလေးတွေကို သိပ်ချစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ အိမ်ထောင်သက် သုံးနှစ်ကျော်တဲ့အထိ ကလေးရမယ့် အရိပ်အရောင် ပြမလာပါဘူး။ တစ်နေ့ ကျွန်မတို့နှစ်ယောက် သည့်အကြောင်းကို ပြောဖြစ်ကြပါတယ်"

"မလေးတို့ ခုထက်ထိ ကလေးမရသေးတာနဲ့ ပတ်သက်လို့ ကိုဝင်း ဘယ်လိုများ ခံစားနေရသလဲဆိုတာ မလေးကို ပွင့်ပွင့်လင်းလင်း ပြောပြပါလားဟင်"

"ကျွန်မ အဲဒီလိုမေးလိုက်တော့ ကိုဝင်းမျက်နှာ ကွက်ခနဲ ပျက်သွားတာကို သတိထားလိုက်ပါတယ်။ ပြီးတော့မှ ကူခြေပြန်ဆယ်ပြီး"

"ကိုဝင်းလည်း ... မလေးလိုပဲ ကလေးလိုချင်တာပေါ့ မလေးရယ်။ ဒါပေမယ့် ကလေးဆိုတာ လိုချင်တိုင်း ရတာမှ မဟုတ်ဘဲဟာ။ ဘာတတ်နိုင်ပါ့မလဲ။ ခုမရသေးပေမယ့် ရချင်တဲ့ အချိန်တန်ရင် ရလာမှာပေါ့ မလေးရယ်။ တစ်သက်လုံး မရတော့ဘူးလို့ ယတိပြတ်ပြောလို့ ဖြစ်တာမျိုးမှမဟုတ်တာ။ တချို့အိမ်ထောင်တွေဆို အိမ်ထောင်ကျပြီး လေးငါးဆယ်နှစ်ကြာမှ ကလေးရကြတာတွေ တစ်ပုံတစ်ပင်ကြီး ရှိသားပဲဟာ။ မလေးလည်း တစ်နေ့တော့ ..."

"အဲဒီလိုသာ ပြောတယ်။ သူပြောပုံက တက်တက်ကြွကြွ မရှိဘူး။ အေးတိအေးစက်ကြီးပါ။ နောက်ပြီးတော့ သူက ဆက်ပြောပါတယ်"

"ခုလောက် အိမ်ထောင်သက်နဲ့ ကလေးမရစေချင်သေးဘူးလေ။ ဘာလို့ဆိုတော့ ကလေးတွေ တစ်နှစ်တစ်ယောက်သာ မွေးလိုက်ရင် ခုလို ဘယ်လှနေပါတော့မလဲ။ မလေးအလှတွေ လျော့ပါးပျက်ပြယ်သွားမှာ သေချာတာပေါ့။ မလေးလည်း နေရထိုင်ရတာ ခုလို ဘယ်လွတ်လွတ်လပ်လပ် ရှိပါ့မလဲတဲ့"

"သည်လိုပြောတာဟာ ကျွန်မကို ဖြေသိမ့်လိုက်တာ ဖြစ်ပါလိမ့်မယ်။ တကယ်လို့များ အိမ်ထောင်ကျပြီး နှစ်နှစ်၊ သုံးနှစ်အတွင်း ကလေးရခဲ့ရင် ကျွန်မတို့လင်မယားရဲ့ဘဝလမ်းကြောင်း အပြောင်းအလဲဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာမှာပေါ့။ ခုလိုအဖြစ်ဆိုးနဲ့ ကြုံရဆုံရမှာ မဟုတ်ပါဘူး"

ပန်းဆိုးတန်းတိုက်ကို ရောက်ကတည်းက ဝင်းမောင် ခရီးတရစပ်ထွက်နေရသည်။

အိမ်မှာ နှစ်ပတ်ပြည့်အောင် တစ်ခါမှ မနေရ။ လင်မယား နှစ်ယောက်တည်းရှိသည့် အိမ်ထောင်စုတစ်ခုမှာ တစ်ယောက်ဟစ်ကွဲ နေရပြီဆိုသော အခါ ...။

"ကျွန်မက ကလေးချစ်တတ်တော့ မမသီရဲ့ ကလေးသုံးယောက်နဲ့ အချိန်ဖြုန်းနေရပါတယ်။ ဖြိုး၊ စိုး၊ မိုး၊ မောင်နှမသုံးယောက်ကလည်း ချစ်စရာလေးတွေပါ။ ဒါပေမယ့် သူတို့လေးတွေက အိမ်မှာ အမြဲရှိကြဘူးလေ။ သူတို့လေးတွေ ကျောင်းသွားပြီဆိုရင် ကျွန်မ ပျင်းကျန်ရစ်ခဲ့တာပေါ့။ မမသီကလည်း မရှိတော့ ဒေါ်ထွေးရင်ကိုပဲ စကားပြောဖော်လုပ်ပြီး နေရတယ်။ ကြာတော့လည်း ငြီးငွေ့လာတာပေါ့။ မမသီလို အပြင်ထွက်ပြီး အချိန်ဖြုန်းချင်လာပါတယ်။ မမသီကလည်း ခဏခဏခေါ်ပါတယ်။ ကျွန်မက ကိုယ့်လင်သား ခရီးထွက်နေတုန်း မယားက အပြင်ထွက်လည်နေရင် သူများပြောစရာ ဖြစ်လာမှာစိုးပြီး ထိန်းချုပ်နေခဲ့ရပါတယ်။ ရိုးရိုးပြောရင် ... အကြောင်းမဟုတ်ပါဘူး။ ထင်ကြေးနဲ့ ဟိုနှယ် ဒီနှယ် ပြောကြရင် ကျွန်မတို့ လင်မယားကြားမှာ ပြဿနာပေါ်လာနိုင်တာကြောင့်ပါ"

သည်တစ်ခေါက် ကိုဝင်းမောင် ခရီးထွက်က အပြန်မှာ ခင်လေးနွယ်က သူ့နေရတဲ့အခြေအနေကို ပြောပြပြီး ဝင်းမောင်ကို ဖျောင်းဖျနားချခဲ့သည်။

လက်ရှိလုပ်နေသည့် အလုပ်ကို စွန့်လိုက်ဖို့။ ရန်ကုန်မှာပဲ လင်မယား နှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်နေထိုင်ကြဖို့။

"ကျွန်မတို့မှာ ရင်းနှီးလုပ်ကိုင်ဖို့ ငွေကြေးလည်း အတော်အသင့် ရှိနေပြီလေ။ ဒါကြောင့်လည်း ကျွန်မက ကိုဝင်းကို နားချခဲ့တာပါ။ ကိုဝင်းကလည်း ကျွန်မပြောတာကို ခေါင်းညိတ်လိုက်ပါတယ်။ ဒါပေမယ့် သူတို့လုပ်ငန်းက တစ်ယောက်တည်းမဟုတ်ဘဲ အစုစပ်လုပ်နေတာဖြစ်လို့ ချက်ချင်းခွဲလို့ခြမ်းလို့မဖြစ်တဲ့အကြောင်း၊ တဖြည်းဖြည်းခွဲပြီး ကျွန်မပြောတဲ့အတိုင်း လုပ်ပါမယ်လို့ ကတိပေးတော့ ကျွန်မလည်း ခေါင်းညိတ်လိုက်ရပြန်ပါတယ်။ ကျွန်မတို့ လင်မယားနှစ်ယောက်ကြားမှာ အဲဒီအချိန်အထိ ဘာပြဿနာမှ မပေါ်ခဲ့ပါ။ သည့်နောက်ပိုင်းမှာမှ ... ပြဿနာပေါ်လာတာပါ"

တစ်ကွက်မှားသော်ကျား အစားခံရတတ်သည်ဟု ဆိုစကားရှိသည့် အတိုင်း ...။

(ရှေ့လဆက်ရန်)

**ကျော်ငြိမ်း**

www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းကျမ်းလာ အပင်ဗေဒင်ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ရှေးဟောင်းကျမ်းလာ အပင်ဗေဒင်ဟောကိန်းကို တင်ပြအပ်ပါသည်။ မြန်မာမွေးသက္ကရာဇ်ကို တည်ကိန်းပြုပါ။ ထောင်၊ ရာ(ဂဏန်း)များကို ပယ်ပါ။ ဆယ်နှင့်ခု(ဂဏန်း)ကို ၇ နှင့်ပေါင်းပါ။ ရလဒ်ကို ၁၂ နှင့်စားပြီး အကြွင်းကိုရှာ ပါ။ ရသည့်အကြွင်းကို ၄ နှင့် ထပ်၍ စားပါ။

အကြွင်း ၄ မျိုးရပါမည်။ အကြွင်း ၄ မျိုးမှာ (၁)ကြွင်းလျှင် ညောင်ပင်၊ (၂) ကြွင်းလျှင် စပါးပင်၊ (၃) ကြွင်းလျှင် သစ်ခြောက်ပင်၊ (၀) ကြွင်းလျှင် ပဒေသာပင်ဖြစ်၏။

ဥပမာ - ၁၃၁၀ ခုနှစ်ဖွားသည် ဆိုပါစို့။ ၁၃၁၀ မှ ထောင်၊ ရာ ဂဏန်း ပယ်လျှင် ၁၀၊ ၁၀ ကို ၇ ပေါင်းလျှင် ၁၀ +၇ = ၁၇၊ ၁၇ ကို ၁၂ နှင့်စားလျှင် အကြွင်း ၅၊ ၅ ကို ၄ နှင့်စားလျှင် အကြွင်း ၁၊ အကြွင်း ၁ သည် ညောင်ပင်ဖြစ်၏။

ဥပမာ -

၁၃၄၄ ခုနှစ်ဖွားသည် ဆိုပါစို့။ ၁၃၄၄ မှ ထောင်၊ ရာ ဂဏန်း ပယ်လျှင် ၄၄၊ ၄၄ ကို ၇ ပေါင်းလျှင် ၄၄ + ၇ = ၅၁၊ ၅၁ ကို ၁၂ နှင့်စားလျှင် အကြွင်း ၃၊ အကြွင်း ၃ သည် သစ်ခြောက်ပင်ဖြစ်၏။

တွက်ချက်ရန် လွယ်ကူ၍ မှားယွင်းမှုမရှိစေရန် အသင့်တွက်ပြီး ဇယားကို ဖော်ပြအပ်ပါသည်။

အထက်ပါဇယားကိုကြည့်၍ ဥပမာ ၁၃၅၀ ဆိုလျှင် ညောင်ပင်ဖွား။ ၁၃၇၅ ဆိုလျှင် စပါးပင်ဖွား။ ၁၂၈၉ ဆိုလျှင် ပဒေသာပင်ဖွား။ ၁၃၄၄ ဆိုလျှင် သစ်ခြောက်ပင်ဖွား စသည်ဖြင့် အသီးသီး သိနိုင်ပါသည်။

**၁ ကြွင်း ညောင်ပင်ဖွားဟောကိန်း**

၁ ကြွင်းလျှင် ညောင်ပင်ဖွားဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာမည်။

**၂ ကြွင်း စပါးပင်ဖွားဟောကိန်း**

လူတန်းစေ့ နေသွားရလိမ့်မည်။ နေနိုင်၊ ဝတ်နိုင်၊ စားနိုင်မည်။

**၃ ကြွင်း သစ်ခြောက်ပင်ဟောကိန်း**

သစ်ခြောက်ပင်ဖွားဖြစ်လျှင် ဘဝတွင် အခက်အခဲများနှင့် နေသွားရလိမ့်မည်။

**၀ ကြွင်း ပဒေသာပင်ဖွားဟောကိန်း**

ပဒေသာပင်ဖွားဖြစ်လျှင် ဘဝတွင် ပြည့်ပြည့်စုံစုံ နေသွားရလိမ့်မည်။

**မွေးသက္ကရာဇ်မှ ထောင်၊ ရာ ပယ်ပြီး အစွန်းဂဏန်းများနှင့် အကြွင်း၊ အပင် ဇယား**

| အကြွင်းနှင့်အပင် | ထောင်၊ ရာ ပယ်ပြီး မွေးသက္ကရာဇ်မှ ဆယ်၊ ခု ဂဏန်း | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃ သစ်ခြောက် | ၀၀ | ၀၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ |
| ၀ ပဒေသာပင် | ၀၁ | ၀၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | ၉၇ |
| ၁ ညောင်ပင် | ၀၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | ၉၈ |
| ၂ စပါးပင် | ၀၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | ၉၉ |
| ၃ သစ်ခြောက် | ၀၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | ၀၀ |
| ၀ ပဒေသာ | ၀၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | ၀၁ |
| ၁ ညောင်ပင် | ၀၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | ၀၂ |
| ၂ စပါးပင် | ၀၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | ၀၃ |

ညွန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးစွမ်းအင်ဆိုင်ရာ

# အမြင်မှန်မှု အနုပညာ

မောင်ကျေးရူး

ရပ်စတင်က ဒီလိုရေးခဲ့ပါတယ်။

"တကယ်ကြီးကျယ်မြင့်မြတ်သူတို့က သူတို့ကိုယ်သူတို့ ကြီးကျယ်မြင့်မြတ်လှပါလားလို့ ခံစားချက်မရှိပါ။ သူတစ်ပါးကိုသာ ကြီးကျယ်မြင့်မြတ်အောင် ပျိုးထောင်ပေးသူများလို့ ခံယူထားသူတွေပါ"

သင်ဟာ ဘဝရဲ့မျှော်စင်မှာ ရပ်နေခြင်းဖြစ်တယ်။ တန်ခိုးစွမ်းအင်ရဲ့ အားကြီးတဲ့ ရေစီးကြောင်းများအတွက် သင်က ရေလက်ကြားတစ်ခု ဖြစ်နိုင်ပါတယ်။

www.burmeseclassic.com

**တန်ခိုးစွမ်းအင်ဆိုတာ**

သင်ကိုယ်တိုင်ရဲ့ လက်ဝယ်ရှိတဲ့ စွမ်းအင်အရင်းအမြစ် အားလုံးကို တံခါးဖွင့်ကြိုဆိုလိုက်ခြင်းပါ။

**ပညာစွမ်းအင်**

ခေတ်အဆက်ဆက်ပေါ်ထွက်ခဲ့တဲ့ တွေးခေါ်ပညာရှင်များရဲ့ မဟာအတွေးအခေါ်များအားလုံးကို သင်အဲသုံးချရမှာ ပါ။ ဖရင်လူသားတွေ ပိုင်ဆိုင်ထားသမျှ ဗဟုသုတအတွေ့အကြုံ အစုအပုံကို သင်အမွေခံယူရတာပါ။ မဟာလူသားများရဲ့ ပခုံးပေါ်တက်ပြီး သင်မတ်တတ်ရပ်ခွင့်ရနေတာ ဖြစ်တယ်။

**အတွေးအခေါ်စွမ်းအင်**

မဟာလူသားအားလုံးဟာ ရေပန်းက ရေပန်းထွက်သလို မိမိတို့ရဲ့ စိတ်ထဲမှ အတွေးအခေါ်များ ဖြာထွက်စေရပါမယ်။ သင့်အတွေးအခေါ်ရဲ့ အရည်အသွေးဟာ သင့်ဘဝကံကြမ္မာကို အဆုံးအဖြတ်ပေးပါလိမ့်မယ်။

**နှလုံးသားစွမ်းအင်**

နှလုံးသားခံစားမှုရဲ့ တွန်းအားဆိုတာ ထွန်းပေါက်အောင်မြင်ရေးရဲ့ သော့ချက်ပါ။ သင့်ရဲ့အလုပ်ထဲမှာ ကိုယ်ဖိရင်ဖိ စိတ်ပါပါလက်ပါ ဆောင်ရွက်တဲ့အခါ မဖြစ်နိုင်ဘူးထင်တာတွေ ဖြစ်လာတယ်။

**အိပ်မက်ရဲ့စွမ်းအင်**

အထင်ကရအိပ်မက်များဟာ မေ့ပျောက်မရအောင် စွဲလန်းမှုဖြစ်စေတယ်။ တန်ရာတန်ကြေးပေးဖို့ ဆန္ဒပြင်းပြမယ်ဆိုရင် သင့်ရဲ့အိပ်မက်ဟာ ရုပ်လုံးပေါ်မှာပါ။

"မကြာခဏဆိုသလို လူတစ်ယောက်ဟာ သူ့ကိုယ်သူ မသေလူအဖြစ် သေခြင်းတရားကို မေ့ထားတတ်တယ်" လို့ အီမာဆန်က ရေးခဲ့ဖူးတယ်"

**ပြည်သူလူထုစွမ်းအင်**

လူ့စရိုက်နဲ့ စိတ်ကူးစိတ်သန်းဆိုတာ ကူးစက်ပျံ့နှံ့တတ်ပါတယ်။ အမြင့်ဆုံးကြိုးစည်ပြီး အကောင်းဆုံးလုပ်တဲ့လူတွေနဲ့ ပေါင်းသင်းမိတဲ့အခါ သင့်ရဲ့ဘဝအရည်အသွေးကြီး ကျယ်မြင့်မြတ်လာမယ်။

**စိတ်ဓာတ်ရဲ့စွမ်းအင်**

တန်ခိုးစွမ်းအင်ထဲမှာ စိတ်ဓာတ်က အကြီးကျယ်ဆုံးဆိုတာ နပိုလီယန်ပင် အသိအမှတ်ပြုခဲ့တယ်။

**အာကာသဟင်းလင်းပြင်ရဲ့ စွမ်းအင်**

ဆုံးစမပြင် အာကာသဟင်းလင်းပြင်တည်းဟူသော သဘာဝတရားနဲ့ လိုက်လျောညီထွေနေပါက သင့်ဆီကို တန်ခိုးစွမ်းအင်တွေ ရောက်လာပါလိမ့်မယ်။

သိပ္ပံပညာရှင် အလက်ဇစ်ကာရယ်က ဒီလိုကြေညာခဲ့ပါတယ်။

"ဘုရားရှေ့မှာ ကျွန်ုပ်တို့ ဝတ်ပြုဆုတောင်းတယ်ဆိုတာ တကယ်တော့ စကြဝဠာကြီးကို လှုပ်ရှားလည်ပတ်စေတဲ့ မကုန်ခန်းနိုင်တဲ့ သဘာဝနိယာမစွမ်းအင်ကြီးနဲ့ မိမိတို့ကိုယ်တိုင် ချိတ်ဆက်လိုက်ခြင်းပါပဲ"

မရေမတွက်နိုင်တဲ့ ရှေးအတိတ်ကာလမှ စလို့ သဘာဝနိယာမ စွမ်းအင်ဟူသမျှရဲ့ ထိန်းကွပ်မှုဖြင့် လူ့ရယ်လို့ အဆင့်ဆင့်ပြောင်းလဲတိုးတက် ဖြစ်ပေါ်လာခြင်းပါ။ နောင်လာနောက်သား သားစဉ်မြေးဆက် ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်သွားအောင် သဘာဝတရားရဲ့ ဒီတန်ခိုးစွမ်းအင်တွေကို အသုံးချသွားဖို့ကတော့ သင်တို့ရဲ့ တာဝန်ပဲပေါ့။

**မောင်ကျေးဖုး**

၀၉–၂၅၄၂၆၃၂၈၆

*Ref : The Art of Power from The Art of Living by W.Peterson, American Essayist.*



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက

# ယုံကြည်ချက်များ

– လှတိုး(စိတ်ပညာ)

## သူတို့ဆီက ဝိညာဉ်ခေါ်ပွဲ

မြန်မာတို့၏ နတ်ကတော်နှင့် အင်္ဂလိပ်ဝေါဟာရ Medium သည် အနက်အားဖြင့် တိုက်ရိုက်တူသည်ဟု မဆိုနိုင်ပါ။ မြန်မာတို့၏ နတ်ကတော်များသည် သက်ဆိုင်ရာ နတ်တို့ ပင့်ဖိတ်၍ မိမိကိုယ်တွင်သော်လည်းကောင်း၊ တခြား နတ်မြူ၊ နတ်ချစ်သော သူတစ်ဦးဦးထံတွင်လည်းကောင်း ဝင်ပူးစေပြီး လိုအပ်သော ဆက်သွယ်မှုကို ပြုကြရသည်။ အင်္ဂလန်နိုင်ငံ၌ ယုံကြည်မှုဓလေ့တစ်ခုဖြစ်သော ဝိညာဉ်ခေါ်ပွဲ s ance မှာမူ မြန်မာ့ရိုးရာနတ်ကနားနှင့် မတူပါ။ ဆိုင်းမပါ ဗုံမပါ ပရိသတ်မပါ ပြုလုပ်ရသော ကိစ္စဖြစ်ပါသည်။ ၎င်း၏ ဝိညာဉ်ခေါ်ပွဲမှာ ကွယ်လွန်ပြီးသွားသူတို့၏ ဝိညာဉ်ကို ခေါ်ယူသော ပညာရပ်ဖြစ်ပါသည်။

ဖော်ပြပါပုံတွင် လူသုံးယောက် တွေ့ရပါမည်။ အမှန်မှာ လူနှစ်ယောက်သာ ရှိပါသည်။ ဓာတ်ပုံ၏ အလယ်ဗဟိုရှိ လူမှာ လူအစစ်မဟုတ်ပါ။ ဝိညာဉ်ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံ၏ ဝိညာဉ်ခေါ်ပွဲ ပြုလုပ်နေစဉ် ဓာတ်ပုံဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ Medium ခေါ် ဓာတ်စီးဝိညာဉ်ပညာရှင်မှာ ပုံ၏ယာဘက်တွင် ရှိပါသည်။ အမည်မှာ Florence Cook ဖြစ်ပါသည်။ ငယ်ရွယ်သူ မိန်းမပျိုတစ်ယောက် ဖြစ်ပါသည်။ သူမအသက် ၁၈ နှစ်အရွယ်သာ ရှိပါသေးသည်။ ၎င်းခေါ်ယူဆက်သွယ်သော ဝိညာဉ်အမည်မှာ ကေသီကင်း Katice King ဟု အမည်ပေးထားသော အမျိုးသမီးဝိညာဉ် ဖြစ်ပါသည်။ ဤပုံကို မှတ်တမ်းတင်ခဲ့သည့် ကာလမှာ ၁၈၇၄ ခုနှစ် မေလတွင် ဖြစ်ပါသည်။ နေရာမှာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ Mornington လမ်းတွင်ရှိ အိမ်တစ်အိမ်တွင် ဖြစ်ပါသည်။

ဤဓာတ်ပုံသည် လှည့်စားမှုသက်သက် ဓာတ်ပုံရိုက်ပြထားခြင်း မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဤဓာတ်ပုံကို ရိုက်ယူမှတ်တမ်းတင်ခဲ့သူမှာ ကမ္ဘာ့ထိပ်တန်း သိပ္ပံပညာရှင် တစ်ဦးဖြစ်သူ Sir William Crookes ကိုယ်တိုင် ဖြစ်ပါသည်။ ထိုစဉ်က ဝီလျံခရုစ် အသက်မှာ ၄၂ နှစ်အရွယ်သာ ရှိသေးသည်။ ဝီလျံခရုစ်သည် ရူပဗေဒနှင့် ဓာတုဗေဒနယ်ပယ်တို့တွင် နောင်ပေါ်ပေါက်လာမည့် atamic physics ၏ အသက်ဖြစ်သော cathode rays ကက်သုတ်ရောင်ခြည်ကို လေ့လာဖော်ထုတ်ခဲ့သူတစ်ယောက်လည်း ဖြစ်သည်။ ဖလောရင့်စ်ကွတ်၏ ပုံကို ဓာတ်ပုံပေါင်း ၄၄ ပုံ စနစ်တကျ ရိုက်ကူးလေ့လာခဲ့ရာ ဖော်ပြပါ ထူးခြားသော ဝိညာဉ်ဓာတ်ပုံတစ်ပုံ ပေါ်ထွက်ခဲ့ပါသည်။

ပုံ၏ဝဲဘက်တွင် ထိုင်နေသူမှာ Sir Wieliam Crookes ကိုယ်တိုင် ဖြစ်ပါသည်။ ဝီလျံခရုစ်၏ အလိုအရ "သာမန်လူများ၏ အသိဉာဏ်ပညာလိုက်၍ မမီသောကိစ္စရပ်ပေါင်းများစွာ ရှိနေပါသေးသည်။ သိပ္ပံပညာသက်သက်ဖြင့် အဖြေရှာ၍ ရနိုင်မည်မဟုတ်ပါ။ အချို့ကိစ္စရပ်များကို ဖြေရှင်းရာ၌ ဝိဇ္ဇာပညာရပ်ကိုပါ စနစ်တကျ ထည့်သွင်းအသုံးချရန် လိုပါသည်ဟု မိန့်ဆိုဖူးပါသည်။

ဆာဝီလျံခရုစ် Sir Wieliam Crookes သည် ရူပဗေဒဘာသာရပ်(ဝ်) သိပ္ပံဗဟု အရပ်တွင်သာ ထွန်းပေါက်သူ မဟုတ်ပါ။ ၎င်းကိုယ်တိုင် Psychic inyestigator ခေါ် လူ့စိတ်သဘာဝကို စူးစမ်းလေ့လာသူ ပညာရှင်တစ်ဦး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံ(က)

Katie King ဝိညာဉ်သည် သုံးနှစ်တာကာလအတွင်း အကြိမ်အနည်းငယ်သာ အဆက်အသွယ်ပြုပြီး Florence Cook ဖလောရင့်ကွတ်၏ နတ်ပွဲသို့ ခေါ်၍ မရတော့ပါ။ ယခုဖော်ပြပါ ဓာတ်ပုံမှာ ပညာရှင်ဝီလျံခရုစ်နှင့် ဖလောရင့်ကွတ်တို့ နှစ်ဦးကြားမှာ ကေသီကင်း Katie King ၏ ဝိညာဉ်ပုံဖြစ်ပါသည်။

ပုံ(ခ) ဤပုံကိုကြည့်ပါလျှင် ယဉ်ပါးအောင်မွေးထားသော လင်းယုံငှက်တစ်ကောင်နှင့် ၎င်း၏အရှင်သခင်၏ ပုံဟုထင်နိုင်ပါသည်။ လူမှာ လူပုဂ္ဂိုလ်အစစ်ဖြစ်သော်လည်း ပုံပါလင်းယုန်ငှက်ကိုမူ သင် လက်ဖြင့်ကိုင်ကြည့်၍မရပါ။ ငှက်မှာ ငှက်အစစ်မဟုတ်ပါ။ တိရစ္ဆာန်တို့၏ ဝိညာဉ်များကိုဆင့်ခေါ်၍ ဝိညာဉ်အိမ်တွင် ပြန်ဝင်စေသော ပညာရပ်ကို ပြသနေခြင်း ဖြစ်ပါသည်။ ၁၉၁၉ ခုနှစ်ခန့်က လက်တွေ့ပြသခဲ့သော ဝိညာဉ်ခေါ်ပွဲကို မှတ်တမ်းတင်ထားသောပုံ ဖြစ်ပါသည်။

ပညာရှင်မှာ ပိုလန်နိုင်ငံ ဝါဘောမြို့တွင် ၁၈၇၈ ခုနှစ်တွင် မွေးဖွားသူ Teofio Modrgejewski ဖြစ်သည်။ Teofil သည် တိရစ္ဆာန်များ၏ ဝိညာဉ်ပေါင်းစုံကို ခေါ်ပြနိုင်သူဖြစ်ပြီး ၁၉၁၈ ခုနှစ်မှစတင်၍ ထင်ပေါ်ကျော်ကြားလာသူဖြစ်သည်။ ခွေး၊ ကြောင်၊ ရှဉ့်၊ ခြင်္သေ့ စသည့်အကောင်များ



ပုံ(ခ)

ကို ဘာမှမရှိသော လေဟာနယ်သက်သက်ထဲမှ တိရစ္ဆာန်ကိုယ် ဖြစ်လာမြင်ကွင်းတွင် ထင်ထင်ရှားရှား ပေါ်ပေါက်လာစေရန် မှော်ပညာဆန်ဆန် ဖန်တီးနိုင်စွမ်းရှိသူ ဖြစ်သည်။ တစ်ကြိမ်တွင် ရေးအလွန်ကျသော လူဝံတစ်ကောင်ကိုပင် ခေါ်ယူပြသနိုင်ခဲ့သူလည်း ဖြစ်သည်။ ထူးခြားချက်မှာ သူသည် မီးထိန်ထိန်လင်းနေသော စင်ပေါ်တွင် ၎င်း၏ ပညာစွမ်းကို ရိုးရိုးရှင်းရှင်း ပြသသွားခဲ့ခြင်းဖြစ်သည်။ ဖော်ပြပါဓာတ်ပုံတွင် သူ၏ကုပ်ပေါ်သို့ လင်းယုန်ငှက်တစ်ကောင် လာနားနေပုံကို ဓာတ်ပုံရိုက်ထားလိုက်ခြင်းဖြစ်သည်။ ပရိသတ်များစွာရှေ့ မီးထိန်ထိန်လင်းနေသော ဓာတ်စင်မြင့်ပေါ်တွင် မည်သည့်အရာတစ်စုံတစ်ရာမျှမရှိသော လေဟာနယ်သက်သက်အတွင်းမှ လင်းယုန်ငှက်တစ်ကောင် Kuski ၏ ကုပ်ပေါ်တွင် ပေါ်လာခြင်းဖြစ်သည်။ တစ်ရပ်တစ်ကျေးမှ ပျံဝဲလာနားခြင်းမဟုတ်ပေ။ Franek Kluski သည် ပဥ္စလက်ပညာရှင်တစ်ဦးလော။ အိပ်မွေ့ချပညာရှင်တစ်ဦးပေလောဟူသော အမေးအတွက် တိကျသည့် အဖြေမရသေးပါ။ သေသေချာချာ ပြောနိုင်ခြင်းတစ်ခုမှာ များစွာသော လူထုပရိသတ်ရှေ့တွင် သူ၏ မှော်ဆန်ဆန် ပညာရပ်ကို ရဲဝံ့စွာ ပြသခဲ့ခြင်းပင် ဖြစ်ပါသည်။

**လှတိုး(စိတ်ပညာ)**

**မှီငြမ်း**

**GHOSTS CAUGHT ON FILM by Dr. Melvyn Willin**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လူတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## ပလ္လင်နဲ့မစင်

ဆံပင်ညှပ်ဆိုင်ထိုင်ပြီး ဆိုင်ရှေ့က ဖြတ်သွားသည့် အပျိုအအိုမရွေး အမျိုးသမီးများကို ဝေဖန်ရေးလုပ်နေသည့် လူတောသား လူငယ်တစ်စု။

လှတပတ မိန်းကလေးတစ်ယောက် ဖြတ်အသွား၌ လူတောသားတစ်ယောက်က-

"တောက် ...လှလိုက်တဲ့ကောင်မလေးကွာ။ ကိုယ်လုံးကိုယ်ပေါက်ကလှ၊ မျက်နှာလေးကလည်းလှ၊ နှုတ်ခမ်းလေးတွေကလှ၊ လမ်းလျှောက်ပုံလေးကလှ၊ ပြုံးပုံလေးကလည်း ချစ်စရာ။ အဲ...မကောင်းတာဆိုလို့ အကျင့်လေးတစ်ခုပဲ"

ဤတွင် ဆိုင်ရှင်က ဆံပင်ညှပ်နေသည့်လူ၏ နားရွက်အား ညှပ်မိမည်စိုးသဖြင့် လှည့်မကြည့်ရဲသော်လည်း ဆုံလည်ကုလားထိုင်ပေါ်ကလူက မှန်ထဲကကြည့်ပြီး -

"မင်းဟာက ပလ္လင်ပေါ်တင်ပြီးမှ မစင်ရည်နဲ့ ဘိသိက်သွန်းတာ ဘယ်မှာကောင်းတော့လို့လဲကွာ"

ဟူ၍ ပြောချလိုက်လေသတည်း။

●

## ပြင်ရမယ့်လူ များနေပြီ

ဘောလုံးပွဲတွင် အမှန်တကယ် ကစားနေကြသည်မှာ ဆယ့်ပါးနှင့် ရွှေကျင် အသင်းနှစ်သင်းဖြစ်၏။

သို့ရာတွင် ဘောလုံးကွင်းထဲ၌ အကျယ်လောင်ဆုံး ညွှန်ကြားပေးနေကြသူများကမူ မပါမပြီးဆိုသည့် လူတောသားများပင် ဖြစ်ကြ၏။

"ဟာ...ဝိတ်ပါဟာ၊ ဆိုပါဟာ။ ကန်ထုတ်လေ။ ဟိုမှာ ထောင့်ဖြစ်ပိုတော့မယ်၊ မမြင်ဘူးလား။ အလိုလေး...ငါ့နှယ်...အခမဲ့ ဘောလုံးနည်းပြဆရာ ဖြစ်နေပါပကောလား"

ထိုမျှလောက် ဝိုင်းအော်နေသည့်ကြားက စဥ့်ပါ နောက်တန်းနှစ်ယောက်ကမူ မလှုပ်မလှုပ်။ တစ်ခါတလေ ခါးထောက်၍ပင် ရပ်နေလိုက်သေး။

"ဟာလိုလေးကွယ်...ဘက်တန်းရယ်လို့ ထည့်ထားပါတယ်။ ကားလမ်းဘေးစိုက်ထားတဲ့ မှတ်တိုင်တွေလား မှတ်ရဟဲ့"

"ဘောလုံးကန်ပါခိုမှ အရေးဗစ်လာကနေကြသကိုးကွ"

"စဥ့်ပါအသင်းက ဘက်တွေ အခုလာနေတာ ကျွဲကောသီး မဟုတ်ဘူး။ ဘောလုံးဟေ့ ဘောလုံး"

တော်တော်လေး ဆူနေသဖြင့် ပွဲထိန်းတွေက သိမ်မဆူဖို့ရန် လာ၍ သတိပေးကြ၏။

ထိုအခါ လူတောသား လူငယ်တစ်ယောက်က -

"ခင်ဗျားတို့ အဝါကတ်ပြရမှာက ဘောသမားဗျ။ ဘယ့်နှယ် ပွဲကြည့်ပရိသတ်ကို အဝါကတ် ပြရတယ်လို့"

●

## ဝါးထရုံစောင်ကြမ်း

မြို့သို့ ညေ့သည်သွားလုပ်လာသည့် လူတောသား တစ်မှ ရထားပေါ်တွင် လေတိုက်ပွဲ ဆင်နေကြလေ၏။

"မင်း ညက အိပ်လှချည်လား။ သူများအိမ် ညေ့သည်သွားလုပ်ပြီး နေဖင်ထိုးမှထတာ ဘယ်ကောင်းမလဲ။"

ငါဖြင့် ကာလနဂါးနဲ့ အလောင်းအစားလုပ်ထားသလား



www.burmeseclassic.com

www.burmeseclassic.com

မှတ်ရတယ်"

"လင်းခါနီးမှ မေ့ခနဲပျော်သွားတာပါ သူငယ်ချင်းရာ"

"မိုးလင်းပေါက်မှ အိပ်ပျော်သွားတယ်ဆိုတော့ တစ်ညလုံး အိပ်မပျော်နေတဲ့သဘောပေါ့နော်"

"ဘယ်ကလာ‥အိမ်ရှင်ကို စောင်လေးတစ်ထည်တောင်းတာ မသဒ္ဓါရေစာထုတ်ပေးတယ်။ ဝါးထရံကြီး"

"မင်းကလည်း ပြောရေ့မယ်"

"အပေါက်ကွ ဝါးထရံကြီး။ ထရံခြံအိပ်တော့မှ ဘယ်လိုလုပ် အဆင်ပြေတော့မှာတုံး။ အိပ်ပျော်မယ်ကြံလိုက် ဝါးအမျှင်တွေက နှာခေါင်းထိုးလိုက်၊ ထပြီး ဟတ်ချီးချေလိုက်၊ အမျှင်တွေဖယ်ပစ်ပြီး ဆက်အိပ်ပြန်တော့ ဝါးထရံက ကြမ်းဗိုးတွေက ကလိထိုးတယ်လေ။ ထရံက ကလိထိုးလိုက်၊ လူ က ရယ်လိုက်နဲ့ မိုးလင်းခါနီးမှ အမောဆို့ အိပ်ပျော်သွားတာ"

စောင်ကြမ်းကြီးကို ဝါးထရံနှင့် နှိုင်းလိုက်သည့် လုတောသားအပြောကမြင့် ခြုံချလောက်ဖွယ်ပါတကား။

•

## နှမ်းစေ့ပေါ်က အမည်းကွက်

လုတောသားနှင့် ချည်ပါသားတို့ ဘောလုံးပိုင်နယ်ပွဲကန်ရတော့မည် ဖြစ်၏။

သက်ဆိုင်ရာ ရပ်မိရပ်ဖတို့က ဘောလုံးသမားတို့ မကန်ခင်နေ့၌ ဂုဏ်ပြုပွဲ၊ ချီးကျူးပွဲများလုပ်ပြီး စိတ်ဓာတ်မြှင့်တင်ပေးခဲ့ကြလေ၏။

ယင်းကို လုတောသားတစ်ယောက်က

"တို့ဘောသမားတွေ မျက်နှာကြီးလိုက်ပုံများ စကြာဝဠာတင်းတောင်းကြီး ခေါင်းစွပ်ထားသလားမှတ်ရ။ ဟိုက နှုတ်ဆက်၊ ဒီကညှော်ခံချင်နဲ့ ဖူးဖူးမှုတ်နေလိုက်တာ။ လွင့်သွားမှာစိုးလို့ ကြိုးနဲ့ချည်ထားရသပေါ့"

သို့ဖြင့် တိုက်နယ်ကွင်းမှာ ဘောလုံးပွဲ စကြလေ၏။

ဤ၌ ဝတ်စုံကြီးတွေ တဖားဖား၊ ဘောကန်ဖိနပ်တကားကားနှင့် အကြွားကြီးသည့် လုတောအသင်း ရှုံးလေ၏။

"များများမရှုံးပါဘူး။ ပွတ်ကာသီကာလေးရယ်၊ ငါးဗိုး ဂိုးမရှိ။ လုတောဘက်က လောင်းထားတဲ့လူတွေ သတ်မယ်၊ ရိုက်မယ် တကဲကဲမို့ တချို့ ဝက်လက်ပြေးကြသတဲ့။ ဟင်းရှာထဲဝင်လာတဲ့ ဘောသမားတွေ မျက်နှာငယ်လိုက်ပုံများ နှမ်းစေ့ပေါ်မှာ မည်းမည်းအကွက်လေး ထင်းနေသလိုပါပဲလား"

•

## လိပ်ဖြစ်ပြီး ပြာကျသွားမလား

ရွှေဘိုဈေးဘက်သို့ သွားသည့် လုတောသားတစ်ရသည် ဈေးအတွင်း၌ သူခိုးတစ်ဦးကို ဖမ်းမိသည်နှင့် ပက်ပင်းတိုးလေ၏။

"ဒီတစ်ခါတော့ လက်ပူးလက်ကြပ်မိတာပဲ။ ပြေးမယ်မကြံနဲ့"

ဈေးသည်တစ်ယောက်က သူခိုးမ၏လက်ကို ဆောင့်ဆွဲပြီး ချာခနဲ လှည့်အလာ လက်ဆွဲခြင်းထဲ နှိုက်လေ၏။

ဤ၌ ကိုယ်တွေ့မျက်မြင် လုတောသူက ဘာသာပြန်ပြပုံမှာ -

"သူခိုးမက တောင်းပန်လိုက်တာများ ပွဲထဲမှာ ငိုချင်းချတဲ့အတိုင်းပဲ။ အစ်မရဲ့‥ကျွန်မ ဒီလိုအစားထဲက မဟုတ်ပါဘူး။ မိုးကြိုးပစ်ရစေရဲ့၊ မြေပွေးကြီး ထွန်တုံးလောက် ကိုက်ရစေရဲ့၊ မြွေဟောက်ပနီ၊ ငန်းပုပ်၊ ငန်းဝါ၊ မြွေမျိုးစုံ ကိုက်ရစေရဲ့၊ ကျိန်လိုက်တာများ ဟာလိုလေး ကျိန်စာဒီပနီတစ်အုပ်ကောင်းကောင်းထုတ်လို့ရလောက်ရဲ့"

ထိုအခါပြင် မိန်းမပျို၏ လက်ဆွဲခြင်းထဲ မည်သည့်ပစ္စည်းမှ ရှာမတွေ့သော်လည်း အင်္ကျီထဲ၊ ထဘီထဲက ပစ္စည်းတွေ ထွက်လာပုံနှင့် ပတ်သက်၍ -

"အင်္ကျီထဲက လုံချည်တစ်ထည်၊ ချိုင်းကြားထဲက ခေါက်ဆွဲထုပ်၊ ခါးကြားထဲက ဖယောင်းတိုင်ထုပ်၊ ဟင်းခတ်မှုန့်ထုပ်၊ ဒူးခေါက်ခွက်နားမှာ သားရေကွင်းနဲ့ချည်ထားတဲ့ အင်္ကျီ၊ တစ်ခုပြီးတစ်ခု ထွက်လာလိုက်တာများ အလိုလေး မျက်လှည့်ဆရာ ပဏ္ဍာဝ မိန်းမလိုဝတ်ပြီး မျက်လှည့်ပြနေသလားမှတ်ရ"

ဤတွင် ရေငုံနှုတ်ပိတ်ဖြစ်နေသော လုတောသူတစ်



www.burmeseclassic.com

www.burmeseclassic.com

ဦးက နောက်ဆုံးပိတ် နှမ်းဖြူးလိုက်သည်။

"ဈေးသည်မက ဆဲလိုက်ဆိုလိုက်တာ မကောင်းတာ မှန်သမျှ ရစရာမရှိတော့ဘူး။ သူ့ခိုးမလေးကလည်း တစ်ခွန်း ဆဲလိုက် ခေါင်းတစ်ချက်ပု သွားလိုက်နဲ့ နောက်ဆုံး လူစင်စစ်က လိပ်ဖြစ်ပြီး ပြာကျသွားသလား အောက်မေ့ရသတော့။

●

## နွားသိုးကြီးလား မှတ်ရတယ်

မြို့အုပ်တစ်ယောက်ဟာ ဘဝင်မြင့်သလောက် မောက်မာလှပါတယ်။ သူဟာ ချိုပါရွာကနေ လှည်းဆင့်ပြီး ရွာတစ်ရွာ ကူးခဲ့ပါတယ်။

တောလမ်းရောက်လေသော် ဖွတ်ကြီးတစ်ကောင်သည် လှည်းရှေ့မှ ဖြတ်ပြေးပြီး တောင်ပို့ထိပ်ရောက်သော် ခေါင်းထောင်ကြည့်နေလေ၏။

ဤတွင် ဖွတ်ကိုမမြင်ဖူးသည့် မြို့အုပ်မင်းလည်း တအားအံ့ဩရာက နောက်က တောလိုက်စာရေးကို မေးလေ၏။

"တွင်းအောင်းသတ္တဝါတွေဟာ အတော့်ကို ကျောရိုး ရှည်တတ်ကြသလား မောင်မင်း"

တောလိုက်စာရေးမဖြေခင် လှည်းသမားက ဝင်ဖြေသည်။

"ဟာလိုလေး · · ·မြို့အုပ်မင်းရယ် တွင်းအောင်းသတ္တဝါတိုင်းသာ ကျောရိုးရှည်ရရင် ပုစွန်လုံးကျောရိုးကို မီးရထားလမ်းခင်းရုံ ရှိတော့တာပ"

မဆီမဆိုင် ဝင်ပြောရပုံမလားဟူ၍ မြို့အုပ်မင်းမျက်နှာကြီး နီသွားလေ၏။ ထို့နောက် -

"ကျွန်ုပ်စကားကို ပြက်ရယ်ပြုတဲ့အတွက် ပောဒီလို အဆ်ပေးတယ်"

ဆိုကာ လှည်းသမားကို ဝိတ်ကန်ထည့်လိုက်၏။

လှည်းသမားလည်း လှည်းစည်းကုံးပေါ်သို့ ကားရားကြီး ရောက်သွားလေ၏။ ထိုအခြေအနေမှာပင် လှည်းသမားသည် ဝသီကို မဖျောက်နိုင်ဘဲ -

"ဟာလိုလေး···ကန်ချက်နယ်···ပြင်းပါဘိ၊ ဘကြီးအိမ်က နွားသိုးကြီး ကန်လိုက်သလားမှတ်ရ"

တောလိုက်စာရေးနှင့် ပြာတာတို့မှာ ပါးစပ်ကို ထပ်အုပ်ပြီး တခွီးခွီးနှင့် ရယ်မဆုံးနိုင်ကြတော့။

● •

## ခွေးငတ်ကြီးလိုပါပဲလား

"တူးတီးဝမ်းကော်၊ ဝမ်းတီးချိုပေါ့။ နံ့တောတစ်စားမယ်"

ငြိုပယ်တုခက်သွယ်ရေး လျှို့ဝှက်သင်္ကေတစကားတွေ မဟုတ်။ လက်ဖက်ရည်ဆိုင်သုံး ဝေါဟာရများပင် ဖြစ်၏။

ထိုသို့ ဝမ်းတွေ၊ တူးတွေ၊ တီးရှယ်ဆိုသည့် အသံတွေ ညံနေသည့် လက်ဖက်ရည်ဆိုင်ထဲသို့ နာမည်ကျော်လူတော သားသုံးယောက် ပါဝါရှိန်းဂျားဒီဇိုင်းများနှင့် ဝင်လာကြ၏။

ထို့နောက် လက်ဖက်ရည်နှင့် နံပြားမှာပြီး စားပွဲဝိုင်းတစ်ဝိုင်းကို ဝင်ထိုင်လိုက်ကြ၏။ အလှည့်ကျမို့ ထိုင်စောင့်နေရင်း နံပြားဖိုဘက် မျက်စိရောက်သွားကြလေ၏။

ဤ၌ ဝေဖန်ရေးသံများ ထွက်လာကြ၏။

"နံပြားနယ် သနားစရာကောင်းလိုက်လေ။ ဂျုံလုံးဘဝ လက်ဖနောင့်နဲ့လည်း အထုခံရသေး၊ လက်ဝါးနှစ်ဖက်နဲ့လည်း နားရင်းပိတ်အရိုက်ခံရသေး၊ ဘယ်ပြန်ညာပြန် အလှန်ခံရတဲ့အပြင် မီးဖိုပေါ်ကင်ထားတာ ပြုတ်မကျအောင် နံရံကို တွယ်ကပ်ထားရသဟာ၊ ဟာလိုလေ···ကြီးလိုက်တဲ့ ဒုက္ခ"

နံပြားရသဖြင့် လက်ဖက်ရည်နှင့် တို့သောက်သည်တွင် ဂျုံကြမ်းမို့ ပျင်းတွဲတွဲကြီးဖြစ်နေသည့် နံပြားက ကိုက်မရ။ နှစ်ယောက်လက်နဲ့ အားကုန်ဖြဲစားကြသော်လည်း တစ်ယောက်က အလိပ်လိုက် ကိုက်ဆွဲနေတာကိုကြည့်ရင်း-

"ဟာလိုလေး···ငါ့ကောင်ရယ်၊ နံပြားကို ဆွဲနေပုံက ရေနွေးနေတဲ့ ရှူးဖိနပ် ခွေးငတ်ကြီးကိုက်ဖဲ့နေပုံနဲ့ တစ်ထေရာတည်း"

●



www.burmeseclassic.com

www.burmeseclassic.com

## မီးပုံထဲ အမဲခြောက်ကျသွားသလို

လုတောသားတစ်အုပ် ဇာတ်ပွဲသွားကြည့်ကြသည်။ နှစ်ပါးသွားထွက်စဉ် မိတ်ကပ်များသွားသည့် မင်းသားမှာ မျက်ခွံအပြာရော၊ မျက်ရစ်ခေးတွေလည်း အပြည့်နှင့် နေကာမျက်မှန် တပ်ထားသလို ဖြစ်နေလေ၏။

ဤတွင် လုတောသားပါးစပ်နှင့် တွေ့ရလေတော့၏။

"မင်းသားမျက်လုံး ဘယ်သူ လက်သီးနဲ့ ထိုးသွားပါလိမ့်။ မျက်ခွံတွေ ညိုလို့ မည်းလို့"

ထိုအခါ ကြားရသူများ ရယ်ကြကုန်၏။ ရယ်သံမဆုံးသေး။ မင်းသားက -

"ဒစ္စကို နှစ်ပါးသွားလေး ကလိုက်ကြဦးစို့ နမရယ်"

ဟု ဆိုကာ မင်းသမီးနှင့် ဒိုးဒိုးဒန်ဒန် ကပြန်လေ၏။

ထိုးထိုးထွန့်ထွန့် လိမ်တွန့်ကသည့် ကကြိုးအဆုံးတွင် လုတောသားပါးစပ်မှ အမြောက်သံ ထွက်လာလေတော့၏။

"ဟာလိုလေးကွယ်···ဒစ္စကိုအကတဲ့။ လက်စသတ်တော့ မီးပုံထဲ အမဲခြောက်ကျသွားလို့ တွန့်လိမ်နေတာမျိုးပါလားဟဲ့···ကျွတ်···ကျွတ်···ကျွတ်···ဖြစ်မှဖြစ်ရလေခြင်းကွယ်"

●

## ဒီလောက်တောင် မွဲရသလား

လုတောရွာတစ်ဝိုက် ဓားပြတွေ သောင်းကျန်းနေတဲ့ အချိန်ဖြစ်၏။

တစ်နေ့ လုတောသားတစ်ယောက် တခြားရွာ ညအိပ်သွားရာမှ ပြန်အလာ လုတောသားများက သတင်းစိုင်းမေးလေ၏။

"ဟိုဘက်တွေ အခြေအနေကော ဘယ့်နှယ်လဲ"

"တို့ထက် ဆိုးတာပေါ့ကွ။ ညဆို အိမ်မှာမနေရဲဘူး။ အထုပ်အပိုးပြင်ပြီး လွတ်ရာကျွတ်ရာ သွားပုန်းနေကြရတာ။ ဒါတောင် ညက ငါတည်းတဲ့အိမ်အေးကို ဓားပြဝင်တိုက်သေးတယ်"

"ဟ···မင်းကော မပုန်းဘူးလား"

"ငါ ပုဆိုးတစ်ထည် ကိုယ်တစ်ခုနဲ့သွားတာ။ ဓားပြကတောင် ပြန်အမ်းသွားရဦးမယ်။ ငါက အိမ်စောင့်သဘောကျန်ခဲ့ပြီး ဓားပြတွေလာတော့ ပဲပုတ်အောက် ဝင်ပုန်းနေတာပေါ့။ အဲ···ဟိုဘက်အိမ်ကလည်း ဆင်းရဲတဲ့လူတွေဆိုတော့ သူတို့ကို ဓားပြတိုက်မှာ မဟုတ်ဘူးဆိုပြီး မပုန်းမရှောင်ဘဲ နေကြရာက ဓားပြတွေ မိသွားတာပဲ"

"သည်းထိတ်ရင်ဖိုခန်းတော့ ရောက်လာပြီ"

"အေး···ဓားပြတွေက လူတော့မိပါရဲ့။ စေ့စေ့စပ်စပ်ရှာတာတောင် အဝတ်လတ်လတ်ကလေး တစ်စုံမရဘူး"

"သနားစရာကောင်းအောင် ဆင်းရဲကြရှာသကိုး"

"ဆင်းရဲလိုက်တာမှ ဓားပြတွေ စိတ်ဆိုးတဲ့အထိပါပဲ။ နင်တို့ ဘယ်သူ့အားကိုးပြီး ဒီလောက်မွဲရတာလဲ။ ဓားပြတိုက်ရင် ပေးစရာလေးတောင်မရှိအောင် မွဲရသလား။ မွဲဦးဟ မွဲဦးဟဆိုပြီး ဖနောင့်နဲ့ ပေါက်လိုက်တာများ အလိုလေး အဝတ်စုတ်တွေ ခွေးရူးဆွဲ ဆွဲယမ်းနေတဲ့ အတိုင်းဗျ"

●

## တကယ့်ကောင်

လုတောသားလူငယ်တစ်စု မိမိတို့အဖွဲ့ထဲမှ မြို့တက်သွားသော သူငယ်ချင်းအကြောင်း တမ်းတမ်းတတ စကားစပ်မိကြလေ၏။

"ဒီကောင် အခု တော်တော်လူလည်ကျနေပြီဆိုပဲ"

"အေးကွ ဟိုတယ်စားပွဲထိုးဖြစ်ပြီး ထောနေတယ်လို့ ကြားတယ်"

"ဟာလိုလေး···ဒါဆိုရင်တော့ မော်တော်စက်တပ်လှည့်တဲ့ဂျင်က အဘခေါ်ရတော့မှာပေါ့။ ဟင်း···ဟင်း ရွာမှာတုန်းကတော့ တကယ့် နလပိန်းတုံး။ ချိုချဉ်(သကြားလုံး)ကိုတောင် မျိုးကောင်းလုချည့်ရဲ့ဆိုပြီး မြေပေါ်ချစိုက်တဲ့ကောင်"

● ဦးကောင်းထူး

www.burmeseclassic.com




ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းကူ

## မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-၀၁၀၁ Y ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြောနောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး။

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

✵ မြစန္ဒာဆေးတိုက်. ✵ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၈၇၀၉၇
(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

✵ နေအိမ်ဆေးခန်း ✵ အမှတ်(၃၁၆)၊ စိမ်းကိန်း (၁)လမ်း၊ သခင်မိုးလုကြီးလမ်း၊ တောင်ဥက္ကလာပမြို့
(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅, ၀၉-[illegible],

[illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၉)

မောင်ယဉ်မွန်(မောင်နေခြည်)

ယ ခင် လ မှ အ ဆက်

မင်္ဂလာပွဲက သစ်ဆိမ့်ဂူမှာ ပြုလုပ်သည်။ ထိုမင်္ဂလာပွဲ၏ ထူးခြားချက်များမှာ သတို့သားသုံးဦး၊ သတို့သမီးသုံးဦးမို့ အားလုံး အံ့သြနေရခြင်းပင် ဖြစ်ခဲ့ရသည်။ ထိုသုံးတွဲမှာ သုဇိလနှင့် သီတာ၊ သုန္ဒရနှင့် ဥတ္တရာဒေဝီ၊ နန္ဒိသေနနှင့် ပဉ္စဒေဝီတို့ပင် ဖြစ်သည်။

ထိုမင်္ဂလာပွဲတွင် လူကြီးမိဘအရာအဖြစ် ဘိုးသက္က၊ ဘသုခ၊ ဘိုးစိတ္တတို့က ဆောင်ရွက်ကြရသည်။ ဘိုးစိတ္တသည် သာကီဝင်မင်းမျိုး ဖြစ်၏။ သူသည် ကျောက်သွေးဂူမှာ မနေ၊ အဗ္ဗဒေဝသရက်ဥယျာဉ်ကြီးမှာ တဲကြီးထိုး၍ နေသည်။

ဘိုးစိတ္တ၏ တဲကြီးသို့ သာကီဝင်လူငယ်များ တစ်ပတ်တစ်ခါ သွား၍ သစ်သီးသစ်ဥများ ယူကြရသည်။ အမှန်တော့ သာကီဝင်များ အသက်ရှင်နေထိုင်နိုင်ဖို့ ဘိုးစိတ္တကပင် သစ်သီးဝလံများ ရှာဖွေစုဆောင်း၍ ပေးနေခြင်းပင်ဖြစ်၏။

ဘသုခကတော့ ကျောက်သွေးဂူကြီးမှာနေ၍ သာကီဝင်အားလုံးကို စောင့်ရှောက်နေရပေသည်။ နေ့ခင်းဘက် သာကီဝင်တို့ သစ်သီးဝလံအရှာထွက်လျှင် ဘသုခအနီးမှာ နန္ဒနှင့် ကျော်စွာသာလျှင် ကျန်ခဲ့သည်။ သုန္ဒရက နန္ဒနှင့် ကျော်စွာအား ဘသုခ လိုရာခိုင်းရန် ကျောက်သွေးဂူမှာ အမြဲနေစေသည်။ သို့သော် မျောက်လောင်းနှစ်ကောင်ဖြစ်သော ကျော်စွာနှင့် နန္ဒမှာ ဘသုခအနီးတွင် နေသည် မရှိ။ ဥရုနဒီမြစ်ကမ်းတစ်လျှောက်မှာပင် ပျော်ရွှင်နေခဲ့ကြသူများ ဖြစ်ပေသည်။

ဤမင်္ဂလာပွဲမှာ သာကီသွေးမဟုတ်သူဆို၍ ဘိုးသက္ကနှင့် သီတာနှစ်ဦးသာ ပါ၏။ သို့သော် သူတို့နှစ်ဦးကိုလည်း သာကီသွေး လုံးဝမပါဟု မဆိုနိုင်ပေ။ လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်ကပင် အဘိရာဇာမင်းကြီး ထူထောင်ခဲ့သော တကောင်းနိုင်ငံတော်တွင် သာကီသွေးကင်းသူဟူ၍ ရှိကောင်းမှ ရှိပေမည်။ တကောင်းပြည်သားများနှင့် ကပိလပြည်သားတို့၏ ကွာခြားချက်မှာ အသားရောင်ပင်ဖြစ်သည်။ ကပိလတိုင်းသား သာကီဝင်များက အသားရောင် ရွှေလိုဝင်း၏။ တကောင်းပြည်သားများမှာတော့ အသားညိုသည်။

ထိုမင်္ဂလာပွဲအတွက် ဘိုးစိတ္တက ပိန္နဲ၊ မာလကာ၊ သြဇာ၊ သရက် စသော သစ်သီးများဖြင့် ဧည့်ခံသည်။

"ဘိုးစိတ္တရေ. . ဒီနေ့ မင်္ဂလာပွဲမှာ ခင်ဗျားက အဟာရဒါနပြုတယ်နော်"

ဟု ဘသုခက မေးလိုက်ရာ. .

"ဟုတ်ပါ့ဗျာ၊ ကျုပ်ရဲ့ အမ္ဗဒေဝနတ်ဥယျာဉ်ကြီးကထွက်တဲ့ သစ်သီးဝလံများနှင့် ဧည့်ခံရတာပါ"

"ကောင်းလိုက်လေဗျာ၊ ဒီလောက်နဲ့တော့ တာဝန်ကျေပြီလို့ မယူဆစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဘသုခက ဆိုလိုက်ပြန်သည်။

"ဒါဆို ကျုပ်က ဘာများ ဆက်လုပ်ပေးရဦးမှာလဲ"

"မင်္ဂလာသတို့သား၊ သတို့သမီးလေးတွေကို ဆုံးမဩဝါဒပေးရမှာပေါ့ဗျာ"

ဟု ဘသုခ တောင်းဆိုလိုက်သည်။

"ဟုတ်ပ့ါဗျာ၊ ဘသုခရဲ့ ဆုံးမခန်းလေး ကျုပ်တို့လည်း ကြားလိုလှပါရဲ့"

ဟု ဘိုးသက္ကလည်း တောင်းဆိုလာသည်။

"ကောင်းပါပြီဗျာ၊ တောင်းဆိုလာမှတော့ ဘယ်လိုငြင်းနိုင်မှာလဲ"

ဟု ဆိုကာ ဘိုးစိတ္တကာ လက်ခံလိုက်သည်။

"အားလုံး. . . အားလုံး. . . ကျောက်ဂူအတွင်းမှာ နေရာယူပေးကြပါ၊ မင်္ဂလာသတို့သား၊ သတို့သမီးများက ရှေ့ဆုံးတန်းမှာ နေရာယူပေးပါ"

ဟု ဘသုခက နှိုးဆော်လိုက်သည်။

"အားလုံးလူစုံပြီမို့ ဘိုးစိတ္တ ကြွပါခင်ဗျား"

ဟု ဘသုခကပင် ဆိုလိုက်လေ၏။

ဘိုးစိတ္တသည် ဩျောင်ကြီးဗွေအား ပဝါစည်းလျက် အားလုံး၏ ရှေ့မှာ နေရာယူလိုက်သည်။ ပြီးသည်နှင့် ဘိုးစိတ္တအနီးတွင် ဘိုးသက္ကနှင့် ဘသုခတို့ နေရာယူကြသည်။

ကျုပ်တို့ရဲ့ သုံးလောကထွတ်တင် ဘုရားရှင် ရာဇဂြိုဟ်မြို့တော်မှာ သီတင်းသုံးတော်မူစဉ်အခါက သိင်္ဂါလ အမည်ရတဲ့ သူဌေးသားကို ဆုံးမတော်မူရာ လင်ကျင့်ဝတ်ငါးပါးနှင့် မယားဝတ်ငါးပါး ဆိုပြီး ဟောကြားတော်မူတယ်။ ဦးစွာပထမ လင့်ကျင့်ဝတ်ငါးပါးကို ပြောပါမယ်။ လင်ဖြစ်သူဟာ မိမိမယားဖြစ်သူကို မထီလေးစား မပြုလုပ်ရပါဘူး၊ မိမိ ရှာဖွေရရှိသမျှတို့ကို ဇနီးမယားအား ယုံကြည်စိတ်ချစွာ လွှဲအပ်ခြင်း၊ မိမိဇနီးမယားမှအပ အခြားအခြားသော မိန်းမများဖြင့် ပျော်ပါးဖောက်ပြားမှု မရှိခြင်း၊ လင်သားဖြစ်သူသည် မိမိဇနီးမယားအား သင့်တင့်လျောက်ပတ်စွာ ဝတ်စားဆင်ယင်ပေးခြင်း၊ လင်သားဖြစ်သူသည် မိမိဇနီးမယားအပေါ်မှာ မြတ်နိုးကြင်နာစွာ ဆက်ဆံခြင်းတို့ ဖြစ်ပါတယ်။ ဒါကတော့ လင်သားများက မိမိမယားအပေါ် ထားရမယ့် ကျင့်ဝတ်ငါးပါး ဖြစ်ပါတယ်။

ဆက်လက်ပြီး မယားဝတ်ငါးပါးဟူ၍လည်း မြတ်ဗုဒ္ဓက ဟောတော်မူပါတယ်။ ထိုကျင့်ဝတ်ငါးပါးကတော့ မယားဖြစ်သူဟာ အိမ်တွင်းကိစ္စ ဗာဟိရလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်ရပါမယ်၊ လင်ယောကျ်ား အပ်နှံသမျှ ဥစ္စာဓနတို့ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရပါမယ်၊ မိမိလင်ယောကျ်ားမှ လွဲ၍ မည်သည့်ယောကျ်ားနှင့်မှ ဖောက်လွဲဖောက်ပြန်မပြုရပါဘူး၊ မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းဓနတို့ကို နှစ်ဦးသဘောတူ တိုင်ပင်၍ နှစ်ဖက်မိဘများကို မျှဝေပေးရပါမယ်၊ ဆိုလိုတာကတော့ လင်သားမသိအောင် မိမိဘက်က ဆွေမျိုးမိဘများကို သိုဝှက်ပြီး မပေးရပါဘူးလို့ ဆိုပါတယ်၊ နောက်ဆုံးအချက်ကတော့ ပျင်းရိခြင်းလို့ ဆိုပါတယ်၊ အိမ်ထောင်သားမွေး ပြုလုပ်လာတဲ့အခါမှာ အပျိုဘဝကလို ပျင်းရိနေလို့ မရပါဘူး၊ လင်သားဖြစ်သူ အလုပ်သွားနေခိုက် ငါရွာလည်လိုက်ဦးမှဆိုတာမျိုး မလုပ်ရပါဘူး၊ ချုပ်တန်တာချုပ်၊ လျှော်တန်တာလျှော်၊ သီးပင်စားပင် စိုက်သင့်တာစိုက် စသည်ဖြင့် ပြုလုပ်ကြရမယ်လို့ ဗုဒ္ဓက ဟောတော်မူခဲ့ပါတယ်။

ဒါတွေက လင်နဲ့ မယားတို့ လိုက်နာရမယ့် ကျင့်စဉ်များ ဖြစ်တယ်။ ဒါတင်ပြီးလားဆိုတော့ မပြီးသေးပါဘူး၊ လူဆိုတာ တစ်အိုးတစ်အိမ်တည်း နေလို့မရပါဘူး၊ ဒီတော့ အိမ်တွေစုပေါင်းပြီး ရွာတည်မယ်၊ ရွာများလာတော့ တိုင်းနိုင်ငံဆိုတာ ဖြစ်လာမယ်၊ ဒီတော့ အသင်းအပင်းတွေ ဖွဲ့ကြမယ်၊ မောင်တို့မယ်တို့ဟာ အသင်းအဖွဲ့တွေမှာ အကြီးအကဲ ဖြစ်ကောင်းဖြစ်လာကြမယ်၊ အသင်းအဖွဲ့ရဲ့ အကြီးအကဲဖြစ်ဖြစ်၊ မဖြစ်ဖြစ် လူဆိုတာ လောကပါလ



www.burmeseclassic.com

www.burmeseclassic.com

တရား နှစ်ပါးနဲ့အညီ နေထိုင်ကြရမယ်။ လောကပါလတရားနှစ်ပါး ဆိုတာ ဟိရိနဲ့ ဩတ္တပ္ပလို့ ဆိုတဲ့ ရှက်ခြင်းနဲ့ ကြောက်ခြင်း ဖြစ်တယ်၊ လူဆိုတာ မကောင်းမှုကို ပြုလုပ်ရမှာ ရှက်ရမယ်၊ ကြောက်ရမယ်၊ ဒါဟာ ကမ္ဘာကြီးကို စောင့်တဲ့ တရားနှစ်ပါး လည်းဖြစ်တယ်။

အကယ်၍ မိမိတို့ကို အများက သဘောတူညီကြိုက်နှစ်သက်လို့ အကြီးအကဲ တင်မြှောက်လာခဲ့ရင် သင်္ဂဟတရားလေးပါးလို့ ခေါ်တဲ့ ညီးလုံးညီညွတ်လာအောင် ဆောင်ရွက်နိုင်ရမယ်။ အဲဒါတွေကတော့-

(၁) ဒါန-ရက်ရက်ရောရော ပေးကမ်းလှူဒါန်းမှုပြုရမယ်။

(၂) ပေယျဝဇ္ဇ-ချစ်ခင်ဖွယ်ရာ ချိုသာသောစကား ပြောကြားရမယ်။

(၃) အတ္ထစရိယ-သူတစ်ပါး အကျိုးစီးပွား ကိစ္စများကို ကူညီဆောင်ရွက်ပေးရမယ်။

(၄) သမာနတ္တတာ-ကိုယ့်လက်အောက်ငယ်သားများကို မိမိနှင့် တန်းတူထား၍ ကျောသားရင်သား မခွဲခြားဘဲ နေထိုင်နိုင်ရမယ်။

ဒါတွေက အကြီးအကဲ လိုက်နာရမယ့် ဝတ္တရားတွေဖြစ်တယ်။ အကယ်၍ ကိုယ်က အကြီးအကဲ ရွေးရမယ့်လူ ဖြစ်နေရင်တော့ အဖွဲ့ကောင်းကြောင်း ခြောက်ပါးနဲ့ တိုက်ဆိုင်ကြည့်ပြီး ရွေးချယ်ရမယ်။ ထိုခြောက်ပါးကတော့. . .

(၁) စိတ်တို စိတ်ဆိုးလွယ်သူကို မရွေးပါနဲ့။

(၂) ရန်ငြိုးဖွဲ့ လက်စားချေတတ်သူကို မရွေးပါနဲ့။

(၃) တစ်ဦးကို တစ်ဦး အကျိုးမဲ့ကိုသာ ပြောတတ်သူကို မရွေးပါနဲ့။

(၄) ဂုဏ်တုဂုဏ်ပြိုင် လုပ်တတ်သူကိုလည်း မရွေးချယ်ပါနဲ့။

(၅) ပြူစူတတ်သူကိုလည်း မဲမပေးလိုက်ပါနဲ့။

(၆) ဝန်တိုတတ်သူကိုလည်း ရှောင်ရမှာ ဖြစ်ပါတယ်။

အမှန်တော့ အကြီးအကဲဆိုတာ အဂတိ လေးပါးကင်းရှင်းရမယ်။ အဂတိ လေးပါးဆိုတာ. . .

(၁) ဆန္ဒာဂတိ-ချစ်ခင်ရင်းနှီးသောကြောင့် မျက်နှာလိုက်၍ မတရားပြုခြင်း။

(၂) ဒေါသာဂတိ-မုန်းတီးသောကြောင့် မတရားပြုခြင်း။

(၃) မောဟာဂတိ-တွေဝေမိုက်မဲစွာ မတရားပြုခြင်း။

(၄) ဘယာဂတိ-ကြောက်သောကြောင့် မတရားပြုခြင်းတဲ့။

ထိုလေးပါး ကင်းရှင်းမှ အကြီးအကဲ သူတော်ကောင်းလို့ ဆိုထိုက်ပါတယ်။ အမောင်တို့ အမိတို့ဟာ ဒီနေ့မှစ၍ လောကကြီးကို ရှေ့ဆောင်ရှေ့ရွက်ပြုကြမည့်သူများဖြစ်၍ အဘိုးရဲ့စကား မြေဝယ်မကျ နာယူနိုင်ကြပါစေလို့ ဆုတောင်းပေးရင်း နိဂုံးချုပ်လိုက်ပါတော့တယ်။ ဤလင်ဤမယား တို့ အသက်ရာကျော် နေထိုင်လျက် သားကောင်း သမီးကောင်းရတနာများ တိုးပွားနိုင်ကြပါစေ”

ဟု ဆိုကာ ဩဝါဒကထာကို အဆုံးသတ်လိုက်တော့၏။

× × ×

မာယာဒေဝီ အိပ်ရာမှထ၍ သစ်သီးတစ်လုံး ကောက်စားလိုက်သည်။ သစ်သီးစားရင်း သူ့ကိုယ်သူ ပြန်၍စဉ်းစားသည်။ သို့သော် ဘာဆိုဘာမှ စဉ်းစားလို့ မရပေ။ မာယာဒေဝီ သီတာအိပ်ခန်းရှိရာသို့ သွားပြန်သည်။ သီတာ၏ အိပ်ရာခေါင်းရင်းတွင် ကတ္တီပါအိတ်လေးတွေ့၍ ဆွဲယူလိုက်ပြန်သည်။ ထိုအိတ်ကို မာယာ သိနေသည်။ သို့သော် ဘယ်နေရာမှာ မြင်ဖူးပါလိမ့်ဟု စဉ်းစား မရ ဖြစ်ရပြန်သည်။

မာယာဒေဝီ ကတ္တီပါအိတ်ကို အသာဖြည်လိုက်သည်။ ထို့နောက် အိတ်အတွင်း လက်နှိုက်၍ ကြည့်လိုက်ရာ ကျောက်စိမ်းရုပ်နှစ်ခုကို တွေ့လိုက်ရသည်။ ထိုကျောက်စိမ်းရုပ် နှစ်ခုကိုကြည့်လျက် မာယာဒေဝီ ဦးခေါင်းကြီး တစ်ခုလုံး ချာရဟတ်ပမာ ချာချာလည်၍သွားတော့၏။

“ငါမြင်ဖူးတယ်၊ ငါမြင်ဖူးတယ်”

ဟု မာယာဒေဝီ ကုန်းအော်ဟစ်ပစ်လိုက်သည်။

“ဒါကို ဘာခေါ်သလဲ၊ ဘာဖြ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သလဲ"

ဟုလည်း အော်ဟစ်လိုက်ပြန်သည်။

"ကဲဟယ်. . ကဲဟယ်"

ဟု ဆိုကာ မာယာဒေဝီ သူမ၏ ဦးခေါင်းအား ကျောက်စိမ်းရုပ်နှင့်ပင် အချက်ပေါင်းများစွာ ရိုက်ချလိုက်တော့၏။

မယာဒေဝီသည် ဦးခေါင်းမှ ဖြာကျလာသော သွေးများကို ကြည့်လျက်နေရာမှာပင် လဲကျသွားတော့၏။

× × ×

"ဘိုးသက္ကာ ဒီသရက်သီးလေး စားကြည့်လိုက်ပါဦး။ ဒါဟာ ကျုပ်နေတဲ့ ဥယျာဉ်ကြီးက သရက်သီးပါ"

ဟု ဘိုးစိတ္တက ရေဆေးထားသော သရက်သီးမှည့်တစ်လုံးကို ဘိုးသက္ကလက်တွင်း ထည့်ပေးလိုက်သည်။

ဘိုးသက္ကမှာလည်း ဝင်းမှည့်နေသော သရက်သီးကြီး မြင်လိုက်ရသဖြင့် စားလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာကာ ဓားနှင့်ပင်လှီးမနေပေ။ အားပါးတရ ကိုက်ဝါးလိုက်တော့၏။

"အားပါးပါး. . ဘိုးစိတ္တရယ် ကျုပ်တစ်သက်မှာ ဒီလောက် အနံ့အရသာနှင့် ပြည့်စုံတဲ့ သရက်သီးမျိုး တစ်ခါမှ မစားဘူးတာ အမှန်ပါဗျာ"

ဟု ဆိုကာ ဆက်၍စားပြနေတော့၏။

"ဘိုးသက္ကရေ ကျုပ်လည်း အသက်အရွယ် ရလာပြီမို့ အဗ္ဗဒေဝ ဥယျာဉ်ကြီးကို တစ်ယောက်ယောက် လက်လွှဲအပ်သင့်ပြီလို့ ထင်ပါတယ်၊ ဘယ်သူနဲ့များ သင့်တော်မှာလဲလို့ စောင့်ကြည့်နေရတာပေါ့"

ဟု ဆိုလိုက်၏။

"ဟာ ဒါဆိုရင်တော့ ကျုပ့် အကြံပြုပါရစေ"

ဟု ဆိုလိုက်ရာ. . .

"ပြောပါ၊ ဘယ်သူနဲ့များ လိုက်မယ်လို့ ယူဆမိပါသလဲ"

"ဘယ်သူရှိရမှာလည်းဗျာ နန္ဒိသေနမင်းသားလက် အပ်လိုက်ပါ၊ ဒီကနေ ခေါ်သင့်တဲ့ ကလေးတွေလည်း ခေါ်သွားပေါ့၊ သုန္ဒရက ဒီသစ်ဆိမ့်ဂူကြီး ရှိနေတော့ အဆင်ပြေနေပြီလေ။ သုဇိလမင်းသားမှာလည်း ကသိုဏ်းတောင်မှာ နေရာကျမှာပါ။ ဒီတော့ နန္ဒိသေနမင်းသားဟာ ခင်ဗျားအတွက် အကိုက်ဆုံးပေါ့ဗျာ"

ဟု ဆိုလိုက်ရာ ဘိုးစိတ္တမှာ လွန်စွာသဘောကျ၍ နန္ဒိသေနမင်းသားနှင့် ပဉ္စဒေဝီတို့ကို ချက်ချင်းခေါ်၍တွေ့သည်။

"နန္ဒိသေန. . ဒီနေ့ဟာ အမောင်တို့ အမိတို့ရဲ့ ဖခင်အနေနဲ့ ကျုပ်က ဆောင်ရွက်လို့ ပြီးပါပြီ။ ဒီတော့ အမောင်တို့ အမိတို့ဟာ ကျုပ်ရဲ့သားတွေ သမီးတွေ ဖြစ်သွားကြပါပြီ။ ဒီတော့ အမောင်တို့အနေနဲ့ သားသမီးဝတ်တရားငါးပါးနှင့်အညီ ကျုပ်ကို စောင့်ရှောက်ရတော့မှာဖြစ်ပါတယ်။ အမောင်. . သားသမီးဝတ်တရားငါးပါး ဆိုပြပါဦး"

ဟု ဆိုလိုက်ရာ နန္ဒိသေနနှင့် ပဉ္စဒေဝီမင်းသမီးလေးတို့မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ မင်းဆိုပြလိုက်၊ ရှင်ဆိုပြလိုက် ပုံစံဖြင့် တွက်ကတ်နေကြသည်။

"မရကြတော့ဘူးမို့လား၊ ဒီတော့ ကျုပ်ကပဲ ဆိုပြရတော့မှာပေါ့"

ဟု ဆိုကာ အောက်ပါအတိုင်း ရှင်းပြသည်။

(၁) သားသမီးများသည် မိဘတို့အား ကောင်းစွာလုပ်ကျွေးရမည်။

(၂) သားသမီးများသည် မိဘတို့၏ အမှုကိစ္စမှန်သမျှ ကောင်းစွာဆောင်ရွက်ပေးရမည်။

(၃) သားသမီးများသည် မိဘတို့၏ အမွေကို ကောင်းစွာစောင့်ထိန်းကြရမည်။

(၄) သားသမီးများသည် မိဘများ ကွယ်လွန်သည့်အခါ တိုင်မိဘများကို ရည်စူး၍ အလှူအတန်းပြုရမည်။

(၅) သားသမီးများသည် မိဘတို့၏ မျိုးရိုးစဉ်လာကို မညှိုးနွမ်းရအောင် စောင့်ထိန်းရမည်တဲ့။

အမောင်တို့ လိုက်နာဆောင်ရွက်နိုင်ပါ့မလား"

ဟု ဘိုးစိတ္တက မေးလိုက်သည်။

"စိတ်ချပါ၊ ဘိုးစိတ္တကို မိဘ



www.burmeseclassic.com

www.burmeseclassic.com

အရာထားပြီး ကျုပ်တို့ဇနီးမောင်နှံ မြို့စုလုပ်ကျွေးသွားမှာပါ"

"ကောင်းပြီ၊ ဒါဆို ကျုပ်ကလည်း မွေခံထိုက်သော သားနဲ့ သမီးကို အဗ္ဗဒေဝသရက်ဥယျာဉ်ကြီး အမွေပေးလိုက်ပါပြီ၊ ဒီနေ့ကစလို့ အမောင်တို့ ပိုင်ဆိုင်တဲ့ ဥယျာဉ်ကြီး ဖြစ်သွားပါပြီကွယ်"

ဟု ဆိုလိုက်တော့သည်။

"ကိုင်း. . ဒီမှာဆက်နေချင်ပါရဲ့၊ သို့သော် ကျုပ်မှာ လူနာက ရှိနေသေးဆိုတော့ ပြန်ခွင့်ပြုကြပါတော့ဗျာ"

ဟု ဆိုကာ ဘိုးသက္က သစ်ဆိမ့်ဂူမှ ပြန်ခဲ့သည်။ သုဇိလနှင့် သီတာတို့ကတော့ ဒီည ကျောက်သွေးဂူမှာပင် အိပ်မည်ဟုဆိုကာ ကျန်ခဲ့ကြသည်။

× × ×

မာယာဒေဝီ အိပ်ရာမှ ထလိုက်သည်နှင့် သွေးကွက်ကြီးအား မြင်လိုက်ရသည်။

"ငါ. . ငါ. . ဘယ်ရောက်နေပါလိမ့်"

ဟု ဆိုကာ ထိုင်ရာမှ ထလိုက်သည်။

"ဂူကြီးတစ်လုံးပါလား၊ ငါ့ရဲ့ ဝက်ပါဂူတော့ မဟုတ်နိုင်ဘူး"

ဟုလည်း ဆိုလိုက်သည်။

"သုဇိလ ဘယ်မှာလဲ၊ သုဇိလ"

ဟုလည်း ဟစ်၍ခေါ် ဆိုလိုက်သည်။

မာယာဒေဝီ မျက်နှာသစ်ရန် ရေရှာသည်။ ကျောက်ခွက်တစ်လုံးတွင် ရေအပြည့်ရှိနေသည်ကို တွေ့၏။ မာယာဒေဝီ ယိုင်နဲ့နဲ့ ခြေလှမ်းများဖြင့် ကျောက်ခွက်ဆီသို့ လှမ်းလာခဲ့သည်။ ကျောက်ခွက် အနီးရောက်သည်နှင့် ထိုင်ချလိုက်သည်။ ထို့နောက် မျက်နှာကို ကျောက်ခွက်ပေါ်မိုး၍ ကြည့်လိုက်ရာ. . .

"ဟာ. . ငါ. . ငါ. . ငါမှ ဟုတ်ရဲ့လား"

ဟု ဆိုကာ ဝဲကျနေသော ဆံပင်များကို နောက်သို့သိမ်း၍ ရေမျက်နှာပြင်ပေါ် ကြည့်လိုက်ပြန်သည်။

"အောင်မယ်လေး"

ဟု အော်ကာ နောက်သို့ ဆုတ်ခွာလိုက်ရသည်။

"သွားပြီ၊ ငါဘဝတစ်ခုလုံး ဆုံးရှုံးလိုက်ရပြီ၊ ဘာကြောင့် ငါ မသေရတာလဲ"

ဟုလည်း အရူးတစ်ယောက်လို အော်ဟစ်နေတော့၏။ အိပ်ရာဘေး ပြန်ရောက်လာပြီး ကြည့်လိုက်တော့ သွေးအိုင်တွင်းမှ ကျောက်စိမ်းရုပ်တု နှစ်ခုကို တွေ့ရသည်။

"ဇရာဇာ. . ဒါတွေအားလုံးဟာ ဇရာဇာကြိုဟ်မွှေလို့ ဖြစ်ရတာ၊ ဇရာဇာ နင့်ကို ငါတစ်သက် မကြေဘူး၊ ငါ့လက်နဲ့ သတ်ပြမယ် ရာဇာ၊ နင် စောင့်ကြည့်နေလိုက်ပါ"

ဟု ဆိုကာ ကျောက်စိမ်းရုပ်တု နှစ်ခုအား အဝတ်နှင့်သုတ်၍ ကတ္တီပါအိတ်အတွင်း ပြန်ထည့်လိုက်သည်။ ထို့နောက် ဝါးဆစ်နှစ်လုံးတွေ့ရ၍ မကြည့်သည်။

"လေးလိုက်တာ၊ ဘာတွေများ ထည့်ထားပါလိမ့်"

ဟု ဆိုကာ ဝါးကျည်တောက်ကို ခွဲချလိုက်သည်။

"ဟာ. . ဒါ. . ဒါရွှေတွေပါလား။ လိုလိုမယ်မယ် နည်းနည်းတော့ ယူရတော့မှာပေါ့"

ဟု ဆိုကာ နံရံမှ ဓားကိုဆွဲယူ၍ ရွှေတောင့်ကြီးကို ပိုင်းချလိုက်လေသည်။

ရွှေတောင့်ကိုလည်း ကျောက်စိမ်းရုပ်တုလေးများနှင့်အတူ ကတ္တီပါအိတ်အတွင်း ထည့်လိုက်သည်။ ထို့နောက် အခန်းတွင်းမှ အပြင်လောကသို့ထွက်ရန် တံခါးရှာသည်။ ကံအားလျော်စွာ သူမ၏ လက်ဆွဲတော်လေးနှင့်မြားပင် အဆင်သင့် တွေ့လိုက်ရပြန်သည်။

"ငါ့ပစ္စည်းအားလုံး ဘာကြောင့် ဒီရောက်နေပါလိမ့်"

ဟုလည်း တွေး၍ပင် မရနိုင်ပေ။

"အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ ဘာဖြစ်ဖြစ် ငါ ဒီနေရာက အမြန်ဆုံးထွက်မှဖြစ်မယ်"

ဟု ဆိုကာ ထွက်ပေါက်ကို ရှာသည်။ အပေါ် မော့ကြည့်တော့လည်း အလင်းတန်းတော့ တွေ့နေရသည်။ သို့သော် ထွက်ပေါက်မဖြစ်နိုင်။ ထို့ကြောင့် နံရံများကို လိုက်၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်နေရာတွင် လက်ဆီပေနေသော ဘုတစ်ခုတွေ့လိုက်ရသည်။ မာယာဒေဝီသည် ဘုပေါ်တွင် လက်တင်၍ အားကုန်တွန်းလိုက်သည်။

'ဝုန်း'ဟူသော မြည်သံကြီးပေးလျက် ဂူတံခါးကြီး ပွင့်သွားတော့၏။ ရသည့်အခွင့်အရေး လက်မနှေးပါ။ အလျင်အမြန် ဂူပြင်သို့ ထွက်လိုက်သည်။

"မာယာ. . မာယာ နင် ဘယ်သွားမှာလဲ"

ဟု မေးလိုက်သံကြား၍ မာယာဒေဝီ အသံလာရာသို့ ကြည့်လိုက်ရသည်။ ကျောက်ဂူတံခါးဝအနီးမှာ သရက်ပင်တစ်ပင် တွေ့လိုက်ရသည်။

"မာယာ. . မာယာ နင် ဘယ်သွားမှာလဲ"

ဟု ဆက်မေးပြန်သည် ဒီတော့မှ သရက်ပင်ကို သေချာပြန်၍ကြည့်ရာ ကျေးငှက်ကလေးတစ်ကောင်ကို တွေ့လိုက်ရသည်။

"ရွှေကျေး. . . နင် ဒီဂူနားမှာနေတာလား"

ဟု မာယာဒေဝီက မေးလိုက်ရာ. . .

"ဟုတ်တယ်. . . ဟုတ်တယ်၊ ငါ ဒီမှာနေတယ်"

ဟု ပြန်ပြောသည်။

"ဒီဂူမှာ ဘယ်သူတွေ နေတာလဲ"

ဟု မေးလိုက်ရာ. . .

"ဘိုးဘိုးသက္ကာ၊ သီတာ၊ သုဇိလ"

ဟု ပြန်၍ဆိုလိုက်သည်။

ဘိုးသက္ကာနှင့် သီတာကို မာယာဒေဝီ မသိပါ။ သို့သော် သုဇိလပါ ဒီမှာနေသည်ဟု ဆိုလာသဖြင့် မာယာဒေဝီ အံ့ဩရပြန်သည်။

"သူတို့ ဘယ်သွားတာလဲ"

ဟုလည်း မေးလိုက်ရပြန်သည်။

"သစ်ဆိမ့်ဂူမှာ မင်္ဂလာ"

ဟု ဆိုပြန်သည်။

"သုဇိလ လူယုတ်မာ၊ သစ်ဆိမ့်ဂူကို သူစိမ်းတွေ ခေါ်သွားတာဖြစ်မယ်၊ တွေ့ကြသေးတာပေါ့ သုဇိလရယ်"

ဟု ကျိုးဝါးလိုက်သည်။ သို့သော် ခက်သည်က ဒီကနေ သစ်ဆိမ့်ဂူသို့ မသွားတတ်ပါ။ ရွှေကျေးလေးများ လမ်းသိမလားဟု တွေးလျက်. . .

"ရွှေကျေးလေး. . မင်း သစ်ဆိမ့်ဂူ ရောက်ဖူးလား"

ဟု မေးလိုက်သည်။

"အင်း. . . ရောက်ဖူးတယ်"

ဟု ဆိုသည်။

"ဒါဆို ငါ့ကို လမ်းပြပေးပါ၊ ငါ သစ်ဆိမ့်ဂူ လိုက်သွားချင်တယ်"

ဟု ဆိုလိုက်ရာ. . .

"အင်း. . ပို့မယ်၊ ပို့မယ်"

ဟု ဆိုသည်။

ခက်သည်က မြင်းမရှိလျှင် ဤခရီးက မလွယ်ပေ။ ဒီတော့ မြင်းရှာရပေဦးမည်ဟု စဉ်းစားနေခိုက်. . .

"လိုက်ခဲ့၊ ငါ မြင်းလိုက်ပြမယ်"

ဟု ဆိုလိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာပင် ရွှေကျေးလေးနောက်သို့ လိုက်ရပေတော့၏။

လျှိုကြီးအတွင်းသို့ ရောက်သောအခါ မြင်းငါးကောင် တွေ့ရသည်။ ထိုမြင်းများတွင် တစ်ကောင်မှာ မြင်းကုန်းနှီးတင်ထားသည်ကို တွေ့ရ၏။ မာယာဒေဝီ ထူးထူးထွေထွေ တွေးမနေပါ။ ကုန်းနှီးတင်ထားသော မြင်းကြီးအနီးကပ်၍ ပွတ်သပ်ကြည့်သည်။ ထိုအခါ မြင်းကြီးက မာယာဒေဝီအား လျှာဖြင့်ပြန်၍လျက်သည်။ မာယာဒေဝီသည် ထိုမြင်းကြီးပေါ်သို့ လွှား၍တက်လိုက်တော့၏။

လမ်းမှာအဆင်းအတက် များသည်။ သစ်ကြီးဝါးကြီးများလည်း ထူထပ်လှပေသည်။ အတော်ခရီး ပေါက်မှ တောင်ပေါ်ကနေ လှမ်းမျှော်ကြည့်လိုက်ရာ အရှေ့အရပ်တွင် ချောင်းငယ်လေးတစ်ခု တွေ့ရ၏။

"ရွှေကျေး. . . ဟိုမှာ လှမ်းမြင်နေရတာ ဘာချောင်းလဲ"

ဟု မေးကြည့်တော့. . .

"ဝေခါချောင်း"

ဟု ပြန်၍ပြောသည်။

"ဟုတ်ပြီ၊ ဒါဆို ငါသွားတတ်ပြီ၊ မင်းပြန်တော့"

ဟု မာယာဒေဝီ ပြောပြောဆိုဆို ကျောပေါ်မှ လေးနှင့် မြားဆွဲယူကာ ရွှေကျေးလေးအား ပစ်ချလိုက်တော့၏။ ဘိုးသက္ကာ၏ ကျေးလိမ္မာလေးမှာ မာယာဒေဝီလက်ချက်ဖြင့် အသက်ဆုံးရတော့၏။ ထိုသို့ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသော်လည်း မာယာဒေဝီ စိတ်မကောင်းပါ။ သို့သော် မတတ်နိုင်ပေ။ သွားလေရာနောက် တကောက်ကောက်လိုက်ပါ၍ ဖော်ကောင်လုပ်မည် စိုးရ၏။

အမြင်နီးလျက် ခရီးဝေးသည့်တောင်ဟု ဆိုသလိုပင် ကွေ့ကာကောက်ကာ တောင်ပေါ်မှဆင်းလာရသဖြင့် ချောင်းကို အချိန်တွေ အတော်ကြာမှပင် ရောက်တော့၏။

ဝေခါချောင်းရောက်သည်နှင့် မြင်းကြီးကို ခေတ္တအနားပေးသည်။ မြင်းကြီး အမောပြေလောက်မှ ဝေခါချောင်းအတိုင်း စုန်ဆင်းခဲ့သည်။ နွေအခါမို့ ချောင်းရေက မများပါ။ ချောင်းအလယ်မှာလည်း ကျောက်ဆောင်ကြီးများ မတွေ့ရပေ။ သဲနှင့် ကျောက်ခဲလုံးလေးများသာ ရေစီးအကြားမှာ တွေ့ရသည်။

ပါးပင်များက ချောင်း၏ ဟိုဘက် ဒီဘက် ကိုင်းချင်းယှက်နေကြသဖြင့် မြင်းကို မြန်မြန်ကြီး စီးမရပေ။ ဤချောင်းကို ရောက်လာသည်နှင့် သုဇိလကို သတိရမိသည်။ သုဇိလသည် မာယာဒေဝီ အလိုတော်ကျ အမြဲလိုက်လျောခဲ့သူလည်း ဖြစ်၏။

တကယ်တော့ သုဇိလသည် မာယာဒေဝီအား တစ်ဖက်သတ် ချစ်နေမှန်း မာယာဒေဝီ သိပါ၏။ သို့သော် မာယာဒေဝီကတော့ ဓဇရာဇာမှလွဲ၍ ကျန်သည့်ယောကျ်ားများကို ဖွဲဆန်ကွဲလို သဘောထားသည်။

မာယာဒေဝီသည် သစ်ဆိမ့်ဂူသို့ အရင်မသွားပါ။ မြင်းကြီးကို ကျောက်သွေးဂူ ရှိရာသို့ ဦးတည်၍ လာခဲ့သည်။ မာယာဒေဝီ ကျောက်သွေးဂူအနီးရောက်သည်နှင့် လူစိမ်းနှစ်ယောက်ကို မြင်လိုက်ရသည်။ ထိုအခါ မြင်းကိုဇက်သတ်၍ ရပ်လိုက်၏။

လူနှစ်ယောက်မှာ သဲသောင်ပြင် ကြောင်ပန်းပင်များ အကွယ်ယူ၍ ကျောက်သွေးဂူကြီးဆီသို့ ကြည့်နေကြသည်။ မာယာဒေဝီ ခြေသံကို လုံအောင်နင်းလျက် အနီးသို့ ကပ်သွားသည်။ ထိုအချိန်တွင် လူတစ်ယောက်က ရှေ့သို့ တိုးသွားသည်ကို တွေ့လိုက်ရသည်။ မာယာဒေဝီ အချိန်မဆိုင်းတော့ပါ။ ကျောပေါ်မှ လေးနှင့်မြား ဆွဲယူလိုက်သည်။ ထို့နောက် ချက်ကောင်းကို ချိန်လျက် မြားလွှတ်လိုက်သည်။ 'ဝှီး. . ဒုတ်' ဟုသာ ကြားလိုက်ရသည်။ ရန်သူမှာ အော်ချိန်ပင် မရလိုက်ပါပေ။

"ဟေ့ကောင် ဒီလာခဲ့"

ဟု ရှေ့မှလူက ခေါ်လိုက်သည်။ မာယာဒေဝီ အပြေးပင် ရှေ့သို့တိုးလိုက်သည်။

"ဂူကြီးမှာ လူကြီးတွေ ရှိပုံမပေါ်ဘူး။ ချာတိတ်နှစ်ကောင်တော့ ထွက်လိုက် ဝင်လိုက် မြင်နေရတယ်'

ဟု ရှေ့ကလူမှာ နောက်ပြန်၍ပင် မကြည့်ဘဲ ဆိုလိုက်လေ၏။ မာယာဒေဝီကျောပေါ်မှ မြားဆွဲယူပြီးချိန်မှာပင် ရန်သူက လှည့်ကြည့်လိုက်သည်။

"မင်း. . . မင်း"

ဟု အံ့အားသင့်နေခိုက် မာယာဒေဝီ၏ မြားက ရန်သူကြီး၏ ရင်ဝသို့ ထိုးဖောက်လိုက်လေ၏။

"အား"

ဟု တစ်ချက်အော်ကာ ထိုနေရာမှာပင် လဲကျသွားတော့သည်။

မာယာဒေဝီ ကျောက်သွေးဂူဝသို့ အပြေးပင်လာခဲ့သည်။

"ကျော်စွာ. . ရန်သူ. . ရန်သူ"

ဟု မာယာဒေဝီ ဂူဝရပ်လိုက်သည်နှင့် နန္ဒ၏အသံ ထွက်ပေါ်လာသည်။ ထိုအခါ ကျော်စွာက ဓားကြီးဆွဲ၍ ဂူတွင်းမှ အပြေးထွက်ခဲ့သည်။

"ကျော်စွာ. . နန္ဒ ငါ နင်တို့ရန်သူမဟုတ်ဘူး နင်တို့ရန်သူ တိဘက်ကြီးနှစ်ဦးကတော့ သဲသောင်ကြောင်ပန်းပင်တွေကြားမှာ သေပွဲဝင်သွားကြပါပြီကွယ်"

ဟု မာယာဒေဝီ ပြောလိုက်တော့ ကျော်စွာနှင့် နန္ဒ ဘာပြန်ပြောရမည်မသိ ဖြစ်နေကြသည်။ ခက်သည်က သူတို့ရှေ့ရပ်နေသောသူသည် ရန်သူလား၊ မိတ်ဆွေလား မခွဲခြားနိုင်ခြင်းပင် ဖြစ်သည်။

"ခင်ဗျား ဘယ်သူလဲ"

ဟု ကျော်စွာက မေးလိုက်သည်။

မေးထိုက်ပါပေ၏။ မာယာဒေဝီသည် ရှည်လျားသော သူမ၏ ဆံပင်များကို ထုံးဖွဲ့၍မထားပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျောပေါ်မှာ ဝဲချထားသည်။ နောက် ညာပါးပြင်မှ အမာရွတ်များ ဖုံးကွယ်ရန် သူမ၏ပါး ညာဘက်ခြမ်းကိုလည်း ဆံပင်များနှင့်ပင် ဖုံးအုပ်၍ထားပြန်သည်။

"ခင်ဗျား ဘယ်သူလဲ"

ဟု နန္ဒကပါ မေးလိုက်သည်။

မာယာဒေဝီ တစ်ချက်ပြုံးလိုက်သည်။ ခုတော့ သူမ၏ အလှတွေ ဘယ်ဝယ်ဘယ်ဆီ ရောက်ကုန်ပြီးနည်းဟုလည်း တွေးလိုက်မိသည်။ ယခင်ကဆို 'မမက လှတယ်' အမြဲ ပြောခဲ့သော ကျော်စွာလေးကပင် မိမိကို မမှတ်မိတော့ပေ။

"ကျော်စွာ၊ နန္ဒ မမမာယာလေ၊ မင်းတို့က ငါ့ကို မမှတ်မိကြတော့ဘူးလား"

ဆိုကာ မာယာဒေဝီ ငိုလိုက်ပါတော့၏။

"မာယာဒေဝီ. . . သူခိုးမကြီး၊ သားတို့အရုပ်တွေ ခိုးယူသွားတာ"

ဟု ဆိုကာ ကျော်စွာနဲ့ နန္ဒလည်း ထိုင်၍ ငိုလိုက်ကြပြန်သည်။

"ကျော်စွာနဲ့ နန္ဒ မင်းတို့ရဲ့ အရုပ်တွေဘယ်မှ မရောက်ပါဘူးကွယ်၊ ဗီဒိုထဲမှာ မမမာယာ သိမ်းထားပါတယ်"

ဟု ဆိုကာ မာယာဒေဝီက ကျောက်စိမ်းရုပ်နှစ်ခု ထုတ်၍ပြလိုက်သည်။

"မမမာယာ သားတို့အရုပ်တွေ ပြန်ပေးပါ"

ဟု ကျော်စွာနဲ့ နန္ဒတို့က တောင်းကြသည်။

"မပူနဲ့၊ မင်းတို့အရုပ်တွေ မင်းတို့လက် ပြန်အပ်ဖို့ မမ လာခဲ့တာပဲ၊ ဒါနဲ့ ဘသုခ ဘယ်သွားလဲ"

ဟု မေးလိုက်သည်။

"ဒီနေ့ သစ်ဆိမ့်ဂူမှာ မင်္ဂလာပွဲ ရှိတယ်"

ဟု ကျော်စွာက ဖြေလိုက်သည်။

"ဘယ်သူနဲ့ ဘယ်သူ လက်ထပ်ပွဲလဲ"

ဟု ဆက်၍မေးလိုက်ရာ. . .

"ဦးဦးသုန်နဲ့ မမဥတ္တရာ၊ ဦးဦးနန်နဲ့ မမပဥ္စ၊ ဦးဦးသုနဲ့ သီတာ ဆိုလား"

ဟု ဆိုကာ စကားရပ်သွားသည်။

"အော်. . လက်စသတ်တော့ မင်္ဂလာက သုံးတွဲကြီးများပါလား၊ ထားပါတော့၊ ဟိုနှစ်တွဲက ကိုယ့်လူ အချင်းချင်းပါ။ ဒါပေမဲ့ သုဓိလ ယူတဲ့ မိန်းကလေးက ဘယ်ကတဲ့လဲ"

ဟု စပ်စုကြည့်သည်။

"ဒါတော့ သားတို့ ဘယ်သိမှာလဲ"

ဟုသာ ပြန်၍ဖြေကြသည်။

မာယာဒေဝီ အောက်နှုတ်ခမ်းကို ကိုက်ပြီးမှ. . .

"ကောင်းပြီ၊ မင်းတို့နှစ်ယောက် ကျောက်စိမ်းရုပ်တွေ ပြန်ယူမှာလား"

ဟု မေးလိုက်သည်။

"ပြန်ယူမှာပေါ့ မမမာယာ"

ဟု ပြိုင်တူဆိုလိုက်ကြသည်။

"ကောင်းပြီ၊ ဒါဆို ငါနဲ့လိုက်ခဲ့ကြ"

ဟု ဆိုလိုက်သည်။

"သားတို့က ဘယ်လိုက်ရမှာလဲ"

ဟု ကျော်စွာက ပြန်၍မေးသည်။

"ငါသွားတဲ့နောက်"

ဟုသာ ဆိုလိုက်၏။

"မြို့ဆိုရင်တော့ လိုက်မယ်၊ တောထဲဆိုရင်တော့ မလိုက်ချင်ဘူး"

ဟု ဆိုနေကြပြန်သည်။

"ဟား. . . ဟား. . . ဟား. . . ဒါမှ ငါ့တပည့်တွေ ပီသတာကွ၊ မင်းတို့ မမမာယာဟာ တောချုံအုံကြားမှာ ဘယ်နေနိုင်မှာလဲ မြို့ကို သွားမှာပေါ့၊ မမတစ်ယောက်တည်းမို့ မင်းတို့ကို ခေါ်နေတာ၊ လိုက်ကြမှာလား"

ဟု ဆက်၍မေးလိုက်သည်။

"လိုက်မယ် မမမာယာ၊ မမမာယာ ဘယ်သွားသွား သားတို့ လိုက်ခဲ့ပါမယ်"

ဟု ဆိုလိုက်သည်နှင့် မာယာဒေဝီ ကျော်စွာနှင့် နန္ဒလက်ကိုဆွဲကာ ဂူဝမှ လှည့်ထွက်ခဲ့သည်။

"ဟိုမြင်းနှစ်ကောင်က ဘယ်သူ့မြင်းတွေလဲ"

ဟု မေးလိုက်ရာ. . .

"ဦးဦးသုနဲ့ ဦးဦးနန်ရဲ့ မြင်းတွေပါ"

ဟု ကျော်စွာက ပြန်ဖြေသည်။

"ကောင်းတယ်၊ မင်းတို့ မြင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်ဆီ စီးခဲ့ကြပေတော့”

ဟု ဆိုလိုက်သည်နှင့် ကျော်စွာနှင့် နန္ဒတို့ မြင်းများဆီသို့ တန်းနေအောင် ပြေးကြလေတော့၏။

× × ×

သစ်ဆိမ့်ဂူကြီးတစ်ခုလုံး ထိန်လင်းနေအောင် မီးပုံကြီးများထည့်၍ ထားကြသည်။ ထိုမီးပုံကြီးများကြားတွင် ဗုံတို၊ လင်းကွင်း၊ ပလွေများတီးခတ်လျက် မင်္ဂလာသတို့သမီး၊ သတို့သားများနှင့်အတူ ပျော်ရွှင်စွာ ကခုန်နေကြသည်။

အကယ်၍များ ကပိလနိုင်ငံတော်ကြီး မပြိုပျက်ခဲ့ပါမူ သူတို့၏ မင်္ဂလာပွဲမှာ ကပိလ ရွှေနန်းတော်တွင်း၌ပင် ခင်းကျင်းမည်မှာ မလွဲပေ။ သို့သော် ယခုတော့ဖြင့် မြို့နှင့်မနီး၊ ရွာနှင့်မနီး တောကြီးမျက်မည်းတွင်း၌ပင် ဖြစ်သလိုမီးဖို၍ မီးပုံပွဲပမာ ကျင်းပခဲ့ကြရသည်။

ဤမျှလောက် နုံချာလှသည့် ဘဝကျရောက်ခဲ့ရ၍ သူတို့ကိုယ်သူတို့ပင် သကျသာကီနွယ်ဝင် မင်းမျိုးမင်းနွယ်တွေပါဟု ပြောရမှာပင် ရှက်ခဲ့ကြရသည်။

ထိုည စည့်ခံပွဲတွင် ဘိုးသက္က၊ ဘိုးစိတ္တ၊ ဘသုခတို့ မပါတော့ပေ။ ဦးစွာပြန်သွားသူက ဘိုးသက္က ဖြစ်သည်။ ဒုတိယပြန်သွားသူက ဘိုးစိတ္တ ဖြစ်၏။ ဘသုခကတော့ အပြန်ခရီးမှာ အနီးဆုံးဖြစ်၍ နေဝင်မှပင် ပြန်လာခဲ့သည်။

ဘသုခ ကျောက်သွေးဂူသို့ပြန်ခဲ့ရသော်လည်း နောက်မှကပ်ပါလာသော သီဆိုတီးမှုတ်သံများကြောင့် ကပိလ ရွှေနန်းတော်ကြီးအား မှန်းမျှော်၍ လွမ်းမိသည်။

ယခင်က ကပိလမင်းနေပြည်တော်တွင် သူမြင်တွေ့ခဲ့ရသော မင်္ဂလာပွဲနှစ်ခုမှာ သိဒ္ဓတ္ထကုမာရ မင်းသားနှင့် ကြင်ယာတော် ယသော်ဓရာတို့ မင်္ဂလာပွဲ၊ ညီတော်အာနန္ဒာ မင်းသားနှင့် ပဥ္စကလျာမင်းသမီးလေးတို့ မင်္ဂလာပွဲဖြစ်သည်။

ထိုမင်္ဂလာပွဲများသည် ကပိလနိုင်ငံတော်၏ တန်ခိုးအမြင့်မားဆုံး မင်းသားများမို့ တစ်နိုင်ငံလုံးပင် ဟိုးဟိုးကျော်ခဲ့သည်။

နောင်တော် သိဒ္ဓတ္ထကုမာရ မင်းသားက သားတော်ရာဟုလာ ဖွားမြင်တော်မူပြီးမှ တောထွက်၍ သွားသည်။ ထိုစဉ်အခါ ယသော်ဒေဝီမှာ သားတစ်ယောက်နှင့် လင်ပစ်မလေး ဖြစ်ခဲ့ရရှာသည်။

ညီတော်အာနန္ဒာမှာတော့ သားတဖြာပင် မရလိုက်ရရှာပေ။ မင်္ဂလာနေ့မှာ ပျော်ရွှင်နေခိုက် ဘုရားရှင် ကြွလာပြီး 'ဟဲ့. . ညီတော် လိုက်ခဲ့' ဟု ဆိုသဖြင့် ဘုရားနောက်တော်ပါးမှ သပိတ်တော်ထမ်း၍ လိုက်ပါသွားရတော့သည်။

ဘသုခ တီးကြ၊ မှုတ်ကြ၊ သီဆိုကြသော အသံများဖြင့် တစ်စတစ်စ ဝေးခဲ့ရသည်။ ဂူဝရောက်တော့လည်း ကျော်စွာနှင့် နန္ဒတို့ကို မတွေ့ရပေ။

“ကျော်စွာ၊ ဟဲ့ နန္ဒ”

ဟု အသံပြုကြည့်သည်။ တုတ်တုတ်မျှ မလှုပ်ကြပေ။

ဘသုခ ထင်းရှူးမီးတိုင်ထွန်း၍ ဂူတွင်းသို့ ဝင်လိုက်သည်။

'ကျော်စွာ၊ နန္ဒ' ဟုလည်း နှုတ်က တကြော်ကြော်ဟစ်၍ ခေါ်နေသည်။

“ဟင်း. . ဟိုကလေးနှစ်ကောင် ဘယ်ဆီများ ရောက်နေကြပါလိမ့်”

ဟု ဆိုလိုက်မိသည်။ မှန်၏။ ကျော်စွာနှင့် နန္ဒတို့မှာ အိပ်ရာတွင် မရှိကြပေ။ 'အပြင်မှာ တောများထိုင်နေကြလေသလား' ဟု တွေးကာ မီးတုတ်ကြီးကိုင်၍ သဲသောင်ပြင်မှ ကြောင်ပန်းပင်များဆီသို့ ထွက်ခဲ့ရပြန်သည်။

“ကျော်စွာ. . နန္ဒ၊ ကျော်စွာ. . နန္ဒ. . .”

ဟုလည်း နှုတ်က တဖွဖွခေါ်နေရသည်။

“ဗုဒ္ဓေါ. . အလောင်းကြီးပါလား”

ဟု ယောင်၍အော်လိုက်မိသည်။ သေချာကြည့်မှ ရင်ဝမြားမှန်၍ သေဆုံးနေသော တိဘက်တစ်ယောက်၏ အလောင်းဖြစ်မှန်း သိလိုက်ရသည်။ ဘသုခ ရှေ့ဆက်၍ ရှာကြည့်ရာ နောက်စေ့မှ မျက်လုံးသို့တိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ထွက်နေသော မြားဒဏ်ရာဖြင့် သေဆုံးနေသော တိဘက်အလောင်းတစ်ခု တွေ့ရပြန်သည်။

"မဖြစ်ဘူး . . မဖြစ်ဘူး"

ဟု ဆိုကာ ဘသုခ မီးတုတ်ကြီး ကိုင်ဆောင်လျက် ဆိုင်းသံ ဗုံသံများ ကြားနေရသော သစ်ဆိမ့်ဂူဘက် ထွက်ခဲ့ရတော့၏။

"ဘသုခ . . ဘာဖြစ်လို့လဲ"

ဟု ဆိုကာ သုန္ဒရ ပြေး၍လာသည်။

ဘသုခ မီးတုတ်ကြီး ကိုင်ဆောင်လျက် ဘယ်ကစပြောရမည်မသိ ဖြစ်နေသည်။

"ဘသုခ . . ဘာဖြစ်လို့လဲ"

ဟု သုဇိလက အပြေးရောက်လာပြီး မေးလိုက်ပြန်သည်။ သူတို့မေးနေခိုက် နန္ဒိသေနနှင့် သတို့သမီးများလည်း ရောက်လာကြ၏။

"ဂူ . . ဂူရှေ့မှာ တိဘက်အလောင်းနှစ်ခု တွေ့ခဲ့တယ်"

ဟု ပြောလိုက်သည်။

"ဒါဆို ကျော်စွာနဲ့ နန္ဒတို့ ဘယ်မှာလဲ"

ဟု ဝိုင်း၍မေးလိုက်ကြသည်။

"မသိဘူး၊ ဂူထဲမှာလည်း မရှိဘူး"

ဟု ဆိုလိုက်ပြန်၏။

သစ်ဆိမ့်ဂူမှာ ကျင်းပသော မင်္ဂလာပွဲလေးက ဘသုခ ရောက်လာသည်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

"အားလုံး ကျောက်သွေးဂူပြန်မှဖြစ်မယ်၊ မီးတုတ်တွေ အသင့်ပြင်ကြ"

ဟု သုဇိလက ဆိုလိုက်သည်။ အားလုံး သစ်ဆိမ့်ဂူသို့ ဦးတည်၍ လာခဲ့ကြရာ လမ်းသွားရင်း ထင်ကြေးအမျိုးမျိုးလည်း ပေးကြသည်။

"ဒါ တိဘက်တွေလက်ချက်ဖြစ်ရမယ်"

"ဟုတ်တယ်၊ သူတို့က သုဇိလကို ကျေနပ်ကြတာ မဟုတ်ဘူး"

"ဘယ်ကျေနပ်မှာလဲ သုဇိလက တိဘက်တစ်ဦးကို သတ်ခဲ့တဲ့သူ"

"နန္ဒိသေန . . ငါ . . ကသိုဏ်းတောင် ပြန်မှဖြစ်မယ်"

ဟု သုဇိလက ဆိုလိုက်သည်။

"ဘာကြောင့် ညကြီးမိုးချုပ် ပြန်ချင်တာလဲ"

ဟု နန္ဒိသေနက ဆိုလိုက်ရာ-

"ငါ့စိတ်မှာ မာယာဒေဝီ တစ်ခုခုဖြစ်မှာ စိုးရိမ်နေတယ်"

ဟု သုဇိလ စိုးရိမ်တကြီးပင် ပြောလိုက်သည်။

"ကောင်းပြီလေ၊ အစစ သတိဝီရိယနဲ့တော့ သွားပါ"

ဟု နန္ဒိသေန ခွင့်ပြုလိုက်ရသည်။

"အေးပါကွာ၊ စိတ်ချပါ"

ဟု ဆိုကာ သုဇိလနှင့် သီတာတို့ညတွင်းချင်းပင် မြင်းကြီးတစ်ကောင်စီး၍ ကသိုဏ်းတောင်သို့ ပြန်ခဲ့ကြသည်။

× × ×

ဘိုးသက္က ဂူဝမှာထိုင်၍ ငိုင်နေသည်။ အကျိုးကြောင်းသိရန် ရွှေကျေးလေးကို ရှာသော်လည်း မတွေ့ရပေ။ မာယာဒေဝီအား ရန်သူများ ဖမ်းဆီးခေါ်ဆောင်၍သွားပြီလားဟု သူတွေးပူရသည်။ မာယာဒေဝီသည် အတိတ်မေ့နေရှာသော ဂီလာန လူမမာမို့ ဘာမှသိရှာမည် မဟုတ်ပေ။

"အဘိုး . . အဘိုး . ."

ဟု တကြော်ကြော် အော်ဟစ်လျက် သီတာ ပြေးလာသည်။ သုဇိလသည်လည်း မြင်းကြီးအား ကုန်းနှီးများ ချပြီးမှ ဘိုးသက္ကထံ ရောက်လာ၏။

"အဘိုး မာယာဒေဝီ နေလို့မှ ကောင်းရဲ့လား"

ဟု သုဇိလက ဝင်၍မေးလိုက်သည်။

ဘိုးသက္က သက်ပြင်းကြီးချလျက် မည်သို့မည်ပုံ ပြောရမည်ဟုပင် စဉ်းစားနေမိသည်။

"အဘိုး မာယာဒေဝီ"

ဟု ဆိုကာ စကားကိုရပ်၍ သီတာ ဂူတွင်းသို့ ဝင်ပြေးသည်။

သုဇိလ မနေသာ သီတာနောက်မှပင် အပြေးလေးလိုက်ခဲ့ရသည်။

သီတာ ဂူတွင်းရောက်သည်နှင့် မာယာဒေဝီအခန်းကို ဦးစွာဝင်ကြည့်သည် မတွေ့ရပေ။ ထို့နောက် သီတာ သူမအခန်းတွင်း ဝင်လိုက်သည်။

"မောင်ကြီး . . ဒီ . . ဒီမှာ . . သွေး . . သွေးကွက်ကြီး"

www.burmeseclassic.com

ဟု အော်လိုက်သည်။

သုဇိလ သီတာ၏ ညောင်စောင်းထက်သို့ ကြည့်လိုက်ရာတွင် အိုင်ထွန်းနေသော သွေးကွက်ကြီးအား တွေ့လိုက်ရသည်။

"သီတာ. . ကျောက်စိမ်းရုပ်တွေ ရှာကြည့်ပါဦး"

ဟု သုဇိလက သတိပေးသည်။

သီတာ ကျောက်စိမ်း ချပ်နှစ်ခုကို လိုက်ရှာသည်။ လုံးဝပင်မတွေ့ရပေ။

"မောင်ကြီး ဟိုမှာ. . ရွှေ. . ရွှေတွေ"

ဟု သီတာက ဆိုလိုက်သည်။

သုဇိလ ရွှေတွေထားသော နေရာကို ကြည့်လိုက်ရာ ဝါးကျည်တောက်တစ်ခုမှာ အနေအထား မပျက်တွေ့ပြီး ဝါးကျည်တောက်တစ်ခုမှာ ဓားနှင့်ခွဲလျက် တစ်ပိုင်းမှာ မတွေ့ရတော့ပေ။

"ဘာကြောင့် အာ'လုံးယူ သွားတာလဲ"

ဟု သုဇိလ စဉ်းစားကြည့်သည်။

တိဘက်တွေဟာ ရွှေကို မလို၊ ကျောက်စိမ်းကိုသာလျှင် အလိုရှိကြဟန်တူပေသည်။ ယခု မာယာဒေဝီနှင့် ကော့စွာ၊ နန္ဒတို့အားလုံး တိဘက်များ ဖမ်းဆီးခေါ်ဆောင်သွားတာ ဖြစ်နိုင်သည်ဟု သုဇိလ တွေးလိုက်မိသည်။

ခေါ်ဆောင်သွားသော်လည်း မာယာဒေဝီမှာ အတိတ်မေ့နေသောကြောင့် ကိစ္စမရှိ၊ ဘာမေးမေး ပြောပြမည် မဟုတ်ပေ။ သို့သော် ကော့စွာနှင့် နန္ဒကတော့ လူမမည်လေးများမို့ ကြောက်ကြောက်လန့်လန့်နှင့် အားလုံးဖွင့်ပြောကြပေတော့မည်။

တိဘက်တွေ တိုက်ခိုက်၍ ခေါ်ဆောင်သွားသည်ဆိုပါလျှင် ဘာကြောင့် ကျောက်သွေးဂူအနီးမှာ တိဘက်အလောင်းနှစ်ခု တွေ့ရတာလဲ။

သုဇိလ တွေးရင်း တွေးရင်း ချာချာလည်လာသည်။ မည်သို့ဆိုစေ ကျောက်သွေးဂူနှင့် ကသိုဏ်းတောင်အတွက် လုံခြုံစိတ်ချရမှု မရှိတော့ဟု နောက်ဆုံးအဖြေရတော့၏။

× × ×

မာယာဒေဝီတို့သည် မြင်းကိုယ်စီဖြင့် ခရီးထွက်ခဲ့ကြရာ ယက္ခဂါမရွာသို့ ရောက်ခဲ့ကြသည်။ ယက္ခဂါမရွာထိပ် ညောင်ပင်ကြီးအောက်တွင် အကြော်ဆိုင်လေးတွေ့၍ ဝင်ခဲ့ကြသည်။ အကြော်ဆိုင်လေးမှာ သေသေသပ်သပ်ရှိသည်။ အကြော်စုံအပြင် ထမင်းထုပ်များလည်း ရောင်းသဖြင့် ညစာအတွက် ထမင်းနှင့် အကြော်စုံ ဝယ်စားလိုက်ကြသည်။

"အဒေါ် . . . တကောင်းကို ဘယ်လိုသွားရတယ်ဆိုတာ လမ်းညွှန်ပေးပါလား"

ဟု ဆိုင်မှာ လူရှင်းသွားသည်နှင့် မာယာဒေဝီက အကြော်သည်ကြီးအား မေးလိုက်သည်။

"ကလေးမ. . ဘာကိစ္စတကောင်းကို သွားချင်ရတာလဲ၊ တကောင်း ဆိုတာက နယ်ချဲ့လက်အောက် ကျရောက်နေတဲ့မြို့ပါကွယ်၊ မသွားချင်ပါနဲ့"

ဟု အကြော်သည်ကြီးက ဆိုသည်။

"ကိစ္စမရှိပါဘူး အဒေါ်ရယ်၊ သမီးတို့က ကုန်သည်တွေပါ၊ တကောင်းမြို့မှာ စိန့်တိုင်းပြည်က လာတဲ့ ပိုးထည်တွေ သွားဝယ်ချင်လို့ပါ၊ သိရင် လမ်းညွှန်ပေးပါ အဒေါ်ရယ်"

ဟု ဆိုကာ မာယာဒေဝီက ရွှေတုံးလေးတစ်တုံး ပေးလိုက်သည်။

"ကောင်းပါပြီ၊ ပြောပြပါ့မယ်၊ ဒီညတော့ ခရီးမှဆက်ကြပါနဲ့၊ ဒီမှာ ညအိပ်လိုက်ကြပေါ့"

ဟု ဆိုသဖြင့် ထိုည ယက္ခဂါမမှာပင် ညအိပ်လိုက်ကြသည်။

ညရောက်သည်နှင့် အကြော်သည် အဒေါ်ကြီးသည် မာယာဒေဝီတို့ အိပ်သော တဲလေးဆီသို့ ရောက်လာသည်။

"သမီး ဆောင်းခဲ့တဲ့ ခမောက်ကလေး ကြည့်လို့ရမလား"

ဟုလည်း ဆိုလိုက်သည်။

မာယာဒေဝီ၏ စိတ်ထဲမှာ မလုံမလဲ ဖြစ်ရတော့၏။ အမှန်တော့ ထိုခမောက်ပိုင်ရှင်သည် သုဇိလနှင့်



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်လိုက်သော သီတာ၏ ခမောက်ပင်ဖြစ်သည်။ မာယာဒေဝီ ကျောက်သွေးဂူမှ ထွက်လာသော အခါ ဂူနံရံမှာ အရုံသင့်တွေ့၍ ကောက်ဆောင်းခဲ့ခြင်းပင် ဖြစ်၏။

"ကြည့်ပါ ဒေါ်ဒေါ်၊ ခမောက်မှာ ဘာများ မသင်္ကာဖွယ် တွေ့ရလို့လဲ"

ဟု ဆိုလိုက်သည်။

"ဒီလို မဟုတ်ပါဘူးကွယ်၊ ခမောက်လေးက လှလွန်းလို့ပါ၊ အဒေါ်က နေ့လယ်နေ့ခင်းဘက်မှာ ဝါးဖတ်တွေ ကောက်ပြီး ခမောက်လေးတွေလည်း ချုပ်တယ်ကွဲ့၊ ဒါကြောင့် ခမောက်မြင်တိုင်း စိတ်ဝင်စားတာပါ"

ဟု ဆိုလိုက်မှ မာယာဒေဝီ ပူပင်မိသော အလုံးကြီး ကျရတော့၏။

"အဒေါ့်မှာ အိမ်သားမရှိဘူးလား"

ဟု မေးကြည့်သည်။

"မရှိတော့ပါဘူးကွယ်၊ ဆုံးပါးသွားရှာပါပြီ"

ဟု အဒေါ်ကြီးက ပြောသည်။

"သားသမီးတွေကော မကျန်ခဲ့ဘူးလား"

ဟု ထပ်ဆင့်မေးလိုက်သည်။

"သမီးတစ်ယောက်တော့ ကျန်ခဲ့ပါတယ်၊ ဒါပေမဲ့ သူ့အဘိုးနဲ့ နေတာ"

ဟု ဆိုကာ အဒေါ်ကြီးက မျက်ရည်များပါ ကျလာသဖြင့် ဆက်မမေးဖြစ်တော့ပေ။

ညအခါ စောစောအိပ်ရာဝင်လိုက်သဖြင့် မနက်စောစော နိုးခဲ့ရသည်။ မာယာဒေဝီ အိပ်ရာမှထ၍ မျက်နှာသစ်တော့ 'ဒုတ်. . ဒုတ်. . ဒုတ်'ဟူသော အသံကြား၍ ကြည့်လိုက်ရာတွင် အဒေါ်ကြီးမှာ ဆန်မှုန့်ထောင်းလို့ပင်နေချေပြီ။

မာယာဒေဝီ အိပ်ချင်စိတ် မရှိတော့သဖြင့် အဒေါ်ကြီးထံသွား၍ မောင်းကူထောင်းသည်။

"လိမ္မာလိုက်တာ အဒေါ့်သမီးလေးများဖြစ်ရင် ကောင်းလိုက်မှာ"

ဟု အဒေါ်ကြီးက တီးတိုးပင် ဆိုနေရှာပေသည်။

မာယာဒေဝီ ဘာမှဝင်မပြောဖြစ်ပါ။

"ငါ့မှာ ဒီလိုအမေကြီး ရှိနေရင် ကောင်းလိုက်မှာ"

ဟုသာ တွေးနေမိသည်။

"အဒေါ်. . . တကောင်းမြို့က အဝေးကြီးလား"

ဟု မေးကြည့်တော့. . .

"ဝေးတာပေါ့ကွယ်၊ ဒီကနေ အရှေ့တည့်တည့်သွားရမှာ၊ ဧရာဝတီမြစ်ရောက်မှ လှေကြုံစီးပြီး စုန်ဆင်းလိုက်ရင် တကောင်းမြို့ကြီး ရောက်ပါပြီကွယ်"

ဟု ဆိုလိုက်သည်။

"အဒေါ် တကောင်းမြို့ ရောက်ဖူးလား"

ဟု စပ်စုကြည့်သည်။

"ရောက်ဖူးပါတယ်၊ အဒေါ့်အိမ်သားက တို့အရှင်သခင် လက်ထက်တော်မှာ တကောင်းမြို့ဝန်မင်းပေါ့ကွယ်၊ ခုတော့. . စိန့်တိုင်းလက်အောက် ကျရောက်နေလို့ လုံးဝမရောက်ဖြစ်တော့ပါဘူး"

ဟု စိတ်မကောင်းစွာ ဆိုရှာသည်။

မာယာဒေဝီ ဆက်မမေးတော့ပါ။ သူ တကောင်းမြို့ရောက်လျှင် ဘာလုပ်ရမည်နည်းဟုသာ တွေးနေမိပါတော့၏။

ဒီလိုနှင့်ပင် မိုးလင်းခဲ့သည်။ နေမင်းကြီး ထွက်ပေါ်လာသည်နှင့် အဒေါ်ကြီးက မာယာဒေဝီတို့ လမ်းမှာစားရန် ထမင်းထုပ်များ ထည့်၍ ပေးလိုက်ပါသေး၏။

"ဒီကနေ အရှေ့တည့်တည့်သာသွား၊ ဧရာဝတီမြစ်ကြီး တွေ့ရလိမ့်မယ်၊ ဧရာဝတီမြစ်ရောက်မှ လှေကြုံရှာစီးပေါ့ကွယ်"

ဟု ဆိုရှာသည်။ မာယာဒေဝီတို့ မြင်းကိုယ်စီဖြင့် ဧရာဝတီသို့ ခရီးဆက်ခဲ့ကြရသည်။ စိမ်းလန်းစိုပြည်သော တောင်တန်းများမှ ကြည်နူးဖွယ်ကောင်းလှသည်။ ကျော်စွာနှင့် နန္ဒတို့မှာ ပျော်လွန်းလှသဖြင့် တေးတကြော်ကြော် အော်ဟစ်လို့ပင် လိုက်ပါခဲ့ကြသည်။

လမ်းသည် တောင်ဆင်းတောင်တက်လမ်းဖြစ်သည်။ ထိုဘက်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com

တုန်တင်လားတွေ မောင်းလျက် တွေ့ရသည်။ အချို့ခရီးသည်များမှာ အထမ်းအပိုးအလွယ်များဖြင့်လည်း တွေ့ရသည်။

လမ်းတွင် ညအိပ်တည်းခိုနိုင်သော တဲကြီးများလည်း တွေ့ရသည်။ စားသောက်ဆိုင်ကြီးများ မတွေ့ရသော်လည်း ဒေသထွက် အစားအစာများတော့ တွေ့ရသည်။ ယုံအစားအစာများမှာ ရာသီစာဟု ခေါ်ရပေမည်။ သူ့ရာသီအလိုက်ပေါ်သော သရက်သီး၊ ဖရဲသီး၊ သြဇာသီး၊ မာလကာသီး၊ ပိန္နဲသီး၊ ပြောင်းဖူး၊ ကန်စွန်းဥ စသည်ဖြင့် တွေ့ရသည်။

မာယာဒေဝီတို့ စမ်းချောင်းတစ်ခုတွင် နေ့လယ်စာ ထမင်းစားလိုက်ကြသည်။ သူတို့ ထမင်းစားနေခိုက် မြင်းများလည်း စမ်းချောင်းဘေး မြက်ခင်းများ ရှိသဖြင့် အဆင်ပြေသည်။

"ကျော်စွာ"

ဟု ခေါ်လိုက်ရာ. . .

"ဟုတ်ကဲ့ မမမာယာ"

"နန္ဒ"

ဟု ခေါ်လိုက်ပြန်သည်။

"ပြောပါ မမမာယာ"

"မင်းတို့ ပျော်ကြရဲ့လား"

ဟု မေးလိုက်သည်။

"ဘယ်လိုမေးပါလိမ့် မမမာယာရယ် ပျော်တာပေါ့ဗျာ၊ ကျောက်သွေးတောင်မှာဆိုရင် တစ်နေ့လာ ဒီလူတွေပဲ အမြဲတွေ့နေရတာဆိုတော့ စိတ်ကိုပျက်နေတာပေါ့"

ဟု ကျော်စွာက ဆိုလိုက်သည်။

"မင်းတို့ပျော်တယ်ဆိုရင် မမဝမ်းသာပါတယ်၊ ငါတို့သာကီတွေဆိုပေမယ့် သာကီဆိုတာ မေ့ထားလိုက်ပါ၊ အရာအားလုံးကို မေ့ထားလိုက်၊ ခုချိန်ကစပြီး စိတ်သစ်လူသစ် မွေးမြူကြရမယ်"

"ကောင်းပါပြီ မမမာယာ၊ သားတို့ မမမာယာ စိတ်တိုင်းကျ နေထိုင်ပါမယ်"

ဟု ဆိုကြသည်။

မြင်းများ အစာဝသည်နှင့် ခရီးဆက်ခဲ့ကြသည် လမ်းမှာ တောင်တက်ပို၍များလာသည်။ အချို့နေရာများဆိုပါလျှင် တောင်ကမ်းပါးလေးအတိုင်း သွားကြရသဖြင့် မြင်းကို အပြေးနိုင်၍ မရပါ။ မျက်နှာချင်းဆိုင်မှ လာသူများတွေ့လျှင် လမ်းကျယ်ရာမှ ရပ်၍စောင့်ကြရသည်။ တောင်အမြင့်သို့ရောက်လျှင် လေက တဟူးဟူးတိုက်သည်။ ခေါင်းမှာ ဆောင်းထားသော ခမောက်လွင့်မကျရန် လက်နှင့်ထိန်းထားရ၏။

မာယာဒေဝီ ခမောက်လေး စမ်းမိတိုင်း သုဇိလနှင့် ထိမ်းမြားလိုက်သော သိတာ ဆိုသူကို ပြေးသတိရမိသည်။ ထိုသိတာ ဆိုသူသည် သူမအား ဆေးတိုက်ပေးဖူးကောင်း ပေးဖူးပေမည်။ သို့သော် မာယာဒေဝီမှာ အရာအားလုံးကို မေ့ပျောက်၍သာနေတော့၏။

သူမ၏ အသက်ကို ကယ်ခဲ့သူသည် သုဇိလများလား၊ ဘိုးသက္ကဆိုသူလား၊ သို့မဟုတ် သိတာလား လုံးဝ သူမမှတ်မိခဲ့ပေ။ မည်သို့ဆိုစေ ထိုသုံးဦးသည် မာယာဒေဝီ၏ အသက်သခင် ကျေးဇူးရှင်များ ဖြစ်မည်ဟု မာယာဒေဝီ ကောင်းစွာယုံကြည်မိပါ၏။

"မမမာယာ. . ဟိုမှာ ကွေ့ကွေ့ကောက်ကောက်မြစ်ကြီး မြင်နေရပြီ"

ဟု နန္ဒက ဝမ်းသာအားရ အော်ဟစ်ပြောလိုက်သည်။

"ဟုတ်တယ် မမမာယာ၊ ဝေးလို့လားတော့ မသိဘူး၊ မြစ်က သေးသေးလေးရယ်"

ဟု ကျော်စွာက ဆိုနေပြန်၏။

မာယာဒေဝီ မြစ်ကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ မြစ်လယ်မှာ ဝါးဖောင်လေးများ မျောနေသည်ကို တွေ့ရသည်။ ထိုဖောင်ကို ကြည့်ခြင်းအားဖြင့် မြစ်ကြီးဖြစ်ကြောင်း ထင်ရှားလှပေ၏။

"မြစ်ငယ်လေး မဟုတ်ပါဘူးကွယ်၊ အဲဒါ ဧရာဝတီလို့ ခေါ်တယ်၊ မမတို့လူမျိုးတွေရဲ့ ဒေသအခေါ်ဆိုရင် ဧရာနဒီလို့ ခေါ်မှန်တယ်။ ဧရာဆိုတာ ကြီးမားသော၊ နဒီဆိုတာ မြစ်လို့ အဓိပ္ပာယ်ရတယ်။ တကောင်းတိုင်းသားတို့ရဲ့ အကြီးမားဆုံးသော မြစ်ပေါ့။ ဒါပေမဲ့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဒေသအလိုက် အခေါ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသွားကြတာ”

ဟု မာယာဒေဝီက ရှင်းပြသည်။

တောင်ပေါ်တွ[illegible] ရင်ခတ်ပန်းရနံ့တို့ မွှေးထုံသင်းပျံ့နေသည်။ ကံ့ကော်ပင်ကြီးများမှာလည်း လူကြီးတစ်ဖက်စာမက ကြီးမားလှပေ၏။ သစ်ခက် သစ်ရွက်စိမ်းစိမ်းကြားမှ ငွါးငွါးစွင့်စွင့် ဝေဆာနေသော ပန်းကံ့ကော်ပွင့်များမှာ ခူးသူမရှိ ပန်သူမရှိ၍ ပန်းချပ်ပွင့်လွှာများ မြေမှာခလျက် တွေ့ရသည်။

မာယာဒေဝီ မြင်းပေါ်မှာ လိုက်ပါလာရင်း တစ်ခါ တစ်ခါ ဇေရာဇာကို လွမ်းမိသည်။ ဇေရာဇာကို လွမ်းမိတိုင်း တကောင်းမဟာဒေဝီ ပေါ်လာသည်။ ဂူတစ်ဂူတွင်းမှာ ခြသေ့်နှစ်ကောင် အောင်း၍မရပါ။ မာယာဒေဝီ ဆိုသော ခြသေ့်မသည် တစ်နေ့တကောင်းမဟာဒေဝီနာဂဆိန်အား အပြတ်ဖယ်ရှားပစ်နိုင်ရန် နည်းလမ်းကောင်း ရှာရပေတော့မည်။

တောင်ကြီးနှစ်လုံးကြားမှ လမ်းသွယ်လေးအတိုင်း ဆင်း၍လာကြရာ ဧရာဝတီဆိပ်ကမ်းသို့ ရောက်လာကြသည်။ ဆိပ်ကမ်းတွင် တဲတန်းလျားပေါင်း များစွာတွေ့ရသည်။ ထိုတဲများပေါ်တွင် တကောင်းမြို့သို့ သွားမည့်သူများ ရှိသလို တကောင်းမြို့မှ ပြန်လာသူများကိုလည်း တွေ့ရသည်။

မာယာဒေဝီ အချိန်မဆိုင်းပါ။ မြင်းသုံးကောင်ပေး၍ လှေကြီးတစ်စီးဝယ်ယူလိုက်သည်။ ခက်သည်က သူတို့သုံးဦးစလုံး လှေမထိုးတတ်ပေ။ ဒီတော့ လှေသမား ငှားရပြန်သည်။

“ဆားတစ်အိတ်ပေးရင် ကျုပ်တကောင်းအရောက် လှေထိုးပေးပါမယ်”

ဟု လှေထိုးသားတစ်ဦးက ဆိုသည်။

“တစ်အိတ်မဟုတ်ပါဘူး နှစ်အိတ်ပေးမယ်”

ဟု ဆိုကာ ထိုလူကိုပင် လှေထိုးခိုင်းရတော့သည်။

ဧရာဝတီသည် အချို့နေရာများတွင် ကျယ်ဝန်းလှသော်လည်း အချို့နေရာများတွင် လွန်စွာမှကျဉ်းမြောင်းလှပေ၏။ လှေထိုးသမားကြီးသည် ထိုဧရာဝတီကို ဖွ..ကျတော်လို သဘောထားလျက် ကျွမ်းကျင်စွာ လှော်ခတ်ခဲ့သည်။

လှေမှာကြီးပြီး ကုန်မပါသဖြင့် စုန်ရေတွင် လျင်မြန်စွာ ပြေးသွားနေပါသည်။ မာယာဒေဝီ ထိုလှေကြီးပေါ်မှာထိုင်လျက် အားရကျေနပ်နေမိသည်။ မာယာဒေဝီ၏ ဘဝတွင် အရှုံးဟူသမျှ မရှိရဟုလည်း သူကိုယ်သူ လုံးဝယုံကြည်သည်။ သူမသည် တစ်နေ့တွင် တကောင်းတိုင်းပြည်ကြီး၏ အဂ္ဂမဟေသီ ဖြစ်ရမည်ဟုလည်း လုံးဝယုံကြည်သည်။

“မမမာယာ ရှေ့မှာ တကောင်းမြို့ကြီးကို လှမ်းမြင်နေရပြီဗျ”

ဟု ကျော်စွာက ပျော်ရွှင်စွာထ၍အော်ဟစ်လိုက်သည်။

“ဟုတ်တယ် မမမာယာ၊ မကြာမီကျုပ်တို့တွေ တကောင်းမြို့ ရောက်တော့မယ်ဗျ”

ဟု နန္ဒကလည်း ခုန်ပေါက်၍ ဆိုလိုက်ပြန်သည်။

မာယာဒေဝီ ကြည်နူးမှုတွေ အပြည့်ဖြင့် တကောင်းဆိပ်ကမ်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

မကြာမီ မာယာဒေဝီ၏ မျှော်လင့်ချက်များ ပြည့်ဝပေတော့မည်။ တကောင်းမြို့ ရောက်ပါက သူမ၏ ရည်ရွယ်ချက်များ စတင်အကောင်အထည်ဖော်ရမည်ဟု တွေးလျက် ပျော်ရွှင်ရသည်။

“နာဂဆိန်ရယ် နင်ဟာ ဘိန္နကရာဇာဘုရင်မင်းမြတ်ကြီးကို ဖျက်ဆီးမဝလို့ ဇေရာဇာကိုပါ ဆက်လက်ဖျက်ဆီး မယ်ပေါ့လေ၊ ဝေးပါသေးရဲ့ နာဂဆိန်ရယ်၊ ဇေရာဇာကို နင့်လက်က လွတ်အောင် ငါကောင်းကောင်းကြီးလုပ်ပြမယ်၊ နင်စောင့်ကြည့်နေပါ နာဂဆိန်ရယ်”

ဟု ဆိုကာ မာယာဒေဝီ၏ ဟားတိုက်ရယ်မောလိုက်သော အသံသည် ဧရာဝတီမြစ်ပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားလေတော့သတည်း။

ရွှေလဆန်းရန်

မောင်ယဉ်မွန်(မောင်နေခြည်)




www.burmeseclassic.com

www.burmeseclassic.com

# သာယာဝတီမင်း

# လက်ထက် **ရန်ကုန်**

## မောင်ဝင်းသစ်



သာယာဝတီမင်းလက်ထက် ရန်ကုန်မြေပုံ

ဤနေရာတွင် သာယာဝတီမင်း လက်ထက်တည်ထောင်သောရန်ကုန် မြို့၏ အကျယ်အဝန်းကို ဖော်ပြလိုပါ သည်။ ခရစ်နှစ် ၁၈၃၄ ခုနှစ်ဖွား၊ သက်တော် (၇၈)နှစ်ရှိပြီဖြစ်သော ဗဟန်း ကြားတောရ ကျောင်းတိုက် ဆရာတော် ဦးအရိယ မိန့်ကြား၍ မော်ဘီ ဆရာသိန်းကြီး မှတ်သားထား ချက်ကိုအကျဉ်းချုပ်ဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့၏ အကျယ်အဝန်းမှာ-

- အရှေ့ဘက်မြို့ရိုးသည် ဂေါ်ရာကုန်းအရှေ့ အလံပြဘုရားသည် မြို့အတွင်းကျသည်။
- အနောက်ဘက်မြို့ရိုးသည် မစ်ရင်လမ်း (မင်းရဲကျော်စွာလမ်း)ကျမည်ဟု ခန့်မှန်းသည်။
- မြောက်ဘက်မြို့ရိုးသည် ယခင်ရှင်စောပုမြို့ရိုးအတိုင်း ဖြစ်သည်။
- တောင်ဘက်မြို့ရိုးသည် ယခင်ဂျူဘလီဟော (နေရာဖြစ်သော စစ်သမိုင်းပြတိုက်ဟောင်း)နှင့် ကျားကူးသိမ်အကြား (ကျားကူးသိမ်သည် မြို့ပြင်ကျုံးထိပ်တွင် ရှိသည်။)
- အရှေ့တောင်ထောင့်မြို့ရိုးသည် ယခင် ဗြိတိသျှစစ်သားများနေသော ဂေါ်ရာကုန်း အဆုံးတွင် ကျမည်ဟု မှန်းဆသည်။
- အနောက်မြောက်ထောင့် မြို့ရိုးသည် ရေးကရှိသည့် ရှင်စောပုမြို့မြောက်ဘက် မြို့ရိုးဟောင်းထောင့်အနီးဟု မှန်းဆသည်။
- အရှေ့မြောက်ထောင့် မြို့ရိုးသည် ရွှေတိဂုံကုန်းထက်၊ တနင်္ဂနွေထောင့် ယခု ပေတစ်ရာလမ်းထောင့်ချိုးပေါ်တွင် ကျမည်ဟု မှန်းဆသည်။
- အနောက်တောင်ထောင့် မြို့ရိုးသည် မစ်ရင် (မင်းရဲကျော်စွာ) လမ်းအနီး ကျမည်ဟု မှန်းဆသည်။

သာယာဝတီမင်း၏ နန်းတော်နေရာသည် ဒဂုံမြို့နယ်၊ အ-ထ-က (၂) (ယခင်မြို့မ အမျိုးသား၊ အမျိုးသမီး အထက်တန်းကျောင်း)အရှေ့ရှိ မိုင်ဒါ (MAIDEN) ကွင်းမြောက်ဘက်၊ အင်္ဂလိပ်ဘုရားရှိခိုးကျောင်းနေရာဖြစ်သည်။

အင်္ဂလိပ်တို့ မှတ်တမ်းအရ မိုင်ဒါကွင်းနေရာသည် ဘုရင့်နန်းတော်နေရာဖြစ်သည်။ စစ်သမိုင်းပြတိုက်ဟောင်းနေရာတွင် ရှေးက ဘုန်းတော်ကြီးဦးပြားကျောင်းရှိသည်။ ထိုကျောင်း၏တောင်ဘက်တွင် စဥ္စပါဆရာတော်ကျောင်း၊ ဆားစားကျောင်းများ အပြင် စစ်သမိုင်းပြတိုက်ဟောင်းနှင့် မျက်နှာချင်းဆိုင်ဘုရားလမ်းအရှေ့ရှိ ယခင် ရွှေတိဂုံစေတီတော် ပုံတူစေတီသည် ဘိုးတော်ဘုရားလက်ထက် စကြာဝန်ကြီး တည်ထားသော လောကမာန်အောင်စေတီ (ယခု စိန်ရောင်ခြည်ဘုရား)ဖြစ်သည်။

စင်စစ် အလောင်းမင်းတရားကြီး၏ ရန်ကုန်နှင့် သာယာဝတီမင်း၏ ရန်ကုန်သည် တစ်သီးတစ်ခြားစီတည်ရှိသည်။

ဆူးလေစေတီသည် အလောင်းမင်းတရားကြီး ရန်ကုန်၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး ရွှေတိဂုံဘုရားသည် သာယာဝတီမင်း၏ ရန်ကုန်မြို့ပြင် မြောက်ဘက်တွင် တည်ရှိသည်။

အလောင်းမင်းတရားကြီး၏ ရန်ကုန်သည် မြစ်နှင့်နီး လွန်းသည်။ ရွှံ့ နွံ ထူထပ်သည်။

ထို့ကြောင့် သာယာဝတီမင်းက ရွှေတိဂုံ ဘုရားအနောက်တောင်ဘက်တွင် မြို့တည်ခြင်းဖြစ်သည်။

ဆရာတော်ကြီး ဦးအရိယ၏ မိန့်ကြားချက်တွင် ယခင် စစ်သမိုင်းပြတိုက်ဟောင်း မြောက်ဘက်တွင် ရှေးက ရွှေဂူဘုရားကြီးတိုက် ရှိသည်။ ဉာဏ်တော် (၅တောင်)၊ (၆တောင်) ခန့် တင်ပလ္လင်ခွေ အုတ်ရိုး၊ ရုပ်ပွားတော်များ၊ တော ဘက်သို့ ဦးခေါင်းပြုထားသော အတောင်နှစ်ဆယ်ခန့် လျောင်းတော်မူတစ်ဆူ၊ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များရှိသည်။

ယခင် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရုံးကြီးအတွင်း ဂေါ်ရာကုန်းထက်ပေါ်တွင် မင်းလက်ဝဲအမတ်တည်ထားသော အလံပြစေတီ (အလံတင်စေတီ) တောင်ဘက်အနီးတွင် မင်းလက်ျာစေတီ (ယခုမရှိပြီ)၊ ရွှေတိဂုံကုန်းတော်အောက် ယခင် ဓာတ်ရထားသွား တောင်ဘက်မုခ်ဘုရားလမ်းတွင် စေတီနှစ်ဆူ၊ ခြင်္သေ့နှစ်စီး၊ (ယခုစေတီတစ်ဆူနှင့် ခြင်္သေ့တစ်စီး သာကျန်)ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မုခ်ဦးစေတီ၊ မုခ်ဦး ခြသေ့်ဟု ခေါ်သည်။

တစ်နည်းဆိုလျှင် ယနေ့ ရွှေတိဂုံဘုရားလမ်းမကြီးနှင့် ဝန်းကျင်တစ်ဝိုက်တွင် ရေးက ဇရပ်၊ တန်ဆောင်း၊ ဘုရား ကျောင်း ကန် စေတီ ပုထိုး စသော သာသနိက အဆောက်အဦများဖြင့် စည်ကားစွာ ရှိနေမည်ဟု မှန်းဆပါသည်။

ထို့ပြင် ရေးက သိမ်ကြီးဈေးတစ်ဝိုက်တွင် ထင်ရှားသော သာသနိက အဆောက်အအုံများ ရှိခဲ့ဖူးသည်။

ယခု သိမ်ကြီးဈေးနေရာတွင် ကျိုက်မဲ သံကရော စေတီတော်ကြီးတစ်ဆူ တည်ရှိခဲ့သည်။

(၎) စေတီတော်၏ အရှေ့ဘက်တွင် ကျိုက်မဲသံကရော သိမ်တော်ကြီး ည်ရှိခဲ့ရာ ယနေ့တွေ့ ရှိရသော သိမ်ကြီးဈေးအနီးရှိ ရဟန္တာ သိမ်တော်ကြီးပင်ဖြစ်သည်။

သိမ်တော်ကြီး၏ တောင်ဘက်တွင် တပ်ကလေးခေါ် ဈေးတစ်ဈေးရှိပြီး မြို့ဆင်ခြေဖုံး ရပ်ကွက်ဖြစ်သည်။

(ယင်းနေရာသည် ယခု လသာလမ်း နှင့် ကုန်ဈေးတန်း သို့မဟုတ် ရွှေဘုံ သာလမ်းအတွင်း တည်ရှိမည်ဟု ခန့်မှန်းထားပါသည်။)

ထိုတပ်ကလေး ဈေးတွင် တရုတ်လူမျိုးများ စုပေါင်းနေ ထိုင်ကြသည်။ ပင်လယ်ကူးတရုတ် ကတ္တူလှေများ (JUNKS)ဆိုက်ကပ်ရာ ဆိပ်ခံတံတား (CHINA WHARF) ယခု အမှတ် (၃) ဘောတံတားနေရာ ဖြစ်သည်။ တပ်ကလေးအလယ်မှ လမ်းမကြီးသည် ကမ်းနားဆိပ်ခံ တံတားမှ ရွှေတိဂုံဘုရားတောင်ဘက် မုခ်အထိ ပေါက်သည်။

ယနေ့မြင်တွေ့ ရသော ရွှေတိဂုံဘုရားလမ်းပင် ဖြစ်သည်။

ထိုအချိန်က တရုတ်ကတ္တူလှေများသည် ရန်ကုန်နှင့်ထားဝယ်၊ မြိတ်၊ ပီနန်၊ မလက္ကား၊ စင်္ကာပူ၊ ပလန်ဘင်၊ ဆမာရမ် (SAMARAM)၊ ဘတ်တေးဗီးယား (ဂျကာတာ)ဆိပ်ကမ်းများအကြား လွန်းပျံသွားလာနေကြပြီး မြန်မာနိုင်ငံမှ ချိတ်၊ ရှားစေး၊ ငါးစည်ပေါင်း၊ ငှက်သိုက် စသည်များကို တင်ဆောင်ရောင်းဝယ် ဖောက်ကားကြသည်။

ဗြိတိသျှလက်အောက် မြန်မာနိုင်ငံ ကမ္ပည်း ကျောက်စာဌာန (ရှေးဟောင်းသုတေသနဌာန) တွင် ကျောက်စာဝန် ဖြစ်ခဲ့ဖူးသော တော်စိန်ခို၏ ဖခင်မှာ ၁၈၄၀ ပြည့်နှစ်က ကတ္တူလှေဖြင့် ကမ်းရိုးတန်းကုန်သွယ်မှုကို လုပ်ဆောင်ခဲ့သူတစ်ဦး ဖြစ်သည်။

တပ်ကလေးဈေး၏ မြောက်ဘက်တွင် ဘုန်းတော်ကြီး ဦးပညာကျောင်း၊ သိမ်ကြီး၏ အရှေ့ဘက် ပန်းပဲတန်းနှင့် သံဖြူတန်း (၂၈)လမ်းအကြားတွင် ဆရာတော် ဦးရွှန်း၏ မှန်ကင်းကျောင်း။ ထိုကျောင်း၏ တောင်ဘက်တွင် မဟာရံတံတိုင်း ကာရံထားခြင်းမရှိသော ဉာဏ်တော်အမြင့် (၃၀)ခန့်ရှိ ရှင်ပင်ရွှေကြို့စေတီတော်၊ ရွှေတိဂုံဘုရားလမ်းနှင့် (၂၇)လမ်းအကြားရှိ ရန်ကုန်ဆေးရုံဟောင်းနေရာတွင် ဘုန်းတော်ကြီး ခင်ကြီးဖြူကျောင်းတိုက်၊ ဆေးရုံဟောင်း တောင်ဘက်တွင် မဟာပိန္နဲ ပုဏ္ဏားကျောင်းတိုက်၊ ထိုကျောင်းတိုက်၏ အနောက်မြောက်ဘက်တွင် ရန်ကုန်ဂိုဏ်းအုပ်ဆရာတော် ဒူးရင်းဆရာတော်ကြီးကျောင်းတိုက်၊ ဆေးရုံဟောင်း၏ အရှေ့ဘက်တွင် တောင်ဘီလူးကျောင်းတိုက် စသည်များ တည်ရှိခဲ့သည်။

မောင်အေးသန့်

www.burmeseclassic.com

# နိဗ္ဗာန်လမ်းပြ ဝိပဿနာ တရားတော်(၆)

## (ရုပ်ခေတ်ရှစ်ပါး)

■ မဟာထွန်း

### အာပေါခေတ်

**၁။ နာ။ ရှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာ၊ ကြား။ လေ့လာ အားထုတ်ပါက**

သေရာညောင်စောင်း လဲလျောင်းပြီးကာ ရောဂါဆူသည်း ပူသည်းဆူပွက် သတိလစ်မဲ့ သေခဲ့ရငြား မလားအပါယ် ထက်ဝယ်နတ်ပြည် ရောက်ကြောင်းကေန် စင်စစ်မှန်၏။ တစ်ဖန်ထို့ပြင် မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန် ရောက်ဟု ဘုရားမိန့်မှာ ဟောသည်သာတည်း။

**သောတာနုဂသုတ်၊ အံ၊ ၁။**

**၂။ နာ။ ရှုတ်၊ စိတ်၊ ဉာဏ်၊ ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက –**

(၁) ကျန်းမာနေစဉ် မသေခင်ဝယ် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင် ဖျားနာစဉ်နှင့် (၃) သက်ငင်ပူပြီး သေခါနီးမှာ မဂ်ရလာ၏။ (၄) မရပါက နတ်ဘဝမှာ သေချာကိန်းသေ မဂ်ရလေ၏။ (၅) တစ်ထွေထိုမှ ဓမ္မရာဂ ဓမ္မနန္ဒီ ထိုစွမ်းရည်ကြောင့် မထေရ်မြတ်လှ ပစ္စေကဟု ဗုဒ္ဓအငယ် ဖြစ်ရဖွယ်သည် ငါးသွယ်အားထုတ် ရကျိုးတည်း။

**ဝေဠုကောပဒေသ ပါဠိတော်၊ ၁၈၉။**

အထက်ပါ ကဗျာနှစ်ပုဒ်သည် ပျံလွန်တော်မူ ကျေးဇူးရှင် အမြိုက်ဆရာတော်ဘုရားကြီးနှင့် တူတပည့် ဖြစ်တော်မူသော ဦးပဥ္စင်းလေးခေါ် အရှင်ဝိစိတ္တသာရာဘိဝံသ (အဂ္ဂမဟာအကျော် မအူပင်၊ လေးအိမ်စု)တို့၏ မူပိုင် ရင်တွင်းဖြစ်များ ဖြစ်ပေသည်။ ဤစာရေးသူ အမြိုက်တရားစခန်း သွားဝင်ရ၍၊ ဖြန့်ဝေစွန့်ကြဲကြ၍ ရလာခဲ့သည်။

အင်မတန်မှ ကောင်းမွန် သိပ်သည်းပြီး ဖွဲ့နွဲ့ရေးသားပုံ သေသပ်သောကြောင့် တန်းခနဲ ရှင်းခနဲ၊ လင်းခနဲ မြင်သာထင်သာ ရှိသောကြောင့် ဤစာရေးသူတို့လို ဉာဏ်ပညာ လူပြိန်းသူများသည်ပင် နားလည်နိုင်၍ အထူးပင် ကျေးဇူးတင်ရပေသည်။

သာသနာတော်နှင့် တွေ့ကြုံရကျိုး၊ တရားဘာဝနာများ ပွားများအားထုတ်ရကျိုးကို များစွာအားတက်စေပြီး ကြီးမားသော အထောက်အမ တစ်ခုဟူ၍လည်း ဆိုနိုင်လေသည်။ ဤကဲ့သို့ ကဗျာကောင်း၊ စာကောင်းများကို အုပ်တစ်ရာဖတ်၍ တစ်ပုဒ်ရရှိရန်ပင် ခဲယဉ်းလေသည်။

တရားဓမ္မကို နာကြားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တိုင်း အာဂုံဆောင်ထားသင့်သည်။ အခြားသော ဓမ္မယောဂီအပေါင်းတို့အားလည်း မျှဝေပေးကမ်းသင့်သည်။

အာပေါခေတ်သည် ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း၏ သဘောကို ဆောင်သည်။ ဖွဲ့စည်းခြင်းအားလုံး၊ ယိုစီးခြင်းအားလုံးကို အာပေါ/အာပေါခေတ်ဟု သိနိုင်သည်။ အာပေါ၏ ပရိယာယ်ကား အများအပြားရှိလေသည်။

သို့သော်လည်း အာပေါခေတ်ကို ရှုတရားအနေဖြင့် မရှုသင့်ဟု ဆရာမြတ်တို့ ဆိုကုန်ကြသည်။ အရှုခက်သောကြောင့် ဖြစ်သည်။ အာပေါခေတ်ကို ဉာဏ်၌ ပြတ်သားရန် ခဲယဉ်းသည်။

အာပေါခေတ်သည် ပထဝီဦးဆောင်သော ရုပ်ကြမ်းအုပ်စုထဲမှာ ပါသော်လည်း "အာပေါခေ ဝိဝဇ္ဇိတာ"ဟု ဆိုထားသည်။

ထိုသို့ သဘောရှိ၍ သိဉာဏ်မှာ ထင်သော်သည်း ရှုဉာဏ်မှာ ပြတ်သားရန် ခဲယဉ်းနေတတ်သည်။ အင်မ



www.burmeseclassic.com

www.burmeseclassic.com

တန် ဉာဏ်ပညာထက်မြက်သူတို့ ရနိုင်မည်ဖြစ်သော်လည်း ဉာဏ်ထုံနေသေးသော ဓမ္မယောဂီများအတွက် လွယ်ကူရန် ခက်တတ်သည်။

သို့သော်လည်း ဓမ္မအစဉ်၌ ထင်ရှားလျက် ရှိနေသောကြောင့် ဤ၌လည်း ထည့်သွင်းရပေသည်။ အာပေါ်၌ ဉာဏ်သန်သော ဓမ္မယောဂီများ ဤဓမ္မစာစုကို ဖတ်မိပါမူ အာပေါဉာဏ်ရှိသည့်အလျောက် ရှုကွက်အနေဖြင့် ရစေလိုသောကြောင့် ထည့်သွင်းလိုက်ရခြင်းလည်း ဖြစ်သည်။

အာပေါဓာတ်၏ သဘောမှာ ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းဟု ဆိုရာ၌ ခန္ဓာကိုယ်ပေါ်သို့ မတင်မီ လောကမျက်မြင်အကြောင်းအရာအချို့ကို လေ့လာကြည့်ပါ။

ပရမာ အနုမြူစသည့် အမှုန်အမွှား သေးငယ်သော အရာဝတ္ထုများကို အာပေါဓာတ်ဖြင့် စုပေါင်းဖွဲ့စည်းထား၍ ငါတို့၏မျက်စိ၌ မြင်နိုင်သော အတုံးအလုံး အစိုင်အခဲ စသည်ဖြင့် ဖြစ်တည်လာရသည်။

မြေမှုန်ပေါင်း မြောက်မြားစွာတို့ကို ရေတည်းဟူသော အာပေါဓာတ်ဖြင့် ဖွဲ့စည်းထား၍ မြေခဲ၊ မြေတောင် စသည်ဖြင့် ဖြစ်တည်လာခဲ့သည်။ မြေခဲ၊ မြေတောင် အားလုံးသည်ပင် အင်မတန် သေးငယ်သော မြေမှုန်၊ မြေမွှားလေ မြောက်မြားစွာတို့ ရေတည်းဟူသော အာပေါဖြင့် ဖွဲ့စည်းနေခြင်း/ဖွဲ့စည်းထားခြင်းကြောင့်ဟု သိနိုင်သည်။

ထို့ကြောင့် အာပေါသည် ဖွဲ့စည်းသဘောရှိသည်ဟု ဆိုရသည်။

ဤသည်မှာ အာပေါဓာတ် နည်းပါးခြင်း၊ အားနည်းခြင်း၏ သဘောဟု ဆိုနိုင်သည်။

အာပေါဓာတ် အားကြီးခြင်း၊ လွန်ကဲခြင်း ရှိပါမူ ယိုစီးခြင်းကို ဖြစ်စေသည်။ မုန့်မှုန့်၊ မြေမှုန့် စသည်များကို ရေဖျော်ပါမူ ရေနည်းလျှင် လုံး၍ ခဲ၍ ရနိုင်သော်လည်း ရေများပါမူ လုံး၍ နယ်၍ မရနိုင်ပေ။ တောင်း၊ ဆန်ခါ စသည် တစ်ခုခုဖြင့် ထည့်ကြည့်လျှင်ပင် ယိုကျသွားပေလိမ့်မည်။ ဤသည်မှာ အာပေါဓာတ်၏ လွန်ကဲခြင်း သဘောကို ပြခြင်းဖြစ်ပေသည်။

ထို့ကြောင့် အာပေါဓာတ်သည် အားနည်းလျှင် ဖွဲ့စည်းခြင်းကို ဖြစ်စေပြီး လွန်ကဲလျှင် ယိုစီးခြင်းကို ဖြစ်စေလေသည်။

ဥပမာကို ဤမျှသာပြပြီး ဥပမေယျဖြင့် ကိုယ်ပေါ်ကို တင်ကြစို့။ အရာအားလုံး၊ တရားအားလုံးကို ကိုယ်ပေါ်တင်၍ ရှုမှ ရှုတရားအနေဖြင့် ရှုမှတ်၍ ရပေမည်/ရှုမှတ်တတ်ပေမည်။

သတ္တဝါတို့၏ ကိုယ်ကိုလည်း အာပေါဓာတ်ဖြင့် ကြည့်လျှင် ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်းနှစ်မျိုးကိုသာ တွေ့ရပေလိမ့်မည်။

လွန်ကဲပြီး အားများသော အာပေါဓာတ်ဖြင့် ကြည့်လျှင် သတ္တဝါတို့၏ကိုယ်၌ သွေးဓာတ်၊ ရေဓာတ် နှစ်မျိုးကိုသာ တွေ့ရပေလိမ့်မည်။ ထိုအထဲ၌ ပြည်၊ ချွေး၊ သလိပ်၊ မျက်ရည်၊ တံတွေး စသည်များကိုလည်း ထည့်သွင်းရသည်။ အာပေါဓာတ်လွန်ကဲ၍ ယိုစီးတတ်သော အရာအားလုံးကို ထည့်သွင်း၍ ယူနိုင်သည်။

ထို့ကြောင့်လည်း သတ္တဝါတို့၏ ကိုယ်၌ ထိုထို အာပေါဓာတ်များ ယိုစီးလျက်ရှိနေခြင်း ဖြစ်သည်။ သတ္တဝါတို့၏ ကိုယ်ကို လွန်ကဲသော အာပေါဓာတ်နှင့် ကြည့်လျှင် ယိုစီးခြင်းဟု သိနိုင်၊ ရှုမှတ်နိုင်လေသည်။

အားနည်းသော အာပေါဓာတ်ဖြင့် ကြည့်လျှင်လည်း ဖွဲ့စည်းခြင်းကို တွေ့နိုင်ပေလိမ့်မည်။ အသား၊ အရေ၊ အရိုး၊ ဆံပင် စသည်များပင် ဖြစ်သည်။

အသားစိုင်များ ပြို၍၊ ယို၍၊ ကျ၍မသွားအောင် ဖွဲ့စည်းထားခြင်းမှာ အာပေါဓာတ်ပင် ဖြစ်သည်။ အသားထက် အရိုးက ပို၍မာသည်။ ထို့ကြောင့် အရိုးသည် အသားထက် အာပေါဓာတ် သာ၍ အားနည်းသည်ဟု သိနိုင်သည်။

(ကျောက်ခဲ၊ ကြေးခဲ၊ သံခဲများကိုလည်း ထိုအတိုင်းပင် သိနိုင်သည်။)

အာပေါဓာတ်ကို ရှုတရားအနေဖြင့် ရှုမှတ်လိုသော ယောဂီများ မိမိတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်း ထိုနှစ်မျိုးတွင် ကြိုက်ရာကို ရှုမှတ်နိုင်သည်။ နှစ်မျိုးလုံးကို တစ်လှည့်စီ ရှုမှတ်လျှင်လည်း ရလေသည်။

ဤမျှလောက် သိထားလျှင်ပင် အာပေါဓာတ်နှင့် ပတ်သက်၍ အထိုက်အလျောက် လုံလောက်ပေလိမ့်မည်။ အာပေါဓာတ် တရားရှုမှတ်၍ မလွယ်သည့် အကြောင်းကိုလည်း ရှေ့က ဆိုခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သည်လအတွက် တရားရှုမှတ်ပုံ အစီအစဉ်နှင့်တကွ စတင်ပြီး ရေးတော့မည်။ အခြားလများတွင်လည်း တရားရှုမှတ်ပုံ အစီအစဉ်များကို အလျဉ်းသင့်သလို ထည့်သွင်းပေးသွားရန်ကို စိတ်ကူးထားသည်။

## တရားရှုမှတ်ပုံ အစီအစဉ်

ဦးစွာ သီလဆောက်တည်ပါ။ တရားရိပ်သာမှာ ဆိုလျှင်လည်း ငါးပါး၊ ရှစ်ပါး စသော သီလကို အကျဉ်းမျှသော်လည်း ထပ်ပေးပါ။

ထို့နောက် ဘုရားရှိခိုးပါ။ အခြား ဘုရားရှိခိုးချိန်တွင် မိမိတို့ ကျက်မှတ်ကြည်ညို၍ ရှိသမျှကို ရှိခိုးလေ့ရှိကြသော်လည်း သည်အချိန်၌ တရားပွားများရန်အတွက်မျှသာဖြစ်၍ အကျဉ်းမျှသာ ဘုရားရှိခိုးရသောကြောင့် ဤ၌ နမောတဿသည် အသင့်လျော်ဆုံးပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို အာရုံပြု ကြည်ညိုပြီး နမောတဿကို သုံးခေါက် ရွတ်ဆို ပူဇော်လိုက်ပါ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးကြိမ်)

ထို့နောက် မေတ္တာပို့ပါ။ မေတ္တာသည် အအေးဓာတ်ဖြစ်သောကြောင့် အရာတိုင်းတွင် အရေးတကြီးလိုအပ်ပေသည်။ တရားဘာဝနာ ဟူသည်မှာ စိတ်အလုပ်၊ ဉာဏ်အလုပ်ဖြစ်သောကြောင့် ပို၍ သာ၍ပင် လိုအပ်လေသည်။

## မေတ္တာပို့

၁။ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

၂။ ဤကျောင်း (ဤ = ဓမ္မာရုံ၊ အိမ်၊ ဇရပ်၊ လှေ၊ သင်္ဘော၊ မော်တော်၊ ကား၊ ရထား၊ လေယာဉ်၊ မိမိတည်နေရာ အရပ်ကို ထည့်ဆိုရန်) ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ ဤရပ်ကွက် (မိမိနေသည့် ရပ်ကွက်၊ ရွာ၊ တောတောင် စသည်ကို ထည့်ဆိုရန်)၌ ရှိကြကုန်သော အားလုံးသောသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ ( ) ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၄။ ဤမြို့နယ်အတွင်း၌ (ရောက်နေသည့် မြို့နယ်ကို ထည့်ဆိုရန်)ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ( ) မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၅။ ဤတိုင်း (မိမိရောက်နေသော တိုင်း/ပြည်နယ်များကို ထည့်ဆိုရန်)ရှိကြကုန်သော ( ) ရွက်ဆောင်နိုင်ကြပါစေ။

၆။ ဤနိုင်ငံ (မိမိရောက်/နေသော နိုင်ငံကို ထည့်ဆိုရန်)အတွင်း၌ ရှိကြကုန်သော ( )ရွက်ဆောင်နိုင်ကြပါစေ။

၇။ ကမ္ဘာအတွင်း၌ ရှိကြကုန်သော ( ) ရွက်ဆောင်နိုင်ကြပါစေ။

၈။ သုံးဆယ့်တစ်ဘုံအတွင်း၌ ရှိကြကုန်သော ( )ရွက်ဆောင်နိုင်ကြပါစေ။

၉။ စကြဝဠာအတွင်း၌ ရှိကြကုန်သော ( ) ရွက်ဆောင်နိုင်ကြပါစေ။

၁၀။ စကြဝဠာအနန္တ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ် ရွက်ဆောင်နိုင်ကြပါစေ။

* * *

## စနစ်တကျ ထိုင်ပုံ

မိမိတို့ ကြိုက်နှစ်သက်သလို ထိုင်နိုင်သည်။ ဤစာရေးသူ၏ နည်းကား တင်ပျဉ်ခွေထိုင်ခြင်းပင် ဖြစ်သည်။

ဘယ်ခြေအောက်၊ ညာခြေအပေါ်၊ ဘယ်ဘက်ခြေဖဝါးအလယ်မှာ ညာဘက်ခြေဖဝါးကိုထား၊ ဘယ်ဘက်ပေါင်နှင့် ခြေသလုံးကြားမှာ ညာဘက်ခြေဖဝါးကို ထား။

ဘယ်လက်အောက်၊ ညာလက်အပေါ်၊ လက်မ



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ချင်း ထိထပ်ထား၊ ခါးကိုဆန့်လုတ်ထား၊ ခေါင်း/မျက်နှာကို ကိုယ်နှင့် တစ်ဖြောင့်တည်းထား။

အကြောအားလုံးကို လျှော့ချလိုက် (ခါးကိုချခိုင်းခြင်း မဟုတ်၊ ခါး ကိုယ်၊ လက်များကို တောင့်ထားမိမည့်စိုး၍ အကြောများကို လျှော့ချစေခြင်းသာဖြစ်သည်။)

မျက်စိမှိတ်လိုက်၊ မျက်စိကျိန်းစပ်နေလျှင် မှိတ်ထားရင် လည်းပစ်လိုက်၊ ထို့နောက် ပြန်ငြိမ်ကြည့်၊ ကျိန်းသေးလျှင် လက်နှင့် ဖွဖွတို့ ပွတ်ပစ်လိုက်၊ ပြန်ငြိမ်ကြည့်၊ ထိုမှုဖြင့်လည်း ကျိန်းနေသေးလျှင် ပြန်ဖွင့်ပစ်လိုက်။

မျက်တောင်များကို ခတ်ပြီး လေ့ကျင့်ပါ။ အဝေးအနီးများကိုကြည့်ပါ။ လိုအပ်လျှင် ဖွဖွတို့ပွတ်ပါ။ အလျင်တလို မလုပ်ပါနဲ့။ မှန်မှန်ဖြည်းဖြည်းလုပ်ပါ။ အလျင်တလိုလုပ်လျှင် သမာဓိပျက်တတ်သလို မျက်စိလည်း ပို၍ သာ၍ပင် ကျိန်းစပ်သွားတတ်သည်။

ထိုအခါ သာ၍ပင် အနှောင့်အယှက်ဖြစ်သွားတတ်သည်။ ထို့ကြောင့်သာလျှင် မလိုဘဲ ဖြည်းဖြည်းမှန်မှန်သာ ပြုလုပ်ရသည်။

ဤသည်မှာလည်း မလိုလျှင် မလုပ်။ လိုမှသာ ပြုလုပ်ရသည်။ မလိုလျှင် စနစ်တကျ ထိုင်ပြီးသည်နှင့် တရားတန်းပြီး ရှုမှတ်ရုံသာရှိသည်။

ကြိမ်ဖန်များစွာ အလေ့အကျင့်ပြုလုပ်လိုက်လျှင် မျက်စိလည်း မကြိမ်းတော့ပေ။ သို့ပါမှလည်း ချမ်းသာစွာဖြင့် တရားရှုမှတ်နိုင်မည် ဖြစ်သည်။

## စိတ်ကို ထိန်းချုပ်ပုံ

စိတ်ကို နှာသီးဝသို့ ပို့ပါ။ စိတ်သည် လျှင်မြန်စွာ ပြန့်လွင့်နေသောကြောင့် နှာသီးဝသို့ ပို့လျှင်လည်း မြန်၍ပင် ပြန့်လွင့်နေပေလိမ့်မည်။ လွင့်လျှင် ပြန်ပို့/လွင့်လျှင်ပြန်ပို့ ကြိမ်ဖန်များစွာ ပို့လေလျှင် စိတ်သည် တတ်စွမ်းသမျှဖြင့် နှာသီးဝမှာ ငြိမ်သက်လာပေလိမ့်မည်။

## ရှုမှတ်ပုံ

စိတ်,တတ်စွမ်းသမျှ နှာဝသီးဝမှာ ငြိမ်သက်လာပြီးမှ လေတိုးသည်ကိုသာ စိတ်ကိုစိုက်ပြီး ရှုမှတ်ရမည်။

ဤ၌လည်း "လေ–နှာသီးဝဝတိုး"ဟု ဤသုံးမျိုးကို အဓိက အာရုံစိုက်ရမည်။

ဤသုံးမျိုးကို လိုသလောက် ရှုမှတ်ပြီးနောက် လေကိုလည်း အာရုံမစိုက်၊ နှာသီးဝကိုလည်း အာရုံမစိုက်တော့ဘဲ တိုးကိုသာ အဓိကထား အာရုံစိုက်ပြီး ရှုမှတ်ရမည်။

လေနှင့် နှာသီးဝသည် ပညတ်၊ တိုးသည် ပရမတ်၊ တရားရှုမှတ်ရာ၌ ပညတ်မပါရပေ။ ပညတ်ပါနေလျှင် ဝိပဿနာ မစစ်၊ ဝိပဿနာ မစစ်လျှင် မဂ်ကိုလည်း မရနိုင်ပေ။

ဤ၌ ပရမတ် သတ်သတ် ရှုမှတ်နည်းကို ဤမျှသာ မှာထားဦး။ ဓာတ်ခန်းကို ရောက်မှ အကျယ်ကို ရှင်းပြမည်။ ဤစာရေးသူ တရားပြတိုင်းလည်း ဓာတ်ခန်း ဓာတ်၏သဘောကိုသာ အဓိကကိုင်သည်။ ဓာတ်သဘောကို လူတိုင်းနီးပါး နားလည်လွယ်သောကြောင့် ဖြစ်သည်။

* * *

ဤတွင်လည်း အထက်ပါ အခန်းကို တရားရှုမှတ်၍ ပြီးပြီဟု မှတ်ယူရမည်။ တစ်ကြိမ်အနားပေးပြီဟုလည်း ဆိုနိုင်သည်။ သို့တည်းမဟုတ် တစ်ရက်တာ ရှုမှတ်ပြီးဟုလည်း မှတ်ယူနိုင်သည်။

ဤစာရေးသူ မိမိ၏ကျောင်းမှာ တရာပြသည်ဖြစ်စေ၊ အခြားရိပ်သာ စသည် တစ်နေရာရာမှ လာပင့်ကြ၍ဖြစ်စေ။ ဤနည်းကိုသာ အခြေခံမှစ၍ ကိုင်သည်။

ဤစာရေးသူ ငယ်စဉ်ကပင် တရားလိုက်လာခဲ့ရာ ဤနည်းသည် တရားရလွယ်ဆုံးဟု နားလည်ထားသည်။ တရားနှင့် ပတ်သက်လျှင် မည်သည့်နေရာမှ လာပင့်ကြသည်ဖြစ်စေ လိုက်ပြီးပြသပေးသည်။

ယခုလို ခြောက်သွေ့စ ဆောင်းရာသီ၌ တရားရှုမှတ်၍ အလွန်ကောင်းသည်။ ထိုင်စတွင် အေးသော်လည်း အတန်ကြာသောအခါ မိမိဘာသာပင် အငွေ့လုံသွားသည်။ ထိုအခါ နွေးထွေးသော အငွေ့ဓာတ်ဖြင့်ပင် လုံလောက်သွား၍ တရားအပေါ်တွင် သာ၍ပင် အာရုံက ရှုမှတ်ရသည်မှာ သမာဓိပိုရလွယ်ပြီး ရှုမှတ်ရ


www.burmeseclassic.com

www.burmeseclassic.com

သက်သာလွယ်ကူလေသည်။

တရားရှုမှတ်ရာ၌ သက်သာလွယ်ကူသော နည်းကို ရှာရသည်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ စိတ်ထဲ၌ မွန်းကျပ်သော အဖြစ်မျိုးသည် တရားရှုမှတ်သော ယောဂီအား အနှောင့်အယှက်ကိုသာ ဖြစ်စေသည်။ ရပြီးသား သမာဓိပျက်ကာ ရှုမှတ်နေကျဖြစ်သော တရားသို့လည်း အာရုံကျရန် ခဲယဉ်းလေသည်။

တချို့ယောဂီများမှာ မှားယွင်းစွာဖြင့် ဆင်းရဲစွာဖြင့် ရှုမှတ်ရ ဆင်းရဲစွာ ကျင့်ကြံပွားများ ရှုမှတ်ရသည်ကို ကြိုက်နှစ်သက်နေတတ်သည်။ ဆင်းရဲစွာ ကျင့်ကြံပွားများရှုမှတ်ပါက တရားရမည်ဟုလည်း မှတ်ယူနေတတ်သည်။ ထိုကဲ့သို့ မှားယွင်းခြင်း မဖြစ်စေရန် အထူးပင် ဆင်ခြင်းသင့်လှသည်။

## နိဂုံးမေတ္တာပို့

တရားရှုမှတ်ပြီးလျှင် မေတ္တာပို့ရဦးမည်။ ဤ၌ကား မေတ္တာပို့ကို ကျုံ့လိုက်ပြီ။

၁။ မြေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ ရေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ လေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဤမေတ္တာပို့သည်လည်း တိုကျဉ်းသည့်တိုင်အောင် ထိမိလှသည်။ သုံးဆယ့်တစ်ဘုံ ခြုံမိ၊ ငုံမိသည်။

ပြည့်စုံစွာဖြင့် ဖြည့်စွက်၍ ထည့်ဆိုလိုပါမူကား

၁။ မြေ၌ ရှိကြကုန်သော/မြေခေတ်ရှိကြကုန်သော ...

၂။ ရေ၌ ရှိကြကုန်သော/ရေခေတ်ရှိကြကုန်သော ...

၃။ လေ၌ရှိကြကုန်သော/မြေခေတ်ရှိကြကုန်သော ... ဟူ၍လည်း ဆိုနိုင်သည်။

သတ္တဝါမှန်လျှင် မြေမှာ နေသည်ဖြစ်စေ၊ ရေမှာ နေသည်ဖြစ်စေ၊ လေမှာ (ပြိန်ဝဲ) နေသည်ဖြစ်စေ၊ မြေခေတ်၊ ရေခေတ်၊ လေခေတ် သတ္တဝါတိုင်းမှာပင် ရှိကြမြဲဖြစ်သည်။ ထို့ကြောင့် ဤမေတ္တာပို့နည်းသည်လည်း သုံးဆယ့်တစ်ဘုံ သတ္တဝါအားလုံးကိုပင် ခြုံမိ၊ ငုံမိလေသည်။

ဤစာရေးသူ တရားပြတိုင်း၊ တရားတစ်ကြိမ်ထိုင်တိုင်း ဤကဲ့သို့ မေတ္တာပို့ကို ရှေ့နောက် နှစ်ကြိမ် ပို့ပေးလေ့ရှိသည်။

တရားကို ထိုင်ပြီး ရှုမှတ်ရာ၌ မေတ္တာကို နှစ်ကြိမ်တိုင်တိုင် ပို့ပေးနေလျှင် တရားထိုင်ခြင်းကို မထိခိုက်ဘူးလား။ အချိန် ပိုပြီး မကုန်ဘူးလားဟု မေးဖွယ်ရှိသည်။

ထိုအမေးသည် မှန်သော်လည်း အအေးဓာတ်ဖြစ်သော မေတ္တာကို သာ၍ ဦးစားပေးလိုသောကြောင့်ဟု ဆိုလိုက်ရသည်။

ဤမေတ္တာဓာတ်ကိုပင် ဝိပဿနာသို့ တင်ရှု၍ ရသည်ကိုလည်း နောင် အလျဉ်းသင့်လျှင် ရေးဦးမည်။

## နိဂုံး

ယနေ့တိုင်အောင် ပြုလုပ်ရသော အားထုတ်ရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အဖို့ဘာဂ ရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှအမျှ အမျှ ပေးဝေပါကုန်၏။ အမျှရ၍ ကျန်းမာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။


*(ဆက်ရန် ...)*

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ယုံမှားသံသယ

အောင်ကျော်ညို(ဆင်ချဆိပ်)

ရှာဦးထိပ်က ညောင်ညိုပင်ကြီး ထီးထီးမားမား။ ရွက်ဖြန့်မိုးလျက် ဣန္ဒြေရရနှင့် ရှိနေသည်။ ရပ်နီးရပ်ဝေး ခရီးသွားများနားခိုရာ ရိပ်ကောင်းဆာယာနှင့် ရိပ်သာကောင်း။ နေ့နေ့ညည အချိန်မရွေး၊ ရာသီမရွေးပါ။ ဤညောင်ပင်အောက်မှ ဖြတ်သွားဖြတ်လာ နားခိုအပန်းဖြေ ငြိမ်းချမ်းမှုအတိ။ တစ်နေ့ တစ်စုံတစ်ဦး၏ ပယောဂကြောင့် ညအချိန် ဤညောင်ပင်ကြီးပေါ်မှ မကောင်းဆိုးဝါး ဆင်းလာခြောက်လှန့်တတ်ကြောင်း သတင်းထွက်ပေါ်လာခဲ့သည်။ စလျှင် ကားသွားတတ်သည့် စကား၏သဘာဝ အချိန်တိုအတွင်း အရပ်ရပ်ချက်နှာသို့ ပျံ့နှံ့ထွက်သွားသည်။ ထိုအချိန်မှစ၍ နေညိုပြီဆိုသည်နှင့် ညောင်ပင်ကြီးအောက်မှာ နားခိုသူမရှိသလောက်ပါ။ ကျီးကန်းတောင်းမှောက် ဂနာမငြိမ် အပြေးအလွှား ရှိနေတတ်ကြသည်။ ညဘက်ဆိုလျှင် ပိုဆိုး။ ချိုးချိုးချွင်ချွင် အသံဗလံကြားသည်နှင့် ဟုတ်ပြီ။ သရဲခြောက်ပြီ။ ဖဝါးနှင့်တင်ပါး တစ်သားတည်း။

အမှန်မှာ ညောင်ပင်ကြီးတွင် မည်သည့်ပြဿနာမှ မရှိ။ ပြဿနာရှိသည်မှာကား ကောလဟာလအခြေခံ ယုံမှားသံသယအသိက လွှမ်းခြုံခြောက်လှန့်ခံရခြင်း။ ဉာဏ်သတိအသိပညာ ကိုယ်ခံအား နည်းပါးသူများ၏ လက္ခဏာ။ ယုတ္တိတန်၏ မတန်၏ မစဉ်းစား။ တစ်စုံတစ်ဦးက ပြောသည်နှင့် လွှတ်ပြီး ယုံလိုက်ခြင်း၏ ဆိုးကျိုးသက်ရောက်မှု။

အန္တရာယ်အတွက်ဆိုလျှင် ကြိုတင်သိထားခြင်းသည် ကောင်း၏။ သို့သော် ထိုအသိကို ကြိုပြောသူ၏ စေတနာနှင့် ယုတ္တိတန် မှန်ကန်မှုရှိဖို့လည်း အထူးလိုအပ်ပါလိမ့်မည်။

www.burmeseclassic.com

ဥသျှစ်သီးကြွေသည်ကို ကမ္ဘာပျက်ပြီဆိုပြီး ကြောက်လန့်ပြေးလွှား ယုန်သူငယ်နောက်သို့ မစဉ်းစားမဆင်ခြင် ကောက်ကောက်ပါနေသော တောနေသတ္တဝါများ။ ထိုအသိ စိတ်ဓာတ်မျိုးနှင့် မိမိတို့ဝန်းကျင်မှာ အများအပြား။ ကြိုတင်သိထားသတင်းစကားဟူသမျှ လက်ခံသူကို အမြင်မကြည်လင်၊ သံသယပွားစေသလို ထိုအသိနှင့် ချဉ်းကပ် ဆက်ဆံ၊ ဝန်းကျင်ဟူသမျှ ဝိရောဓိအသွင်ဆောင်ကာ ယုံမှားသံသယနှင့် မြင်ကွင်းရှင်းမည် မဟုတ်ပါ။

အထောက်အထားခိုင်လုံစွာနှင့် မှန်ကန်သည့်တိုင် တရားသေသတ်မှတ် လေ့နှံမားထစ် ကျင့်သုံးမရစကောင်းပါ။ အကြောင်းမှာ စိတ်အစဉ်သည် မြစ်ရေအလျဉ်ကဲ့သို့ တစ်ရံမလပ် ပြောင်းလဲနေ၍ ဖြစ်ပါသည်။ အချိန်အခါ နေရာဒေသကိုလိုက်၍ ပြောင်းလဲတတ်သည့် သဘာဝနှင့် အရာရာသည် အစိုးမရ သခါရနိယာမသဘောကိုလည်း မိမိတို့ သတိထားနိုင်ကြရပါမည်။ "မျက်မြင်ကို ၅၀ ရာခိုင်နှုန်းသာ လက်ခံပါ။ အကြားကိုကား လုံးဝ လက်သင့်မခံပါနှင့်"ဟူသည့် ပညာရှိတစ်ဦး၏ အဆိုအမိန့်သည် လက်ခံကျင့်သုံးနိုင်ပါလျှင် မိမိတို့ဘဝခရီးလမ်းအတွက် ကြီးစွာ အထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။

လူ၏အကြိုက် ၁၀ ခါလိုက်လည်း မလိုက်တစ်ခါရှိခဲ့ပါမူ ကြီးစွာရန်သူ စွဲမှတ်ပူ၏။ ပုတုဇဉ်တို့၏သဘာဝ။ လိုတစ်မျိုး မလိုတစ်မျိုးနှင့် လူမိုက်တို့၏ စရိုက်သကာ္ဘထား။ ဤသို့ဖြင့် မိမိတို့ဝန်းကျင်မှာ စပျစ်သီးချဉ်သွားရသည့် ပုံပြင်ဇာတ်လမ်းများ ရှိလာခဲ့ရသည်။ ဆင်ခြင်တုံတရားနည်းပါး ပြောသမျှယုံ အကြင်ပုဂ္ဂိုလ်အတွက်ကား ယုံမှားသံသယ တိုးပွားစေသည့် ကောလဟာလမှန်တိုင်း အမြဲဝင်မွှေခံရမည်သာ။ လောကတွင် ထိုပုဂ္ဂိုလ်များအတွက် ထိုက်ထိုက်တန်တန် နေရာမရှိနိုင်ပါ။ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ဖို့နေနေသာသာ နောက်လိုက်ကောင်းတစ်ယောက်တောင် ဖြစ်လာမည်မဟုတ်။ ဝေလေလေ ဘဝမှာ တွေတွေဝေဝေနှင့် ယောင်လည်လည်သမားသာ ဖြစ်နေလိမ့်မည်။

သတ္တလောကတွင် လူသည် တိရစ္ဆာန်ထက် သာလွန်သည့်အချက်မှာ အမှား အမှန်ကို ဝေဖန်ပိုင်းခြား ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းသည့် အသိပညာရှိနေခြင်း။ ဓာရဏပရိတ်တော်လာ ကာလသုံးပါး။ ကံသုံးပါးတွင် ဉာဏ်လျှင်ရှေ့သွားပြု။ ဉာဏ်နှင့် စီစစ်လက်ခံခြင်းသည် ယုံမှားသံသယနှင့် ကောလဟာလကို ချေဖျက်နိုင်စွမ်းသည့် နည်းလမ်းများပင် ဖြစ်ပါသည်။

ထို့ပြင် မဟာပညာဇီကျော်အမတ်ကြီး၏ လျှောက်ထုံးတွင် "အမှုတကာကို ယုတ္တာယုတ္တိ မိမိပညာဉာဏ်ဖြင့် ဆင်ခြင်ပြီးမှ ပညာရှိတို့နှင့်တစ်ဖန် ပြန်ညှိရာသည်"ဆိုထားသည့်အတိုင်း တစ်ရံတစ်ခါ မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယအားအပြင်ကြားမြင်သုတနှင့် ပညာရှိ မိတ်ဆွေရာသမားများထံသို့လည်း ချဉ်းကပ် အကြံဉာဏ်များရယူကာ အမှားနည်းအောင် ကျင့်ကြံအားကိုးပြုကြရစမြဲပါ။

ယုံမှားသံသယဟူသမျှ အမြစ်ဖြတ်ချေဖျက် နည်းလမ်းကောင်းကို ဗုဒ္ဓ၏ ကာလာမသုတ္တန်မှာ ဤသို့ ပူဇော်နိုင်ပါသည်။

"ကာလာမတို့…သင်တို့ ယုံမှားသံသယဖြစ်ကြခြင်းမှာ မှန်ကန်လှပေသည်။ ကာလာမတို့ သင်တို့သည် တစ်စုံတစ်ခုသော အကြောင်းအရာကို ပြောသံကြားကာမျှဖြင့်လည်းကောင်း။ အစဉ်အဆက် ဆင်းသက်လာမျှဖြင့်လည်းကောင်း။ လေးစားအပ်သည့် ကျမ်းဂန်များနှင့် ညီညွတ်ကိုက်ညီကာမျှဖြင့်လည်းကောင်း။ ပြောသူတင့်တယ်လှပသော အချိုးအစားရှိကာမျှဖြင့်လည်းကောင်း။ ငါတို့ ကြာမြင့်စွာကာလက တွေးတောစဉ်းစားပြီး ကြာမြင့်စွာကာလကစပြီး ကျင့်သားရလာခဲ့သည့် အကြောင်းအရာ ဖြစ်ကာမျှဖြင့်လည်းကောင်း။ ဆရာဆရာကြီးများက ဤကဲ့သို့သော ပြောကြားခဲ့သည့် အကြောင်းအရာဖြစ်ကာမျှဖြင့်လည်းကောင်း မယုံကြည်ကြနှင့်။ လက်မခံကြနှင့်။ ကာလာမတို့ သင်တို့သည် ဤအကြောင်းအရာကို လက်ခံလိုက်လျှင် အကျိုးမဲ့ဖြစ်မဖြစ်၊ ဒုက္ခဖြစ်မဖြစ် ကိုယ်တိုင်ကိုယ်ကျ သိအောင်လုပ်ပြီးမှ ယုံကြည်ကြလော့။ လက်ခံကြလော့…"

ကောလဟာလ သံသယအမှောင်ကြားမှ ရုန်းထွက်လမ်းမှန် လျှောက်လှမ်းနိုင်ကြပါစေ။

**အောင်ကျော်ညို(ဆင်ချေးဒိပ်)**

၀၉-၇-၁၉၉၉၂၁၀၉

www.burmeseclassic.com

# နတ်အများချစ်ခင်လေးစားသော နမောသိဒ္ဓိ ခရုပတ်အင်းတော်မြတ်ကြီးကို အဓိဋ္ဌာန်ဖြင့် ပူဇော်ခြင်း

## ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)

လွန်ခဲ့သော ခုနစ်နှစ်ခန့်က ကျွန်ုပ်နှင့် မွေးနံတူ၊ ဆရာတူ တပည့်ဖြစ်သည့် နောင်တော်ကြီး ဦးရဲစိုးမြင့်မှ ကျွန်ုပ်အား ကိုမျိုးချစ် ကျွန်တော်နှင့် ခင်ဗျားရဲ့ ဆရာဖြစ်တဲ့ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီးက ကျွန်တော့်ရဲ့ငယ်သူငယ်ချင်းဖြစ်တဲ့ ယခု ဦးပဥ္စင်းကြီး **ဦးတိလောကကို နမောတဿ ခုနစ်လုံးကောက် အင်းပြားတစ်ချပ်**ကို လွန်ခဲ့တဲ့ နှစ်လေးဆယ်က ရေးပေးခဲ့ဖူးတယ်။ အဲဒီအချိန်က ရွှေဒဂါး ကိုးပြားလှူတာတောင် ဆရာတော် ဘုရားကြီးက မည်သူ့ကိုမျှ လုပ်မပေးခဲ့ဘူး။ အဲဒီ နမောသိဒ္ဓိ အင်းအစီအရင်ကို ဦးတိလောကမှ အင်းသုံးချပ်ပြုလုပ်ပြီး ကျွန်ုပ်နှင့် ကျွန်ုပ်၏သမီးကြီးအတွက် အင်းပြား နှစ်ပြားပေးခဲ့ပြီး သူတစ်ပြားဆောင်ထားသည်။ ကျွန်တော် အဓိဋ္ဌာန်ဝင်နေတာ အားလုံးအဆင်ပြေတယ်။ ခင်ဗျားနဲ့ ကျွန်တော်က မွေးနံတူ၊ ဆရာတူ တပည့်ဖြစ်တဲ့အပြင် ခင်ဗျားဟာ ကျွန်တော့်တူမတွေရဲ့ ကုမ္ပဏီမှ နှစ်ရှည်လများ သစ္စာရှိပြီး ရိုးသားစွာ လုပ်ကိုင်နေသလို ဆရာတော်ဘုရားကြီးရဲ့ ကျင့်စဉ်တွေကို အင်ဋ္ဌာန်နဲ့ အားထုတ်နေတာကြောင့် ယခု **နမောသိဒ္ဓိ အင်းအစီအရင်ကို**လည်း အဓိဋ္ဌာန်နှင့် အောင်မြင်ပေါက်မြောက်အောင် အဓိဋ္ဌာန်ပြုမည်လားဟုမေးလာပါသည်။ ကျွန်ုပ်မှ အဓိဋ္ဌာန်အောင်မြင်အောင်ပြုလုပ်မည်ဟု ပြောလိုက်သဖြင့် ဘကြီးစိုးမှ အောက်တွင်ဖော်ပြထားသည့် **နမောသိဒ္ဓိအင်းတော်မြတ်ကြီးနှင့် နမောသိဒ္ဓိမန္တာန်တော်ကြီးကို** ပေးအပ်ပါသည်။

နမောသိဒ္ဓိမန္တာန်တော်ကြီးကို အလွတ်ရအောင် ကျက်မှတ်ပါ။ အလွတ်ရပြီးလျှင် အဓိဋ္ဌာန်ကို မွေးနေ့၊ သို့မဟုတ် လပြည့်နေ့တွင် စတင်ပါ။ ငါးပါးသီလခံယူပြီး မြတ်စွာဘုရားရှင်အား အနန္တငါးဖီး ကန်တော့ပွဲဖြင့် ရေချမ်း၊ ပန်း၊ ဆီမီး၊ သစ်သီး၊ နံ့သာတိုင်များ လှူဒါန်းပါ။ အဓိဋ္ဌာန်တင်ပါ။ "ကျွန်ုပ်သည် မနောလင်ပန်းတွင် နမောအသွင်ဆန်း၊ နမောတဿ အင်းတော်မြတ်ကြီးပေါ်တွင် အလင်းတိုင်ထွန်းညှိ၍ မြတ်စွာဘုရားရှင်အား နေ့စဉ် နံနက် (သို့မဟုတ်) ည ၇ နာရီတိတိအချိန်တွင် အဓိဋ္ဌာန် ၄၉ ရက် တည်ဆောက်လျက် **နမောသိဒ္ဓိမန္တာန်တော်ကြီး**ကို ၄၉ ခေါက်တိတိ ရွတ်ဖတ်၍ ပူဇော်ပါမည်ဘုရား။ အဓိဋ္ဌာန်ပူဇော်နေစဉ် ဘုရားတပည့်တော်သည် (၁) စကားမပြောပါ၊ (၂) ထ၍မသွားပါ၊ (၃) လှဲ၍ မအိပ်ပါ၊ (၄) အစာစားခြင်းမပြုပါ၊ (၅) ရေသောက်ခြင်းမပြုပါဟု ပူဇော်ထားသည့်အလင်းတိုင်မီးမငြိမ်းမီ မပြုလုပ်ပါဟု အဓိဋ္ဌာန်ဖြင့်စောင့်ထိန်းပါမည်။ အဓိဋ္ဌာန်တင်ပြီး နမောသိဒ္ဓိ ခရုတ်ပတ်အင်းတော်မြတ်ကြီး၏ အလယ်တွင် လွတ်နေသည့် ကိုးကွက်တွင် အင်းဆံသွင်းရပါမည်။

အင်းဆံသွင်းရန် **"လိုရာကို စေတလို့ မြတ်ဗုဒ္ဓ ဘုန်းတော်ကိုသာ တိုးလိုက်ကြပါ။ အင်းသတ္တကွက် ရောက်ရှိလာလျှင် ကိုးဂုဏ်တော်ဆင်ဦး၊ ဖမ္မူတစ်ခွင်မှာ ပြိုင်လာသူ အ[illegible] တယ် အင်းမြတ်ရွှေဘုန်း"**

www.burmeseclassic.com

## နမောသိဒ္ဓိ ခရုပတ်အင်းတော်ကြီး

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဝ | မွာ | တ | ရ | ဒ္ဓ | ဂ | သ | မော | ဗု |
| [illegible] | ဘ | ရ | ဟ | တော | သ | မွာ | ဒ္ဓ | [illegible] |
| ဝ | ဒ္ဓ | သ | မ္ဗု | ဒ္ဓ | ဿ | ဗ | ဋ္ဌ | ဒ |
| ဝ | ဒ | ဒ္ဒ | | | | ဋ္ဌ | ဗ | ဋ္ဌ |
| ဒ | [illegible] | ဂ | | | | ဓ | [illegible] | ဒ |
| ဒ္ဒ | ဒ | ၈ | | | | ဗ္ဗ | ✦ | ဝ |
| ဒ | ၈ | ဒ | လ | ဟ | လ | လ | [illegible] | ✦ |
| [illegible] | ဒ | ဟ၁ | ၀. | ယ၁ | ဋ္ဌ | လ | ဟ | ဒွ |
| ✦ | ယ၁ | ဝ | ပ | ဋ | လ | ဟ | ဟ၁ | ✦ |

## နမောသိဒ္ဓိ မန္တာန်တော်ကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊**
**ဝမ္မာ တရဒ္ဓ ဂသမော အမ္ဗု ဘတော နတော သဿ ဟဿ**
**သတော တမ္ဗု ဟာဂ နမ္မာ အသဒ္ဓတော ဝမော သရ ဘဿ၊**
**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အင်းဆံသွင်းရာတွင် အောက်တွင် ဖော်ပြထားသည့်အတိုင်း မြင်းကွက်သွင်းပါ။

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | ၂၇ | ၂ |
| ၃ | ၈ | ၅ |

**နမောသိဒ္ဓိမန္တာန်တော်ကြီး** အား အင်းဆံသွင်းပြီးလျှင် အင်းပြားကို ကြေးလင်ပန်းတစ်ချပ်တွင် ထည့်ပြီး အင်းပြားပေါ်တွင် အလင်းတိုင်ထွန်းညှိပါ။ နမောဖန်းကို ဦးတိုက်ကပ်လှူရန် (၁) နဝ–သိဒ္ဓိ မဟိဒ္ဓိကိစ္စ၊ (၂) ဝသ–စီးပွားရေးကြီးပွားရေးကိစ္စ၊ (၃) သန–အတိုက်အခိုက် ပြေပျောက်ရန်ကိစ္စ၊ (၄) နန–အနိုင်အထက်ကိစ္စစသည်ဖြင့် ဘုရားရှင်အား ဦးတိုက်၍ လှူဒါန်းပူဇော်ပါ။ ထို့နောက် နမောသိဒ္ဓိ မန္တာန်တော်ကို ၄၉ ခေါက်တိတိ ရွတ်ဖတ်ပူဇော်ပါ။ အလင်းတိုင်မီးမငြိမ်းမီ ထိုင်ခွင်မဖြုတ်ပါနှင့်။ အချိန်ကိုက်လုပ်နိုင်ရန် မန္တာန်ကို အလွတ်ရအောင်ကျက်မှတ်ပါ။ အလွတ်ရလျှင် ၄၉ ခေါက်ပြည့်ရန် ၁၀ မိနစ် ရွတ်ဖတ်ပူဇော်ရပါသည်။ ဖယောင်းတိုင်အသေးဆိုဒ် လက်တစ်ဆစ်နီးပါးဖြတ်၍ ထွန်းညှိပူဇော်လျှင် အဆင်ပြေပါသည်။ အဓိဋ္ဌာန်ပြီးသည်နှင့် လိုရာကိုစေတလိုဟု ဆုတောင်းထားသည့်အတိုင်း ဆုတောင်းပါ။ အဓိဋ္ဌာန်ကို ၄၉ ရက် ခုနစ်ကြိမ် ပြုလုပ်ပါ။ လိုအင်ဆန္ဒအားလုံး ပြည့်စုံပါသည်။ အခက်အခဲအကျဉ်း အကျပ်အားလုံး ပြေလည်၍ အဓိဋ္ဌာန်ပြုလုပ်မှုမှန်ကန်လျှင် သေဒဏ်ပင် လွတ်နိုင်ပါသည်။ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ဘုရားကြီးမှ ကျွန်ုပ်နှင့် ဦးရဲစိုးမြင့်၏ နမောသိဒ္ဓိ ခရုပတ်အင်းတော်မြတ်ကြီးကို သိဒ္ဓိတင်ပေးပြီး အင်းပြားနှစ်ချပ်ကို ခဏခဏသိမ်ဝင်ပေးရန် မိန့်တော်မူပါသည်။ ကျွန်ုပ်တို့နှစ်ဦးသည် ယနေ့အထိ နေ့စဉ်အဓိဋ္ဌာန်ဖြင့် နမောသိဒ္ဓိအင်းအစီအရင်ကို ပြုလုပ်နေကြပါသည်။ လိုချင်သလောက်မရပေမယ့် လုပ်သလောက်တော့ ရပါသည်။ အခက်အခဲအန္တရာယ် အမျိုးမျိုးမှ ကင်းလွတ်၍ စားဝတ်နေရေးအဆင်ပြေပါသည်။ ဓမ္မမိတ်ဆွေများ နမောသိဒ္ဓိ အင်းတော်မြတ်ကြီး၏ အလယ်တွင်ရှိသော အင်းကွက်ကိုးကွက်အား အင်းဆံသွင်းရန် ဖော်ပြထားသည့် လက်ာအတိုင်း ပြုလုပ်၍ မရလျှင် စာရေးသူ ကျွန်ုပ်ထံ ၀၉–၄၂၀၁၄၃၈၁၁၊ ၀၉–၉၆၅၁၄၃၈၁၁ သို့ ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တကယ်လုပ်လျှင် အဟုတ်ဖြစ်ပါသည်။**

**ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com


**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တောက်ရိပ်မြိမ်၊ ရန်တုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၀၉

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၉ ဖုန်း - ၀၉၂၀၀၂၈၄၃



# သရာဝင်း(သာကီနွယ်)



# ဂမ္ဘီရဆိုင်ရာ

## ဆောင်းပါးများ (ထွက်ပြီ)

## အမှတ်စဉ်(၃)

ဖြန့်ချိရေး - ရွှက်စိမ်းစာပေ၊ အမှတ်(၄၃/အေ)၊ မြေညီထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



# မလွမ်းချင်တော့ဘူး အချစ်ဦးရယ်

www.burmeseclassic.com

www.burmeseclassic.com

# မလွမ်းချင်တော့ဘူး ချစ်ဦးရယ်. . .

မောင်သာမန်(ဇီးကုန်း)

(၁)

ပတ်လည် သိမ့်သိမ့်၊ တိမ်နိမ့်နိမ့်နှင့်၊ ငြိုလိမ့်ကမန်း၊ လျှပ်ခြည်တန်းလျက်၊ လကိုထွက်မှု၊ ချိန်လျက်သာလေး ရင်းရှူးကြွေသည်၊ လေးလဝသသန်ကူးတော့သည်။

ရှေးစာဆို ရဝေရှင်ထွေး ဖွဲ့ဆိုသည့်အတိုင်း မုတ်သုံလေနှင့်အတူ မိုးသားတိမ်ညို၊ တိမ်မှိုင်းများသည် ပြိုတော့မည့် ပုံဟန်ဖြင့် ရွာရန်ပြင်ဆင်နေပါသည်။ အုံ့မှိုင်းညိုမည်းသော တိမ်လွင်ပြင်ကြားမှ မိုးထစ်ချုန်း ံတို့သည် လျှပ်ပန်းလျှပ်နွယ်လျှပ်စီးများ၏ အလင်းတန်းအားဖြင့် တန်ဆာဆင်နေသည်မှာလည်း ဝသန်မိုးသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း ကြွေးကြော်နေသလားဟု ထင်မှတ်ရပေသည်။

မိုး၏တမ်းခြင်းများစွာ ရင်ထဲထိတိုင် စိမ့်ဝင်နေသော အောင်နွယ်သည် ထီးပါမလာသဖြင့် ကျောင်းမှ အိမ်သို့ပြန်ရန် အခက်တွေ့နေရ၏။ တစ်ခန်းတည်းနေ စာသင်သူငယ်ချင်းများသည် သူတို့၌ရှိသော ထီး၊ မိုးကာတို့ဖြင့် အတူလိုက်ပါရန် ခေါ်ကြပါသည်။ ခက်သည်က ထီးမပါသည်မှာ မိမိတစ်ယောက်တည်းမဟုတ်။ သူငယ်ချင်းများဖြစ်သည့် သိန်းအောင်နှင့် သက်ကိုတို့သည်လည်း ထီးမပါကြ။ သူတို့ကို ထားခဲ့၍ ထီးကြုံလိုက်သွားပါက အတွာဆန်ရာကျသည်။ ထို့ကြောင့် သူသည် မည်သူခေါ်ခေါ် လိုက်ပါမသွားခဲ့. . .။ သူငယ်ချင်းနှစ်ယောက်နဲ့အတူ မိုးစဲမည့် အချိန်ကို စောင့်နေခဲ့သည်။

သူငယ်ချင်းနှစ်ယောက်ကို ငဲ့ညှာ၍ မည်သူ့နောက်မှ လိုက်မသွားသော်လည်း ထိုသူကောင့်သား နှစ်ယောက်ကမူ သူ့ကို မငဲ့ကွက်၊ သူတို့နှင့် ခင်ရာခင်ကြောင်း ကျောင်းသားများနှင့် ထီးကြုံလိုက်သွားကြလေ၏။ သက်ကိုကမူ အောင်နွယ် စိတ်ခုမည်စိုး၍လားမသိ။ ပြေရာပြေကြောင်း ပြောခဲ့သေးသည်။

"ငါတို့ကို စိတ်မဆိုးပါနဲ့ကွာ။ ငါတို့က ရွာကိုပြန်ရမှာဆိုတော့ ဈေးဘက်ကိုရောက်တာနဲ့ ရွာကလူကြုံတွေနဲ့ ရာပြီး သူတို့နဲ့အတူ ရွာကိုလိုက်ရမှာမို့ပါ"

"အေးပါကွာ၊ ငါနားလည်ပါတယ်"

အောင်နွယ်တစ်ယောက် တိုတိုတုတ်တုတ်ဖြင့် သက်ကိုတို့နှစ်ယောက်ကို ပြန်ပြောလိုက်ရသည်။

သူသည် မိုးဖွဲ့တမ်းချင်းကို စီးမျောလျက် ကျောင်းပေါ်တီကိုအောက်တွင် တစ်ဦးတည်းရပ်လျက်ရှိ၏။ ပြောသာပြောရသည်။ သူငယ်ချင်းနှစ်ယောက်ကို အပြစ်မဆိုသာပါ။ သူတို့နှစ်ယောက်သည် မြို့နှင့် အတန်ငယ်ဝေးသော ကျေးရွာများမှဖြစ်ကြသည်။ သူတို့သည်လည်း သူတို့အခက်အခဲနှင့် သူတို့။

"ကိုအောင်နွယ် . . .အိမ်မပြန်သေးဘူးလား။ ဘာလဲ. . .ရှင်ထီးမပါဘူးနဲ့တူတယ်"

နောက်ကျောဘက်ဆီမှ ကျောင်းသူတစ်ဦး၏ နှုတ်ဆက်သံကြောင့် သူ လှည့်ကြည့်မိလိုက်သည်။ ဆယ်တန်း (A)ခန်းမှ ကျောင်းသူလေးယောက်ဖြစ်ပြီး အောင်နွယ်အား နှုတ်ဆက်သူမှာ ခင်မေနှင်းဆိုသူ ဖြစ်သည်။ သူမသည် ဖြူဖွေးချောမော၍ သွက်လက်သူလေးဖြစ်သည်။ အောင်နွယ်တို့အိမ်နှင့် ကျက်နာချင်းဆိုင် အိမ်တွင်နေထိုင်၍ အောင်နွယ်နှင့်သူမ အိမ်နီးချင်းလည်း ဖြစ်သည်။ အောင်နွယ်သည် ခင်မေနှင်း မေးသည်ကို မဖြေသေးဘဲ သူမတို့အား



www.burmeseclassic.com

www.burmeseclassic.com

"မခင်မေနှင်းတို့ အတန်းနောက်ကျနေပါလား"

သူ၏ မေးမြန်းမှုကို သူမ၏နံဘေးမှ ကျောင်းသူ ဌေးဌေးရီက ပြန်ဖြေပါသည်။

"တို့တွေ သဘောမပေါက်နိုင်တဲ့ သင်္ချာတစ်ပုဒ်ကို ဆရာမနဲ့မေးနေလို့ နောက်ကျတာပါ"

ခင်မေနှင်းမှ စကားဖြတ်၍ ပြုံးတုံ့တုံ့ အမူအရာနှင့် -

"သည်နေ့ကျမှ မိုးကလည်း ရွာလိုက်တာ။ သည်အတိုင်းဆိုရင် . . . ကိုအောင်နွယ်မှာ ထီးမပါတော့ မိုးတိတ်မှပဲ ကိုအောင်နွယ် အိမ်ပြန်ရမယ့်သဘော ဖြစ်နေတယ်။ ဒီလိုလုပ် ရှင် မေနှင်းရဲ့ထီးကိုယူပြီးဆောင်း။ မေနှင်းက သူငယ်ချင်းတွေနဲ့ ကပ်လိုက်မယ်"

အောင်နွယ်သည် ခင်မေနှင်း၏ လိုက်လျောသော ကူညီမှုအား ပျာပျာသလဲ ငြင်းပါသည်။

"မဟုတ်တာ . . . မခင်မေနှင်းရယ်၊ ကျွန်တော် မိုးစဲမှ ပြန်ပါ့မယ်"

အောင်နွယ်၏ ငြင်းဆိုမှုကို ခင်မေနှင်းက သဘောမကျပါ။ ထို့ကြောင့် သူမသည် အောင်နွယ်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ကျောင်းတံခါးပိတ်မှ မိုးတိတ်မယ်ဆိုရင် ကိုအောင်နွယ် အခက်တွေ့မှာပေါ့။ မေနှင်းရဲ့ထီးကိုယူပြီး ဆောင်းပါ ကိုအောင်နွယ်။ မေနှင်း သူငယ်ချင်းတွေနဲ့ လိုက်ပါ့မယ်"

ဇွတ်အတင်းပြောနေသော ခင်မေနှင်း၏ ကူညီမှုအား အသိအမှတ်ပြုသော်လည်း လွန်စွာအားနာရပါသည်။

"ကျေးဇူးတင်ပါတယ်ဗျာ။ ဒီလိုလုပ်ဗျာ။ ကျွန်တော့် လွယ်အိတ်ကို မခင်မေနှင်း ယူသွားပေးပါ။ ကျွန်တော် သည်အတိုင်း ပြန်ခဲ့မယ်"

"ဖြစ်ပါ့မလားရှင်၊ ကိုအောင်နွယ် အအေးမိ နေမကောင်းဖြစ်ပြီး ကျောင်းပျက်နေမှဖြင့်"

"ဘာမှ မဖြစ်ပါဘူး။ ကျွန်တော့် လွယ်အိတ်ကိုသာ မိုးမစိုအောင် ယူသွားပေးပါ။ ကျေးဇူးတင်ပါတယ်"

ပြောမရသော အောင်နွယ်ကို သူမ မပြောတော့၊ အောင်နွယ်ပေးသော လွယ်အိတ်ကို လှမ်းယူလိုက်ပြီးနောက် ခင်မေနှင်းတို့ ကျောင်းသူတစ်သိုက် ထီးကိုယ်စီဆောင်းလျက် ကျောင်းမှ ထွက်သွားကြသည်။ အောင်နွယ်သည် မိုးရေထဲတွင် လမ်းလျှောက်ရသဖြင့် ပျော်ရွှင်နေပါ၏။ တစ်ခါတစ်ရံ ခင်မေနှင်း၏ အနားကပ်၍ စကားဖောင်ဖွဲ့၍ ပြောမဆုံးပေါင်၊ တေသုံးထောင် ဖြစ်၍နေသည်။ သူပြောသော စကားမှန်သမျှ ခင်မေနှင်းသည် မိုးရွာထဲ၌ပင် စိတ်ရှည်လက်ရှည်နားထောင်၏။ သူပြောလေသမျှ စကားများကို ခင်မေနှင်းမှ ဂရုတစိုက် နားထောင်ပေးခြင်းကြောင့် သူမအား လေးစားခင်မင်သွားရ၏။ ပို၍ရင်ခုန်ရ၏။ ပို၍ ကြည်နူးသွားရသည်မှာ သူ၏လွယ်အိတ်အား သူမ၏လွယ်အိတ်နှင့်အတူ ရင်ခွင်တွင်း၌ ထွေးပိုက်လျက် မိုးမစိုအောင် ဂရုတစိုက် ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

အောင်နွယ်နှင့်ပတ်သက်၍ ခင်မေနှင်း၏ သူငယ်ချင်းများသည် သူမကို ပိုင်း၍နောက်ပြောင်နေကြသည်။ သူမသည် ကြည်နူးသော အရှက်တရားတို့ဖြင့် မျက်နှာရဲလျက်ပြုံးနေသည်။

• မိုးစဲခါနီးတွင် အောင်နွယ်တစ်ယောက် အိမ်သို့ ပြန်ရောက်သည်။ သူမသည်လည်း သူမ၏အိမ်သို့ ရောက်နေပြီဖြစ်သည်။ အိမ်ရောက်သည့်တိုင် အောင်နွယ်သည် အင်္ကျီချွတ်၍ လမ်းထဲတွင် ဝက်စာအဖြစ် ထမင်းရည်များကို စုရသည်။ အောင်နွယ်၏မိဘများသည် ဝန်ထမ်းများဖြစ်သဖြင့် မိသားစုအတွက် အထောက်အကူဖြစ်စေရန် တစ်နိုင်တစ်ပိုင်အဖြစ် ဝက်သုံးကောင် မွေးထားပါ၏။ ဝက်စာကျွေးရေးတာဝန်သည် အောင်နွယ်၏ တာဝန်ဖြစ်ပေသည်။ ဝက်စာကျွေးပြီးမှသာ ရေမိုးချိုး၍ အဝတ်အစားလဲလှယ်ပြီး သူ၏ လွယ်အိတ်ယူရန် ခင်မေနှင်းတို့အိမ်သို့ ထွက်ခဲ့ရသည်။

"မခင်မေနှင်း . . . ကျွန်တော့်လွယ်အိတ် လိုချင်လို့ဗျ"

စကားပင် မဆုံးပါ။ သူ၏လွယ်အိတ်နှင့်အတူ ခင်မေနှင်းတစ်ယောက် အခန်းထဲမှ ထွက်လာပါသည်။ သူမသည် ရေချိုးပြီး၍ ရှင်မတောင်သနပ်ခါး ပါးကွက်ကြား လိမ်းခြယ်ထားသည်ကြောင့် လွန်စွာချစ်စရာကောင်း၍ လှပနေပါသည်။

"ကိုအောင်နွယ် မိုးရေထဲမှာ ပြန်လာတာဆိုတော့ ဆေးကိုကြိုပြီးသောက်ထားပေါ့ရှင်။ တစ်မျိုးတော့ မထင်ပါနဲ့။ အအေးမိပြီး နေမကောင်းဖြစ်မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လွယ်အိတ်ကို လှမ်းပေးနေသော သူမ၏ အပြောလေးများကြောင့် အောင်နွယ်၏ရင်ကို တုန်ခါစေခဲ့ပါသည်။ သူမ၏အလှသည် အိမ်သို့ ပြန်ရောက်သည့်တိုင် အောင်နွယ်၏ရင်ထဲ၌ စွဲထင်ကျန်လျက် ရှိနေလေတော့သည်။ ထိုတစ်ည၌ အောင်နွယ်၏အိပ်မက် ကမ္ဘာထဲတွင် ခင်မေနှင်းတစ်ယောက်ရှိနေခဲ့ပါ၏။

နောက်တစ်နေ့တွင် အောင်နွယ်တစ်ယောက် ကျောင်းတက်ခါနီးမှ ကျောင်းသို့ ရောက်ချလာသည်။ ခင်မေနှင်းတို့ (A)ခန်းရှေ့မှ ဖြတ်လျှောက်သွားသော သူသည် သူမကိုလှမ်းကြည့်၍ ပြုံးပြသွားခဲ့သည်။ သူ၏အပြုံးကြောင့် ခင်မေနှင်း၏ ရင်တစ်ခုလုံး လှိုက်ဖိုသွားခဲ့ရသည်။ ခင်မေနှင်းအနေဖြင့် အောင်နွယ်နှင့် ပတ်သက်၍ ထူးဆန်းသော ရင်ခုန်ခြင်းသည် မည်သည့် ဒဝက် ဖြစ်ရသည်ကို စဉ်းစား၍မရဖြစ်နေသည်။ စဉ်းစား၍ မရလေတိုင်း အောင်နွယ်၏အကြောင်းကိုသာ အစဉ်သဖြင့် တွေးမိစဉ်းစားမိခဲ့သည်။ သူမတွေးကြည့်၍ နောက်ဆုံး နားလည်ရခြင်းမှာ အောင်နွယ်ကို သူမချစ်မိနေခြင်းဆိုသည့် အဖြေပင်ဖြစ်သည်။

အောင်နွယ်သည်လည်း ခင်မေနှင်းအား စ၍ မြင်မိကတည်းက ချစ်မေတ္တာ တိတ်တခိုးနှင့် နှလုံးခုန်ဖိုလှိုက်ခဲ့ရပါ၏။ သူတို့နှစ်ဦးသည် တိတ်တခိုး ချစ်မိနေကြသော်လည်း ပညာသင်သည့်အရွယ်ဖြစ်ခြင်းကြောင့် ပွင့်လင်းစွာ မရှိခဲ့ကြ။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံလေသည့် အခါတိုင်း ကိုယ်စီကိုယ်င ရင်ခုန်စွာဖြင့် ကြည်နူးခဲ့ကြသည်။

▶▶■◀◀

(၂)

ကာလယန္တရားကြီးသည် ပုံမှန်လည်ပတ်နေသော်လည်း သူတို့နှစ်ဦး၏ စိတ်သန္တာန်၌မူ ရာသီအကူးအပြောင်း မြန်ဆန်လွန်းလှသည်ဟု ထင်မြင်ကြပေသည်။ သည်မိုးမှ သည်ဆောင်း၊ ထိုမှတစ်ဖန် နွေလချိန်ခါသို့ ပြောင်းလဲလျက်၊ ယခုဆိုပါလျှင် နွေရာသီမတ်လ စာမေးပွဲကြီးပင် ဖြေဆိုရမည့်အချိန်သို့ ကပ်၍လာခဲ့ပြီဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများမှာ စာမေးပွဲကြီး ဖြေဆိုနိုင်ရေးအတွက် ဖုတ်ပူမီးတိုက် စာကျက်နေကြရပြီဖြစ်သည်။ စာမေးပွဲကြီးနီး၍ ကျောင်းမှဆရာ၊ ဆရာမများမှလည်း ကျောင်းသူ၊ ကျောင်းသားများကို အချိန်ပိုခေါ်၍ အနီးကပ်စာသင်ပေးနေပါသည်။ ထိုအချိန် ထိုကာလသည် အောင်နွယ်နှင့် ခင်မေနှင်းတို့နှစ်ဦး ကျောင်းသို့သွားရာ ပေတစ်ရာလမ်းမကြီးတွင် လွတ်လပ်စွာ တွေ့ဆုံကြရသည်။ ကုက္ကိုပင်ကြီးများ စီရရီပေါက်ရောက်နေသော ထိုလမ်းတွင် လမ်းလျှောက်လျက် စာပေအကြောင်း ပြောကြ၏။ ရင်ထဲမှအကြောင်းများ ပြောကြ၏။ တစ်ဦးနှင့်တစ်ဦး ရင်ထဲမှအကြောင်းတရားများ ထုတ်ဖော်ပြောမိခြင်းဖြင့် တစ်ဦး၏နှလုံးသားရင်ခုန်မှုကို တစ်ဦးမှ သိခဲ့ကြရသည်။ သို့သော် ကိုယ်စီရင်ထဲ၌သာ ထိုခံစားချက်များကို သိမ်းထားခဲ့ကြသည်။

"မခင်မေနှင်းနဲ့ ကျွန်တော်တို့ရဲ့ တွေ့ဆုံခင်မင်မှုတွေကို သည်အချိန် သည်ကာလကို နောက်ဆုံးကာလအဖြစ် မသတ်မှတ်ချင်ပါဘူး"

"မေနှင်းလည်း ကိုအောင်နွယ်လိုပါပဲရှင်၊ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါတွေက တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲမှုတွေက ရှိနေလေတော့ စာမေးပွဲကြီးပြီးတာနဲ့ မေနှင်းလည်း ဇာတိဖြစ်တဲ့ ပျဉ်းမနားကို ပြန်ရဦးမယ်လေ။ အဲဒီမှာ မေနှင်းရဲ့အဘွားရှိတယ်။ သူ့အနားမှာ မြေးတစ်ယောက်အနေနဲ့ သွားနေရမှာ။ စာမေးပွဲအောင်စာရင်း ထွက်မှ သည်မြို့ကို ခဏတော့ပြန်လာဖြစ်မယ် ကိုအောင်နွယ်"

အောင်နွယ်သည် သူမ၏စကားကြောင့် မျက်နှာညှိုးသွားရသည်။ သူ၏မျက်နှာကို ဂရုပြုမိသော ခင်မေနှင်းသည် ဆက်လက်ပြောနိုင်သည့် အင်အားကုန်ဆုံးသွားရ၏။ ညှိုးငယ်နေသော သူ၏မျက်နှာကို ငေးကြည့်လျက် ခင်မေနှင်း၏ မျက်ဝန်းများသည် စိုစွတ်လာရသည်။

နွေရာသီ၏ သရုပ်သဏ္ဍာန်အချို့သည် သူတို့၏ရင်ထဲသို့ ရောက်လာခဲ့သည်လားမသိ။ ပူလောင်ခြင်းတို့ဖြင့် အတူ နွေတေးတစ်ပုဒ်ကို ငိုညည်းနေရသည့် သဖွယ် လွမ်းဆွတ်၍ နေလေတော့သည်။ ရွက်ဝါလေးများသည် နွေလေရူးတို့၏ ဆော့မြူမှုကြောင့် လွင့်မျောနေကြသည်။ သူတို့နှစ်ဦး၏ လွမ်းရိပ်ဆွေးရာ အပြာပြာကို ပင်ထက်ဆီမှ ဥဩငှက်တစ်ကောင်သည် မီးလောင်



www.burmeseclassic.com

www.burmeseclassic.com

ရာလေပင် သကဲ့သို့ပမာ တွန်ကျူးနေပါ၏။ အောင်နွယ်သည် လှပသော ခင်မေနင်းအား ငေးကြည့်လျက် မဝံ့မရဲဆိုလာပါသည်။

"ကျွန်တော် မခင်မေနင်းကိုစကားပြောချင်ပါတယ်။ မခင်မေနင်း နားထောင်နိုင်မလား"

အောင်နွယ်ပြောလာမည့် စကားကို ခင်မေနင်း ကြိုသိနေသည်လားမပြောတတ်ပေ။ သူမသည် ရှိက်သံတို့ဖြင့် ခေါင်းခါ၍ ငြင်းပါသည်။

"မပြောပါနဲ့ဦး ကိုအောင်နွယ်။ စာမေးပွဲ ဖြေတော့မယ့် အချိန်မှာ ကိုအောင်နွယ့်စကားတွေကို မေနင်း နားမထောင်ချင်သေးပါဘူး။ သူပြောလာမယ့်စကားတွေကို စာမေးပွဲဖြေပြီးတဲ့ နောက်ရက်ကျမှ ပြောပါရှင်။ အဲဒီအခါကျ မေနင်း နားထောင်ပေးပါ့မယ်"

အောင်နွယ်ဆက်လက်၍ စကားမပြောနိုင်တော့ပေ။ မြောက်လေတစ်ချက် ဝေ့လိုက်သည်ကြောင့် ကုက္ကိုရွက်လေးများသည် လေဟုန်စီး၍ တဖျောက်ဖျောက် ကြွေကျနေပေသည်။

ခင်မေနင်း၏မိဘများသည် အစိုးရအရာထမ်းများ ဖြစ်ကြသည်။ ဖခင်ဖြစ်သူ ဦးဘမောင်သည် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာဖြစ်ပြီး၊ မိခင်ဒေါ်မြင့်မေသည် စိုက်ပျိုးရေးမန်နေဂျာဖြစ်သည်။ သူတို့သည် မန္တလေးတိုင်းအတွင်း မြို့တစ်မြို့မှ အတူတကွပြောင်းရွှေ့လာကြသူများဖြစ်သည့်အပြင် တစ်ဦးတည်းသော သမီးဖြစ်သူ ခင်မေနင်းကိုလည်း သူတို့နှင့်အတူ ကျောင်းပြောင်းရွှေ့လာခြင်း ဖြစ်သည်။

အောင်နွယ်နှင့် ခင်မေနင်းတို့သည် အိမ်နီးချင်းများဖြစ်လာကြပြီး ရင်းနှီးခင်မင်မှု ရှိခဲ့သည်။ တစ်ကျောင်းတည်း အတူနေထိုင်ခြင်းကြောင့်လည်း ပိုမိုခင်မင်ခဲ့ရသည်။ ခင်မေနင်းသည် ဉာဏ်တော်၍ စာပေထူးချွန်သူ ဖြစ်သကဲ့သို့ အောင်နွယ်သည်လည်း စာတော်သူဖြစ်သည်။

သို့ဖြင့် မတ်လစာမေးပွဲကြီးကား အောင်မြင်စွာ ပြီးစီးခဲ့ပြီ ဖြစ်သည်။ အောင်နွယ်တစ်ယောက် စာမေးပွဲဘာသာရပ်တိုင်း အခက်အခဲ မရှိသကဲ့သို့ ခင်မေနင်းသည်လည်း ပြောစရာမရှိအောင် ဖြေဆိုနိုင်ခဲ့သူဖြစ်သည်။ သူငယ်ချင်းများသည်လည်း ဖြေဆိုနိုင်ကြသဖြင့် စာမေးပွဲဖြေဆိုပြီး နောက်တစ်ရက်တွင် စာမေးပွဲရက်အတွင်း ပင်ပန်းခဲ့သမျှ စက်ဘီးစီး၍ လေညင်းခံထွက်ကြမည်ဟု သဘောတူ ချိန်းဆိုခဲ့ကြသည်။

နောက်တစ်နေ့ ညနေပိုင်းတွင် မြို့ပြင်သို့ စက်ဘီးများစီး၍ လေညင်းခံထွက်ကြသည်။ သူတို့သည် ပျော်ရွှင်၍ စိတ်လွတ်ကိုယ်လွတ်ရှိကြသည်။ လွတ်လပ်စွာ ပျံသန်းသည့် ငှက်ကလေးများပမာ ရှိခဲ့ကြသည်။ သူတို့ ပျော်ကြပါသည်။ စိတ်လွတ်ကိုယ်လွတ်ဖြင့် ပျော်ရွှင်နေကြသည်။ သူတို့သည် စာမေးပွဲဖြေဆိုနိုင်ခဲ့ကြပြီး အနာဂတ်၏ ရည်မှန်းချက်များ အကောင်အထည် ဖော်နိုင်တော့မည်ကို စိတ်ကူးဖြင့် ကြည်နူးကြသည်။ အောင်နွယ်နှင့် ခင်မေနင်းတို့သည် စက်ဘီးတစ်ယောက်တစ်စီးဖြင့် စီးလျက် တစ်ဦးနှင့်တစ်ဦး အပြုံးကလေးများ ဖလှယ်နေကြသည်။ သူငယ်ချင်းများ သူ့ထက်ငါ စက်ဘီးများအလုအယက်စီးနေကြစဉ် သူတို့နှစ်ဦးနောက်ချန်နေခဲ့သည်။ ယင်းနောက် သူတို့စကား ပြောခဲ့ကြသည်။

"မခင်မေနင်း・・・ကျွန်တော်ပြောလိုတဲ့စကား ပြောလို့ရပြီလားဟင်"

ခင်မေနင်းသည် အောင်နွယ်နှင့်အတူ စက်ဘီးတူယှဉ်စီးလျက် တိုးညင်းစွာဖြင့် -

"စာမေးပွဲပြီးမှ ပြောပါလို့ မေနင်းပြောထားတာပဲလေ"

သူမ၏ ခွင့်ပြုစကားကြောင့် အောင်နွယ် ပျော်သွားရပါသည်။

"ကျွန်တော် မခင်မေနင်းကို ချစ်တယ်။ စတွေ့ကတည်းက ချစ်ခဲ့တာပါ။ ကျွန်တော့်ရဲ့အချစ်ကို မခင်မေနင်း လက်ခံနိုင်မလားဟင်"

ခင်မေနင်းသည် ရင်ဖွင့်လေသော အောင်နွယ်၏စကားများကြောင့် ရှက်ရွံ့စွာ စက်ဘီးကိုမဲ၍ နင်းနေ၏။

"မေနင်း ရိပ်မိပါတယ် ကိုအောင်နွယ်"

"ကျွန်တော့်အချစ်ကို ရိပ်မိတယ်ဆိုမှတော့ ကျွန်တော် တောင်းတဲ့အဖြေကို ပေးတော့မှာပေါ့နော်"

ခင်မေနင်းသည် မျက်နှာနီရဲနေသော်လည်း စိတ်မဆိုးပါ။

"ကိုယ့်ကိုချစ်ပါတယ်လို့ ပြောနေတဲ့ ယောက်ျားတစ်ဦးရဲ့ရှေ့မှာ မေနင်း ဘယ်လို နေလို့၊ ဘယ်လိုပြောရမှာလဲ



www.burmeseclassic.com

www.burmeseclassic.com

ရှင်။ မေနှင်းက မိန်းကလေးဆိုတာလည်း သတိပြုပါဦးတော့ရှင်”

အောင်နွယ်သည် ပြုံးရွှင်စွာဖြင့်-

“ဒါဆိုရင်…မခင်မေနှင်း ကျွန်တော့်ကို ချစ်တယ်ပေါ့နော်။ ကျွန်တော် ဝမ်းသာလို့ ရပြီလား။ ပြောပါ မခင်မေနှင်းရယ်”

အောင်နွယ်၏ အချစ်တောင်းဆိုမှုကို ခင်မေနှင်းကြာကြာ ထောင့်မခံနိုင်ပါ။ သူမသည် ရှက်ရွံ့စွာဖြင့် ခေါင်းညိတ်လိုက်ပါသည်။ ဤကမ္ဘာလောကတွင် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ ပျော်ရွှင်နေသူ တစ်ဦးရှိပါသည်။ ထိုသူကား အောင်နွယ်ပင်ဖြစ်၏။ အောင်နွယ်သည် သူမ၏အချစ်ကို ရခဲ့ခြင်းကြောင့် အော်ဟစ်မြူးထူးနေပါသည်။ ခင်မေနှင်းသည် ရှက်ရွံ့ခြင်း၊ ကြည်နူးခြင်း။ ရင်ခုန် ခြင်းတို့ဖြင့် စက်ဘီးကို သုတ်ခြေတင် နင်းလျက် သူငယ်ချင်းများနောက်သို့ ပါ်ကာသွားပါလေ၏။

အောင်နွယ်၏ ပျော်ရွှင်စွာမြူးထူး အော်ဟစ်ခြင်းများသည် လယ်ကွင်းများဆီမှ ငှက်ကလေးများကို ထပျံစေသည်။ လေပြေသည် အေးအေးမြမြ ရှိလှသည်။ နေဝင်ဖျိုးဖျခသည်းဆာတွင် ဗျိုင်းတစ်အုပ်သည် အိပ်တန်းဆီသို့ ပျံသန်းလျက်ရှိနေသည်။ လောကသည် ချစ်ခြင်းမေတ္တာတို့ဖြင့် သာယာလှပစေသည်ဟု အောင်နွယ်တစ်ယောက် မှတ်ချက်ချခဲ့သည်။

သို့သော် ချစ်ခြင်းဖြင့် သာယာခြင်း အလျဉ်းသင့်သော နေ့ရက်အချိန်တို့သည် ရက်ပိုင်းအတွင်း၌သာ ဖြစ်ပါသည်။ ချစ်သူနှစ်ဦး၏ ချစ်ခြင်းရက်သည် တိုတောင်းသည်ကို သိသော်လည်း အနာဂတ်မျှော်မှန်းချက်တို့ဖြင့် သင်္ကြံရ ရသများစွာ နှလုံးသားထိတိုင် စီးမျောလျက်ရှိနေခဲ့ပေသည်။

တိုတောင်းသော နောက်ရက်များတွင် နှစ်ဦးသား ဆုံတွေ့ကြ၍ ချစ်တေးသီလွမ်းချင်း ဖွဲ့ကြပါ၏။ နွေရာသီကျောင်းပိတ်ရက် ကာလတစ်လျှောက် ခင်မေနှင်းသည် ပျဉ်းမနားတွင် နေရပါလိမ့်ဦးမည်။ အောင်နွယ်အား နောက်တစ်နေ့ ပျဉ်းမနားသို့ ပြန်ရတော့မည့် အကြောင်း ပြောလာ၏။ အောင်နွယ်တစ်ယောက် မည်သို့မျှ မပြော၊ ညှိုးငယ်သောမျက်နှာနှင့် သူမကိုကြည့်နေသည်။

“နွေကျောင်းပိတ်ရက်တွေဟာ မောင်တို့ ချစ်ဦးသူနှစ်ဦးကို ကြည်နူးမှုတွေ မပေးနိုင်ဘူးဆိုတာ မောင်သိပါတယ် မေနှင်း”

“စာမေးပွဲ အောင်စာရင်းထွက်မယ့် အချိန်ကျမှ ပြန်ဆုံကြတာပေါ့ မောင်ရယ်”

ဟု ခင်မေနှင်း ပြောခဲ့ပေသည်။ ဝေးကွာနေသော လများအတွင်း ငှက်ခါးလေးများသည် လူးလာခေါက်တုံ့ ပျံသန်းလျက် ရှိခဲ့ကြသည်။ သို့ဖြင့် လွမ်းနေခွေးနေဆဲ ကာလလွန်မြောက်ပြီးသည့်နောက် အောင်စာရင်းထွက်ရက် မတိုင်မီ တစ်ပတ်အလိုတွင် ခင်မေနှင်း မြို့သို့ ပြန်ရောက်လာသည်။ ချစ်သူ ပြန်လည်ရောက်ရှိလာသည်ကို သိခဲ့ရသော အောင်နွယ်သည် ရင်ခုန်လှိုက်မောစွာ ဝမ်းသာ၍နေတော့သည်။

ထို့ထက် နှစ်ဦးစလုံး ပို၍ဝမ်းသာပျော်ရွှင်ရသည်မှာ စာမေးပွဲအောင်စာရင်းထွက်သည့်နေ့ ဖြစ်ပါသည်။ ခင်မေနှင်းတစ်ယောက် ဂုဏ်ထူးလေးဘာသာပါရှိ၍ အောင်နွယ်သည်လည်း ဂုဏ်ထူးနှစ်ဘာသာ ပါရှိပေသည်။ သူတို့၏သူငယ်ချင်းများလည်း စာမေးပွဲ အောင်ကြသည်။ ထိုသို့ အောင်မြင်ခြင်းကြောင့် သူတို့၏ အနာဂတ်ရည်မှန်းချက် ပန်းတိုင်တို့သည် ပိုမို၍ ပီပြင်လျက် တွေ့နေရပေသည်။

“စာမေးပွဲအောင်ပြီဆိုတော့ … မောင်ဘယ်ဖေဂျာကို ယူဖို့စိတ်ကူးသလဲ ဟင်။ မေနှင်းရဲ့မိဘတွေကတော့ ဆေးတက္ကသိုလ်တက်ဖို့ပြောနေကြပြီ။ မေနှင်းကိုယ်တိုင်ကလည်း ဆရာဝန်လုပ်ငန်းကို စိတ်ဝင်စားနေတော့ …”

ခင်မေနှင်းဆေးတက္ကသိုလ် တက်မည်ဆို၍ အောင်နွယ်ဂုဏ်ယူမိသည်။ သို့သော် အောင်နွယ့်အနေဖြင့် မိမိအကြောင်း စဉ်းစားမိရသည့်တစ်ခဏ လွန်စွာ စိတ်ပျက်အားငယ်ရပါသည်။

“မောင်တို့ ဘဝအခြေအနေနဲ့ တက္ကသိုလ်က ဝေးလှတယ်ကွယ်။ မောင့်အောက်မှာ ညီမတွေ ရှိနေသေးတော့ သူတို့ကို ငဲ့တဲ့အနေနဲ့ တက္ကသိုလ်မတက်တော့ဘဲ အဝေးသင်တက်မယ်လို့ စဉ်းစားထားတယ်။ တစ်ဖက်ကလည်း မိသားစုစားဝတ်နေရေး ရှင်းဖို့ အဖေတို့လုပ်ငန်းဌာနမှာ နေ့စားပုတ်ပြတ် ဝင်လုပ်မယ်လို့ ဆုံးဖြတ်ထားတယ် မေနှင်း။ စစ်တက္ကသိုလ်တက်လို



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဆန္ဒရှိပေမယ့် မောင့်အသက်က တစ်လကြီးသွားတော့ ဒါကိုလည်းလက်လျှော့လိုက်ရတယ်။ အဝေးသင်နဲ့ ဘွဲ့ရပြီးမှပဲ အခြေအနေပေးတဲ့ အလုပ်တစ်ခုကို ဆက်လုပ်ရမှာပဲ"

မောင်၏အခက်အခဲများကို ကြားလိုက်ရသည့်အခါတွင် မေနှင်းစိတ်ညစ်ရသည်။ သို့သော် ဘဝလှိုင်းဂယက်ထဲမှ မောင့်ကို သနားမိသည်။ ချစ်ရသူမောင့်ကို မေနှင်းအားပေးခဲ့သည်။ ချစ်သူနှစ်ဦး ကတိသစ္စာပြုပြီးသည့်နောက်ပိုင်းတွင် ခင်မေနှင်းသည် ရန်ကုန်ဆေးတက္ကသိုလ်(၁)တွင် တက်ရောက်ပညာသင်ယူနေသကဲ့သို့ အောင်နွယ်သည်လည်း အဝေးသင်တစ်ဖက်ဖြင့် ကုန်သွယ်ရေးဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။

နှစ်လအလီလီ ရာသီပြောင်းရွှေ့မှုများသည် လွန်စွာမြန်ဆန်လှခြင်းကြောင့် ခင်မေနှင်းတစ်ယောက် ဆေးတက္ကသိုလ် ပဉ္စမနှစ်တွင် တက်နေခိုက် အောင်နွယ်သည် အဝေးသင်ဖြင့် ဘီအေဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ အောင်နွယ်သည် ဘွဲ့ရရှိသည်နှင့် ရဲအရာရှိလောင်းသင်တန်းတက်ရန် ကြိုးစားခဲ့သည်။ အောင်နွယ် ရဲအရာရှိလောင်းသင်တန်းတက်ခြင်းနှင့် ပတ်သက်၍ ခင်မေနှင်းတစ်ယောက် စိတ်မကြည်လင်ခဲ့ပေ။ ဆေးကျောင်းပိတ်သည့်အခိုက် ခင်မေနှင်း မြို့သို့လာစဉ်တွင် အောင်နွယ်နှင့် တွေ့ဆုံခဲ့သည်။ ရဲတပ်ဖွဲ့သို့ ဝင်မည့် အောင်နွယ်နှင့် ခင်မေနှင်းတို့ အချေအတင် စကားပြောဖြစ်ကြသည်။

"မေနှင်းသိထားတာက ရဲဆိုတာ နယ်ချဲ့လက်ထက်က ပေါ်ပေါက်တဲ့ ပုလိပ်အဖွဲ့က မွေးဖွားလာတဲ့ အဖွဲ့လို့ နားလည်ထားတယ်။ ရဲတပ်ဖွဲ့ထဲကို မောင်ဝင်မယ်ဆိုတော့ မေနှင်းသဘောမတူနိုင်ပါဘူးမောင်။ ဘာဖြစ်လို့လဲဆိုရင် မေနှင်းရဲ့ချစ်သူက မောင်ဖြစ်နေလို့ပဲ။ မေနှင်းရဲ့ချစ်သူ၊ မေနှင်းနဲ့ဘဝတစ်လျှောက်လက်တွဲမယ့်သူဟာ ရဲတစ်ယောက် မဖြစ်စေရဘူး မောင်"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ မေနှင်းရယ်။ ရဲဆိုတာက နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ ရှိသင့်ရှိအပ်တဲ့ အဖွဲ့အစည်းပါ။ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူ့ဘဝ လုံခြုံဖို့ဆိုတာ ရဲကပဲတာဝန်ယူရတာပါ။ တကယ်ဆို မေနှင်းတွေးကြည့်ရင်သိပါတယ်။ တပ်မတော်သားတွေ နိုင်ငံတော်အတွက် အသက်စွန့်ကာကွယ်နေကြသလို ရဲတပ်ဖွဲ့ကလည်း ပြည်သူတွေရဲ့လုံခြုံရေးနဲ့ တရားဥပဒေအတွက် ဆောင်ရွက်နေရပြီး အရေးကြုံရင် တပ်မတော်နဲ့အတူ ကာကွယ်ရေးတာဝန် ထမ်းရွက်ကြရမှာဆိုတာ မေနှင်းသဘောပေါက်ပါလိမ့်မယ်။ ဘွဲ့ရပြီး ကြုံရာလုပ်မယ့်အစား ကိုယ်စိတ်ဝင်စားတဲ့ လုပ်ငန်းလုပ်တာက တိုးတက်မှုရှိမယ်လို့ မောင်ထင်တယ်"

"ဘာပဲပြောပြော မေနှင်းကိုချစ်တယ်ဆိုရင် သည်ရဲအလုပ်ကို မလုပ်ပါနဲ့။ မေနှင်းကို ဘဝလက်တွဲဖော်အဖြစ် သဘောမထားနိုင်ဘူးဆိုရင် မောင့်သဘောပါ။ မောင်သာရဲထဲကို ဝင်မယ်ဆိုရင်တော့ မေနှင်းကို မောင်ဘယ်တော့မှ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ပါနဲ့တော့"

ပြော၍ လှည့်မကြည့်တမ်းပြေးလေသော ခင်မေနှင်းအား သူသည် လှမ်းခေါ်မိ၏။ တွေး၍ဆွေး၍ ငေးကြည့်နေမိပေသည်။ မည်သို့ဆိုစေ ကိုယ့်ဘဝအကြောင်း ကိုယ်နားလည်သော အောင်နွယ်သည် ခင်မေနှင်းအား သံယောဇဉ်မပြတ် ချစ်မြဲချစ်ဆဲပင်။ သို့သော် သူသည် မဖြစ်မနေ ရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ အောင်နွယ်သည် မန္တလေးတိုင်း ရဲအတတ်သင်သိပ္ပံ၌ ရဲအရာရှိလောင်း သင်တန်းကို တက်ရောက်ခဲ့ပါသည်။ ရဲသင်တန်းဆင်းပြီးသည့်နောက် ဒုရဲအုပ်အဆင့်ဖြင့် ရှမ်းပြည်တောင်ပိုင်းတွင် တာဝန်ကျခဲ့သည်။ အောင်နွယ်သည် တာဝန်ဝတ္တရားများဖြင့် အလုပ်မအားမလပ်သည့်ကြားမှ ခင်မေနှင်းအား အဆက်အသွယ်ပြုခဲ့ပါသည်။ ခင်မေနှင်းသည် အောင်နွယ်မှ ဆက်သွယ်လာသည်ကို မသိကျိုးကျွန်နေခဲ့ပါသည်။ အပေါင်းအဖော် သူငယ်ချင်းများမှ ပြန်လည်ဆက်သွယ်သင့်ကြောင်း ပြောဆိုတိုက်တွန်းသော်လည်း သူမသည် အောင်နွယ်အား အဆက်အသွယ်မလုပ်ခဲ့ပေ။

ဒုရဲအုပ်အောင်နွယ်သည် ခင်မေနှင်းမှ ပြန်လည် အဆက်အသွယ်မလုပ်ခြင်းကြောင့် လည်းကောင်း၊ တာဝန်ဝတ္တရားများဖြင့် အလုပ်ရှုပ်နေခြင်းကြောင့် စိတ်ကူးနှင့်သာ နာကျင်ကြေကွဲ လွမ်းဆွတ်နေရသည်။ ထိုကာလအတွင်း နယ်စပ်ဒေသများမှ တရား



www.burmeseclassic.com

မဝင်မူးယစ်ဆေးဝါးများအား တရားမဝင်တင်သွင်းရောင်းဝယ်မှုများအား တားဆီးဖြိုခွင်းနေရခြင်းကြောင့် ဒုရဲအုပ်အောင်နွယ်သည် နလုံးသားရေး လွှမ်းရေးထက် ပြည်ထဲရေးကို ဦးစားပေးနေရတော့သည်။ သို့ဖြင့် ကာလကြာသည့် အခိုက်အတန့်ဝယ်...။

▶▶■◀◀

(၃)

ဒေါက်တာခင်မေနှင်းသည် ရန်ကုန်ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန်ဘဝဖြင့် လက်တွေ့ဆင်းရာမှ တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည်။ ဒေါက်တာခင်မေနှင်းသည် မိမိစကား နားမထောင်သော ချစ်သူအား စိတ်ဆိုးမိသော်လည်း မသိစိတ်ကမူ သံယောဇဉ်မပြတ်နိုင်ပေ။ ချစ်သူရှိနိုင်သည့် ဒေသတစ်ဝိုက်သို့ ရောက်ရှိအောင် လျှောက်လွှာတင်ခဲ့ခြင်းပင်ဖြစ်သည်။ မြင့်မားသွယ်တန်းသော ရှမ်းတောင်တန်းကြီးများသည် သူမ၏စိတ်အစဉ်ကို လွှမ်းမောစေပါသည်။ အမှန်ဆိုရပါလျှင် သူမသည် အောင်နွယ်ကို မမုန်းနိုင်ပါ။ ချစ်ဆဲ ချစ်မြဲပင်ဖြစ်သည်ကို သူမ ဝန်ခံရပါလိမ့်မည်။

ညိုညိုမှိုင်းမှိုင်း တောင်တန်းကြီးများသည် လွှမ်းဆွတ်ချင်သဖွယ် ရှိနေသော်လည်း ရဲအုပ်အောင်နွယ် မလွှမ်းအားပါ။ နယ်စပ်ဒေသတစ်လျှောက် ထိုးဖောက်ဝင်ရောက်နေသော မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုများကို စစ်ဆင်ရေးအသွင်ဖြင့် ဖြိုခွင်းချေမှုန်းနေရသည့်အတွက် အားရသည်မရှိ ဖြစ်နေသည်။

မူးယစ်အထူးအဖွဲ့တွင် ရဲအုပ်အောင်နွယ်ဦးစီး၍ ဒေသတစ်ခွင်ရှိ ကျေးရွာများကို စစ်ကြောင်းအသွင် သွားရောက်နေရသည်။ ရဲအုပ်အောင်နွယ်တို့ ယခုရောက်ရှိနေသော ရွာကလေးသည် အိမ်ခြေနှစ်ဆယ်ခန့် ရှိပေသည်။ လူအရောက်အပေါက်နည်းသော တောင်ပေါ်ရွာလေးဖြစ်သည်။ ထိုရွာလေးရှိ တောင်ခါးပန်းများတွင် တောင်ယာစိုက်ပျိုးထားကြပါသည်။ ဆန်စပါးမှအစ တောင်ယာသီးနှံများ စိုက်ပျိုးထားသော်လည်း ရွာနောက်ဘက် ချိုင့်ဝှမ်းများ၌မူ ဘိန်းပင်များကို စိုက်ပျိုးထားပါ၏။ ဒေသခံတိုင်းရင်း ရွာသားများမှာ ဖြူစင်ရိုးသားသည်မှန်သော်လည်း လက်နက်ကိုင် မူးယစ်ဖောက်ကားသူများ၏ ဘိန်းမှုရေးရာဝါဒ မှိုင်းမိနေကြပုံပေါ်ပါသည်။

အမှန်ဆိုရချေသော် ဘိန်းစိုက်ပျိုးသော ရွာတစ်ရွာဖြစ်ပါသည်။ ထိုရွာအား ဘိန်းအစားထိုး သီးနှံများဖြင့် အစားထိုးစိုက်ပျိုးရန် ပညာပေးရမည်ဖြစ်ခြင်းကြောင့် ရဲအုပ်အောင်နွယ်တို့ တပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ရန် ကြိုးစားနေခြင်းပင်ဖြစ်သည်။ လက်နက်ကိုင် မူးယစ်ဆေးဝါးရောင်းဝယ်သူများသည် ရွာထဲ၌ ရှိနေသည်ကို အောင်နွယ် သတိပြုမိသည်။ ထို့ကြောင့် အဖွဲ့နှစ်ဖွဲ့ ခွဲ၍ ရွာထဲသို့ဝင်ရန် စီမံရသည်။

"ဆရာကြီးစိုးမြင့်နဲ့ တပ်စိတ်တစ်စိတ်က မြောက်ဘက်ကပန်းတက်ပါ။ ကျွန်တော်နဲ့ တပ်စိတ်တစ်စိတ်က တောင်ဘက်ကနေ ဖြတ်တက်မယ်။ လက်နက်ကိုင်တွေ ရွာထဲမှာ ရှိနေရင် ရှိနေမယ်။ အထူးသတိထားဖို့ မှာကြားလိုတယ်။ တိုက်ပွဲ ဖြစ်လာခဲ့ရင် ကျွန်တော်သတ်မှတ်ထားတဲ့ ပစ်မိုင်နယ်အတိုင်းပစ်ကြ။ အဓိက ပစ်ခတ်ရင်လည်း ခြေထောက်အောက်ပိုင်းကိုပဲ အဓိကထားပစ်ပါ"

သို့သော် လက်နက်ကိုင်မူးယစ်ဂိုဏ်းသားများသည် ထိုရွာရှိအိမ်များပေါ်မှလည်းကောင်း၊ သစ်ပင်များမှလည်းကောင်း အကာအကွယ်ယူလျက် ချောင်းမြောင်းပစ်ခတ်ကြသည်။

"ဒွိ...ဖောက်...ဖောက်...ဖောက်"

"တောက်တောက်...တောက်"

"ဂျိမ်း"

ကျယ်လောင်သော ယမ်းပေါက်ကွဲသံများသည် ဘဝဂ်သို့တိုင် ဆူညံနေပါသည်။ ရဲအုပ်အောင်နွယ်နှင့်တပ်ဖွဲ့ဝင်များသည် ရဲရင့်စွာရွာထဲသို့ဝင်၍ တက်ရင်းလင်းခဲ့ကြသည်။ လက်နက်ငယ်များ၏ ပစ်ခတ်မှုသည် ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ဆရာကြီးစိုးမြင့်နှင့် တပ်ဖွဲ့ဝင်များသည်လည်း ထိုးဖောက်ဝင်ရောက် ပစ်ခတ်ခဲ့ကြသည်၊ ထိုသို့ အပြန်အလှန် ပစ်ခတ်မှုတစ်ခုတွင် တစ်ဖက်ရန်သူ ပွဲချင်းပြီးသကဲ့သို့ ရဲအုပ်အောင်နွယ်၏ ခြေထောက်တွင်လည်း ဒဏ်ရာရရှိခဲ့သည်။ စစ်ဆင်ရေးသည်



www.burmeseclassic.com

www.burmeseclassic.com

ရာနှုန်းပြည့် အောင်မြင်ခဲ့ပါသည်။ မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးနှင့် ဂိုဏ်းသား၆ဦး အရှင်လတ်လတ် ဖမ်းဆီးရမိခဲ့သည်။ စိတ်ကြွဆေးများ ထုတ်လုပ်သည့် ဓာတုပစ္စည်းမျိုး ဘိန်းဖြူနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပေသည်။

ရဲအုပ်အောင်နွယ်သည် ပြည်နယ်ဆေးရုံဖြစ်သော တောင်ကြီးစဝ်စံထွန်းဆေးရုံတွင် ဆေးကုသခံယူခဲ့ပေသည်။

ဒေါက်တာခင်မေနှင်းသည် မိမိ၏ချစ်သူ ဒဏ်ရာရ၍ တာဝန်ကျရာဆေးရုံသို့ ရောက်လာသည်ကို သိလိုက်ရသည့်အခါတွင် အထူးတုန်လှုပ် ချောက်ချားသွားရသည်။ ချစ်သူအတွက် စိုးရိမ်ပူပန်သကဲ့သို့ ရဲတပ်ဖွဲ့များသည်လည်း တပ်မတော်နည်းတူ စွန့်လွှတ်စွန့်စားလျက် ရှိသည်ကို သိလိုက်ရသော ဒေါက်တာခင်မေနှင်းသည် အထူးပင် အံ့ဩသွားရသည်။ သို့သော် မိမိနှင့် မိမိချစ်သူတို့ ပြန်လည်ဆုံတွေ့ရမည်ကြောင့်လည်း တိတ်တခိုးဝမ်းသာမိရသည်။

သို့သော်သူ၏ တိတ်တခိုးဝမ်းသာမှုသည် တဒင်္ဂသာဖြစ်ခဲ့သည်။ လက်ထောက်ဆရာဝန် ဒေါက်တာခင်သီတာ၏ ပြောစကားအရဆိုပါက အောင်နွယ်သည် ခြေထောက်တစ်ဖက် ဖြတ်ပစ်ရမည့် အနေအထားဖြစ်သည်။ ဒေါက်တာခင်သီတာက -

"ခုအော်ပရေးရှင်းခန်းကို ရောက်လာတဲ့ ရဲအရာရှိရဲ့ သေနတ်မှန်တဲ့ ခြေထောက်က ကျိုးရုံတင်မကဘူး။ ကြေသွားတဲ့သဘောရှိတယ်။ သည်အတိုင်းဆိုရင် ဒူးအောက်ပိုင်းကို ဖြတ်ပစ်ရမှာပဲကွ"

ခင်မေနှင်းတစ်ယောက် သန့်စင်ခန်းဝင်၍ အရှိုက်သဲလှိုက် ငိုကြွေးခဲ့ရသည်။ အော်ပရေးရှင်းခန်း၌ ဆန့်ဆန့်ကြီးဖြစ်နေသော ချစ်ရသူအား သနား၍မဆုံး ဖြစ်ခဲ့ရသည်။

"ဖြစ်မှ ဖြစ်ရလေ မောင်ရယ်"

ဟူသည့် ယူကျုံးမရစွာ ညည်းညူလျက် ငိုရှိုက်ခဲ့ရသည်။ ထိုငိုခြင်းသည် အချိန်တိုအတွင်း အခြေအနေတစ်ရပ်ကြောင့် ရပ်ဆိုင်းလိုက်ရပါ၏။ ရဲအုပ်အောင်နွယ်၏ နံဘေးတွင် ရှမ်းတိုင်းရင်းသူ ခပ်ချောချောမိန်းကလေးသည် စိုးရိမ်တကြီးဖြင့် ရဲအုပ်အောင်နွယ်အား ကြည့်နေပါသည်။ ထိုမိန်းကလေးအား ကြောင်ငေးကြည့်နေမိသော ဒေါက်တာခင်မေနှင်းအား ဒေါက်တာခင်သီတာမှ ခပ်တိုးတိုးဖြင့် ဆိုပါသည်။

"အဲဒါ ရဲအရာရှိရဲ့ဇနီးနဲ့တူတယ်"

ထိုစကားသည် ဒေါက်တာခင်မေနှင်းအတွက် ကမ္ဘာကြီးတစ်ခုလုံး ပျက်ယွင်းသွားရသည့်သဖွယ်ပင်။ အသက်ရှူရပ်ဆိုင်းသွားရ၏။ ဒဏ်ရာရလာသော ချစ်သူအား အတိုးချ၍ ပြုစုယုယမည်ဟု စိတ်ဆုံးဖြတ်ထားသမျှ ယခုတော့ စိတ်ကူးယဉ်တစ်ခုမျှသာ ဖြစ်သွားရပြီဟု ကြေကွဲစွာ စဉ်းစားမိသည်။ ချစ်ခြင်းမေတ္တာကို ဘယ်လိုသဘောထားလိုက်တာလဲမောင်ရယ်ဟု ရေရွတ်ပြီး ငိုပြီးရင်းငို၍သာ နေရတော့သည်။ သို့သော် ဆေးကုသမှုတာဝန်သည် သူမတွင် ရှိနေခြင်းကြောင့် အောင်နွယ်ကို ခွဲစိတ်ကုသရန် အကူဆရာဝန်အဖြစ် အော်ပရေးရှင်းခန်း ဝင်ခဲ့ရသည်။ ဒေါက်တာခင်မေနှင်းသည် အလုပ်ထဲတွင် ဟန်မပျက် ရှိခဲ့သော်ငြားလည်း မိမိနေထိုင်ရာ အဆောင်သို့ ရောက်သည်နှင့် နှလုံးသားမှ ပြုဆင်းသည့် ကွဲအက်မှု မျက်ရည်တို့သည် ရင်နာခြင်း သမုဒ္ဒရာသို့တိုင် မပြတ်စီးဆင်းနေသည့်အခြေအနေတွင် ရှိနေခဲ့သည်ဟု ဆိုရပေတော့မည်။

"ရက်စက်လိုက်တာ မောင်ရယ်၊ မောင်ရဲ့ချစ်ခြင်းဆိုတာ ပြောင်းလဲပြင်ဆင်နိုင်တဲ့ အချစ်တွေလားရှင်။ ခုတော့ ဝေးသထက် ဝေးရပြီပေါ့ မောင်ရယ်။ မေနှင်းရဲ့အချစ်တွေကို မယုံကြည်နိုင်ဘူးထင်ပြီး အချစ်သစ်ကို ရှာခဲ့တာလားရှင်"

စိမ့်စိမ့်အေးသော ရှမ်းတောင်တန်းဒေသတွင် သူမ၏နှလုံးသားသည် အေးစိမ့်နေခြင်းမရှိ။ အပူရှိန်ပြင်းသည်ထက်ပြင်း၍ နေပေ၏။ သူမသည် တစ်ချိန်က ငယ်ချစ်ဦးရှိရာ အရောက်လာမည်ဟု ရည်မှန်းကြိုးစားခဲ့သမျှ ယခုအခါတွင် နေလိုခြင်းမရှိတော့။ ရန်ကုန်ပြန်ရန် စဉ်းစားရတော့သည်။

▶▶■◀◀

(၄)

ခြေထောက်တစ်ဖက်မရှိသော ရဲအုပ်အောင်နွယ်သည် ရှေ့ဘဝလမ်းကို



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ ဆက်လျှောက်ရမည် မသိဖြစ်နေသည်။ တိုင်းရဲမှူးကြီးကတော့ ပြောပါသည်။

"မောင်အောင်နွယ် စိတ်ဓာတ်မကျပါနဲ့။ မင်းကို ရာထူးတစ်ဆင့်တိုးဖို့ ရဲချုပ်ရုံးက စာရောက်နေပါတယ်။ နောက်ပြီး နိုင်ငံတော်ကလည်း ရဲသူရဘွဲ့ပေးဖို့ အစီအစဉ်ရှိကြောင်း တို့တွေကြားထားပါပြီ။ ရဲတပ်ဖွဲ့မှာ ဆက်နေမယ်ဆိုလည်း ရဲတိုင်းမှူးရုံးမှာ ရုံးအုပ်ကြီးအဖြစ် ဆောင်ရွက်လို့ရပါတယ်။ အဆင်ပြေအောင် တို့တစ်တွေ ဆောင်ရွက်ပေးရမှာပေါ့။ ဒီကိစ္စအတွက် မပူပါနဲ့ မောင်အောင်နွယ်"

ရဲအုပ်အောင်နွယ်၏ ရှေ့လုပ်ငန်းများအတွက် ရဲမှူးကြီးမှ စီစဉ်ပေးသော်လည်း ခြေထောက်တစ်ဖက် မရှိသောသူသည် ရဲတပ်ဖွဲ့တွင် ဒုက္ခိတဘဝဖြင့် နေလိုခြင်းမရှိတော့။ ဆေးဖြင့်ရဲတပ်ဖွဲ့မှထွက်၍ ကျောင်းဆရာလုပ်ရန် စဉ်းစားမိသည်။

လတ်တလောအားဖြင့် ဤဆေးရုံကြီး၌ သူ၏ချစ်ဦးသူဒေါက်တာခင်မေနှင်း ရှိနေသည်ဟူသော အသိကြောင့် အောင်နွယ်သည် ဒေါက်တာခင်မေနှင်းကို မျှော်နေမိသည်။ ထူထူထောင်ထောင် ရှိသောနေ့တစ်နေ့တွင် ဒေါက်တာခင်မေနှင်းသည် သူနာပြုဆရာမများဖြင့် သူရှိရာခုတင်သို့ ရောက်ရှိလာသည်။ ဒဏ်ရာများကို စစ်ဆေးကြည့်ရှုပြီး ဒေါက်တာခင်မေနှင်း ပြန်လည်ထွက်ခွာရန် လှည့်ထွက်လိုက်စဉ် အောင်နွယ်သည် ခုတင်ပေါ်မှ -

"မေနှင်းရယ် . . . ခဏလောက် အချိန်ပေးပြီး မောင့်ရဲ့စကားကို နားထောင်စေချင်ပါတယ်။ မမျှော်လင့်ပါဘဲ မေနှင်းနဲ့မောင် တွေ့ဆုံရတာ မောင်လေ ပြောမပြတတ်အောင် ဝမ်းသာရပါတယ်။ မောင့်ဘဝမှာ ဘယ်တော့မှ တွေ့ရလိမ့်မယ်လို့ ထင်မထားတဲ့ ငယ်ချစ်ဦးကို အခုလို ဆရာဝန်ဘဝနဲ့ တွေ့ဆုံရတာ သိပ်ဝမ်းသာတယ်။ ဂုဏ်လည်းယူတယ်။ ဒါပေမယ့် မောင့်ရဲ့ ဒီအခြေအနေ ဒီဘဝမျိုးနဲ့ မေနှင်းကိုတွေ့ရတာ မောင့်ကိုယ်မောင် ဝမ်းလည်းနည်းတယ်။ ယူကျုံးမရလည်း ဖြစ်ရတယ်။ ဒါပေမယ့်လည်း ချစ်ရသူရဲ့ ဆေးကုသခံရမှုအတွက် မောင်ကျေနပ်မိပါတယ် မေနှင်းရယ်"

ဘေးပတ်ဝန်းကျင်တွင် ဆရာမများရှိနေ၍ သူမသည် အောင်နွယ်ကို စိတ်ဆိုးရသကဲ့သို့ ရက်လည်းရက်မိပါသည်။ ဆရာမများသည်လည်း အလိုက်သိစွာ အခန်းထဲမှ ထွက်ခွာပေးကြသည်။ ဒေါက်တာခင်မေနှင်းသည် ရင်ထဲမှဒေါသများကို ထိန်းချုပ်လျက်ရှိသော်လည်း သူမ၏မျက်ဝန်းများတွင် စိုစွတ်နေကြသည်။

"ကိုအောင်နွယ်နဲ့ အခုလိုတွေ့ရတဲ့ မေနှင်းကလည်း ဝမ်းသာဝမ်းနည်းဖြစ်ရပါတယ်ရှင်။ ဒါနဲ့ ကိုအောင်နွယ်ရဲ့ ဇနီးရော ရောက်မလာသေးဘူးလား"

"ဗျာ"

အောင်နွယ်သည် ခုတင်ပေါ်တွင် ထိုင်လျက် အနေအထားဖြင့် မေနှင်းအား နားမလည်နိုင်စွာ ငေးကြည့်မိသည်။ ထို့နောက် . . .

"ဘယ်လို . . . ဘယ်လို၊ မောင့်မှာ ဇနီးရှိတယ် ဟုတ်လား။ ဘုရားရေ ဘယ်သူများ မေနှင်းကို ချွန်တွန်းလုပ်လိုက်ပါလိမ့်။ ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ။ မောင့်မှာ မေနှင်းကလွဲပြီး ဘယ်သူ့ကိုမှ နှလုံးသားအစားထိုးဖို့ မစဉ်းစားမိခဲ့ပါဘူး။ ဘယ်တော့မှလည်း ပေးမှာ မဟုတ်ပါဘူး"

ဒေါက်တာခင်မေနှင်းသည် အောင်နွယ်အား ကြောင်ငေးငေးဖြင့် -

"ဒါဆို ဟိုတစ်နေ့က ရောက်လာတဲ့ ရှမ်းတိုင်းရင်းသူ အမျိုးသမီးကရော အဲဒါ ကိုအောင်နွယ်ဇနီး မဟုတ်ဘူးလား"

အောင်နွယ်သည် ခြေထောက်အနာကြောင့် နာကျင်ဆဲဖြစ်သော်လည်း သူမ၏မေးခွန်းကြောင့် အော်၍ရယ်မိပေသည်။ အလိုက်ကန်းဆိုး မသိသော သူ၏ရယ်မောမှုကြောင့် ဒေါက်တာခင်မေနှင်းတစ်ယောက် လိပ်ပြာမလုံစွာ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိသည်။ အောင်နွယ်မှ ရယ်နေရာမှ မျက်နှာပိုးသတ်လျက် -

"မောင်က အခုထိ လူပျိုကြီးတစ်ကိုယ်တည်းပါကွာ။ မောင်နဲ့တလွဲထင်နေတဲ့ မိန်းကလေးက မောင့်ရဲ့ သူငယ်ချင်း ရဲအုပ်ကျော်ဇင်သူရဲ့ ဇနီးလောင်းပါ။ သူငယ်ချင်းကိုယ်တိုင်က သူ့ဇနီးလောင်းကို မောင့်ကို အကူအညီပေးဖို့ မှာကြားထားလို့ မကြာခဏလာကြည့်ပြီး မုန့်တွေဘာတွေ ယူပို့နေတာပါကွာ။ မောင့်မိဘတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးကိုရောက်နေပါပြီ။ ဖြစ်ဖြစ်ချင်း မိဘတွေကို အကြောင်းမကြားခဲ့ဘူးလေ။ အင်း…ပြောသာပြောရတာပါ။ မောင်ကသာ ကိုယ်ငယ်ချစ်ကို မျှော်လင့်နေရပေမယ့် အခုတော့ စိတ်ကူးယဉ်ဘဝ ဖြစ်သွားပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ မောင်ကဒုက္ခိတလက်သစ် ဖြစ်နေပြီလေ။ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်း ဆောင်ရွက်ခဲ့လို့ သည်ဘဝရောက်ရတာ ကျေနပ်ပေမယ့် ချစ်ဦးသူနဲ့က တမ်းတခြင်းကလွဲပြီး မမျှော်မှန်းနိုင်တော့ပါဘူး မေနှင်းရယ်"

ဆို့နင့်စွာ ပြောလာသော ရဲအုပ်အောင်နွယ်၏ စကားများကြောင့် ဒေါက်တာခင်မေနှင်းမှာ ကြေကွဲစွာဖြင့် စိတ်နှလုံးညှိုးငယ်သွားရသည်။ သူမ၏ မျက်ဝန်း၌လည်း မျက်ရည်စများ ဝေသီလာရသည်။ သူမသည် ကျလုလု မျက်ရည်များကို ကမန်းကတန်း သုတ်လိုက်ပါ၏။

ငိုရှိုက်ခမန်းဖြစ်နေသော ဒေါက်တာခင်မေနှင်းသည် ညှိုးလျော်နေသည့် သူမ၏မျက်နှာလေးအား အားမာန်ထည့်၍ ပြင်ဆင်လိုက်ပါသည်။ ချစ်ခြင်းမေတ္တာပြည့်လျှမ်းသော မျက်နှာကလေးသည် ပြန်လည်လန်းဆန်းလာရပါသည်။

"တကယ် မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ချစ်ကြတဲ့ချစ်သူတွေမှာ ခက်ခဲကြမ်းတမ်းတဲ့ ဘဝဆိုတာ ရှိစမြဲပါပဲ မောင်။ မေနှင်းတော့ တကယ့်အနှစ်သာရရှိတဲ့ အချစ်တစ်ခုကို ရလိုက်ပြီလို့ မေနှင်းယုံကြည်သွားပါပြီ။ ချစ်ခြင်းမေတ္တာရှိသူတွေအတွက် ချစ်သူတွေရဲ့ ကိုယ်ခန္ဓာပျက်စီးမှု ဖြစ်တာနဲ့ ချစ်ခြင်းမေတ္တာတွေ လျော့ပါးပျောက်ကွယ်သွားတယ်ဆိုတာ မရှိစကောင်းပါဘူးမောင်။ မောင်နဲ့ မေနှင်းတို့ ချစ်ခဲ့ကြတာက နှလုံးသားထဲက ပေါက်ဖွားလာတဲ့ ချစ်ခြင်းတွေပါ။ မောင့်ရဲ့ခြေထောက်တစ်ဖက် ပျက်စီးသွားတာနဲ့ မေနှင်းရဲ့အချစ်တွေ ပျက်ရမတဲ့လား မောင်ရယ်"

ဒေါက်တာခင်မေနှင်းသည် အောင်နွယ်၏ ခုတင်နားတိုးကပ်လျက် ညင်သာစွာ ပြောပါလေ၏။ အောင်နွယ်၏ နေညိုရောင်သန်းသော မျက်နှာသည် ကြည်နူးသည့်အရိပ်သွင်ဖြင့် ချစ်သူကို မော့ကြည့်နေသည်။

"မေနှင်းလေ…ရဲတပ်ဖွဲ့ဆိုတာ မေနှင်းတို့ နိုင်ငံတင် မဟုတ်ပါဘူး။ ဘယ်နိုင်ငံမဆို တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်တဲ့တပ်ဖွဲ့ဆိုတာ နားလည်သွားပါပြီ မောင်။ ပြည်သူလူထု အေးချမ်းသာယာရေး၊ ရာဇဝတ်မှုလျော့ပါးကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး အပြင်၊ အရေးကြုံတဲ့အခါတွေမှာ တပ်မတော်နဲ့အတူ နိုင်ငံတော်ကာကွယ်ရေးတွေမှာပါ လုပ်ဆောင်ကြရတဲ့ ရဲတပ်ဖွဲ့ တန်ဖိုးကြီးမားပုံကို မေနှင်းသဘောပေါက်ပါပြီ မောင်ရယ်။ နောက်ပြီး မောင်ဟာလည်း မေနှင်းဘဝအတွက် အလိုအပ်ဆုံးလူ၊ အမြတ်နိုးဆုံးလူဆိုတာ သိလာရတဲ့နောက် မောင်ရှိနိုင်မယ့် နေရာဒေသကို မေနှင်းပြောင်းရွှေ့ခဲ့တာပါ။ ဒါကြောင့် မောင် ဘာပဲဖြစ်နေနေ မေနှင်းကတော့ မောင်နဲ့အတူတူ ဘဝကြမ်းသည်ဖြစ်ဖြစ်၊ ပန်းခင်းလမ်းပဲဆိုဆို၊ အတူတူလျှောက်လှမ်းဖို့ ဆုံးဖြတ်ထားပါတယ် မောင်ရယ်"

ရဲအုပ်အောင်နွယ်သည် သူ၏ မျက်ဝန်း၌ မျက်ရည်များဝေ့လည်လျက် ချစ်ရသော မေနှင်း၏ နူးညံ့သော လက်ကလေးအား ယုယစွာ ကိုင်တွယ်၍နေပေသည်။ ဒေါက်တာခင်မေနှင်းသည် ချစ်ရသောမောင်နှင့် ဘဝလမ်းတစ်လျှောက် တူညီစွာ လှမ်းလျှောက်ရတော့မည် ဖြစ်ခြင်းကြောင့် သူမ၏မိဘမောင်ဖား ဆွေမျိုးများ၏ ပြောဆိုမှု၊ ဝေဖန်မှု၊ ကန့်ကွက်မှု၊ အပြစ်တင်မှုများ အနည်းနှင့်အများ ခံစားရမည်မှာမုချ ကေန်ပင်ဖြစ်သည်။ ဒေါက်တာခင်မေနှင်းသည် သူမ၏ချစ်သူနှင့်ပတ်သက်၍ ခန္ဓာခွန်အား၊ စိတ်ဓာတ်ခွန်အားများစွာကို မွေးရမည်သာဖြစ်သည်။ သို့စေကာမူ အင်အားကြီးမားလှသော ချစ်ခြင်းမေတ္တာ၏ အရှိန်အဟုန်ကိုကား မည်သည့်အရာမျှ ခြေဖျက်နိုင်စွမ်းရှိမည် မဟုတ်ကြောင်း သူမယုံကြည်ထားပါသည်။

မည်သို့ဆိုစေ ချစ်ရသောမောင်တစ်ယောက် ဆေးရုံမှ ဆင်းလျှင်ဆင်းချင်း တရားရုံးတွင် တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်မည်ဟု ဒေါက်တာခင်မေနှင်း ဆုံးဖြတ်လိုက်တော့သည်။

မောင်သာမန်(ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

## ဂေါတမဘုရားရှင်၏ ခြေတော်ရာနှစ်ဆူကို ပထမဦးဆုံး ရှာဖွေတွေ့ရှိခဲ့သော

# တောင်ဖီလာဆရာတော်ဘုရားကြီး

### ပထမံဆရာကြီးဦးအောင်သူ

တောင်ဖီလာဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၉၄၀ ပြည့်နှစ်၊ အေဒီ ၁၅၇၈ ခုနှစ်တွင် စလင်းမြို့ရှေ့ သာထွန်းဦး စေတီတည်ရာအရပ်၌ ဖွားမြင်တော်မူခဲ့၏။

ပြည်မြို့မြောက်ဘက် နဝင်းတောင်ကြားရှိ ရွှေကျောင်း ဆရာတော် သီဟိုဠ်ရောက် ရှင်အတုလဝံသ၏ နှယ်ခတော်ဝင် ဖြစ်သည်။ ငယ်စဉ်ကပင် ရှင်သာမဏေဘောင်သို့ ဝင်လျက် စာပေကျမ်းဂန်များကို လေ့လာလိုက်စားခဲ့ပြီး ပညာထူးချွန်သဖြင့် ၁၃ နှစ်သားအရွယ်တွင် ပြည်မြို့ရှိ နဝင်းတောင်ကြား ရွှေကျောင် ကျောင်းသို့ပင့်ဆောင်ခြင်းခံရ၏။ ရှင်အမည်မှာ မုနိန္ဒဃောသ ဖြစ်၏။

အရွယ်ရောက်သော် ရှင်မုနိန္ဒဃောသဘွဲ့အမည်ဖြင့် ရဟန်းခံသည်။ အချို့ကလည်း ရှင်ဘွဲ့အမည်မှာ ဥပါလိဟု ဆို၏။ အနောက်ဘက်လွန်မင်းတရားကြီး နန်းစံနှစ် ခရစ်နှစ် ၁၆၀၅/ ၁၆၂၈ တွင် ပြည်မြို့ကိုသိမ်းပိုက်ပြီးနောက် ရှင်မုနိန္ဒဃောသကို အင်းဝသို့ ပင့်ဆောင်ခဲ့သည်။ ပြည်သိမ်းပွဲတွင် ရှင်တစ်ဆူ လူ တစ်ယောက်သာရခဲ့သည်ဟု အနောက်ဘက်လွန်မင်းက ဆို စမှတ်ပြုခဲ့ရာ ထိုရှင်တစ်ဆူမှာ ရှင်မုနိန္ဒဃောသ တောင်ဖီလာ ဆရာတော်အလောင်းအလျာပင် ဖြစ်၏။ လူတစ်ဦးကား ကျေးဇူး အထူးသိတတ်သူ ထေင်ငယ်တည်း။

အရှင်မုနိန္ဒဃောသသည် အင်းဝသို့ရောက်ခါစက မဟာ မြတ်မုနိ အရန်သုခမ္မာဇရပ်၌ သီတင်းသုံးသည်။ ခရစ်နှစ် ၁၆၂၁ ခုနှစ်တွင် အနောက်ဘက်လွန်မင်း၏ ညီတော် စလင်းစား မင်းရဲ ကျော်စွာ ဆောက်လုပ်လှူဒါန်းတော်မူသော စစ်ကိုင်းမြစ်အနီးရှိ လေးထပ်ကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူသည်။ ထို နောက် ရှင်မုနိန္ဒလေးထပ်ကျောင်းတွင် သီတင်းသုံးနေစဉ် စလင်း စားမင်းရဲကျော်စွာ၏ တောင်းပန်ချက်အရ ယသဝဍ္ဎနဝတ္ထုကို ရေးခဲ့သည်။

သာလွန်မင်းတရားကြီး နန်းစံ ခရစ်နှစ် ၁၆၂၉ မှ ၁၆၄၈ သည် ခရစ်နှစ် ၁၆၃၃ ခုတွင် ဇင်းမယ်အရေးပြီးစီး သည့်နောက် ဟံသာဝတီ၌ ရာဇာဘိသေက ခံတော်မူစဉ် ဝိဋကတ် လောကဝတ် ဓမ္မဝတ်တတ်ကျွမ်းသော ပညာတတ်များ ပင့် ဆောင်ခေါ်ယူရာ ရှင်မုနိန္ဒဃောသလည်း အပင့်ခံအဖြစ် အင်းဝ မှ ဟံသာဝတီသို့ ရောက်ခဲ့ရ၏။ ဟံသာဝတီတွင် ဗုဒ္ဓကျမ်းဂန် များကို ပို့ချသင်ကြားပေးခဲ့ရသည်။

တောင်ဖီလာဆရာတော် ရှင်မုနိန္ဒဃောသမထေရ် ပြုစု ခဲ့သော ကျမ်းများမှာ ဝေဿန္တရာပျို့(ပေါင်း) ယသဝဍ္ဎနဝတ္ထု၊ မာတိကာ၊ အရအကောက်၊ ဓာတုကထာ(ပါဠိတော်နိဿယ)၊ အရအကောက် ယမိုက်အရကောက်၊ ပဋ္ဌာန်းအရကောက်ဟူ သည့် အရကောက်လေးကျမ်းအပြင် အနောက် ဘက်လွန်မင်း တရားကြီး အမေးတော်ပုံ သာလွန်မင်းတရားကြီး အမေးတော်ပုံ ဝမ်းပဲအင်းစံမင်းတရားကြီး အမေးတော်ပုံ၊ ဝိနယလင်္ကာရဋီကာ သစ်၊ ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပါဌ်၊ ရာဇိန္ဒရာဇနာမာဘိဓေယျ ဝိသောဓနီ (နိဿယ)၊ လောကဝိဒူကွန်ခြာစာတတ်ကျမ်း စသည်တို့ဖြစ်၏။

မိုးကောင်းကင်အောက်၌ ညို့ညို့မှိုင်းမှိုင်း တောတန်း တောင်တန်းကြီးနှင့် အစိမ်းရောင် တောအုပ်ကြီးအတွင်း၌ရှိသော တောကိုမြတ်၊ တောင်ကိုပယ်၍ ကွေ့ဝိုက်ရစ်ခွေ မြွေကြီးအလား စီးဆင်းနေသော နမ္မဒါမြစ်သည် ရွှင်း အလှပန်းချီကားတစ်ချပ် ကဲ့သို့ လှပနေ၏။ ဒါ့အပြင် နမ္မဒါမြစ်ကမ်းစပ်၌ ရေဆင်းပြီး သောက်နေကြသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့သည် လည်း တော၏သဘာဝကို အလှဆင်နေဟန်ရှိသယောင်ဖြစ်၏။

တိတ်ဆိတ်နေသော တောအုပ်၌ တွန်ကျူးလိုက်သော အသံသည်ကား ခေါင်းကအိုးဝေ၊ မျောက်ကကြိုးခွေ၊ တစ်ခါတစ်ရံ သမင်ကဟောက်၊ ဂျီကတောက်ပြန်သေး၏။

ဗမာပြည်မှာ ခြသေ့်မရှိ။ အာဖရိကမှာသာ ရှိသည်။ တော၏ဘုရင်ဖြစ်သော ခြသေ့်၊ ကျား၊ ဆင်တို့ကလည်း ခြိမ်း ခြောက်ဟိန်းဟောက်ကြသေး၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဆရာတော်ကြီးရဲ့ မေတ္တာကြောင့် ရန်မပြုဘဲ ရှိကြ၏။ တောင်ဖီလာဆရာတော်ကြီးသည် ဂေါတမမြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူကို ရှာဖွေခဲ့သည်မှာ ရက်ပေါင်းများစွာ ကြာခဲ့လေပြီ။

အကြောင်းအရာတူ အိပ်မက်တစ်ခုကို ပုဂ္ဂိုလ်ကြီးနှစ်ဦး တစ်ချိန်တည်း တစ်ပြိုင်တည်း မြင်မက်ရာမှသည် ခရီးစဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တောင်ဖီလာဆရာတော်ကြီး ကိန်းစက်နေစဉ် ဂေါတမမြတ်စွာဘုရားသည် နမ္မဒာ(နမ္မဒါ)မြစ်အနီး မြကျောက်ဖျာထက်၌ ခြေတော်ရာနှစ်ဆူ ချထားကြောင်း။ စက်တော်ရာနှစ်ဆူတို့သည် နှစ်ပေါင်း ၁၂၈ ဂပတ်လုံး နှင်းမြူတိမ် ခိုးအုပ်မိုးသော လပမာ ရောင်ဝါမလင်း သတင်းမပြိုး ခတာမြိုင်ရိုး၌ တန်ခိုးတော်မပြ မတော်ကပ်သဖြင့် လူတို့ အမူးအမြော် မရောက်ကြ ဖြစ်နေသည်ဟူ၍ အိပ်မက်မက်သည်။

သာလွန်မင်းတရားကြီးသည် စက်တော်ခေါ်နေစဉ် ထိုည ထိုအချိန်၌ ဆိုအိပ်မက်ကို တစ်ပြိုင်တည်း မြင်မက်တော်မူသည်။ သိကြားမင်းက လူပြည်ကို သက်ဆင်းပြီး အိပ်မက်ပေးခြင်းဖြစ်သည်။ ဆရာတော်ကြီးသည် နမ္မဒာမန်းမြစ်၏အမည်ကို သဒ္ဒါရစ်ဆောင် သင်္ဂြိုဟ်ကိုးပိုင်း၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ ပဋ္ဌာန်းကျမ်းတို့၌ရှာဖွေရာ နမ္မဒာမန်းမြစ်၏အမည်ကို မတွေ့ရှိပေ။ စာပေါင်းရစ်သောင်းလေးထောင်ကျော်ကို အပန်းမပန်ဖွေနှောက်ရှာဖွေမှ ပုဏ္ဏောဝါဒသုတ်တွင် နမ္မဒာမန်းမြစ်၏အမည်ကို တွေ့ရှိလေသည်။ တောင်ဖီလာဆရာတော်ကြီးပေ စာထုပ်ကိုကိုင်ပြီး နန်းတော်သို့ဝင်သည်။

မင်းကြီးက

"အရှင်မြတ်ဘုရား မည်သည့်အကြောင်းကိစ္စဖြင့် ကြွရောက်လာပါသနည်း"ဟု မေးမြန်းလျှောက်ထားသည်။

တောင်ဖီလာဆရာတော်က

"ဒကာတော် ဘုရင်မင်းမြတ် ယမန်နေ့ည ငါကိန်းစက်နေစဉ် နမ္မဒာမန်းမြစ်အနီး မြကျောက်ဖျာထက်၌ ငါတို့ဂေါတမမြတ်စွာဘုရားသခင်သည် လူသတ္တဝါအများကို ကရုဏာထားပြီး ကိုးကွယ်ရန် ခြေတော်ရာနှစ်ဆူ ချထားခဲ့သည်ဟု အိပ်မက်မြင်မက်၍ ပိဋကတ်ကျမ်း အစောင်စောင်တွင်ရှာဖွေရာ ပုဏ္ဏောဝါဒသုတ်၌သာလျှင် နမ္မဒာမန်းမြစ်အမည်ကို တွေ့ရှိ၍ ကျမ်းစာကို သက်သေပြရန် ငါယူဆောင်လာသည်"

"ဘုရားတပည့်တော်လည်း ညက ဆရာတော်ဘုရားကဲ့သို့ ထိုအိပ်မက်ကိုပင် ထပ်တူမြင်မက်ပါသည်။ အရှင်ဘုရား၏ ကျမ်းစာအရ နမ္မဒါမြစ်သို့ ခြေတော်ရာနှစ်ဆူ ရှာဖွေရန်ကြွလျှင် တပည့်တော်က စားရေးရိက္ခာ အလုံအလောက်၊ ရဟန်းအင်အား၊ လူအင်အား အလုံအလောက်ပါရှိရေး ဆောင်ရွက်ပေးပါမည်ဘုရား"ဟု လျှောက်ထားကာ တောင်ဖီလာဆရာတော်သည် အင်းဝပခွင်းကျော် အရိယာလင်္ကာရဆရာတော် အနန္တဓဇဆရာတော် တိလောကလင်္ကာရ ဆရာတော်ကြီးနှင့်အတူ ရဟန်းငယ် ၁၂ ပါးနှင့် အလုပ်အကျွေး ကပ္ပိယဒါယကာများပါလိုက်ပါပြီး လှေကြီးတစ်စင်းတွင် စားနပ်ရိက္ခာ အပြည့်အစုံတင်လျက် စီးနင်းစုန်ဆင်းသွားရန် လှေတက်၊ လှသူနှင့်တကွ ပေးအပ်လှူ ဒါန်းတော်မူသည်။ သက္ကရာဇ် ၁၀၀၀ ပြည့် ကဆုန်လပြည့်နေ့တွင် မြစ်စဉ်တစ်လျှောက် စုန်ဆင်းတော်မူ၍ ယခု မင်းဘူးဆိပ်ကမ်း၌ လှေကိုဆိုက်ပြီး ကုန်းလမ်းခရီးစဉ်ဖြင့် သွားရာ စက်တော်ရာအနီး ယခုရွာတည်ရာအရပ်တွင် သစ်ပင်ကြီးတစ်ပင်၌ စခန်းချတော်မူကြ၏ဟု ရှေးဟောင်းပဒေစေတီယဒီပနီကျမ်းတွင် ဆို၏။

(မှတ်ချက်) - ဤကဲ့သို့ ဆရာတော်ကြီးများ (ခြေတော်ရာရှာအဖွဲ့) စခန်းချသောအရပ်သည် ယခု စကုမြို့အနောက်မြောက်မိုင်အကွာတွင်ရှိသော မရက်ရွာအနီး သစ်ပင်ကြီးတစ်ခု၌ စခန်းချတော်မူ၏ဟု နောက်သမိုင်းဆရာတို့က ယူဆတော်မူကြပြန်၏။ အလိုရှိရာ ယူဆတော်မူကြပါကုန်။

ထိုစခန်းချရာအရပ်၌ ညဦးအခါတွင် ပရိတ်ရွတ်ခြင်း၊ ကျမ်းဂန်ကို သရဇ္ဈာယ်ခြင်းတို့ဖြင့် ညဉ့်နှစ်ယံကို လွန်စေ၍ ခေတ္တကိန်းတော်မူကြရာ ညဉ့်သုံးချက်တီးကျော် ငါးမောင်းခန့်အချိန်တွင် တောင်ဖီလာဆရာတော် အိပ်မက်မြင်မက်သည်ကား လူတစ်ယောက်သည် လုံ့တံကိုစွဲကိုင်လျက် ခွေးနက်ကြီးတစ်ကောင်နှင့် ဆရာတော်ရှေ့သို့ ရောက်လာကြပြီးလျှင် ဘုန်းကြီးတို့လာကြသည်မှာ တောအုပ်ကြီးများလှသည်။ ခြင်္သေ့၊ သစ်၊ ကျား။ သားရဲ မြွေကင်းစသော ဘေးအန္တရာယ် အလွန်များခြင်းဖြစ်မည်ကို မသိ၍ လာကြသလောဟုမေး၏။

ထိုအခါ ဆရာတော်က "ဒါယကာ ငါတို့သည် မြတ်စွာဘုရား ခမ္ဘာသိမ်တော်အတွင်း၌ ဥပသမ္ပဒရဟန်း အဖြစ်ကိုရသော ဘုရားသားတော်စစ်များဖြစ်သည်။ ငါတို့အဘဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဤဒေသ၌ ချထားတော်မူခဲ့သော ခြေတော်ရာနှစ်ဆူရှိကြောင်း ရှေးမင်းအဆက်ဆက် သွားလာရောက်ပေါက် ပူဇော်ကြရလျက် ယခုနှစ်ပေါင်း ၁၂၇ နှစ်ကျော် ကွယ်လွန်တိမ်မြုပ်လျက်ရှိကြောင်းကို စာဟောင်းစကားစဉ် ရှိထားသည်ဖြစ်၍ ရှာဖွေပူဇော်ရန် ငါတို့လာကြသည်ဟု ပြောဆိုလျှင် နံနက်လင်းသည့်ကာလ ခွေးနက်ကြီးရှိရာ တော



www.burmeseclassic.com

www.burmeseclassic.com

သို့လိုက်လျှင် တွေ့လိမ့်မည်ဟုပြောစဉ် အိပ်ရာမှနိုးလေ၏။

တောင်ဖီလာဆရာတော်က ထိုသို့မြင်မက်သော အိပ်မက်ကို ဆရာတော်ကြီးသုံးပါးတို့အား ပြန်ကြားတော်မူရာ ဆရာတော်ကြီးသုံးပါးက ဗာရာဏသီပြည်၊ ဥသိနကမင်းလက်ထက် ကဿပမြတ်စွာဘုရား သာသနာတော်ညှိုးနွမ်းသည်ဆိုကြောင်း။ ထိုအခါ သိကြားမင်းက မုဆိုးအယောင် ဝိသုကြံနတ်သားက ခွေးနက်ကြီးအယောင်ဆောင်၍ သာသနာကို ထောက်ပံ့လာကြောင်းနှင့် မဟာကဏှာဇာတ်တွင်လာသည်။ ငါတို့မြတ်စွာဘုရားခြေတော်ရာ နှစ်ဆူကွယ်၍ သာသနာတော်ညှိုးနွမ်းသည်ကို သိကြားမင်းသည် ကိုယ်ထင်မဆောင် အရိပ်အယောင်ဖြင့် စောင်မချီးမြှောက်လာသည်ဟု ယူဆရမည်။ ယင်းသည့်ကာလ ခွေးနက်ကြီးကို တွေ့ခဲ့ပါသော် စင်စစ် ငါတို့အကျိုးပြီးလိမ့်မည်ဟု နိမိတ်ဖတ်တော်မူကြ၏။

ဆရာတော်များသည် မိုးလင်းသည့်ကာလ နံနက်ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရာမှ ကြွသွားတော်မူ၍ ရှာလေသော် ခွေးနက်ကြီးတစ်ကောင် ရှေ့ဆောင်လမ်းပြရာသို့လိုက်၍ ခရီးဆက်ခဲ့ကြလျှင် နမ္မဒါမြစ်ကမ်းသို့အကူး ခွေးနက်ကြီးပျောက်သွားလေသည်။ ဆရာတော်တို့လည်း အစဉ်တစ်စိုက်ကူး၍ လိုက်ကြသဖြင့် မြစ်တစ်ဖက်သို့ရောက်လျှင် ကမ်းထိပ်တွင် ဘီလူးတစ်ယောက် ထိုင်နေလျက် ဘုန်းတော်ကြီးတို့ ဘာကိုရှာဖွေနေကြသနည်းဟု မေး၏။ ဆရာတော်တို့ကလည်း အကြောင်းကို ပြောဆိုကြသည်။ ထိုအခါ ဘီလူးက ပထမခြေတော်ရာတည်းဟု အောက်ခြေတော်ရာကို ပြလေ၏။

ဆရာတော်တို့လည်း ဘုရားသခင်ကို ကိုယ်ထင်ဖူးတွေ့ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ရှိခိုးပူဇော်ကြလျှင် စေတီတော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့သည် တစ်ပြိုင်နက် ထွက်၍ ဖွှတ်လေ၏။ ရောင်ခြည်တော်စဲလျှင် ဘီလူးက ဤကား ပထမခြေတော်ရာ၊ အထက်တောင်ပေါ်မှာ ဒုတိယခြေတော်ရာရှိသေးသည်။ တောင်ထိပ်သို့တက်လော့ဟု တိုက်တွန်း၏။ ဆရာတော်တို့လည်း တောင်ထိပ်သို့တက်လျှင် အထက်စက်တော်ရာမှ ဆန်းလုံးပမာဏရှိသော ရောင်ခြည်တော်သည် ကောင်းကင်သို့တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်စိုက်သကဲ့သို့ ဝင်၏။

ဆရာတော်တို့လည်း ပူဇော်သက္ကာရပြုကြပြီးလျှင် ညဥ့်အခါ တောင်ဖီလာဆရာတော်ဘုရားသည် ပဌာန်းကျမ်းကြီးကို သရဇ္ဈာယ်ရွတ်ဖတ်ရာ တောင်စောင့်နတ်တို့သည် လာ၍ နာကြကုန်၏။ နောက် သောတာပန်တည် နတ်တို့လာကုန်၏။ ထိုအခါ ဆရာတော်က အသူနည်းဟုမေးလျှင် ငါ သောတာပန်နတ်ဟု ပြော၏။ သင်သောတာပန်ဖြစ်လျှင် ငါတို့ဆရာမြတ်စွာဘုရားကို မီလိုက်၏လောဟု မေးပြန်၏။ နတ်ကလည်း မီလိုက်၏ဟု ပြန်ဆို၏။ အသင်မီလိုက်လျှင် ယခု ငါဟောသော ပဌာန်းတရားတော်သည် မြတ်စွာဘုရားဟောတော်မူသည်နှင့် ပုဒ်အက္ခရာ ညီပါ၏လောဟု မေးတော်မူပြန်၏။

ထိုအခါ နတ်က ဘုရားသခင် ဟောတော်မူသည်နှင့် ထောက်သော် ပုပ်နံ့လှစွာသော ငါးပိကို ပေါက်ဖက်နှင့် အထပ်ထပ်ထုပ်လျှင် အပေါ်ဆုံးဖက်နံ့နှင့်တူ၏ဟုဆို၏။ ထိုအခါ ဆရာတော်က အချင်းနတ်သား၊ သင်သည် သောတာပန်ဟူသည်ကား ဝန်ခံ၏။ ယခု သင်ဆိုသောစကားသည် သောတာပန်စကားမထွက်။ ပျက်ချော်ချွတ်ယွင်းစွတကား။ ငါရွတ်သော ပဌာန်းတရားတော်သည် မြတ်စွာဘုရား ဟောတော်မူသည်နှင့် ပုဒ်အက္ခရာ မပျက်မစီး ကျနညီညွတ်မှန်ကန်၏။ ငါဆိုတိုင်း မမှန်လျှင် ငါ့ဦးခေါင်းထက် စက်သွားရောက်သည်ဖြစ်စေသောဟု အဓိဋ္ဌာန်ပြုတော်မူလေ၏။

ထိုအခါ နတ်ကလည်း "ဘုန်းကြီး…သင်ဆိုတိုင်းမှန်ပေ၏။ ငါလည်း သောတာပန်ဟုတ်၏။ သို့သော် ဘုန်းကြီးကို မဆုတ်မနစ်အားထုတ်စိမ့်သောငှာ နှိမ်၍ဆိုပေသည်။ ကြိုးစား၍ ဘုရားဆုကိုတောင်းပါ"ဟု တိုက်တွန်း၍ ကွယ်လေ၏။

ထိုနေ့ မိုးသောက်လျှင် နတ်တို့လှူသော ဆွမ်း၊ ကွမ်း၊ လက်ဖက်များကို သုံးဆောင်ဘုဉ်းပေးရ၏။ ထိုမှတစ်ဖန် သက်ဆင်းပြန်၍ အောက်စက်တော်ရာကို ပူဇော်ပြီးလေလျှင် ပံ့သကူဒုကုဋ်သင်္ကန်းဖြင့် လွှမ်းအုပ်လျက် ငါသည် ဘုရားဖြစ်မည်မှန်လျှင် ဤသင်္ကန်း၌ ၁၀၈ ကွက်သော စက်လက္ခဏာတော် ထင်သည်ဖြစ်စေသတည်းဟု ဓိဋ္ဌာန်တော်မူလိုက်လျှင် သင်္ကန်းသည် ကြိုးကြာရုပ်ကဲ့သို့ ကုန်း၍ထ၏။ ထိုသို့ထသည်ကို ဆရာတော်မြင်လေလျှင် ကြိုးလည်းကြိုးစား၊ ကြာလည်းကြာဒလဦးမည်ဟု နိမိတ်ဖတ်တော်မူပြီးလျှင် စက်တော်ရာနှစ်ဆူကို ချည်မျှင်ဖြင့်ကွင်း၍ ဆောင်ခဲ့ပြီး အင်းဝနေပြည်တော်ကို ပြန်လည်ကြွတော်မူလေသည်။

ပထမံဆရာကြီးဦးအောင်သူ

__ကိုးကား__

ဆရာဦးတင်ရှိန်၏ တြိပိဋကစေတီယ ရွှေစက်တော်သမိုင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း
# ဆေးစွမ်းကောင်းများ

## မျိုးသန်းထွန်းကို(ရေစကြို)

### သွားနှင့်ပတ်သက်သည့် ရောဂါများပျောက်သော ဆေးမြီးတိုများ

### ကျေးလက်သုံး သွားကိုက်ပျောက်ဆေးနည်း

ဆီးပင်ရင့်ရင့်၏ အခေါက်အစိုကို လက်တစ်ဝါးစာခန့် ဓားဖြင့်ခုတ်စဉ်းကာ ရေသင့်ရုံထည့်ပြီး သုံးခွက်တစ်ခွက်တင် အောင် ပြုတ်ပါ။ ထိုဆီးခေါက်ပြုတ်ရည်ကို ဆားအနည်းငယ် ထည့်ပြီးငုံပါ။

မကြာခဏ သုံးလေးကြိမ်ငုံပါ။ ထွေးပါ။

### သွားကိုက်၊ သွားနာအတွက် ဆေးရည်

ဆေးနည်း - အုန်းပင်ပေါ်က ကြွေကျတဲ့ အုန်းသီး သေးသေးလေး နှစ်လုံး ပါးပါးလှီး သံပရာရွက် (သို့) သံပယိုရွက် လက်တစ်ဆုပ်နဲ့ရောပြုတ်၊ ကျက်ကျက်ပြုတ်ပြီး ငုံပေးပါ။ ပလုတ်ကျင်း ငုံထွေးပါ။

### သွားကိုက်အတွက် ဆေးနည်းတစ်လက်

ပင်စိမ်းအယဉ်ပင်အရွက်ကို ထန်းလျက်သင့်ရုံရောလျက် ငရုတ်ဆုံသန့်သန့်ထဲထည့်ကာ ညက်အောင်ထောင်းပါ။ ညက်လျှင် ငွန်းတစ်ချောင်းဖြင့် ခပ်ယူကာ ပန်းကန်တစ်လုံးထဲထည့်ကာ ကိုက်သည့်သွား၏ အခေါင်းပေါက် (သို့) သွားဖုံးရင်းကို သိပ်ပေးပါ။

### သွားဒုက္ခတွေ ကင်းဝေးအောင်

တမာရွက်ကို နေလှန်း ပြာချပါ။ ဆားမှုန့်ညက်ညက်နဲ့ ရောတိုက်ပါ။ တမာရွက်ကိုပြုတ်ပြီး ငုံပါ။

### သွားနာ၊ သွားနဲ့အတွက် ဆေးနည်းတစ်လက်

ယုငနပန်းအရိုးအရွက် နှစ်ထွာခန့်ကို ရေနွင့်ပြုတ်ပါ။ ခပ်နွေးနွေး သုံးလေးခါငုံထွေးပေးပါ။

### သွားနိုင်ဆေး

ရှားစေးမှုန့်ကို သံပရာရည်နှင့် တေရရုံရောကာ နံနက်/ည တစ်ကြိမ်သွားတိုက်ပေးလျှင် သွားနှင့်ပတ်သက်သော ဝေဒနာများ ကင်းဝေးကာ နဲ့နေသည့်သွားကိုပင် ပြန်နိုင်စေသည်။

### ခံတွင်းနံ့ သင်းပျံ့၍ သွားခိုင်မာစေသည့် သွားတိုက်ဆေး

အုန်းမှုတ်ခွံရင့်ရင့် သံပြားပေါ်တင် မီးရှို့ပါ။ အဲဒီအုန်းမှုတ်ခွံ ပြာမှုန့်ကို ပုလင်းနဲ့ဆောင်ထားပြီး သွားတိုက်ပေးပါ။

### သွားဖုံးရောင်၊ ခံတွင်းပုပ် အနံ့ဆိုးထွက်ခြင်း ပျောက်ဆေး

ဒန့်သလွန်ပင်၏ ပင်စည်ကို ဓားနှင့်ခုတ်ထစ်လိုက်ပါ။ သုံးလေးရက်ရှိလျှင် ထိုဓားချက်ရာနေရာတွင် ဒန့်သလွန် အစေးအခဲများ တွေ့ရမည်။ ဒန့်သလွန်အစေးအခဲကို ငုံပြီး ထွေးပေးပါ။ တစ်နေ့သုံးကြိမ် ပြုလုပ်ပါ။

### သွားနာ၊ သွားကိုက်အတွက်ဆေး

(၁) ကွမ်းရွက်ခြောက် (သို့) ကွမ်းရွက်အစို ၁ ကျပ်သား

(၂) ပရုတ်ပျစ် (သို့) အခဲ ၁ ကျပ်သား

www.burmeseclassic.com

(၃) လေးညှင်းအပွင့် ၁ ကျပ်သား
(၄) ဇာတိပ္ဖိုလ်အသီး (သို့) အပွင့် ၁ ကျပ်သား
(၅) ဆူးခရမ်းသီး ၁ ကျပ်သား
(၆) ကျောက်ချဉ် ၁ ကျပ်သား
(၇) ဇဝက်သာ ၁ ကျပ်သား

ဆေးချိန် ခုနစ်ကျပ်သား ဆတူရောပြီး ခြောက်သွေ့အောင်နေလှန်းပါ။ ညက်နေအောင် အမှုန့်ပြုပါ။ အေး၍ခြောက်သွေ့သော နေရာတွင် သန့်ရှင်းသောပုလင်းထဲထည့်ထားပါ။

ညအိပ်ရာမဝင်ခင် တစ်နေ့တစ်ကြိမ် သွားဖုံး သွားအခြေတို့တွင် ယင်းဆေးမှုန့်ကို နာရီဝက်ခန့်သိပ်ပေးပါ။ ရေနွေးနှင့် ပလုတ်ကျင်းပါ။

**သွားနာသလား ဤဆေးကိုသုံးပါ**

အုန်းသီးအနကလေး လက်သီးဆုပ်ခန့်အရွယ် အစိအစိမ်း စားနှင့်လေးစိတ်စိပ်ပါ။ ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုပါ။ ရေတစ်ခွက်ကျန်ပါက နွေးနွေးကလေး ငုံလိုက်ထွေးပစ်လိုက် ပြုလုပ်ပါ။

**ဆံပင်မဖြူ၊ သွားမကျိုး အသားအရေစိုပြည်အကြောအာကောင်းဆေး**

(၁) တမာရွက်နု (နေလှန်းခြောက်) ၂၅ ကျပ်သား
(၂) နနွင်းတက် ၁၀ ကျပ်သား
(၃) ချင်းခြောက် ၅ ကျပ်သား
(၄) စမုံမျိုးငါးပါး (၄ ပဲသားစီ) ၂၀ ကျပ်သား

အားလုံး အမှုန့်ပြု သမအောင်ရောတေပြီး တင်လဲ ၅ ကျပ်သား၊ ပျားရည် ၂၅ ကျပ်သားနဲ့ ရောနယ်၊ ခန်ပူးထဲထည့် တစ်နေ့ ဆီး(ဗီး)သုံးလုံးခန့် (လက်ဖက်စားဇွန်း တစ်ဇွန်းခန့်) စားပါ။

**သွားနာ၊ သွားဖုံးနာအတွက် ဆေးနည်း**

**သွားနာအတွက်ဆေး (သွားဖုံးနာအတွက်ဆေး)**

(ကျောက်၊ ဝက်၊ သိန်း၊ ရုပ်၊ လက်၊ ယမ်း၊ ဒုတ်)

(၁) ကျောက်ချဉ် ၁ ကျပ်သား
(၂) ဇဝက်သာ ၁ ကျပ်သား
(၃) သိန္ဓော ၁ ကျပ်သား
(၄) ပရုတ် ၁ ကျပ်သား
(၅) လက်ချား ၁ ကျပ်သား
(၆) ယမ်းစိမ်း ၁ ကျပ်သား
(၇) ဒုတ္တာ ၁ ကျပ်သား

အားလုံးရော၍ နညက်အောင်ကြိတ်ပါ။ နာသောသွား၊ သွားဖုံးပေါ် ဆေးမှုန့်ကို ဖိသိပ်ပေးပါ။ ခေတ္တငုံထားပြီး ပလုတ်ကျင်းပါ။

တစ်ရက်တစ်ကြိမ်သိပ်ပါ။

**သွားရောဂါအတွက် ဆေးတစ်လက်**

ဆေးနည်း - မန်ကျည်းစေ့ အရင့်စေ့ သုံးဆယ်ကို ဒယ်အိုးတွင် ထည့်၍ မီးဖြင့်ကျွမ်းအောင်လှော်၊ မန်ကျည်းစေ့ အခွံယူပါ။ အတွင်းအဆံဖြူ မသုံးရ။ မန်ကျည်းစေ့အကျွမ်းလှော်ကို အမှုန့်ပြု၍ထားပါ။

ကျောက်ချဉ်တစ်မတ်သားကို ခွက်ငယ်တစ်ခုတွင် ထည့်၍ မီးဖုတ်ပါ။ ဖောင်းမို့တက်လာလျှင် အအေးခံပါ။ ကျောက်ချဉ်မီးဖုတ်ကို အမှုန့်ပြုပါ။ မန်ကျည်းစေ့အခွံ မီးအကျွမ်းလှော် အမှုန့်နှင့် ကျောက်ချဉ်မီးဖုတ် အမှုန့်တို့ကို ရောစပ်၍ လေလုံသော ဘူးငယ်တွင် ထည့်ထားပါ။

သွားနာ၊ သွားကိုက်၊ သွားယိုင်၊ သွားဖုံး၊ သွားသွေးယိုစိမ့်ထွက်ခြင်းတို့ သိပ်ပေးပါ။

**သွားများ ခိုင်မာစေရန် ဆေးကောင်းတစ်လက်**

ကျောက်ချဉ်နဲ့ ဇရုတ်ကောင်းစေ့ သံဆုံတစ်ခုမှာ ဆတူရောပြီး ညက်အောင်ထောင်း။ နံနက်အိပ်ရာထတိုင်း သွားတွေကို ပွတ်တိုက်ပေးပါ။

**အသက်ကြီးလာ၍ မကြာခဏသွားနာသော်**

မီးဖိုချောင်မှ ကျပ်ခိုးကို ရသလောက်စုဆောင်းပြီး ပုလင်းထဲတွင် လေလုံစွာ သိမ်းထားပါ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သွားကိုတိုက်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

### အံသုံးပေါက်လျှင်

### သွားများလှုပ်ခြင်းနှင့် သွားနာကျင်ကိုက်ခဲခဲ့သော်

ပြောင်းဖူးစေ့ (စားပြောင်း)ကို ပြာချ၍ လှုပ်သော သွားနေရာ၊ သွားနာကျင်ကိုက်ခဲသည့်နေရာ သိပ်ပေးပါ။

### သွားကိုက်အတွက် ဆေးတစ်လက်

ဒေါနပန်းအနည်းငယ် အိုးနှင့်ထည့် ရေသင့်ရုံ ထည့်ပြုတ်ပါ။ ရေတစ်ဝက်ကျန်ပါက ခပ်နွေးနွေး ငုံလိုက်ထွေး လိုက် ၄-၅ ကြိမ် ပြုလုပ်ပါ။

### သွားပိုးကိုက်သူများအတွက် သက်သာပျောက်ကင်းနည်း

ထမင်းရည်ပူပူကို အာခံတွင်း ငုံနိုင်သမျှ ငုံပါ။ တစ်ငွန်းချင်းသောက်ပေးပါ။ နေ့စဉ်ရက်ဆက် သောက်ပေးပါ။

### သွားနာပျောက်ဆေး

(၁) ကျောက်ချဉ် ၃ ကျပ်သား
(၂) လက်ချား ၂ ကျပ်သား

နှစ်မျိုးကို သတ္တုခွက်ငယ်ကလေးတစ်ခုတွင်ထည့် ပြီး နီရဲသော မီးကျီခဲပေါ်တွင် ကင်ပေးပါ။ ဆူပွက်လာလျှင် ချ၍ အအေးခံပါ။ အမှုန့်ပြု ပုလင်းထဲထည့်ထားပါ။

သွားနေရာအနှံ့ တို့ပေးပါ။ (ပွတ်တိုက်ခြင်း မပြုပါနှင့်။)

### သွားကိုက် - သွားနာပျောက်ဆေးပင်

ကရင်လို "ကလောသာပင်" မြန်မာလို "ဆေးသား ဖုံးပင် (လောက်သေပင်)" ပန့်ငါးပါး လက်တစ်ဆုပ် သုံးခွက် တစ်ခွက်တင် ကျိုသောက်ပါ။

### သွားဘာကြောင့်နာနာ

ပိတောက်ပင်အားခုတ်ထစ်၍ အစေးကို လက်နှံ့တို့ ပြီး နာသော သွားခြေတို့ သိပ်ပေးပါ။

### ရေစီးကမ်းပြိုအတွက် ဆေးနည်းကောင်းတစ်လက်

တမာရွက်ပြုတ်ရည်နှင့် တစ်နေ့ ငါးကြိမ်မှ ခုနစ်ကြိမ် အထိ ပလုတ်ကျင်းပေးပါ။

(၁) ကျွဲနွားခေါင်းချိန်အမြစ် (ကြက်မောက်ချ မြန်အမြစ်)
(၂) မဖောက်ထုံး (ငှင်းနှစ်မျိုးသင့်ရုံ)
(၃) ဆေးခန်း ၁၂ ပဲ
(၄) လက်ဖက်အစို ၁ ကျပ်သား

ငှင်းဆေးလေးမျိုးပုကြိတ်ပါ။ တစ်နေ့ သုံးကြိမ် သိ ပေးပါ။

တမာရွက် (သို့) ကြောင်ပန်းရွက်ပြုတ်ရည် ပလုတ် ကျင်းပေးပါ။

### သွားကိုက်၊ သွားနာသော်

(၁) လေးညှင်း ၁ ပဲ
(၂) ဒုတ္တာ ၁ ပဲ
(၃) ကျောက်ချဉ် ၈ ပဲ
(၄) ရှားစေး ၄ ပဲ
(၅) ပရုတ် ၈ ပဲ

အမှုန့်ပြုပြီး သွားငင်းဖိသိပ်ပေးပါ။

### သွား ငုံဆေး

အုန်းသီးအနု အကာင်းလေးတစ်လုံးကို ဆားသင့် ထည့်၊ သုံးခွက်တစ်ခွက်တင်ကျို၍ တစ်နေ့သုံးကြိမ် ငုံ ပလုတ်ကျင်းပါ။

### သွားရောဂါပျောက်ဆေး

(၁) မင်းကွတ်သီးအခွံ ၂ ကျပ်သား
(၂) သလဲသီးခွံ ၂ ကျပ်သား
(၃) မန်ကျည်းစေ့ခွံ ၂ ကျပ်သား
(၄) ဆီးဖြူသီးအခြောက် ၂ ကျပ်သား
(၅) ကြိစ ၂ ကျပ်သား
(၆) ဆားမီးဖုတ် ၁ ကျပ်သား

ခြောက်ပါး အခြောက်ခံ အမှုန့်ပြုထောင်းပါ။ သွ



www.burmeseclassic.com

www.burmeseclassic.com

ရောဂါမှန်သမျှ လက်ဖက်သတ္တုရည် (လက်ဖက်စိမ်းရည်) နှင့် ဆေးမှုန့် ပျစ်ပျစ်ဖျော်၍ သွားဖုံးတွင် သိပ်ပေးပါ။

### သွားကိုက်မန်းနည်း (စတိနည်း)

ထန်းဆစ်ကြော (ထန်းပင်ထန်းလျက်မှ ရရှိသော ထန်းလျှော်) လက်တစ်ညှိုလောက်ယူ ကိုက်သောသွားဖြင့် ကိုက်ခိုင်းပါ။ မန်းပေးတဲ့ဆရာက အသက်အောင့်ပြီး "ဉ သွားပုပ် မင်းသွားဟ" ဆိုပြီး မန်းပါ။ မန်းပြီးလျှင် ကိုက်ထားသော ထန်းဆစ်ကြောကို နောက်ပြန်လွှင့်ပစ်ပါ။

### သွားခိုင်စေသောနည်း

အရွက်စား၍ ရသည့် မြန်မာကုက္ကိုပင်မှ အမြစ်ကို တူးယူပါ။ အပေါ်ခွံ အခြောက်များကိုခွာပြီး အရိပ်တွင် အခြောက်လှန်းပါ။ ညက်အောင်ထောင်းပါ။ အမှုန့်ကို နာသော သွား သိပ်ပေးပါ။

### အလွယ်ကူဆုံး သွားကိုက်ရောဂါ

ခွေးသေးပန်းပင်တစ်ပင်ကို အမြစ်ပါ နုတ်ယူပါ။ အပေါ်ပိုင်းဖြတ်၍ အမြစ်ကိုယူပါ။ အမြစ်ရေစင်အောင်ဆေးပြီး ထုချေပါ။ အိမ်သုံးဆားအနည်းငယ်ရော၍ လုံးချေပြီး ကိုက်သောနေရာ ဖိသိပ်ကိုက်ပေးပါ။ နာရီဝက်ခန့်သိပ်ပေးပါ။ ထွေးပစ်ပါ။ နှစ်ကြိမ်ခန့် ပြုလုပ်ပါ။

### ရေစီးကမ်းပြို ပျောက်ဆေးတစ်လက်

သစ်ကြပိုးခေါက် တစ်လက်မလောက်ကို ဆုံတွင် ညက်အောင်ထောင်းပါ။ နာနေ၊ ကိုက်နေသော နေရာတို့ပေးပါ။

### သွားချေးတက်ပျောက်ကင်းစေရန်

ရှောက်သီးကို အတုံးပိုင်းဖြတ်ပြီး ရေနွေးနဲ့ပြုတ် အခွံနဲ့ သွားတိုက်ပါ။

### သွားကိုက်ခြင်းအတွက် ဆေးတစ်လက်

ပုဏ္ဏရိက် အရွက်လက်တစ်ဆုပ်ခန့်ကို မြေအိုးထဲ ထည့်၍ ပြုတ်ပါ။ သုံးခွက်တစ်ခွက်တင်ကျိုပါ။ ခပ်နွေးနွေး အာခံတွင်း ငုံလိုက်၊ ထွေးလိုက်ပြုလုပ်ပါ။

### သွားဖုံးရောင်၊ သွားဖုံးကိုက်လျှင်

ရှားစောင်း ၃ ကျပ်သားကို ရေ ၂၅ ကျပ်သား ထည့်၍ ရစ်ပုံ တစ်ပုံ ကြွင်းအောင် ကျိုပါ။ ၎င်းတွင် ပရုတ်၊ ကွမ်းသီး၊ ဇာတိပ္ဖိုလ်သီး ၄ ပဲစီ ထည့်ပါ။ ကြိတ်ပြီး ရွေးငယ်ခန့်လုံးထားပါ။ တစ်လုံးမှ နှစ်လုံး သောက်ပါ။

သွေးချုပ်၊ လေချုပ်၊ ဆီးချုပ်၊ ဝမ်းချုပ်၊ အပူချုပ်၊ ချုပ်ငါးချုပ်ကြောင့် အဖုအငယ်လေးများပေါက်ခြင်း၊ အကျိတ်များဖြစ်ခြင်းအတွက် ရှားစေးဖြူနှင့် ယမ်းစိမ်း ဆတူရော၍ အမှုန့်ပြုပြီး အနည်းငယ်ဖြူး လူးသိပ်ငုံပေးပါ။

### သွားကိုက်၊ သွားနာပျောက်စေရာ

နနွင်းနှင့် ဆတူရော ပြာချ၍ နာနေသော သွား သွားဖုံးအား သိပ်ပေးပါ။

### သွားနာ၊ သွားကိုက်ခြင်းမှ ကင်းဝေးစေရန်နည်းကောင်း

ပွေးကိုင်းရွက်နုနုကို ဓားနှင့်ပါးပါးလှီးပါ။ ဆားနှင့် သမအောင် နယ်ပေးပါ။ ဆား၊ ရှောက်သီးရည်ညှစ်၍ သုံးမျိုးနှံ့အောင်နယ်ပါ။ ဖန်ပုလင်းထဲထည့်၍ နံနက် (သို့) ည အိပ်ရာဝင်ခါနီး မန်ကျည်းစေ့ခန့် နေ့စဉ်စားပါ။

### သွားနာရောဂါ

ဆင်အံစစ်စစ် ကျွမ်းအောင်မီးဖုတ်ပါ။ ၎င်းနှင့်အမျှ ညီ လက်ချားမီးပေါက်၊ လေးညှင်းပွင့်မီးသင်း၊ ဒုတ္ထာအနည်းငယ်စပ်ပြီး ရေစီးကမ်းပြို၊ သွားနာ၊ သွားရင်းမှာ သိပ်ပေးပါ။

လက်ဖက်ခြောက်အရည် ကျောက်ချဉ် ၄ ပဲသား ထည့်ပြီးငုံပေးပါ။

### သွားရောဂါများအတွက် ဆေးနည်းကောင်းတစ်လက်

မာလကာသီးအစေ့ခြောက်၊ မာလကာခေါက်အမှုန့် သွားရင်းသိပ်ပေး၊ ငုံပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

သွားဖုံးနာ၊ သွားကိုက်ပျောက်ဆေးစွမ်းတစ်လက်

နံ့သာဖြူနဲ့ ခရေခေါက်သွေးပြီး ပါးပြင်နဲ့ သွားဖုံးကို မပျစ်မကျဲ လိမ်းပေးပါ။

### သွားနိုင်ခံ ဖြူဖွေးစေရန်

သုံးလအတွင်း၌သာ အုန်းသီးအတွင်းသား ခြစ်ပြီးသော အခွံမှာ အုန်းမှုန်ခွက်တစ်ခုကို မီးရှို့ ပြာချပြီး အမှုန့်နနဖြစ်အောင် ပြုလုပ်ပြီး နံနက်/ည သွားတို ပေးပါ။

### သွားများ ခိုင်မာစေရန် သွားတိုက်နည်း

နံနက်စောစော အိပ်ရာထလျှင် နနွင်းမှုန့်စစ်စစ်နဲ့ တိုက်ပေး၊ ထွေးမပစ်နဲ့။ နောက် ဆားနဲ့ ဆက်လက်တိုက်ပေး ထွေးမပစ်နဲ့။ ဒီအတိုင်းထားပြီး မျက်နှာသစ်ပါ။ မျက်နှာသစ်ပြီးမှ နနွင်းနဲ့ဆား ငုံထားကာ ထွေးပစ်ပါ။ လေးငါးကြိမ်ပြုလုပ်ပါ။

### သွားကိုက်၊ သွားနာအုံဆေး

လက်ဖက်စစ်စစ်၊ နနွင်းမှုန့်၊ ဆား ညက်အောင်ကြိတ်ပြီး သွားနာ၊ သွားကိုက်၊ သွားဖုံးရောင် အုံထားပါ။

### သွားကိုက်ဝေဒနာ ကင်းဝေးစေရန်

ဆေးရွက်ကြီးနှစ်ဆ၊ နနွင်းမှုန့်၊ ဆား ညက်အောင်ကြိတ်ပြီး သွားနာ၊ သွားကိုက်၊ သွားဖုံးရောင် အုံထားပါ။

### သွားကိုက်ဝေဒနာ ကင်းဝေးစေရန်

ဆေးရွက်ကြီးနှစ်ဆ၊ လေးညှင်းတစ်ဆရော၍ ကြိတ်၊ အမှုန့်ပြုစေပြီး သွားကိုက်သောနေရာ သိပ်ပေးပါ။

### အံဆုံးဝေဒနာမခက်ပါ

ဆင်အံရေအေးနှင့် သွေးလိမ်းပါ။

တမာရိုးနဲ့ သွားရောဂါကာကွယ်ပါ။

တမာရိုးနဲ့ သွားတိုက်ပေးပါ။

### ဒုတ်ချဉ် သွားရောဂါပျောက်ဆေး

ဒုတ္တာနှင့် ကျောက်ချဉ် အလေးဆတူအား ဒန်ခွက်အသစ်တွင်ထည့်၍ မီးတွင်ကျိုပါ။ အရည်ပျော်သည်နှင့် ချကာ အအေးခံ အမှုန့်ပြု သိမ်းထားပါ။

သွားနာ၊ သွားကိုက်၊ သွားပိုးစား၊ သွားလှုပ်၊ ရေစီးကမ်းပြို သိပ်ပေးပါ။

### ရေစီးကမ်းပြို ဆေးနည်း

"ငပိ၊ လက်၊ လေး၊ သစ်"

ငပိ = ငရုတ်ကောင်း၊ လက် = လက်ချား၊ လေး = လေးညှင်း၊ သစ် = သစ်ကြပိုးခေါက်၊ အမှုန့်ပြု သွားရင်း သိပ်ပေးပါ။

### သွားခိုင်ဆေးနည်း

ရှားစေးကို အမှုန့်ပြုပြီး သွားကိုတိုက်ပါ။

### သွားနာ၊ သွားကိုက် ပျောက်ဆေး

ခွေးသေးပန်းရွက်အပင် ပဥ္စငါးပါးကို ကျက်ကျက်ဆူအောင်ပြုတ်ပြီး ခပ်နွေးနွေးငုံပေးပါ။ ပိုကိုက်လျှင် မကြောက်ပါနှင့် မကြာခဏငုံပေးပါ။

လက်ပံစေးနှင့် ရှားစေးကို ဆတူရောပြီး အမှုန့်ပြုလုပ်၍ သွားနာ၊ သွားကိုက်နေသော နေရာကို သိပ်ပေးပါ။

**တစ်နည်း** - တမာရွက်၊ တမာခေါက်တို့ကို ဆူအောင်ပြုတ်ပြီး ခပ်နွေးနွေး ငုံပေးပါ။

**တစ်နည်း** - တမာရွက်အကြမ်းကို ကျွမ်းအောင်လှော်ပြီး အမှုန့်ပြုလုပ်ပါ။ ၎င်းကို သွားကိုက်၊ သွားနာနေသော နေရာတွင် သိပ်ပေးပါ။

**တစ်နည်း** - မရိုးစေးနှင့် နှမ်းဆီ ရောစပ်၍ သွားကို သိပ်ပေး၊ လိမ်းပေးပါ။

**တစ်နည်း** - ကြက်ဥခွံ၊ ခဲပုပ် ၎င်းနှစ်မျိုးကို ထောင်း၍ သွားနာ၊ သွားကိုက်သိပ်ပေးပါ။

**တစ်နည်း** - ကွမ်းသီး ကြက်ချေးကိုပြာချ၍ ကျောက်ချဉ်၊ ရှားစေးတို့ဖြင့် အမှုန့်ပြုပြီး သိပ်ပေးပါ။

(ဆက်လက်ဖော်ပြပါမည်)

မျိုးသန်းထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ

# ကျီးပေါင်းရောဂါ

## ဒေါက်တာခိုင် (ဆေး-၂)

ကျီးပေါင်းရောဂါဆိုတာ ခန္ဓာကိုယ်ရဲ့ ကျောရိုးမကြီး တစ်ခုလျှောက်မှာရှိတဲ့ ကျောရိုးအဆစ်များ ယိုယွင်းပျက်စီးလာသော ဖြစ်စဉ်ကို ကျီးပေါင်းရောဂါလို့ ခေါ်ပါတယ်။ ကျောရိုးအဆစ်တွေကြားမှာရှိတဲ့ ကြားခံကုရှင်အပြားများပါ ထိခိုက်တတ်ကာ နောက်ဆုံးမှာ ကျောရိုးမကြီးတစ်လျှောက်လုံး ယိုယွင်းပျက်စီးလာတာကို တွေ့ရတတ်ပါတယ်။ ဒါကြောင့် ကျီးပေါင်းရောဂါဖြစ်ရင် ကျောရိုးအဆစ်အပိုင်းပဲ ထိခိုက်တာလား (သို့) ကျောရိုးမကြီးတစ်ခုလုံး ထိခိုက်တာလား ဆိုတာကို ခွဲခြားနိုင်ဖို့ လိုအပ်ပါတယ်။

ကျီးပေါင်းရော ဂါဟာ များသောအားဖြင့် အသက်ကြီးပိုင်းမှာ ပိုဖြစ်တတ်တာကို တွေ့ရပါတယ်။ အထူးသဖြင့် အသက် ၅၀ ကျော်ရင် အဖြစ်များတာကို တွေ့ရတတ်ပါတယ်။

### ကျီးပေါင်းရောဂါကို အမျိုးအစား ဘယ်နှမျိုး ခွဲခြားထားပါသလဲ

ကျောရိုးမကြီး တစ်လျှောက်ရှိ ကျောရိုးအဆစ်အပိုင်း ယိုယွင်းပျက်စီးမှုနေရာပေါ် မူတည်ကာ အမျိုးအစား ခြောက်မျိုး ခွဲခြားထားပါတယ်။

(၁) လည်ပင်းကျီးပေါင်း
(၂) ခါးကျီးပေါင်း
(၃) ရင်ဘတ်ရိုးကျီးပေါင်း
(၅) တစ်နေရာထက်ပိုသော ကျီးပေါင်း
(၆) ပြင်းထန်ကျီးပေါင်း

လည်ပင်းကျီးပေါင်းနှင့် ခါးကျီးပေါင်းတို့က အဖြစ်များတဲ့ ကျီးပေါင်းရောဂါများ ဖြစ်ပြီး ကျန်တဲ့အမျိုးအစားတွေကတော့ အဖြစ်နည်းပါတယ်။

(၁) လည်ပင်းကျီးပေါင်းရောဂါ

လည်ပင်းကျီးပေါင်းရောဂါဟာ အဖြစ်များတဲ့ရောဂါ တစ်ခုဖြစ်ပြီး သက်လတ်ပိုင်းနဲ့ အသက်ကြီးပိုင်းတွေမှာ ပိုပြီး ဖြစ်တတ်ပါတယ်။

ကျောရိုးမကြီးရဲ့ အရိုးတွေဟာ တစ်ခုနဲ့တစ်ခုကြားမှာ ကြားခံကုရှင်အပြားလေးများရှိပြီး ထိုကြားခံကုရှင်အပြားလေးတွေဟာ ထုထဲပြီး အရိုးတစ်ခုနဲ့ တစ်ခုကြားကို အကာအကွယ်ပေးပါတယ်။ ကျောရိုးအဆစ်တွေကြားမှာရှိတဲ့ ကြားခံ ကုရှင်အပြားလေးများ ကြားခံကာကွယ်မှုမပေးနိုင်တော့တဲ့ အခါ အရိုးနဲ့အရွတ်တွေဟာ တဖြည်းဖြည်း ပွတ်တိုက်မိလာကြပါတယ်။ အဲဒီအခါမျိုးမှာ နာကျင်မှုဝေဒနာကို ခံစားရတတ်ပါတယ်။ ဒီလိုဖြစ်စဉ်မျိုးဟာ အသက် ၄၀ ပတ်ဝန်းကျင်ထဲက စတင်တတ်တာ တွေ့ရပါတယ်။

### လည်ပင်းကျီးပေါင်းရောဂါ ဘာကြောင့်ဖြစ်သလဲ

လည်ပင်းကျီးပေါင်းဖြစ်စေတဲ့ အခြားအကြောင်းအရာတွေလည်း ရှိပေမယ့် များသောအားဖြင့် အသက်ကြီးလာတာနဲ့အမျှ ကျောရိုး၊ အဆစ်နဲ့ ကြားမှာရှိတဲ့ ကြားခံကုရှင်များ တဖြည်းဖြည်း ယိုယွင်းလာကြရာမှ စတင်ပါတယ်။ တစ်ခါတစ်ရံမှာ အသက် ၃၀ ကျော်ထဲက စတင်ပြီး ဖြစ်ပျက်တာကို တွေ့ရပါတယ်။

လည်ပင်းရဲ့ ကျောရိုးအဆစ်ရှိ အရိုးနဲ့ အရိုးနုလေးတွေအပြင် ကြားခံကုရှင်လေးတွေ ထိခိုက်ဒဏ်ရာတစ်လှည့် ပြန်ကောင်းတစ်လှည့်ဖြစ်ရာမှ လည်ပင်းအရိုးတွင်း ပုံမှန်မဟုတ်သော အရိုး (သို့) အရိုးအတက်ဖြစ်ပေါ်လာရာမှ လည်ပင်းကျီးပေါင်းရောဂါဖြစ်လာခြင်း ဖြစ်ပါတယ်။ ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သော အရိုးအပို ကြီးထွားလာမှုကြောင့် ကျောရိုးမကြီး၏ အတွင်းပိုင်းမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာကာ ကျောရိုးအတွင်းရှိ အာရုံကြောများကို တဖြည်းဖြည်း ဖိလာသဖြင့် နာကျင်ခြင်းနှင့် တောင့်တင်းမှုဝေဒနာများကို ခံစားရတတ်ပါတယ်။ ကျောရိုးဆစ်ကြားရှိ ကြားခံကူရှင် ပျက်စီးသွားသောအခါတွင် အတွင်းရှိ ကြားခံကာကွယ်ပေးသော ပစ္စည်းလေးများ ယိုထွက်လာကာ ကျောရိုးအမျှင်နှင့် အာရုံကြောများကို ဖိသောကြောင့် လက်မောင်းထုံကျင်ခြင်းနှင့် နာကျင်မှုဝေဒနာများကို ခံစားရတတ်ပါတယ်။

လည်ပင်း ထိခိုက်ဒဏ်ရာ တစ်ခုခုရရှိသောအခါ (ဥပမာ အမြင့်မှပြုတ်ကျခြင်းနှင့် ကားမတော်တဆမှု)များတွင်လည်း လည်ပင်းရှိ အာရုံကြောမကြီးကို ထိခိုက်ကာ လည်ပင်းကျီးပေါင်းရောဂါ ရတတ်ပါတယ်။

တချို့သော အလုပ်အကိုင်များနှင့် ဖုန်းအသုံးများသူများတွင်လည်း ကျောရိုးမကြီး အပေါ်တွင် ဝန်ပိုဖိအားများ ဖြစ်ပေါ်စေကာ လည်ပင်းကျီးပေါင်းရောဂါ ရတတ်ပါတယ်။

### ဘယ်သူတွေက လည်ပင်းကျီးပေါင်းရောဂါ ပိုဖြစ်နိုင်ပါသလဲ

(၁) အသက်အရွယ်ကြီးသူများ
(၂) လည်ပင်း ထိခိုက်ဒဏ်ရာရရှိသူများ
(၃) အလေးအပင်မသူများ
(၅) မိသားစုမျိုးရိုးတွင် လည်ပင်းကျီးပေါင်းရောဂါရှိသူများ
(၆) ဆေးလိပ်သောက်သူများ
(၇) အဝလွန်သူများနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းသူများ

### လည်ပင်းကျီးပေါင်းရဲ့ ရောဂါလက္ခဏာတွေက ဘာတွေလဲ

(၁) လည်ပင်းတောင့်တင်းခြင်းနှင့် နာကျင်ခြင်း
(၂) ခေါင်းကိုက်ခြင်း
(၃) ပခုံးတစ်ဝိုက် (သို့) လက်မောင်းတွင် နာကျင်ခြင်း
(၄) ခေါင်း ဟိုဘက်သည်ဘက် မလှည့်နိုင်ခြင်း (သို့) ခေါင်းမငုံ့နိုင်ခြင်း (ထိုအခါမျိုးတွင် ကားမောင်းရာ၌ အခက်အခဲတွေ့ရတတ်ပါတယ်။)
(၅) လည်ပင်းလှုပ်ရှားလိုက်တိုင်း အသံကြားရခြင်း (သို့) တစ်ခုခု ခံစားသိရှိခြင်း

များသောအားဖြင့် လည်ပင်းကျီးပေါင်းရောဂါရဲ့ ရောဂါလက္ခဏာတွေက အနားယူလိုက်ရင် သက်သာတတ်ပြီး မနက်ပိုင်းနဲ့ ညပိုင်းတွေမှာ ပိုဆိုးတတ်ပါတယ်။

ပင်မကျောရိုးတိုင် အဖိခံရရင်တော့

(၁) လက်မောင်း၊ လက်၊ ခြေထောက်နဲ့ ခြေဖဝါးတို့တွင် ထုံကျင်ခြင်း၊ အားနည်းခြင်း စတာတွေကို ခံစားရတတ်ပါတယ်။
(၂) ခန္ဓာကိုယ်ကို မထိန်းနိုင်ခြင်းနဲ့ လမ်းမလျှောက်နိုင်ခြင်း
(၃) ခန္ဓာကိုယ်ရဲ့ အာရုံကြောတုံ့ပြန်မှု ပုံမှန်မဟုတ်ခြင်း
(၄) ကြွက်သားတဆတ်ဆတ်ဖြစ်ခြင်း
(၅) ဆီး၊ ဝမ်း မထိန်းနိုင်ခြင်း စတဲ့ ရောဂါဝေဒနာတွေ ခံစားရတတ်ပါတယ်။

### (၂) ခါးကျီးပေါင်း

ခါးနေရာရှိ ကျောရိုးအဆစ်များ ယိုယွင်းပျက်စီးလာခြင်း ဖြစ်စဉ်ကို ခါးကျီးပေါင်းလို့ ခေါ်ပါတယ်။ များသောအားဖြင့် သက်လတ်ပိုင်းလူတွေမှာ ပိုဖြစ်တတ်တာကို တွေ့ရပါတယ်။ လူ့ကိုယ်ခန္ဓာရဲ့ အလေးချိန်ကို မျှတစေရန် ခါးရိုးဆစ်တွေက သယ်ဆောင်ပေးထားသလို လှည့်ခြင်း၊ ကိုင်းခြင်း အစရှိတဲ့ လှုပ်ရှားမှုများ အပြုလုပ်ခံနေရာလည်း ဖြစ်ပါတယ်။ ခါးရိုးဆစ်များ တစ်နေရာထက်ပို၍ ထိခိုက်ပျက်စီးလာသောအခါ ခါးဆစ်ရိုး၊ ကျီးပေါင်းရောဂါကို ခံစားရတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတိုင်းမှာ နာကျင်မှုဝေဒနာကို ခံစားရတတ်ပါတယ်။

### (၃) ရင်ဘတ်ရိုးကျီးပေါင်း

ကျောရိုးမကြီး၏ ရင်ဘတ်ပိုင်းနေရာရှိ ကျောရိုးအဆစ်



www.burmeseclassic.com

www.burmeseclassic.com

များ ထိခိုက်ပျက်စီးခြင်းကို ခေါ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာလည်း နာကျင်မှုနှင့် တောင့်တင်းခြင်းဝေဒနာကို ခံစားရတတ်ပါတယ်။ များသောအားဖြင့် လှုပ်ရှားမှု ပြုလုပ်ချိန်မှာ ရောဂါလက္ခဏာ ပိုဆိုးတတ်ပါတယ်။ ဥပမာအားဖြင့် ခန္ဓာကိုယ်ကို မတ်မတ်ရပ်နေရာမှ ရှေ့သို့ ကိုင်းသောအခါမျိုးနှင့် အနောက်ဘက်သို့ လှန်သောအခါမျိုးများတွင် နာကျင်မှုဝေဒနာကို ခံစားရတတ်ပါတယ်။

### (၄) ခါးအောက်ပိုင်းနှင့် မြီးညှောင့်ရိုးကျီးပေါင်း

အဖြစ်နည်းတဲ့ ရောဂါတစ်ခုဖြစ်ပြီး ခါးဆစ်ရိုးအဆုံးနှင့် မြီးညှောင့်ရိုး ပထမအရိုးဆစ်တို့ ပေါင်းဆုံရာနေရာမှာ ယိုယွင်းပျက်စီးလာခြင်းဖြစ်စဉ်ကို ခေါ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးရဲ့ အလေးချိန်ကို အများဆုံး သယ်ဆောင်ထားရာ နေရာလည်း ဖြစ်ပါတယ်။

### (၅) တစ်နေရာထက်ပိုသော ကျီးပေါင်း

ကျောရိုးမကြီး၏ နေရာတော်တော်များများ ယိုယွင်းပျက်စီးလာသောအခါ တွေ့ရတတ်ပါတယ်။ ဥပမာ လည်ပင်းနှင့် [illegible]ကျီးပေါင်း တွဲဖြစ်တာမျိုး ဖြစ်ပါတယ်။

### (၆) ပြင်းထန်ကျီးပေါင်း

ဒီလိုဖြစ်စဉ်မှာတော့ ကျောရိုးမကြီးရဲ့ နေရာတော်တော်များများ ပါဝင်တဲ့အပြင် ကျောရိုးအတွင်းရှိ အာရုံကြောများပါ အဖိခံရသောကြောင့် ပြင်းထန်ကျီးပေါင်းအဖြစ် သတ်မှတ်ပါတယ်။ ဥပမာ လည်ပင်း၊ ရင်ဘတ်နှင့် ခါးတစ်လျှောက်ရှိ ကျောရိုးဆစ်များ ပါဝင်ခြင်းဖြစ်ပါတယ်။

### ဘယ်အချိန် ဆရာဝန်နဲ့ ပြသမလဲ

ကျီးပေါင်းရောဂါရဲ့ လက္ခဏာတွေ ခံစားနေရပြီဆိုရင်တော့ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ ပြသဖို့ လိုအပ်ပါတယ်။

### ကျီးပေါင်းရောဂါကို ဘယ်လိုကုသနိုင်ပါသလဲ

ကျီးပေါင်းရောဂါ ကုသခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ သက်သာစေဖို့ပဲ ဖြစ်ပါတယ်။

(၁) ခန္ဓာကိုယ်ကို အနားပေးဖို့ လိုအပ်ပါတယ်။

(၂) နာကျင်မှုဝေဒနာ သက်သာဖို့အတွက် အကိုက်အခဲပျောက်ဆေး သောက်နိုင်ပါတယ်။

(၃) လှုပ်ရှားမှုတွေကို ထိန်းချုပ်ပေးမဲ့ အထောက်အပံ့ပစ္စည်း ဝတ်ဆင်နိုင်ပါတယ်။ (ဥပမာ-လည်ပင်းကျီးပေါင်းတွင် လည်ထောက်လိုမျိုး ဝတ်ဆင်နိုင်ပါတယ်)

(၄) ကျီးပေါင်းဖြစ်သောအဆစ်ထဲသို့ ထိုးဆေးထိုး၍လည်း ကုသနိုင်ပါတယ်။

(၅) ကိုယ်ခန္ဓာလှုပ်ရှားမှု ကုသခြင်းဖြစ်စဉ်တွေ လုပ်နိုင်ပါတယ်။ (ဥပမာ-အပူအအေးနှင့် ကုသခြင်း၊ ညပ်နေသော အာရုံကြောလွတ်အောင် traction ဆွဲခြင်းနှင့် ခန္ဓာကိုယ်အနေအထားမှန်စေဖို့ လေ့ကျင့်ခန်းလုပ်ခြင်း)

(၆) နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲခြင်းကလည်း ကျီးပေါင်းရောဂါ ကုသရာမှာ အရေးပါပါတယ်။ ဥပမာ-အဝလွန်သူတွေမှာ ကိုယ်အလေးချိန်လျှော့ချခြင်းနှင့် ဆေးလိပ်၊ အရက် ဖြတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

(၇) တချို့သော လူတွေမှာတော့ ခွဲစိတ်ကုသဖို့ လိုအပ်တာမျိုး ရှိတတ်ပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်ကြီးထဲမှာ အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်းနဲ့ အာရုံစူးစိုက်မှုများခြင်း (ဥပမာ- အင်တာနက်အသုံးပြုခြင်း၊ ဖုန်းအသုံးပြုခြင်း) စတာတွေက ကျီးပေါင်းရောဂါဖြစ်အောင် တွန်းအားပေးနေတဲ့ အရာတွေပဲ ဖြစ်ပါတယ်။ အသက်အရွယ်ကြီးလာလို့ ကျောရိုးအဆစ်တွေ ယိုယွင်းပျက်စီးလာပြီး ဖြစ်လာတဲ့ ကျီးပေါင်းရောဂါကို မကာကွယ်နိုင်ပေမယ့် အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်းနဲ့ အာရုံစူးစိုက်မှုများခြင်း စတာတွေက ကာကွယ်လို့ရတဲ့အချက်တွေ ဖြစ်တာကြောင့် တတ်နိုင်သလောက် အထက်ပါအကြောင်းအရာတွေကို လျှော့ချရင်း ကျီးပေါင်းရောဂါမဖြစ်အောင် ကြိုးစားပြီး ကာကွယ်ကြပါစို့။

စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်ပြည့်စုံ ကျန်းမာချမ်းသာသော အနာဂတ်ကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုလျက်။

**ဒေါက်တာခိုင်(ဆေး-၂)**



www.burmeseclassic.com

www.burmeseclassic.com



# ယောဂကျင့်စဉ်ဖြင့် လမ်းလျှောက်ခြင်းရေးအကျိုး

**အောင်မြင့်မြတ် (ပြည်ရွှေဘို)**

ခန္ဓာရှိလျှင် ဝေဒနာရှိသည်ဆိုသော စကားရပ်သည် အမြဲတမ်း မှန်သောစကားဖြစ်သကဲ့သို့ ဘယ်သောအခါမှ မမှားသော စကားလည်း ဖြစ်လေသည်။

ကျွန်ုပ်သည် ကျန်းမာရေးကောင်းသူတစ်ယောက်ကား မဟုတ်ချေ။ ကျန်းမာရေးမကောင်းသောကြောင့် တက်ကြွသွက်လက်ခြင်းလည်းမရှိပေ။ အမြဲတမ်းလိုလိုပင် အထိုင်နှင့် အအိပ်သာ များလျက်ရှိလေ၏။

ကျွန်ုပ်၏ ခြေသလုံးကြွက်သားများသည် လမ်းလျှောက်ခြင်းအမှု၌ လွန်စွာနည်းပါးသောကြောင့် ကြွက်သားများသည် ပျော့တွဲလျက် နေလေသည်။

တစ်နေ့သ၌ ပုဂ္ဂိုလ်တစ်ဦးသည် ကျွန်ုပ်နှင့်ဆုံဖြစ်ကြလေ၏။ တောင်ဥက္ကလာပစေတီတော်၌ ဆုံဖြစ်ခြင်း ဖြစ်လေသည်။

၎င်းပုဂ္ဂိုလ်မှာ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လေ၏။ ဘုရား၌ဆုံဖြစ်သော ၎င်းပုဂ္ဂိုလ်က –

"မင်း ကျန်းမာရေးမကောင်းဘူး။ သွေးတိုးနဲ့ နှလုံးရောဂါဖြစ်လာနိုင်တယ်။ ဘုရားမှာ ဘာလာလုပ်တာလဲ ဘုရားလာဖူးတာလား"ဟု မေးလေ၏။

ကျွန်ုပ်လည်း အမှန်အတိုင်းပင် –

"ဘုရားလာဖူးတာပါ"ဟု ပြန်၍ဖြေကြားလိုက်လေ၏။

"ဘုရားဖူးတာ ကောင်းတာပေါ့ကွာ။ လမ်းလျှောက်တော့ ကျန်းမာရေးကောင်းတာပေါ့ကွာ။ ကုသိုလ်များများလိုချင်ရင် အရှည်တွေးမနေနဲ့။ လမ်းများများလျှောက်ပြီး အသက်ရှည်အောင်လုပ်။ မင်းကြည့်တာ လမ်းလျှောက်မယ့်ကောင်လည်း မဟုတ်ပါဘူး။ ဒီကြားထဲ အပျင်းလေးပါ ရောထည့်ထားတော့ ပိုဆိုးတာပေါ့ ငါ့လူရာ။ ခြေသလုံးကြွက်သားတင်းအောင် လုပ်အားရှိအောင်လုပ်။ နို့မို့ရင် နှလုံးရောဂါနဲ့ သွေးတိုးရောဂါတွေ မင်းကို ဒုက္ခပေးသွားလိမ့်မယ်။ ကိုင်း ... ငါ့လူရေ ဘုရားလည်းဖူး၊ လမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com

လျှောက်။ ဒါမှ မင်းဘဝ ရေရှည်မှာ။ သွားပြီ ငါ့လူရေ''ဟု ပြောပြီး နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား တစ်ကြိမ်တစ်ခါဖူးမျှ မြင်ဖူးတွေ့ဖူးခဲ့သူ မဟုတ်ပေ။ ကြည့်ရသည်မှာ ထိုပုဂ္ဂိုလ်သည် ပုတီးသမား၊ တရားသမားဟု ထင်ရပေ၏။ အသက်ကတော့ ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်တွင်းဟု ထင်ရ၏။

ထိုပုဂ္ဂိုလ်အား ကျွန်ုပ်အံ့ဩမိသည်မှာ ကျွန်ုပ်ကို မိဘဲ ကျွန်ုပ်အကြောင်းကို သိနေခြင်းပင် ဖြစ်လေသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်၏ ကျန်းမာရေးနှင့် ပတ်သက်၍ သွေးတိုးနှင့် နှလုံးရောဂါဖြစ်လာနိုင်သည်ဟု ကြိုတင်ပြောသွားခဲ့သောကြောင့် ဖြစ်ပေသည်။

အမှန်တော့ ၎င်းပုဂ္ဂိုလ်ကြီးပြောသကဲ့သို့ပင် ဒေါက်တာ ဦးဉာဏ်မြင့်ကလည်း ကျွန်ုပ်ကို ''သွေးတိုး ရှိတယ်။ နှလုံးခုန်လည်း မမှန်ဘူး။ ဆေးမှန်မှန်သောက်ဖို့ ဆေးစာ ရေးပေးလိုက်မယ်''ဟု ဆိုခဲ့ပေရာ ၎င်းပုဂ္ဂိုလ်ကြီး၏ စကားနှင့် ဒေါက်တာ ဦးဉာဏ်မြင့်၏ စကားတို့မှာ ထပ်တူကျလျက် မှန်ကန်နေသောကြောင့် ဖြစ်လေ၏။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား ဘုရားရင်ပြင်ပေါ်၌ တွေ့လိုတွေ့ငြား လိုက်ရှာကြည့်ရာ မတွေ့တော့ပေ။ ဘယ်မှခ်က ဆင်းပြီး ထွက်သွားမှန်းပင် မသိ။ မမြင်လိုက်ရပေ။

ကျွန်ုပ်သည် ၎င်းထူးဆန်းသော ပုဂ္ဂိုလ်ကြီးအား အလွန်စိတ်ဝင်စား၍သွားလေတော့၏။ နောက်တစ်နေ့ ထိုပုဂ္ဂိုလ်ကြီးနှင့် တွေ့လိုတွေ့ငြား ဘုရားသို့ စောစောထွက်လာခဲ့ရာ ၎င်းပုဂ္ဂိုလ်ကြီးသည် ဘုရားကို လက်ယာရစ်ပတ်၍ ခပ်သုတ်သုတ်လမ်းလျှောက်နေသည်ကို မြင်တွေ့ရလေ၏။ ကျွန်ုပ်လည်း ၎င်းပုဂ္ဂိုလ်အား အနှောင့်အယှက်မပေးလို၍ ထိုပုဂ္ဂိုလ်လမ်းလျှောက်ပြီးမှပဲ တွေ့တော့မည်ဟု စိတ်ကို ဆုံးဖြတ်ချက်ချ၍ ထားလိုက်သည်။

''ကောင်လေး မင်းငါ့ကို စောင့်နေတာ သိတယ်။ မနေ့က ကိစ္စကို မင်းမေးချင်နေတယ် မဟုတ်လား''

ဟု ထိုပုဂ္ဂိုလ် ဘယ်အချိန်က ရောက်လာမှန်းမသိ အနားရောက်လာပြီး ကျွန်ုပ်၏ စိတ်ကို သိနေသကဲ့သို့ မေးလေတော့၏။

ကျွန်ုပ်လည်း ''ဟုတ်ကဲ့ အဘ''ဟု ပြန်၍ပြောလေ၏။

''ငါ မနက်လေးနာရီခွဲကတည်းက ဘုရားမှာ လမ်းလျှောက်တာ ၁၅ ပတ်ပြည့်သွားပြီ။ ငါနားတော့မယ်။ မင်းမေးစရာရှိတာမေး အေးအေးဆေးဆေး လပြည့်မှာ လက်ဖက်ရည်သောက်ရင်း ပြောကြတာပေါ့''

ဟု ဆို၍ လက်ဖက်ရည်ဆိုင်ဘက်သို့ ကျွန်ုပ်အား ခေါ်သွားလေ၏။

လပြည့် လက်ဖက်ရည်ဆိုင်မှာ ဘုရားပုရဝုဏ် အတွင်းက လက်ဖက်ရည်ဆိုင်ဖြစ်သည်။ ဆိုင်ရှင်မှာ ကိုဝတုတ် ဆိုသူဖြစ်လေ၏။

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ...

''မင်းကြိုက်တာမှာ၊ ငါကြိုက်တာမှာမယ်'' ဟုဆို၍

''ဟေ့ ... ဝတုတ် လက်ဖက်ရည်နဲ့ အီကြာကွေးချ ပေးကွာ''

ဟု မှာလေ၏။ ကျွန်ုပ်လည်း ''အဘအတိုင်းပဲ ဟေ့''ဟု လှမ်း၍မှာလိုက်လေ၏။

''အားနာပြီး ငါ့အကြိုက်တော့ မလိုက်နဲ့နော်။ အားနာတိုင်းလည်း ကောင်းတာမဟုတ်ဘူးကွ။ ကျန်းမာရေး ထိခိုက်တတ်တယ်''

ဟု ထိုပုဂ္ဂိုလ်က ပြောလေ၏။ ကျန်းမာရေးကို တော်တော်လေးစား ယုံကြည်အားကိုးပုံရလေ၏။

''လောကမှာ ကိုက်မကြိုက်ဘဲ သူများကို အားနာပြီး သူများအကြိုက်လိုက်ဆောင်တာ ကျန်းမာရေးထိခိုက်တယ်ဆိုလို့ မင်းက အံ့ဩနေတယ်မဟုတ်လား။ မအံ့ဩနဲ့ ကိုယ့်လူ။ အဲဒါ အမှန်ပဲ။ အာသီသ၊ ဆန္ဒမပါဘဲ ဘာအလုပ်မှ မလုပ်နဲ့၊ မစားနဲ့၊ မသွားနဲ့၊ မလုပ်နဲ့၊ အမှားတွေ့တတ်တယ်။ အဲဒီအမှားဟာ ကျန်းမာရေးလည်း ထိခိုက်တယ်။ ဥပမာကွာ ... ငါက ပဲပုတ်ကြိုက်တယ်၊ မင်းက မကြိုက်ဘူး။ ငါ့ကို အားနာပြီးစားတော့ ပျို့တာ၊ အန်တာ ခေါင်းကိုက်တာ ဖက်ကြောတတ်တာတွေ ဖြစ်ကရော။ ငါစားတဲ့ အစားအစာက ငါနဲ့တည့်လို့ ငါစားတာ။ မင်းက မတည့်တာ စားမိတော့ ရောဂါဖြစ်ရော။ ကျန်းမာရေးထိခိုက်ရော အဲဒီလို မဟုတ်လား။ သဘောပေါက်လား မသိဘူး''

ဟု ထိုပုဂ္ဂိုလ်က ပြောလေ၏။

''ဟုတ်ကဲ့ သဘောပေါက်ပါတယ်''ဟု ကျွန်ုပ်က ပြန်ဖြေရင်း -

''လက်ဖက်ရည်နဲ့ အီကြာကွေးကို ကျွန်တော်လည်း တကယ်ကြိုက်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ဤပုဂ္ဂိုလ်က ကျွန်ုပ်အား ကြည့်ကာ ခေါင်းညိတ်၍ ပြုံးလေ၏။

"ကြိုက်ရင်ပြီးရော"

ဟု ခပ်ပြတ်ပြတ်ပင် ထိုပုဂ္ဂိုလ်ပြောလေ၏။ လက်ဖက်ရည်နှင့် အီကြာကွေးလာချပေးသောအခါ ထိုပုဂ္ဂိုလ်က

"ဒီဝိုင်း ငါတာဝန်ယူတယ်။ မင်းပေးစရာမလိုဘူး။ ကျေနပ်လား"

ဟု မေးလေ၏။

"ကျေနပ်ပါတယ်"ဟု ကျွန်ုပ်အား ပြန်၍ ဖြေရလေ၏။

"ဒါဆို သောက်၊ စား"

ဟု ပြောလိုက်လျှင် ကျွန်ုပ်လည်း အီကြာကွေးနှင့် လက်ဖက်ရည်ကို သောက်စားလေတော့၏။

"ငါ့နာမည်က ကျော်အောင်လို့ခေါ်တယ်။ မင်းနာမည် ဘယ်လိုခေါ်သလဲ။ နာမည်မသိဘဲ ဆက်ဆံရတာ အဆင်မပြေဘူးကွ။ ဒါကြောင့် ဆက်ဆံရေးလွယ်ကူအောင်လို့ မိတ်ဆက်တဲ့သဘောပဲ"

ဟု အဘကျော်အောင်ဆိုသော ထိုပုဂ္ဂိုလ်က တရင်းတနှီးဆိုလေ၏။ ကျွန်ုပ်လည်း ဟုတ်ကဲ့ပါဟုဆိုကာ ကျွန်တော့် နာမည်က အောင်ကျော်လို့ခေါ်ပါတယ် အဘဟု ပြန်၍ပြောလိုက်လေ၏။

"ဟ ... တိုက်တိုက်ဆိုင်ဆိုင်ပါပဲလားကွ။ နာမည်ချင်း ကက်ကင်းမိနေတယ် ငါ့လူရ"

ဟု အဘကျော်အောင်က ပြောပြီး ရယ်လေ၏။ ပြီးနောက် အီကြာကွေးနှင့် လက်ဖက်ရည်ကို တို့ပြီး အားပါးတရ စားလေ၏။

"ကက်ကင်းဆိုတာ ဘာလဲ အဘ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ အဘကျော်အောင်က –

"ကက်ကင်းဆိုတာ အစအဆုံးနဲ့ အဆုံးအစ နံချင်းတူတာကို ကက်ကင်းလို့ခေါ်တယ်။ ငါ့နာမည်အစလုံးက ကျော် မင်းနာမည်အဆုံးလုံးကလည်း ကျော်ပဲ။ အလ ယ်မှာတော့ အောင်နဲ့ အောင်၊ အောင်အောင်ချင်းယှဉ်တဲ့ သဘောကို ကက်ကင်းလို့ပြောတာ"ဟု ရှင်းပြလေ၏။

"ကက်ကင်းမိတယ်ဆိုတာ အဲဒါကို ပြောတာပေါ့နော်။ ကောင်းကော-ကောင်းရဲ့လားအဘ"

ဟု ကျွန်ုပ်က မေးလိုက်ရာ အဘကျော်အောင်က

"ကောင်းတာပေါ့ကွာ။ ငါက ကျော်မှ အောင်တာ။ မင်းက အောင်မှ ကျော်တာ ဗျူပွါဒ်ကောင်းတဲ့ နာမည်တွေပဲကွ။ မကောင်းဘယ်ရှိပါ့မလဲ"

ဟု အဘကျော်အောင်က ပြောလေ၏။

"ဗျူပွါဒ်ဆိုတာ ဘာကိုပြောတာလဲအဘ"

ဟု ကျွန်ုပ်က ဆက်မေးလိုက်ရာ အဘကျော်အောင်က –

"အဓိပ္ပာယ်ရှိတာကို ပြောတာ"ဟု လိုရင်းတိုရှင်းဖြေလေ၏။

လက်ဖက်ရည်နှင့် အီကြာကွေးများ ကုန်သွားသောအခါ "လိုအပ်ရင် ထပ်မှာ ထပ်သောက်နိုင်တယ်"ဟု အဘကပြော၍ ကျွန်ုပ်က "မလိုအပ်တော့ပါဘူး အဘ။ ပြည့်စုံပါတယ်"ဟု ပြန်၍ ဖြေလေ၏။

"မင်းအသက် ဘယ်လောက်လဲ အောင်ကျော်"

"ကျွန်ုပ်အသက် ၃၅ နှစ်ပါ အဘ"

"ငါ့အသက် ဘယ်လောက်ရှိမယ်လို့ မင်းထင်လဲ"

ဟု အဘက မေးလိုက်ရာ ကျွန်ုပ်က –

"အသက် ၆၅၊ ၇၀ လောက်ရှိမယ်လို့ ထင်တယ် အဘ"

"ဟား ... ဟား ... ဟား ... ငါ့အသက်က တစ်ရာနဲ့နှစ်နှစ်ကွ။ ၁၀၂ နှစ်ပြည့်လို့ ငါးလထဲရောက်နေပြီ"

"ဗျာ ... တစ်ရာကျော်ကြီး"

"တစ်ရာကျော်တာ ဘာဆန်းလို့လဲကွ။ ကျန်းမာရင် ဒီထက်မကတောင် အကြာကြီးနေလို့ရတယ်"

ဟု အဘကပြောပြီး ရယ်မောလေ၏။ ကျွန်ုပ်တကယ် အံ့ဩမိလေ၏။ အသက် တစ်ရာကျော်သော သန်သန်မာမာ သွက်သွက်လက်လက် တက်တက်ကြွကြွ ဖြစ်နေသောကြောင့် ဖြစ်လေ၏။

"အဲဒါပြောတာပေါ့ကွ။ ကျန်းမာရေးက အရေးကြီးတယ်လို့ မင်းကို ဟဌယောဂ ကျင့်စဉ်တွေ ငါသင်ပေးမယ်။ ငါက ယောဂီကျင့်စဉ်နဲ့ လမ်းလျှောက်နေတာကွ။ မင်းက ဟဌယောဂကို အာဆနတို့ ပရာဏာ၊ ယာမတို့ ရာဂျယောဂတို့၊ မန္တရယောဂတို့ ဆိုတာ မင်းနားလည်မှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်အဘ၊ အဘ အခုပြောတာတွေ တစ်ခုမှ ကျွန်တော် နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ငါနဲ့တွေ့နေပြီပဲ။ နောက်တော့ နားလည်လာပြီး ကျန်းတောင်မာလာဦးမယ်။ လူတွေ ကျန်းမာဖို့ လမ်းလျှောက်ရမယ်။ လမ်းလျှောက်တယ်ဆိုတာ နှစ်မျိုးရှိတယ်။ တစ်မျိုးက နေ့စဉ်သွားလာလှုပ်ရှားနေတဲ့ လမ်းလျှောက်ခြင်းနဲ့ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလို လမ်းလျှောက်ခြင်းဆိုပြီး နှစ်မျိုးရှိတယ်ကွ။ နေ့စဉ်လူမှုကိစ္စတွေ ဆောင်ရွက်ရင်း လမ်းလျှောက်နေတာက သတိနဲ့ယှဉ်ပြီး စနစ်တကျ လမ်းလျှောက်တာမျိုး မဟုတ်ဘူး။ သာမာန်သွားလာလှုပ်ရှားတာမျိုးပဲဖြစ်တယ်။ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလို လမ်းလျှောက်ခြင်းက အချိန်အခါသတ်မှတ်ပြီး စနစ်တကျ လမ်းလျှောက်ခြင်းမျိုးကွ"

ဟု အဘက ရှင်းပြ ပြောဆိုလေ၏။ ထို့နောက် ဆက်၍ ပြောပြန်လေ၏။

"ယောဂီ ကျင့်စဉ်အရ လမ်းလျှောက်ခြင်းကတော့ သာမန်လူတွေ လျှောက်တာမျိုးနဲ့ မတူဘူး အောင်ကျော်။ ထူးခြားတယ်။ လမ်းလျှောက်တာဟာ ခန္ဓာကိုယ်ကြွက်သားတွေ အကြောအချင်တွေကို သန်မာစေတယ်။ သွေးလည်ပတ်မှုကို ကောင်းမွန်စေတယ်။ အစာကို ကြေညက်စေတယ်။ ခန္ဓာကိုယ်မှာရှိတဲ့ သွေးကြောတွေထဲမှာ လူကို ဒုက္ခပေးစေတဲ့ အဆီတွေကို ကြေပျက်စေတယ်။ နှလုံးနဲ့ အဆုတ်ကို သန်မာကောင်းမွန်စေတယ်။ နှလုံးရောဂါ အဆုတ်ရောဂါဖြစ်မယ့် ဘေးက ကာကွယ်ပေးတယ်။ ကဲ ... ဘယ်လောက်ကောင်းသလဲ။ ကောင်းလား၊ မကောင်းဘူးလား"

"ကောင်းပါတယ် အဘ"

"အေး ကောင်းတယ်။ လမ်းလျှောက်ရင်း မောပန်းလာရင် ခန္ဓာကိုယ်လည်း သဘာဝအလျောက် အသက်ကို ပြင်းပြင်းရှူလာတယ်။ အဲဒီအခါ အဆုတ်မှာ လေကို အပြည့်အဝရတဲ့အတွက် အင်အားကောင်းလာမယ်။ သန်စွမ်းလာမယ်။ အလုပ်ကောင်းကောင်း လုပ်နိုင်လာတာပေါ့ကွာ။ အရေးကြီးတဲ့ အင်္ဂါအစိတ်အပိုင်း နှစ်ခုဖြစ်တဲ့ နှလုံးနဲ့ အဆုတ်ကို အကျိုးပြုတာပေါ့ အောင်ကျော်၊ မှန်ရဲ့လား"

"မှန်ပါတယ် အဘ"

ကျွန်ုပ်လည်း အဘပြောသမျှကို ခေါင်းညိတ်ကာ ထောက်ခံနေလေတော့၏။ ထို့နောက် အဘက ဆက်ပြောပြန်လေ၏။

"အနောက်နိုင်ငံတွေမှာဆိုရင် လမ်းများများ လျှောက်သူတွေက လမ်းလျှောက်နည်းသူတွေထက် ပိုပြီး ကျန်းမာကြတယ်လို့ဆိုတယ်။ အဲဒါ ငါယုံတယ်။ လက်ခံတယ်။ လမ်းလျှောက်လို့ ကျန်းမာနေတာ"ဟုဆိုကာ တစ်ဖန် အဘကျော်အောင်က ဆက်၍ ပြောပြန်လေ၏။

"လမ်းများများလျှောက်ပြီး ကိုယ်လက်လှုပ်ရှားမှုများတဲ့သူတွေမှာ နှလုံးရောဂါဖြစ်ပွားမှုနည်းတယ်။ လမ်းလျှောက်နည်းပြီး ကိုယ်လက်လှုပ်ရှားမှုနည်းတဲ့ လူတွေမှာတော့ နှလုံးရောဂါဖြစ်ပွားမှုများတယ်လို့ ဆိုတယ်။ နောက်ဆုံးရောဂါဆိုင်ရာ သုတေသနပြုချက်အရ သိခဲ့ရတာလို့ ပြောတယ်။ ယနေ့ခေတ် ဆေးသိပ္ပံပညာအရ နှလုံးသွေးကြောပိတ်ရောဂါနဲ့ နှလုံးရောဂါရှိသူတွေကို စနစ်တကျ လမ်းလျှောက်ခြင်းနည်းနဲ့ ရောဂါကုသတဲ့အခါမှာ ပိုပြီး အောင်မြင်လာတာတွေ့ရတယ်။ ငါကတော့ ယောဂီကျင့်စဉ်နည်းအတိုင်း အမြဲလမ်းလျှောက်တယ်။ တစ်နေ့ အနည်းဆုံး သုံးမိုင်ကနေ ခုနစ်မိုင်အထိ လမ်းလျှောက်သင့် တယ်လို့ ပြောတယ်။ အဲ ... သက်ကြီးရွယ်အိုနဲ့ ကျန်းမာရေးချို့တဲ့တဲ့လူကတော့ အနည်းဆုံးတစ်မိုင်ခွဲကနေ သုံးမိုင်အထိ တဖြည်းဖြည်း အလေ့အကျင့်လုပ်ပြီး လမ်းလျှောက်သင့်တယ်။ ကျန်းမာရေးချို့တဲ့ပြီး လုံးဝလမ်းမလျှောက်နိုင်သူတွေအတွက်နဲ့ အိပ်ရာထဲ လဲနေသူတွေအတွက်ကတော့ လမ်းလျှောက်ခြင်းမပြုဘဲ တခြားသင့်တော်မယ့် ကျင့်စဉ် လေ့ကျင့်ခန်းတွေလုပ်နိုင်တယ်။ ကဲ ... မင်းအနေနဲ့ ဘာသင်ခန်းစာရသလဲ။ ဘာလုပ်သင့်သလဲဆိုတာ သိလောက်ပြီနဲ့တူတယ်"

ဟု အဘက မေးလိုက်ရာ ကျွန်ုပ်လည်း ချက်ချင်းပင် သဘောပေါက်စွာဖြင့် –

"လမ်းလျှောက်သင့်တာပေါ့ အဘရာ။ ဒါမှမဟုတ် ကျွန်တော်လဲ အဘလို အသက်ရှည် ကျန်းမာပြီး ချမ်းသာလန်းဖြာသွားမှာပေါ့အဘ"

ဟု ပြန်၍ ဖြေကြားလိုက်လေတော့သတည်း။

**အောင်မြင့်မြတ် (ပြည်ရွှေဘို)**

၂၉၀၀၀၄၃၀၈



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဟူးထောင့်မှာ ဝန်းလျှိုမယ်

ဝဏ္ဏလင်းထက်

အသက်အရွယ် ၆၀ ကျော် ၇၀ အတွင်း ရှိမည်ဟု ခန့်မှန်းရသည့် အမျိုးသားကြီးတစ်ယောက်သည် ဆူးလေစေတီတော်ကြီးဆီသို့ ဆူးလေဘုရားလမ်းအတိုင်း မြောက်ဘက်မှ လမ်းလျှောက်၍လာ၏။

သူသည် အပတ်စဉ် အင်္ဂါနေ့တိုင်း ဤစေတီတော်တွင် တရားမှတ်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်ခဲ့သူဖြစ်သည်။ လွန်ခဲ့သော ရက်တော်တော်များများမှစ၍ ဤစေတီတော်သို့ မရောက်ဖြစ်ခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော် နေပြည်တော်ရှိ မိတ်ဆွေတချို့၏ ဖိတ်ခေါ်ချက်အရ အလည်အပတ်သွားနေခဲ့သောကြောင့် ဖြစ်လေသည်။

သူ၏ ဝတ်စားဆင်ယင်ပုံက ခေါင်းတုံးဆံပင်ပေါက်ပုံစံကို ဆီဖြင့် သေချာသပ်ရပ်စွာ ဖီးပြားထားသည်။ ဖားပါးစပ်ပုံစံ မာတင်အင်္ကျီ အညိုရင့်အရောင် လက်တိုနှင့် အဖြူခံတွင် နီ၊ စိမ်း၊ ဝါ အရောင်သုံးမျိုးပါ အကွက်များဖောက်ထားသည့် အိန္ဒိယနိုင်ငံဖြစ် ပလေကပ်လုံချည်ကို ဝတ်ထားလေ၏။

ညာဘက်ပခုံးတွင် ယောဂီရောင် ချည်ကွက်လွယ်အိတ်ကို လွယ်ထား၏။ လေးညှင်းပွင့်အရောင် ကတ္တီပါဖိနပ်ကို စီးနင်းထားလေ၏။ သူက စေတီရင်ပြင်ဘက်ဆီသို့ အနောက်ဘက်မုခ် လမ်းကျော်တံတားမှ တက်ရောက်ခဲ့ကာ ဖိနပ်အပ်ရန်နေရာတွင် ဖိနပ်ကို အပ်နှံထားပြီး ရင်ပြင်တော်သို့ ဝင်ခဲ့သည်။ တောင်ဘက်ထောင့်(ဗုဒ္ဓဟူးထောင့်)တွင် နေရာတကျထိုင်ကာ ဘုရားဝတ်ပြုလျက် ပုတီးစိပ်လေတော့၏။

သူ၏ပုတီးမှာ ငွေသားဖြင့် ပြုလုပ်ထားကာ ပုတီးစေ့တိုင်းတွင် စမအက္ခရာများ ရေးထွင်းထားလေ၏။ ပုတီးစိပ်ခြင်းကို မိနစ်သုံးဆယ်မျှ ပြုလုပ်ပြီးလျှင် တရားရှုမှတ်ခြင်းကို မိနစ်သုံးဆယ်ခန့်မျှ အားထုတ်ပြန်လေတော့သည်။ ထို့နောက် ပဋ္ဌာန်းတရားတော်၊ ပရိတ်ကြီးဆယ့်တစ်သုတ်တို့ကို ရွတ်ဆိုပြန်လေသည်။ မေတ္တာပို့ အမျှဝေခြင်းတို့ အလုံးစုံပြီးစီးလေသော် အရုံခံတန်ဆောင်းအတွင်း သင့်တော်သော နေရာလွတ်သို့ ရွှေ့ပြောင်းထိုင်ပြီးလျှင် စီးကရက်ကိုမီးညှိကာ သောက်လေ၏။ မျက်စိအစုံကို မှေးထားရင်းက စီးကရက်ငွေ့တို့ကို ဖြည်းဖြည်းချင်း မှုတ်ထုတ်လေ၏။ ဤသို့ နားနေရင်းမှာပင် သူ၏ ဘူသားပမာ သံယောဇဉ်ရှိခဲ့ရသည့် မောင်သာအေးဆိုသူ လူငယ်ကို သတိရနေမိပြန်လေ၏။ ထိုသူငယ်မှာ အသက် ၂၀ ကျော်ခန့်ရှိကာ လွန်ခဲ့သော နှစ်အတွင်းမှ ဓမ္မမိတ်ဆွေအဖြစ် ခင်မင်ရင်းနှီးခဲ့ကြရခြင်း ဖြစ်လေ၏။ ထိုလူငယ်သည်လည်းကောင်း၊ သူ၏သူငယ်ချင်းများသည်လည်းကောင်း လောကီပညာအပါအဝင် တခြားသော ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာတို့အား သူ၏ထံမှ များစွာအသိပညာရခဲ့ကြသည်ပင်။

သူတော်မောင်မောင်ကိုယ်တိုင်ကလည်း ဝါသနာနှင့် အကျင့်စရိုက်တူသူ လူငယ်ကလေးများကို တတ်သိနားလည်စေလိုသော စိတ်ဆန္ဒဖြင့် မိမိလေ့လာသိရှိထားသလောက် မျှဝေပေးခဲ့သည်ပင် ဖြစ်လေ၏။

သူက အတွေးစတို့ကို ဖြတ်လိုက်၏။ တိုနေသော စီးကရက်ကို တစ်ရှိုက်မျှဖွာကာ ကြမ်းခင်းတွင် ထိုးခြေငြိမ်းသတ်လိုက်ကာ အမှိုက်ပုံးတွင်းသို့ စွန့်ပစ်လိုက်၏။ ထို့နောက် နံရံကပ်နာရီကို လှမ်း၍ကြည့်လိုက်၏။ နာရီက နေ့လယ် ၁၁ နာရီ ၃၀ မိနစ်သို့ ပြသွန်နေခဲ့သည်။ ထိုစဉ် သူတော်မောင်မောင် မျှော်နေခဲ့သော မောင်သာအေးနှင့် လူငယ်နှစ်ယောက်တို့ကို တွေ့ခဲ့ရပေသည်။ သုတ်သီးသုတ်ပျာဖြင့် ရောက်လာကြ၏။ ရောက်မဆိုက်မှာပင် မောင်သာအေးက

"အဘသူတော်···နေပြည်တော်က ဘယ်ဟုန်းက

www.burmeseclassic.com

ပြန်ရောက်လာတာလဲဟင်။ ကျွန်တော်တို့က သတိရနေကြတာ အဘရဲ့ အဘကို ပြောရဦးမယ်။ အဘခရီးမထွက်ခင်က သင်ပေးခဲ့တဲ့ ဂုဏ်တော်ကိုးပါးအဓိဋ္ဌာန်ပုတီးစိပ်က တကယ်ထူးခြားတယ်။

ဘယ်လိုတယ်လို ထူးခြားတာကတော့ နောက်မှပြောပြမယ်။ ခုတော့ ကျွန်တော်တို့မှာ သိချင်တာကရှိနေပြန်ပြီ အဘရဲ့ သိနားလည်နိုင်တယ်ထင်တဲ့ ပုဂ္ဂိုလ်တချို့မေးတော့လည်း သေသေချာချာမရှင်းပြတတ်လို့ ကျွန်တော်တို့ သဘောမပေါက်ဘူး။ အခု အဘသူတော်ရောက်လာပြီဆိုတော့ ကျွန်တော်တို့ သိချင်တဲ့အကြောင်းကိစ္စလေးတွေကို ရှင်းပေးပါဦး"

ဟု နှုတ်ဆက်စကားနှင့် တောင်းခံစကားတို့ကိုဆိုလေတော့၏။

"အဘသူတော်ခင်ဗျာ၊ အဘက ဟောဒီ ဆူးလေစေတီတော်ကြီးရဲ့ တောင်ဘက်ထောင့်မှာပဲ အမြဲလိုလို ပုတီးစိပ်တာ၊ တရားမှတ်တာကို တွေ့ခဲ့ရတာချည်းပဲ။ အဲဒီလို တစ်နေရာတည်းမှာကလွဲပြီး တခြားနေရာတွေမှာ တရားထိုင်၊ ပုတီးစိပ်တာ ကွာခြားချက်များ ရှိနေသလားလို့ပါ"

ဟု မေးရာ သူတော်မောင်မောင်က -

"တခြားမှာလည်း လေ့လာကြ။ ခုတော့ ငါ့အနေနဲ့ သိထားနှင့်သမျှကိုပဲ ပြောပြမယ်"

သူတော်မောင်မောင်က စီးကရက်ကိုထုတ်ယူကာ မီးညှိဖွာလိုက်ပြီး -

"တနင်္ဂနွေဂြိုဟ်ရဲ့ ဂြိုဟ်သက်ဟာ ၆ နှစ်၊ တနင်္လာရဲ့ ဂြိုဟ်သက်ဟာ ၁၅ နှစ် စသဖြင့် သတ်မှတ်ထားခဲ့တာကိုတော့ မင်းတို့အားလုံး နားလည်သဘောပေါက်ပြီးသား ဖြစ်ကြမှာပါနော်။ ဗုဒ္ဓဟူးကို အမှတ်စဉ်(၁) ထားပြီး စနေကို (၂) ထား၊ ကြာသပတေးကို (၃) ထား လက်ယာရစ်အတိုင်း အစဉ်လိုက် ရေတွက်သွားခဲ့ရင်း တနင်္ဂနွေဂြိုဟ်နေရာရောက်ရင် (၆) ဖြစ်ပေလိမ့်မယ်နော်"

ဟု ပြောပြမေးမြန်းရာ လူငယ်တို့မှ . .

"ဒီအထိတော့ ရှင်းပါတယ် အဘသူတော်"

ဟု အပြိုင်ဖြေကြသည်။

"ဒါဆိုရင် တနင်္ဂနွေဂြိုဟ်ရဲ့ ဂြိုဟ်သက်ဟာ (၆) နှစ် လက်ယာရစ်အတိုင်း ဆက်ရေတွက်ကာ အင်္ဂါရောက်ရင် (၈) နှစ်၊ စနေကိုရောက်ရင် ၁၀ နှစ်၊ ရာဟုကိုရောက်တဲ့အခါတော့ ၁၂ နှစ် စသည်ဖြင့်ပေါ့ကွာ။ နောက်တစ်ခါမှာလည်း ဗုဒ္ဓဟူးထောင့်ကပဲစပြီး ရေကြည့်။ စနေဂြိုဟ်ရဲ့ ဂြိုဟ်သက်က ၁၀ နှစ်၊ ရာဟုဂြိုဟ်ရဲ့ ဂြိုဟ်သက်က ၁၂ နှစ်၊ သောကြာဂြိုဟ်ရဲ့ ဂြိုဟ်သက်က ၂၁ နှစ်။ တနင်္လာဂြိုဟ်သက်က ၁၅ နှစ် မင်းတို့တွေ့ကြရလိမ့်မယ်။ ဒါတွေကို ကြည့်လိုက်ရင် ကျန်တဲ့ဂြိုဟ်တွေအားလုံးကို ဗုဒ္ဓဟူးဂြိုဟ်က ထိန်းချုပ်ထားနိုင်တယ်ဆိုတာကို မြင်သာပြီပေါ့"

ဟု ဆိုလေရာ မောင်သာအေးတို့သည် သိလိုသည်ကို သိရသဖြင့် အထူးပင် ကျေနပ်ဝမ်းသာခဲ့ကြလေ၏။ ကျန်လူငယ်တို့လည်း အပြုံးကိုယ်စီဆောင်နိုင်ကြရလေပြီ။ သူတော်မောင်မောင်ကမူ စီးကရက်တိုကို ကြမ်းပြင်တွင် ထိုးခြေငြှိမ်းသတ်လိုက်သည်။

ထိုစဉ်ခဏတွင် မူလကပင်လျှင် သူတော်မောင်မောင်တို့ စကားဝိုင်းအနီး ရှိနှင့်နေပြီးသား အသက် ၄၀ ကျော်အရွယ် အမျိုးသားနှင့် အမျိုးသမီးတို့ သူတော်မောင်မောင်အနီးသို့ နေရာရွှေ့ပြောင်းထိုင်ကြလေ၏။ အမျိုးသားလူရွယ်မှ စတင်ကာ -

"အစ်ကိုခင်ဗျား၊ စောစောက ဒီညီကလေးတွေကို အစ်ကိုရှင်းပြလိုက်တဲ့အကြောင်းကိစ္စတွေကို ကျွန်တော်တို့ လင်မယားကလည်း နားစွင့်ထားခဲ့တာ မှတ်ထားခဲ့တာပါ။ သိပ်ကိုမှ ကောင်းပါတယ် အစ်ကိုရာ။ ကျွန်တော်တို့ လင်မယားကိုလည်း ဓမ္မမိတ်ဆွေတွေလိုပဲ မှတ်ယူပါ။ ကျွန်တော့်ဇနီးနာမည်က ဇာခြည်အာကာပါ။ ကျွန်တော်က မောင်မောင်မြင့်မြတ်လို့ ခေါ်ပါတယ်။ ကျွန်တော်တို့လင်မယားက လောကီပညာတွေကို စိတ်ဝင်စားကြသလို အခြားဂီတစာပေကိုလည်း ဝါသနာကြီးတယ်။ နှစ်ယောက်စလုံးက ကျောင်းပြီးကြပြီ။ စာလေးဘာလေးလည်း ရေးကြတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ တစ်ပုဒ်တလေ ပါဖူးတယ်။ ရွှေပေါက်ကံမှာ နေပါတယ်။ မိသားစုစီးပွားရေးကတော့ ပျိုးပင်အရောင်းဆိုင်လေး ဖွင့်ထားပါတယ်။ စာအုပ်အငှားဆိုင်လေးလည်း ဖွင့်ထားပါတယ်"

ဟု ရှည်လျားစွာ ပြောဆိုမိတ်ဆက်လေ၏။ ပြီးလျှင် သူက ကွမ်းယာထုပ်မှ ကွမ်းယာကိုထုတ်၍ စားလေ၏။ ဇာခြည်အာကာမိုးက -

www.burmeseclassic.com

"ဟုတ်တယ် အစ်ကိုကြီးရဲ့ ခုတင် ဒီမောင်ကလေးတွေကို ရှင်းပြလိုက်တဲ့ ဂြိုဟ်တွေနဲ့ ခပ်ဆင်ဆင်တူတဲ့ အကြောင်းအရာတစ်ခုကို မေးပါရစေဦးရှင်"ဟု ဆိုကာ-

"ဘုရားပုံတော်တွေကို ဆင်ရုပ်ခံပြီး ပူဇော်ခဲ့ရင် ဆင် ရုပ်ခံတဲ့ ဘုရားပုံတော်ဓာတ်ပုံ၊ ရုပ်ပုံတွေကို ကိုးကွယ်ခဲ့ရင် လာဘ်လာဘပေါ်များတယ်။ ဘေးအန္တရာယ်ရှင်းတယ်လို့ သိရ တယ်။ ဘယ်လိုကြောင့်များလဲရှင်"

ဟု သိလိုစိတ်ဖြင့် မေးမြန်းလေသည်။

သူတော်မောင်မောင်က -

"မင်းတို့က အခြေခံပညာလည်း အသင့်အတင့်ရှိ ထားကြတယ်။ စာဖတ်ဝါသနာနဲ့ စာဖတ်အားလည်း ကောင်း ကြတယ်။ လေ့လာဆည်းပူးလိုစိတ်ကလည်း ပြင်းပြတယ်ဆို တာကို ငါက အကဲခတ်တွေ့ရတယ်။ ဝမ်းသာပါတယ်။ ဆင်ခံ ဘုရားကိုးကွယ်တာ ဟိုးရှေးရှေး နှစ်ပေါင်းများစွာ ကြာခဲ့လှပြီ ပဲ။ ဂြိုဟ်တွေအလိုက် ဂြိုဟ်သက်တွေရှိနေတာ သိပြီးသား။ ဂြိုဟ်တွေအလိုက် ဂြိုဟ်ရုပ်တွေရှိတာလည်း သိပြီးသားပဲ မဟုတ်လား။ အေး…ဥပမာ တနင်္ဂနွေဂြိုဟ်ဆိုရင် ဂြိုဟ်ရုပ် က ဂဠုန်ရုပ်၊ တနင်္လာဂြိုဟ်ဆိုရင် ဂြိုဟ်ရုပ်ကကျား။ အင်္ဂါ ဂြိုဟ်ဆိုရင် ဂြိုဟ်ရုပ်က ခြင်္သေ့၊ ဗုဒ္ဓဟူးဂြိုဟ်က ဆင်ရုပ်၊ ကြာသပတေးဂြိုဟ်က ကြွက်၊ သောကြာကပူး။ စနေက နဂါး။ ရာ ဟုကျတော့ မိုင်းဆင် စသည်ဖြင့်ပေါ့ကွယ်။ အဲဒီဂြိုဟ် ရုပ်အားလုံးက ဆင်ရုပ်ရှိတဲ့ တောင်ဘက်တော် (ဗုဒ္ဓဟူး) ဂြိုဟ်ကို ဦးနိုက်ရတာပေါ့။ တစ်ဖက်ကပြောရင်လည်း ဗုဒ္ဓဟူး ဂြိုဟ်က ကျန်တဲ့ဂြိုဟ်အားလုံးကို အနိုင်ရတာပေါ့။ မင်းတို့ ထင်သာ မြင်သာအောင် ဒီမှာကြည့်ကြကွာ"

ဟု ဆိုကာ သူတော်မောင်မောင်က သူ၏အင်္ကျီအိတ် အတွင်းမှ စာရွက်ဖြူတစ်ရွက်နှင့် ဘောပင်ကိုထုတ်ယူကာ ပုံစံပြန်ချဆွဲပြကာ ရှင်းပြရလေသည်။

"တနင်္ဂနွေဂြိုဟ်ကစပြီး လက်ဝဲရစ်ရေတွက်ပြမယ်။ တနင်္ဂနွေကို (၁)ထားပြီး ရေတွက်ကြည့်။ (၆)ကျတဲ့နေရာက ဗုဒ္ဓဟူးဂြိုဟ်ဖြစ်တယ်။ ဒီနေရာမှာ ပြောပြဖို့ကျန်ခဲ့တာလေး ဖြည့်ပြောရဦးမယ်။ သောမနဲ့ ပါပဂြိုဟ်ရယ်လို့ ခွဲခြားထား တာရှိတယ်။ ပါပက အဆိုးအညံ့၊ သောမက အကောင်းပေါ့ ကွယ်။ တနင်္ဂနွေ အင်္ဂါ စနေနဲ့ ရာဟုဂြိုဟ်တွေက ပါပ ဂြိုဟ်ညံ့တွေဖြစ်တယ်။ စောစောကပြောသလို မင်းတို့ကြိုက် တဲ့ ဂြိုဟ်ခွင်ကနေ ဂြိုဟ်ဆက်အတိုင်း ရေတွက်သွားကြည့်။ တောင်ဘက်ထောင့် ဆင်ရုပ် ဗုဒ္ဓဟူးဂြိုဟ်မှာပဲ အဆုံးသတ် ကြရတာ တွေ့ကြလိမ့်မယ်။ သဘောပေါက်ကြတယ်မဟုတ် လား"

ဟု ရှင်းလင်းပြဆိုခဲ့ရာ မောင်ဘအေးတို့ သူငယ် ချင်း တစ်စုနှင့် မောင်မောင်မြင့်မြတ်တို့ ဇနီးမောင်နှံတို့က သဘောပေါက်နားလည်ကြပါ၏။ ကျေးဇူးအထူးပင် တင်ပါ ကြောင်းဆိုကြကာ သူတော်မောင်မောင် ခရီးဆက်ရန်ရှိသော ကြောင့် သူတို့အားလုံးသည် စေတီရင်ပြင်ထက်ဆီမှ ဆင်းကြ လေသည်။ လမ်း(၃၀)ထိပ်ရှိ သုံးရာသီ လက်ဖက်ရည်ဆိုင် တွင် မိမိတို့ကြိုက်နှစ်သက်ရာ မှာယူစားသောက်ကြပြီး နှုတ် ဆက်စကား ပြောကြလေသည်။ ပြီးလျှင် မောင်မောင်မြင့် မြတ်က(ကက)အငှားယာဉ်ငှားလေသည်။ ထိုယာဉ်မောင်းသူ အား သူတော်မောင်မောင်သွားလိုရာခရီးစဉ်အတိုင်း လိုက်ပါ ပို့ဆောင်ပေးရန် မှာကြားကာ ကျသင့်ငွေကိုပါ ပေးချေလိုက် လေသည်။ သူတော်မောင်မောင်လိုက်ပါသည့် ယာဉ်လေး သည် စာရေးဆရာ၊ ကဗျာဆရာများ စုဝေးရာ လေအန်ကုန်း ဘက်ဆီသို့ ဦးတည်မောင်းနှင်လျက် ရှိပါတော့သည်။

ဝဏ္ဏလင်းထက်



www.burmeseclassic.com

# ကံမြင့် ကံပွင့် လာဘ်ရယတြာ

## ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်ထံသို့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ စာဖတ်ပရိသတ်တစ်ဦး ဖုန်းဆက်လာပါသည်။ သူမမှ ရောင်ပြန်မဂ္ဂဇင်းဖတ်ပြီး ဂုဏ်တော်ကွန်ချာ ဖယောင်းတိုင်စီရင်နည်းကို မရှင်း၍ မေးခြင်း ဖြစ်ပါသည်။ ကျွန်ုပ်လည်း မေတ္တာစေတနာထားကာ ရှင်းပြလိုက်ပါသည်။ ကျွန်ုပ်အနေဖြင့် ဂမ္ဘီရပညာရပ်ဆိုင်ရာ ဆောင်းပါးများကို မဂ္ဂဇင်း၊ ဂျာနယ်တွင် ရေးသားဖော်ပြပေးနေပါသည်။ ဘာသာရေးဆိုင်ရာ ဆောင်းပါးလည်း အလျဉ်းသင့်သလို ရေးပါသည်။ သို့သော် ဘာသာရေး၊ သာသနာရေးဆိုင်ရာ ကိစ္စနှင့် ပတ်သက်၍ စာဖတ်ပရိသတ်မှာ စိတ်ဝင်တစား မေးမြန်းတာ မကြုံရပါ။ မေးသူ တစ်ဦး၊ နှစ်ဦးသာ ရှိခဲ့ဖူးပါသည်။

ဗေဒင်ယတြာဆိုင်ရာ ဆောင်းပါးရေးလျှင် စာဖတ်ပရိသတ်မှာ စိတ်ဝင်တစား ဖုန်းဆက်သည်။ မရေးတာ ကြာလျှင် ဆရာ ယတြာဆောင်းပါးရေးပါဦးဟု အကြံပြုလာပါသည်။ ခုနစ်နေ့သားသမီးများအနေဖြင့် လောကဓံရှစ်ပါး တစ်လှည့်စီကြုံတွေ့ ခံစားနေရပါသည်။ အဆိုးလောကဓံ ကြုံတွေ့တိုင်း အားကိုးရာ ရှာကြသည်။ လောကီ လောကုတ္တရာ အားကိုးရာအစစ်အမှန်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဖြစ်သည်။ ထိုရတနာသုံးပါးနှင့် ပတ်သက်သော ဂုဏ်တော်၊ ဂါထာများသည် အစွမ်းထက်သည်။ လောကီပညာရပ်ဆိုင်ရာ နည်းအမျိုးမျိုးနှင့် တွက်ချက်ပြီးသော ယတြာပေးရသည်။ ယတြာမှာလည်း နည်းအမျိုးမျိုးရှိပါသည်။

ထိုယတြာများတွင်လည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဦးထိပ်ထားလှူဒါန်းပြုမူ ဆောင်ရွက်ရသော ယတြာများသည် ပို၍ အစွမ်းထက်ပါသည်။ ယနေ့ ခေတ်ကာလတွင် ဗေဒင်လာမေးသူ အများစုမှာ တစ်နှစ်တာ၊ ဘဝတစ်သက်တာ ဟောစာတမ်းထက် လတ်တလောကိစ္စကို ပို၍ စိတ်ဝင်တစား မေးကြပါသည်။ ထိုသို့ မေးသည့်အကြောင်းအရာတွင် အိမ်ခြံမြေအရောင်းအဝယ်ကိစ္စ၊ အကြွေးကိစ္စ၊ ငွေကြေးလာဘ်ပွင့်စေသော ယတြာ၊ ရောင်းပန်းဝယ်ပန်း ပွင့်လန်းစေသော ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်နည်းများကို စိတ်ဝင်စားကြပါသည်။

လောကီပညာရပ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော အဘဆရာကြီး ဒေါက်တာမင်းသိခ်သည် အယူတော်မင်္ဂလာ မရမ်းတလင်းခြံတွင် ခုနစ်နေ့သားသမီးများကို နေ့စဉ် ယတြာကိစ္စ ဆောင်ရွက်ပေးပါသည်။ အဘမင်းသိခ်မှ ဆေးပေါင်းခသော တစ်ညတွင် ဗေဒင်မဟောဘဲ ယတြာပဲဆောင်ရွက်ပေးတဲ့ ဆရာဆိုလို့ မင်းသိခ်တစ်ယောက်ပဲ ရှိတယ်ဟု ပြောဆိုဖူးပါသည်။

အချို့က ဗေဒင်တော့မေးသည်၊ ယတြာချေရမှာတော့ ပျင်းကြသည်။ နက္ခတ်ဗေဒင်ဆရာတစ်ယောက်မှ ဇာတာမှာ ဖြစ်မယ်ဆိုရင် ဖြစ်မယ်၊ ပျက်မယ်ဆိုရင်လည်း ပျက်ရမှာပဲ ယတြာချေလို့မရဘူးဟု ပြောဆိုဖူးပါသည်။ အနာသိလျှင် ဆေးရှိသည်။ ယတြာချေတိုင်း ရာနှုန်းပြည့် အောင်မြင်ရမည်ဟု မဆိုနိုင်သော်လည်း ရသင့်သလောက်တော့ ရပါသည်။ တစ်ရာမှာ ရှစ်ဆယ်ရာခိုင်နှုန်းတော့ ဖြစ်နိုင်ချေရှိပါသည်။ ယုံကြည်မှုနှင့် ပြုလုပ်ဖို့လိုသလို နည်းစနစ်လည်း မှန်ရပေမည်။

ဆရာကြီး မင်းသိခ်၏ ယတြာများမှာ လွယ်ကူထိရောက်ပါသည်။ မဂ္ဂဇင်း၊ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သလို ယတြာစာအုပ်များလည်း ထုတ်ဝေခဲ့ပါသည်။ ယခု ဆရာကြီးပေးခဲ့သော ကံမြင့် ကံပွင့်၊ လာဘ်ရ ယတြာကို ရေးသားဖော်ပြ ပေးလိုက်ပါတယ်။

### ကံမြင့် ကံပွင့် လာဘ်ရယတြာ

ငြိုပြာဆိုးကြမ္မာဆိုးတွေ ကျရောက်လို့ ဒုက္ခတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေရင်၊ ငွေကံလာဘ်ပိတ်နေရင် အောက်ပါအတိုင်း ယတြာပြုလုပ်ပါ။

**တနင်္ဂနွေသားသမီးများ** – အုန်းသီး ၆ စိပ်၊ ရေ ၆ ခွက်၊ ဆန်ကောအတွင်း အင်ဖက်ခင်း၍ တန်ခိုးကြီး ဘုရားတွင် လှူပါ။ အရဟံသိဒ္ဓိဂုဏ်တော်ပုတီး ၉ ပတ်စိပ်၊ မေတ္တသုတ် ၉ ခေါက်ရွတ်ဆိုပြီး လိုရာဆုတောင်းပါ။ ပြီးလျှင် ဆန်ကောကို ပြန်ယူလာပြီး လှူထားတာကို စွန့်နိုင်ပါသည်။ တစ်ခါသုံး ရေခွက် ၆ ခွက် အသုံးပြုနိုင်ပါသည်။ မိမိနေအိမ် မြို့ရွာဒေသနှင့် နီးစပ်ရာ ဘုရားမှာ လှူနိုင်ပါသည်။ စာရေးသူမှ ဘုရားဂုဏ်တော် ဂါထာနှင့် တွဲဖက်ဆောင်ရွက်နိုင်းပါသည်။ တစ်ပတ်တစ်ကြိမ် ခြောက်ကြိမ် လှူဒါန်းပါက ကံမြင့်ကံပွင့် လာဘ်ငွေတွေ ငင်လာပါမည်။ မိမိရွတ်ဆိုနေကျ ဂုဏ်တော်၊ ဂါထာ၊ ပုတီးစိပ်ခြင်း ပြုလုပ်နိုင်ပါသည်။ မည်သည့်နေ့တွင် ပြုလုပ်ရမည်ဟု ရေးမထားပါ။ မိမိမွေးနေ့တိုင်း ပြုလုပ်သင့်သည်။ လွယ်ကူထိရောက်သော ယတြာတစ်ခု ဖြစ်သည်။

**တနင်္လာသားသမီး** – ဖီးကြမ်းငှက်ပျောသီး ၅ လုံး၊ အုန်းသီးတစ်လုံး၊ ရာတန်နှစ်ရွက်နှင့် ငါးဆယ်တန်တစ်ရွက်ကို ကွမ်းရွက်ထဲမှာထည့်ပြီး ဘုန်းကြီးတစ်ပါးကို လှူလိုက်ပါ။ အုန်းသီးအခွံချွတ်ပြီးသား လှူနိုင်သည်။ မွေးနေ့တိုင်း အနည်းဆုံး လေးငါးကြိမ်လှူပါ။ ကံပွင့်လာဘ်ပွင့်လာပါမည်။ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ပုတီး ၉ ပတ်စိပ်၊ မေတ္တသုတ် ၉ ခေါက် ရွတ်ဆိုပါ။ သဗ္ဗမင်္ဂလာဂါထာ ၂၇ ခေါက် ရွတ်ဆိုပါ။

**အင်္ဂါသားသမီးများ** – ညောင်ရွက်ကန်တော့ ၈ ခု တွင် ကောက်ညှင်းနှင့် ထန်းလျက်ရောပြီး ညောင်ပင်အောက်တွင် လှူ၍ လိုရာဆုတောင်းပါ။ ကောက်ညှင်းပြန်ပေါင်း ထည့်လှူရမည်။ မွေးနေ့သုံးကြိမ်လှူ၍ လိုရာဆန္ဒ ဆုတောင်းပါ။ ဝိဇ္ဇာ စရဏ သမ္ပန္နော သိဒ္ဓိ ပုတီး ၉ ပတ်စိပ်၊ မေတ္တသုတ် ၉ ခေါက်ရွတ်ဆိုပါ။ လိုရာဆန္ဒ ဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** – ရွှေငှက်ပျောသီးသုံးဖီး (သို့) သုံးလုံး၊ အုန်းသီးတစ်လုံး (သို့မဟုတ်) တစ်စိပ်၊ ငွေကျပ်ကိုးရာဖြင့် တန်ခိုးကြီးဘုရားမှာလှူပြီး ဆုတောင်းပါ။ မွေးနေ့တိုင်းလေးကြိမ်ပြုလုပ်ပါ။ သုဂတောသိဒ္ဓိ ဂုဏ်တော် ပုတီး ၉ ပတ်စိပ်၊ မေတ္တသုတ် ၉ ခေါက်ရွတ်ဆို ဒိဝါတပတိ ဂါထာ ၂၇ ခေါက် ရွတ်ဆိုပါ။

**ကြာသပတေးသားသမီးများ** – ဖီးကြမ်းငှက်ပျောသီး သုံးဖီး၊ အုန်းသီးတစ်လုံး၊ ပေါက်ပန်းဖြူ (သို့) ပျဉ်းမ ညွန့် ၅ ညွန့်ထည့်၍ သီလရှိသော ဘုန်းကြီးကိုလှူပါ။ မွေးနေ့တိုင်း ငါးကြိမ်ပြုလုပ်ပါ။ ငွေကံပွင့်လာမှာ သေချာပါသည်။ လောကဝိဒူ ဂုဏ်တော်ပုတီး ၉ ပတ် စိပ်ပြီး မေတ္တသုတ် ၉ ခေါက်၊ သမ္ဗုဒ္ဓေဂါထာ ၂၁ ခေါက် ရွတ်ဆိုပါ။ ထိုသို့ ရွတ်ဖတ်ခြင်းကို ဒါနပြုပြီး မိမိနေအိမ်မှာ ဖြစ်စေ၊ ဘုန်းကြီး ကျောင်းမှာဖြစ်စေ ပြုလုပ်နိုင်ပါသည်။

**သောကြာသားသမီးများ** – သီးမွှေးငှက်ပျောသီး ၆ လုံး၊ အုန်းသီး ၆ စိပ်၊ အမွှေးနံ့သာတိုင် တစ်ထုပ်၊ သပြေညွှန့် ၆ ညွှန့် လှူပါ။ အပွင့်ပါတဲ့ ပန်းမျိုးစုံလည်း ထည့်လှူပေးပါ။ မွေးနေ့တိုင်း ၆ ကြိမ်လှူ ဆုတောင်းမှုပြုပါ။ အရဟံသိဒ္ဓိ ပုတီး ၉ ပတ်စိပ်၊ သမ္ဗုဒ္ဓေဂါထာ ၃၆ ခေါက် ရွတ်ဆိုပါ။ လာဘ်ငွေများ ဆက်ဝင်လာမည်။

**စနေသားသမီးများ** – နှမ်းနောက်တစ်ပန်းကန် (သို့) နှမ်းနက်ဖြင့်ပြုလုပ်ထားသော နှမ်းပစ်မုန့် ၁၀ ခု။ ထန်းသီးမုန့် (သို့) နာနတ်ယိုကို ဒန်ဇလုံတစ်ခုဖြင့် ထည့်၍ ဇကာထဲထည့်ပြီး သီလရှိသော ရဟန်းကို လှူပါ။ မူရင်းတွင် အမဲသားဟင်းဆယ်တုံးဟု ရေးထားပါသည်။ အမဲသား မချက်စားသူများ စနေနံမုန့်တစ်မျိုး အစားထိုး လှူနိုင်ပါသည်။ ဒန်ဆွမ်းခွက်ဖြင့် ထည့်လှူ၍ရသည်။ ဇကာပြန်ယူလာနိုင်သည်။ ခုနစ်ကြိမ်လောက်လှူပေးပါ။ ဗုဒ္ဓေါ သိဒ္ဓိ ပုတီး ၉ ပတ်စိပ်၊ မေတ္တသုတ် ၉ ခေါက်၊ ပဋ္ဌာန်း ၂၄ ပစ္စည်း ၁၀ ခေါက် ရွတ်ဆိုဆုတောင်းပါ။ တစ်ကြိမ်၊ နှစ်ကြိမ် ပြုလုပ်ပြီးသည်နှင့် ထူးခြားလာမှာ သေချာပါသည်။


**မှတ်ချက်** ။ ဘုရားတွင်လှူပါက မိမိမွေးနံထောင့်များတွင်သာ လှူရမည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com



# စီးပွားတက်ဖို့ ပန်းလှူစို့

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

"ဟယ်လို"

"ဆရာ ... ကျွန်တော်ပါ"

"သြော် ... မြတ်စောလင်းလား၊ အေး ... တပည့်ပြော"

"ကျွန်တော့် ဗေဒင်ဆိုင်မှာ ဗေဒင်မေးပရိသတ် အလာနည်းနေလို့ အဲဒါ ဘာယတြာလုပ်ရင် ကောင်းမလဲလို့ သိချင်တာနဲ့ ဖုန်းဆက်လိုက်တာပါ ဆရာ"

"အေး ... ဟုတ်ပြီ။ မင်းဆီမှာ သရောဒယဝဏ္ဏ သရစက် ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ အရန်သင့်ရှိပါတယ် ဆရာ"

"မင်းနာမည်က မြတ်စောလင်းဆိုတော့ မူလဝဏ္ဏ သရစက်ရဲ့ ကုမာရအောက်မှာ မင်းနာမည်အစ 'မ' အက္ခရာ ရှိတယ်မို့လား။ အဲဒါကို ဗာလထားပြီး မိမိနာမည် အစလုံးရဲ့ရှေ့က ရှိတဲ့အကွက်ဟာ ကုမာရပန်းပဲ။ ကုမာရ ဘုရားမှာ ကုမာရပန်းကို လှူလိုက်ပေါ့။ အဲဒီကုမာရအောက် မှာ မြန်မာရက်ပါတယ်လေ။ မြန်မာလဆန်း (သို့မဟုတ်) လဆုတ် ၃ ရက်၊ ၈ ရက်၊ ၁၃ ရက်နေ့တွေမှာ နံနက် ၇ နာရီ ၃၀ မှ ၈ နာရီ ၃၀ မှာ အနောက်အရပ်ကို ကျောပေး ပြီး လှူလိုက်ရုံပါပဲ တပည့်ရာ။ မင်းဆိုင်မှာ ဗေဒင်မေးသူ တွေ ရောက်လာပါလိမ့်မယ်"



www.burmeseclassic.com

ကျွန်ုပ်သည် ဆရာနှင့် ဖုန်းဆက်အပြီးတွင် သရောဒယပညာမှ ကုမာရဓာတ်ပန်းလှူရန်အတွက် စဉ်းစားနေမိ၏။ သို့သော် မိမိတစ်ဦးတည်း လာဘ်လာဘပွင့်ရန် လှူမည့်အစား ကျွန်ုပ်၏ စာဖတ်ပရိသတ်ဖြစ်သော စာဖတ်သူများ ခုနစ်ရက်သားသမီးများပါ ကျေးဇူးရှိရန် စိတ်ကူးပေါ်လာ၏။ ထို့ကြောင့် ဗျည်း ၃၃ လုံးမှ အစပြုခေါ်ဆိုကြသော ခုနစ်ရက်သားသမီးတို့အတွက် လုပ်ငန်း၊ စီးပွား၊ ဝင်ငွေ တိုးတက်စေရန်အတွက် သရောဒယ သရဒွေး ပညာမှ ဝဏ္ဏသရစက်အရ ကုမာရဓာတ်ပန်းလှူနည်းကို လွယ်လွယ်ကူကူ ဖြစ်စေရန်အတွက် ကောက်နုတ်ဖော်ပြလိုက်သည်။

## ကုမာရဓာတ်ပန်းလှူရန်

(၁) အ၊ က၊ ဆ၊ ဘ၊ ဝ အက္ခရာဖြင့် အစပြုခေါ်ဆိုသော ခုနစ်ရက်သားသမီးတို့သည် ခ၊ ဖ၊ ည၊ ပ၊ န၊ မ နှင့် ခေါ်ဆိုသော ဘုရား၌ ၎င်းအက္ခရာနှင့် ခေါ်ဆိုသော ပန်းကို မြန်မာ လဆန်း၊ လဆုတ်၊ ၂ ရက်၊ ၇ ရက်၊ ၁၂ ရက် နံနက် ၇ နာရီ ၃၀ မှ ၈ နာရီ ၃၀ အတွင်း တောင်အရပ်ကို ကျောပေး၍လှူပါ။

(၂) ခ၊ ဖ၊ ည၊ ပ၊ န၊ မ အက္ခရာဖြင့် အစပြုခေါ်ဆိုသော ခုနစ်ရက်သားသမီးတို့သည် ဂ၊ င၊ တ၊ ပ၊ ယ နှင့် ခေါ်ဆိုသော ဘုရား၌ ၎င်းအက္ခရာနှင့်ခေါ်ဆိုသော ပန်းကို မြန်မာလဆန်း၊ လဆုတ်၊ ၃ ရက်၊ ၈ ရက်၊ ၁၃ ရက် နံနက် ၇ နာရီ ၃၀ မှ ၈ နာရီ ၃၀ အတွင်း အနောက်အရပ်ကို ကျောပေး၍ လှူပါ။

(၃) ဂ၊ င၊ တ၊ ပ၊ ယ အက္ခရာဖြင့် အစပြုခေါ်ဆိုသော ခုနစ်ရက်သားသမီးတို့သည် ထ၊ ဖ၊ ရ၊ သ နှင့် ခေါ်ဆိုသော ဘုရား၌ ၎င်းအက္ခရာနှင့်ခေါ်ဆိုသော ပန်းကို မြန်မာလဆန်း၊ လဆုတ်၊ ၄ ရက်၊ ၉ ရက်၊ ၁၄ ရက် နံနက် ၇ နာရီ ၃၀ မှ ၈ နာရီ ၃၀ အတွင်း မြောက်အရပ်ကို ကျောပေး၍ လှူပါ။

(၄) ထ၊ ဖ၊ ရ၊ သ အက္ခရာဖြင့် အစပြုခေါ်ဆိုသော ၇ ရက်သားသမီးတို့သည် စ၊ ဒ၊ ဗ၊ လ၊ ဟ နှင့် ခေါ်ဆိုသော ဘုရား၌ ၎င်းအက္ခရာနှင့်ခေါ်ဆိုသော ပန်းကို မြန်မာလဆန်း၊ လဆုတ်၊ ၅ ရက်၊ ၁၀ ရက်၊ ၁၅ ရက် နံနက် ၇ နာရီ ၃၀ မှ ၈ နာရီ ၃၀ အတွင်း အလယ်အရပ်ကို အာရုံပြု၍ လှူပါ။

(၅) စ၊ ဋ၊ ဒ၊ ဗ၊ လ၊ ဟ အက္ခရာဖြင့် အစပြုခေါ်ဆိုသော ခုနစ်ရက်သားသမီးတို့သည် အ၊ က၊ ဆ၊ ဘ၊ ဝ နှင့် ခေါ်ဆိုသော ဘုရား၌ ၎င်းအက္ခရာနှင့်ခေါ်ဆိုသော ပန်းကို မြန်မာလဆန်း၊ လဆုတ်၊ ၆ ရက်၊ ၁၁ ရက်၊ ၈ ရက် နံနက် ၇ နာရီ ၃၀ မှ ၈ နာရီ ၃၀ အတွင်း အရှေ့အရပ်ကို ကျောပေး၍ လှူပါ။

ကျွန်ုပ်သည် အထက်ပါ အုပ်စု ၅ ခု နာမည်အရင်းလုံးရှိသူတို့အတွက် အလွယ်တကူ လှူနိုင်ရန် စာရင်းပြုစုပြီး ကျွန်ုပ်အတွက် ကုမာရကျသော ဥက္ကလာပစေတီသို့ သွား၍ ဂန္ဓမာပန်းကို ၉ ပွင့်ဝယ်၍ မြန်မာလဆန်း ၃ ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့၏။ နောက်တစ်နေ့တွင် မမျှော်လင့်ဘဲ မြင်းခြံမြို့နယ်မှ လာရောက်၍ ကျွန်ုပ်ထံတွင် အင်္ဂလိပ်ဗေဒင်ပညာနှင့် ပရောဂဆေးကုသပုံတို့ကို သင်ယူရန်အတွက် အမျိုးသားတစ်ယောက် ရောက်ရှိလာပြီး ပညာသင်ဉာဏ်ပူဇော်ခအဖြစ် ၎င်းစေတနာနှင့် ငွေ ၁၈၀၀၀၀ ကျပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်၍ လက်အုပ်ချီပြီး တပည့်အဖြစ် သတ်မှတ်ရန် လိုအပ်သော ပညာများကိုလည်း သင်ပေးရန် ပြောလာ၏။ နောက်ရက် နောက်ရက်များတွင်လည်း သောင်းဂဏန်း အကုန်အကျခံ၍ ယတြာလုပ်မည့် ပုဂ္ဂိုလ်များ နေ့စဉ်နေ့တိုင်း တဖွဲဖွဲ ရောက်ရှိလာတော့၏။ ထို့ကြောင့် ကျွန်ုပ်အား သင်ကြားပေးသော ကျွန်ုပ်၏ဆရာ မန္တလေးမြို့တွင် နေသော မြို့သစ်မြရည်နန္ဒာမှ သရောဒယပညာရှင် ဆရာဦးဆန်းလှိုင်၏ ကုမာရဓာတ်ပန်းလှူနည်းကို တင်ပြလိုက်ရပေသည်။ ကျွန်ုပ်ကဲ့သို့ ထပ်တူထပ်မျှ စီးပွား လာဘ်လာဘ ပွင့်လင်းကြပါစေဟု၍ ဆန္ဒပြုလိုက်ရပေသတည်း ....။

ကျေးဇူးရှင်အား ရှိခိုးပါ၏။

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

၀၉-၄၂၁၀၉၂၈၁၉

www.burmeseclassic.com

# စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရာ

# ယတြာ

ဝင်းဇော်(သုံးခွယ်)

တစ်နေ့ ဂျာနယ်တိုက်၏ အယ်ဒီတာအခန်းတွင် ဆောင်းပါးစာမူများကိုဖတ်ရင်း တည်းဖြတ်ပေးနေစဉ် ကျွန်တော်၏ အင်္ကျီအိတ်ထဲမှဖုန်းက အသံမြည်လာ၍ ဖွင့်ပြီး အသံပြုလိုက်သည်။

"ဟဲလို အမိန့်ရှိပါခင်ဗျာ"

"ဆရာဇော်လားရှင့်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ အမိန့်ရှိပါ"

"ကျွန်မက တာမွေမှာနေပါတယ်။ နာမည်က မကြင်ကြင်နွယ်ပါဆရာ။ အရင်က ကျွန်မက စီးပွားရေးလုပ်ငန်းနဲ့ အတော်အဆင်ပြေခဲ့တဲ့သူပါ။ အခု အကြောင်းအမျိုးမျိုးကြောင့် ဆိုပါတော့ စီးပွားရေးလုပ်ငန်းတွေက အဆင်မပြေဖြစ်ပြီး စီးပွားပျက်သလို ဖြစ်နေပါတယ်။ အဲဒါ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်အဆင်ပြေလာစေဖို့ ဆရာ့ဆီက ယတြာကောင်းလေး လိုချင်ပါတယ်။ ဂမ္ဘီရဂျာနယ်တစ်စောင်မှာ ဆရာ့ဖုန်းနံပါတ်ကိုတွေ့လို့ ဆက်သွယ်အကူအညီတောင်းရတာပါ။ ကျွန်မကို ကူညီပါဦး ဆရာရယ်။ ကျွန်မက တနင်္လာနေ့သမီးပါ"

"ဗေဒင်ပညာမှာ အောင်မြင်ကြီးပွားတဲ့ ယတြာတွေရှိပါတယ်။ အကြံအစည်ဟူသမျှကိုလည်း အောင်မြင်စေတယ်။ မိမိရဲ့ ရှိရင်းစွဲငွေကြေးဥစ္စာတွေလည်း တည်မြဲပြီး တိုးပွားစေတယ်။ စီးပွားရေးမကောင်းရင်လည်း ပြန်လည်ကောင်းမွန်တိုးတက်လာစေတယ်။ လူချစ်လူခင်လည်း ပေါများစေတယ်"

"အဲဒီယတြာပေးပါ ဆရာ"

"ယတြာပေးရတာကတော့ ဘာမှမခက်ပါဘူး။ ကျွန်တော်က အလုပ်ခွင်ဝင်နေရတာ။ ပြီးတော့ ဖုန်းနဲ့ အကြာကြီး ပြောပြရမှာဆိုတော့ အချိန်မပေးနိုင်တာကို အားနာပါတယ်။ အစ်မလိုချင်တဲ့ ယတြာကို ကျွန်တော် ဂမ္ဘီရဂျာနယ်တစ်စောင်မှာ ရေးပေးပါ့မယ်။ အသေအချာဖတ်ကြည့်ပြီး ဆောင်ရွက်လိုက်ပါ"

"ကျေးဇူးတင်ပါတယ် ဆရာ"

အမျိုးသမီးတစ်ဦးက သူ့ဘဝ၏ အခက်အခဲကို ပြောပြပြီး အကူအညီတောင်းခဲ့သည့် ယတြာကို ရေးသားတင်ပြပေးရမည့်တာဝန်က ကျွန်တော့်မှာ ရှိနေသည်။ ကျွန်တော့်ဘက်မှ ပျက်ကွက်ခဲ့လျှင် ကျွန်တော် ကတိမတည်ရာ ရောက်မည်ကို စိုးရိမ်မိသည်။

သည်ယတြာကို ကျွန်တော် ရေးသားတင်ပြပါမည်။ ၎င်းယတြာက နေ့နံ၏ အမြစ်နှင့် အညွန့်ကို အသုံးချ၍ ချေရသော ယတြာဖြစ်သည်။

ယတြာချေပုံမှာ ကာယကံရှင် မကြင်ကြင်နွယ်၏ မွေးနေ့ တနင်္လာနေ့နံနက် ၉ နာရီတွင် အမြစ်နံအရပ်ရှိ ဘုရားတွင် ရေသပ္ပာယ်ရပါမည်။

တနင်္လာနေ့သမီး မကြင်ကြင်နွယ်၏ အမြစ်နံအရပ်မှာ တနင်္ဂနွေဖြစ်၍ စေတီတော်၏ အရှေ့မြောက်အရပ်ရှိ ဗုဒ္ဓဆင်းတုတော်ကို ရေသပ္ပာယ်ကာ ဆုတောင်းဂါထာဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

ဆုတောင်းဂါထာမှာ • •

နီတွီ မေ သရဏံ အညံ၊

ဗုဒ္ဓေါမေ သရဏံ ဝရံ၊



www.burmeseclassic.com

www.burmeseclassic.com

| နေ | အမြစ် | အညွန့် | ဓာတ်နံ | မိတ်နံ |
|---|---|---|---|---|
| တနင်္ဂနွေ | စနေ | တနင်္လာ | စနေ | ကြာသပတေး |
| တနင်္လာ | တနင်္ဂနွေ | အင်္ဂါ | ကြာသပတေး | ဗုဒ္ဓဟူး |
| အင်္ဂါ | တနင်္လာ | ဗုဒ္ဓဟူး | ရာဟု | သောကြာ |
| ဗုဒ္ဓဟူး | အင်္ဂါ | ကြာသပတေး | သောကြာ | စနေ |
| ကြာသပတေး | ဗုဒ္ဓဟူး | သောကြာ | တနင်္လာ | တနင်္ဂနွေ |
| သောကြာ | ကြာသပတေး | စနေ | ဗုဒ္ဓဟူး | အင်္ဂါ |
| စနေ | သောကြာ | တနင်္ဂနွေ | တနင်္ဂနွေ | ရာဟု |

**ဝေဘန သစ္စဝဇ္ဇေန၊**
**ဟောတုမေ ဇယမင်္ဂလံ၊**
**ဟောတုမေ အာယုဝဍ္ဎနံ၊**
**ဟောတုမေ သုခဝဍ္ဎနံ။**

ထို့နောက် အညွန့်နံအရပ်ရှိ ဘုရားတွင် အညွန့်နံ ပန်းများဖြင့် ကပ်လှူဒါန်း ပူဇော်ပေးရပါမည်။ တနင်္လာ၏ အညွန့်နံမှာ အင်္ဂါဖြစ်၍ စေတီ၏ အင်္ဂါအရပ်ရှိ ဗုဒ္ဓဆင်းတု တော်ရှေ့တွင် ဆီးညွန့်ကို ဂြိုဟ်သက်အရ (၈) ညွန့် ကပ်လှူ ဒါန်းရပါမည်။ ဆုတောင်းဂါထာကို ပုတီးတစ်ပတ်စိပ်ရပါမည်။

ဓာတ်နံဘုရားဖြစ် ကြာသပတေး အနောက်အရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်ကို မိတ်နံ ဗုဒ္ဓဟူးဖြစ်သော ဝါးရွက်ကို ဂြိုဟ် သက်အရ ၁၇ ရွက် လှူဒါန်း၍ လိုရာဆုကိုတောင်းကာ ဂါထာတော်ကို ပုတီးတစ်ပတ်စိပ်ရပါမည်။

ဋ္ဌင်းယတြာကို မွေးနေ့တိုင်း ဆောင်ရွက်နိုင်ပါက ပိုကောင်းပါသည်။ အခြားသော နေ့ရက်သားသမီးများလည်း စီးပွားရေးလုပ်ငန်းများ အဆင်မပြေသည့်အခါ ဆောင်ရွက်နိုင် ကြစေရန် အမြစ်၊ အညွန့်၊ ဓာတ်နံ၊ မိတ်နံတို့ကို အထက် တွင် ဇယားကွက်ဖြင့် ဖော်ပြထားပါသည်။ ဓာတ်နံ၊ မိတ်နံ တို့နှင့်ဆိုင်သော ပန်းများကို အရေအတွက်အရ လှူဒါန်းနိုင် ရန် နေ့နံအလိုက် ဂြိုဟ်သက်များကို အောက်တွင် ဖော်ပြ အပ်ပါသည်။

| | | |
|---|---|---|
| တနင်္ဂနွေ | = | ၆ နှစ် |
| တနင်္လာ | = | ၁၅ နှစ် |
| အင်္ဂါ | = | ၈ နှစ် |
| ဗုဒ္ဓဟူး | = | ၁၇ နှစ် |
| ကြာသပတေး | = | ၁၉ နှစ် |
| သောကြာ | = | ၂၁ နှစ် |
| စနေ | = | ၁၀ နှစ် |
| ရာဟု | = | ၁၂ နှစ် |

ဤယတြာသည် စေတီတော်၏ အရပ်သုံးနေရာ၌ ဆောင်ရွက်ရသည်ဖြစ်ရာ တူညီသော ဆုတောင်းတစ်မျိုး တည်းကိုသာ ဆုတောင်း၍ ဂါထာတော်ကို တစ်နေရာ၌ ပုတီးတစ်ပတ်စိပ်လျှင် သင်တို့၏ အဆင်မပြေဖြစ်နေသော စီးပွားရေးလုပ်ငန်းများ ပြန်လည်အောင်မြင်လာပြီး ကြီးပွား တိုးတက်လာကြမည်ဟု ဆိုလိုက်ပါရစေ။

**ဝင်းဇော်(သုံးဆယ်)**
၀၉-၂၆၁၄၅၁၇၂



www.burmeseclassic.com

www.burmeseclassic.com



# စာတတ်တူနံ့တူ ဒါတွေလှူ

## သုတေသီဆရာငြိမ်း

သည်နှစ်ထဲ၌ ကျွန်ုပ်သည် လေကြောင်းလမ်းမှလွဲ၍ ရေကြောင်းခရီးကိုသော်လည်းကောင်း၊ ကုန်းလမ်းခရီးကိုသော်လည်းကောင်း မကြာခဏဆိုသလို ထွက်ရလေ့ရှိပါ၏။ တစ်နေရာတည်း၌ အခြေချလျက် အေးအေးလူလူဖြင့် ကိုယ့်ဆန္ဒရှိရာတို့ကိုသာ လုပ်ကိုင်ချင်ပါသော်ငြား ဘဝပေးအခြေအနေအရ တစ်နေရာတည်း၌ ကျောက်ချနေ၍ မဖြစ်ပြီ။ အားကိုးတကြီးဖြင့် အကူအညီ လာရောက်တောင်းခံသူတို့အပေါ် ငြင်းဆိုပြန်လွှတ်ရခြင်းအပေါ် အလွန်တရာမှ စက်ဆုပ်သူဖြစ်လေရကား ကျွန်ုပ်အတွက် ခြေများရခြင်းကိစ္စဟူသည် အဘယ်မှာလျှင် ဆန်းကြယ်တော့မှာတဲ့နည်း။

ခုလည်း ရခိုင်ပြည်နယ်အတွင်းရှိ ဂွဆိုသည့်မြို့နယ်ကလေးမှ ဟောပြောပွဲကိစ္စ ပြုလုပ်ခဲ့ပြီးသည့်သကာလ အိမ်ပြန်ရောက်သည်မှ ဘာမျှမကြာသေး။ နောက်တစ်ပတ်၌ ဧရာဝတီတိုင်းဘက်သို့ ခြေဆန့်ရလိမ့်ဦးမည်ဆိုပါကလား။ ငြင်းဆို၍ မဖြစ်ပြန်တော့။ မိမိအပေါ် လိုလားစွာ ရောက်ရှိလာသူအပေါ် အဘယ်မှာလျှင် ငြင်းဆန်ဖို့ရာသင့်လျော်ပါမည်နည်း။ သည်ကြားထဲ ဟိုမှသည်မှဆိုသလို ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး အစရှိ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် အကြံဉာဏ် တောင်းခံလာသူတို့ကိုလည်း တွေ့ကြရပါသေး၏။ သည့်အတွက်တော့ အားလုံးအပေါ် စေတနာထားသော ကျွန်ုပ်အတွက် ဘာမျှဆုတ်ယုတ်သည်မရှိ။ အဆိုပါရောက်ရှိလာကြသူတွေက ကျွန်ုပ်ထားရှိသော စေတနာအတွက် တုံ့ပြန်လာခဲ့ကြသည်မှာ ကျွန်ုပ်အတွက်တော့ အစစအရာရာ ဖူလုံသည့်အပြင် နွမ်းပါးချို့ငဲ့သူတို့အပေါ်လည်း ကျွန်ုပ်မှ ခွဲဝေဒါနပြုနိုင်ခဲ့ပါသေး၏။

တစ်နေ့သော ကာလ၏ နေ့လယ်ခင်းမှာတော့ ကျွန်ုပ်ထံသို့ လူရွယ်တစ်ယောက် ရောက်ရှိလာ၏။ ထိုလူရွယ်မှာ မျက်နှာစိမ်းဖြစ်လေသည်မို့ ကျွန်ုပ် မသိပါချေ။

"ကျွန်တော့်ကို ဆရာမောင်ချစ် လွှတ်လိုက်တာပါခင်ဗျာ"

"ဘယ်က မောင်ချစ်လဲကွယ့်။ ဦး မိတ်ဆွေ မောင်ချစ်တွေက အများသား။ ရွှေပြည်သာမှာရော၊ လှိုင်မှာရော၊ အင်းစိန်မှာရော၊ ပုသိမ်မှာရော၊ ကျောင်းကုန်းမှာရော၊ ဓနုဖြူမှာရော၊ ပဲခူးမှာရော၊ သာကေတမှာရော၊ ငါးဆူတောင်မှာရော ..."

"ကျွန်တော့်ကို လွှတ်လိုက်တဲ့ ဆရာမောင်ချစ်ဟာ 'သူရဲသမိန်'ကပါခင်ဗျာ"

"ဟာ ... ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ကပဲ။ သိတယ် သိတယ်။ အင်မတန်မှ လူမှုရေးလုပ်ငန်းတွေလုပ်တဲ့သူ။ ပြီးတော့ ကျေးဇူးတရားလည်း သိတတ်ပါဘိခြင်း။ ဟိုးတစ်လောတုန်းက ဆေးခန်းတစ်ခန်းမှာ လိပ်ခေါင်းဖြတ်ပြီး မုတ္တခွဲရသေးတယ်လို့ သိရတယ်။ ဦးက အဝေးရောက်နေလို့ သတင်းတောင် မမေးခဲ့ရဘူး။ ခုဘယ်လိုနေသေးလဲကွယ့်"

"ဒေါင်ဒေါင်မြည်ပါပဲ ဆရာရယ်"

"အေး ... ဒါဆို ကောင်းပါလေ့ကွယ်။ ကိုင်း ... သူက လွှတ်လိုက်တယ်ဆိုတော့ ဘာကိစ္စများပါလိမ့် ဆိုစမ်းပါဦး"

"ကိစ္စကတော့ ကျွန်တော်နောက်တစ်ပတ်ဆိုရင် စက်ဘီးကို ဈေးနဲ့ထွက်ရမယ်ဆရာ။ အဲဒီအတွက် သွားလာရာ လမ်းခရီးတစ်လျှောက် ဘေးဥပဒ်အန္တရာယ်ကင်းရလေအောင် ယတြာချေချင်တယ်။ ဒီ့အတွက် ... ဆရာချစ်ရဲ့ညွှန်ကြားမှုနဲ့ ဆရာ့ဆီလာခဲ့တာပါ"

"ဩော် ... ဒီလိုလား။ ရပါတယ်ကွယ်။ ငါ့တူနာမည် ဘယ်သူ"

"မိုးကျော်သူပါ ခင်ဗျ"

"ဟား ... အင့်မတန်ကောင်းတဲ့ နာမည်ပဲကွယ်။ ပညတ်သွားရာ ဓာတ်သက်ပါပါစေ။ ဘယ်သွားသွား၊ ဘယ်လာလာ သွားလမ်းသာလို့ ပြန်လမ်းဖြောင့်စေချင်ကြတာ ဓမ္မတာပါ။ ဒီတော့ သွားရမယ့်ခရီးနဲ့ ပတ်သက်ပြီး ဓာတ်တူနံ့တူတွေကို အလှူဒါနပြုခြင်းဟာ အကောင်းဆုံးပါပဲ။ ကုသိုလ်လည်း အင်မတန်ရပါတယ် မောင်မိုးကျော်သူ"

"ဟုတ်ကဲ့ခင်ဗျ"

"သည်တော့ကွယ် မောင်ရင်သွားမယ့်ခရီးမှာ လေကြောင်းအပြင်၊ ရေကြောင်း၊ ကုန်းကြောင်းတွေနဲ့ရော ပတ်သက်နေလို့လား"

"ပတ်သက်တယ် ဆိုပါတော့ ခင်ဗျာ"

"ကောင်းပြီ။ သည်တော့ သေသေချာချာသာ မှတ်သွားပေတော့"

ဤသို့ ကျွန်ုပ်လည်းလေကြောင်းခရီးနှင့် သက်ဆိုင်သူအဖို့ ပန်ကာ၊ ယပ်တောင်၊ လေအေးပေးစက်တို့ကို လှူသင့်ကြောင်း၊ ငှက်သတ္တဝါတို့ကို လွှတ်သင့်ကြောင်း၊ ရေကြောင်းခရီးနှင့် သက်ဆိုင်သူအဖို့ ရေစက်၊ ရေပိုက်၊ ရေတွင်း၊ ရေကန်၊ ရေချမ်းစင်တို့လှူသင့်ကြောင်း၊ ရေတွင်းရေကန်တို့ကို အမှိုက်ဆယ်ခြင်း၊ သန့်ရှင်းခြင်း၊ ရေသတ္တဝါတို့အား ဘေးမဲ့လွှတ်ခြင်းတို့ကို ပြုသင့်ကြောင်း၊ ကုန်းကြောင်းခရီးနှင့် သက်ဆိုင်သူအဖို့ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ ကုန်းသတ္တဝါတို့အား ဘေးမဲ့ပေးခြင်း၊ ကယ်တင်ခြင်း၊ လမ်းခင်းကျောက်၊ ဘုရားဌာပနာခင်းသော ကျောက်တို့အား လှူဒါန်းခြင်း၊ သွားနေလာနေသည့်အခိုက် ကျန်းမာရေးချို့တဲ့ပါက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်း၊ အစားအစာလှူဒါန်းခြင်း၊ ဘုရားကိုးဆူ ကပ်လှူပူဇော်ခြင်း၊ တံတားခင်းခြင်း၊ ညောင်ထောက်ခြင်း စ သည်တို့ ပြုလုပ်သင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့လေ၏။

ထိုရောအခါဝယ် မောင်မိုးကျော်သူလည်း အားရဝမ်းသာဖြင့် "ကျေးဇူးပါပဲဆရာ။ ကျွန်တော့်ကို ခွင့်ပြုပါဦး"ဟု ရည်မွန်စွာ နှုတ်ခွန်းဆက်လျက် လာလမ်းအတိုင်း ပြန်လှည့်သွားပါတော့သတည်း ...။

သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# လာဘ်တွေတိုးရ မြတ်အဆောင် ဖိုးဝ

မော်တင်သိန်းဇော်ဇ


ဦးခေါင်းထက်မှာ ဗျာပါဆံကေသာ၊ ပါးနှစ်ဖက်မှာ ပါးကွက်ဝိုင်းကြီးနှစ်ဖက်၊ လည်ပင်းမှာ ရွှေဆွဲပြားကြီး ဆွဲလျက်၊ ဝတ်ကောင်းစားလှနှင့် မင်္ဂလာရှိသော ဖိုးဝရုပ်ကို အတိတ်နိမိတ်ကောင်းသော ကျက်သရေဆောင်၊ မင်္ဂလာမောင်ရုပ်အဖြစ်၊ အချို့နေအိမ်ရှိ ဧည့်ခန်း၊ ခန်းမဆောင်၊ အလုပ်ရုံးခန်း၊ ဈေးဆိုင်၊ ယာဉ်ကားတို့၌ ကစားစရာအဖြစ် အလှဆင်အဖြစ် အလုပ်အကိုင် အရောင်းအဝယ်ကောင်း ဓာတ်ဆင် နဝင်းဓာတ်ဆင် အဖြစ်ချိတ်ဆွဲ၊ ဆောင်ပြုထားတတ်လေ့ရှိကြပါသည်။

ချိုသာပြုံးရွှင်သော မျက်နှာ၊ ရတနာစုကို (အထူးသဖြင့် ရတနာခုနစ်ပါးအား) ရည်ရွယ်၍ လိမ်းချယ်ထားသည့် အစက်ကလေးများပါ ပါးကွက်၊ လည်ပင်းထက်မှာ ရွှေဆွဲပြားကြီးနှင့် ဝတ်ကောင်းစားလှများကို ဝတ်ဆင်လျက် ကျန်းမာပြည့်ဖြိုးသော ခန္ဓာကိုယ်အသွင်နှင့် လက်များဆန့်တန်း၍ ကဟန်ပြုနေသည့် ဖိုးဝရုပ်၌ ရွှင်မြူးတက်ကြွသည့် ရတနာ၊ ရွှေ၊ ငွေဝေဖြာသည့် လှပထည်ဝါသည့်၊ ဝလင်ပြည့်ဖြိုးသည့် သွင်ပြင်နိမိတ်ကောင်းများ စုဝေးဆောင်သနေသည်သာမက ဖိုးဝဟူသည့် အမည်၊ ပညတ်သည် ကြာသပတေးနံနှင့် ဗုဒ္ဓဟူးနံ (၅-၄) ပေါင်း၍ ကိုးနဝင်းကြေသည်။ အင်္ဂလိပ်လိုပေါင်းသော (PHOWEWA) P=8, H=5, O=7, E=5, W=6, A=1 မှာ (၅)ရပြန်၍ သင်္ချာဗေဒအရ ကောင်းပြန်သည်။ အတိသုခ၊ သောမဂြိုဟ် နှစ်ဂြိုဟ်၊ နံထပ်များလည်း ဖြစ်သည်။ အမည်ပေါက် ပညတ်နံဓာတ် သဘောအရလည်း ဖိုးဝမှာ အဖိုးထိုက်တန်


www.burmeseclassic.com

www.burmeseclassic.com

သည်။ ဝလင်သည်ဟု နိမိတ်နှင့် အဓိပ္ပာယ်သဘောရသည်။ ဗျည်း၊ သရ၊ အက္ခရာ တို့၏ အကျိုးအာနိသင်၊ အင်အား သဘောအရလည်း "ဖ"အက္ခရာမှာ ကာယသိဒ္ဓိပြီးမြောက်စေသည်။ "ဝ"အက္ခရာမှာ စိတ်ကြည်လင်စေသည်ဟု ဖွင့်ဆိုထား၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာရာရစေ၊ ရှိစေသည် စသည့် ကောင်းမြတ်သော အမြင်စက္ခု ပသာဒ မင်္ဂလာ၊ နိမိတ်ပုံ၊ ဓာတ်စွမ်းအားစုနှင့် နဝင်းဓာတ်များ စုဝေးနေပါသည်။ ဩဝါဒမြတ်လာများနှင့် မှတ်သားလေ့လာချက်များအရ ကျက်သရေ၊ မင်္ဂလာရှိသော ဖိုးဝရုပ်ကို ကလေးသူငယ်တို့အတွက် ကစားစရာအဖြစ်သာမက ဓာတ်တူနံ့တူ ဆေးဖက်ယူ၊ ဒြပ်ရှိက ဓာတ်ရှိသည်၊ အကောင်ရှိက အရိပ်ရှိသည်။ ရုပ်ရှိက နာမ်ရှိသည် ဆိုရိုးလာများနှင့် ကက်ကင်းဓာတ်များသဘောအရ အထူးသဖြင့် ကြာသပတေးဂြိုဟ်နံနှင့် ဗုဒ္ဓဟူးဂြိုဟ်နံ နှစ်ရပ်ပေါင်းစပ်ထားသည့် အမည်နာမမရှိသူများ၊ ကြာသပတေး ဂြိုဟ်နံတန်းထက် ရှိကြသော တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေသားသမီးများ၊ ကျန်းမာရေး မကောင်း၍ ကိုယ်စိတ်နှစ်ဖြာ မကြည်လင် မရွှင်ပြသူများ၊ လာဘ်လာဘပိတ်ဆို့နေ၍ လာဘ်ပွင့်လိုသူများ၊ ရောင်းပန်း ဝယ်ပန်းမကောင်းသူများ၊ ရွှေငွေ၊ ဥစ္စာ၊ စီးပွားတိုးပွားလိုသူများအနေနှင့် ဖိုးဝရုပ်ကို ချိတ်ဆွဲ၊ ဆောင်သနိုင်ကြပါသည်။ ဖိုးဝရုပ်ဆောင်၍ လာဘ်လာဘဝင်သူများ၏ အကြံပြုချက်အရ ဖိုးဝရုပ်ကို နံ့သာဖြူ အမွှေးတိုင် ၇၆၅ နဝင်းဓာတ်ကြွေသည်။ ထွန်းပြ၍ ဆုတောင်းက အရောင်းအဝယ်ကောင်းကာ လာဘ်လာဘများ ပွင့်လန်းတိုးပွားတတ်သည်ဟု ကြားသိမှတ်သားဖူးပါသည်။ လေ့လာ၊ သုံးသပ်၍ ဆောင်ရွက်နိုင်ကြပါသည်။




ကက်ကင်းဓာတ်များ



**မှတ်ချက်**

အိတ်ဆောင်အရွယ် အသေးစားဆိုက လက်ပံသားနှင့် ထုထွင်း၍ နဝင်းနှင့် ကက်ကင်းသဘော ဓာတ်အဖြစ် ဆောင်သနိုင်ပါသည်။

**ဝန်ခံချက်**

အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေး စီစဉ် မွမ်းမံ တည်းဖြတ်သော လာဘ်မိုးရွာ စာပေတိုက်မှ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလထုတ်၊ မြန်မာ့ရေးရာ ကြီးပွားစေရာ မဂ္ဂဇင်း၊ ကျမ်းမွန်ပါ စာရေးဆရာ မြပဒုမ္မာ၏ "လာဘ်ဖမ်း၍ လိုပန်းပြည့်စေသတည်း" ဆောင်းပါးပါ နဝင်းနှင့် ဖိုးဝဩဝါဒလာများနှင့် စာမျက်နှာ (၁၃၁)ရှိ ဖိုးဝရုပ်ပုံတို့ကို မှီငြမ်းကူးယူတင်ပြပါကြောင်း ဝန်ခံအပ်ပါသည်။

မောင်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း မင်္ဂလာနှိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



ယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို
ာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင်
ုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို
င်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မှတာပါပဲ။
ုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ
ါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ
ေသလို၊ တစ်ခါတစ်ခါကျတော့လည်း
ပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့
ားကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့်
က်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း
ာလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ
င်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို
င်ဘယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀
၀၉-၇၈၉၉၅၉၅၆၄ ,

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ရမယ့်အချိန် ဖြစ်ပါတယ်။ အဖက်ဖက်မှ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ မမျှော်လင့်ဘဲ အလှူတစ်ခုလည်း လုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မိမိကို မခေါ်တဲ့သူတွေက ပြန်ခေါ်၊ နှိမ်ချခဲ့တဲ့သူတွေက ပြန်မြှောက်ပင့်ပြီး ပခုံးပေါ်ထမ်းတင်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ဒါပေမဲ့ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများလည်း ဖြေရှင်းပေးရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ ဂရုစိုက် ပါ။ အထင်အမြင်လွဲခြင်း၊ အစွပ်အစွဲခံရခြင်းမျိုး ဖြစ်တတ်တယ်။ ယခုရောက်ရှိနေသောကာလတွင် တပို့တွဲလ၊ တပေါင်းလများ ပါနေရင် အနည်းငယ် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှားခြင်း၊ သွားဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့် လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူညွှန့်(၅)ညွှန့်၊ ယပ်အဖြူရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ တနင်္လာ

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

ယခုကာလတွင် မိသားစုအားလုံး ဆိတ်သားဟင်း မစားရ။ အင်္ဂါနေ့နှင့် သောကြာနေ့များတွင် သဇင်ပန်း မလှူရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မွေးနေ့တိုင်း ဓာတ်ကြီးလေးပါးဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မိမိအိမ်ရဲ့ မြောက်အရပ်၊ တောင်အရပ်တွေမှ လာဘ်လာဘများ ဝင်လာလိမ့်မယ်။ ပြည်ပခရီးဝေးသွားဖို့ အခွင့်အရေးတွေ ရနိုင်တဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းကောင်းတစ်ခု တက်ရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အတိုက်အခံ အနည်းငယ်တော့ ရှိတယ်။ စပ်တူရှယ်ယာလုပ်ငန်း လုပ်ကိုင်ရန် လမ်းစပေါ် လာလိမ့်မယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ငွေရှာရလွယ်သလောက် ငွေဝင်ငွေထွက် ကြမ်းနေတတ်တယ်။ ဆွေမျိုးသားချင်းများထဲမှ ကျန်းမာရေး မကောင်းသတင်း ကြားရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကနက္ကဒါန်ထီးဖြူ (၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| အင်္ဂါ၊ ကြာသပတေး |

| ညံ့သောရက် |
|---|
| စနေ၊ ဗုဒ္ဓဟူး |

| ကံကောင်းသောနံပါတ် |
|---|
| ၅၆၊ ၅၃၊ ၃၄၊ ၃၅ |

| အထူးသတိပြုရန် |
|---|
| မိမိအိမ်ရှေ့ခေါင်းရင်းပိုင်း သစ်ပင်အမြင့်တွင် ပျားစွဲနိမိတ်တွေ့ပါက ပညာထူးရခြင်း၊ ရာထူးတိုးတက်ခြင်းများ ကြုံတွေ့ရပါလိမ့်မယ်။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
|---|
| ယခုကာလတွင် အသုဘ မပို့ရ၊ သချိုင်းမြေ မနင်းရ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖွန်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ အပြောင်းအလဲ ဖြစ်တတ်တယ်။ အိမ်အသစ်ဆောက်လျှင် ကိုယ့်အတွက်အကျိုးပေးသော အိမ်မျိုး ဖြစ်တတ်တယ်။ လုပ်ငန်းနဲ့ပတ်သက်ပြီး လက်ရှိအလုပ်အပြင် လုပ်ငန်းသစ်များလည်း ပေါ်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းတိုးချဲ့ရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်ခြင်း၊ ပူးတွဲတာဝန် ထမ်းဆောင်ရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင်မရှိသေးသူများအဖို့ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲမျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ၊ ရှင်သီဝလိရဟန္တာပုံတော်များ ကြွရောက်လာတတ်ပါတယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်တယ်။ အလုပ်ကောင်းပေမယ့် အတိုက်အခံရှိတယ်။ မိမိအထက်လူကြီးမှ အထင်အမြင်လွဲမှားတတ်တယ်။ အိုးပိုင် အိမ်ပိုင် ရနိုင်သောကာလ ဖြစ်သောကြောင့် မိမိအိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ လက်ခံထားခြင်း မပြုပါနှင့်။ မိတ်ဆွေရင်းများနှင့် အထင်မြင် လွဲမှားတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်မှာ အနာလေးတွေ ပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ဖြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၅၊ ၆၄၊ ၄၆၊ ၄၃

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာဖြစ်ခြင်းများ ကြုံတွေ့ရလျှင် သင့်အဖို့ ညံ့သွားတတ်ပါတယ်။ ထိုကဲ့သို့ ကြုံတွေ့ရပါက အကြောင်းကြားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် မကြာခဏ မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားတွေ တိုးပွားလာမယ်။ အလှူအတန်းကိစ္စတွေ ကြုံရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့သူတွေ ရှိရင် တခြားကို ရွှေ့ထားပါ။ လက်အောက်ငယ်သားများနဲ့ ပတ်သက်ပြီး စိတ်ပူရတတ်တယ်။ လုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပါ။ ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ လက်ရှိလုပ်နေတဲ့ အလုပ်ကို တိုးချဲ့လုပ်ပါ။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီး သွားရတတ်တယ်။ မကြာခဏ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်၊ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကနဥ္စကဒါန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၇၂၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါက ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ အဖွဲ့အစည်းတစ်ခုအတွင်းသို့လည်း ဝင်ရောက်ရတတ်တယ်။ အလုပ်တွေများပြီး နားချိန်မရလောက်အောင် ပင်ပန်းနေရတတ်တယ်။ အမွေရခြင်း(သို့မဟုတ်)မြေရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်တယ်။ အထက်လူကြီး ကူညီမစတတ်တယ်။ ကြာသပတေး၊ စနေသားသမီးများ ကူညီစောင့်ရှောက်တတ်တယ်။ နိုင်ငံရပ်ခြားသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ဆောင်ရွက်ပါ။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းဖို့ စိတ်မကူးပါနှင့်။ သူခိုးခိုးခံရတတ်တယ်၊ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချရတတ်တယ်။ ယခုရောက်ရှိနေတဲ့ ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေရင် ဂရုစိုက်ပါ။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ် တတ်တယ်။ ဆွေမျိုးသားချင်းထဲမှ အသက်အရွယ်ကြီးသူတွေ ဆုံးပါးတတ်တယ်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျ၍ အိမ်ထောင်ရှိပြီးသူများ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားဟစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဝါ(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၃၊ ၃၁၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရ။
အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ထောပတ်သုတ်(သကြားမပါ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖွန်လအတွက် ဟောစာတမ်း

## သော်ကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်စရန် အကြံအစည်ကောင်းများ၊ အဆက် အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်း သစ်ကြီးကြီးမားမားစရန် မကောင်းသေးပါ။ စိန်ထည်ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တို့၊ ဆရာတုများ ရောက်လာတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေနဲ့လည်း အနည်းငယ် စကားပြောရတတ်တယ်။ ယခုကာလတွင် အမှုမဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ မဖြစ်မနေ ပြဿနာ ရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ အသက်ကြီးသူများအဖို့ လေဖြန်းခြင်း၊ လေဖြတ်ခြင်းမျိုး ဖြစ်တတ်တယ်။ လူငယ်များအဖို့ ရေနှင့်ပတ်သက်၍ အန္တရာယ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွှန့်(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၅၊ ၃၀၊ ၁၃

### အထူးသတိပြုရန်

ကားပွတ်တိုက်မိခြင်း၊ ငွေပျောက်ခြင်း၊ သူခိုးခိုး ခံရခြင်းများ ကြုံရတတ်သဖြင့် သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့များတွင် ဆွမ်းပွဲ ဆီဆမ်း၍ အုန်းသီးစိတ်တင်ကာ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်ပြီး မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါး ကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ လူမျိုးခြား ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားမယ်ဆိုလျှင် ယခုကာလတွင် သွားလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံရ ပေမယ့် အောင်မြင်မှု ရရှိပါလိမ့်မယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့်ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲဖြေဆိုရခြင်းများ ကြုံရ တတ်တယ်။ ပညာရေးကောင်းပါတယ်။ တယ်လီဖုန်းကိစ္စ ဆောင်ရွက်ရတတ် တယ်။ ငွေဝင်နည်းပေမယ့် ထိုက်ကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းများ အောင်မြင် တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက် အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေတတ်တယ်။ လက်ရှိအလုပ် ပြောင်းချင်စိတ် ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲများ အထစ်ငေါ့ဖြစ်ခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ဖြစ်တတ်တယ်။ မိမိနှင့် ပတ်သက်သောသူ၏ အမှုကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ သွား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေ ရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၇၊ ၉၅၊ ၉၇

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အလုပ်တွေ မမောနိုင် မပန်းနိုင် လုပ်ရပြီး လုပ်သမျှ အလုပ်တွေ အလွဲလွဲအချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ ကိုယ့်အပူတင်မဟုတ်ဘူး၊ မိသားစုအပူ၊ ပတ်ဝန်းကျင်အပူတွေတလည်း ကိုယ့်ကို ဟပ်စေပါတယ်။ မိသားစုဝင်တွေထဲက ကျန်းမာရေးညံ့လို့ ဆေးခန်း မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးမှ သက်ကြီးရွယ်အိုများ အိမ်ကို ဆေးဝါးကုသဖို့ လာတည်းလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားတတ်တယ်။ မကြာခဏ ခရီးသွားရတတ်တယ်။ ခရီးကောင်းတွေ ဖြစ်တယ်။ ကုန်ကူးသန်းရောင်းဝယ်ခြင်းတွေ မပြုလုပ်သင့်ပါ။ ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင် စွပ်စွဲပြောဆိုခြင်း ခံရတတ်တယ်။ ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် မိမိကိုယ်ပေါ် အတောင်ရှိသော သတ္တဝါနားခြင်း၊ အညစ်အကြေးစွန့်ခြင်း နိမိတ်မျိုး ကြုံတွေ့ပါက အစစအရာရာ အောင်မြင်ပါလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ ဇွန်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၄/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၅၆၇

## တနင်္ဂနွေသားသမီးများအတွက်

အညွှန်ကြီးမဟုတ်ပေမဲ့ ထင်သလောက် အောင်မြင်မှုမရသေးတဲ့ကာလဖြစ်တယ်။ နားချိန်မရအောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ရှိနေမယ်။ ကားပွတ်တိုက်မိလိမ့်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပူတင်းပေါင်မုန့် လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

မထင်မှတ်တဲ့ခရီး သွားရတတ်တယ်။ နိုင်ငံရပ်ခြားခရီးဖြစ်မယ်။ မိသားစုအတွင်း အနည်းငယ် စိတ်ဝမ်းကွဲစရာ ကြုံတွေ့ရတတ်တယ်။ အတတ်ပညာတစ်ခု သင်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထီကံကောင်းတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်မုန့်တစ်ဘူး လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ငွေများဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်မယ်။ လူမျိုးခြား နိုင်ငံခြားနှင့် ပတ်သက်သော လုပ်ငန်းများ ဝင်လာလိမ့်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို
ကိုကာကိုလာတစ်ဗူး
လက်ဆောင်ပေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မထင်မှတ်တဲ့ အပြောင်းအလဲကြုံမယ်။ အိမ်နေရာအသစ် ပြောင်းရမယ်။ ခရီးများ သွားနေရတတ်တယ်။ လူမျိုးခြားက ဒုက္ခပေးတတ်တယ်။ ဌာနအကြီးအကဲက အကူအညီပေးမယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်စရာကိစ္စပေါ်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သကြားတစ်ထုပ်
လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

စက်ပစ္စည်းအသစ်တွေဝင်မယ်၊ ထီပေါက်တတ်တယ်။ ထီပေါက်ရင်ငွေကို ကိုယ်တိုင်မကိုင်ပါနဲ့။ အမှုအခင်းတွေကို ကိုယ့်ကိစ္စမဟုတ်ဘဲ ဖြေရှင်းနေရတတ်တယ်။ လမ်းခရီးသွားရင် မော်တော်ကား ဒုက္ခပေးတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါတဲ့မုန့်
လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ တော်တွေ ကြွလာတတ်တယ်။ ငယ်ရွယ်သူတွေအဖို့ အစွပ်အစွဲ အထင်လွဲမှုတွေကြုံရမယ်။ မော်တော်ကားအသစ် ပြောင်းလဲရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဝက်သားနှင့်
ပြုလုပ်ထားသောမုန့်
လက်ဆောင်ပေးပါ။

## စနေသားသမီးများအတွက်

မပြည့်စုံတာတွေ ပြည့်စုံပြီး ဖြစ်ချင်တာတွေ ဖြစ်လာလိမ့်မယ်။ အလုပ်နေရာ ပြောင်းရွှေ့တာမျိုး၊ အိမ်ပြောင်းရတာမျိုးတွေ ကြုံမယ်။ လက်ဝတ်ရတနာရွှေထည်များ ဝင်လာတတ်တယ်။ အချစ်ရေးမှာ လမ်းခွဲရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားနှင့်
ပြုလုပ်ထားသောမုန့်
လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

စီးပွားရေး သိသိသာသာ တိုးတက်သောကာလဖြစ်တယ်။ လုပ်ငန်းကောင်းများ ပြန်လည်ပေါ်လာတတ်တယ်။ လုပ်ငန်းတွေလည်း သိသိသာသာအောင်မြင်မယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။


**ယတြာ**

မိတ်ဆွေတစ်ဦးကို ပဲဆီတစ်ဘူး
လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၆၀၅ နှစ်မြောက် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်



၂၆၀၅ နှစ်မြောက် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကြီးကို ၁၀ ရက်တိုင်တိုင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ စသည့် ပူဇော်ခြင်း အမျိုးမျိုးဖြင့် စည်ကားသိုက်မြိုက်စွာ ပူဇော်ခဲ့ကြပြီး တပေါင်းလဆန်း ၁၄ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ ဆရာတော် သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ တပေါင်းလပြည့်နေ့ နံနက် ၅ နာရီတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉ နာရီခွဲ တွင် စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီး တန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှဝေခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

---

## ၂၃၉၇ သိန်း ၉ သောင်း လှူဒါန်းထားသည့် မေတ္တာသင်္ဂဟအဖွဲ့



လောကကြီးတွင် မေတ္တာ တရားလောက် ခွန်အားကြီးမားသော စွမ်းအားသည် မရှိ။ ကိုယ်က အပြီး အပိုင် ပေးပစ်လိုက်သည့်တိုင် မိမိထံ ပြန်ရောက်လာတတ်သည်မှာလည်း "မေတ္တာတရား" ပင်ဖြစ်သည်။

ထို့အပြင် လူသားအချင်းချင်း ကိုးကွယ်ယုံ ကြည်ရာ၊ ဘာသာ၊ လူမျိုး မခွဲခြားဘဲ စာနာ၊ သနား၊ ပေးကမ်း၊ ထောက်ပံ့ခြင်း ဟူသော "သင်္ဂဟ" တရားပါ မေတ္တာတရားနှင့်အတူ တစ်ဆက်တည်း ထွန်းကားလာပါမူ တွန့်ပ်တို့ မီတင်းနေထိုင်ရာ ကမ္ဘာကြီးတွင်လည်း လှပသော အနာဂတ်၊ မျှတသော အခွင့်အလမ်း၊ ငြိမ်းချမ်းမှုအစစ်အမှန်ကို ရရှိပိုင် ဆိုင်နိုင်မည်မှာ မလွဲပေ။

*"မေတ္တာသင်္ဂဟဖြင့် လောကကြီးကို အလှဆင်ပါအံ့"* ခန့်စည်သူ(မေတ္တာသင်္ဂဟ)

မေတ္တာသင်္ဂဟအဖွဲ့၏ စုစုပေါင်း လှူဒါန်းပြီး အလှူငွေမှာ ၂၃၉၇ သိန်း ၉ သောင်း လှူဒါန်းပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းနှင့်ဓာတ်ပုံ YOH

www.burmeseclassic.com

www.burmeseclassic.com

## တာမွေမြို့နယ်၊ အရိုးကုန်းလမ်း(အရှေ့) ဆွမ်းလောင်းဓမ္မာရုံမှ ဦးဆောင်ကျင်းပသော အရိုးကုန်းလမ်းမိသားစုများ၏ နဝမအကြိမ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ကျောင်းအလှူတော် သီတဂူ အထူးဓမ္မသဘင်




တာမွေမြို့နယ်၊ အရိုးကုန်းလမ်း(အရှေ့) ဆွမ်းလောင်းဓမ္မာရုံမှ ဦးဆောင်ကျင်းပသော အရိုးကုန်းလမ်းမိသားစုများ၏ နဝမအကြိမ် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ကျောင်းအလှူတော် သီတဂူ အထူးဓမ္မသဘင်ကို (၂၆-၃-၂၀၁၇)တနင်္လာနေ့မှ (၂၈-၃-၂၀၁၇)အင်္ဂါနေ့အထိ သုံးရက်တိုင်တိုင် အရိုးကုန်းလမ်း (အရှေ့)၊ တာမွေမြို့နယ်တွင် ညစဉ် ၇ နာရီအချိန်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(၂၆-၃-၂၀၁၇)တနင်္လာနေ့တွင် ဒေါက်တာ အရှင်ကိတ္တိဖလ၊ ပါမောက္ခဆရာတော်၊ သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်၊ (၂၇-၃-၂၀၁၇)တနင်္လာနေ့တွင် သီတဂူ အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ၊ သာမဏေကျော်၊ သက္ကျသီဟဓမ္မာစရိယ၊ သာသနာ့ဇောတိကဓမ္မာစရိယ၊ M.A(သီရိလင်္ကာ)၊ (၂၈-၃-၂၀၁၇) အင်္ဂါနေ့တွင် ဒေါက်တာ အရှင်ဉာဏိဿရ၊ သီတဂူဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များအဓိပတိ တွဲဘက် ရွှေကျင်သာသနာပိုင် ဆရာတော်တို့မှ တရားဓမ္မများ ဟောကြားခဲ့ကြပါသည်။

အင်ကြင်း

## ဆရာမ ဒေါက်တာစောယုနွယ် နှင့် ခုနစ်ရက်သားသမီးများ၏ နှစ်သစ်ကူး ပရဟိတအလှူနှင့် ခေါင်းဆေးမင်္ဂလာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးဒါနဖြစ်သည့် ဘေးမဲ့လွှတ်ခြင်း၊ စားသောက်ဖွယ်များနှင့် အဝတ်အထည်များ လှူဒါန်းခြင်း၊ ခုနစ်ရက်သားသမီးများ တစ်နှစ်ပတ်လုံး ဘုန်းကံမြင့်မား ဝင်ငွေတိုးပွားစေရန် ရေးမြန်မာ့ရိုးရာအစီအမံဖြစ်သော ခေါင်းဆေးမင်္ဂလာကို (၁၇-၄-၂၀၁၇)တနင်္လာနေ့၊ ၁၃၇၉-ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ နံနက် ၈ နာရီတွင် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (၁၂-၄-၂၀၁၇)ဗုဒ္ဓဟူးနေ့တွင် ကျောက်ခင်တောရ ဆရာတော်အား သိက္ခာထပ်၍ သံဃာအပါး ၃၀၀ အား ဆွမ်းလောင်းလှူခဲ့ကြောင်းလည်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ၁၆ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်









အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားလျက်ရှိသော လောကချမ်းသာ အဘယ လာဘမုနိ


ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ ၁၆ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၁၅ ရက်နေ့ထိ ၉ ရက်တိုင်တိုင် ကျင်းပခဲ့ရာ ၁ ရက်နေ့မှ ၁၅ ရက်ထိ မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲ၊ ၇ ရက်နေ့မှ ၉ ရက်နေ့တွင် ဓမ္မပူဇာပွဲ၊ ၁၀ ရက်နေ့တွင် ထမနဲထိုး လှူဒါန်းပွဲ၊ ၁၁ ရက်နေ့တွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၄၅ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပျော်ပွဲရွှင်ပွဲများနှင့် စည်ကားစွာ ကျင်းပခဲ့ပြီး ၁၁ ရက်နေ့ နံနက် ၇ နာရီတွင် ဗုဒ္ဓဘိသေက မင်္ဂလာဆင်ယင်၍ ဆရာတော်ကြီးများကို လှူဒါန်းမှု အသီးသီးဖြင့် ရေစက်ချ လှူဒါန်းခဲ့သည်။

ထို့နောက် ဗန်းမော်ဆရာတော်ကြီးနှင့် ကြွရောက်လာကြသော ဆရာတော်ကြီးများကို ရန်ကုန်တိုင်းအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင် ပြည်သူများက လှူဖွယ်ဝတ္ထုအသီးသီး လှူဒါန်း၍ လှူဒါန်းမှု တန်ဖိုးမှာ ကျပ်သိန်းလေးရာကျော်ဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဟဓောချိုး



စိတ်သာရှင်စော ဘုရားဟောဟု ဆိုစကားသည် အဓိကမှာ စိတ်ဟုဆိုခြင်းဟု နားလည်ရပါသည်။ ထိုစိတ်သည် ကောင်းမှု မကောင်းမှုတို့ ဒွန်တွဲနေရာ ကောင်းမှုများလျှင် ကောင်းတာဖြစ်ပြီး မကောင်းမှုများလျှင် မကောင်းတာ ဖြစ်ရမည်ဟု နားလည်သဘောပေါက်သော်လည်း စိတ်နှင့် ဆက်သွယ်သော အကြားအမြင်တို့သည် မကောင်းမှုများသာ ကြားမြင်နေရသဖြင့် စိတ်တို့သည်လည်း• • •

www.burmeseclassic.com